...သေးတဲ့ အသိသစ် ပါရမယ်

...ယူကာနဲ့ ... ရေးတယ်။ ... တချို့ကိုပဲ ကြိုက်သူလည်း

စာတန်းအားလုံးကို ကြိုက်သူရှိသလို မကြိုက်သူလည်း ရှိမယ်။

ရှိမယ်။ စာတန်းတချို့ကိုပဲ ကြိုက်သူရှိသလို ဟိတ်ကြီးဟန်ကြီး လုပ်ပြီး

“သမိုင်းသုတေသန၊ သမိုင်းသုတေသနနဲ့ ... နီးတဲ့ အကျိုး

အခု ဖတ်ကြည့်တော့လည်း ဘာမှ လူ့ဘဝ၊ လူ့ဇာတ်နဲ့ ...

အကြောင်း မပါဘူး၊ ဆေးမြီးတို (လားကျမ်း) လောက်မှ မယာ...

ဘူး၊ အချိန်ကုန် ငွေဖြုန်း လူပန်း ရှိလိုက်လေကွယ်” လို့ ထင်ကြ

ပြောကြတာလည်း ရှိမယ်။ အချုပ်ကတော့ ဒီစာအုပ်ဟာ လူတိုင်း

ကြိုက်တဲ့ စာအုပ်မျိုး မဟုတ်ဘူး။

သမိုင်းပါမောက္ခ

၁၊ ဂျန်နဝါရီ၊ ၁၉၇၅။

ကွန်သာယာ၊ တက္ကသိုလ်ရိပ်မြုံ။


ဒေါက်တာသန်းထွန်း ● အသစ်မြင်မြန်မာ့သမိုင်း


SEIKKU CHO CHO

စိတ်ကူးချိုချိုအနုပညာ

# ဒေါက်တာသန်းထွန်း

# အသစ်မြင် မြန်မာ့သမိုင်း





# ဒုတိယအကြိမ် ပုံနှိပ်ခြင်းအတွက် ဆရာကြီးရေးသားပေးခဲ့သောအမှာစာ

**"အသစ်မြင်မြန်မာသမိုင်း"**ကို စက်တင်ဘာ ၁၉၇၅ မှာ ပုံနှိပ်တယ်။ အခု ၂၀၀၀ ပြည့်နှစ် (၂၅ နှစ်ကြာ)မှာ ပြန်ပုံနှိပ်ဦးမယ်ဆိုတော့ သိပ်သဘော မတူချင်ဘူး။ ဘာပြုလို့လဲဆိုတော့ အခုပြောတဲ့ နှစ်အစိတ်အတွင်းမှာ သမိုင်း သုတေသနကျေးဇူးကြောင့် နောက်ထပ် အသစ်မြင်တွေ ရှိနေလို့ဖြစ်တယ်။ အဲဒီအသိသစ်တွေ ဖြည့်လိုက်နိုင်ရင်တော့ သိပ်ကောင်းမယ်။ ဒါပေမယ့် တချို့ အသိသစ်က ပြည့်စုံအောင် မသိသေးဘူး။ ပြီးတော့ ဖြည့်ရေးဖို့အချိန်လဲ မရဘူး။ ဒါပေမယ့် လျှပ်တစ်ပြက် ဖြည့်အုံးမယ်။

**"မြန်မာအကြိုသမိုင်း"**မှာ ပုံတောင်ပုံညာက ကျောက်ဖြစ်ရုပ်ကြွင်း တွေအကြောင်း ထပ်ဖြည့်ရေးနိုင်မယ်။ ရုပ်ကြွင်းကို အရင်အနှစ် ကုဋေ ၄၀ (40 million years ago) ဆိုတာအပြင် သူ့ရဲ့ အဝန်းအဝိုင်းက ရုပ်ကြွင်းတွေကို လေ့လာပြီး သူစားတဲ့ အသီးအနှံ၊ အဥ၊ အမြစ်တွေနဲ့ သူစားတဲ့သတ္တဝါအသား တွေအကြောင်း ပြောနိုင်စရာရှိပါတယ်။ လူ့ဖြစ်စဉ် (Evolution of Man)မှာ အင်မတန် သေးငယ်တဲ့ အစိတ်အပိုင်းဖြစ်ပေမယ့် ဒါကိုပဲ ပြည့်စုံအောင် လေ့လာ ရမှာပါ။ နောက် နွယ်ခွေလူ *(Homo erectus)* အကြောင်းပြောရမယ်။ နောက် ညောင်ကန်လူရဲ့ ကြေးခေတ်ဓလေ့ (Bronze Age Culture)

ပြောရမယ်။ လေ့လာဆဲဖြစ်လို့ မကြာခင် အချိန်နဲနဲယူပြီး ရေးဖို့ အစီအစဉ်တော့ ရှိပါတယ်။

**“မြန်မာရာဇဝင် အေဒီ ၁၀၄၄–၁၂၈၇”**မှာ ပျူအကြောင်း မူလမြန်မာ (Proto Burman) အကြောင်းတွေပါတယ်။ ပျူဆိုရင် မြန်မာနိုင်ငံထဲကို ဘီစီ ၅ ရာစုနှစ်ကပဲ ဝင်လာမယ်။ မော်ဇာ (သရေခေတ္တရာ)မှာ ဘုရားထောင် အရိုးအိုးကို ထပ်တွေ့လို့ အရင်က သူရိယဝိကြမ နန်းသက် ၇ ရာစုနှစ်ကို ၁ ရာစုနှစ်လို့ ပြင်လိုက်တယ်။ ဒါကို အကျယ်တဝင့် ဆွေးနွေးဖို့ ကောင်းတာပေါ့။ ၅ ရာစုနှစ်ကစပြီး ပျူတွေဟာ နိုင်ငံရေးသြဇာ ကြီးမားလာလို့ ခရစ် ၅ ရာစုနှစ်–၉ ရာစုနှစ်အတွင်း ပထမပြည်ထောင်စုကို တည်ဆောက်ခဲ့တယ်။ အနိရုဒ္ဓက ပထမပြည်ထောင်စုကို တည်တယ်ဆိုတာကို ပြင်ရမယ်။ ပျူက ပထမ ပြည်ထောင်စု၊ အနိရုဒ္ဓက ဒုတိယပြည်ထောင်စု ဖြစ်တယ်။

**“လုစ်နဲ့ မြန်မာရာဇဝင်”**အခန်းမှာ လုစ်ရဲ့ ခေတ်ဦးမြန်မာ ရှေးပုဂံ စာအုပ်က ၁၉၆၉ မှာထွက်တယ်။ အခု အနှစ်သုံးဆယ်ရှိပြီ။ အဲဒီမှာ ရှေးဟောင်းသုတေသနကျေးဇူးနဲ့ ကျောက်စာတွေ ထပ်တွေ့လို့ သူ့စာအုပ်ထဲက တချို့နေရာတွေကို ပြင်ရ၊ ဖြည့်ရမယ်။ ဒါလဲ လုပ်ရမှာပေါ့။ လုစ် စာအုပ်ဝေဖန်ချက်ကို ရေးထားတာရှိတယ်။ အဲဒါကို ဖြည့်ရမှာဖြစ်ပါတယ်။ နန်ကျောင်ဖျက်လို့ အေဒီ ၈၃၂ မှာ ပျူမြို့တော်ပျက်တယ်လို့ ပြောတော့ လုစ်က အဲဒီမြို့တော်ဟာ **ဟလင်း** ဖြစ်ဖို့များတယ်လို့ ပြောတယ်။ မဟုတ်ပါ။ **သရေခေတ္တရာ**ပဲ ဖြစ်ပါတယ်လို့ ဦးရည်စိန်က အထောက်အထားတွေနဲ့ တင်ပြရေးသားထားတာတွေ ရှိနေပါတယ်။

**“အေဒီ ၁၀၀၀ မှ ၁၃၀၀”**အထိ မြန်မာနိုင်ငံ အုပ်ချုပ်ရေးကို ဖြည့်ရေးမယ်ဆိုရင် အခု ပုဂံတူးဖော်ရေးကထွက်လာတဲ့ ပုဂံကျောက်စာတွေကို သုံးပြီး ပြောစရာတွေရှိပါတယ်။ ပြောပြီးသားကို အားလုံးချေဖျက်ဖို့ မဟုတ်တောင်နဲနဲ ပြင်ဆင်ဖြည့်စွက်လို့ ရပါတယ်။

**“ပုဂံခေတ်ကုန်အထိ မွန်”** စာတမ်းမှာ တောင်ပိုင်းအိန္ဒိယနဲ့ မွန်ဆက်ဆံရေးအပြင် မိဘရပ်ဌာန် မပြန်နိုင်ဘဲ အိန္ဒိယတောင်ပိုင်းသားတွေ မွန်မှာပဲ အခြေစိုက်နေထိုင်ပြီး မွန်နဲ့ရောနှောသွားပုံကို ဖြည့်စွက်ပြောဖို့ လိုပါတယ်။

**“ငဆောင်ချံ”** ဘယ်မှာလဲဆိုတဲ့ ပြဿနာမှာ ဗန်းမော်အနောက်ဘက်ကမ်းမှာ ရှိတယ်လို့ ရေးထားတယ်။ ဗန်းမော်အရှေ့ ရွှေလီအနောက်ဘက်ကမ်းကမ်းသီတာနေရာဖြစ်ဖို့ များတယ်လို့ ရှေးဟောင်းသုတေသနကပြောတာ ဖြစ်နိုင်ပါတယ်။

**“မနုဟာကျောက်စာ”**အခန်းမှာ ဖြည့်စရာတွေ မကြာခင်ထွက်မယ့် ပုဂံဆိုတဲ့ နာမည်နဲ့ ကလျာမဂ္ဂဇင်းပါ ဆောင်းပါးတွေမှာ ရေးပြီး ရှိနေတယ်။ ကျန်စစ်သားဘွဲ့က ဂြိတြိဘုဝနာဒိတျဓမ္မရာဇာ၊ သမီးတော်က တြေလောကစုလမနိဒေဝီ၊ ကြင်ရာတော် (မနုဟာရဲ့ မြစ်)က တြေလောကသိဃ်ဝိဇယ၊ ဒီမင်းသားအမေက မဟာဒေဝီစုလမနိဒေဝီ၊ ကြင်ရာတော် (မနုဟာရဲ့ မြစ်)က ဆိုတာတွေဟာ ဖြည့်ပြောစရာတွေပေါ့။

**“မဟာကဿပဂိုဏ်း”**အခန်းကိုတော့ ဖြည့်စရာ မတွေ့သေးပါ။

**“မြန်မာနိုင်ငံ ကျောက်စာများ”**၊ **“ရှေးမွန်ကျောက်စာပါ သမိုင်းအထောက်အထားများ”**နဲ့ **“အဝခေတ်ကျောက်စာပါ သမိုင်း အထောက်အထားများ”**ဆိုတဲ့ အခန်းတွေမှာ ဖြည့်စရာတွေကို အပေါ်မှာပြောတဲ့ ကလျာဆောင်းပါးတွေမှာ ဖြည့်ထားပါတယ်။ ပုဂံဆိုတဲ့ နာမည်နဲ့ စုပေါင်းပြီး စာအုပ်ထွက်လာမှ ဖတ်ကြပါ။

**“သာလွန်မင်းလက်ထက်အုပ်ချုပ်ရေး”**ကို ၁၉၈၂–၁၉၈၉ အထိ ဆယ်တွဲထုတ်တဲ့ *မြန်မာမင်းအမိန့်တော်ပေါင်းချုပ် (ROB)* မှာ အများကြီးအားရပါးရ ဖြည့်စွက်ထားတယ်။ *အတွေးအမြင်*ထဲမှာ ရေးနေတာ ကြာပြီ။ အားလုံးပေါင်းပြီး စာတစ်အုပ် ထွက်နိုင်မယ်ထင်တယ်။

သန်းထွန်း

၃၁၊ မတ်၊ ၂၀၀၀။

# နိဒါန်း

မြန်မာပြည် အရပ်ရပ်မှာ လှည့်ပြီး သမိုင်းအထောက်အထားတွေ ရှာတယ်၊ အထောက်အထား များများတွေ့တော့ ဆက်စပ်ပြီး သမိုင်းသဘောကို ဆင်ခြင်တယ်။ စာတမ်းရေးတယ်။ စာတမ်းကို လူပရိသတ်ဖိတ်ပြီး ဖတ်ပြတယ်။ လိုတာပိုတာ ပြင်ဆင်ဖြည့်စွက်ကြပါလို့ တောင်းပန်တယ်။ စာစောင်တစ်ခုခုမှာ ပုံနှိပ်လိုက်သေးတယ်။ ဒီလိုစာတမ်း တော်တော်များများ ရေးမိတော့ ပေါင်းပြီး စာတစ်အုပ် လုပ်ပြန်တယ်။ ဒါတွေဟာ သုတေသန လုပ်ထုံးလုပ်နည်းတွေပဲ ဖြစ်တယ်။ ဘာသာရပ်တစ်ခုတည်းကို စူးစူးစိုက်စိုက် အချိန်ပြည့်လုပ်လာတော့ ဒီဘာသာရပ်ကို တစ်ခါထက်တစ်ခါ ပိုသိလာတာ မဆန်းဘူး။ စောစောက ကိုယ့်အမှားကိုပဲ ကိုယ်ဖော်ထုတ်နိုင်ပြီး ပြင်နိုင်ပြန်တယ်။ အဲဒါကြောင့် စာတမ်းအဟောင်းတွေမှာ အမှားပါတယ်။ ဒီစာအုပ်အတွက် နိဂုံးရေးတော့ ဘယ်အမှားကို ဘယ်လိုပြင်ပါလို့ ရေးထားတယ်။ ဒီစာအုပ်ကို အသုံးချချင်တဲ့သူဟာ နိဂုံးကို ဖတ်ဖြစ်အောင် ဖတ်ပါ။

မြန်မာသမိုင်းကို ခရစ် ၁၂ ရာစုနှစ်၊ ၁၃ ရာစုနှစ် ပုဂံခေတ်ကစပြီး ကျွန်တော် သုတေသန လုပ်တယ်။ ပုဂံခေတ်ဆိုင်ရာ ဖတ်စရာ ကျောက်စာကုန်သလောက်ရှိတော့ အဝခေတ်ကျောက်စာတွေကို ကူးပြောင်းလေ့လာပြန်တယ်။ အဲဒီလိုအခိုက်အတန့်မှာ စောစောကပြောတဲ့ လုပ်ထုံးအတိုင်း ပုဂံခေတ်ဆိုင်ရာ သမိုင်းစာတမ်း၊ အဝခေတ်ဆိုင်ရာ သမိုင်းစာတမ်းတွေ ရေးပါတယ်။ ဒီလို

လုပ်နေဆဲမှာ မန္တလေးကို အလုပ်တာဝန်အရ ပြောင်းလာရတော့ မန္တလေးခေတ် သမိုင်းကို သုတေသနလုပ်ဖို့ သိပ်အဆင်ပြေနေတာနဲ့ မန္တလေးခေတ် သမိုင်းကို သုတေသန ပြုရပြန်တယ်။ အခါကာလအလိုက် အင်္ဂလိပ်သမိုင်းနဲ့ ဆိုင်တဲ့နေရာတွေ တွေ့တယ်၊ တူးဖော်တယ်ဆိုပြန်တော့ အင်္ဂလိပ်သမိုင်းကို မလုပ်မဖြစ် လုပ်ရပြန်တယ်။ တူးပေးတဲ့လူက တူးပေးတဲ့အခါ သမိုင်းသဘော ဆင်ခြင်ဖို့က ငါတို့အလုပ်ပဲလို့ ယူဆလို့ "မလုပ်မဖြစ်" ဆိုတဲ့စကားကို သုံးပါတယ်။

ကျွန်တော်ရေးတဲ့ သမိုင်းဆောင်းပါးတွေကို ရေးတဲ့ရက်စွဲနဲ့ စီလိုက်ရင် ပုဂံခေတ်၊ ကုန်းဘောင်ခေတ်နှောင်း၊ အဝခေတ်၊ အင်္ဂလိပ်ခေတ်၊ အင်္ဂလိပ်သမိုင်း ဆိုသလို အကျော်အနင်းတွေ ဖြစ်နေတယ်။ သမိုင်းရေစီးကြောင်းအတိုင်း မဟုတ်တော့ဘူးပေါ့။ ပြီးတော့ ဥပမာ၊ အဝခေတ် ကျောက်စာအကြောင်းရေးပြီးလို့ နောက်စာတမ်းတစ်စောင် ဖြည့်ရေးတယ်လို့ ကျွန်တော်က ပြောပြီး၊ မွန်ကျောက်စာ အကြောင်းရေးတယ်။ ကျွန်တော်က ဖြည့်တယ်လို့ ပြောမိပေမယ့်၊ တကယ်က နောက်ကဆက်တဲ့သဘော မဟုတ်ဘဲ ရှေ့ကဆက်တာမျိုး ဖြစ်နေတတ်တယ်။ အဲဒါမျိုးကို၊ အစီအစဉ်မရှိ အချိန်အဆမရှိ ဖြစ်ကတတ်ဆန်းပါကွာလို့၊ ကဲ့ရဲ့ ရင်လဲ ဖြစ်ပါတယ်။ ဒါပေမယ့် လက်တွေ့လုပ်လာတော့ ကိုယ့်စာကို ကိုယ်ပဲ၊ ရှေ့ကို ဟိုးချဲ့လိုက် နောက်က နည်းနည်းဖြုတ်လိုက်၊ အလယ်မှာ တိုးလိုက်၊ အကုန် ပြန်ပေါင်းပြီး ပုံစံတစ်မျိုးချလိုက် ဆိုတာတွေ လုပ်မိပါတယ်။ အဲဒီအခါ ပိုကောင်းလာတယ်။ ပိုပြည့်စုံလာတယ်။ မနေမနား အလုပ်လုပ်တဲ့အခါ ဒီလိုပဲ အမှတ် မထင် ဖြစ်လာတယ်။ တစ်ခါတစ်ခါ စာအုပ်ကို ပုံနှိပ်ဆဲ ပုံနှိပ်ပြီးသားထဲက တချို့စာကို ပြင်ချင်လို့တောင် ပုံနှိပ်တိုက်နဲ့ ရန်ဖြစ်ရတာမျိုး ရှိပါသေးတယ်။ စောစောက ပြင်ရကောင်းမှန်း မသိလိုက်ဘဲ ခုမှပြန်ဖတ်ပြီး ငါ ညံ့လိုက်တာလို့ ရှက်မိတာလဲ ရှိပါတယ်။ ဒါ့ကြောင့် ပြင်စရာတွေကို ဖော်ပြရေးသားမယ့် နိဂုံးကိုဖတ်ပါ။ ဒီစာအုပ်မှာ တခြား ဘာမှမဖတ်တောင် နိဂုံးကိုဖတ်ရင် အကျိုး ရှိနိုင်ပါတယ်။

အရင်က မသိသေးတာတွေကို အခု တဖြည်းဖြည်း သိလာတယ်ဆိုတာ အခုခေတ် ကြိုးစားကြလို့ ပေါ်လာတဲ့ အကျိုးကျေးဇူးပါပဲ။ ဒီစာအုပ်မှာပါတဲ့ ဆောင်းပါးတိုင်းဟာ အရင့်အရင်က လိုနေတဲ့ကွက်လပ်တွေကို၊ အခု သိသလောက် နဲ့ ဖြည့်တာပဲဖြစ်တယ်လို့ ယူဆနိုင်ပါတယ်။ ဆက်ကြိုးစားကြဦးမယ်ဆိုရင်



အခု ကျွန်တော် မသိတာကို နောက်လူတွေက ဖြည့်နိုင် ပြင်နိုင် ကြမှာပါပဲ။ ဖြည့်နိုင် ပြင်နိုင်ကြမှာ အမှန်ပဲလို့လဲ ယုံကြည်တယ်။

**သန်းထွန်း**

# မြန်မာအကြိုသမိုင်း†

မြန်မာအကြိုသမိုင်းကိုပြောရင် မြန်မာနိုင်ငံရဲ့ ဘူမိဗေဒအခြေခံကစပြီး ပြောရပါလိမ့်မယ်။ ကမ်ဗြီယံ[၁] ယုဂ်အတွင်းမှာ ဒီမြန်မာနိုင်ငံလို့ခေါ်တဲ့ မြေနေရာဟာ ပင်လယ်အတိပါပဲ။ ကုန်းရယ်လို့မရှိဘူး။ အောက် ကာဘောနိဖေရပ် ယုဂ်[၂] ရောက်တဲ့အခါ အခု သံလွင်မြစ်ဟာ အရှေ့ဘက် ပင်လယ်ကမ်းခြေသဘောမျိုး ရှိပြီးကုန်းဖြစ်နေပြန်တယ်။ ဒီနောက် ဂျူရပ်ဆစ် ယုဂ်[၃] မှာတော့ အခု ဘင်္ဂလားပင်လယ်အောက်ပါ ကုန်းပိုင်းကျယ်ကျယ်ကြီးဖြစ်နေတယ်လို့ ယူဆကြတယ်။ ဧသြဆင်း[၄] ယုဂ်ငယ်ပိုင်းမှာ အခု ဧရာဝတီမြစ်ဝကျွန်းပေါ်နေရာကလွဲရင် အားလုံး အခုပင်ပင်လယ်ကမ်းရိုးတန်းအတိုင်း ကုန်းဖြစ်နေပါတယ်။[၅] ဆိုလိုတာက အခု ကုန်းတန်းချိုင့်ဝှမ်းမျိုးလောက်နီးနီး အခြေအနေကို အရင်အနှစ်လေးကုဋေကပဲ ရောက်ရှိမယ်လို့ မှန်းရတာပဲဖြစ်ပါတယ်။

---

† ကန်သာစိမ်းလှဲ့ ၁၈ နှစ်မြောက် နှစ်လယ်ပွဲကို ၂၆ စက်တင်ဘာ ၁၉၇၁ က ရန်ကုန်တက္ကသိုလ်နယ်မြေ၊ အမရဆောင်မှာ ကျင်းပတဲ့အခါ ဘူမိဗေဒပါမောက္ခ ဘသန်းဟက်ကို သဘာပတိတင်ပြီး ဖတ်ခဲ့တဲ့စာတမ်းဖြစ်တယ်။

၁ Cambrian Period 600-500 million years ago.

၂ Lower Carboniferous Period 350-305 million years ago.

၃ Jurassic Period 180-135 million years ago.

၄ Eocene Period 70-40million yeras ago.

၅ These deductions are made after Oakley, R.P and Muir- wood, H.M: The Succession of Life through Geological Time. London British Museum. 1962 Fifth Edition.

မြန်မာအကြိုသမိုင်းဟာ အခုမှ လေ့လာစဖြစ်လို့ သိထားပြီးသမျှဟာလည်း အင်မတန်မှ နည်းပါသေးတယ်။ အခုမှစတယ်ဆိုတဲ့စကားကို ထင်ရှားအောင် နည်းနည်းရှင်းပါရစေ။ ကမ္ဘာ့သက်တမ်းတစ်ခုလုံးကို ၂၄ နာရီပဲရှိသေးတယ်လို့ ထားရင် လူပေါ်တာ စက္ကန့် ၄၀ ပဲရှိဦးမယ်[၁] လို့ နှိုင်းယှဉ်တင်ပြတာကို တွေ့ဖူးပါတယ်။ အဲဒီစက္ကန့် ၄၀ ရဲ့အဖြစ်အပျက်ကိုတောင် ဘယ်နေရာမှ စုံအောင် မသိကြသေးတာမို့ မြန်မာမြေပေါ်က စက္ကန့် ၄၀ အကြောင်းကိုလည်း များများကြီး မသိတာဟာ ဘယ်မှာဆန်းတော့မလဲ။ တစ်စတစ်စ ဖော်ထုတ်လို့ တော်တော်ကလေး သိလာတာကိုပဲ အားရှိစရာကောင်းလှပြီလို့ ယူဆရမှာဖြစ်ပါတယ်။

အရင် ၁၈၄၅[၂] လောက်ကပဲ ဒီမြန်မာမြေအပြင်မှာ ကျောက်လက်နက်တွေ တွေ့တယ်။ မိုင်ယိုဆင်း[၃] ယုဂ်ငယ်ကာလကပဲ လူရှိနေမလားလို့ စူးစမ်းခဲ့တယ်။ ဒါပေမဲ့ ၁၈၉၅ ကျမှပဲ ပလိုင်စတိုဆင်း[၄] ယုဂ်ငယ်ကာလမှာလူရှိမယ်လို့ အပြတ်ပြောနိုင်လာကြတယ်[၅]။ မြန်မာမြေပြင်ပေါ်မှာတွေ့တဲ့ ကျောက်လက်နက်ကိုစွဲပြီး အလုပ်တစ်ခုအနေနဲ့ ဘာမှဆက်ပြီး ရှာဖွေစုံစမ်းတာမျိုး မလုပ်ပါဘူး။ ဘူမိဗေဒပညာရှင်တွေက ရေနံရှာရင်း သတ္တုရှာရင်း ဒီလိုလက်နက်တွေတွေ့လာလို့ တင်ပြတာလောက်ပဲရှိတယ်။

တကယ်တော့လည်း တွေ့တယ်ဆိုတဲ့ပစ္စည်းတွေဟာ စနစ်တကျ တူးဖော်တွေ့ရှိတာမျိုးမဟုတ်ဘဲ မြေပြင်တွေ့ (Surface finds) ကောက်ရတာတွေဖြစ်တော့ ယထာဘူတကျအောင် ဆက်ပြီးလေ့လာဖို့ ခက်ပါတယ်။ ရေနံချောင်းဘက်ကရထားတဲ့ ရိုက်ဖွဲ့ကျောက်တွေကိုကြည့်ပြီး ၁၉၀၂ လောက်မှာ အကြိုသမိုင်းကာလက ဒီမြေမှာ လူတွေရှိခဲ့ပါတယ်လို့ တင်ပြလာပြန်တယ်။[၆] ဒီအခါမှာ တောင်ဘက်

၁ Observer, 1 Feb. 1970, Cover Design.

၂ Cole, G.A.J. : "Miocene Man in Burma," Natural Science, VII. 1945,295.

၃ Miocene Period 25-11 million years ago.

၄ Pleistocene Period from about 2 million years ago.

၅ Childe, V.G : Piecing Together the Past, The Interpretation of Archaeological Data, London Kegan Paul, 1964 Reprint, P. 19.

၆ Swinhoe, R. J. C: "Prehistoric Man. in Burma" Zoologist, VI (1902), 321-36. "Some Further Notes on Chipped flints at Yenangyaung, Upper Burma", Zoologist VII (1903) 254-9.



ဂျာဗားမှာလည်း ရှေးလူရှိတယ်၊ မြောက်ဘက် တရုတ်မှာလည်း ရှေးလူရှိတယ်၊ မြန်မာက စပ်ကြားပေါင်းကူးဒေသဖြစ်လို့ ရှေးလူအမှန်ရှိမယ်၊ စုံစမ်းရင် မုချအကျိုးရှိမယ်ဆိုပြီး အမေရိကအသင်းပေါင်းရဲ့ လေ့လာရေးအဖွဲ့တစ်ခု မြန်မာနိုင်ငံကို ၁၉၃၇ နှစ်ကုန်နဲ့ ၁၉၃၈ နှစ်ဦးမှာ ရောက်လာရှာဖွေကြပါတယ်။ ခေါင်းဆောင်တွေက ဟဲလမတ်ဒေတာရာနဲ့ မိုဗီယပ် (Hellmutde Terra and Hallam L. Movius, Jr.) တို့ ဖြစ်ပါတယ်။ သူတို့က ကျောက်ဟောင်းကာလ မြန်မာမြေကလူကို အညာသားလို့ပဲခေါ်ပြီး သူတို့ရဲ့ဓလေ့ကိုတော့ အညာသားဓလေ့ (Anyathian Culture) လို့ ခေါ်ခဲ့ကြပါတယ်၊ အဲဒီနောက် စစ်ကြီးဖြစ်ပြီး ဒီဘက် ဒီစခန်းမှာ ဆိတ်သုဉ်းနေခဲ့တာ ပြီးခဲ့တဲ့ ၁၉၆၄ လောက်ကမှ မြန်မာအကြိုသမိုင်းလေ့လာရေး ပြန်ပြီးအသက်ဝင်လာပါတယ်။ မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာနက ဟန်လင်းတူးဖော်ရေးမှာ ကျောက်သစ်လက်နက် (ကျောက်သစ်လက်နက်မှန်ပေမဲ့ ဖက်တွဲတွေ့ရှိချက်အရ နှောင်းလူတွေက ယူထားတာ ဖြစ်စရာရှိတယ်လို့ သာမညသိရပါတယ်) တွေ့တယ်၊ ဘိတ်နယ် ခဲတွင်းထဲက ကျောက်သစ်လက်နက်ရတယ်၊ ချင်းတွင်းအနောက်ဘက်ကမ်း ဆားထုံးမှာ ကျောက်သစ်လက်နက်တွေ ကောက်ရတယ်၊ ပခုက္ကူတစ်ဖက် လက်ပံခြေပေါ်မှာ ဆည်လုပ်ဖို့ ဘူပေဒိုဇာနဲ့ မြေယိုးရင်း ကျောက်သစ်လက်နက်တွေ ပေါ်လာတယ်။ ဗဒလင်းဂူ (တောင်ကြီးခရိုင် ရွှေညောင်မြို့နယ်၊ ညောင်ကြတ်က ရေပုတ်သွားမြေ လမ်းပေးမှာရှိတယ်၊ ညောင်ကြတ်က ၄ မိုင်၊ ရေပုတ်က ၁ မိုင်၊ ကွာမြေလမ်းအထက် ပေ ၇၀၊ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၀၀၀၊ ညောင်ကြတ်က လတ္တီတွတ် ၂၁° ၆′ မြောက်လောင်ဂျီတွတ် ၉၆° ၁၈′ အရှေ့) သတင်းကို ၁၉၆၀ ပြည့်က ရခဲ့ပေမဲ့ ၁၉၆၈ ရောက်မှ သွားရောက်လေ့လာကြလို့ ကျောက်ခေတ်သက်သေအထောက်အထားတွေ အများကြီးထပ်ရပြန်တယ်။ အမရပူရ တောင်သမန်အင်းဓောင်းမှာလည်း လှိုင်းပုတ်လို့ ကမ်းပြိုရင်း ကျောက်သစ်အထောက်အထားတွေ ပေါ်လာတာက ဆက်ပြီး ၁၉၇၁ နှစ်ဦးက တူးဖော်ရေးလုပ်တဲ့အထိ ပေါက်မြောက်အောင်မြင်ခဲ့ပါတယ်။ အဲဒီလိုဖြစ်လာတော့မှပဲ အကြိုသမိုင်းလေ့လာရေးဟာ မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်လာပါတယ်။ ဒါတောင် ရှေးဟောင်းသုတေသဌာန အစီရင်ခံစာတွေ အထွက်နှေးလို့ တိုက်ဆိုင်စစ်ဆေးပြီး သမိုင်းသဘော အကဲဖြတ်တဲ့အခါ ခက်တယ်။ နောက်တော့ အစီရင်ခံစာတွေစုံရင် အခုပြောတာတွေကို ပြင်သင့်ပြင်ရပါ

ဦးမယ်လို့ ကြိုတင်အစီရင်ခံပါရစေ။

သိပြီးသမျှကို အကျဉ်းရုံးပြီး အလွယ်ပြောရရင် ပထမကျောက်ဟောင်းနဲ့ ပတ်သက်ပြီး အရင် အနှစ်လေးသိန်းကပဲ ဒီမြေပေါ်မှာ အညာသားတွေ ရှိခဲ့ပြီဖြစ်လို့ သူတို့ရဲ့ဘဝကို အသင့်အတင့်ဖော်ပြပြောဆိုနိုင်ပါတယ်။ ဒုတိယကျောက်သစ်နဲ့ပတ်သက်ပြီး အရင်အနှစ်ခြောက်ထောင် အထက်နားလောက်က စပြီး ဆန်လည်းစိုက်တယ်၊ ကျွဲနွားမွေးတယ်ဆိုတဲ့ ကျောက်သစ်လူသားတွေ ဗမာနိုင်ငံအလယ်ပိုင်းမြေပြန့်မှာ နေထိုင်ကြပါပြီလို့ သာမညပြောနိုင်ပါတယ်။

မကြာခင်က တွေ့ရှိထားတဲ့ သက်သေအထောက်အထားတွေနဲ့ အရင် မိုဗီယပ်တို့ ဖော်သွားသမျှကို ပေါင်းစပ်ပြီး ကျောက်ဟောင်းကို ရှင်းလင်းတင်ပြလိုပါတယ်။ ရှေးဦးအညာသားရဲ့ အကြွင်းအကျန်ကို ဧရာဝတီမြစ်ရဲ့ အထက်အကျဆုံးကမ်းပါးမှာ ရှာရမယ်။ နှောင်းအညာသားရဲ့ အကြွင်းအကျန်ကိုတော့ အလယ်ကမ်းပါးတွေမှာ ရှာရမယ်ဆိုပါတယ်။ အထက်အကျဆုံးကမ်းပါးဟာ အခု ဧရာဝတီကမ်းပါးထက် ပေ ၃၆၀ မြင့်ပါတယ်။ ဘာပြုလို့လဲဆိုတော့ အဲဒီအခါတုန်းက ဒုတိယရေခဲခေတ်ခေါ်တဲ့ မိန်ဒယ်ကာလအဆုံး ဒုတိယမိုးစွေ (Pluvial) ကာလအတွင်းမှာဖြစ်လို့ ဧရာဝတီမြစ်ဟာလည်း ဟိုအခါက မဟာဧရာဝတီမြစ်ပါ၊ အင်မတန် ရေပြင်ကျယ်ပါတယ်။ အလယ်ကမ်းပါးကတော့ အခုကမ်းပါး ရဲ့ ပေ ၁၀၀ က ၂၀၀ အထိ မြင့်တဲ့နေရာတွေမှာ ဖြစ်ပါတယ်[၁]။ ဒီကျောက်ဟောင်းလူတွေရဲ့ နယ်မှာ ပုဆိန်လုံးဝမတွေ့ရလို့ ပဲခွပ်ခလှေသာရှိတယ်လို့ မိုဗီယပ်တို့က ပိုင်းဖြတ်ပါတယ်၊ ဒီလိုခြုံပြီး ကောက်ချက်ချတာကို တချို့က မကြိုက်ပါဘူး[၂]။ အမှန်ကတော့ အထောက်အထားနည်းသေးလို့ မဆုံးဖြတ်သာသေးဘူးဆိုတဲ့သဘောပါပဲ။ တွေ့တဲ့လက်နက်တွေဟာ ဒေသအလိုက် ဖောဖော သီသီရနိုင်တဲ့ ကျောက်ဒိုး၊ မီးတောင်ကျောက်နဲ့ သစ်သားကျောက်တွေပါပဲ။ ဒီတော့ ကုန်ကြမ်းညံ့ရင် ထွက်ကုန်လည်းမကောင်းနိုင်ဘူးဆိုတဲ့ သဘောအတိုင်း မီးခတ်ကျောက်ကိုလုပ်တဲ့လက်နက်လို အဆင့်မမြင့်ပါဘူး။ ကြမ်းတယ်၊ အဲဒါ

၁ Boule, Marcell and Vallois, Henri V: Fossil Man, New York, The Dryden Press 1957, P- 390.

၂ Boule: Fossil, p- 390.



အပြင် မီးတောင်ကျောက်နဲ့လုပ်တာတွေက စဉ်းစား (Choppers) တွေဖြစ်ပြီး သစ်သားကျောက်နဲ့လုပ်ရင် ပဲခွပ် (Adze) ဖြစ်ဖို့ကများပါတယ်[၁]။ ခလှေကိုစွဲပြီး တူရာတူကြောင်း ခေတ်ပြိုင်ကိုပြောရရင် တရုတ်ကျိုကော့တီယ (Choukoutien) ကုလားစောအန် (Soan) ဂျာဗားပတ်ဇီတနီယ (Patjitanian)၊ မလေးယ တမ်ပနီယ (Tampanian) နဲ့ အနောက်ဥရောပက အဗေဗီလီယ (Abbevillian) အလွန်အကြေဥလီယ (Acheulian) အကူးလက်နက်ခလှေတွေနဲ့ ခေတ်ပြိုင် ဖြစ်နိုင်စရာရှိပါတယ်။ သုံးစွဲတဲ့လူတွေက ဘယ်လိုလူတွေလဲမေးရင် ဖြေဖို့လွယ် မလိုလိုနဲ့ ခက်ပါတယ်။ လူရိုး အကြွင်းအကျန်မရသေးဘူး။ ခလှေကိုစွဲပြီး ပိသေကန်သရိုပတ် (Pithecanthropus) ကိုပြောရင် ဖြစ်ကောင်းပါရဲ့[၂]။ ဟုတ်ချင်မှ လည်းဟုတ်မယ်[၃]။ အများသိတဲ့အတိုင်း ဒီပိသေကန်သရိုပတ်ဆိုတာက လူစစ်စစ် မဟုတ်ဘူး။ ပိသေကန်သရိုပတ်တွေ ပေါ်ခဲ့တဲ့ကာလကို ဒုတိယရေခဲခေတ်လို့ဆိုတဲ့ မိန်ဒယ် (Midel) ကာလအတွင်းကလို့ဆိုရင် မှန်းခြေကတော့ အရင် အနှစ် လေးသိန်းအထက် ငါးသိန်းအတွင်းဖြစ်ပါတယ်။ အဲဒီနောက် ဒုတိယရေခဲ ခေတ်လွန်ဖြစ်တဲ့ ကြားကာလကို ရောက်ခဲ့တယ်။ ဒီကြားကာလဟာ အရင်နှစ်ပေါင်း နှစ်သိန်းကျော်က သုံးသိန်းခြောက်သောင်းလောက်အထိ အနှစ် တစ်သိန်း ကျော်ကြာ ပါတယ်။ ဒီအတွင်းမှာပဲ မြန်မာမြေပြင်မှာ အညာသားရှိပြီလို့ ဆိုလိုတဲ့သဘောပါပဲ။ သူတို့သုံးတဲ့လက်နက်တွေကလည်း ကျောက်ဒိုး ကျောက်လုံးကို ရိုက်ဖဲ့ပြီး အလွှားချွန်ယူတဲ့ တစ်ဖက် သွားလက်နက်ကြမ်းတွေဖြစ်တယ်။ သူတို့သတ်ဖြတ် စားတဲ့ သတ္တဝါတွေဟာလည်း ခေတ်သတ္တဝါတွေနဲ့ ထပ်တူမဖြစ်နိုင်သေးတဲ့ ရှေးဆင်၊ ရှေးဝက်၊ ရှေးသမင်၊ ရှေးမြင်းတွေပဲ ဖြစ်ပါတယ်။ အဲဒီကြား ကာလ ကုန်တော့ အရင် အနှစ် နှစ်သိန်းလောက်က ရစ် (Riss) ရေခဲခေတ်ကို ဝင်

၁ Hawkes, Jacquetta: Prehistory of Manking, Culture and Scientific Developent, I, 1, New York, Mentor M 632 1965, - p-239 (Hawkes: Prehistory).

၂ Coon, Carleton S. The History of Man, London, Pelican A 863, 1967, PP. 73-4 (Coon: Man)

၃ Brodrick, Alan Houghton: Man and His Ancestry, New York, Premier T 239, 1964, pp- 138-9.

တယ်။ သိပ်အေးတော့ အနေအထိုင်ကျပ်တည်းမယ်၊ အစာရေစာ ပါးရှားမယ်၊ မြန်မာမြေပြင်ကို ရေခဲပြင်ကြီးမရောက်လာပေမဲ့ သိသိသာသာကြီး ပိုအေးမယ်ဆိုပါတော့။ အအေးဆုတ်ပြန်တော့လည်း လက်နက်အကြွင်းအကျန်ရယ်လို့ ဒီတတိယရေခဲလွန်ခေတ်မှာ ရှာမတွေ့သေးဘူး။ ဒါကြောင့် ဘာမှ ပီသအောင် မပြောနိုင်ပါဘူး။ ဒီလိုနဲ့ စတုတ္ထရေခဲခေတ်ဆိုတဲ့ ဝမ်း (Warm) ကာလကို ရောက်ပြန်တယ်။ ဒီတစ်ခါ အရင် အနှစ်လေးသောင်းကျော်က ရှစ်သောင်းကျော်အထိ အင်မတန်အေးတဲ့ကာလဖြစ်နေတယ်၊ ပြီးမှ အရင်အနှစ် လေးသောင်းလောက်ကစပြီး တစ်စတစ်စနွေးလာတာ အခုရာသီဥတုနဲ့ညီမျှတဲ့ ရာသီဥတုကို ရလာတယ်။ ဒီလိုရာသီဥတုညီတာ သိပ်မကြာသေးဘူး။ အရင် အနှစ်တစ်သောင်းပဲရှိမယ်။ ဒီအတွင်း မြန်မာမြေမှာ နှောင်းအညာသား ခေတ်ရယ်လို့ ကျောက်လက်နက်အထောက်အထားတွေ ပြန်ပြီးတွေ့လာပြန်တယ်။ အနောက်ဘက်က ဩရိဂနစီယ (Aurignacian) ဆောလုထရေယ (Solutrean)နဲ့ မဂ်ဒလေနိယ (Magdalenian) ခေတ်တွေနဲ့အပြိုင် သဘောဖြစ်တယ်။ အဲဒါကြောင့် နှစ်ကာလကို မှန်းဆရင် ဒီနှောင်းအညာသားခေတ်ဟာ အရင်အနှစ် တစ်သောင်းအထက် အနှစ်လေးသောင်းကျော်အထိ ဖြစ်တယ်လို့ဆိုရမယ်။ အခုထက် ပိုပြီးအေးတယ်။ မြန်မာမြေပြင်မှာတော့ တတိယမိုးစွေကာလဖြစ်လို့ အခုထက်ပိုပြီးမိုးများတယ်။ မိုးရေချိန် အခုထက် သုံးဆလောက်ပိုမယ်လို့[၁] လို့ မှန်းသင့်ပါတယ်။ မြစ်တွေ ချောင်းတွေရဲ့ ရေပြင်ဟာလည်း အင်မတန်ကျယ်မယ်၊ အခုလို မြေပြန့်လည်း အများကြီးမရှိနိုင်ဘူးလို့ သတိထားသင့်ပါတယ်။ လက်နက်အကြောင်း ဆက်သွယ်ပြီးပြောရရင်တော့ ဒီအခါတုန်းက ကျောက်လက်နက်ပဲသုံးတယ်လို့ သာမညပြောလေ့ ရှိကြပေမဲ့ သစ်ချွန်ဝါးချွန်၊ သစ်သားတင်းပုတ်၊ သစ်သားလက်ကိုင်ဆိုတာတွေ မပါမဖြစ်ပါဘူး။ တချို့နေရာတွေမှာ ဥပမာ– အရင် အနှစ်နှစ်သိန်းလောက် အင်္ဂလန်မှာ ထွန်းကားတဲ့ ကလက်တောနိယ[၂] ခေတ်ကာလသုံး သစ်သားလှံတံကို မပျက်မစီး တွေ့ရဖူးပါတယ်။ ဒီက မိုးများတဲ့ အရပ်မှာတော့ သစ်နဲ့ဝါးဟာ မဆွေးမြည့်ဘဲ ကျန်ဖို့ခက်ပါတယ်။ မကျန်ပေမဲ့လည်း ရှိမယ်လို့ ယူသင့်ပါတယ်။ ပိသေကန်

၁ Sahni, M.R. : Man in Evolution. Calcutta. Longmans. 1952, p-123, Fig-41

၂ Clactonian Hawkes: Prehistory, P-225



သရိုပတ်တွေဟာ အခုထိ သိရသမျှမှာ မီးကို အစောဆုံးစသုံးတဲ့ အုပ်စုပါပဲ။ မီးမမွေးတတ်ပေမဲ့ မသေအောင် ထိန်းတတ်ပြီပေါ့[၁]။ ကျိုကော့တိယဂူတွေထဲမှာ မီးဖိုရှိလို့ ပြာပုံကြီးတွေ့ပါတယ်။ မီးတစ်ပိုင်းတစ်စ လောင်ထားတဲ့ အရိုး၊ ဦးချိုနဲ့ မီးနာလို့ မြေသားကျက်နေတာလည်း တွေ့ပါတယ်။ အရိုင်းသားကောင်ရဲ့ အန္တရာယ်ကို ကာကွယ်ဖို့၊ အချမ်းဒဏ်ကို တွန်းလှန်ဖို့၊ အသားကို ဖုတ်ကင်စားဖို့နဲ့ နေဝင်ပေမဲ့ ဆက်လက်လှုပ်ရှားနိုင်ဖို့ လက်နက်ကောင်းကြီးတစ်ခုပါပဲ။

အထောက်အထားမရှိသေးလို့ ဆက်မပြောနိုင်တဲ့ လစ်လပ်ကွက်တစ်ခုကို ဒီနေရာမှာ ပြောဖို့လိုပါသေးတယ်။ ပိသေကန်သရိုပတ်က ဆင့်ကဲဖြစ်ပွားလာတဲ့ လူအဆင့်ဆင့်တွေကို ပြောမပြတတ်ပါဘူး။ အနောက်ဘက်တွေမှာတော့ အခုလို လူနဲ့အနီးစပ်ဆုံး နေယန်ဒါသယ်(Neanderthal) ဆိုတဲ့အထိ အဆင့်ဆင့်ပေါ်လာပုံကို ပြောတတ်ကြပါတယ်။ နေယန်ဒါသယ်ကာလက စတုတ္ထရေခဲကာလဖြစ်တဲ့ ဝမ်း (Wurm) ခေတ်ဖြစ်ပါတယ်။ အရင်နှစ်ပေါင်း ခုနစ်သောင်းလောက်ကဆိုရပါမယ်။ ဂူအောင်းဝံ(Cave Bear)၊ မွေးရှည်မမ်မွတ် (Woolly Mammoth)၊ မွေးရှေကြံ့(Woolly Rhinoceros) တို့၊ အိဗက်သမင် (Siberian Ibes) တို့ ပေါများတဲ့ ကာလဖြစ်ပါတယ်။ ကျောက်လက်နက်လုပ်ပုံကိုတော့ မော့စတေရိယ (Mousterian) ခေတ်လို့ခေါ်ပါတယ်။ အဲဒီကမှ အရင် အနှစ်သုံးသောင်းငါးထောင်ပိုင်းမှာ ကရိုမက်ဂနွန် (Cro-Magnon) လူအဆင့်ကို ရောက်ခဲ့ရပါတယ်။ သူတို့ရဲ့ လက်နက်ပုံစံကိုတော့ ဩရိ ဂနစီတယ(Aurignacian) လို့ခေါ်ရပါမယ်။ အဲဒီလက်နက်ခေတ်တွေနဲ့ မြန်မာမြေပြင်က လူတွေရဲ့ လက်နက်ခေတ်ကို အရင်က ယှဉ်ပြောစရာမတွေ့ခဲ့ရလို့ မပြောဘဲနေခဲ့ကြရတယ်။ လူရိုးလူခေါင်းဆိုတာလည်းမရလို့ သာပြီးခက်တယ်။ ဒါပေမဲ့ ဂူနံရံမှာ အရုပ်ရေးကြပြီ၊ အရုပ်ရှိတဲ့ဂူထဲမှာ လက်နက်တွေလည်း တူးဖော်တွေ့ရှိပြီ။ အဲဒါကတော့ မကြာခင်ကတွေ့ထားတဲ့ ဗဒလင်းဂူက အရုပ်တွေနဲ့ လက်နက်တွေပါပဲ၊ အနောက်ဘက်က ဩရိဂနစီယခေတ်နဲ့ ယှဉ်သာမယ်ထင်တယ်။ နှိုင်းယှဉ်လေ့လာဖို့ အင်မတန်ကောင်းတဲ့ အခွင့်အရေးပေါ်လာလို့ ကျွန်တော်တို့ တတ်စွမ်းသလောက် နှိုင်းယှဉ်ကြည့်လိုပါတယ်။

၁ Hawkes: Prehistorym p-206.

သရုပ်ဖော်တယ်၊ ခြစ်ကြောင်းတစ်ပိုင်းတစ်စနဲ့ ကောက်ကြောင်းတစ်ပိုင်းတစ်စ တွဲပြီး သရုပ်ဖော်တယ်၊ ဆေးရောင်တစ်မျိုးတည်း ရေးသွတ်ပြီး သရုပ်ဖော်တယ်၊ ဆေးရောင်နှစ်မျိုးနဲ့ နှစ်မျိုးထက်ပိုပြီး ရေးခြယ်သရုပ်ဖော်တယ်။ အရုပ်တွေကတော့ တိရစ္ဆာန်မျိုးစုံ၊ လက်ဝါးပုံ၊ အမိုးခုံးပုံ (Tectiforms) ဆိုတာတွေကို အကြိမ်ကြိမ်အဖန် ဖန်တွေ့တယ်။ လူပုံကတော့ တွေ့ရခဲတယ်၊ တွေ့ပြန်ရင်လည်း တိရစ္ဆာန်မှာ အံ့သြစရာကောင်းအောင်၊ ပီပီသသအသက်ဝင်အောင် ရေးဆွဲတာနဲ့ ဆန့်ကျင်ဘက်၊ လူမှန်းသိရုံဘဲ ရေးတယ်။ ရေးဆွဲစရာအကောင်းဆုံးနေရာဟာလည်း ထုံးကျောက်ဂူဖြစ်လို့ ထုံးကျောက်ဒေသမှာပဲ ဒီဂူအနုပညာကို တွေ့နိုင်တယ်။ အခြားဒေသကလူတွေ ရေးချင်ဦးတော့ ရေးစရာအကွက်အကွင်းမရလို့ မရေး ကြရဘူးလို့ ဆိုရမလိုဖြစ်နေပါတယ်။ နမူနာပြောရရင် အင်္ဂလန်မှာမရှိဘူး၊ ဒီလိုဆိုတော့ မြန်မာနိုင်ငံဟာ ဒီပုံမျိုးတွေ များများတွေ့နိုင်တဲ့ ဒေသပါပဲ။ ဒါမျိုး များများတွေ့တဲ့ ပြင်သစ်တောင်ပိုင်း၊ စပိန်မြောက်ပိုင်း၊ စပိန်အရှေ့ပိုင်းတွေမှာ အင်မတန်ခဲခဲယဉ်းယဉ်း ဝင်သွားရတဲ့နေရာမျိုးတွေမှာမှ တွေ့ရတတ်တယ်။ ခြွင်းချက်အားဖြင့် လွယ်လွယ်တွေ့တဲ့နေရာလည်းရှိပါတယ်၊ အဲဒါကတော့ ဒီကိစ္စဟာ ယုံကြည်မှုနဲ့ဆိုင်လို့ နောင်အခါ အယုံအကြည်ပေါ့ပြီး အစဉ်အလာရှိတာနဲ့ ဗဟိုပဲပုပ်တော့မယ်၊ သိပ်အလေးအနက်မထားပေဘူးဆိုရင် အပင်အယွက် လွယ်တဲ့ ဂူဝလိုနေရာမှာ လာဆွဲမယ်၊ ဒီလိုဆေးရေးခေတ်ဟာ ဩရိဂနစိယ (Aurignacian) ခေလေ့ကာလပဲဆိုပါတော့၊ အရင် အနှစ်နှစ်သောင်းကျော် သုံးသောင်းကာလလို့မှန်းကြပါတယ်။

ဒီမှာတိုက်ဆိုင်မှုကို ပြချင်တာက ဗဒလင်းဂူဟာ ထုံးကျောက်တောင်ကဂူဖြစ်ပါတယ်။ တွဲဖက်တွေ့ရှိ (Chorological finds) တဲ့ လက်နက်တွေကတော့ ဩရိဂန စိယခေလေ့အဆင့်ထက် အများကြီးညံ့တယ်၊ အရုပ်ရေးပုံမှာလည်း အဆင့် သိပ်မမြင့်သေးဘူးဆိုတာကိုတော့ နောက်မှဆွေးနွေးပါမယ်။

ဒီမှာ ကြားဖြတ်ပြီး တင်ပြချင်တာက ဗဒတ်လိုင် (ဗဒလင်း) ဂူထဲမှာ တူးဖော်တော့ အိုးကွဲတွေတွေ့တယ်။ အိုးတွေ့ရင် ကျောက်သစ်ပဲလို့ တစ်ခါတည်း ဆုံးဖြတ်ချင်ကြတယ်။ ဒါပေမဲ့ ကျောက်သစ်အဆင့် မဝင်ခင်ကပဲ အိုးလုပ်တတ်တဲ့လူတွေ[၁] ရှိသလို၊ ကျောက်သစ်ရောက်တဲ့အထိ အိုးမလုပ်တတ်တဲ့လူတွေ[၂] လည်းရှိပါတယ်။ အိုးတွေ့ရုံနဲ့ ကျောက်သစ်လို့ တစ်ခါတည်း ဆုံးဖြတ်လို့ မဖြစ်ပါဘူး။ တစ်ခါတစ်ရံ သတ်မှတ်ထားတဲ့ပုံစံတစ်ခုနဲ့ နည်းနည်းတူရုံလောက်တူတာကို အားလုံးအတူထိအောင် တိုးမြှင့်စဉ်းစားလိုက်ချင်ကြတယ်။ ကွဲလွဲတာရှိသလောက် ရှိမှာကိုလည်း လျစ်လျူရှုလိုက်ချင်သေးတယ်။



ပုံစံအသစ်ဖြစ်နေတာတောင် ဒါဟာ ပုံစံအသစ်ပဲပေါ့လို့ ပြောဖို့ဝန်လေးနေတတ်သေးတယ်။ အခု ဗဒတ်လိုင် (ဗဒလင်း)လည်း ဒါမျိုးဖြစ်နေပြီ ထင်ပါတယ်။ ဆိုလိုတာက အိုးတွေ့တော့ ကျောက်သစ်လို့ခေါ်ပစ်လိုက်တယ်။ တွေ့တဲ့ လက်နက်တွေက ကျောက်သစ်နဲ့ ဘာမှမဆိုင်တာကိုတော့ လျစ်လျူရှုလိုက်တယ်။ အိုးလုပ်တတ်တဲ့ အထက်ကျောက်ဟောင်းလူတွေ နေခဲ့တာလို့ ပြောဖို့ကျတော့ ဝန်လေးသွားတယ်။ ဝန်မလေးသင့်ပါဘူး။ ကျောက်ဟောင်းထဲက ပုံစံသစ်ဖြစ်တယ်လို့ ထင်ရပါတယ်။

ဒီနေရာမှာ အပို စီးပွားရေးရယ်လို့ ရှိတဲ့အခါကျမှ သိုလှောင်ဖို့ တောင်းတွေ၊ ရိုင်တွေ၊ အိုးတွေ၊ ခွက်တွေ ရှိပါတယ်။ သိုလှောင်လိုတဲ့ လိုအင်ဆန္ဒကိုစွဲပြီး တီထွင်တယ်။ ကျောက်ဟောင်းလူက ဘာကိုလိုလို့ အိုးခွက်ကို တီထွင်မလဲလို့ မေးရင်တော့ ကျေနပ်အောင် ဖြေဖို့ခက်ပါတယ်။ ဝါးပေါ်ပဲ့အရုပ်ဟာလူတွေဟာ အိုးမပေါ်ခင်ကပဲ ဝါးကျည်တောက်နဲ့ချက်မယ်၊ အဲဒါက ဆက်ပြီး အိုးလုပ်ဖို့ စိတ်ကူးရတာလည်း ဖြစ်နိုင်ပါတယ်။

ဆွေးနွေးလက်စက နံရံဆေးရေးအရုပ် ဖြစ်ပါတယ်။ ဒါကြောင့် အရုပ်ကိစ္စကိုပဲ ပြန်ပြီးဆက်လိုပါတယ်။ အရုပ်ကို ဆေးခြယ်တဲ့အခါ မြေနီကိုပဲ သုံးမယ်၊ အနီဟာ သွေး၊ အသက်ရှိတယ်၊ လှုပ်ရှားသွားလာတယ်ဆိုတဲ့ သဘောဆောင်တယ်၊ မြေနီကရင့်တော့ အညိုသွေး (Haematite) ဝင်တယ်၊ နုလွန်းတော့ လိမ္မော်သွေး (Limonite) ရတယ်၊ ဒီအရောင်မျိုးက ခိုင်တယ်၊ အကျွတ်အလွင့်နည်းတယ်၊ မီးသွေးခဲလိုဟာက လုပ်ယူတဲ့အမည်းက လွင့်တယ်၊ အသီးအရွက်

---

၁ Childe, G : Social Evolution, London, Collins Fontana 810 L, 1963, Foreword by M. Wheeler, pp 5-6.

၂ Aceramic Neolithic. Mellaart, J.: Earliest Civilizations of the Near East, London, Thames & Hudson, 1965 p-49, fig 26

အခေါက်အစေးဆိုတာတွေလည်း ထောင်းထုပြီး ဆေးဖော်မယ်ဆို လည်း ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ခုတော့ အားလုံးလွင့်ပါးကုန်မှာပါပဲ၊ ဒီတော့ တွေ့ရတတ်သမျှ အရောင်ဟာ အနီရင့်နု၊ အဝါနဲ့ အမည်းပါပဲ၊ အပြာစစ်စစ်၊ အစိမ်း၊ အဖြူဆိုတာတွေတော့ လုံးဝမမြင်မတွေ့ရပါဘူး။ ဆေးဖျော်တော့ သားကောင်ရဲ့အဆီကို အပူပေးပြီး ပျော်အောင်လုပ်ပြီးမှ ရောစပ်တယ်လို့ ထင်တယ်။ သုတ်လူးဖို့ စုတ်တံမျိုးရှိမှာပါပဲ။ အကောင်တွေရဲ့အမွေးက စုတ်တံလုပ်ဖို့ ပေါပါတယ်။ သုတ်လိမ်းတဲ့အခါ အဆီပါတော့ ဒီအဆီက ဂူရဲ့ကျောက်သားအပေါက်ငယ်လေးတွေကို ပိတ်ပစ်လိုက်လို့ ထုံးကျောက်ဂူနံရံက ချွေးစို့တတ်မြဲဖြစ်ပေမဲ့ ချွေးပေါက်ပိတ်သွားပြီး ချွေးမပြန်တော့ဘူး။ ဒီတော့ နှစ်ဘယ်လောက်ကြာကြာ အရုပ်မပျက်ဘူး။ အပေါ်ကစီးကျတဲ့ ထုံးရေကသာ ခပ်ပါးပါးပိတ်ကလေးဖုံးသလို ဖုံးတတ်တယ်။ ဒီလိုဖုံးတာမျိုးက အတုမဟုတ်ဘူး၊ ရေးကရေးခဲ့တာ အစစ်ပဲလို့ သက်သေခံတာကြောင့် တစ်မျိုးတစ်ဖုံ အသုံးတည့်သေးတယ်။ တစ်ခါတလေကျတော့လည်း အခုမရှိတော့တဲ့ အကောင်မျိုးကို ဆွဲထားတာဖြစ်လို့ ရေးကျတယ်လို့ပဲ ထင်ရှားပြန်ပါတယ်။ ပေါပေါများများကြုံတွေ့နေရတဲ့ အကောင်မျိုးကို ဆွဲကြမှာပါပဲလို့ ယူဆခဲ့ကြရာက ယုံကြည်မှုနဲ့သာဆိုင်ရင် ရှားတဲ့အကောင်ကိုဆွဲပြီး ဒါမျိုးရအောင် မှိုင်းမပါလို့ နတ်ကိုးတာ ဖြစ်နိုင်တယ်ဆိုပြီး ပြောင်းပြန်ယူကြပြန်တယ်။ ဒီလိုနံရံမှာ ထွင်းထုတာတို့ ရေးဆွဲတာတို့ဟာ အဆင့်လေးဆင့်၊ ခေတ်လေးခေတ် ပြောင်းခဲ့တယ်လို့ တင်ပြလာကြပြန်တယ်။

ပထမအဆင့် ထွင်းပုံ (Engraving) ဟာ နံရံမှာ လိုချင်တဲ့အကောင်ရဲ့ အရိပ်လာပြီး ထင်နေတဲ့သဘော၊ အရိပ်အနားအစပ်ကို ကျောက်ချူးနဲ့ခြစ်ယူပြီး အတွင်းသားကို ဆေးရောင်သွတ်တယ်။ အရုပ်မှာ ရှေ့ခြေတစ် နောက်ခြေတစ် အစုစု ခြေနှစ်ချောင်းပဲပေါ်တယ်။ ကိုယ်လုံးကို ဘေးမြင်ဆွဲပြီး ခေါင်းကိုတော့ ရှေ့မြင်ဆွဲတတ်တယ်။ မျက်လုံးကိုဖွင့်မထားဘဲ မျက်ခွံအုပ်တဲ့ မျက်လုံးအိမ်ပဲ ဖော်တယ်။ တစ်ခါတစ်ရံ တီကောင်တွေ (Macaroni) အများကြီး ထည့်ထားတယ်။ ကြောင်လက်သည်းခြစ်ရာမျိုးတွေကို ဆိုလိုပါတယ်။

ပထမအဆင့် ဆေးရေးကား (Painting) တွေမှာ လူ့လက်ကို အုပ်ထားတဲ့ အရာ၊ ဖော်ထားတဲ့အရာ နှစ်မျိုးစလုံးတွေ့ရပါတယ်။ အုပ်ထားတဲ့အရာဆိုတာက နံရံမှာ လက်ဝါးအုပ်ထားပြီး ဆေးဖြတ်လူးတာကို ဆိုလိုပါတယ်။ ဖော်ထားတဲ့



အရာဆိုတာက ဆေးရေထဲမှာလက်နှိုက်ပြီး နံရံကို လက်ဝါးနဲ့ရိုက်လိုက်လို့ ပေါ်လာတဲ့ပုံမျိုးကို ဆိုလိုပါတယ်။ ဒီအဆင့်မှာ ကြောင်လက်သည်းခြစ်ကြောင်းတွေလည်း ဆွဲပါတယ်။

ဒုတိယအဆင့်ကိုရောက်တဲ့အခါ ထွင်းပုံမှာရော ဆေးရေးပုံမှာပါ သားကောင်ရဲ့ ခြေလေးချောင်းစလုံးထည့်တယ်၊ အမြီးတွေ အမွေးထောင်နေတာတွေ ပါတတ်တယ်။ ပါစပက်တစ် (Perspective) ဆိုတဲ့ မြင်တဲ့အတိုင်း ထင်အောင် ဆွဲဖို့ ကြိုးစားလာတယ်။

တတိယအဆင့်ကိုရောက်တော့ လှုပ်ရှားရှန်းကန်တဲ့သဘော ဝင်လာတယ်၊ အရုပ်က အသက်ဝင်တယ်၊ မာန်ပါတယ်ဆိုကြပါစို့။ ဆေးရေးကားမှာလည်း အလင်းအမှောင်သွင်းလာတယ်၊ တစ်စိတ်တစ်ပိုင်း ခြစ်ကြောင်းဖော်ပြီး တစ်စိတ်တစ်ပိုင်း ကောက်ကြောင်းရေးတယ်။

စတုတ္ထအဆင့်မှာ ထွင်းပုံတွေကတော့ သေးငယ်လာတယ်၊ အင်မတန်လှလာတယ်၊ တစ်ခါတစ်ရံ အပြည့်အဝမဆွဲဘဲ တွေးယူစရာအကွက်ကလေးတွေ ချန်ထားတယ်၊ ဆေးရေးကားကျတော့ ရောင်စုံခြယ်တယ်၊ မာန်ပါလွန်းလို့ ဩလတမိရ (Altamira) က အရုပ်တွေဆိုရင် အခုခေတ်လူတွေတောင် လက်ဖျားခါရတယ်။ ရေးဆွဲဖူးတဲ့အရုပ်တွေကတော့ ကြွံ၊ ခြသေ့်၊ ငါး၊ ငှက်၊ ဆင်၊ တောကျွဲ၊ တောဝက်၊ တောင်ဆိတ်၊ နွား၊ မိမ်မွတ်၊ မြင်း၊ လူ၊ သမင်မျိုးစုံပါပဲ။ ဒီအထဲမှာ ငှက်နဲ့လူကို ရေးခဲတယ်။ ဒီလိုရေးဆွဲတဲ့အခါ တိရစ္ဆာန်ရဲ့နောက်ပိုင်းကလေးပဲ ရေးတာရှိတယ်။ ပုံဟောင်းကို ပုံသစ်ဖုံးတာလည်းရှိတယ်။ ဒါပေမဲ့ အဖြစ်အပျက်ကို တင်ပြတဲ့ကား၊ ဥပမာ လူက သားကောင်ကို လေးနဲ့ပစ်ပုံမျိုး၊ အမိသမင်မအနားမှာ သားငယ်ဝပ်နေတာကို အမေမကြီးက လျှာနဲ့လျက်ပေးနေပုံမျိုး ဆွဲခဲတယ်။ ရှုမျှော်ခင်း (Landscape) တစ်ခါမှ မတွေ့ရဖူးသေးဘူး။

အထက်ကျောက်ဟောင်းအနုပညာကို အခုလိုပြည့်စုံအောင် ပြောဆိုမိတာကတော့ ဗဒတ်လိုင် (ဗဒလင်းဂူ) က လက်ရာတွေနဲ့ နှိုင်းချင်လို့ပါပဲ။ ဗဒလင်းဂူတွေဟာ တောင်ဘက်ကို ဂူဝလှည့်နေတယ် (ကျောက်ဟောင်းကာလရဲ့ သဘောလက္ခဏာတစ်ခုဖြစ်တယ်)။ ဂူကြီးနှစ်ခုမှာ အရှေ့ဘက်ဂူထဲမှာပဲ ဆေးရေး

ရုပ်ပုံရှိတယ်[၁]။ ပုံရှိတဲ့မျက်နှာပြင်ဟာ ညီညာပြန့်ပြူးလှတယ်လို့ မဆိုနိုင်ဘူး။ ကြမ်းက အမြင့်ဆယ်ပေ ဆယ့်နှစ်ပေမှာ ဆွဲခဲ့တယ်။ နီညိုရောင်နဲ့ ရေးတယ်၊ အနားရေးပြီး ဆေးပိန်းသွတ်တဲ့ နည်းကိုသုံးတယ်။ တစ်ခုပေါ်မှာ တစ်ခုထပ်ရေးတာလည်း တွေ့တယ်၊ တိရစ္ဆာန်ရဲ့နောက်ပိုင်းကိုပဲ ရေးထားတာရှိတယ်။ ဆင်ရဲ့နောက်ပိုင်းတွေလို့ ယူဆစရာနှစ်ပုံ၊ သမင်နောက်ပိုင်းလို့ ထင်ရတာတစ်ပုံ၊ စားသောက်ပြီးလို့ အရိုးပဲကျန်တဲ့ ငါးပုံလား၊ ကြောင်လက်သည်းခြစ်ရာတွေပဲ ရေးခဲ့တာလားလို့ မပြောနိုင်တဲ့ပုံလည်းပါတယ်။ လက်ချောင်းမစုံတဲ့လက်၊ စုံတဲ့လက်၊ လက်နှစ်ဖက်ပုံလည်းပါတယ်။ တိရစ္ဆာန်ပုံတွေထဲမှာ တစ်ပုံက လှုပ်ရှားနေတဲ့ ပြောင်တစ်ကောင်လို့ ထင်တယ်။ ကိုယ်လုံးကို ဆေးအပြည့်ခြယ်မထားဘူး၊ အပေါ်က ထုံးဖုံးတာလည်းဖြစ်မယ်။ တစ်ပုံက ဦးချိုမပါပေမဲ့ သမင်နဲ့တူတယ်၊ ဦးခေါင်းပိုင်းပဲ ထင်ရှားတဲ့ နွားတစ်ကောင်ပုံရယ်၊ ကိုယ်လုံးကို ဆေးအပြည့်မခြယ်တဲ့ နွားမကြီးနောက်က ဒီလိုပဲ ကွက်ကျားခြယ်ထားတဲ့ နွားငယ်လို့ထင်ရတဲ့ ပုံနှစ်ပုံရယ်၊ ဆေးကွက်တိကွက်ကျားနဲ့ ဝက်လိုအကောင်မျိုးလည်းတစ်ကောင်၊ နွားလိုအကောင်မျိုးလည်းတစ်ကောင်၊ ပြီးတော့ နေထွက်နေတဲ့ ရှုမျှော်ခင်းပုံတစ်ပုံပါတယ်။ တိရစ္ဆာန်တွေရေးတော့ ခြေလေးချောင်းစလုံးပါတယ်။ ခေါင်းပိုင်းကိုတော့ ရှေ့မြင်ရေးတယ်လို့ မဆိုနိုင်ဘူး။ နွားနှစ်ကောင်ပုံကို နွားမကြီးနောက်က နွားငယ်လိုက်တဲ့ပုံလို့ယူဆရင် အဖြစ်အပျက်ပုံလို့ ဆိုရမယ်။ နေပုံဟာ ဂူပေါက်ကနေကို မြင်ရပုံဖြစ်တယ်လို့ ယူဆရင် ရှုမျှော်ခင်းပုံလို့ခေါ်ရမယ်။ ရှုမျှော်ခင်းဖြစ်ရင် အခြားဒေသတွေမှာ လုံးဝမတွေ့ရသေးလို့ ထူးခြားတယ်။

အကောင်ပုံတွေထဲမှာ နှစ်ကောင်တွဲကို နွားမကြီးနောက် နွားငယ်လိုက်တဲ့ပုံဖြစ်မယ်လို့ယူရင် အဖြစ်အပျက်ပုံဖြစ်လို့ ရှားတဲ့ပုံမျိုးဖြစ်မယ်၊ တိရစ္ဆာန်နှစ်ကောင်ထဲက တစ်ကောင်က နည်းနည်းကြီးတယ်လို့ပဲ ယူဆရင် အဖြစ်အပျက်ပုံ မဟုတ်တော့ဘူး။

ပုံတွေအားလုံးလိုပဲ ဂူနံရံမှာ အရိပ်ထင်ပုံမျိုး ရေးလို့ စောစောကပြောခဲ့တဲ့ ပထမအဆင့်လက်ရာမျိုးနဲ့တူတယ်၊ ဒါပေမဲ့ ခြေလေးချောင်းစလုံးပါလို့ ဒုတိယ

---

၁ အောင်သော်၊ "ပြဒါးလင်းဂူ ကျောက်ခေတ်ယဉ်ကျေးမှု" တက်ညာ ၆၊ ၁၊ ၂၃၀။



အဆင့်တက်နေပြီ။ တစ်ခါ ခေါင်းကို ဘေးမြင်ပဲ ဆွဲတာရယ်၊ မျက်လုံးအိမ်မဖော်တာရယ်ထောက်တော့ ပါစပက်တစ်သဘော မဝင်သေးဘူးပြောရမယ်။ လက်ဝါးပုံကလည်း ပထမအဆင့်ပါပဲ။

အားလုံးပေါင်း ပြောရရင် ပန်းချီပညာမှာ ပထမအဆင့်က ဒုတိယအဆင့်ကူးရုံလောက်ပဲ ဖြစ်တယ်။ အထက်ကျောက်ဟောင်းအဦးအစထက် နည်းနည်းနောက်ကျတဲ့ အရင်အနှစ် နှစ်သောင်းပိုင်းလောက်က ဖြစ်မယ်လို့ မှန်းဆချင်ပါတယ်။

တစ်မျိုး ပြောရရင် ကျောက်သစ်နဲ့မဆိုင်ဘူးလို့ ဆိုချင်ပါတယ်။

ကျောက်သစ်နဲ့မဆိုင်ပုံကို ဆက်ပြီးပြောချင်ပါသေးတယ်။ ဂူဆိုတာ ကျောက်သစ်နေထိုင်ပုံရဲ့ သဘောလက္ခဏာမဟုတ်ပါဘူး။ ကျောက်သစ်လူဟာ မြေပြန့်မှာရွာတည်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်တယ်။ ဗဒတ်လိုင် (ဗဒလင်းဂူ) ထဲက တွေ့ရသမျှ ၁၆၀၀ ကျော်‌ လက်နက်တွေဟာ ကျောက်ကွင်းအဟောင်းငါးခု၊ အပိုင်းအစသုံးခုနဲ့ အမင်းတပ်လို့ ထင်ရတဲ့လက်နက်တစ်ခုကလွဲရင် အားလုံး ကျောက်ဟောင်းပုံတွေပါပဲလို့လည်း သိရတယ်[၁]။ အပြည့်သွေးထားတဲ့ လက်နက်တစ်ခုမှ မတွေ့ရဘူး[၂] လို့လည်း အထင်အရှားသိရပြန်တယ်။ ကျောက်လက်နက်ယုတ်လုပ်တဲ့ အလုပ်ရုံမှာ မကောင်းတဲ့ပယ်ကျောက် (Blanks) ရှိပါတယ်။ အခုတွေ့တဲ့ လက်ရာကြမ်းနဲ့လုပ်ထားတဲ့ လက်နက်ပုံကြီးအားလုံးကိုလည်း ပယ်ကျောက်လို့ ပြောဖို့ခက်ပါတယ်။ တူးဖော်တဲ့အခါ ပူးတွဲတွေ့ရှိရတဲ့ တိရစ္ဆာန်အရိုးအပိုင်းတွေဟာလည်း အိမ်မွေးမဟုတ်ဘူး။ အရိုင်းကောင်တွေရဲ့ အရိုးလို့ပဲ မှန်းဆတယ်လို့ သိရပြန်တယ်[၃]။ ဗဒလိုင် (ဗဒလင်း)က တွေ့ရသမျှ လက်နက်တွေကိုလုပ်တဲ့ ကျောက်တွေဟာလည်း ဒေသရှိရင်းစွဲ ကျောက်တွေပဲဖြစ်တယ်လို့

---

၁ အောင်သော်၊ "လင်းယဉ်" ၃၁၅၊ ၃၁၇၊ အမင်းတပ်လက်နက်ကလည်း သွေးထားတာမဟုတ်ပါဘူး။ ၃၂၈

၂ အောင်သော်၊ "လင်းယဉ်" ၃၁၅၊
Aung Thaw: Exploring Padah- lin Caves, Speitrum, II, i April 1969, p-164

၃ အော်သော်၊ လင်းယဉ် ၃၂၁။

ဘူမိဗေဒဘက်က ထွက်ဆိုချက်ရှိတယ်[၁]။ ဒါကလည်း ဒီလိုပဲဖြစ်တယ်လို့ ကျွန်တော် တွက်မိပါတယ်။ တခြားက ကျောက်လက်နက်တင်သွင်းတာက ကျောက်သစ်ရဲ့လက္ခဏာသာဖြစ်တယ်။ မနုဿဗေဒဘက်ကအမြင်ကို ဖတ်ရပြန်တော့ စိုက်ပျိုးရေးနဲ့ဆိုင်တဲ့ လက်နက်မတွေ့ဘူး၊ အစာရှာရတဲ့ မုဆိုးလက်နက်တွေပဲ တွေ့တယ်တဲ့။ ပြီးတော့ သားကောင်တွေ၊ ငါးတွေရေးပြနေတာ တံငါမုဆိုးတွေပဲလို့ ယူဆဖို့ပဲ ဖြစ်မယ်လို့ထင်တယ်တဲ့[၂]။ နောက်ပြီးတော့ ဂူဆိုတာ ကျောက်ဟောင်းကလူတွေပဲနေတယ်[၃]။ ဂူထဲမှာလည်း မီးဖိုနဲ့ပြာရှိလို့ လူနေသွားတာထင်ရှားတယ်လို့ ထပ်ပြောတော့ ကျောက်ဟောင်းလို့ပဲ တင်ပြတယ်လို့ ကျွန်တော်က ယူဆမိပါတယ်။ သတ္တဗေဒအမြင်ကတော့ ဒီဂူဝန်းကျင်မှာ အခုနံရံပေါ်က အကောင်မျိုး နေခဲ့ဖူးမယ်လို့ ထင်နိုင်တယ်လို့သာပြောတယ်[၄]။ နောက်ဆုံး သတိပြုစရာကတော့ မီးသွေးနဲ့အရိုးကို ကာလပိုင်းခြားဖို့ ဓာတ်ခွဲတဲ့အဖြေပါပဲ[၅]။ မီးသွေးက အရင်နှစ် ခုနှစ်ထောင့်ငါးရာကျော်ကျော်၊ အရိုးက အရင်နှစ်ခြောက်ထောင့်ငါးရာကျော် ဖြစ်တယ်။ ဒါပေမဲ့ မူလကာဗွန်ပါပြီး နောက်လျော့ကုန်လို့ ဒီလိုဖြစ်ရာရှိတယ်။ ဒီလိုမလျော့ရင် အနှစ်ခြောက်ထောင့်ငါးရာမျှမကရှိရမယ်လို့ ဆိုတယ်။ ပြီးတော့ ကာဗွန်မပါတဲ့ အစိတ်အပိုင်းကတော့ အရင်နှစ်ပေါင်း တစ်သောင်းတစ်ထောင်လို့ ပြတယ်။ အရင်နှစ်တစ်သောင်းကျော်ရင် ကျောက်ဟောင်းပါပဲ။ အရှေ့ဟောင်း အာရှဓလေ့တွေကို ပညာရှင်အများက အနောက်အာရှမှာထက် အများကြီးနောက်ကျတယ်လို့ ဆိုတာကို သဘောမတူဘူးဆိုသူတွေကတောင် အရင်နှစ်ကိုးထောင်

၁ ဖေအောင်သန်း၊ "ပြဒါးလင်းဂူနှင့် ဘူမိဗေဒအမြင်" တက်ညာ၊ ၆၊ ၁၊ ၃၅၇ ပညာပဒေသာထဲက ဗဒလင်းဂူနဲ့ ပတ်သက်တဲ့အမြင်အမျိုးမျိုး တင်ပြပုံဟာ ကျေနပ်အားရလောက်အောင် မစုံသေးဘူးလို့ ဝေဖန်ချက်ပြုကြတာကိုလည်း ကြားရဖူးပါတယ်။

၂ စိန်ထွန်း၊ "ပြဒါးလင်းဂူနှင့် မနုဿဗေဒအမြင်"၊ တက်ညာ၊ ၆၊ ၁၊ ၃၆၆။

၃ စိန်ထွန်း၊ "လင်းမနုဿ"၊ ၃၇၀။

၄ မြမောင်၊ ပြဒါးလင်းဂူနှင့် သတ္တဗေဒအမြင်၊ တက်ညာ၊ ၆၊ ၁၊ ၃၇၇။

၅ Working Peoples Daily, 6 November 1970.
အောင်သော်၊ "လင်းယဉ်"၊ ၃၄၉-၅၀။



ထက်စောပြီး ကျောက်သစ်ကာလကို ရက်စွဲမပေးဝံ့ပါဘူး[၁]။

အခုပြတဲ့ အထောက်အထားတွေနဲ့ပဲ ဗဒလင်းမှာတွေ့တဲ့ ဓလေ့ဟာ အထက်ကျောက်ဟောင်းဓလေ့လို့ပဲ ယူဆဖို့များပါတယ်။ မြန်မာမြေပြင်ပေါ်မှာ ကျောက်လယ်ဓလေ့တွေကို အကျယ်တဝင့် ဆွေးနွေး တင်ပြနိုင်စရာ အထောက်အထား မတွေ့ရပါဘူး။ ကျောက်လယ်ဓလေ့ရဲ့ သဘောလက္ခဏာဖြစ်တဲ့ အင်မတန်သေးတဲ့ ကျောက်လက်နက်ကလေးတွေတော့ ကောက်ရကြတာရှိပါတယ်။ ရှေးဟောင်းသုတေသနက တူးဖော်ပေးတာမဟုတ်တော့ ဆက်သွယ်ပြီး ဘယ်လိုလေ့လာရမလဲဆိုတာမသိဘူး။ ဒီလိုမရှိပြန်တော့လည်း ဘာမှမပြောတတ်ဘူး။ ကျောက်ဟောင်းက ကျောက်လယ်၊ ကျောက်သစ်ရယ်လို့ အစဉ်လိုက် မကူးသန်းဘဲ အဟောင်းကအသစ်ကို ခုန်ကျော်သွားတာများ ဖြစ်လေမလားလို့လည်း တွေးမိတယ်။ ဒီလိုပဲ နောက်ပိုင်းမှာ လုံးလုံးမပေါ်ပေါက်ဘူးလို့ ဆိုနိုင်ပေမဲ့ သက်သေခံနည်းလို့ ပြောစရာနည်းနေတာ ကြေးခေတ်ပဲ။ ကျောက်ခေတ်က သံခေတ်ကို ကျော်ကူးသွားတာမျိုး ဖြစ်ပေမလား တွေးနိုင်တယ်။ ဘာပြုလို့လဲဆိုတော့ ဒီမြေဒေသက ကြေးတို့သံတို့ ဖောဖောသီသီထွက်တာ မဟုတ်တော့ တခြားကရောက်လာမှပဲ အများအစားသုံးနိုင်ပြီး ခေတ်သစ်ပြောင်း ရမယ့်ပုံပေါ်တယ်။

ကျောက်သစ်ကာလကို ဆက်ပြီးလေ့လာလိုပါတယ်။ ကျောက်သစ်ကာလရဲ့ ထင်ရှားတဲ့သဘောလက္ခဏာကတော့ စိုက်ပျိုးမွေးမြူရေးပေါ်တာရယ်၊ အိုးလုပ်တတ်တာရယ်၊ ကျောက်လက်နက်ကို ပြောင်ချောနေအောင် သွေးတာရယ်လို့ ယေဘုယျအနေနဲ့ သုံးမျိုးရှိပါတယ်။ အိုးတွေ့တိုင်း ကျောက်သစ်မဟုတ်ဘူးဆိုတာတော့ အထက်က ရှင်းခဲ့ပါပြီ။ ဒီလိုပြောင်းလဲတိုးတက်လာတာကို အရှေ့တောင်အာရှတစ်ခုလုံး ခြုံပြီး ပထမကြည့်သင့်ပါတယ်။ အရှေ့တောင်အာရှဟာ ပူအိုက်စွတ်စိုတဲ့ ရာသီဥတုရှိလေတော့ အင်မတန်တောထူထပ်တယ်၊ မြစ်ချောင်းတွေလည်း ပေါတယ်၊ ကျောက်ဟောင်းက မုဆိုးတံငါအတွက် အင်မတန်ကောင်းတဲ့နေရာ ဖြစ်မှာပါပဲ။ နောက် တောထွင်ပြီးစိုက်ပျိုးတော့တောင်မှ

၁ Solheim II. Wilhelm G: New Light on a Forgotten Past National Geographic. Vol. 139. No.3. March 1971. pp-330-9.

မှုဆိုးတံငါခေတ်နဲ့ ခပ်ရောရော အကြာကြီးရှိနေဦးမယ်လို့ ယူဆရပါတယ်။ ဒီနေရာမှာ ဗီယက်နမ်ဘက်က လေ့လာရေးပိုပြီးများခဲ့လို့ အဲဒီဘက်ကိုပဲ စံထားပြီး ဆင်ခြင်သုံးသပ်ကြပါတယ်။ အစောဆုံးပေါ်လာတဲ့ခေတ်ကို ဟွာဗီနီယမ် (Hoabinhian) ခေတ်လို့ ခေါ်ပြီး အပြောရလွယ်ကူအောင် ဒီဟွာဗီနီယမ်ကိုပဲ အဦး–အလယ်– အနှောင်းလို့ သုံးပိုင်းခွဲပါတယ်။ အဦးဟွာဗီနီယမ်ခေတ်ဟာ အရင်နှစ်ပေါင်း တစ်သောင်းခုနစ်ထောင်လောက်ကပဲ စပြီလို့[၁] ယူဆတဲ့သူတွေလည်းရှိပါတယ်။ အဦးနဲ့အလယ် ဟွာဗီနီယမ်ခေတ်မှာ ပုဆိန်၊ စဉ်းခါးနဲ့ ခြစ်ခါးကို ချောင်းထဲက ကျောက်ဒိုးကိုပဲ ခွဲပြီး လုပ်ယူကြပါတယ်။ လုပ်ပုံကြမ်းပြီး ကျောက်ကောင်း လက်ရာနွယ်ပါတယ်။ ဒါပေမဲ့ အလယ်ဟွာဗီနီယမ်ကာလမှာ အသွားချပြီး သွေးယူလာတာကိုတွေ့ရလို့ ကျောက်သစ်ပုံစံ စလာပြီလို့လည်း ပြောနိုင်ပါတယ်[၂]။ နှောင်းဟွာဗီနီယမ်ကာလရောက်တော့ ကျောက်လက်နက်ကလေးတွေဟာ သေးငယ်တယ်၊ လုပ်ပုံသပ်ရပ်တယ်၊ အရိုးကိုလည်းသုံးတယ်။ အိုးကတော့ အင်မတန် ကြမ်းတမ်းသေးတယ်။ စောစောက လေ့လာတင်ပြခဲ့တဲ့ ဗဒတ်လင်း (ဗဒလင်းဂူ) ခေတ်ကို အနောက်ဘက်အကျဆုံး ဟွာဗီနီယမ်ခေတ်ဖြစ်တယ်လို့ ယူဆသူလည်းရှိပါတယ်[၃]။ ဒီခေတ်ထက် နည်းနည်းနောက်ကျတဲ့ခေတ်က ဗက်စုံနီယ (Bacsonian) မခေတ်ဖြစ်ပါတယ်။ ဟွာဗီနီယမ်နဲ့ သိပ်မကွာပါဘူး။ ဒါပေမဲ့ ဗက်စုံနီယအစောပိုင်းမှာပဲ ပြောင်ချောနေအောင် သွေးယူထားတဲ့ ကျောက်လက်နက်သုံးပါပြီ။ အလယ်ဗက်စုံနီယမှာ အိုးပေါ်လာတယ်။ နှောင်းခေတ်မှာတော့ အပြောက်အမွှမ်းခြယ်တဲ့ အိုးလှလှတွေ ပေါ်ပါတယ်။ ဒီနှောင်းခေတ်မှာပဲ တရုတ်မြောက်ပိုင်းမှာ တွေ့ရသလို ချောမောလှပတဲ့ ကျောက်ကွင်း ကျောက်လက်ကောက်တွေ သုံးစွဲတယ်လို့ တွေ့ရပါတယ်။ ကန်စူအိုးလိုပဲ ဆေးခြယ်ထားတာတွေလည်း ပေါ်တယ်။ ကျောက်အရိုးနဲ့ ရွှံ့ကိုလုပ်တဲ့ ပုတီးစေ့တွေ၊ အလှအပသုံးစရာတွေကိုလည်း တွေ့ရပါတယ်။ ကျောက် လက်နက်ဆိုပြန်ရင်လည်း အင်မတန်ချောနေအောင် သွေးထားကြတယ်။ ငါးမျှား၊ ပါးဟက်ပါတဲ့

၁ Solheim II.: New Light, p-339

၂ Fair Servis, Jr., Walter A.: The Origin of Oriental Civilization, New York, Mentor Book MD 251, 1959.

၃ Solhiem: "New Light," p-339.



အရိုးလှံသွားတွေကိုတွေ့တော့ ငါးကြီးဖမ်းယူတဲ့သဘောလည်း မှန်းဆနိုင်ပါတယ်။ ဆွမ်မရွန်ဆင် (Somrong-Sen) ကရတဲ့ အထောက်အထားတွေကတော့ အရှေ့တောင်အာရှ အကြိုသမိုင်းရဲ့ နောက်ဆုံးကာလဆိုတဲ့ ခရစ်မပေါ်မီ နှစ်တစ်ထောင်က အသုံးအဆောင်တွေ တွေ့ကြရပါတယ်။ အခုပြောတဲ့ ပုံစံမျိုးဟာ တရုတ်တောင်ပိုင်း၊ ထိုင်း၊ မြန်မာနဲ့မလေးမှာ ပေါ်ပေါက်မယ်၊ အင်ဒိုနီးရှားအထိ ပျံ့နှံ့မယ်လို့ ယူဆကြပါတယ်[၁]။ ဒီလိုအခြေခံသဘောရှိတာကို သိပြီးရတဲ့နောက် အခု ထိုင်းမှာ အကြိုသမိုင်းလေ့လာရေး အင်မတန်တက်တက်ကြွကြွရှိနေတယ်။ အဲဒီက လေ့လာပြဌာန်းတဲ့ ရက်အပိုင်းအခြားတွေကိုလည်း သတိပြုသင့်တယ်။ ကျွဲ၊ ကြက်၊ ဆင်နဲ့ ဝက်မွေးမြူရေး၊ ပြီးတော့ ဆန်စိုက်ပျိုးရေးတွေဟာ အရှေ့တောင်အာရှကပဲ စရမယ်လို့ သဘောတူကြတယ်[၂]။ ကြက်မွေးမြူရေးမှာ မြန်မာမြေက အစဖြစ်မယ်လို့ ပြောတဲ့လူတောင်ရှိတယ်[၃]။ သူ့အဆိုက အရင်နှစ် ၃၅၀၀ ကတည်းက မြန်မာမြေမှာပဲ ကြက်အရိုင်းရှိတယ်၊ မြန်မာမြေမှာ စပြီး ယဉ်အောင် မွေးမယ်ထင်တယ်။ တရုတ်ကို အရင်အနှစ် ၂၀၀၀ ကျော်လောက်မှ ရောက်မယ်။ ပါရှကတစ်ဆင့် ဂရိဆိုကရေးတီး (Socrates) ခေတ်ကမှရောက်တယ်လို့ ဆိုပါတယ်။ မြန်မာမြေကစတယ်လို့ သူ ဘာကြောင့်ယူဆတယ်လို့တော့ မသိရပါဘူး။ သူပြောတဲ့အထဲမှာ ကျောက်သစ်ကာလက ကြောင်မရှိသေးဘူး၊ ကြွက်လည်းမရှိသေးဘူးတဲ့[၄]။ စားပွဲတို့ ခွေးခြေတို့လည်းမရှိပါဘူး။ စောစောက ပြောခဲ့တဲ့စကားအဆက်အတိုင်း ထိုင်းနိုင်ငံက လေ့လာရေးအကဲဖြတ်ချက်ကို ကြည့်စေချင်တယ်။ နောင်နောက်ထ (Non Nok Tha) မှာ ၁၉၆၈ က ရှာဖွေတွေ့ရှိတဲ့ သက်သေအထောက်အထားအရ စပါးစိုက်ပျိုးရေးဟာ အရင်အနှစ် ၅၅၀၀ ကစတယ်၊ ဥဒေါင်ထနိ (Udon Thani) မှာ ဆေးဆိုးပြီး လှပအောင်ခြယ်သထားတဲ့ အိုးကို တွေ့ရတယ်။ အရင်အနှစ် ၆၇၀၀ ကလို့မှန်းတယ်။ အမှန်က နတ်ဂူ (Spirit Cave) ထဲကအိုးဟာ အရင် အနှစ် ၈၆၀၀ ကဖြစ်မယ်လို့

၁ Fair Servis: Oriental, p-165.

၂ Coon: Man, p-348.

၃ Wells, H.G: The Outline of History from Primordial, Life to the Second World War, London, Cassell, 1956 Reprint of 1951 Edition p-108.

၄ Wells: Outline.

ယူဆပါတယ်[၁]။ အဲဒါတွေမှီပြီးထပ်ရှာရင် ထပ်ပြီး အထောက်အထားတွေ တွေ့ဦးမယ်။ ဒါကြောင့် ပိုပြီးရဲတင်းတဲ့အယူအဆတွေကို ထားသင့်တယ်လို့ တင်ပြလာပြန်တယ်။ အဲဒီအယူအဆကတော့–

(၁) ကမ္ဘာမှာ အပင်ကို လူကစပြီး စိုက်ရကောင်းမှန်း သိတာ အရှေ့တောင်အာရှကစတယ်။ အရင် နှစ်တစ်သောင်းခုနစ်ထောင်က ဖြစ်မယ်။

(၂) တစ်စိတ်တစ်ပိုင်း ချောအောင် သွေးထားတဲ့ ကျောက်လက်နက်ဟာ အရင်နှစ် နှစ်သောင်းနှစ်ထောင်ကပဲ ရှိနိုင်တယ်။

(၃) အိုးလုပ်တဲ့ပညာဟာ အရင် နှစ်တစ်သောင်းနှစ်ထောင်ထက် စောနိုင်တယ်။

(၄) တရုတ်နိုင်ငံရဲ့ အရင်အနှစ် ၄၀၀၀ က ယန်ရှောင်ခလေ့ဟာ အရှေ့တောင်အာရှပြန့်သွားတာ ဖြစ်တယ်။ (မြောက်က တောင်ကို ခလေ့တွေဖြန့်လာတယ်ဆိုတဲ့အယူကို တည့်တည့်ဆန့်ကျင်တာ ပါပဲ၊ မြောက်ကဆင်းလာတယ်ဆိုတာကို Man p-217 မှာကြည့်)

(၅) ကျောက်သစ်ရဲ့ လက္ခဏာတစ်ခုဖြစ်တဲ့ သစ်လုံးထွင်းလှေဟာ အရှေ့တောင်အာရှမှာ အရင်နှစ် ၇၀၀၀ အထက်ကစပြီး ပေါ်နေပြီ၊ ပင်လယ်ထဲသွားရဲတဲ့ ဖောတွဲလှေ (Outrigger Canoes) ဟာ အရင် နှစ် ၆၀၀၀ လောက်မှာ ပေါ်လို့ အရှေ့တောင်အာရှက မြောက်ဘက်ကို ဂျပန်ကျွန်းတွေအထိ ပင်လယ်ခရီး သွားကြတယ်လို့ ယူဆနိုင်တယ်။

(၆) ကုန်းပိုင်းအရှေ့တောင်အာရှခလေ့တွေဟာ ကျွန်းပိုင်း အရှေ့တောင်အာရှကို အရင်နှစ် ၅၀၀၀ ကပဲ ပျံ့နှံ့တွင်ကျယ်နေပြီလို့ ယူဆနိုင်တယ်။

(၇) အရှေ့တောင်အာရှခလေ့တွေဟာ အနောက်ကို မဒကစကအထိ အရင် နှစ် ၂၀၀၀ က ပြန့်သွားပြီး မြေထဲပင်လယ်ကမ္ဘာကလူတွေနဲ့ အဆက်အသွယ်ရခဲ့တယ်ဆိုတာတွေပါပဲ[၂]။

၁ Solheim II, New Light, pp-335-9.

၂ Solheim II, New Light, p-339.



ဒီအယူအဆတွေကို တင်ပြတဲ့ပုဂ္ဂိုလ်အလိုကိုပြောရရင် မြန်မာမြေပြင်က သူ့အယူအဆကို အားပေးမယ့် အထောက်အထားအများအပြားပဲ ရှာဖွေတွေ့ရှိဦးမယ်လို့ ဆိုပါတယ်။ ဒီမှာ တစ်ခုဖြည့်စွက်ပြောချင်တာက အခု သူပြောသလို ဒီကိစ္စမှာ ဒီက ပထမဆိုတာမျိုး မဟုတ်ဦး၊ ဘာကိစ္စဖြစ်ဖြစ် သူများကို ဆရာတင်ပြီး တခြားကလာပြမှပဲ လုပ်တတ်ရောဆိုတဲ့ အတွေးအခေါ်တော့ အများကြီးလျော့သွားပြီ၊ အရှေ့တောင်အာရှက အရင်းမူလပြုပြီး အရပ်ရပ်ကိုပျံ့နှံ့တဲ့ ခလေ့တွေထဲမှာ ကြက်မွေးမြူရေး၊ ကျွဲမွေးမြူရေးနဲ့ စပါးစိုက်ပျိုးရေးဆိုတာတွေရယ်၊ သစ်ခေါက်လျှော်အဝတ်လုပ်နည်း၊ ခြေတိုင်ရှည်အိမ်ဆောက်နည်း၊ ထိုးကွင်းထိုးနည်း၊ မှော်ပညာတချို့၊ ဖောတွဲလှေ၊ သားကောင်ကို ထောင်ချောက်နဲ့ဖမ်းနည်းတချို့၊ တံငါလုပ်ငန်းမှာ ငါးဖမ်းနည်းတချို့နဲ့ အစားအသောက်ချက်ပြုတ်နည်းတချို့ဟာလည်း အရင်းမူလအရှေ့တောင်အာရှပဲဖြစ်ပါတယ်[၁]။ အရှေ့တောင်အာရှကို ခြုံပြီးပြောပြပြီးတဲ့နောက် မြန်မာကို သီးသန့်ပြောဖို့လိုလာပါတယ်။ ကျောက်သစ်လက်နက်ကောက်ရတာ (Surface Finds) မြန်မာမြေမှာ နေရာအနှံ့ပါပဲ။ တူးဖော်တွေ့ရှိတာမဟုတ်လို့ အဖိုးမတန်ဘူး။ ကောက်ရလို့လာပေးတိုင်း ဘယ်သူက ဘယ်လို ကျောက်လက်နက်ကို ဘယ်မှာလာပေးသွားတယ်လို့ သတင်းစာထဲထည့်ပြီးကြော်ငြာတာ ရှက်စရာကောင်းတယ်လို့ ရေဒီယိုကများတောင် ပြက်ရယ်ပြုတာ ကြားရဖူးပါတယ်။ ဒေသခံကသတင်းပေးလို့ ရှေးဟောင်းသုတေသနက တူးဖော်သင့် မသင့် အကဲခတ်ခွင့်ရတာ အထင်အရှားမို့ ဒေသခံလူရဲ့သတင်းပေးကို ကျေးဇူး အင်မတန်တင်ရမှာပါ။ ဒီလို ကျောက်သစ်လက်နက် တွေ့တယ် သတင်းပေးနဲ့ ကျွန်တော် တနင်္သာရီနယ်ထဲကို ရောက်ခဲ့ဖူးပါတယ်၊ ချင်းတွင်းအနောက်ဘက်ကမ်း ဆားထုံးက ကျောက်သစ်စခန်းကို ဒေသခံက သတင်းပေးလို့ သိရပြီး တူးဖော်တဲ့အထိ ဆောင်ရွက်ခွင့်ရခဲ့ပါတယ်။ တောင်သမန်အင်းက ကျောက်သစ်ရွာကြီးဟာလည်း ဒေသခံရဲ့သတင်းပေးကြောင့် ကုန်ခဲ့တဲ့ နွေက တူးဖော်ဖြစ်ပါတယ်။ မုံရွာအနားက ကျောက်ကာမှာ ကျောက်သစ်က သင်္ချိုင်းရှိတယ်လို့ သတင်းရလို့ သွားကြည့်တော့ အိုးတွေရုံထားတဲ့ အလောင်းတစ်ခုလှည်းလမ်းကြောင်း ရေစားပြီး အလိုလိုပေါ်နေတာကို ကိုယ်တိုင်မြင်ခဲ့ရဖူးပါတယ်။

၁ Fair Servis : Oriental, p-166.

ရှေးဟောင်းသုတေသနဌာနက ပညာရှင်စုံစုံ၊ လက်နက်ကိရိယာစုံစုံ ငွေအားကောင်းကောင်းနဲ့ တူးဖို့ပဲကျန်တယ်။ မြေကြီးထဲမှာရှိမှန်း သိနေပြီ၊ အရင်နှစ်ခြောက်ထောင်ကျော်ကစပြီး တစ်နေ့နေ့ တူးကြည့်ပါတော့လို့ စောင့်နေတယ်။ လက်နက် လူသူမစုံသေးလို့ စောင့်ပါဦးဆိုရင် သူက ဆက်စောင့်မှာပါ။ မကျမနတူးလိုက်ရင်တော့ အနှစ်ခြောက်ထောင်ကျော်က အဖိုးတန်သက်သေခံပစ္စည်းဟာ ရွှံ့ထဲမှာပဲ ကြေမွပြီးဆုံးပါးမှာကိုတော့ အင်မတန် သတိပြုသင့်ပါတယ်။ ပြောလက်စကို ဆက်ပြောရရင်တော့ ကျောက်သစ်လေ့လာရေးကို ဒေသခံရဲ့သတင်းပေးကပဲ စခဲ့ရပါတယ်။ တောင်ဘက်အစွန်းဆုံး တနင်္သာရီက ခဲမိုင်းတွေမှာ ခဲတူးရင်း ကျောက်သစ်လက်နက်တွေ့တယ်။ အလယ်ပိုင်းမှာ အနှံ့အပြားတွေ့တယ်။ အခုအသုံးလုံးပညာရေးနဲ့ တွဲပြီး လုပ်အားပေးတက္ကသိုလ်ကျောင်းသားတွေကို မှာလိုက်လို့ ကျောက်လက်နက်ရတဲ့နေရာတွေ ထပ်သိထားရပြန်ပါတယ်။ သရက်၊ မကွေး၊ မင်းဘူး၊ ရေနံချောင်း၊ ညောင်ဦး၊ ချင်းတွင်းအနောက်ဘက် အရှေ့ဘက်ကမ်းတစ်လျှောက်၊ ရွှေဘိုနယ်၊ စစ်ကိုင်းနယ်၊ မန္တလေးနယ်ဆိုတာတွေအားလုံးမှာပဲ အနည်းနဲ့အများဆိုသလို တွေ့တယ်။ ဆိုလိုတာက တောင်ယာအပါအခုစိုက်ပျိုးထွန်ယက်တဲ့နေရာတိုင်းမှာ တစ်ကြိမ်တစ်ခါက ကျောက်သစ်ကာလဟောင်းသူဟွေ နေသွားနိုင်ဟယ်ဆိုတဲ့သဘောပါပဲ။ ဟောင်းသမန်လို ပြန့်ပြူးတဲ့နေရာဆိုရင် အင်မတန်ကြီးတဲ့ ကျောက်သစ်ရွာကြီးဖြစ်မယ်။ အိုးတွေရဲ့ထားတဲ့ သင်္ချိုင်းအလောင်း၊ အရိုးအပြည့်အစုံလည်း ရတယ်။ (အလောင်းတစ်ခုကောင်းကောင်းရဖို့ အလောင်းတချို့ပျက်စီးသွားတယ်လို့ ဒေသခံသတင်းပေးတွေကပဲ ပြောသံ[ကြ]ားလိုက်ရပါတယ်) ရွှေဘိုနယ်က ဟန်လင်းကြီးဟာလည်း ဒီလိုရွာမျိုးပဲဖြစ်မယ်။ ဒီလိုပြောက်ကျားပြောက်ကျားတွေ့သွားတာ မြစ်ကြီးနားနယ်အထိပါပဲ။ ရှေ့တန်းစစ်ဆင်ရေးမှာသွားနေတဲ့ စစ်သားတစ်ယောက်က မူဆယ်နယ်နမ့်ပေါ်နားက တာလုံရွာမှာ တစ်ဖက်သွားစောက်ချွေးတဲ့ အ[မ]င်းတပ် ဆောက်ပြားနှစ်ခုတွေ့တယ်လို့ သူမြင်ခဲ့ရတဲ့ လက်နက်နှစ်ခုရဲ့ ရှေ့မြင်ပုံ၊ ဘေးမြင်ပုံတွေဆွဲပြီးစာရေးအကြောင်းကြားပါတယ်။[၁] မိုးကုတ်တစ်ဖက်ကလည်း ပတ္တမြားရချင်လို့

၁ ဗကအောင်မြင့်၊ ရှေ့တန်း ခလရ–၉ ဆီက ၃၁ ဩဂုတ်လ၊ ၁၉၇၀ နေ့စွဲစာ။



တူးရင်း မြုံးထဲကရတဲ့ ကျောက်သစ် မြားခေါင်းငယ်ငယ်တစ်ခု လာပြဖူးပါတယ်။ ချင်းကျောင်းသားတွေလည်း တောင်ယာကရခဲ့တာတွေယူလာတယ်။ ဒီသဲလွန်စတွေနဲ့ တူးဖော်ဖြစ်တာရော မတူးဖြစ်တာပါ မြန်မာမြေအနှံ့ ကျောက်သစ်လက်နက်ကတော့ရှိမယ်။ ပြောပြီးသားပဲ ထပ်ပြောရရင် အခုအခါ စိုက်ခင်းပျိုးခင်းရှိနေရာတိုင်းမှာ တစ်ခါက တောရှင်း မီးရှို့နည်း (Slash-and-burn method) နဲ့ စမ်းသပ်စိုက်ပျိုးဖူးမှာပဲလို့ တွေးနိုင်ပါတယ်။ ဘာပြုလို့လဲဆိုတော့ အခုဒီဘက် အနှစ်တစ်သောင်းနှစ်ထောင်ကစပြီး မြေအနေအထားကရော ရာသီဥတုပါအခုကာလသဘောသွားနဲ့ တစ်စတစ်စ ပိုပြီးတူလို့ပဲဖြစ်ပါတယ်။ ဟိုတုန်းကခုလိုနိုင်ငံရေးနယ်နိမိတ်က အရေးပါတာမဟုတ်တော့ မလေးယက သစ်ခေါက်လျှော်ထုဖို့ ကွက်စိပ်ရိုက်ပြီး ကျောက်ကျည်ပွေ့မျိုးလည်း အခု မြန်မာမြေဘက်ကိုကူးလူးပေါက်ရောက်လာတယ်။ အာသံဘက်က အမင်းတပ် လက်နက်မျိုးတွေ၊ ယွန်နန်ဘက်က လက်ဆုပ်ပုဆိန်မျိုးတွေလည်း ဒီဘက်ကို ရောက်လာတာပါပဲ။

တချို့ကတော့လည်း ဒီအမင်းတပ် လက်နက်လုပ်နည်းကို မြန်မာမြေကမှအာသံဘက်ကို ရောက်သွားတယ်[၁] လို့ ဆိုပါတယ်။ ကျောက်သစ်ကာလမှာခလေ့ဖလှယ်နိုင်ဖို့ ကူးလူးဆက်ဆံရေးလည်း ရှိနေပါပြီ။ ခုပြောတဲ့လက်နက်ဟွေအပြင် ကောက်ရထားဟဲ့ တခြားကျောက်ယက်နက်ဟွေကတော့ ယက်ကောက်၊ ကျောက်ကွင်း၊ ချည်ဝင်ဒိုး၊ ရူးထိုး ကျောက်ဒိုး၊ ဆောက်အမျိုးမျိုး၊ တံစဉ်း(ပဲခွပ်)၊ တူးရွင်းပြား၊ မြားခေါင်း၊ သပ်၊ သွေးကျောက်[၂] ဆိုတာတွေပါပဲ။

တွေ့ရဖူးပေမဲ့ ဘာသုံးမှန်းမသိရတာကတော့ လက်ပံခြေပေါ်နဲ့ ဟန်လင်းမှာကောက်ရထားတဲ့ အလယ်ပေါက်နဲ့ ထောင့်ကိုးထောင့်ကြယ်ပုံ ကျောက်ပစ္စည်းပါပဲ၊ လက်နက်ကိရိယာထက် ကိုးကွယ်ယုံကြည်မှုနဲ့ ပိုဆိုင်မလားမသိဘူး။ ရှိတော့ရှိမယ်၊ ခုထိမတွေ့ဖူးသေးတာက ငါးမျှားချိတ်၊ ဆံလည်ကြိတ်၊ တံစဉ်၊ ထွန်၊ ပါးဟက်တပ်လှံသွား၊ လှံသွားရိုးရိုးဆိုတာတွေပါပဲ။ တောင်သမန်တူးဖော်ရေးက ဒီလိုဟာတွေ ရကောင်းရမယ်လို့ မျှော်လင့်ထားပါတယ်။

၁ Dani, AE : Prehistory and Protohistory of Eastern India, Calcutta, Firma Mukhopadhyay, 1960, p-47-79, 78.

၂ Abrasive stones recently found at a landslide on the bank of Amarapura Taungthaman.

စိုက်ပျိုးမွေးမြူရေးအကြောင်း ဆက်ပြောချင်ပါတယ်၊ ဒီနှစ်မျိုးမှာ ဘယ်ဟာက အရင်စပြီး လူတွေ တတ်ကျွမ်းပါသလဲလို့ ငြင်းကြတယ်။ မွေးမြူရေးက စိုက်ပျိုးရေးလောက် ပညာသားမပါဘူးဆိုပြီး စိုက်ပျိုးရေးကို တတ်ကျွမ်းတာနောက်ကျမယ်လို့ ယူဆကြပါတယ်။ ပြီးတော့ စိုက်ပျိုးတတ်ပြီဆိုတဲ့တိုင်အောင် မိုးဒဏ်၊ လေဒဏ်၊ ပိုးမွှားဒဏ်နဲ့ မမျှော်လင့်ဘဲ စိုက်ခင်းပျိုးခင်းပျက်တတ်လို့ တစ်ဖက်က တံငါမုဆိုးနဲ့ မွေးမြူရေးလုပ်ကြရသေးတယ်။ အခုခေတ်မှာတောင် စိုက်ရင်းပျိုးရင်း မွေးမြူရေးလုပ်ပါလို့ အားပေးကြသေးတယ်။ ဒါကြောင့် စိုက်ပျိုးမွေးမြူရေးဟာ ပြိုင်တူလည်းဖြစ်နိုင်ပါတယ်။ စိုက်ပျိုးရေးနဲ့ ဆက်ပြီး တွေးဖို့အချက်က မြန်မာနိုင်ငံအလယ်ပိုင်းမှာ စိုက်ပျိုးမယ်ဆိုရင် ဆည်မြောင်းလုပ်ငန်းမှချပါရမယ်ဆိုတဲ့အချက်ပါပဲ။ ဆိုလိုတာက အနေ်ာရထာလက်ထက်မှ ဒီကိစ္စကို စတင်ရတယ်ဆိုတာတော့ မဖြစ်နိုင်ပါဘူး။ ကျောက်သစ်ကာလအရင် အနည်းဆုံး အနှစ်ခြောက်ထောင်ကျော်ကပဲရှိနိုင်တယ်။ ပဲနဲ့ဆီထွက်တဲ့အပင်မျိုးကို ကောက်ပင်ထက် ပိုပြီး စောစောကပဲစိုက်မယ်လို့ ယူဆတယ်။ ဥပမာ ပဲကို အရင် နှစ်တစ်သောင်းခုနှစ်ထောင်လောက်က စိုက်မယ်၊ စပါးကို အရင် နှစ် ၇၀၀၀ လောက်ကစပြီး စိုက်တယ်[၁] လို့ ရှေ့တိုးမှန်းတဲ့လူတောင်ရှိတယ်။ စပါးကို အခြောက်စိုက်နည်းကတစ်ဆင့်တက်ပြီး အစိုစိုက်နည်းရယ်လို့ ဖြစ်လာရပါတယ်။ အစိုစိုက်ကျတော့ ပထမ စပါးကို ပျိုးခင်းမှာပျိုးရမယ်၊ ပြီးတော့မှ အပင်ပေါက်ကိုနုတ်ပြီး အစိုကွက်မှာ ပြန်စိုက်တယ်။ ဒီနည်းကို အရင်နှစ်သုံးထောင် လောက်ကပဲ သိမယ်လို့ မှန်းဆရပါတယ်။ လယ်ကိုပြုပြင်ရာမှာ အစက ရှူးထိုး၊ နောက်ထွန်ပြီးမှ ထယ်ပေါ်မယ်ပေါ့။ အစိုစိုက်ရောက်တဲ့အခါ ထယ်ရှေ့ရှိပြီလို့ ယူဆလိုပါတယ်။ ဘူး၊ ဖရုံ၊ သခွားကလည်း ဒီလိုပဲ စောစောစီးစီး လူနဲ့ ဆုံစည်းခဲ့တဲ့ စားပင်တွေပါပဲ။ ဘူးရဲ့ထူးခြားချက်ကတော့ ဒီဘက်က ကမ္ဘာဟောင်း ဆိုတဲ့ ဥရောပ၊ အာဖရိက၊ အာရှက ဒီအပင်ရဲ့မျိုးစေ့ဟာ ရှေးရှေးကပဲ အမေရိကဘက်ကို ရောက်နေတဲ့ အပင်ဖြစ်တယ်[၂] လို့ သိရပါတယ်။ အခုအခါ ငတ်တယ်ဆိုရင် နံ့စားပြောင်း၊ ပိန်းဥ၊ မြောက်ဥကို စားကြရတယ်။

---

၁ Solheim II. : "New Light," p-339.

၂ Hawkes : Prehistory, p-376.



စားစရာ လုံးဝပြတ်တယ်လို့မရှိဘူး။ ရှေးကလည်း စပါးမပေါ်ခင်ကပဲ အခုပြောတဲ့ ပြောင်းပင်တွေ စိုက်တတ်ပြီလို့ ဆိုချင်ပါတယ်။ မြန်မာအလယ်ပိုင်းမှာ သစ်သားကျောက်ဟာ ထန်းမျိုးထဲကပဲဖြစ်မယ်၊ ထန်းဟာ လူမရှိခင်ကဘဲ ရှိနေမှာမို့ ထန်းရဲ့အမျိုးမျိုးအသုံးကျပုံကိုလည်း ကျောက်သစ်ကာလလောက်မကဘဲ ကျောက်ခေတ်အဆက်ဆက်ကပဲ သိခဲ့ပြီလို့ ဆိုရပါတယ်။ သဘာဝကပေးတဲ့ ထန်းရည်ကို သောက်တတ်လာတာ ကြာပြီ။ ကျောက်သစ်ရောက်တော့ ကောက်ပင်ပေါ်တာနဲ့ အတူ စိမ်ရည်လည်း ပေါ်မှာပါပဲ။ အသားအများကြီးစားပြီး သေရည်လို့ခေါ်တဲ့ စိမ်ရည်ကို ပုဂံခေတ်လွန်အထိ ဒီဒေသမှာ သိပ်ကြိုက်ကြတာကိုလည်း အများသိပြီးပဲဖြစ်ပါတယ်။ အဝတ်ဝတ်ဖို့ ဝါစိုက်မလား၊ လဲပင်စိုက်မလား၊ လျှော်ပင်စိုက်မလားလို့ စဉ်းစားတဲ့အခါ ဝါမရှိနိုင်ဘူး၊ လဲနဲ့လျှော်တော့ ရှိမယ်လို့ မှန်းဆပါတယ်။ ရက်ကန်းပညာဟာလည်း ကျောက်သစ်ကာလနဲ့ ဆိုင်ပါတယ်[၁]။ ဒါပေမဲ့ မြန်မာမြေမှာတော့ သိုးမွေးထည်လည်းမရှိနိုင်ဘူး၊ ပိုးထည်၊ ဝါနဲ့လုပ်တဲ့ ချည်ထည်လည်းမရှိနိုင်ဘူး။ လျှော်နဲ့လဲကို ချည်ငင်ပြီး ရက်တဲ့အထည်ပဲ ဖြစ်စရာအကြောင်းရှိတယ်။ ရက်ကန်းစင်ရယ်လို့လည်း ကြီးကြီးကျယ်ကျယ်ရှိမှာမဟုတ်ပါဘူး။ အခုချင်းစောင်ပုံမျိုးပဲ ဖြစ်မယ်ထင်ပါတယ်။ ဒီဒေသက ပူအိုက်တော့ အဝတ်စဟာစ်ထွာဟာစ်မိုက်ရရင် ပြီးပါတယ်။ ဆောင်းအခါမှာပဲ ချင်းစောင်လို စောင်တစ်ထည်ခြုံလိုက်မယ်ထင်ပါတယ်။ ဒါပေမဲ့ ဘယ်လိုအဆင်အကွက်ရှိမလဲဆိုတာ နမူနာ အရှေ့တောင်အာရှတစ်ခုလုံးမှာ ဘယ်မှာမှ မရသေးပါဘူး[၂]။ မှန်းချင်ရင်တော့ ရက်ပုံရော အဆင်အသွေးပါ ချင်းစောင်နဲ့နီးစပ်မယ်လို့ယူရင် ရမယ်ထင်ပါတယ်။

စိုက်ပျိုးရေးနဲ့တွဲပြီး သိုလှောင်ဖို့ ထည့်စရာ ဝတ္ထုပစ္စည်းကိုပါ ထည့်ပြီး စဉ်းစားရမယ်၊ ကောက်ပဲကို ရိတ်သိမ်းပြီး ထည့်စရာတောင်း၊ ရိုင်၊ ပုတ်တွေရှိရမယ်။ အဲဒါလည်း ကျောက်သစ်ခေတ်မှာလည်း ပေါ်ရမှာပါပဲ။ အိုးလည်းရှိရမယ်။ စဉ့်အိုးကိုတော့ ဘယ်တုန်းက စမယ်မမှန်းတတ်ပါ။ ဘယ်နေရာမှာပဲဖြစ်ဖြစ် စပေါ်တဲ့အိုးဟာ ဖင်လုံးဖြစ်တယ်။ ဒီမှာ ခုထိ အိုးဟာ ကရွတ်ခံမှ

---

၁ Hawkes : Prehistory, p-415.

၂ Dani : Prehistory, p-105.

တည်လို့ရတာပဲမဟုတ်လား။ ခေတ်အဆက်ဆက်တိုးတက်ပေမဲ့ မြန်မာနိုင်ငံမှာ အခုထိ လက်မလွှတ်နိုင်သေးတဲ့ ကျောက်သစ်ခေတ်ပစ္စည်းတွေကတော့ သနပ်ခါးသွေးတဲ့ ကျောက်ပြင်နဲ့ ကျောက်ငရုတ်ဆုံဖြစ်ပါတယ်။ ဒီလိုပဲ ထန်းလက်မိုးပြီး၊ ဝါးခင်းဝါးကာတဲ့ သုံးပင်နှစ်ခန်းနဲ့ ကဲလားတံခါးဟာလည်း ကျောက်ခေတ်သစ်က ဒီဇိုင်းပဲလို့ပြောရင် တယ်မှားမယ်မထင်ပါဘူး။

မွေးမြူရေးကိုတော့ ခွေးကစပြီးပြောရပါမယ်။ အခုလမ်းတကာမှာတွေ့တဲ့ ခွေးဝဲစားဟာ လူနဲ့လာနေတာ အရင်အနှစ်တစ်သောင်းကျော်ကပဲ ဖြစ်ပါတယ်။ တကယ်ကတော့ လူက ခွေးကို မွေးတာမဟုတ်ဘူး။ သူက ဇွတ်လာနေတာပါပဲ။ အခု လမ်းပေါ်က ခွေးအတိုင်းပါပဲ။ အခု မြန်မာနိုင်ငံမှာ လမ်းပေါ်က ပိုင်ရှင်မရှိတဲ့ခွေးဟာ ဟိုကျောက်ဟောင်းကုန်ခါနီးက တွေ့ခဲ့ရတဲ့ပုံစံအတိုင်းပါပဲ။ အခြားတိရစ္ဆာန်တွေကို အမျိုးမျိုးစမ်းပြီးမှ အုပ်လိုက်သင်းလိုက် မွေးရမယ့်အကောင်ကိုသာ မွေးတာဖြစ်ပါတယ်။ လူစိုက်တဲ့ကောက်ပဲမျိုးကို ဝင်စားတတ်တဲ့အကောင်မျိုးကို လူကအလွယ်နဲ့ ဖမ်းမွေးမှာပါပဲ။ ဒီကောင်မျိုးကို ဘာကျွေးရမယ်လို့ သိတာလည်းတစ်ကြောင်း၊ ကြမ်းကြုတ်တဲ့သဘောလည်း နည်းမယ်ပေါ့။ စဉ်းစားပြီးပြောရရင်တော့လည်း ပထမအညစ်အကြေးသိမ်းတဲ့ခွေး၊ ဒုတိယ ရေကြည်ရာမြက်နုရာ ပုည့်နေတာတဲ့သိုးဆိတ်၊ တတိယ ရွာတည်ပြီးနေတဲ့အခါ မရှိမဖြစ်တဲ့ ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ နောက်ဆုံးကျမှစီးဖို့၊ ဝန်ဆွဲဖို့ မြင်းနဲ့ မြည်းကို မွေးကြပါတယ်[၁]။

အရင်နှစ် ၈၀၀၀ က စောစော သိုးဆိတ်၊ နောက်ကျကျ ကျွဲ၊ နွား၊ ဝက်ကို မွေးတယ်လို့ မှန်းဆကြပါတယ်။ တိရစ္ဆာန်မွေးတဲ့အခါလုပ်ပုံ က ကောက်ပဲရဲ့ ပြောင်းပြန်ဖြစ်ပါတယ်။ ကောက်ပဲက လူစိုက်ရင် ထွားဖို့ လိုလာတယ်။ တိရစ္ဆာန်ကိုတော့ ဗလနည်းသွားဖို့လိုတယ်၊ စိတ်မဆတ်ဘဲ နုံဖျင်းပြီး ညံ့သွားဖို့လိုတယ်။ ဒါပေမဲ့ ဝက်ကျတော့ ကိုယ်လုံးကြီးကြီးလာဖို့ လိုပါတယ်။

လူမျိုးနဲ့ လူ့ဓလေ့အကြောင်းကို နောက်ဆုံးတင်ပြဆွေးနွေးချင်ပါတယ်။ ကျောက်ဟောင်းတုန်းက ပိသေကန်သရိုပတ်ဖြစ်လေမလားလို့ တွေးခဲ့တယ်။

၁ Hawkes: Prehistory, p-377.



အခု ကျောက်သစ်မှာတော့ စိနန်သရိုပတ် (Sinanthropus) က တိုက်ရိုက်ဆင်းသက်တဲ့ မွန်ဂိုလွိုက် (Mongoloids) ထဲကပဲဖြစ်မယ်လို့ ယူဆကြပါတယ်[၁]။ မွန်ဂိုလွိုက်ကလည်း တောင်ဘက်ကျတော့ ဩစတြလွိုက် (Australoids) တွေပဲပေါ့။ ဒီလူတွေဟာ မြောက်ဘက်မှာ ဘောင်းဘီတို့၊ အင်္ကျီတို့ ဝတ်မယ်လို့ ဆိုပေမဲ့ မြန်မာမြေပြင်အတွက်တော့ ခါးဝတ်နဲ့ စောင်ပဲဖြစ်မယ်ထင်တယ်။ အစားအစာမှာတော့ အသားနဲ့ အသီးအရွက်အနှံတွေပါပဲ။ ကျောက်သစ်ကာလကျတော့ ကောက်ပဲစားမယ်။ အချက်အပြုတ် အကြော်အလှော်ဟာ အိုးကင်းပေါ်တဲ့အခါမှာမှ စားကြရမယ်ဆိုပါတော့။ ဒါပေမဲ့ အရှေ့တောင်အာရှမှာ ဝါးဆစ်ကျည်တောက်နဲ့ ရေသယ်မယ်၊ ထမင်းချက်မယ်။ ဒါကြောင့် အိုးမပေါ်ခင်ကဘဲ ထမင်းချက်စားနေကြပြီလို့ စဉ်းစားရင်လည်း ဖြစ်ပါတယ်။

ယုံကြည်မှုကတော့ နတ်ကိုးမယ်။ အတိုးအပွားကို လိုလို့ပဲဖြစ်ဖြစ်၊ ရောဂါအန္တရာယ်ကို ကုစားလိုလို့ပဲဖြစ်ဖြစ်၊ ရန်ကျရောက်မှာကို ကာကွယ်လိုလို့ပဲဖြစ်ဖြစ်၊ ရန်သူကို နှိမ်နင်းလိုလို့ပဲဖြစ်ဖြစ်၊ ကျရောက်နေတဲ့ သဘာဝအန္တရာယ် မိုးခေါင်ရေကြီးကိုပဲ ပပျောက်အောင်ဖြစ်ဖြစ် နတ်ကိုးတာပါပဲ။ ဒီအထဲမှာ အမဲလိုက်တဲ့အခါ သားကောင်များများရလို့ ဂူနံရံမှာ သားကောင်ရုပ်ရေးပြီး အဲဒီရှေ့မှာ နတ်ဆရာနဲ့အတူ ပူဇော်ပသပွဲလုပ်မယ်လို့လည်း ထင်ပါတယ်။ ကျောက်သစ်ကာလရောက်ရင် ဘဝတစ်ဖန်ရှိသေးတယ်ဆိုတဲ့အတွေး ရှိလာပြီလို့လည်း ထင်ကြပါတယ်။ အိမ်ထောင်ဆိုတာက ပုဂ္ဂလိကပိုင်ဆိုင်မှုဖြစ်လို့ ကျောက်သစ်ကာလဆိုရင် ရှိလာပြီထင်တယ်။ မြန်မာတွေပြောနေတဲ့ စကားလုံးတွေထဲမှာ "မိသားစု၊ မိဘ" ဆိုတဲ့ အမိကို ထိပ်ထားပြီး ပြောဆိုကြလို့ တချို့အစုတွေမှာ မိခင်ဆက်အမျိုး (Matrilineal descent) တွက်မယ်။ မယားအိမ်ကို လင်က လိုက် (Matrilocal marriage) ရမယ်။ မျိုးတွင်းအိမ်ထောင်မပြု (Endogamy) ဘဲ မျိုးပအိမ်ထောင်ပြု (Exogamy) တာသာ ခွင့်ပြုမယ် လို့ မှန်းရင်လည်း တယ်မှားမယ်မထင်ပါဘူး။ ဂူသင်္ချိုင်းက မိန်းမခေါင်းဆောင်ဟုတ် မဟုတ် သက်သေခံစရာရှိပါတယ်။ သင်္ချိုင်းများများတွေ့ရရင် ဒီပြဿနာ ပြေသလောက် ပြေမယ်ထင်ပါတယ်။

၁ Coon: Man, p-217

ကျောက်သစ်အနုပညာကို ဘာမှမပြောတတ်ပါဘူး။ ပန်းချီလည်းမတွေ့ဘူး။ ပန်းပုလည်းမရဘူး။ ဒါပေမဲ့ စောစောကပြောခဲ့တဲ့ အိမ်ဒီဇိုင်းဟာလည်း ကျောက်သစ်အနုပညာလက်ရာဖြစ်မယ်။ တစ်ပင်တိုင် နတ်ကွန်းဆောက်ပုံဟာလည်း ကျောက်သစ်အနုပညာဖြစ်မယ်။ တောင်း၊ ပလုံး၊ အိုးနဲ့ ခြင်းတောင်း၊ လွယ်အိတ်ဆိုတာတွေက အပြောက်အကွက်တွေဟာလည်း ကျောက်သစ်ဒီဇိုင်းတွေပဲလို့ပြောရင် ရကောင်းပါတယ်။ ထိုးကွင်းအရုပ်တွေဟာလည်း ကျောက်သစ်အနုပညာဖြစ်မယ်လို့ မှန်းဆပါတယ်။

ပြောပြီးသားတွေ ပေါင်းပြီး ပုံကြမ်းကလေးပေါ်အောင် ပြောပါရစေ။ ဒီမြန်မာမြေပြင်ပေါ်မှာ အရင် နှစ်လေးသိန်းကပဲ နေတဲ့လူတစ်မျိုးရှိမယ်။ အရင်နှစ် နှစ်သောင်းပိုင်းကလူတို့က ဂူနံရံမှာ အရုပ်တွေရေးခဲ့တယ်။ အနှစ်တစ်သောင်းပိုင်းမှာ ကျောက်သစ်လူ ဩစတြလွိုက်တွေရှိမယ်။ အနှစ်ခြောက်ထောင်ကျော်လောက်က စပါးစိုက်မယ်၊ အနှစ်သုံးထောင့်ငါးရာလောက်မှာ ကြက်မွေးမယ်။ အနှစ်သုံးထောင်ပိုင်းရောက်တော့ ကန်သင်းနဲ့ လယ်စိုက်တတ်ပြီ။ သူတို့နေတော့ သုံးပင်နှစ်ခန်းရှိတဲ့ ထန်းလက်တဲမှာ အောက်က ဝါးကြမ်းအဆင့်ပါမယ်၊ ကဲလားတံခါးတပ်မယ်၊ အိမ်ရှေ့ဘက်က ကပြင်လည်းထုတ်ထားမယ်။ ဝတ်တဲ့အဝတ်ကသိပ်မကြီးဘူး၊ ခါးလုံရုံ ခါးစည်းပဲရှိမယ်။ ဒီတော့ ထိုးကွင်းနဲ့လှတာပေါ့။ ချမ်းတဲ့အခါမှာ စောင်ခြုံမယ်။ နတ်ကိုးတယ်။ အဲဒါ ကျွန်တော်ပြောတတ်သလောက် မြန်မာအကြိုသမိုင်းပါပဲ။

# မြန်မာအကြိုသမိုင်း

## ဘူမိဗေဒအခြေခံ

ကနေ့ မြန်မာနိုင်ငံလို့ခေါ်နေတဲ့ မြေနေရာဟာ ဘယ်တုန်းက စပေါ်သလဲ၊ လူတွေ ဘယ်တော့လောက်က စလာနေသလဲ။ အခု ရာသီဥတုအခြေအနေနဲ့ အခုအကောင်၊ အခုအပင်တွေ ဘယ်တုန်းကစပြီး ဖြစ်ပေါ်ရောက်ရှိ ပေါက်ဖွားနေသလဲလို့ သိချင်ကြမယ်။ ဘူမိဗေဒနဲ့ ရှေးဟောင်းသုတေသန တူးဖော်ရေးတွေက ဒီမေးခွန်းတချို့ကို ဖြေနိုင်ပါတယ်။

(အရင် အနှစ် သန်း ၆၀၀ က၊ သန်း ၅၀၀ အတွင်း) ကမ်ဗရိယကာလမှာ၊ ကနေ့မြန်မာနိုင်ငံနေရာဟာ ပင်လယ်ပြင်ကြီးပဲရှိသေးတယ်။ (အရင် အနှစ်သန်း ၃၅၀ က ၃၀၅ သန်းအတွင်း) အောက်ကာဗွန်နီဖာရာကာလမှာတော့ စောစောက အဖြစ်နဲ့ပြောင်းပြန်၊ အခု သံလွင်မြစ်နေရာအထိ မြန်မာမြေဟာ အင်မတန်ကြီးမားတဲ့ တိုက်ကြီးတစ်ခုရဲ့အရှေ့ဘက်ကမ်းခြေ ဖြစ်ခဲ့ရပြန်တယ်။ ဒီလိုပြောင်းလဲတာတွေဟာ၊ ကမ္ဘာမြေတွေ မောက်လာအောင် ချိုင့်ကျသွားအောင် ပြင်းထန်တဲ့ လှုပ်ရှားမှုတွေကြောင့် ဖြစ်တာပါပဲ။ (အရင် သန်း ၁၈၀ က ၁၃၅ သန်းအတွင်း) ဂျူရစစ်ကာလမှာ မြန်မာရဲ့ အရှေ့ဘက်ကမ်းရိုးဟာ အရှေ့ဘက်ကိုချဲ့ထွင် တိုးထွက်သွားတဲ့အတွက် အခု လောနိုင်ငံ၊ ကမ္ဘောဒီယနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတွေအထိ ပြန့်ထွက်သွားတယ်။ နောက်တစ်ခါ (အရင်အနှစ်သန်း ၇၀ က သန်း ၄၀ အတွင်း) ဧဩဆင်းကာလမှာ အခု မြန်မာနိုင်ငံမြေဟာ တိုက်ကြီးတစ်ခုရဲ့ အနောက်ဘက်ကမ်းခြေဒေသဖြစ်လာပြန်တယ်။ အဲဒီအခါက မြန်မာနိုင်ငံမြေအနေအထားဟာ အခုအခါနဲ့ တူညီဖို့ ဧရာဝတီမြစ်ဝတစ်ခုပဲ

လိုတော့တယ်လို့ ဆိုရမယ်။

### ရာသီဥတု

အရင် နှစ်ပေါင်း ၈၀၀၀၀ က ၁၀၀၀၀ အတွင်းကာလကို စတုတ္ထရေခဲခေတ်လို့ ခေါ်တယ်။ မြောက်ယဉ်စွန်းတန်းရဲ့ မြောက်ဘက်ကျတဲ့ဒေသတွေမှာ ရေခဲဖုံးနေတယ်။ တောင်ဘက်ဖြစ်တဲ့ မြန်မာမြေနေရာမျိုးမှာတော့ မိုးအလွန်များလို့ မိုးစွေကာလကြုံရပြန်တယ်။ အခု မြန်မာနိုင်ငံမှာရတဲ့ တစ်နှစ်မိုးရေချိန် လက်မထက် ၃ ဆလောက်ပိုရွာမယ်။ သဘောကတော့ ဗမာမြေဒေသမှာလည်း အနောက်ရိုးမ တောင်တန်းကြီးကွယ်နေလို့ မိုးရိပ်ပင်လယ်ကမ်းခြေဒေသတွေမှာပါ မိုးအင်မတန်များလို့ ချောင်းတွေ ပိုကျယ်မယ်။ အဲဒီလိုအခါမျိုးမှာ မတူတဲ့အကောင်တွေ၊ အပင်တွေ ရှိဦးမယ်။ ဒီလို မိုးများတဲ့အချိန်ကနေပြီး အရင် နှစ်ပေါင်း ၁၅၀၀၀ ကစပြီး မိုးပါးလာလိုက်တာ အရင်နှစ်ပေါင်း ၁၀၀၀၀ လောက်ရောက်တဲ့အခါ ကနေ့မြန်မာနိုင်ငံမှာ ကြုံတွေ့နေရတဲ့ ရာသီဥတုမျိုး ဖြစ်လာပါတယ်။

### ရှေးလူ

ပိသေကန်သရိုပတ်ခေါ် လူစစ်စစ်မဟုတ်သေးတဲ့ ရှေးလူတစ်မျိုးကို ပီကင်းနဲ့ ဂျာဗားမှာ အရင်နှစ်ပေါင်း ၄၄၀၀၀၀ ကစပြီး နေထိုင်ခဲ့ကြောင်း သိရတယ်။ အလားတူ ရှေးလူတစ်မျိုးဟာ မြန်မာနိုင်ငံရဲ့အလယ်ပိုင်းမှာ နေသွားကြတဲ့ အထောက်အထားရှိပါတယ်။ ဒီရှေးလူတွေကို အကြိုသမိုင်းလေ့လာတဲ့ အနောက်နိုင်ငံပညာရှင်များက အညာသားလို့ နာမည်ပေးထားတယ်။ သူတို့ စားသောက်နေထိုင်ပုံကိုတော့ အညာသိယမလေ့လို့ ခေါ်ပါတယ်။ သူတို့ကနေပြီး ဆင့်ကဲဖြစ်စဉ်အရ ခေတ်လူဖြစ်လာမယ်လို့ ထင်ရပါတယ်။ အဲဒီလူတွေဟာ ကျွမ်းကျင်တဲ့မုဆိုးကောင်းတွေဖြစ်ပြီး မီးကိုနိုင်နင်းစွာ အသုံးချတတ်တဲ့သူတွေဖြစ်ပါတယ်။

### လက်နက်ကိရိယာ

ရှေးလူတွေသုံးစွဲတဲ့ လက်နက်ကိရိယာဟာ အကုန်လုံး ကျောက်နဲ့ လုပ်တာတွေမဟုတ်ပါဘူး။ ဝါးချွန်နဲ့ သစ်သားတင်းပုတ်ကိုတော့ သားကောင်ရဲ့ဦးချိုနဲ့



အရိုးကိုလည်း တင်းပုတ်လုပ်မယ်။ အသုံးများမယ်လို့ မှန်းယူဆနိုင်ပါတယ်။ ကျောက်နဲ့လုပ်ထားတဲ့ အသွားကိုလည်း သစ်သားလက်ကိုင်တပ်ထားမှ အသုံးချနိုင်တဲ့ကိရိယာဖြစ်လာတယ်။ မီးတုတ်ဟာလည်း အားကိုးရတဲ့လက်နက် တစ်မျိုးဖြစ်တယ်။ ဒါပေမဲ့ ကျောက်သွား ကျောက်လက်နက်သာ မပျက်မစီးကျန်ရစ်ခဲ့လို့ ဒီလူတွေကို ကျောက်ခေတ်ဟောင်းလူတွေလို့ ခေါ်လေ့ ခေါ်ထရှိနေပါတယ်။ သူတို့ထားရစ်ခဲ့တဲ့ ကျောက်လက်နက်တွေကို စစ်ဆေးကြည့်တဲ့အခါ သုံးမျိုးသုံးစားတွေ့ပါတယ်။ ပထမတစ်မျိုးကို စဉ်းစားလို့ခေါ်တယ်။ ရိုက်ဖွဲ့ဖို့လွယ်မယ့် ကျောက်ပြားတစ်တုံးကို မျက်နှာတစ်ဖက်က အသွားပေါ်အောင် ဖွဲ့ယူတဲ့ လက်နက်မျိုးဖြစ်တယ်။ ဒုတိယလက်နက်ကတော့ ခုတ်ဓားဖြစ်ပါတယ်။ ကျောက်ပြားကို အသွားပေါ်အောင် နှစ်ဖက်စလုံးက ဖွဲ့တဲ့အသွားမျိုးဖြစ်တယ်။ တတိယမျိုးကတော့ ကျောက်တစ်ဖက်ပြား၊ တစ်ဖက်ခုံးမှာ အသွားဖော်ယူတဲ့၊ တံစဉ်း (ပဲခွပ်) မျိုးဖြစ်တယ်။ မြန်မာမြေပြင်မှာ လက်နက်လုပ်စရာ ကျောက်ဆိုရင် မီးသင့်ကျောက်နဲ့ သစ်သားကျောက်ပဲရှိတယ်။ သစ်သားကျောက်နဲ့လုပ်ရင် လက်နက်ဟာ ညံ့ပေမဲ့ သစ်သားကျောက်ပဲ လွယ်လွယ်ရလို့ တွေ့သမျှ လက်နက်အားလုံးလိုလိုဟာ သစ်သားကျောက်နဲ့ပဲ လုပ်တယ်။ ဒီလက်နက်အားလုံးရဲ့ ရှစ်ဆယ်ရာခိုင်နှုန်းဟာ ပဲခွပ်တွေပဲဖြစ်တယ်။ ဒါကြောင့် တစ်ခါတလေ အညာသိယမလေ့ကို ပဲခွပ်ဓလေ့လို့လည်း ခေါ်တတ်တယ်။

### ခေတ်လူ

ဟောမောဆပိယန့်လို့ခေါ်တဲ့ အခုခေတ်လူဟာ စောစောကပြောတဲ့ ရှေးလူကပဲ ဆင်းသက်တာဖြစ်မယ်။ အရင် အနှစ် ၄၀၀၀၀ က ၃၀၀၀၀ အတွင်း ပေါ်ပေါက်ခဲ့တယ်။ ကမ္ဘာ့လူမျိုးကြီး သုံးမျိုးအနက် မွန်ဂိုလွိုက်အမျိုးဟာ အဲဒီအခါကပဲစပြီး မြန်မာမြေပေါ်မှာနေခဲ့တယ်လို့ ဆိုနိုင်တယ်။ မွန်ဂိုလွိုက်မှာ မြောက်ဘက်အမျိုး၊ တောင်ဘက်အမျိုး၊ သမုဒ္ဒရာထဲက ကျွန်းတွေအမျိုး၊ အမေရိကဘက်ကိုရောက်သွားတဲ့ အမျိုးရယ်လို့ ခွဲခြားရာမှာ မြန်မာမြေပေါ်က အမျိုးဟာ တောင်ဘက်နေအမျိုးဖြစ်တယ်။ ဆိုလိုတာကတော့ မြန်မာမြေပေါ်က မွန်ဂိုလွိုက်ဟာ ကိုယ်လုံးသေးတယ်၊ ဦးခေါင်းလုံးလည်း အလယ်အလတ်လောက်ပဲရှိတယ်။ မြောက်ပိုင်းအမျိုးလောက်လည်း မျက်ပေါက်မကျဉ်းဘူး၊ ကျွန်းပေါ် အမျိုးလောက်

လည်း မျက်ရစ်တွေ မများဘူး။

## နာမည်သစ်

အရင် အနှစ် ၆၀၀၀၀၀ က ၁၂၀၀၀ အထိကို **ကျောက်ဟောင်း**၊ အရင်အနှစ် ၁၂၀၀၀ က ၉၀၀၀ အထိကို **ကျောက်လယ်**၊ အရင်အနှစ် ၉၀၀၀ က ၅၀၀၀ အထိကို **ကျောက်သစ်**လို့ အခေါ်တွင်နေပါပြီ။ ဒါပေမဲ့ ဒီနာမည်တွေရော သတ်မှတ်တဲ့နှစ်အပိုင်းအခြားတွေပါ အနောက်အာရှနဲ့သာဆိုင်တယ်။ တခြားနေရာတွေမှာ ဒီရက်စွဲတွေအတိုင်း ပိုင်းလို့လည်းမမှန်ဘူး။ ဒီနာမည်တွေအတိုင်းခေါ်လို့လည်း သိပ်မဆီလျော်ဘူးလို့ ယူဆတဲ့လူရှိပါတယ်။ အရှေ့တောင်အာရှအတွက်ဆိုရင် လက်နက်စသုံးစွဲတတ်တဲ့ အရင် အနှစ် ၆၀၀၀၀၀ က အရင် အနှစ် ၄၂၀၀၀ အထိကို ကျောက်ကာလလို့ တစ်မျိုးတည်းခေါ်သင့်တယ်။ ခေတ်လူစပေါ်တဲ့အချိန်လောက် (၄၂၀၀၀) ကစပြီး အရင်အနှစ် ၂၂၀၀၀ အထိကို သစ်သားကာလလို့ ခေါ်သင့်တယ်။ အရှေ့တောင်အာရှကလူတွေဟာ အဲဒီကာလအတွင်းမှာ သစ်ဝါးနဲ့လုပ်တဲ့ ပစ္စည်းကိရိယာတွေကို ပိုသုံးလာတယ်။ ဒီနောက် အရင် အနှစ် ၂၂၀၀၀ က ၁၀၀၀၀ အထိကို ဒေသစွဲကာလလို့ခေါ်သင့်တယ်။ လူတွေဟာ ကိုယ့်ဒေသကလေးမှာသာ ကိုယ်နေပြီး တခြားအုပ်စုတွေနဲ့ အဆက်ဖြတ်နေတတ်လို့ပါပဲ။ ဒါပေမဲ့ အဲဒီကာလအတွင်းမှာ စိုက်ခင်းပျိုးခင်းလေးလည်း နည်းနည်းစစိုက်တယ်။ ကျောက်လက်နက်ကိုလည်း တစ်စိတ်တစ်ပိုင်းချောအောင်သွေးတယ်။ အိုးကိုလည်း စပြီးလုပ်ကြည့်တယ်။ ဒါပေမဲ့ ဂူမှာပဲ ဆက်နေသေးတယ်။ မုဆိုးတံငါအဖြစ်နဲ့ပဲ အသက်မွေးရသေးတယ်။ အရင် အနှစ် ၁၀၀၀၀ ကစပြီးတော့ တောင်ပေါ်ကဂူကို စွန့်ခဲ့ပြီး မြေဩဇာကောင်းတဲ့ လွင်ပြင်ကို ဆင်းလာခဲ့တယ်။ စိုက်ပျိုးမွေးမြူရေးကိုလုပ်တယ်။ ဒါကြောင့် အရင်အနှစ် ၁၀၀၀၀ က ၂၀၀၀ အထိကို ချဲ့ထွင်ရေးကာလလို့ ခေါ်သင့်တယ်။ ဒီကာလ အတွင်းမှာ အရင်အနှစ် ၈၀၀၀ လောက်ကစပြီး စပါးစိုက်ပျိုးရေးစတယ်လို့ ဆိုနိုင်ပါတယ်။ ခရစ်နှစ်စတဲ့ အရင်အနှစ် ၂၀၀၀ ရဲ့ ဒီဘက်ပိုင်းကိုတော့ အားပြိုင်ကာလလို့ ခေါ်ရမယ်။ အရှေ့တောင်အာရှမှာ တရုတ်ယဉ်ကျေးမှုတွေ၊ ကုလားယဉ်ကျေးမှုတွေ၊ ဥရောပယဉ်ကျေးမှုတွေ ဖောက်ထွင်းဝင်ရောက်လာပြီး အားပြိုင်ကြလို့ပါပဲ။ ဒီလိုနာမည်အသစ်ပေးပုံနဲ့ နှစ်အပိုင်းအခြား အသစ်လုပ်ထားပုံ



ဟာ မြန်မာနိုင်ငံရဲ့ အဖြစ်အပျက်တွေနဲ့လည်း ဆီလျော်ပါတယ်။


## ဗဒတ်လိုဏ်ဗဒလင်းဂူ

(တောင်ကြီးခရိုင် ရွာငံမြို့နယ်ထဲမှာရှိတယ်။ အနီးဆုံးရွာဖြစ်တဲ့ ညောင်ချပ်နဲ့ ၄ မိုင်ဝေးတယ်။ ညောင်ချပ်က မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၆ မိနစ်နဲ့၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၈ မိနစ်မှာရှိတယ်။ ဗဒလင်းဂူတွေဟာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၀၀၀ မြင့်တယ်)

ဂူတွေမှာ လူနေခဲ့စဉ်အခါတုန်းက အခုလို ရေပါးရှားမယ်မဟုတ်ပါဘူး။ ရှေးအခါက ဂူမှာနေတဲ့လူတွေဟာ ရန်သူကြောက်လို့ ရေထွက်စခန်းမှာလည်း ကပ်မနေဘူး။ ရေထွက်စခန်းနဲ့ သိပ်ဝေးတဲ့နေရာမှာလည်း မနေဘူး။ ရန်သူချဉ်းကပ်လာရင်လည်း လွယ်လွယ်မြင်ရမယ်၊ မခုခံသင့်ဘူး ပြေးရမယ်ဆိုရင်လည်း မလွယ်ပေါက်ရှိရမယ်။ မြောက်ဘက်ကတိုက်တဲ့လေအေးကို ကြောက်လို့ ဂူပေါက်ကလည်း တောင်ဘက်ကို လှည့်နေရမယ်။ အဲဒီလို အရည်အချင်းတွေ အားလုံးကိုကြည့်ပြီးတော့မှ ဒီဂူတွေမှာ ရွေးနေသွားတာဖြစ်တယ်။ ရှေးဟောင်းသုတေသနကတူးလို့ ဂူတွင်းကရတဲ့ အရိုးကို ကာဗွန်စစ်ဆေးနည်းနဲ့ စမ်းသပ်ပဲ့အခါ အရင်နှစ်ပေါင်း ၁၁၀၀၀ က သတ်ဖြတ်စားသောက်ပြီး ပစ်သွားတဲ့ အရိုးတွေလို့ သိရတယ်။ နှစ်ပေါင်းအရာအထောင်နေပြီး လူတွေ မီးဖိုအဖြစ်နဲ့ သုံးသွားတဲ့နေရာမှာလည်း ပြာထုဟာ ၃၊ ၄ ပေရှိ ကျန်ရစ်တယ်။ စားကြွင်းသောက်ကြွင်းကို စွန့်ပစ်တဲ့အမှိုက်ပုံကတွေ့ရတဲ့ သားကောင်ရဲ့အရိုး၊ သားကောင်ရဲ့ ဦးချိုတွေဟာ အရိုင်းမျိုးတွေရဲ့ အရိုးနဲ့ဦးချိုတွေ ဖြစ်တယ်ဆိုတာ သိရပါတယ်။ နံရံမှာ ရေးဆွဲခဲ့တဲ့ အရုပ်တွေဟာလည်း အမဲလိုက်တဲ့အခါ သားကောင်များများရဖို့ နတ်ကိုးတဲ့အရုပ်တွေလို့ထင်တယ်။ အခုပြောခဲ့တဲ့အချက်တွေအားလုံး ပေါင်းလိုက်ရင် တောင်သူမဟုတ် မုဆိုးပဲဖြစ်ရမယ်။ ရှေးအခေါ်အတိုင်းဆိုရင် ကျောက်ခေတ်ဟောင်းကုန်ခါနီးကာလကလူတွေဖြစ်ပါတယ်။ ဝေါဟာရအသစ်အတိုင်း ပြောရရင်တော့ အရင် အနှစ် ၂၂၀၀၀ က ၁၀၀၀၀ အတွင်း ဒေသစွဲကာလလူတွေ ဖြစ်တယ်။ ကျောက်လက်နက်ကို အသွားလောက် နည်းနည်းပေါက်အောင်သွေးပြီ၊ ဥယျာဉ်လည်း စမ်းစိုက်ကြည့်ပြီ၊ မြေအိုးလည်း ဖုတ်တတ်ပြီ။

**ဂူပန်းချီ**


ဗဒလိုဏ် (ဗဒလင်းဂူ–တစ်)လို့ နာမည်ပေးထားတဲ့ဂူထဲမှာ အနောက်တောင်က အရှေ့မြောက်တန်းနေတဲ့ နံရံတစ်ခုရှိတယ်။ ဒီနံရံပေါ်မှာ လူရဲ့ လက်ဝါးနှစ်ဖက်အရုပ်၊ အခြေလေးချောင်းသားကောင်တွေအရုပ်၊ ငါးလို့ထင်ရတဲ့ အကောင်တစ်ကောင်ရဲ့ အရုပ်၊ နေရုပ်တစ်ရုပ် ရေးထားခဲ့ပါတယ်။ မြေနီနဲ့ရေးတယ်။ အရုပ်ပေါ်အောင် ကောက်ကြောင်းယူပြီးတော့ ကောက်ကြောင်းအတွင်းမှာ ဆေးပိန်းသွင်းတဲ့နည်းနဲ့ ရေးခဲ့တယ်။ အကြိုသမိုင်းခေတ်ကလူတွေပဲ ရေးခဲ့တယ်လို့ ချက်ချင်းပြောနိုင်တာက ဂူကစိမ့်ထွက်တဲ့ ထုံးရေဟာ အရုပ်ပေါ်မှာ ကျပါများလို့ ထုံးကျောက် သားတစ်ထပ် ပါးပါးဖုံးနေတာကို တွေ့ရတာကြောင့်ပါပဲ။ ဒါကြောင့် နောက်ပိုင်း လူတွေ ဝင်ရေးတာမဟုတ်ဘူးလို့ ရဲရဲပြောရဲပါတယ်။ အဲဒါအပြင် အရုပ်ရေးဖို့ သွေးလက်စမြေနီခဲကို တူးဖော်တွေ့ရှိရလို့ ဖြစ်ပါတယ်။ ရေးခြယ်တဲ့ အရုပ်ဟာလည်း အကြိုသမိုင်းကာလက ဓလေ့တွေနဲ့ ကိုက်ညီနေပါတယ်။ အရင်အခေါ်အတိုင်း သတ်မှတ်ပြောရရင် ကျောက်ဟောင်းကုန်ခါနီးကာလ မှဆိုးတို့ရဲ့ ဓလေ့နဲ့ဆိုင်တဲ့ အရုပ်တွေပဲဖြစ်ပါတယ်။




ပထမဦးဆုံး လက်ဝါးနှစ်ဖက်ကို တွေ့ပါတယ်။ လက်ညှိုးတွေက အဆစ်အပိုင်းလေးတွေ ပြတ်နေတာကိုလည်း သတိထားမိတယ်။ ချစ်ခင်လေးစားသူသေရင် ကျန်ရစ်ခဲ့တဲ့လူက ဆုံးရှုံးတဲ့အထိမ်းအမှတ်အနေနဲ့ လက်ချောင်းကလေး




တွေကို ဖြတ်ပစ်တယ်။ ဖြတ်ပစ်တဲ့အခါ မှော်ဆရာနဲ့ဖြတ်မယ်။ ပြီးတော့မှ လက်ကို ဆေးလူးပြီး နံရံမှာ ရိုက်ပစ်ခဲ့မယ်ဆိုတဲ့သဘောမျိုး ဖြစ်မလားလို့ တွေးကြည့်မိပါတယ်။




နောက်တစ်ရုပ်က ငါးလိုအကောင်မျိုးပဲလို့ ထင်တယ်။ နှုတ်ကိုးပြီးတော့ စားသောက်ပုံကို ရည်ညွှန်းတာဖြစ်မယ်လို့ ထင်စရာအကြောင်းရှိပါတယ်။



နွားနဲ့တူတဲ့အကောင်မျိုးအရုပ်လည်း အနီရောင်နဲ့ခြယ်ထားတာရှိပါတယ်။ အသေးစိတ်သရုပ်ဖော်ထားတာ မဟုတ်တော့ နာမည်အတိအကျပေးလို့ မရပါဘူး။ ဒါ့အပြင် ဒီအရုပ်တွေ ရေးဆွဲတဲ့လူဟာ ပုံတူရေးခြယ်နည်းမျိုးရေးတာလည်း မဟုတ်ဘူး။ သူရည်မှန်းတဲ့အကောင်ကလည်း ယခုခေတ် ယဉ်ပါးအောင် မွေးထားတဲ့နွားမျိုးလည်း အတိအကျဟုတ်မယ်မထင်ဘူး။



နောက်တစ်ကွက်မှာတော့ ဆင်လိုအကောင်ကြီးတွေ တစ်ရုပ်ပေါ် တစ်ရုပ်ထပ်ပြီး အများကြီးရေးထားတဲ့ သဘောမျိုးမြင်ရတယ်။ ထုံးကျောက်ကလည်း တစ်စိတ်တစ်ပိုင်း ဖုံးထားလို့ တစ်ကောင်မှ ပီသအောင် မမြင်ရတော့ပါဘူး။




နောက်တစ်ရုပ်ဟာ ဝက်နဲ့တော်တော်လေးဆင်တယ်။ ဒီအရုပ်တွေဟာ သတင်းပို့တဲ့ အရုပ်တွေမဟုတ်ဘူး။ ဆိုလိုတာက မှတ်တမ်းအဖြစ်နဲ့ ရေးခဲ့တာလည်းမဟုတ်ဘူး။ နတ်ကို ပူဇော်ပသတာနဲ့ပဲ ဆိုင်မယ်လို့ ယူဆပါတယ်။


ကွေ့ကွေ့ကောက်ကောက် မျဉ်းနှစ်ကြောင်းကြားမှာ နေရုပ်ဆွဲထားတာ



ဟာလည်း တချို့ထင်သလို နေထွက်ရှုခင်းကားမဖြစ်နိုင်ဘူး။




စောစောက တင်ပြခဲ့တဲ့အတိုင်း အရင်အနှစ် ၁၅၀၀၀ က ၁၀၀၀၀ တွင်း တဖြည်းဖြည်း မိုးပါးလာတယ်။ အအေးဓာတ်လျော့လာတယ်။ တစ်ဖက်က နေကလည်း ပိုပူလာတယ်။ အပူ အအေး အားပြိုင်ရာမှာ အပူကနိုင်လာတာတွေ့လို့ နေကို ရှိခိုးပူဇော်တာလည်းဖြစ်နိုင်တယ်။



အခြေလေးချောင်း အကောင်ကြီးကြီး နောက်နားက အကောင်ငယ်ငယ် ရုပ်ကိုလည်းတွေ့ရတယ်။ တချို့က နွားမကြီးနောက်ကို သားငယ်လိုက်တဲ့ပုံ ဖြစ်မယ်လို့ ထင်ကြတယ်။ ကျွန်တော်တို့ကတော့ အဖြစ်အပျက်ကို မှတ်တမ်းတင်တဲ့ပုံဖြစ်မယ်မဟုတ်ဘူးလို့ ထင်တယ်။ တစ်ကောင်ကြီးကြီးနားမှာ တစ်ကောင် ငယ်ငယ်ရေးမိတာပဲဖြစ်မယ်။

ကျွန်တော်တို့က မှတ်တမ်းတင်ဖို့ ၁၉ ဧပြီ၊ ၁၉၇၃ မှာ ရောက်သွားပါတယ်။ အရင်အဖွဲ့တစ်ဖွဲ့က ၉ ဇန်နဝါရီ ၁၉၆၉ မှာ ရောက်တယ်။ သူတို့မှတ်တမ်းမှာမပါတဲ့ အရုပ်တစ်ရုပ်ကိုလည်း ကျွန်တော်တို့တွေ့ပါတယ်။ သမင်ရုပ်နဲ့တော့ တော်တော်တူတယ်။





စောစောက ဆင်တွေအများကြီးစုပြီး ရေးခဲ့တဲ့ အရုပ်နားမှာပဲ ဆွဲထားခဲ့ပါတယ်။

ဒီအရုပ်တွေအားလုံးကို ခေတ်ပြိုင်ဓလေ့ဆင်တဲ့ ပြင်သစ်တောင်ပိုင်း၊ ဖပိန်မြောက်ပိုင်းက ဂူနံရံအရုပ်တွေနဲ့ ယှဉ်ကြည့်မယ်ဆိုရင် ဒီက အများကြီးညံ့ပါတယ်။ ရေးဆွဲသွားတဲ့လူတွေက သဘာဝနဲ့ အနီးစပ်ဆုံးဖြစ်အောင် တုပြီး ရေးဆွဲတဲ့နည်းကိုလည်း မသုံးဘူး။ အလင်းအမှောင်၊ အရောင်နုရင့်ကစားပြီး ရေးနည်းကိုလည်းမသုံးဘူး။ ဒါကြောင့် လူတချို့ထင်သလို အရုပ်တွေဟာ ရှင်သန်လှုပ်ရှားနေတယ်ဆိုတာလည်း မဟုတ်ပါဘူး။ ဒီပုံအားလုံးဟာ အရင်အနှစ် ၁၅၀၀၀ က ၁၀၀၀ဝ အတွင်း နေသွားတဲ့မုဆိုးတွေရဲ့ နတ်ကိုးတဲ့ အရုပ်တွေပဲဖြစ်မယ်လို့ ယူဆပါတယ်။

## တောင်သူ

အရင် အနှစ် ၁၀၀၀၀ ကျော်လာတဲ့အခါ မြန်မာမြေပေါ်က မုဆိုးတွေဟာ တောင်သူဖြစ်လာကြတယ်။ ကောက်ပင်ကိုလည်း စိုက်တယ်။ ကျွဲနွားကိုလည်း မွေးတယ်။ စိုက်ပျိုးမွေးမြူရေးလုပ်တဲ့အခါ ဧရာဝတီမြစ်ရိုးမှာ ရွာတည်ပြီး နေကြတယ်။ ရက္ခဗေဒပညာရှင်တွေက မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ

နဲ့ အိန္ဒိယအရှေ့ပိုင်းမှာလည်း ပူအိုက်စွတ်စိုတဲ့ မုတ်သုံရာသီရှိတဲ့ နေရာတွေမှာ ဆန်စပါးစိုက်ပျိုးခြင်းစမယ်လို့ ယူဆကြပါတယ်။ အရှေ့တောင်အာရှမှာ ဆန်စိုက်ပျိုးရေးဟာ အရင် အနှစ် ၈၀၀၀ ကပဲ ရှိခဲ့မယ်လို့ မှန်းပါတယ်။ စာရေးဆရာ အိပ်ဂျီဝဲရေးတဲ့ ကမ္ဘာ့သမိုင်း အခြေပြစာအုပ်ထဲမှာ အရင် အနှစ် ၃၅၀၀ လောက်က အိမ်ကြက်ကို မြန်မာနိုင်ငံမှာ စတင်မွေးတယ်လို့ ယူရန်ရှိကြောင်း ရေးခဲ့ပါတယ်။

## ဆည်မြောင်း

မြန်မာနိုင်ငံအလယ်ပိုင်းဟာ ခြောက်သွေ့တယ်။ ဒါပေမဲ့ မြေပြန့်တယ်။ မြေဩဇာကောင်းတယ်။ ဆည်မြောင်းနဲ့ ရေပေးနိုင်မယ်ဆိုရင် စိုက်ခင်းပျိုးခင်း ကောင်းကောင်းဖြစ်မယ်။ ဒါ့ကြောင့် ဒီနေရာတွေမှာပဲ ဆည်မြောင်းလုပ်ငန်းကို အရင်အနှစ် ၁၀၀၀၀ ကပဲ စခဲ့မယ်လို့ မှန်းဆပါတယ်။ ရေပေါများတဲ့ အောက်ပိုင်းဒေသမှာတော့ စွတ်စိုလွန်းအားကြီးလို့ ရောဂါထူပြောမယ်၊ နေတဲ့လူနည်းမယ်။ ရှေးအခါကလည်း လူဦးရေ အင်မတန်နည်းလေတော့ ဗမာအလယ်ပိုင်းမှာပဲ ဆည်မြောင်းလုပ်ငန်းနဲ့ တောင်သူတွေ အနေများမယ်လို့ ယူဆပါတယ်။

## သမိုင်းခေတ်

အက္ခရာတင် မှတ်တမ်းရှိတဲ့ကာလကိုသာ သမိုင်းခေတ်လို့ ခေါ်တယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ အရင် အနှစ် ၂၀၀၀ ကမှ အကြိုသမိုင်းခေတ်ကုန်ပြီး သမိုင်းခေတ်စပါတယ်။

●

*မန္တလေးဝိဇ္ဇာနဲ့ သိပ္ပံတက္ကသိုလ်၊ အဝ ၄ ပြပွဲခန်းမ ၁၊ ဇွန်၊ ၁၉၇၃ နေ့ကျင်းပတဲ့ ဗမာအကြိုသမိုင်းပြပွဲမှာ လူတချို့ကိုပဲ ပေးဝေတဲ့ စာတမ်း။ (ကန်သာစိမ်းလှဲမှာ ၂၆၊ စက်တင်ဘာ၊ ၁၉၇၁ နေ့က ဖတ်ခဲ့တဲ့စာတမ်းကို ဖြည့်စွက်ချက်)*

*ဒီစာတမ်းမှာ ဖော်ပြခဲ့တဲ့ပုံတွေဟာ စကေးကိုက် ဆွဲထားတဲ့ပုံတွေမဟုတ်ပါ။*

# မြန်မာရာဇဝင်၊ အေဒီ ၁၀၄၄-၁၂၈၇ †

**ကန်စုနယ်** လန်ချောင်မြို့တော်၏ တောင်ဘက် မိုင်ငါးဆယ်ခန့်တွင် ကျယ်ပြန့်သော ချိုင့်ဝှမ်းအရပ်တစ်ခုရှိပါသည်။ ထိုဒေသကိုဖြတ်လျက် မြစ်ဝါသို့ရောက်ရန် မြောက်သို့ ထောင်မြစ်သည် တောင်ဘက်မှ မြောက်ဘက်သို့ စီးသွားပါသည်။ ယင်းဒေသပင်လျှင် မြန်မာ့ဘိုးဘွားဟု ခေါ်နိုင်သည့် မူလမြန်မာတို့ နေခဲ့ရာဒေသဟု မှတ်ယူရပေမည်။ ထိုသူတို့၏ ၂၀၀၀ ဘီစီခန့်ဟု ရက်စွဲသတ်မှတ်နိုင်သော ကျောက်ခေတ်နှောင်း ဓလေ့သည့် အတန်ပင်အထက်တန်းကျ၏။ ယင်းတို့၏ အပြောက်အမွှမ်း အိုးတို့သည် အမှန်အံ့ဩဖွယ် လက်ရာများဖြစ်သည်။ ယင်းတို့ကား **ဟောင်လန်ရှူ** ခေါ် နောက်ပိုင်း **ဟန်**မင်းဆက် ရာဇဝင်တွင် ဖော်ပြပါရှိသည့် အနောက်သား **ဂျီယံ** တို့ဖြစ်အံ့ထင်၏။ ထိုသူတို့သည် အဘက်ဘက် ညှိနှိုင်းယူဆရသဖြင့် တိဘက်မြန်မာအနွယ်ဝင်သည်များ ဖြစ်သည်ဟု မှတ်ယူလျက် တရုတ်ကဲ့သို့ပင် အထက်တန်းသို့ ရှေးရှုလျက်ရှိသော ဓလေ့အဆင့်သို့ ရောက်လျက်ရှိပါပြီ။ တရုတ်တို့က အနှောင့်အယှက် အထိအပါး

---

† * ဤဆောင်းပါးကား ကန်သာစိမ်းလှဲအဖွဲ့တွင် တက္ကသိုလ်ဘာသာပြန်ဌာန ဦးတင်လှသဘာပတိပြုသော ၁၁-၁၁-၅၇ နေ့ အစည်းအဝေး၌ ဖတ်သည့်စာစောင်မှ မြန်မာပြန်ဖြစ်ပါသည်။ ဤဆောင်းပါး၌ 'ခတ်ပုံ' ဟူသည် ဆရာလုစ်နှင့် ဖေမောင်တင်တို့၏ မြန်မာကျောက်စာ ငါးတွဲမှ ကျောက်စာ ခတ်ပုံကိုဆိုလို၍ 'စာရင်း' ဟူသည် မြန်မာကျောက်စာဌာန၏ ကျောက်စာများစာရင်းစာအုပ်မှသုံးသော အမှတ်ဖြစ်ပါသည်။

များသဖြင့် တောင်အရပ်ကို တတိတတိ ပြောင်းခဲ့ရသည်မှာ မြန်မာနိုင်ငံတွင်းသို့ ရောက်သည်အထိ နားရာနေရာ မရရှိဖြစ်ခဲ့ရပါသည်။ ယင်းနှင့်ပတ်သက်၍ ပါမောက္ခ ဂျီအိပ်ချ်လုစ်အဆိုကား–

တရုတ်တို့နယ်ချဲ့လျှင် ဂျိယံအဖို့ အဝါးအမျိုခံမည်လော၊ တောကောင် ထူထပ်ရာသို့ ပြေးပုန်းလှည့်လည်နေမည်လောဟူ၍ ကြုံရသည်။ လွတ်လပ်ရေးနှင့် ယဉ်ကျေးမှုအကြား ရွေးချယ်ရန် ခဲယဉ်းဘိ၏။ ခင်ဗျားတို့ဘိုးဘွားများက လွတ်လပ်ရေးကို ရွေးခဲ့၏။ လွတ်လပ်ရေးမဆုံးရှုံးရလေအောင် သတ္တိဖြင့် ထိန်းသိမ်းခဲ့ပါသည်။ သို့သော် လွတ်လပ်ရေးကို တန်ဖိုးကြီးစွာ ပေးကြရရှာ၏။ အနှစ်နှစ်ထောင် တိုးတက်ရေးကို ပေးအပ်ခဲ့ကြရ၏။ ၃၀၀၀ ဘီစီ၌ ဂျိယံတို့သည် တရုတ်နှင့် ယဉ်ကျေးမှုအဆင့်အတန်း တူညီခဲ့လျှင် အေဒီ ၇၀၀ ၌ကား မြန်မာတို့သည် ၁၃၀၀ ဘီစီက တရုတ်လောက်မျှ တိုးတက်ခြင်းမရှိတော့ပါ။ ယင်းတို့ကား တရုတ်အနောက်ပိုင်းနှင့် တိဘက်အရှေ့ဘက်အကြား တောတောင်များ၌ လှည့်ပတ်နေကြ၏။ မြန်မာနိုင်ငံတွင်းသို့မူ သံလွင်မြစ်နှင့် နမိုင်ခမြစ်ဝှမ်းများအတိုင်း ဝင်လာဟန်ရှိ၏။ အချို့သည် မြောက်ပိုင်းရှမ်းပြည်တွင်းသို့ အေဒီ ၇၁၃ နောက်မကြာမီ နန်ကျောင်ထသဖြင့် ယင်းတို့၏အသွားအလာတွင် အတားအဆီးတွေ့ရပြန်သည်။ မြန်မာနိုင်ငံ၌ ပျူတို့ကား ယင်းတို့၏ နောက်ပိုင်းမြို့တော်ဖြစ်သော ဟလင်း၌ ရောက်ရှိနေကြမည်ဖြစ်သည်။ သူတို့လည်း ဘုန်းတောက်စ နန်ကျောင်ကို ကျိုးနွံရ၏။ မြောက်ပိုင်းမြန်မာနယ်စပ်မှ မြန်မာ့ဘိုးဘွားများ အဝင်အပါ လူမျိုးစုတို့၌ တပ်သားခွဲလာလျှင် ထွက်၍လိုက်ကြရ၏။ နန်ကျောင်ကား စစ်မပြတ်တိုက်သူများတည်း။ ဖော်ပြပါလူမျိုးစုတို့အပေါ်၌ ထို့ကြောင့် တစ်ခါထက် တစ်ခါပို၍ အခန့်အခွဲများလာတော့သည်။ မြောက်ပိုင်းမြန်မာနိုင်ငံ မှ ၇၅၁ နှင့် ၇၉၄ အတွင်း၌ တပ်သားသစ်များစွာ ဆင့်ဆိုခေါ်ယူဟန်ရှိ၏။ မြန်မာနိုင်ငံတွင်းသို့ မြစ်ဝကျွန်းပေါ်အရပ်အထိ ရောက်သည်ဟု မှန်းရလောက်အောင် ၈၃၅ ၌ လုယက်တိုက်ခိုက်လာကြ၍ အရှေ့သို့ ၈၆၃ တွင် ဟန္တိုင်အထိ ပေါက်ရောက်ကြ၏။ နန်ကျောင်ဘုန်းကား ကိုးရာစုကုန်လျှင် ပြိုလဲတော့သည်။ ခြေကုန်လက်ပန်းကျတော့သည်။ မြန်မာတို့သည် ယင်းကိုအခွင့်ကောင်းယူ၍ တောင်အရပ်သို့ ဆက်လက်ရွေ့လာခဲ့ရာ မြန်မာနိုင်ငံလွင်ပြင်များသို့ ရောက်ခဲ့ရ၏။ တောင်ပေါ်နေကျင့်ရှိသော ယင်းတို့အတွက် မြန်မာလွင်ပြင်၏ ရာသီဥတု



သည် မုချဆိုးဝါးပေမည်။ သို့သော် သူတို့အဖို့ ရွေးချယ်မနေသာ၊ အမှန်အားဖြင့် မြန်မာအလယ်ပိုင်း၌ သူတို့ ဝင်ရောက်နေထိုင်သော အရပ်သည် ဆိုးဝါးလှသည်ဟု မဆိုသာ၊ ထိုအရပ်ကား ကျောက်ဆည်ခရိုင်ဖြစ်သည်။

မြစ်သာ **ဆဲတရွာ** ကား သူတို့၏ ပထမအိုးအိမ်ထူထောင်ရာ အရပ်ဖြစ်ချေ၏။ ဤ 'ပျိုးခင်း' မှ တဖြည်းဖြည်း ဧရာဝတီနှင့် ရခိုင်တောင်များသို့တိုင်အောင် အနောက်သို့ ယပ်တောင်ပုံဖြန့်၍ တိုးပွားနေထိုင်ကြ၏။ ယင်းတို့၏ ဒုတိယ အိုးအိမ်ထူထောင်ရာ 'ပျိုးခင်း' ကား ယင်းတို့အခေါ်အဝေါ်ဖြင့် **ခြောက်ခရိုန်** ဟူသည့် မင်းဘူးခရိုင် ဖြစ်လာရပြန်သည်။ ပို၍သွက်လက်ကာ စစ်လိုသော မြန်မာသည် ဆဲ့တစ်**ခရိုန်**ကို မွန်တို့ထံမှလည်းကောင်း၊ **ခြောက်ခရိုန်**ကို **ပေါင်လောင်**နှင့် စကြစ်တို့ထံမှလည်းကောင်း လုယူခဲ့ဟန်ရှိပါသည်။ ရှေးမြန်မာများက ဤ**ခရိုန်**အရပ်၏ ပတ်ဝန်းကျင်ဒေသကို **တိုက်**ဟု သမုတ်၍ ချဲ့ထွင်နေထိုင်ကြပြန်သည်။ တောင်သို့ကား **တောင်ထွင်** လယ်တောအဝင်အပါ မိချောင်းရဲအောက် ကျွန်းတော်အမည်ရှိ **ပြာည်တာစ်သာ** ကျွန်းအထိ၊ အနောက်သို့ကား ပုံတောင်ရိုးအထိ ယောဒေသအကုန်၊ အနောက်မြောက်သို့ကား မုံရွာအထိ "ပင်ကလီဆဲတိုက်" နှင့် မြောက်သို့ကား ရွှေဘိုခရိုင်နှင့်တကွ တကောင်းတိုင်အောင် **တိုက်** အဝင်အပါဖြစ်ချေ၏။ မြန်မာတို့ တိုးချဲ့ခြင်းကား ဤတွင်မတန့်၊ တိုက်ကိုလွန်လျှင် နိုင်ငံဖြစ်ရ၏။ ထိုအချိန်၌ မြို့တော်ကား **ပုကမ်** ဖြစ်လာပြီ။

ပုဂံရာဇဝင်ကို ပြောရသည်လည်း မလွယ်၊ ထိုရာဇဝင်ကို ကျောက်စာဖြင့် ညှိယူရန် တစ်ဆယ့်ရှစ်ရာစုကဲ့သို့ စောစောပိုင်းကပင် အားထုတ်ခဲ့ကြ၏။ ထိုရာစု၏ ပထမအစိတ်၌ ဦးကုလားသည်လည်းကောင်း၊ နောက်ဆုံးအစိတ်၌ တွင်းသင်းမဟာစည်သူသည်လည်းကောင်း ဆောင်ရွက်ခဲ့ကြသည်။ ခရစ်နှစ် ၁၈၂၉ ၌ ပေါ်လာသော **မှန်နန်းရာဇဝင်** သည် ယခုလေ့လာဆဲ ခေတ်နှင့်ပတ်သက်၍ ကျောက်စာ တစ်ဆယ့်တစ်တိုင်ကို အသုံးပြုပါသည်။ သို့သော် ယင်းပုဂ္ဂိုလ်တို့ ကျောက်စာကို အသုံးချပုံကား အလွန်နည်းသဖြင့် မပြောပလောက်ဟု ဆိုရမည်။ ရှင်မဟာသီလဝံသသည် တစ်ဆယ့်ခြောက်ရာစုဦး၌ **ရာဇဝင်ကျော်** ကိုပြုစုသောအခါ ပုဂံမင်းဆက်အကြောင်းကို စာကြောင်းရေ အနည်းငယ်သာ ရေးခဲ့သော်လည်း ဦးကုလားသည် စာမျက်နှာ နှစ်ရာကျော်ရေး၍ **မှန်နန်းရာဇဝင်**ကလည်း ဦးကုလားအတိုင်း ထပ်တူမျှဖြစ်ပါသည်။ သမိုင်းခေါ် ဒေသန္တရအတ္တု

ပွတ္တိ စာတမ်းများနှင့် ဇာတ်တော်တို့ကိုယူငင်လျက် သီလဝံသ၏ ပုဂံအကြောင်းကို တိုးချဲ့ခြင်းစင်စစ်ဖြစ်၍ ယင်းသို့ဖြည့်စွက်လာသော ဝတ္ထုသွားတို့ကား ရာဇဝင်တန်ဖိုးအနည်းငယ်မျှသာရှိသည်၊ သို့မဟုတ် လုံးဝမရှိဟု ဆိုသင့်၏။ ဖြည့်စွက်ခြင်းပြုသည်မှာလည်း အကြောင်းအရာတစ်ခုကို အများသိ အလားတူ ဇာတ်တော်တစ်ခုအတိုင်း ဖော်ပြလိုစိတ်ရှိခြင်း၊ သို့မဟုတ် ရေးမှတ်တမ်းတို့ကို အဖတ်အယူမှားသဖြင့် ဟုတ်နိုးနိုး ထင်ရာကို ဆွဲယူဖော်ပြခြင်း ဖြစ်ဟန်တူသည်။ ဥပမာ မိဖုရားငယ်တစ်ဦး၏သားကို မိဖုရားကြီးတို့မှ သားကြီးတို့ ရှိပါလျက် ကျော်လွန်၍ ထီးမွေပေးသည်ဆိုမှု ပြုပြင်သင့်သလို အချက်ကျပြင်၍ ရာမဇာတ်တော်ကို ပြန်လည်ရေးသားလေတော့သည်။ ရေးမှတ်တမ်းများကို အဖတ်အယူမှားလျှင်လည်း အမှားအလိုက် အထောက်အကူရမည့် ဝတ္ထုတစ်ခုကို တီထွင်ကြပြန်သည်။ မင်းတစ်ပါး၏ သက်တော်ရှည်ပဲ့ဟူသော ဘွဲ့တော်ကို ချက်တော်ရှည်ဟု အဖတ်မှားလျှင် ထိုမင်း ငယ်စဉ်က မနားအောင်ငိုသဖြင့် ချက်စူလာသောကြောင့် ချက်တော်ရှည်ဟု ခေါ်ပုံ ဝတ္ထုတစ်ပုဒ် ပေါ်လာရသည်။ ဤဝတ္ထုများကိုဖတ်၍ သဘောအယူအဆချင်း တိုက်ဆိုင်နိုင်ကြမည်မဟုတ်ရကား ဝတ္ထုများစွာရှိသည်နှင့်အမျှ အယူအဆများစွာရှိလျက် စကားပုံရှိသည့်အတိုင်း ပုဂံရာဇဝင်ပြောလျှင် ဟုတ်ယမ်း၍ပြောရန် ဟကယ်ပင်ယိုပါသည်။ ငြင်းကြမည်၊ ခိုက်ရန်ဖြစ်ကြမည်၊ သတ်ပုတ်ကြပေမည်။ သို့စဉ်လျက် ယခုခေတ်အလိုကား အထူးသဖြင့် အေဒီ ၁၀၄၄–၁၂၈၇ ခေတ် မြန်မာရာဇဝင်ကို ကျောက်စာအားကိုး တစ်ခုတည်းဖြင့် ပြန်လည်ရေးသားရန်ဖြစ်ပါသည်။

ကျောက်စာတစ်ခုတည်းကိုအားကိုး၍ သင့်မသင့်၊ ရ မရ သံသယဖြစ်ဖွယ်ရှိ၏။ ကျောက်စာဟူသည် တွေ့ရသမျှ သာသနာရေးများ၏ နိုင်ငံရေး၊ ပေါင်းသင်းရေးနှင့် စီးပွားရေးအခြင်းအရာတို့ကို တွေ့ရခဲဘိ၏။ သို့သော် ယင်းတို့ကား ခေတ်ပြိုင်မှတ်တမ်းများဖြစ်၍ သက်ကြီးစကား သက်ငယ်ကြား တစ်ဆင့်စကားအဖြစ် မှတ်ယူခဲ့လျက် မကြာမီက ပေထက်အက္ခရာတင်ခဲ့ရသည့် ဝတ္ထုများထက် အဆအဆ အားကိုးဖွယ်ဖြစ်သည်ကို မမေ့သင့်ပါ။ ထို့ကြောင့် မြန်မာရာဇဝင်ကို အမြင်သစ်ဖြင့် ပြန်လည်ရေးသားရန် ပို၍ပင် လိုအပ်ပါသည်။ နိုင်ငံရေးရာဇဝင်ကို ပြန်၍ရေးရလျှင် ပုဂံမင်းဆက်အသစ်ကို တွေ့ကြရတော့မည်ဟု ကြို၍သတိပေးထားလိုပါသည်။ ဤမျှ နိဒါန်းခံလျက် ယခု ပုဂံတည်ပုံကစ၍ လေ့လာကြပါစို့။



ပုဂံကို မည်သည့်အခါက တည်ဆောက်ခဲ့ပါသနည်း။ ဤအမေးကို ဖြေရန်မလွယ်ပါ။ ကိုးရာစုအလယ်ပိုင်းခန့်တွင် တည်ထောင်ပြီးရှိနေပြီဟု ခန့်မှန်းရ၏။ သို့သော် **အနိရုဒ္ဓ** မပေါ်မီ အနှစ် နှစ်ရာက ပုဂံရှိနေပါပြီဟူသော ဤယူဆချက်သည် **မှန်းနန်း**စသည့် ရာဇဝင်တို့၌သာ အားကိုးရှိပါသည်။ ပျဉ်ပြားမင်း (အေဒီ ၈၄၆–၈၇၈) သည် အေဒီ ၈၄၉ ၌ (ယခုတည်ရာတွင်) ပုဂံကိုတည်သည်ဟု ဆိုသည်။ သို့သော် အေဒီ ၁၀၇ ကဲ့သို့ ရှေးကျသောအခါကပင်လျှင် ယုန်လွှတ်ကျွန်းအရပ်၌ အခြေတည်မိသည်ဟု ဖော်ပြပြီးဖြစ်၏။ တစ်ဆယ့်ငါးရာစုရေး ရှင်သီလဝံသ၏ **ရာဇဝင်ကျော်** အဆိုကား ယင်းနှင့်မတူ၊ မြန်မာနိုင်ငံသည် သူ့အလိုအားဖြင့် နှစ်ပိုင်းရှိ၍ ဧရာဝတီမြောက်ဘက်ကို **သုနာပရန္တ** ခေါ်ပြီး ဧရာဝတီတောင်ဘက်ကို **တမ္ဗဒီပ** ခေါ်၏။ တစ်ခါက ဗုဒ္ဓသည် **သုနာပရန္တ** သို့ကြွလာ၍ စန္ဒကူးကျောင်းတော်၌ ခုနစ်ရက်သီတင်းသုံးတော်မူကာ လူပေါင်း ၈၄၀၀၀ ကို အကျွတ်တရားရစေပြီးမှ ပြန်ကြွတော်မူ၏။

ထိုအခါမှစ၍ မြန်မာနိုင်ငံ၌ ဗုဒ္ဓသာသနာ ထွန်းကားခဲ့ရ၏။ “ဂြိုကွေ့တြ” (သရေခေတ္တရာ) မြို့ကို ၄၄၄ ဘီစီ၌ တည်ထောင်၍ အနှစ်ခြောက်ရာတည်လျက် မင်း နှစ်ဆယ့်ငါးဆက် အုပ်ချုပ်၏။ ပြီးမှ အေဒီ ၁၅၆ တွင် **အရိမဒ္ဒနာ** ပုဂံကိုတည်ရာ အနှစ်တစ်ထောင်နှစ်ဆယ့်ရှစ်နှစ် (အေဒီ ၁၂၈၄ တိုင်) တည်၍ တရုတ်ဝင်ရောက်မတိုက်မီ မင်းငါးဆယ်၊ တရုတ်ဝင်ပြီးမှ မင်းငါးပါးအုပ်စိုးခဲ့ပါသည်။ ယင်းဝတ္ထုကိုများစွာ ဝေဖန်ရန်ရှိ၏။

“ဂြိုကွေ့တြ” ပျက်သည့် အေဒီ ၁၅၆ လွန်မှ ပုဂံတည်သည်ဆိုခြင်းသည် စောလွန်း၏ဟု ဆိုရမည်။ ရွှေစည်းခုံကျောက်စာ (အေဒီ ၁၁၈၆) အရ “ဂြိုကွေ့တြ” ကို မြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်ပြီးနောက် တည်ထား၍ အေဒီ ၆၅၉ တိုင်အောင် တည်နေသည်ဟု သိရပြန်သည်။ ယင်းအတိုင်းလည်း “ဂြိုကွေ့တြ” ကျဆုံး၍ ပုဂံတည်ခြင်းသည် စောလှသေး၏။ (အကယ်၍ အရိုးအိုးကျောက်စာပါ အနှစ် ၈၀ ကို အေဒီ ၃၁၉ မှစသည့် သက္ကရာဇ်ဟု ယူဆလျှင်) အေဒီ ၇၁၈ ၌ “ဂြိုကွေ့တြ” တွင် ဝိတြမမင်းဆက်အုပ်စိုးလျက်ရှိသေးသည်။ ပျူမင်းတစ်ပါးသည် အေဒီ ၈၀၁–၂ ၌ တရုတ်တို့ နန်ကျောင်မှတစ်ဆင့် သံတမန်လွှတ်သည်ဟု သိရသေးသည်။ တရုတ်တို့က ထိုသံအဖွဲ့အကြောင်းနှင့်တကွ

ပျူမြို့တော်၏ပုံသဏ္ဌာန်ကို အသေးစိတ်ဖော်ပြလျက် မှတ်တမ်းထားခဲ့ရာ ဖော်ပြပါအနေအထားအရ ပျူမြို့တော်ကား ဟလင်းဖြစ်စရာအကြောင်း ရှိပါသည်။ နန်ကျောင်တို့ မြန်မာနိုင်ငံတွင်းသို့ အေဒီ ၈၃၅ ၌ ဝင်ရောက်တိုက်ခိုက်သောအခါဝယ် ထိုမြို့တော်သည် အဖျက်အဆီးခံရ၏။ ထို့ကြောင့် ပြီးခါမှတည်ထောင်သည်ဟု ဆိုရသော် မဖြစ်နိုင်စရာအကြောင်းမရှိပါ။ မြန်မာရာဇဝင်ကျမ်းလာအတိုင်း အေဒီ ၈၄၉–၅၀ ၌ ပုဂံတည်သည်ဟုယူသော် ရကောင်းပါသည်။ ပုဂံကို အရှေ့ဘက်အနီးအပါးနိုင်ငံများကလည်း သိရှိကြဟန်တူ၏။ အေဒီတစ်ရာစုမှ (ဂျီယံဟံရှူ) တရုတ်မှတ်တမ်းတစ်ခု၌ "ဖု–ကံတုလူ" ဟူသောအမည်တစ်ခုပါရှိရာ "ဖု–ကံ" သည် "ဗု–ကံ" ဟု ခေါ်သော တရုတ်အသံ ပုဂံဖြစ်သော်လည်း ဖြေ့ရန်ခက်သော အချက်ကား "ဖု–ကံ–တု–လူ" နိုင်ငံသည် တရုတ်နှင့် ရေလမ်းအဆက်အသွယ်ရှိသည်ဟူသော အချက်ပင်ဖြစ်ပါသည်။ အေဒီ ၁၀၅၀ ထက် နောက်မကျဟု စိတ်ချလက်ချ ဆိုနိုင်သော စံပါကျောက်စာနှစ်တိုင်၌လည်း "ပုဂံ?" ကျွန်များဟု ဖော်ပြပါရှိ၏။ ထိုခေတ်က နယ်ခြားလုယက်ပွဲများမကြာခဏပေါ်တတ်၍ မြန်မာအချို့ကို ကျေးကျွန်ပြုရန် ဖမ်းသွားခြင်းလည်း ဖြစ်နိုင်သည်။ ယင်းအချက်များကိုထောက်၍ အေဒီ ၁၀၅၀ မတိုင်မီကပင် ပုဂံကို အရှေ့ဘက်အနီးအပါးနိုင်ငံက သိကြသည်ဟု ယူဆ၏။ ပုဂံကို အမည်များစွာဖြင့် ခေါ်စမှတ်ပြုကြပါသည်။

ပုဂံ၏ပါဠိအမည်ကား **အရိမဒ္ဒနပူရ** (ရန်သူကို ချေမှုန်းသူမြို့) ဟုခေါ်သော်လည်း တိုင်းရင်းသားအမည်ဖြင့်လည်း ခေါ်လျက် ယင်းတိုင်းရင်းသားအမည်ကို မွန်တို့က **ပေါကာမ်**၊ သို့မဟုတ် **ပုကာမ်**၊ သို့မဟုတ် **ဗုကာမ်** ဟု ရေးသားဖော်ပြလေ့ရှိပါသည်။ ကျန်စစ်သားနှင့်ဆက်သွယ်၍ ပုဂံအမည်ကို ဦးစွာပထမ အေဒီ ၁၀၉၃ ၌ ဖော်ပြပါရှိသည်ကို မှတ်သားရဖူးပါသည်။ မွန်များက ပုဂံနှင့်ပတ်ဝန်းကျင်ကို **တတ္တဒေသ** (ခန်းခြောက်ရာအရပ်) ဟု ခေါ်စမှတ်ပြု၏။ ဤအမည်အရ ပုဂံနှင့် အနီးအပါးတို့သည် ယခုခေတ်မှာကဲ့သို့ပင် ထိုစဉ်ကလည်း သဲကန္တာရတစ်ပိုင်းဖြစ်သော ဆူးပင်ငယ်တို့ ပေါက်ရောက်ဒေသသာလျှင် ဖြစ်ရချေသည်။ မြန်မာနိုင်ငံအလယ်ပိုင်းရှိ ယင်းမိုးခေါင်ရေရှား ရပ်ဝန်းသည် တစ်ခါက စိုစိုပြည်ပြည်ရှိ၍ တစ်ဆယ့်တစ်–တစ်ဆယ့်နှစ်ရာစုတွင်မှ ဂူ၊ ကျောင်း၊ ဘုရားတည်သူများ ပေါ်ထွန်းလျက် အုတ်လုပ်ရန် ထင်းများစွာလို



သဖြင့် တောတို့ကို ခုတ်ထွင်ရှင်းလင်းခြင်းကြောင့် စိုက်ပျိုး၍ဖြစ်ထွန်းခဲ့သော သဲကန္တာရတစ်ပိုင်းဖြစ်ရပါသည်ဟု ယူဆချက်သည် မည်သို့မျှ မှန်ကန်နိုင်ဖွယ်မရှိပါ။ ပုဂံမှ တရုတ်နိုင်ငံသွား အေဒီ ၁၂၇၃ ခု ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် **ဒီ သာပြာမောက်** ကမူ ပုဂံပြည်ကို ဖော်ပြရာ၌ **တမ္ဗဒီပ** (ကြေးနိုင်ငံ) ဟူသောအခေါ်ကို အသုံးပြုပါသည်။ ပုဂံက နောက်ဆုံး၌ မြန်မာလက်နက်နိုင်ငံ၏ အချက်အချာမဏ္ဍိုင် ဖြစ်၍လာရပါသည်။ နယ်ချဲ့ခြင်းကား တစ်ဆယ့်တစ်ရာစုတွင်မှ အစဖြစ်ပါသည်။

လက်နက်နိုင်ငံသည် တစ်စတစ်စ ကြီးမားလာကြ၏။ ပထမ၌ မင်းအမည်ခံသူတို့က ပုဂံအနီးအပါး၌ စိုးမိုးလျက်ရှိကြ၏။ ထို့နောက် ပုဂံ**မင်း**သည် သူတကာထက် တန်ခိုးကြီးမားလာသဖြင့် အခြား**မင်း**တို့က ကျိုးနွံရလျက် **မင်းကြီး** ဖြစ်၍လာဟန်တူသည်။ အနီးအပါးတို့ကို အလိုပြည့်လျှင် လက်ရုံးဖြင့် အောင်မြင်ပိုင်ဆိုင်ရာ နိုင်ငံ ရလိုစိတ် ဖြစ်လာမည်ကား ဓမ္မတာတည်း။ ယင်းသို့ အလိုလောဘပိုလာသူ ပထမဆုံး **မင်းကြီး** ကား **အနိရုဒ္ဓ**ပင် ဖြစ်ပါသည်။

**အနိရုဒ္ဓ** (၁၀၄၄? – ၁၀၇၇?) ကို အများအားဖြင့် အနော်ရထာမင်းစောဟု ခေါ်ကြ၍ ခံယူသောဘွဲ့တော်ကား သင်္ကြိုက်ဘာသာစင်စစ်ဖြင့် **မဟာရာဇဂြိ အနိရုဒ္ဓဒေဝ** ပင်ဖြစ်ပါသည်။ မျက်နှာဘက်၌ "လက်တော်မြေထိပုံ" ဖြင့် မြတ်စွာဘုရားရုပ်တုတွင် တစ်ခါတစ်ရံ **လောကနာထ** နှင့် **မေတ္တေယ** ဘုရားလောင်းနှစ်ပါးက ဘယ်ညာခြံရံ၍လည်းကောင်း၊ တစ်ခါတစ်ရံ ထူပါနှစ်ဆူခြံရံ၍လည်းကောင်း၊ ရုပ်ပြားနိမ့်နိမ့်ထု၍ အောက်တွင် သင်္ကရိုက်စာတမ်းရေးထိုးလျက် ကျောဘက်၌ ပါဠိသင်္ကရိုက်ရော စာတမ်းရေးထိုးလျက် မြေပုံဘုရားများကို ဤမင်းကြီးသည် ထားရစ်ခဲ့ပါ၏။ ယင်းမြေပုံဘုရားလုပ်ရန် တံဆိပ်ပုံစံကို အိန္ဒိယမှ မှာယူခဲ့ဟန်ရှိ၍ မြေပုံဘုရားကိုကား ရောက်ရာတွင် သွန်းလုပ်ဟန်ရှိ၏။ သို့မှသာ လက်ရေးဖြင့် ကျောတွင် သွန်းလုပ်သူ မင်းနှင့် ဆုတောင်းကို ရေးသားထည့်နိုင်မည်ဖြစ်သည်။ ရေးဟန်ကား–

> **မင်းအနိရုဒ္ဓ** တည်းဟူသော ငါသည် **သုဂတ** (ဗုဒ္ဓ) ပုံကို သွန်းလုပ်စေ၏။ ငါကောင်းမှုကြောင့် **မေတ္တေယ** ဘုရားဖြစ်လျှင် ငါလည်း နိဗ္ဗာန်ရစေသတေး။

ဤတံဆိပ်တော် မြေပုံဘုရားများသည် အသေးစိတ်လက်ရာနှင့် အရွယ်အစား အနည်းငယ်စီ ကွဲပြားကြ၏။ အများအားဖြင့် အလျားခုနစ်လက်မ အနံ ငါးလက်မရှိ၍ ထုသုံးလက်မရှိတတ်သည်။ အားလုံးပင် **အနိရုဒ္ဓ** တံဆိပ်တော် ခတ်နှိပ်ပြီးရှိ၍ ဤပုဂံအတွင်းအပြင်၊ တကောင်း၊ မိတ္ထီလာ၊ မင်းဘူးနှင့် ပြည်စသည့်နေရာများ၌ တွေ့ရ၏။ မြောက်ဘက်အကျဆုံး တွေ့ရသည်ကား နွားတလဲရွာဆိုးဟူသည့် မိုးမိတ်နယ်တွင်ဖြစ်၍ တောင်ဘက်အကျဆုံးကား မြိတ်တွင်ပင်ဖြစ်၏။ ယင်း "**အနိရုဒ္ဓ** တံဆိပ်တော်များ" ကို အနှံ့အပြားတွေ့ရသဖြင့် ထိုမင်းကား အပြောများသည့်အတိုင်းပင် နယ်ပယ်အသိမ်းအသွင်း လိုလားသူဖြစ်၍ အာဏာစက်လည်း မြောက်မိုးမိတ်မှသည် တောင်ဘက်တနင်္သာရီကမ်းရိုးတန်းတိုင်အောင် ပျံ့နှံ့သည်ဟု ယူရန် အထောက်အထား ခိုင်လုံပါသည်။ မြန်မာရာဇဝင်တို့အဆိုအားဖြင့် ထိုမင်း၏ ကြီးကျယ်မြင့်မြတ်ပုံတို့ကို ကျွန်ုပ်တို့ စိစစ်ဝေဖန်၍ မည်မျှမှန်ကန်ကြောင်းကို ပြောရန်ကား အထောက်အထား ဘာမျှ မရှိပါ။ အစဉ်အလာအပြောအဆိုတွင် ထိုမင်းကား အံ့ဖွယ်သရဲ ထူးကဲသူဖြစ်လာတော့သည်။ အေဒီ ၁၂၀၇ ရေးထိုးသည့် ကျောက်စာ၌ **စကြာဝတေးအနုရုဓာ** ဟု ရေးသားပါရှိရာ သူလွန်ပြီး အနှစ်တစ်ရာကြာလျှင်ပင် သူ့ကို တစ်ကမ္ဘာလုံးအရှင်ဟု မှတ်ယူလျက် ရှိကြပြီ။ သို့သော် တနင်္သာရီဒေသကို ယိုမင်းသိမ်းလေသည်ဟူသည့်အချက်ကား များစွာ အချီအချပြောဖွယ် ပြဿနာတစ်ရပ်ဖြစ်ပါတော့သည်။

သထုံကို **အနိရုဒ္ဓ**သည် အေဒီ ၁၀၅၇ တွင် သိမ်းယူသည်ဟု ပထမဦးဆုံး အေဒီ ၁၄၈၀ ထိုး **ကလျာဏီ** ကျောက်စာ၌တွေ့ရ၏။ သထုံ **မကုဋ** ဘုရားနှင့် (မနုဟာမဟုတ်) မင်းကား အများအပြား ကျေနပ်သဖြင့် ရွေးကောက်တင်မြှောက်ထားသော မင်းဖြစ်၍ လုပ်ရည်ကိုင်ရည်ရှိသော ပညာရှင်ဖြစ်ပါသည်။ ထိုအခါက မွန်တို့တွင် စည်းလုံးညီညွတ်ခြင်း မရှိသဖြင့် ရန်သူ့လက်တွင်းသို့ တစ်မြို့ပြီးတစ်မြို့ ကျဆင်းရဟန်တူ၏။ ရာဇဝင် အစောင်စောင်၌ ပါရှိသည့်အတိုင်း သာသနာရေးသက်သက်ကြောင့် စစ်ခင်းသည်ဆိုခြင်းသည် မဟုတ်တန်ရာ၊ **အနိရုဒ္ဓ** သည် အမျိုးသားကြီးကျယ်မြင့်မြတ်ရေးကို ရှေးရှုလျက် တိုက်ခိုက်အံ့ထင်၏။ ထို့ပြင် မြစ်ဝကျွန်းပေါ်ဒေသ၏ ကုန်သွယ်ခြင်းဖြင့် စည်ကားလျက်ရှိသော မြို့တို့ကိုသိမ်းယူရန် စတင်ချီတက်ခြင်းဖြစ်ကောင်း ၏။ သထုံကို သိမ်းယူခြင်းကား



ကြုံကြိုက်သဖြင့် "ဖြစ်မည်" ဖြစ်နိုင်သော အခြားအကြောင်းတစ်ခုမှာ မွန်တိုင်းပြည်ကို ရှမ်းယွန်းတို့ မကြာခဏ နှောင့်ယှက်လာသဖြင့် မွန်တို့က ဝင်ရောက်ဖြန်ဖြေရန် တောင်းခံလျှင် ယင်းကိုပင် အခွင့်ကောင်းပြု၍ "ခိုက်ရန်ဖြစ်လျက်ရှိသော မြေခွေးနှစ်ကောင်က ကြားဝင်ခိုင်း ခြင်းခံရသည့် ခြသေ့်သည် နှစ်ကောင်စလုံးကို ဝါးမျိုခြင်းဖြင့်ပြဿနာကို ဖြေရှင်းပေးဘိသကဲ့သို့" အောက်မြန်မာနိုင်ငံကို သိမ်းယူလိုက်ဟန်တူပါသည်။ မြစ်ဝကျွန်းပေါ်ဒေသကို သိမ်းယူပြီးနောက် မွန်ယဉ်ကျေးမှုနှင့် မြန်မာတို့ ပြန်လည်၍ တွေ့ဆုံကြရပါသည်။ မြန်မာနိုင်ငံတွင်း၌ မြန်မာတို့၏ ပထမနေရာ ဖြစ်သော **ဆဲတရွာ** သည် မူရင်းအားဖြင့် မွန်တို့နေရာဖြစ်ဟန်ကို ပြောခဲ့ပြီးဖြစ်သဖြင့် ထိုဒေသသို့ ဝင်ရောက်နေထိုင်လျှင်ပင် မွန်ယဉ်ကျေးမှုနှင့် ဆုံစည်းပြီး ဖြစ်ရကား ယခုမှ အဆန်းသဖွယ် တွေ့ရသည်မဟုတ်ပါ။

ထိုယဉ်ကျေးမှုနှင့် တစ်ကြိမ်ထပ်မံတွေ့ရသောအခါ၌လည်း ယင်းတို့သည် ထိုယဉ်ကျေးမှုအဆီအနှစ်တို့ကို ယူငင်သုံးစွဲရန် အခြေခံရပြီးဖြစ်လျက် ရှိပါပြီ။ မွန်တို့ထံမှ စာရေးနည်းပညာကို ရယူ၏။ **အနိရုဒ္ဓ** လွန်ပြီးနောက် ကပ်လျက်ပေါ်လာသောခေတ်တွင် မွန်ဘာသာစကားဖြင့် ကျောက်စာများစွာ ရေးထိုးခဲ့၏။ သာသနာရေးအဆောက်အအုံများအတွက်လည်း မွန်ပုံစံအဆောက်အအုံများကိုသာဆောက်ခဲ့၏။ ထိုခေတ်ဘုရားများဖြစ်သော ပထိုးသမြ၊ နဂါးရုံ၊ အပယ်ရတနာ၊ ဂူပြောက်ကြီး၊ နန်းဘုရားတို့ကား မွန်ပုံစံများသာတည်း။ ယင်းသို့ဖြစ်မူ အေဒီ ၁၀၅၇ မှ အေဒီ ၁၁၁၃ ခုအတွင်း၌ မြန်မာတို့အပေါ်၌ မွန်တို့အရှိန်အဝါ လွှမ်းမိုးခြင်းကားမသေးဟု စိတ်ချလက်ချဆိုနိုင်ပါသည်။ ပုဂံယဉ်ကျေးမှု၏ မွန်ခေတ်ဟူ၍ ခေါ်သင့်လှ၏။ **အနိရုဒ္ဓ** သည် မြစ်ဝကျွန်းပေါ်ဒေသကို ယင်းတို့အောင်နိုင်သဖြင့် မွန်ယဉ်ကျေးမှုကို ရသည်ဟူသည့် အကျိုးထူးအပြင် အခြားအရေးပါသော အကျိုးတစ်ခုကား သီဟိုဠ်နှင့် ပင်လယ်ကူး ဆက်ဆံရေး တိုက်ရိုက်ပြုနိုင်ခြင်းနှင့် ထို့အတူ အိန္ဒိယနှင့်လည်း ဆက်ဆံခွင့် ရနိုင်ဖွယ်ရှိပါသည်။

ယင်းဆက်ဆံမှုတို့ကား မြန်မာရာဇဝင်၊ သီဟိုဠ်ရာဇဝင်တို့၌သာ ဖော်ပြပါရှိသည်။ **မှန်နန်း** (အပိုဒ် ၁၃၅) အရ **အနိရုဒ္ဓ** သည် မိမိတည်ထားသော ရွှေစည်းခုံ၌ ဌာပနာရန် စွယ်တော်တစ်ဆူကို သီဟိုဠ်၌ အပင့်လွှတ်သည်ဟုဆို၏။ ဓူဠဝံသ ပထမတွဲ (မျက် ၂၀၂-၂၃၄) ၌ အခြားအကြောင်းနှစ်မျိုးဖြင့် ဆက်

သွယ်ပုံကို ဖော်ပြသည်။ **ဝိဇယဗာဟု** (၁၀၆၅–၁၁၂၀) ခေါ် **သီရိလင်္ကာဗောဓိ** အမည်ရှိ သီဟိုဠ်မင်းက တောင်အိန္ဒိယ စောလာမင်းတို့နှင့် တိုက်ခိုက်နေရသဖြင့် အကူအညီလိုသောကြောင့် **ရာမည** မင်းထံ လက်ဆောင်များစွာနှင့် သဘော်တစ်စင်းလွှတ်၍ အကူအညီတောင်းခံ၏။ သိမ်းပိုက်ယူငင်ပြီးဖြစ်သဖြင့် **ရာမည** အရှင်ကား **အနိရုဒ္ဓ** ပင်ဖြစ်၍ သီဟိုဠ်ဘုရင် မျှော်လင့်သောအကူကို ပေးသူကား **အနိရုဒ္ဓ**ပင်ဖြစ်သည်။ ထိုသို့တောင်းခံချိန်သည် အေဒီ ၁၀၆၀ ခန့်ကဖြစ်၍ အေဒီ ၁၀၆၃ ထက် နောက်မကျနိုင်ပေ။ နောက်တစ်ကြိမ်ကား အေဒီ ၁၀၇၁ တွင် ထိုသီဟိုဠ်ဘုရင်ပင် သီဟိုဠ်၌ သာသနာရေး ပြုပြင်မှုပြုလိုသောကြောင့် ရဟန်းများ လွှတ်ပေးပါဟု **အနိရုဒ္ဓ** ထံတွင် တောင်းခံလာပြန်သည်။ ယင်းအချက်ကား သီဟိုဠ်နှင့်မြန်မာတို့ သာသနာရေးမဟာမိတ် မြစ္စာပြုရာတွင် ပထမဆုံး လမ်းစဖော်ပေးခြင်းဖြစ်သဖြင့် အရေးပါသောအချက်ဖြစ်ပါသည်။ ထို့ပြင် သာသနာရေးပြုပြင်မှုပြုရန် မြန်မာက သီဟိုဠ်ကို ကူရသောအချက်သည်လည်း မှတ်သားဖွယ်ဖြစ်၏။ မင်းကြီး၏ အခြားဆောင်ရွက်ချက်များဖြစ်သော တရုတ်နိုင်ငံသို့ ချီတက်ခြင်း စသည်တို့အတွက်မူ ထောက်ခံရန်၊ သို့မဟုတ် ငြင်းဆိုရန် အထောက်အထားမတွေ့ရပါ။ **မင်းလုလင်** ခေါ် စောလူးသည် အေဒီ ၁၀၇၇ ၌ ထိုမင်းကို ဆက်ခံပါသည်။

မြန်မာရာဇဝင်ကျမ်းတို့၏ စောလူးကို ကျောက်စာများ၌ **မင်းလုလင်** ဟု တွေ့ရပါသည်။ ငယ်ရွယ်ပျိုမျစ်သော ဘုရင်ဟု အဓိပ္ပာယ်ယူရပေမည်။ ထိုမင်း၏ဘွဲ့တော်ကား "ဂြိဗြကြာဘရဏတြိဘူပတိ" ဖြစ်၍ ကျက်သရေရှိသော မိုးကြိုးသခင် သုံးလူ့ရှင်ဟု အနက်ရ၏။ ထိုမင်းလက်ထက်၌ မွန်တို့ ထကြွပုန်ကန်လျက်ရှိသဖြင့် အောက်မြန်မာနိုင်ငံ၌ ဆူပူလျက်ရှိစဉ် ထိုမင်း နန်းသက်ကုန်ခဲ့ရဟန်ရှိ၏။ ထိုမင်းကို **ထိလိုင်မင်** က အေဒီ ၁၀၈၄ တွင် ဆက်ခံပါသည်။

**ထိလိုင်မင်** သည် **ရာဇကုမာ** ကျောက်စာအရ အေဒီ ၁၀၈၄ တွင် မင်းဖြစ်၍ ရွှေစည်းခုံကျောက်စာကြီးအရ နောင်နှစ်နှစ်ကြာမှ ဘိသိက်မင်္ဂလာပြုသည်ဟု ယူရပေသည်။ ယင်းကို အများအားဖြင့် ကျန်စစ်သားဟု အသိများရာ နောက်ပိုင်း ကျောက်စာအချို့ကိုမှီး၍ **ကလန်စစ်သား** ဟူသောစကားမှာ ရွေ့လျောလာအံ့ဟု တွေးထင်စရာရှိသော်လည်း စစ်မှုထမ်းကို စစ်သားဟု ခေါ်ခြင်း



သည် နှောင်းခေတ်တွင်မှဖြစ်သဖြင့် ထိုသို့ယူရန် သင့်အံ့မထင်။ မြန်မာကျောက်စာများ၌ ယင်းကို **ထိလိုင်မင်း** ဟု ယခုဝမ်းတွင်းမြို့နယ် ထီးလှိုင်ရွာကိုစွဲ၍ ခေါ်မည်ထင်သည်။ ဘွဲ့တော်ကား ဂြိတြိဘုဝနာဒိတျ **ဓမ္မရာဇ** ဖြစ်၍ ကျက်သရေရှိသော သုံးလောကနေမင်းတရားဟု အနက်ရသည်။ ထိုမင်း ထားခဲ့သော ကျောက်စာအားလုံးသည် မွန်ဘာသာဖြင့်သာ ရေးထိုးပြီးရှိ၏။ ရွှေစည်းခုံကျောက်စာကြီး၌ ထိုမင်းကိုချီးပ၍ ပြောဟန်ကား ထိုမင်းသည် ယခင်ဘဝက "ဂြိကွေ့တြ" ကို တည်ထောင်ခဲ့၍ ဗိဿနိုးနတ်မင်းကြီး ဝင်စားသူဖြစ်သည်။ သို့သော် ယင်းကျောက်စာ၌ပင် ထိုမင်းလက်ထက်၌ ပုန်ကန်ထကြွမှုရှိပုံ၊ နှိမ်နင်းရန်နှင့် ဆူပူမှုများအပြီး၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ရပုံတို့ကို အမြွက်မျှဖော်ပြထားသည်ကို တွေ့ရ၏။ စောလူးကျဆုံးသည့် ငရမန်ကန်းသူပုန်ကို ဆိုလိုဟန်ရှိ၏။ ဘုရင်အဖြစ်ဖြင့် စိုးမိုးစဉ် အများပြည်သူတို့ကို သာယာဝပြောအောင် သတိပြုလျက် အုပ်ချုပ်ပါမည်ဟူ၍လည်း ထိုကျောက်စာ၌ ကတိပြုထားသည်ကို ဖတ်ရပါသည်။ နောက်ပိုင်း၌ ထိုမင်း၏ဘွဲ့တော်သည် ဂြိတြိဘုဝနာဒိတျဓမ္မရာဇရာဇာ ပရမိသွရဗလစက္ကဝရ် ဟူ၍ တိုးပွားလာပြီး ကျက်သရေရှိသော သုံးလောကနေမင်းဘုရားသခင်အဆူဆူသော မင်းတို့အရှင် ဘဝရှင်ဖြဲ့ပပေါးမင်းကြီးဟု အနက်ရပေမည်။ ယင်းကျောက်စာတို့၌ မည်သည့်နေရာတွင်မှ **အနိရုဒ္ဓ** နှင့် အမျိုးတော်စပ်ပုံကို မဖော်ပြပါ။ အဖဘက်မှ **အာဒိစ္စဝံသ** နေမျိုးဖြစ်သည်ဟူ၍ ပါရှိပါသည်။

ထိုမင်းလက်ထက်၌ ကောင်းသောအစီအရင်များစွာ ပြုခဲ့သည်ဟု ယုံမှတ်ခြင်းရှိကြ၏။ ဘုရင့်အမိန့်နှင့် စိုက်ပျိုးရေးအလို့ငှာ ကန်ဆည်ခြင်း၊ တူးခြင်းများပြုခဲ့၏။ မွန်တို့ဒေသ၌ ပျက်လေသော ဘုရားတစ်ဆူကို ၁၆၊ ဧပြီ၊ ၁၀၉၈ တွင် ပြင်ဆင်ခဲ့၏။ ဘုန်းကြီးကျောင်းတည်၍ အစဉ်အထောက်အပံ့ရစေရန် လယ်ယာမိုးမြေလှူ၏။ ပိဋကတ်ကို စစ်ဆေးသုတ်သင်၍ တစ်စုံကူးစေ၏။ ဗုဒ္ဓဂယာ၌ ပျက်စီးယိုယွင်းရှိသည်များကို ပြုပြင်ရန် တမန်တို့ကို စေ၏။ စိုက်ပျိုးရေးအလို့ငှာ ဆည်များ၊ ကန်များပြုစေ၏။ သီချင်း၊ ကချင်း၊ တီးမှုတ်ခြင်းတို့၌ ပြုပြင်တိုးတက်စေ၏။ ရှေးသာသနာအဆောက်အအုံတို့ကို ပြင်စေ၏။ မြို့တော်ရှိ သံဃာတို့အား ပစ္စည်းလေးပါးအလိုပြည့်စေ၏။ မင်းကြီးလှုံ့လဖြင့် တောင်အိန္ဒိယမှ မင်းသားတစ်ပါးကို ဗုဒ္ဓသာသနာတွင် သက်ဝင်ယုံကြည်စေ၏။ ပြည်သူအများ

ကိုလည်း စာရိတ္တကောင်းမွန်လာစေရန် သွန်သင်၏။ သစ်ပင်များ ပြန်လည်စိုက်စေ၏။ ကျေးငှက်နှင့်သားကောင်များကို ဘေးမဲ့ပေးတော်မူ၏။ ခရစ်နှစ် ဒီဇင်ဘာ ၁၁၀၁ ခုတွင် နန်းတော်သစ်ကို တည်ဆောက်ခဲ့သည်။ သစ်သားဖြင့်ဆောက်ဟန်ရှိ၏။ အဘယ်ကြောင့်ဆိုသော် ထိုနန်းတော်ကို ယခု ကျွန်ုပ်တို့ အစအနမျှပင် ရှာ၍မတွေ့ရသောကြောင့်ဖြစ်ပါသည်။ ထိုနန်းတော် ကို ဧပြီ ၁၁၀၂ တွင် လက်စသတ်ပါသည်။ ယင်းနန်းတော်တည်ဆောက်ပုံကို အသေးစိတ်ဖော်ပြသော ကျောက်စာထားရစ်၏။ ထင်ရှားသော အချက်နှစ်ရပ် တွေ့ရသည်ကား ပိသနိုးနတ်မင်းဆိုင်ရာ ပူဇော်ပသပွဲများကို အရေးပေးခြင်းနှင့် အထက်တန်း ချီးမြှင့်အပ်သော ရာထူးဌာနန္တရတို့၌ မွန်လူမျိုးများ ရှိခြင်းပင် ဖြစ်၏။ အခြားစိတ်ပါဝင်စားဖွယ်ဖြစ်သော အကြောင်းတစ်ရပ်ကား ယင်းကျောက်စာ၌ မိရ်မာ (မြန်မာ) ဟူသော ဝေါဟာရကို **မည်** (မွန်) နှင့် **တိရ် စုလ်** (ပျူ?) ဝေါဟာရတို့နှင့်တွဲ၍ ပထမဆုံးအကြိမ တွေ့ရှိရခြင်းပင်ဖြစ်ပါ သည်။ ထိုမင်းရေးထိုးခဲ့သော မည်သည့်ကျောက်စာတွင်မျှ မြန်မာရာဇဝင်တို့၌ ဖော်ပြပါရှိလေ့ရှိသော ကျန်စစ်သား **အနိရုဒ္ဓ** လက်အောက်၌ အမှုထမ်းခဲ့သဖြင့် နာမည်ရပုံနှင့် မင်းပျိုမင်းလွင်ဘဝ အချစ်ဇာတ်လမ်းများ ပေါ်ခဲ့ပုံကို မတွေ့ရပါ။ **ရာဇကုမာရ်** ကျောက်စာတွင် ထိုမင်း၏ဇာတ်သိမ်းကို တွေ့ရပါသည်။

မင်းကြီးသည် ထို **ရာဇကုမာရ်** ကျောက်စာအရ အေဒီ ၁၁၁၂ နှစ် ၁၈ နှစ် ထီးနန်းစိုးစံပြီး နောက်တွင် "သိယ်ခမုနာ" လျက်ရှိပါသည်။ **တိလောကဝဋံသကာဒေဝီ** နှင့် ရသောသားတော် **ရာဇကုမာရ်** သည် နာလျက်ရှိသော အဖအနီးသို့ချဉ်း၍ အဖကိုယ်စားပြုခဲ့သော ကောင်းမှုကုသိုလ်တို့ကို လျှောက်ထားလျှင် မင်းကြီးက "ကောင်လှေင်တေဟ်၊ ကောင်လှေင်တေဟ်" ဟု သာဓု အနုမောဒနာခေါ်ပါသည်။ ယင်းသို့ လိမ်မာလှသည့်သား **ရာဇကုမာရ်** ကို အဘယ်ကြောင့် ထီးမွေမပေးခဲ့ပါသနည်း။ **မှန်နန်း** (အပိုဒ် ၁၃၈–၉) ပါ အကြောင်းပြချက်လည်း ကျေနပ်ဖွယ်မဟုတ်ပါချေ။ ထိုမင်းနန်းရ၍ ၂ နှစ် အကြာတွင် သားအရင်း ပေါ်ပေါက်လာသော်လည်း မြေးကို ထီးမွေပေးပြီး ဖြစ်နေသည်ဟုဆို၏။ ထိုအခြင်းအရာကား အေဒီ ၁၀၈၆ တွင် ဖြစ်ရချေသည်။ သို့သော် မြေးတော်သည် အေဒီ ၁၁၄၅ ခုရေးထိုးသော (ပုံ ၁၁၃) ကျောက်စာအရ ၁၀၈၉ တွင်မှ မွေးဖွားလာသူဖြစ်ရာ ပထမ **စည်သူ** (အလောင်းစည်သူ)



ထီးနန်ရဟန်ကား မတော်တဆဖြစ်ရသည်ဟု ဆိုခြင်းကို ယုံမှတ်ရန် ခဲယဉ်းလှပါသည်။ နိုင်ငံရေးအရ လိုအပ်သဖြင့် သိသိသာသာတွက်ချက်၍ ယင်းသို့ပြုခဲ့ရသည်ဟု ဆိုရအံ့ ထင်သည်။ မင်းကြီးနှင့်တကွ သားတော်ပါ ပုဂံထီးနန်းကို တိုက်ရိုက်စိုးပိုင်ခွင့်ရနိုင်သော မျိုးဂုဏ်အရည်အချင်းမရှိသော်လည်း မြေးတော်ကား ရှေးရိုးမင်းဆက်၏ မင်းသားတစ်ပါးမှ ပေါက်ဖွားသူဖြစ်သဖြင့် နန်းကို ဆက်ခံခွင့်ရှိပါသည်။ ယင်းမင်းသားကား အဘယ်မင်းသားနည်း။ **အနိရုဒ္ဓ**၏မြေး စောယွန်းဖြစ်သည်ဟု **မှန်နန်း** (အပိုဒ် ၁၃၉) ကဆို၏။ သို့သော် အချို့သော ပညာရှင်တို့ယူသည်ကား သထုံနန်းကျ **မကုတ**၏မြေးတော် **နာဂသမ္ဘန်း** ဖြစ်သည်။ (စာရင်း ၃၄၆) ယင်းသို့ယူလျှင် သာသနာရေး အဆောက်အအုံတွင်လည်း မွန်ပုံစံ မင်းတိုင်ပင် ယုံမှတ်ချီးမြှင့်ခဲ့ရသူတို့ လည်း မွန်လူမျိုး ရေးထိုးသမျှ ကျောက်စာကိုလည်း မွန်ဘာသာဖြစ်စေသည့် မင်းကြီး၏ဝါဒနှင့် ကောင်းစွာကိုက်ညီသည်ဟု ဆိုရပေမည်။ သမီးတော်နှင့် **မကုတ** မြစ်တော်ကို ဤသို့စုံဖက်ခြင်းကို ငရမန်ကန်းပုန်စားပုန်ကန်ပြုစဉ်က လုပ်ခဲ့ရဟန်ရှိ၍ နောင်အခါဝယ် မင်းလုပ်မည့်သူကို မွန်ရော မြန်မာပါ မငြင်းနိုင်ကြရလေအောင် ထိုမောင်နှံတွင် မြင်သည့်သားကို နန်းညွှန့်နန်းလျာ ပြုမည် ဟု အာမခံခဲ့ရဟန်ဟူ၏။ ယင်းသို့ဖြင့် ပထမ **စည်သူ** (အလောင်းစည်သူ) ဘွဲ့ခံ မြေးတော်က ထိုမင်း၏ထီးနန်းရိပ်ရာကို ဆက်ခံပါသည်။

ပထမ**စည်သူ** ကား အေဒီ ၁၀၈၉ တွင် မွေးဖွားသူဖြစ်၍ အေဒီ ၁၁၁၃ တွင် ထီးနန်းရပါသည်။ ဘွဲ့တော် **စည်သူ**ကား ပွဲရသူရဲကောင်းအနက် ရသော **ဇေယျသူရ**ကို မြန်မာဆန်ဆန်ခေါ်ခြင်းပင်ဖြစ်၏။ ပုဂံခေတ်လွန်လျှင် ယင်းကို ဘုရားလောင်းပွဲရသူရဲကောင်းဟူ၍ အလောင်းစည်သူဟု တွင်သည်။ ထိုမင်း၏ အခြားသောဘွဲ့အမည်များကား **သက်တစ်ရှည်၊ ရွှေဂူဒါယကာ၊ "ဂြိတိဘုဝနာဒိတျပဝရဓမ္မရာဇ"** (ကျက်သရေရှိသော သုံးလောကနေမင်း မြတ်စွာသော တရားမင်း) တို့ဖြစ်ပါသည်။ ပုဂံရွှေဂူဘုရားအတွင်းနံရံတွင် မြှုပ်ထားသော ပါဠိသင်္ကာရိက် နှစ်မျက်နှာ ကျောက်စာကို ထိုမင်းရေးထိုး၍ ထားခဲ့ပါသည်။ ရွှေဂူကို မေ ၁၇၊ ၁၁၃၁ တနင်္ဂနွေနေ့တွင် စတင်တည်ဆောက်၍ ထိုနှစ် ၁၇ ဒီဇင်ဘာ ကြာသပတေးနေ့တွင် လက်စသတ်ပါသည်။ တိုင်းခန်းလှည့်လည်ကြောင်းများကို အရေးအပြောရှိသော်လည်း ကျောက်စာအထောက်

အထားဟူ၍ မတွေ့ဖူးပါ။ သက်တော်ရှည်ဟူသော ဘွဲ့တော်အရ ၇၇ နှစ်နေရ၍ အေဒီ ၁၁၆၅ တွင် လွန်တော်မူသည်ယူသင့်၏။ အကြောင်းသော်ကား မင်းသစ်သည် အေဒီ ၁၁၆၅ ကစ၍ စိုးစံသည်ဟု ယူနိုင်သောကြောင့် ဖြစ်ပါသည်။ သက်စိုးတောင်ကျောက်စာ (ဓာတ်ပုံ ၆၀ က) တွင် ရှေ့ပိုင်း ပုဂံမင်းဆက်စာရင်း ပါသဖြင့် ပထမစည်သူကို မည်သူဆက်ခံသည်ဟု ပြောနိုင်ကြ၏။

ဆက်ခံသူကား ဣမ်တစ်သျှင် (ရွှေနန်းရှင်) ဖြစ်သည်။ ရှေးမြန်မာစာ၌ ဣမ်တစ်ဟူသည် နန်းတော်ကိုဆိုလိုရကား ယင်းဘုရင်လက်ထက်၌ နန်းတော်သစ်ဆောက်သည်ဟု ယူဆရအံ့ထင်၏။ ယင်းကား ရာဇဝင်ကျမ်းများ၌ နရသူခေါ် ကုလားကျမင်းပင်ဖြစ်ပါသည်။ နိုင်ငံခြားသားများလာ၍ လုပ်ကြံခြင်းကို ခံရသည်ဟု အဆိုရှိရာ အဘယ်ပြည်သားတို့နည်းဟု မေးဖွယ်ရှိ၏။ မှန်နန်း (အပိုဒ် ၁၄၂) တွင် ပဋိက္ကရားမှ ကုလားများဟု ဖော်ပြသည်။ သို့သော် စူဠဝံသ (ဒုတိယတွဲ၊ မျက် ၆၄–၇၀) အဆိုအားဖြင့် ပထမ **ပရာကြမဗာဟု** (၁၁၆၄– ၁၁၉၇) သည် **အာဒိစ္စ** ကို အမှူးအချုပ်ထား၍ မြန်မာနိုင်ငံသို့ စစ်ထွက်စေရာ နိုင်ငံကို အလိုတော်ပြည့်၍ မင်းကိုလည်း သတ်ရသည်ဟူ၏။ သီဟိုဠ်ကုလားသတ်သည်ဖြစ်စေ၊ ပဋိက္ကရားသတ်သည်ဖြစ်စေ၊ ထိုမင်းကား နိုင်ငံခြားသားလက်ချက်ဖြင့် အနိစ္စရောက်သည်ဟု ယူရပေသည်။ ဖော်ပြခဲ့ပြီးသော သက်စိုးတောင် ကျောက်စာကျေးဇူးကြောင့် ထိုမင်းကို ဒုတိယ **စည်သူ** ဆက်ခံသည်ဟု သိရပါသည်။ ကုလားကျမင်းနှင့် ဒုတိယ**စည်သူမင်း** တို့ နှစ်ဦးအကြား၌ ရာဇဝင်ကျမ်းများတွင် ဖော်ပြသကဲ့သို့ မင်းယဉ်နရသိင်္ခ (၁၁၇၁–၄) ဟူသည့် မင်းတစ်ပါးမရှိပါ။ ဤအချက်ကို အောက်ပိုင်း၌ ထင်ရှားစေပါသည်။

ဒုတိယစည်သူ နန်းဆက်သည်မှစ၍ မြန်မာပိုင်းပုဂံယဉ်ကျေးမှုခေတ်ဖြစ်သည့် ခေတ်သစ်သို့ ရောက်ပါသည်။ မွန်သြဇာကိုဖယ်ရှား၍ မြန်မာဆန်လိုသော ဆောင်ရွက်ချက်များ အင်တိုက်အားတိုက်ပေါ်လာသည်ကို တွေ့ရ၏။ **ထီလိုင်မင်း** ပျံတော်မူသည့် အေဒီ ၁၁၁၃ အထိ ကျောက်စာရေးထိုးရန် မွန်ဘာသာ တစ်ခုတည်းကိုသာ သုံးစွဲခဲ့ကြောင်း တွေ့ခဲ့ကြရပြီ။ ထို့နောက် အေဒီ ၁၁၁၃ မှ ၁၁၇၄ အထိ ကြားကာလ၌ မွန်၊ ပါဠိ၊ သင်္ကရိုက်၊ ပျူနှင့် မြန်မာဘာသာတို့ကို သုံးစွဲကြ၏။ မြန်မာတစ်ဘာသာတည်းကို သုံးစွဲခြင်းကား အေဒီ ၁၁၇၄ မှ စခဲ့ပါသည်။ ဘာသာစကားပြောင်းခြင်းနှင့်အတူ ရေးသားပုံလည်း ပြောင်း



လဲ၏။ မြန်မာတို့ကား စာပေ စတင်ရေးသားရာ၌ ရိုးရိုးနှင့် လိုရင်းပေါက်အောင် ရေးသည်။ အဖွဲ့အနွဲ့မပါ။ အဆောက်အအုံတွင်လည်း မွန်ပုံစံကို အစားထိုးရန် ပုံစံသစ်ပေါ်လာ၏။ ယင်းအပြောင်းအလဲကို ပါမောက္ခ ဂျီအိပ်ချ်လုစ် ကောင်းစွာ သရုပ်ပါအောင် ဖော်ပြပြီးဖြစ်၏။

မြန်မာတို့ကား ထိုခေတ် မွန်တို့နှင့်မတူ၊ အတွေးအခေါ်၊ အမူကိစ္စ ပြီးပြတ်သည်သာ လိုရင်းဟု ယူဆသူများတည်း။ အရေးအသား၌ ကဗျာ မသုံး၊ စကားပြေသာရေး၏။ နှောင်းခေတ် မြန်မာများနှင့် အလွန်ခြားနားဟန်ကား အချဲ့အထွင်အကဲအမိုးမပါ၊ ရိုးရိုးပင် ဖော်ပြရေးသားကြသည်။ ဘုရားကျောင်းများ၌ မွန်တို့ သုံးစွဲလေ့ရှိသော ကြည်ညိုစိတ်ကို ယိုဖိတ်စေသည့် အလင်းရောင်မှုန်မှုန်၊ စကြာမှောင်မှောင်၊ ဆေးရေးအဆင်းရင့်ရင့်တို့ကို မကြိုက်ပါ။ အဆောက်အအုံပုံစံကို နည်းမှီးရသော်လည်း မှောင်သဖြင့် လင်းနို့တို့ခိုအောင်းရာ ဂူတို့နံပါး၌ ကြီးစွာသော တံခါးများဖောက်ထုတ်၍ နေရောင်များစွာဝင်စေလျက် ဆေးရေးခြယ်တွင်လည်း အရောင်စပ်ပုံနှင့် ပုံစံထုတ်ပုံတို့၌ ပိုမိုတောက်ပရွှင်ပျပါသည်။ (မြန်မာသုတေသနအသင်း စာစောင် အတွဲ ၂၂၊ အမှတ် ၃၊ မျက် ၁၂၀–၂)

မဟာမင်းလှကျောက်စာ (စာရင်း ၇၁၅) တွင် အေဒီ ၁၁၇၄ ၌ စည်သူမင်းကြီး ရွှေတောင်တက်၏ဟု အတိအကျပါသည်။ ဒုတိယ**စည်သူ**၏ မိဖုရားတို့အနက် ခြောက်ဦးကိုသာ အမည်ဖြင့်သိရသည်။

၁။ "တောင်ပွင့်သည်" တောင်နန်းစံ။

၂။ "မြှစ်ပွင့်သည်" မြောက်နန်းစံ။

၃။ စဝ်မြကန်သည် မြကန်မိဖုရားစော။

၄။ ဝဋံသိကာ "ဦးဆောက်ပန်" ထိပ်ခေါင်တင်မိဖုရား။

၅။ စဝ်အလွှမ် ထိပ်ထားမိဖုရားစော။

၆။ ဝေလုဝတိ ဝါးမိဖုရား။

ယင်းတို့အနက် စဝ်မြကန်သည်ကား အရေးပါအရာရောက်ဆုံးဖြစ်ဟန်တူ၏။ ထိုမိဖုရားသားတော် နာတောင်မျာက ဒုတိယစည်သူ၏ ထီးနန်းရိပ်ရာကို ဆက်ခံပါသည်။ မင်းကြီးလက်တွင် ခူနာပေါက်၍ မိဖုရားက ကြင်နာစွာပြုသည့် အများပြောဝတ္ထုကား ဖြစ်နိုင်မည်မဟုတ်ပါ။ မင်းကြီး၏သားတော်

တို့အနက် ထိုမင်းသားသည် အငယ်ဆုံးဖြစ်သော်လည်း အမိကို မင်းကြီးမြတ်နိုးလှသဖြင့် လိုရာဆုတစ်ခုကို ပြုတော့ဟုခွင့်ပြုရာ သားတော်ကလေးအတွက် ထီးမွေတောင်းခဲ့၏။ ကျောက်စာအကိုးအကား၌ နာတောင်မျာသည် အငယ်ဆုံးသော သားမဟုတ်ကြောင်းပြ၏။ အောက်ပိုင်း၌ ထပ်၍ရှင်းပြပါဦးမည်။ မင်းကြီး၏မောင်းမတို့တွင် နှစ်ဦးသာသိပါသည်။ ယင်းတို့ကား **အပြောင်တတ် စောမင်းလှ**နှင့် **မောင်မခင်မိငယ်** တို့ဖြစ်၏။ ဒုတိယ **စည်သူ** တွင် သားသမီးများစွာ ရှိရမည်ဖြစ်ရာ **နာတောင်မျာ**နှင့် မင်းသမီး **အစဝ်မင်လှ** တို့ကား မိဖုရား **မြကန်** သည်တွင်မြင်၏။ **ရာဇသူရ၊ ဂင်္ဂသူရ** နှင့် "ပျံခိ" တို့ကား **ဝဋံ့သိကာ** တွင်မြင်၏။ မင်းသမီး **သတ္တိကာမိ**ကား မိဖုရား **စဝ်အလွမ်** တွင်မြင်၏။ အမိအမည်ကို မသိရသေးသော မင်းသားမင်းသမီးတို့ကား **ကြံသိုင်ကြိ၊ သိဃ်ပိစည်** နှင့် "ဗုဒ္ဓသူရ" မယားတို့ဖြစ်ပါသည်။ ဒုတိယ **စည်သူ** ကို **နာတောင်မျာ** က ၁၈၊ ဩဂုတ်၊ ၁၂၁၁ တွင် ဆက်ခံသည်။

**နာတောင်မျာ** သို့မဟုတ် **နာတောင်သခင်** ကား ရာဇဝင်များ၌ ဖော်ပြပါရှိသော နန်းတောင်များပင်ဖြစ်၏။ အမိဖြစ်သူက သားအတွက် ထီးမွေကို ပူဆာလွန်းသဖြင့် ယင်းအမည်ကိုရသည်ဟု ဆိုသည်။ ပူဆာသဖြင့် ရပြန်သောအခါ၌ အခြားပြည့်ရပိုက်သော အမေပေ့အမေပေ့ နောင်တော်များက ပေါ့ပြန်ပေ နှစ်သက်သည်ဟုလည်း ဆိုပြန်သည်။ ဒုတိယ**စည်သူ**၏သားတို့တွင် ယင်းကား အငယ်အနှောင်းမဟုတ်၊ ထို့ပြင် အခြားမင်းသားတို့ ပုန်ကန်သည်ဟူ၍ သက်သေပြနိုင်သဖြင့် ထိုဝတ္ထုသွားသည် ယုတ္တိမရှိနိုင်တော့ပါ။ မျိုးရိုးအားဖြင့် ထီးမွေနှင့် ပို၍နီးစပ်သော **ဝဋံ့သိကာ**၏ သားတော်သုံးပါးကိုကျော်၍ အရိုက်အရာကို ဆက်ခံခြင်းဖြစ်၏။ အပြောအဆို သိမ်မွေ့ရည်မွန်သဖြင့် တစ်ဖက်ကလည်း အလိမ်မာသုံး၍ အညွှံခံလိုက်ကြဟန်ရှိသည်။ "ပျံခိ" တစ်ဦးတည်း၊ သို့မဟုတ် အားလုံးပင် သူတို့အမြင်အားဖြင့် နန်းလုသူဖြစ်သော **နာတောင်မျာ**ကို ပယ်ရှားရန် ကြံစည်အားထုတ်လျက်ရှိကြ၏။ နောက်ဆုံးတွင် မင်းသား **သိဃ်ပိစည်** နောင်အခါ ၁၂၃၅ ၌ ဘုရင်ဖြစ်လာသော **နာတောင်မျာ**၏သားငယ် "ဣစ္စာ" တို့နှင့်ပူးပေါင်း၍ **ပျံခိ** သူပုန်ထသည်။ သူပုန်တို့ အမှန်ပင် အရေးရှုံးနိမ့်၍ **ပျံခိ**နှင့် **သိဃ်ပိစည်** တို့ အကွပ်အမျက်ခံရဟန်ရှိ၍ (အမည်မသိသော) "ပျံခိ" သားမင်းသားနှင့် "ဣစ္စာ" တို့ကိုကား ငယ်ရွယ်သူများဖြစ်သဖြင့် အပြစ်



မှ ခွင့်လွှတ်ခဲ့ဟန်တူပါသည်။ ထိုအခါမှစ၍ **ရာဇသူရ**နှင့် **ဂင်္ဂသူရ**တို့သည် **နာတောင်မျာ**အပေါ်တွင် သစ္စာရှိစွာ အမှုထမ်းခဲ့ကြပုံရ၏။ "ဣစ္စာ" လက်ထက်၌ ယင်းတို့နှစ်ယောက်သည် အမတ်လေးပါးနှင့်တွဲ၍ သာသနာမြေများကို မှန် မမှန် စစ်ဆေးရေးအဖွဲ့တွင် ပါဝင်ခန့်ထားခြင်း ခံရသည်ကို တွေ့ရ၏။ ထိုအဖွဲ့ခန့်ထားစဉ်က ယင်းတို့ကို **မင်ဖထုယ်** ဟု ဖော်ပြသဖြင့် ယင်းတို့ကား ထိုအခါက မင်းဖြစ်သော "ဣစ္စာ" ၏အဖ **နာတောင်မျာ**၏ညီငယ်များဖြစ်သည်ဟုသိရ၍ **နာတောင်မျာ** သည် ဒုတိယ**စည်သူ**၏သားတို့အနက် အကြီးဆုံးဟု မပြောနိုင်သော်လည်း အကြီးတို့တွင် အဝင်အပါဖြစ်၍ အငယ်ဆုံးမဟုတ်ကြောင်း တစ်ထစ်ချဆုံနိုင်ပါသည်။ ထို့အတူ ထိုမင်း၏ အခြားအမည်တစ်ဦးဖြစ်သော ထီးလိုမင်းလိုလည်း မမှန်နိုင်ပါ။ ထိုမင်းသည် ပုဂံမင်းတို့အနက် ပထမဆုံး **ဥစ္စာနာထ** ဟူသောအမည်ကို ခံသူလည်းဖြစ်၏။ **ဥစ္စာနာထ**ဟူသည် မြင့်မြတ်သော ကိုးကွယ်ရာပုဂ္ဂိုလ်ဟူသောဘွဲ့မှ ဆင်းသက်လာဟန်ရှိ၍ ပိဿနိုးနတ်မင်း၏ ဘွဲ့တော်တစ်ပါးဖြစ်သော **ဥစ္စာဒေဝ**နှင့် ဆင်ဆင်တူ၏။ ဘွဲ့တော်ရင်းကား **"ဂြိတြိဘဝနာဒိတျပဝရဓမ္မရာဇ"** ဖြစ်၍ (ပထမ**စည်သူ**၏ဘွဲ့နှင့် ထပ်တူဖြစ်သည်) ကျက်သရေရှိသော သုံးလောကနေ မင်းမြတ်စွာသော တရားမင်းအနက် ရသည့်ဘွဲ့တော်ဖြစ်ပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အမိကား မြကန်မိဖုရားစောဖြစ်၍ နှမတော်ကား **အစဝ်မင်လှ**ဖြစ်ပါသည်။ ငယ်စဉ်က စာသင်ပေးသော ရဟန်းကို မင်းအဖြစ်သို့ရောက်လျှင် **ဓမ္မရာဇဂုရု**ဟု ဘွဲ့တော်ဆက်ကပ်သည်။ ထိုရဟန်းကား အောက်မြန်မာနိုင်ငံ ဒလအရှေ့ **မောလညာ**ရွာသားဖြစ်ကြောင်း တွေ့ရ၏။ မွန်လူမျိုးဖြစ်ရန် အကြောင်းများ၍ မွန်ဖြစ်ခဲ့သော် ပုဂံနန်း၌ မွန်ဩဇာကို ပယ်ဖျောက်ရန် အားစိုက်လျက်ရှိသည် ဆိုရလင့်ကစား မွန်များ အကြံပေးအတိုင်ပင်ခံဆရာများ ဖြစ်လျက်ရှိသေးသည်ဟု မှတ်ယူကြရန်ဖြစ်ပါသည်။ **နာတောင်မျာ** ထီးနန်းဆက်ခံသည်ကိုဖော်ပြပြီးသည့်အတိုင်း အပြိုင်အဆိုင်မကင်းပါ။

နန်းတက်စ၌ အမိကွဲသော ညီနောင်များဖြစ်သည့် **သိဃ်ပိစည်**နှင့် **ပျံခိ**တို့ သူပုန်ထခဲ့၏။ သားငယ် "ဣစ္စာ" ပင်လျှင် ရန်သူနှင့်ပူးပေါင်းသည်ကို တွေ့ရသည်။ သူပုန်ရန်ကို နှိမ်နင်းရာ၌ အမတ်ငါးဦးကို အားကိုးအားထားပြုခဲ့ရ၏။ ဆုပူမှုများမရှိတော့သည့်အခါ၌ မိမိသားနှင့် **ပျံခိ**သားကို ခွင့်လွှတ်၍

အမတ်ငါးပါးအား တစ်ပါးလျှင် မြေပယ်ခုနစ်ရာစီ **ရယ်ဆု** (ရဲဆု) ပေးတော်မူ၏။ အမတ်များကား **အသချိ၊ အနန္တသူ၊ အသဝတ်၊ ရာဇသင်္ကြိ**နှင့် **စတုရင်္ဂသူ**တို့ဖြစ်ပါသည်။ **အနန္တသူ**ကား **နာတောင်မျာ**၏ **မဟာသေနာပတိ** ဖြစ်၏။ အမတ် **အသဝတ်** (အဂ္ဂဝတ္တာမ) သည် (စစ်မှုရေးရာမှလွဲ၍) အုပ်ချုပ်ရေးတာဝန်တွင် "အကွံတင်သောမင်မတ်" မော်ကွန်းထိန်းအမတ်ကြီးဖြစ်ပါသည်။ အမတ် **ရာဇသင်္ကြိ**ကား **နာတောင်**ခေတ်၌ ထင်ရှားသော တရားသူကြီးဖြစ်၏။ နောင်မင်းများလက်ထက်၌ အရေးအပါဆုံးသော အမတ်ကြီးဖြစ်လာဟန်ရှိသည်။ အမတ် **စတုရင်္ဂသူ** လည်း တရားသူကြီးဖြစ်၍ တွဲဖက်ရသော တရားသူကြီးများကား **မဟာသမန်၊ ကင်ကဖိရ်၊ အတူလက္ခသဝိရ်**နှင့် **နာရိင်တသူ** တို့ဖြစ်၏။ ထိုမင်းလက်ထက် အခြားအရေးပါသော အရာရှိမှာ **သံဗျင်ဓေယျပွတ်၊ ဓေယျပဝတ္တတိ** ခေါ် ပုဂံအရှေ့ဖွားစောရွာမှ ဓေယပွတ်ဘုရားဒါယကာဖြစ်၏။ ယင်းစေတီကျောက်စာ (ဓာတ်ပုံ ၉၀) တွင် **နာတောင်မျာ** သည် ၁၈၊ ဩဂုတ်၊ ၁၂၁၁ တွင် နန်းတက်၍ "ကျစွာ" သည် ၁၉၊ ဇူလိုင်၊ ၁၂၃၅ တွင် နန်းတက်သည်ဟု ဖော်ပြပါရှိပါသည်။ "ဓေယျပွတ်" ၏ အပေါင်းပါ အရာရှိလေးဦးမှာလည်း **"သတျာ"၊ "စင်ကြယ်"၊ "ကြံမဖတ်"၊ "သိရိက္ကန္ဒြပိစည်"** တို့ဖြစ်ကြောင်း ထိုကျောက်စာကပင် ဖော်ပြပါသည်။ ထိုမင်းလက်ထက်မှာပင် လွှတ်တော်ဟူ၍ အဖွဲ့အစည်းတစ်ခု ပေါ်လာဟန်ကို အများကပင် ယုံကြည်ပြောဆိုလျက်ရှိပါသည်။ ဘုရင့်နောင်တော်လေးပါးသည် နေ့စဉ်တွေ့ဆုံ၍ တိုင်းရေးပြည်မှုကို ဆောင်ရွက်ကြသဖြင့် လွှတ်တော်နှင့် ဝန်ကြီးလေးပါး ပေါ်လာရသည်ဟု ဆို၏။ သို့သော် ယခု ကျွန်ုပ်တို့လေ့လာနေသော ခေတ်၏ ကျောက်စာအားလုံး၌ လွှတ်တော်ဟူသော ဝေါဟာရကို ဖော်ပြရေးသားထားသည်ကိုလည်း မတွေ့စဖူးသည့်ပြင် အထက်တွင် ဖော်ပြပြီးသည့်အတိုင်း **နာတောင်မျာ**၌ အမတ်ငါးပါးရှိ၍ တစ်ပါးမှ သူနှင့်ညီအစ်ကိုတော်သူမပါပါ။ ရာဇဝင်ကျမ်းများ၌ ထိုမင်းကို ဆက်ခံသူမှာ ကျစွာဖြစ်သည်ဟု ဖော်ပြ၏။ သို့သော် ကျွန်ုပ်တို့တွေ့ရသည်ကား ဆက်ခံသူမင်းမှာ **နရသိင်္ဃဥစ္စနာ** ဖြစ်ပါသည်။

ရာဇဝင်ကျမ်းများ၌ ကုလားကျမင်းကို မင်းယဉ်နရသိင်္ခ (၁၁၇၁-၄) ဆက်ခံသည်ဟု တွေ့ရ၏။ (ဒေါ်မြသန်း "ပုဂံဆက်ခေတ်ဦးမင်းအချို့" မြန်မာသုတေသနသင်း ဂျာနယ်အတွဲ ၂၂၊ အမှတ် ၁၊ မျက် ၁၂၈-၃၁ ကြည့်)



သို့သော် ကုလားကျနှင့် ဒုတိယ**စည်သူ**တို့အကြား၌ မည်သည့်မင်းကိုမျှ မတွေ့စဖူးပါ။ စင်စစ် ထိုကျမ်းတို့သည် **နာတောင်မျာ**နှင့် "ကျစွာ" ကြား၌ **နရသိင်္ဃဥစ္စနာ** ဆိုသော မင်းတစ်ပါးကို ဖော်ပြခြင်းမပြုကြပါ။ အဘယ့်ကြောင့်ဆိုသော် ယင်း **နရသိင်္ဃ**ကို ဆိုင်ရာတွင် မထည့်သွင်းမူ၍ ကုလားကျကို ဆက်ခံသည်ဟု ရေးသဖြင့် တကယ်အုပ်စိုးရသည်ထက် အနှစ်ခြောက်ဆယ်စော၍ နန်းတက်နေရရှာသည်။ **မင်းယန်**ဆိုသူကိုလည်း သက်ဆိုင်ရာဖြစ်သည့် အေဒီ ၁၂၅၆ တရုတ်ပြေးမတိုင်မီ ထည့်သွင်းနိုင်ရန်မစွမ်းသဖြင့် **နရသိင်္ဃ**အမည်တွင် ရှေ့ကဆောင်းလျက် မင်းယဉ် **နရသိင်္ဃ**ဟူ၍ ပေါ်လာရ၏။ **မင်းယန်**လည်း တကယ်အုပ်စိုးရသည်ထက် ရှစ်ဆယ့်ငါးနှစ်စော၍ ရှင်ဘုရင်ဖြစ်ရရှာသည်။ ကျွန်ုပ်တို့ကမူ "ဂြိတြိဘဝနာဒိတျပဝရဓမ္မရာဇဒါနပတိ" ခေါ် ကျက်သရေရှိသော သုံးလောကနေမင်းဖြစ်သော တရားမင်းထက် မင်းပေးကမ်းစွန့်ကြဲခြင်းအရှင်ဟု အနက်ရသော ဘွဲ့တော်ရှိ **နရသိင်္ဃဥစ္စနာ**သည် **နာတောင်မျာ**၏ သားတော်ဖြစ်၍ ထီးနန်းကိုဆက်ခံသူဖြစ်ကြောင်း တိတိပပပြောနိုင်ပါသည်။ **နာတောင်မျာ**သည် ၁၂၁၁ ခု၌ မင်းဖြစ်၍ အနှစ် ၂၀ မျှ အုပ်စိုး၏။ ကျောက်စာတစ်ခု (ဓာတ်ပုံ ၆၇) ၌ (အမည်ဖတ်မရသော) မင်းတစ်ပါးသည် အေဒီ ၁၁၃၁ ၌ ကောင်းမှုပြု၍ ညီငယ် "ကျစွာ" အား အမျှဝေကြောင်း တွေ့၏။ "ကျစွာ" ကား ၁၂၃၅ ခု၌ မင်းဖြစ်သူတည်း။ ထို့ကြောင့် "ကျစွာ" ၏ နောင်တော်ဖြစ်၍ ယင်းထက်အရင်မင်းဖြစ်သူ **နရသိင်္ဃဥစ္စနာ**သည် အေဒီ ၁၂၃၁ မှ ၁၂၃၅ အထိ အုပ်စိုးခဲ့သည်ဟုဆိုလျှင် ဖြစ်နိုင်ပါသည်။ **နရိသင်္ဃဥစ္စနာ**၏ မိဖုရားများအနက် **မိဖုရားစာဝ်**နှင့် **မိဖုရားဖွာဇဝ်**တို့၏ အကြောင်းကို အနည်းငယ်သိရှိ၏။ **မိဖုရားစာဝ်**ကား မိဖုရားခေါင်ဖြစ်၍ **သိင်္ဃပတိ "တျာဖျာ"** နှင့် "အစဝ်လတ်" တို့၏မိခင်ဖြစ်သည်။ သို့သော် မိဖုရား **ဖွာဇဝ်** က ပို၍ အရေးပါအရာရောက်ဟန်ရှိ၏။ အကြောင်းသော်ကား နောင်အခါဝယ် ယင်းမိဖုရား၏ သားတော်သည် ဘုရင်ဖြစ်လာသောကြောင့်ဖြစ်၏။

ထိုမိဖုရားသည် "ငါလင်သခင်မင်ကြီ"၊ "ငါသာမင်ကြီ"၊ "ငါ့မွယ်မင်ကြီ" ဟူ၍ ဖော်ပြပြောဆိုလေ့ရှိရာ မင်းသုံးဆက်ဖြစ်သော "နရသိင်္ဃဥစ္စနာ"၊ "ဥစ္စနာ"၊ "တရုတ်ပြိယ်" တို့ကိုညွှန်း၍ ပြောဆိုနေခြင်းဖြစ်သည်။ "နရသိင်္ဃဥစ္စနာ"၏ မိဖုရားကြီးမှ မွေးသော "သိင်္ဃပတိ" နှင့် "တျာဖျာ" သားတော်နှစ်ယောက်ကို

အဘယ့်ကြောင့် ထီးမွေမှ လုံးဝပစ်ပယ်၍ထားရသည်ကို ကြံဆ၍ မရနိုင်ရှိပါသည်။ နောက်ဆက်ခံသောမင်းကား ဘုရင့်ညီတော် "ဏ္လစွာ" ဖြစ်ပါသည်။

"ဏ္လစွာ" ကို "စဝ်ကြီ" ဟူ၍လည်း ခေါ်ကြ၏။ ထိုမင်း၏ အမိမည်သူဖြစ်သည်ဟု မသိရပါ။ မင်းသားငယ်ငယ်ကပင် အမိဆုံးသဖြင့် **"ငါမိကိုဝ်ကာ ငါမသိလိုက်" ငါမိထုယ်မုယ်ရုယ်ငါကြီအေ်** ဟုပြောကြောင်း ကျောက်စာတစ်ခု (ဓာတ်ပုံ ၁၈၁) ၌ ဖော်ပြပါရှိသည်။ နန်းတက်စဉ်ကလည်း မလိုသူတို့ ပေါ်ခဲ့ဟန်ရှိ၏။ နန်းရ၍ တစ်နှစ်မပြည့်မီ ၁၂၃၆ ဇွန်လ၌ မင်းသား**သီရိဝဍ္ဍနာ**နှင့် မင်းသား **သိဃ်ပိကြဲ**တို့ သူပုန်ထ၏။ (ဓာတ်ပုံ ၂၃၄ ကြောင်းရေ ၃၁၊ ၄ ကြည့်) ပုန်ကန်ခြင်းကား မအောင်၊ **သိဃ်ပိကြဲ** ကို ခွင့်လွှတ်တော်မူသည်။

"ဏ္လစွာ"ကို ပုန်ကန်သောအခါ၌ ဘုန်းတော်ကြီးနှစ်ပါး ပါဝင်ကြောင်းသိရ၏။ (ဓာတ်ပုံ ၁၀၂၊ ကြောင်းရေ ၂၄-၆) နိုင်ငံရေးတွင် ဘုန်းတော်ကြီးတို့ ပါဝင်ပုံကို ပထမဦးဆုံး တွေ့ရဖူးခြင်းပင်ဖြစ်ပါသည်။ ယင်းတို့ကိုလည်း ခွင့်လွှတ်တော်မူသည်။ အခြားဘုန်းတော်ကြီးအချို့နှင့်ကား ဘုရင်သည် မြေမှုစကားများရ၏။

သာသနာမြေများ တစ်ကြိမ်ထက်တစ်ကြိမ် များပြားလာသဖြင့် အခွန်တော်ဆုံးရှုံးရကား "ဏ္လစွာ" သည် များစွာပူပန်မိဟန်ရှိ၏။ ထို့ကြောင့် ဘုရင်ဖြစ်လျှင်ဖြစ်ချင်း ယင်းဆောင်ရွက်သည့်ကိစ္စများအနက် သာသနာမြေများကို သိမ်းယူရန်အားထုတ်ခြင်းများလည်း ပါသည်။ (ဓာတ်ပုံ ၉၀) တပရင်းမှ တောကျောင်းကိုယ်တော်တို့က ကန့်ကွက်ရာ စုံစမ်းရေးအဖွဲ့ဖွဲ့၍ စစ်ဆေးစေ၏။ ဆရာတော်တို့မှန်ကန်ကြောင်း အစီရင်ခံခဲ့၏။ ဤသို့ကြုံရခဲ့သည်။ အခြားသာသနာမြေများစွာကိုကား သိမ်းယူပေသည်။ သို့သော် ထုံးတမ်းစဉ်လာအရ ပြုထိုက်သည်ဟူ၍ "ဏ္လစွာ" တစ်သက်၌ လယ်မြေများစွာကို သာသနာတွင် လှူရပေဦးမည်ဖြစ်၍ အချို့လည်း သာသနာရေးလက်တွင်းသို့ ပြန်၍ ရောက်ရှိသွားဖွယ်ရှိပါသည်။ နန်းရပြီးလျှင်ပြီးချင်း (ဓာတ်ပုံ ၁၀၂) မြေများစွာ လှူတော်မူ၍ ဘိသိက်ပွဲ၌ ဆောင်ရွက်သည်ဟု ယူဆရန်ရှိသည့် ဗြဟ္မဏတို့ကိုပင် **မြေပယ်** တစ်ရာလှူပေသေး၏။ ထိုမင်းလက်ထက် အေဒီ ၁၂၃၇ နှင့် ၁၂၄၈ ခုနှစ်များအကြားဝယ် **သုဗူတိစန္ဒ** နှင့် **ဓမ္မသိရိ** ရဟန်းတော်တို့သည် ပညာရေးနှင့်



ပတ်သက်၍ သီဟိုဠ်သို့ ကြွရောက်ကြသည်။ (ဓာတ်ပုံ ၃၀၂) ထိုရဟန်းတို့ သီဟိုဠ်မှပြန်လာသည်တွင် သာသနာသုတ်သင်ရေး ဆောင်ရွက်ချက်များ ပျံ့နှံ့လာတော့သည်ဟု ယူဆသင့်သည်။ ထိုမင်းလက်ထက် အရေးပါဆုံးသောအမတ်ကား **မဟာသမန္တ**ဖြစ်ရာ ယင်းသည် အမတ်ကြီးလည်းဖြစ်၍ မြောက်ပိုင်းမြန်မာဘုရင်ခံလည်းဖြစ်ဟန်ရှိ၏။ ထို့ကြောင့် ယင်းကို တစ်ခါတစ်ရံ (ဗန်းမော်အနီး) **ကောင်းစင်**ဘုရင်ခံဟု ခေါ်လေ့ရှိ၏။ "ဏ္လစွာ" သည် အုပ်ချုပ်ရေးကိုလည်း တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့သည်။

"ဏ္လစွာ" သည် ၂၂ ရက်၊ ဧပြီလ၊ ၁၂၄၉၊ မေလ ၁ ရက်နှင့် မေလ ၆ ရက် အသီးသီးရက်စွဲပါသော ပြည်တွင်းလူဆိုး သူခိုးများကို ဖြိုခွင်းရန် ရည်သန်၍ အမိန့်ပြန်တမ်းတစ်ခု ထုတ်ခဲ့၏။ ယင်းပြန်တမ်းကို ကျောက်ထက်အက္ခရာတင်၍ အိမ်ခြေငါးဆယ်ရှိသော ရွာတိုင်း၌ စိုက်ထူထားရန် ရည်ရွယ်ရင်းရှိသည်။ ကျောက်စာ ၁၁ တိုင်သာလျှင် ယခုရှာဖွေတွေ့ရှိရပါသည်။ မှန်းထားသည့်အတိုင်းမများစေကာမူ ၁၁ တိုင်ထက်များရန် အကြောင်းရှိပါသည်။ မှန်းခြေအတိုင်းမရှိသည်မှာလည်း ယင်းအမိန့်ပြန်တမ်း ထုတ်ဆင့်ပြီးနောက်မကြာမီပင် ဘုရင်မင်းမြတ် နတ်ရွာစံလားသဖြင့် ဆက်ခံသောမင်းက ပြီးပိုင်အောင်လိုက်၍ မလုပ်သောကြောင့်ဖြစ်ရမည်။ အမိန့်တော်ကား

> သကရစ် ၆၁၁ ခု၊ မြိုက္ကသိုရ်သံဝဆိုရ် ကဆုန်လဆုတ် ၈ ရျက်ကြာသပတိယ်နိယ်။ အတိုဝ်ပုရှာစဝ်ကြီသခင် ဂြိတြိဖဝနာတိတ္တာ ၂၁ ပဝရပဏ္ဍိတ ဓမ္မရာဇာမည်သော ပုရှာရှင်တာဝ်။ ရှိယ်ထုယ်တင်။ ရှိယ်လွန်သော မင်တိုဝ်ကာ။ ခိုဝ်စာသော သူတိုဝ်ကိုဝ်ကာတံကျွင်လှိုဝ်သောကစသော အထူထူသော သတ်ခြင့်လွှင့်၊ သတ်ကုန်ဇအေ်။ ထိုဝ်သိုဝ်သောသတ္တဝါတိုဝ်ကိုဝ်မိမိသကယ်သိုဝ်၊ အောက်မိယ်လတ်ရုယ်၊ ကြင်နာသည်တိုက်လတ်ရုယ်။ ဆိုဝ်သောစကာတော၊ ထိုင်ကြောဝ်ရကာ၊ ရိုဝ်သိယ်သောယုံသောမူရုယ်။ ကြင်နာသည်တိုက်လတ်ရုယ်။ ဆိုင်သောစကာတော၊ ထိုဝ်ကြောဝ်ရကာ၊ ရိုဝ်သိယ်သောယုံသောမူရုယ်။ လုမစောက်နာထောင်ရုယ်နာအပ်ဇ ခိုဝ်စာကုန်သော သူတိုဝ်သည်ကာ။ ချံသာရအံသတောဟူရုယ်ခိုဝ်စာကုန်သောတော။ ယင်တိုဝ်၊ ချံသာရနိုဝ်သောသည်ကာ၊ သူရှောက် သူရှာသူမိယာသသာ၊ သူဥတတ်စာ၊ အပျက်အစီ၊ အနိုင်ထက်

မှုရသော တိုဝ်ချုံသာနိုဝ်ပန်ကျင်သောတော။ ထိုင်ချုံသာဟူသောသည်ကာ၊ ကိုဝ်သတ်လလံသော ချုံသာတော။ မမိသောကြာလေ၊ ကျပ်သော၊ နိုယ် သော၊ ချုပ်သော၊ သွာသောကဝလွှဖွင်လေ။ တစိယ်သလျှင်လေ၊ အယင် တိုဝ်ကာ မချုံသာစွတော။ ကြော်ကက်လန်လျက်လျှင်လေ၊ ဘိယ်တစ်ခုခု တေရောက်လတ်မှုကာ။ ကျမ်တွင်လျှင်နိုယ်ကျင်မှုလေ၊ နှန်လုံကာ၊ ဆိုဝ် ပြယ်ကြီစွာသော မတ်လော၊ ခိုဝ်စာသောသူတိုဝ်သည်ကာ၊ အဖယ်ဟုခိ လိပ်နေ့၊ ယခင်အစန်စန်က ခိုဝ်စာသော သူတိုဝ်သည်ကာ တစ်ယောက် တည်လျှင် လေလွှတ်ဇဟု သောသည်ကာမဟိယ်ဖူ၊ ကြာစွာအဆုံကာ၊ နှန်နှစ်သုံနှစ်မြိုဝ်ကာ၊ မကြာဖူမလော။ ကျယ်စကာကာ ယခုဆိုဝ်သော မဟုတ်၊ တျာတွင်လေ ကျယ်သိုဝ်မိန်ဇအ်။” သိယ်လျဝ်ရယ်ခိုဝ်စာသော သူကာ၊ ငြယ်ကြီပြိတ္တာ အသူရာ တိရိတ်ဆန် အပယ် ၄ ပါသောသည်ကာ အယင်ခိုဝ်သူကျမ်လျှင် မည်ဇအ်။ မသိယ်မိလျှင်လေ၊ ဖံမိလျှင်၊ အထူထူ သော သတ်ခြင်အာရောက်ကုန်ဇ။ အသိုဝ်သတ်ခြင်နေ့ဟူမှုကာ အရိယ် နယ်သံဆူဆပ်ရယ်ခတ်သော၊ အဆူဟိယ်သော ကြိမ်လုံနှင့် ခတ်သော၊ နှာလှိသော၊ နှာခေါင်လှိသော၊ ခြိယ်လက်ဖြတ်သော၊ ထိပ်ထွင်ရယ်သံပူရယ် ရယ်ယူရယ်၊ ဥနှောက်ကျိုက် ၂ ဆူပျက် သိယ်သော၊ ခံဝွင်ကန် ဖိ ရယ်ဆိမိငိုသော ဆံယောက်ရာအရိယ်၊ ချမ်ရုံယ်ဆံတောင်ငင်ဖိရယ်ဦ ရိယ်ဆွစ်ပြိသော ဦခေါင်ခွမ်လွှခွည်သံ လှည်ကန်နှင်ခတ်သော၊ လက်ဝယ် ပုခုံ၊ လက်ယာခုံအောက်သိုဝ်၊ ပုဆစ်ကန်အရိယ်ဆွစ် ဖိရယ်အောက်သာ အရိယ်ကာ အခြိယ်သိုဝ်လွှ၏။ အထက်သော အရိယ်ကာဦခေါင် သိုဝ်လှိ လယ်သော၊ အရိယ်ခမင်ဆွစ်ပြိသောကာ အတွင်ရိယ်ကာ ပသိုဝ်ထာရှယ်လွှံ သော၊ မိယ်ညှပ်နှံ့ အရိယ်ကိုကတ်ကြိယ်နှင့် ချန်သော၊ အာသာဟိယ်ရာ၊ ခိတ်ရယ်လှိသော လက်တန်တောင် ရှိယ်ပြတ်သော၊ ခြိယ်ပုဆစ်ရယ် ဖြတ်သော သံခွာ ၄ ခုစွပ်ရယ်တွာစိယ်သော၊ အစောင်ကျပ် စိယ်ရယ်နှာ တွင် တံသင်နက်သော၊ ခြိယ် ၂ ဖက် သုံရယ်ပတ် ၂ လှေ့ည်သော တူနှင်နှပ် ၂ ထုရယ်၊ ကိုဝ်ခပ်သိမ်အိုဝ် ချင်သိုဝ်ခုယ်ဘိရယ်လှေ့ည်သော၊ အရိယ်ကိုဝ်သင်ထုမ်နှင်စက်ရယ်၊ သံပရာဆာ ပွရေည်သွန်သော၊ အရှင် လျှင်ခိုင်စာစိယ်သော၊ လည်ဖြတ်သော၊ ကိုယ်လက်ခပင်အမှိုက်ရေစ်ရယ်



မိဖုတ်သော။ ကျသိုဝ်သော သတ်ခြင်သတ်ကုန်ဇအ်။ ၄၄၄ ကျွောက်သာ တိုင်ဆောက်သာကာ နိုယ်ကျန်လေဖွယ်၊ တင်ဆောင့်ပွ၊ ပိတန်ဆင်စွာ ကြီစုတ်၊ တစ်ရှာမလွှတ် ဆောက်စိယ်တော၊ ရွယ်ငယ်စွာအဆုံကာ အကျမ် ၅၀ ယုယ်ဆောက်စိယ်တော တလမလွယ် လွှည်သတင်နိုယ်နှိုက် ရှာသူ ရောက်သူကြီရှာသည် ခပင်ရသော တန်ဆာဆင်လျက် ပေါက် ၂ တန် ဆောင်ပန်တောင်ကဝ်တာနှင် ပုစဝ်၊ စည်ပသာလေတိ၊ ကျသိုဝ်မှုရယ် ကျွောက်စာ တိုင်စာကိုဝ်နှာစိယ်ကုန်သတော တန်ဆာဆင်ရယ်ဖတ်စိယ် သတောတိုင်မဟိယ်သော ရှာငယ် ရှောက်ငယ် တိုင်ပင် ခဝ်ရယ်၊ တိုင်ဟိယ် သိုဝ်နှာပါစိယ်ကုန်၏။

ဤခြိမ်းခြောက်စာကို “ကွစ္စာ” ထုတ်ပြန်ခြင်းကား ခြိမ်းခြောက်သဖြင့် လူတို့ လိမ္မာအံ့ထင်သောကြောင့်ဖြစ်၏။ ကိုယ်တိုင်လိုက်နာ၍ ရက်စက်လိုသည် မဟုတ်ပါ။ သို့သော် ခြောက်ရုံနှင့် မကြောက်မှန်းကိုမသိရခင် နတ်ရွာစံသည်မှာ ကံကောင်းရှာသည်။ ဆက်ခံသူကား **ဥစ္စနာ** ဖြစ်ပါသည်။

“ကွစ္စာ” တူတော် “ဥစ္စနာ” က ၁၂၄၉ တွင်ဆက်ခံ၏။ ယင်း “ဥစ္စနာ”ကား နရသိင်္ခဥစ္စနာနှင့် မိဖုရား “ဖွာဇဝ်” တို့၏သားတည်း။ “ဂြိုတြိဘဝနာဒိတျခမ္မ ရာဇ ဇယသူရ” ခေါ် ကျက်သရေရှိသော သုံးလောကနေ မင်းတရားမင်းပွဲရ သူရဲကောင်းအနက် ရသည့်ဘွဲ့တော်ကို ခံယူပါသည်။

“ကွစ္စာ” သမီး “သမ္ဗူလ” နှင့် စုံဖက်၏။ ပန်းပွတ်သည်သမီးကိုလည်း ကောက်တော်မူ၍ နောင် “တရုတ်ပြွိယ်” တွင်မည့် သားတစ်ယောက်မြင်သည်။ ဤသို့ စိုးစံခဲ့၍ ၁၂၅၆ တွင်–

**ဥစ္စနာမင်အကြိယ်လာခရုယ်တလလျှင် ပျံတ်လိယ်ကုန်ဇအ်။**

ဟု ကျောက်စာ (ခတ်ပုံ ၁၅၈၊ စာကြောင်းရေ ၁၈) တစ်ခုတွင် တွေ့ရကား အောက်အရပ် ဒလ၌ နောက်လိုက်ဗိုလ်ပါနှင့်တကွ အသတ်ခံရဟန်တူသည်။ ထို့ကြောင့် ဤမင်းကို **တလပျံ**မင်းဟူ၍ လည်း ခေါ်ပါသည်။ ဆက်ခံသူကား **မင်ယန်** ဖြစ်၏။

**မင်ယန်**၏ စိုးစံချိန်သည် အလွန်တိုတောင်းလှ၏။ အမိကား မင်းမျိုး ဖြစ်၍ ယင်းကို ပထမ ထီးမွေပေးဟန်တူသည်။ သူလည်း လုပ်ကြံခြင်းခံရရှာ သည်ဟု ယူဆရ၏။ ယခု ပုဂံပြတိုက်ရှိ (ကျောက်စာအမှတ် ၇၀ အရှေ့မျက်နှာ)

ရှင်ပင်ဗောဓိပိုင်းမှရခဲ့သော ကျောက်စာတွင် မင်ယန်က နို့ထိန်း **အိပေါင်သင်** ကို ကျေးဇူးဆပ်ပုံ၊ မင်ယန်သေဆုံးပြီးနောက် "တရုတ်ပွိုယ်" ခေါ် စည်သူမင်းက ဆက်၍ အထက်နည်းပေးကမ်းပုံတို့ကို တွေ့ရပါသည်။

ထို ၁၂၅၆ ခုနှစ်ပင် "မင်ယန်" ကို "တရုတ်ပွိုယ်" က ဆက်ခံ၏။ ဘခမည်းနှင့် နောင်တော်တို့နှင့်အတူ ဒလသို့ ဖေဖော်ဝါရီ၊ ၁၂၅၆ တွင် လိုက်ခဲ့ဟန်တူသည်။ မေလ၌ ပုဂံသို့ မင်းအဖြစ်နှင့် ပြန်လည်ရောက်ရှိလာ၍ နိုဝင်ဘာလတွင် အဘိသိက်ခံသည်။ မွန်ဂိုတို့ ၁၂၈၇ တွင် ဝင်ရောက်တိုက်ခိုက်သည်ကို မခံနိုင်သဖြင့် ပြေးရသောကြောင့် "တရုတ်ပွိုယ်" ဟုခေါ်တွင်သော်လည်း ဤမင်းကို "ပန်ပွတ်သည့်မွိုယ်" ဟူ၍ အမိဘက်မှ အဘိုးအိုကို စွဲ၍လည်းကောင်း၊ ဖခင်ကိုစွဲ၍ **ဥစ္စနာ** ဟူ၍လည်းကောင်း၊ ဘေးဘိုးတို့ နှစ်သက်သည့် **စည်သူ** ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြ၏။ အမိဘက်မှ အဘိုးကိုရည်၍ စေတီတစ်ဆူတည်ထားကိုးကွယ်သဖြင့်လည်း **ပန်ပွတ်ပုထိုဝ်တ်ဒါယာကာ** ဟု ခေါ်တွင်ပါသေးသည်။ ဤမင်းအစားကြီးပုံ၊ အမျက်စောင်းမာန်ပြင်းထန်ပုံ၊ ဝင့်ဝါစိတ်များ၍ နှိပ်ကွပ်ရာ၌ ရက်စက်ပုံစသည်နှင့်တကွ ယင်းလက်ထက်၌ အောက်မြန်မာနိုင်ငံမှ မွန်တို့ ပုန်ကန်ခြင်းပါ မြန်မာရာဇဝင်ကျမ်းတို့၌ ရေးသားပါရှိသည်ကို ထောက်ခံရန်သော်လည်းကောင်း၊ ပယ်ဖျက်ရန်သော်လည်းကောင်း သက်သေအထောက်အထားမတွေ့ဖူးပါ။ မွန်ဂိုတို့ ကျူးကျော်တိုက်ခိုက်လာခြင်းကိုကား တရုတ်မှတ်တမ်းများနှင့် **ဒိသာပြာမုက်** ကျောက်စာ (ခတ်ပုံ ၂၇၁) တို့ကို မှီငြမ်းပြု၍ ဖော်ပြနိုင်ပါသည်။

မွန်ဂိုတို့နှင့် ရန်စ ကား ၁၂၇၁ ကစသည်။ ယူနန်အစိုးရက ကေရာဇ်၏ အမိန့်အတိုင်း ပုဂံမှ ဆက်ကြေးတောင်းရန် သံတမန်များ စေလွှတ်ခဲ့၏။ သံတို့ကို ဘုရင့်ရှေ့တော်မှောက်သို့ ဝင်ခွင့်မပြုဘဲ သင့်တင့်အောင်ပြော၍ ဆက်ကြေးမပေးဘဲ ပြန်၍လွှတ်လိုက်သည်။ မွန်ဂိုကို အညံ့ခံသဖြင့် ဆုံးမသောအနေဖြင့် မြန်မာက ၁၂၇၂ တွင် ဝပလောင်ဒေသများသို့ သွားရောက်တိုက်ခိုက်၍ ခေါင်းဆောင်အချို့ကို ဖမ်းယူခဲ့၏။ ယင်းကို ပီကင်းက သိအောင် အစီရင်ခံကြသည်။ ကေရာဇ်က မတ်လ ၃ ရက်၊ ၁၂၇၃ နေ့တွင် မြန်မာနိုင်ငံသို့ သံသုံးဦးကို စေလွှတ်ခဲ့၏။ ယင်းတို့ တရုတ်နိုင်ငံသို့ ပြန်မလာကြတော့ပါ။ မြန်မာရာဇဝင်တို့၌ ဘုရင့်အမိန့်နှင့် တရုတ်သံတို့ကို ကွပ်မျက်ရမည်ဆို၏။ သို့သော် ပုဂံကဲ့သို့ ယဉ်ကျေးမှု



အဆင့်အတန်းမြင့်သော လူမျိုးသည် ၁၂၅၂ ခု၌ ကူဗလိုင်၏သံတို့ကို တလီ၌ နန်ကျောင်တို့ သတ်ပုံမျိုး ကြီးကျယ်သောပြစ်မှုကို လွန်ကျူးအံ့မထင်၊ မင်္ဂလာစေတီကျောက်စာ၌ မင်းကြီးက **မင်တိုဝ်ကာတမန်ကိုမချုပ်ရျာ**ဟု ဆိုခဲ့ဖူးရာ၊ မိမိကိုယ်တိုင်က သူတစ်ပါး၏သံကို သတ်ဖူးလျှင် ဤမျှ ရဲဝံ့စွာ သူဆိုဝံ့မည်မဟုတ်ရာ အပြန်လမ်းတွင် အလွယ်တကူပင် သေနိုင်ပါသေးသည်။ အကြောင်းမှာ ၁၂၇၅ ယူနန်မှ အစီရင်ခံစာတစ်ခု၌ သံတမန်တို့ သတင်းကိုသိရှိရန် အရာရှိတစ်ဦးကို လွှတ်သောအခါ၌ သူပုန်တို့ကြောင့် လမ်းမသာ၍ မသွားခဲ့ရကြောင်း ဖော်ပြပါရှိ၏။ ဤအချိန်မှာပင် မြန်မာတို့က နောက်ထပ်ရန်စပြန်သည်။ တရုတ်ကို အညံ့ခံသဖြင့် ဆုံးမရန် 'ရွှေသွား' နိုင်ငံသို့ မြန်မာတို့ ဧပြီလ၊ ၁၂၇၇ တွင်း၌ ချီတက်တိုက်ခိုက်ပါသည်။ မြန်မာတပ်နှင့် တလီမှ တပ်တို့ မြစ်ငယ်တစ်ခု ကမ်းပါး၌ ဆုံမိ၍ မြန်မာတို့ အရေးနိမ့်ခဲ့၏။ ဤစစ်ပွဲပြီးနောက်တစ်နှစ်အကြာ အေဒီ ၁၂၇၈ ခုတွင်–

**ဣန္ဒပစ္စာလေငါဆောင်ချံ မြိုဝ်နိယ်ရလိယ်၏ ပြည်တယ်**
**ပျက်စီသလွှစ်ခယ်အေ်။** (ခတ်ပုံ ၂၇၇ ကြောင်းရေ ၅–၆)

**ငါဆောင်ချံ** ဟူသည် ယခု ဗန်းမော် သို့မဟုတ်၊ ယင်းမြို့အနီး၌ပင် ရှိသည်ဟု ဆိုရမည်။ မွန်ဂိုတို့လည်း စက်တင်ဘာလ၊ ၁၂၈၃ ခုတွင်မှ လာရောက်တိုက်ခိုက်နိုင်ပါတော့သည်။ ၃ ရက်၊ ဒီဇင်ဘာလ၌ "ငါဆောင်ချံ" စစ်ပွဲကို တိုက်ရ၏။ ၉ ရက်၊ ဒီဇင်ဘာလ၌ "ကောင်စင်" ကိုသိမ်း၏။ "တရုက်ပွိုယ်" လည်း မြို့တော်ကိုစွန့်၍ ပြည်မြို့အထိ စုန်၍ပြေး၏။ သို့သော် မြန်မာတပ်များ တကောင်း၌ ကျန်ရှိနေသေးသဖြင့် ဇန်နဝါရီလ၊ ၁၂၈၄ ၌ ရန်သူများ လာရောက်တိုက်ခိုက်သိမ်းယူပါတော့သည်။ နယ်ပယ်အုပ်ချုပ်ရေး အရာရှိများ တရုတ်ဘက်မှရောက်လာ၍ မြောက်ပိုင်းမြန်မာနိုင်ငံကို **ကျန်မိယံ** ဟူသောအမည်ဖြင့် တရုတ်ပြည်နယ်သစ်ဟု ဖွဲ့စည်းလိုက်၏။ ပြည်အနောက် "လှည်ကျွ" ၌ နေရှာသော "တရုတ်ပွိုယ်" သည် ၁၂၈၅ ၌ အညံ့ခံရန် ဆုံးဖြတ်တော့သည်။ "အနန္တပိစည်" နှင့် မဟာပိုဝ်တို့ကို ပထမစေလွှတ်ပြီးမှ "သျှင်ဒိသာပြာမုက်" သည် ပီကင်းအထိသွား၍ မွန်ဂိုကေရာဇ်နှင့် စစ်ပြေငြိမ်းစကားများဆိုခဲ့၏။ (ခတ်ပုံ ၂၇၁ ကြည့်) **ဒိသာပြာမုက်**က **တံပြတိတ်**ခေါ်သော မိမိနိုင်ငံမှ စစ်သားတို့ကို ရုပ်သိမ်းပါမှ ပြန်လည်ထူထောင်၍ ကောက်

ပင်စိုက်လျက် ဆက်ကြေးပို့လွှတ်နိုင်မည်ဖြစ်သောကြောင့် ရပ်သိမ်းစေကြောင်း ဧကရာဇ်အား ဟောပြောအောင်မြင်ကြောင်း ရေးသားခဲ့၏။ သက်ဆိုင်သူအားလုံးလည်း ထိုစဉ်က မှုခင်းကိစ္စအားလုံး ပြေငြိမ်းလေပြီဟု မှတ်ထင်ကြပေမည်။ ခေတ္တမျှရပ်နားခြင်းဟု မသိကြပါ။ ဘုရင်သည် မြို့တော်သို့ ၁၂၈၇ တွင် ပြန်ရန် ပြည်သို့အရောက်၌ သားတော်က အဆိပ်ကျွေး၍ လုပ်ကြံခံရ၏။ ပြည်တွင်းဆူပူမှုများလည်း တစ်ပါတည်းပေါ်လာကြပါသည်။ ယူနန်အစိုးရသည် ပြည်တွင်းမညီမညွတ်ရှိနေသည်ကို အခွင့်ကောင်းယူ၍ ဧကရာဇ်အမိန့်တော်ကို မထီမဲ့မြင်ပြုလျက် ပုဂံသို့ဆင်းလာ၍ သိမ်းယူထားလိုက်ပါသည်။ သို့သော် ရှေးမင်းဆက်ကိုပင် ပြန်လည်ထူထောင်မိစေရန် ကူညီကြပါသည်။ ထို့ကြောင့် "တရုတ်ပြေးမင်း" ကို "ရှုယ်နန်သျှင်" က ဆက်ခံပါသည်။ မင်းသစ်ကား မေလ ၃၁ ရက်၊ ၁၂၈၉ နေ့၌ ဘိသိက်ခံ၏။ ထိုမင်းကို **ဓမ္မရာဇ်** (တရားမင်း) ဟူ၍လည်းခေါ်သည်။ မွန်ဂိုဧကရာဇ်ထံမှ ခန့်အပ်လွှာကို ခံယူရန် သားတော် "သီဟပတိ" ကို စေလွှတ်ခဲ့၏။

သို့သော် အေဒီ ၁၂၉၇ ၌ ထိုမင်းသည် **နန်ကျွမင်**ဖြစ်လျက်ရှိချေပြီ။ **ရှုယ်နန်သျှင်** နှင့် **သီဟပတိ** ကို (မွန်ဂို)တို့နှင့် အပေါင်းပြု၍ တိုင်းပြည်ကို ကျွန်ပြုသည်ဟု အကြောင်းပြလျက် ကွပ်မျက်ခဲ့ဟန်ရှိသည်။ ကျောက်စာ (၁၃၀၂ ခုထိုး) တစ်ခု၌ **တရုတ်ပြည်လာသော တက်တ်မှူ**မင်ကြီးဟု တွေ့ရသဖြင့် နန်းကျမင်းဆက်မှ မင်းသားတစ်ပါးသည် စောနှစ်နှင့်ပြိုင်ရန် ယူနန်သို့ အကူအညီအလို့ငှာ ရောက်လာသည်ဟု အဓိပ္ပာယ်ယူရန်ရှိပါသည်။ သို့သော် ပုဂံတွင် ယခုအခါ မင်းဖြစ်ရသည်ကား အမည်ခံမျှသာဖြစ်ပါသည်။ အသင်္ခယာဆိုသူကား မြင်စိုင်း၌၊ ညီ ရာဇသင်္ကြံကား မက္ခရာ၌၊ အငယ်ဆုံးညီ သီဟသူကား ပင်လယ်၌ အသီးသီးအင်အားစုလျက် အကြီးအကဲပြုနေကြ၏။ ယင်း ညီနောင်သုံးဦးသာလျှင် အစစ်အမှန် တိုင်းပြည်ကို အုပ်ချုပ်သူများဖြစ်၍ ဘုရင်ကား ယင်းတို့ကြိုးဆွဲရာ ကရသူမျှသာဖြစ်သည်။ ယင်းတို့က ၁၂၉၇ တွင် **ရှုယ်နန်သျှင်**ကို နန်းချ၍ စောနှစ်ကိုနန်းတင်၏။ စောနှစ်ကို **မင်းလုလင်** သို့မဟုတ် **တလသုကြီ** ဟူ၍လည်း ကျောက်စာများ၌ ဖော်ပြပါသည်။ **တက်တ်မှူ**သည် မွန်ဂိုတို့ကို သူသာလျှင် ထီးနန်းကို ရထိုက်ကြောင်း၊ နားဝင်အောင်ပြောနိုင်သဖြင့် ၁၃၀၀ တွင် မွန်ဂိုတို့ စစ်ရောက်လာပြန်သည်။ ယခုတစ်ကြိမ်ကား ပုဂံသို့



လာသည်မဟုတ် မြင်းစိုင်းသို့လာခြင်းဖြစ်၏။ အသင်္ခယာ ညီနောင်သုံးပါးတို့သည် မွန်ဂိုအုပ်ချုပ်ရေးကို မုန်းထားအောင် အမျိုးသားစိတ်ကို ကောင်းစွာအသုံးချလျက် စင့်ကူးနှင့် မလည်တို့ကို လူမျိုးခြားလက်မှ ပြန်လည်ရယူမိအောင် စွမ်းဆောင်ခဲ့ကြသည်။ သို့သော် ရန်သူတို့ အလုံးအရင်းနှင့် လာသောအခါ၌ မြင်စိုင်းမြို့တွင်းသို့ဝင်၍ ခံစစ်သာလျှင် ပြုနိုင်ကြတော့သည်။ လာဘ်ထိုးသောရွှေနှင့် မြန်မာအလယ်ပိုင်း၏အပူရှိန်တို့က ကူညီတိုက်ခိုက်သဖြင့် အရှုံးဖြုတ်၍ ပြန်ကြသည်၊ **ကျန်မိယံ**နယ်သစ်ကို ဧပြီလ ၄ ရက်၊ ၁၃၀၃ တွင် ကြေညာဖျက်သိမ်းလိုက်ရတော့၏။

# လုစ်နှင့် မြန်မာရာဇဝင်†

ပါမောက္ခ ဂျီအိပ်ချ်လုစ်သည် မည်သည့်အခါက မြန်မာရာဇဝင်ကို စတင်လေ့လာခဲ့သည်ဟု ကျွန်တော် မသိပါ။ သို့သော် သုတေသန ပြုပြီးသမျှကို မြန်မာနိုင်ငံသုတေသနဂျာနယ်တွင် မှန်မှန်ရေးသား ဖော်ပြလေ့ရှိသဖြင့် ၁၉၁၆ ခုနှစ်က စတင်သည်ဟု ဆိုရချေမည်။ ထိုနှစ်ထုတ် ဂျာနယ် အတွဲ (၆) တွင် ဆရာကြီး၏ ဆောင်းပါးကို စတင်ဖတ်ရှုရပါသည်။ အနှစ်ရှစ်ဆယ် ကျော်ခဲ့ပါပြီ။ ထိုနှစ်များအတွင်း၌ မြန်မာရာဇဝင် သုတေသနကို လျှော့သည် မရှိ၊ တိုး၍ တိုး၍သာ လေ့လာကြောင်း တွေ့ရ၏။ ယခုအခါ ရှေးမြန်မာနိုင်ငံ ဟူသော အမည်ဖြင့် သုတေသီတို့ မှီငြမ်းပြုစရာ ကျမ်းကြီးကျမ်းခိုင် တစ်စောင်ကို ရေးသားပြီး၍ ရုပ်ပုံပေါင်း သုံးရာကျော်ဖြင့် ၁၉၆၉ တွင် တခမ်းတနား ထုတ်ဝေခဲ့ပါသည်။ ထိုကျမ်းကြီး မထွက်လာမီက တိမ်မြုပ်နေသော မြန်မာရာဇဝင်ကို ဆရာကြီးက မည်မျှဖော်ထုတ်ပေးနိုင်ကြောင်းကို အတိအကျ သိနိုင်ကြမည် မဟုတ်သေးချေ။ သို့သော် ဆရာကြီး ရေးသားပြုစုခဲ့သမျှ ဆောင်းပါးများကို ပြန်လည်စစ်ဆေးလျှင် ဆရာကြီး၏ ကျေးဇူး ကြီးမားပုံကို တစ်စိတ်တစ်ဒေသမျှ သိကြရအံ့ဟု စိတ်စေတနာထား၍ ဆရာ့စာတမ်း အစုစုကို ဖော်ပြ လိုက်ပါသည်။ သို့သော် ဆရာ့လက်စွမ်း ကုန်စင်အောင် သိလိုပါလျှင် ယခု ဆောင်းပါးတွင် ဖော်ပြသည့် စာရင်းအရ ဆရာ့စာတမ်းများကို ပင်ရင်းအတိုင်း ရှာဖွေလေ့လာကြရန်

---

† ငွေတာရီ၊ အောက်တိုဘာ ၁၉၆၀၊ ၉၉–၁၀၉၊ ဒီဇင်ဘာ ၁၉၆၀၊ ၂၃၈–၄၀၊ ဇန်နဝါရီ ၁၉၆၁၊ ၂၃၆–၉။

အထူး တိုက်တွန်းလိုပါသည်။

၁။ "လက်ဝဲသုန္ဒရ ရတု"၊ အင်္ဂလိပ်ကဗျာဖြင့် ဘာသာပြန်ဆိုချက်။
(၁၉၁၆ မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ ၆၊ အပိုင်း ၁၊ ၉–၁၇)။

၂။ "မြန်မာဘာသာ လေ့လာချက်"၊ ရွှေအောင်ဇံသို့ပေးစာ။
(၁၉၁၆ မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ ၆၊ အပိုင်း ၃၊ ၁၉၁–၂)။

၃။ "ပုဂံစေတီပုထိုးများအကြောင်း"
(၁၉၁၈ မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ ၈၊ အပိုင်း ၃၊ ၁၈၉–၉၈၊ ရုပ်ပုံလေးပုံပါသည်)

ပုဂံ အဆောက်အအုံကို မြင်ရခြင်းဖြင့် ပုဂံ ယဉ်ကျေးမှုကို ဆရာကြီး စိတ်၌ များစွာ အံ့သြချီးကျူးခြင်းဖြစ်မိကြောင်း ဤဆောင်းပါးက သက်သေခံလျက်ရှိသည်။ ဗိသုကာဆရာသည် မိမိတည်ဆောက်သောစေတီကို မြင့်မားသောအဆင်းသဏ္ဌာန်ရအောင် ကြိုးစားခဲ့၏။ သို့သော် အတွင်းအဆင်အပြင် ဟာလွန်းသည်ဟု ဝေဖန်သည်။ ပုဂံဘုရားနှင့် ဥရောပမြောက်ပိုင်း ဂိုသစ် ဘုရားကျောင်းများ အထူးဆင်သည်ဟု ဆိုပြန်သည်။ ဆင့်ကဲဆင့်ကဲ မြင့်တက်သွားပုံကို လည်မော့၍ မျက်စိတစ်ဆုံး ကြည့်ရသည်။ ဖိနပ်တော်မှစ၍ ဖောင်းရစ် ဖောင်းလိပ်တို့တွင် ကြာရိုးကြာစွယ်တို့ ရစ်ပတ်လိမ်ယှက်လျက် ရှုမငြီးအောင် အပြောက်အကွက်ဖော်ကာ မြင့်မားကျော်တက်၍ ဖူးပွင့်ဟန်ကို မြင်ရပါသည်ဟု ဆို၏။

အထက်မှ မိုး၍နေပုံကို ထင်ရှားအောင်. . .

(က) အတွင်းအပြင် မုခ်ချွန်းကို သုံးသည်။

(ခ) တံခါးနှင့် ပြတင်းပေါက်တိုင်း၌ ပေါင်းကူးတွင် အလျှံပြောင်ပြောင်တောက်သော မီးညွန့်များသဖွယ် ခိုမြီး ထောင်သည်။

(ဂ) ပစ္စယာ အဆင့်ဆင့်တွင် စေတီငယ် ရံသည်။ အထက်စေတီကြီးကား ဟိန္ဒူပုံစံမှ ဆင်းသက်လာသော ခေါင်းလောင်းပုံဖြစ်၍ အောက်ခံလေးထောင့်ပုံကို အထက်ဝိုင်းအောင် ဖြေယူရာ၌ အလွန်ပြေပြစ် တင့်တယ်သည်။ အထွတ်တွင် ထီးဆောင်းသည်မှာလည်း ထူးခြား အောင်ညီညွတ်၍ အဆင်ပြေလှသည်။ စာနှင့် ရေးသည်ထက် ရုပ်ပုံဖြင့်ပြရလျှင် ပို၍ ထင်ရှားချေမည်ဟု ထီးလိုမင်းလိုမှ အင်္ဂတေပန်းနှင့် ဖောင်းရစ် ဖောင်းလိပ် ပစ္စယာအဆင့်ဆင့်ပုံ၊ ကျောက်ကူး ဥမင်မှ ပစ္စယာဆင့်ပုံ၊



ဂေါ့တော့ပလ္လင်အထက် စေတီနှင့် အရံစေတီ ပုံနှင့် သဗ္ဗညု တံခါးခေါက်ပုံတို့ကို ရေးဆွဲဖော်ပြထား၏။

၄။ "ရွှေကျွန်းဆွယ်ကဗျာ"
(၁၉၁၈ မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ ၈၊ အပိုင်း ၃၊ ၁၉၆–၈၊ ဂါဒီယန် အတွဲ ၁၊ အပိုင်း ၄၊ ၉–၁၀)

၅။ "မြန်မာနိုင်ငံအရည်းနှင့် မြောက်ပိုင်းဗုဒ္ဓဘာသာ ဆောင်းပါးဝေဖန်ချက်"
(၁၉၁၅–၁၆ ရှေးဟောင်းသုတေသန အစီရင်ခံစာ ၁၉၁၉၊ ဂျာနယ် အတွဲ ၉၊ အပိုင်း ၃၊ ၅၃–၆)

မူလဆောင်းပါး ရေးသားသော ပါမောက္ခ ဒူရွိုင်ဆဲက အနိရုဒ္ဓ တိုင်အောင် မြန်မာသာသနာဝင်ကို မှန်နန်းအတိုင်း ဖော်ပြ၍ အများ အယူ ရှိသကဲ့သို့ပင် အနိရုဒ္ဓက အရည်းများကို နှိမ်နင်းခဲ့ကြောင်း ရေး၏။ အရည်းဟူသည် ခြောက်ရာစုနှစ်လောက်က ဘင်္ဂလား သို့မဟုတ် မြောက်အိန္ဒိယမှ ပုဂံသို့ ရောက်လာသော မြောက်ပိုင်း ဗုဒ္ဓဘာသာဖြစ်မည်ဟု ဆို၏။ သို့သော် ဆရာလုစ်က ပုဂံအရှေ့လေးမိုင်အကွာရှိ မင်းနန်သူရွာတွင် နံရံဆေးရေး ပန်းချီလက်ရာ မြောက်မြားစွာ ကျန်ရှိနေသည်ကို ညွှန်းလျက် ၎င်းတို့ပုံစံ၊ ရေးနည်းနှင့် ယခုတိုင် အကောင်းပကတိကျန်ရှိနေခြင်းတို့တွင် ပုဂံရှိ အခြား လက်ရာများထက် သာလွန်ကြောင်း ဖော်ပြ၏။ ထိုအရုပ်များ၌ တစ်ခါတစ်ရံ ကြမ်းတမ်းသောစရိုက်ကို မြင်တွေ့နေရသဖြင့် စိတ်မကောင်းလေဟန် ဒူရွိုင်ဆဲက ရေးခဲ့၏။ ဆရာလုစ်ကမူ ထိုကြမ်းသည်ဟု ထင်ရသော အရုပ်များကို ယခုလောက် အလေးဂရုထား၍ ဖော်ပြနေရန် မလိုဟု ထင်သည်။ ဒူရွိုင်ဆဲက ဤအရုပ်များကို ၁၂ ရာစုနှစ်ဦးက ရေးဆွဲခဲ့ခြင်းဖြစ်မည်ဟု အချိန်ကာလ သတ်မှတ်သည်မှာလည်း စောလွန်းလှပါသည်ဟု ဆို၏။

၆။ "ပုဂံ ကူငယ်များအကြောင်း"
(၁၉၂၀ မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ ၁၀၊ အပိုင်း ၂၊ ၄၁–၈)

အကြမ်းအားဖြင့်. . .

(က) တိုင်ရှည်နှင့် စင်္ကြံပတ်လည် တစ်မျိုး

(ခ) လိုဏ်သဏ္ဌာန် တစ်မျိုး

ဟူ၍ နှစ်မျိုးနှစ်စား ရှိပါသည်။ သရေခေတ္တရာမှ လေးမျက်နှာနှင့် ဘဲဘဲဘုရားများမှ အသီးသီး အဆိုပါ နှစ်မျိုး ဆင်းသက်လာသည်ဟု ယူဆနိုင်သည်။

ပျူပုံစံတွင် တိုင်ရှည်နှင့် စကြံ့ပတ်လည်ထား၍ မုခ်ဦးတန်ဆောင်း တွဲလိုက်ခြင်းဖြင့် သမ္ဗုလ (သုမ္ဗုလ)နှင့် ရွှေကူကဲ့သို့ ကူဘုရားများ ဖြစ်ပေါ်လာကြ၏။ အပြင်ဘက်၌ စေတီပုထိုးများမှာလိုပင် မြင့်သည်ထက်မြင့်အောင် ကြံ့စည်တည်ဆောက်ကြ၏။ အထက်စေတီကို မူလလေးထောင့် ရိုးရိုးပုံစံမှ အဝိုင်းဖော်၍ ခေါင်းလောင်းပုံ ပေါ်စေခဲ့၏။ တစ်ထပ်တိုက်သာ ဆောက်မြဲဖြစ်၍ အတွင်း၌ အထူးကောင်းမွန်လှပသော အပြောက်အမွမ်းများ ခြယ်လှယ်၍ ထားပါသည်။ ခြူးပန်း ခြူးနွယ်တို့ကို များစွာခမ်းနားတင့်တယ်အောင် အသေးစိတ်ဖော်ပြ၍ အနွယ်အလိပ်များအထဲမှ ဘီလူး နဂါး မကန်းတို့ မြူးထူးဟန်ကိုလည်း တွေ့ရ၏။ စင်စစ်အားဖြင့် ပန်းလည်း ဘီလူး၊ ဘီလူးလည်း ပန်းဟု ဆိုရလောက်အောင် အပျက်အတင် သိပ်သည်း၏။ အနွယ် အညွန့် လျှင် နှာမောင်း၊ အကိုင်းအခက် လျှင် အရိုး၊ အရွက် အလက် လျှင် သွားကျဲကျဲ မျက်လုံးပြူးပြူး မြင်ကြရပါသည်။ ပန်းချီဆရာသည် စိတ်ကူးယဉ်ယဉ်ဖြင့် မျဉ်းတစ်ကြောင်းဆွဲရုံနှင့် မျိုးမည်သဏ္ဌာန် ကွဲပြားသော ရုပ်အမျိုးမျိုး မြင်သာအောင် ရေးဆွဲနိုင်၏။ သို့သော် ခန်းမအလယ်မှ ဆင်းတုတော်၏ သပ္ပါယ်ခြင်းကို ဖုံးအုပ်သွားလေအောင် မည်သည့်နေရာတွင်မှ အကဲအပို ရေးချယ်ထားခြင်း မရှိပါ။ ငါးရာငါးဆယ် ဇာတ်ကွက်များကိုပင် အတန်းလိုက် ရေးခဲ့သဖြင့် တစ်ကွက်လျှင် တစ်မျိုးရေးသော်လည်း တစ်နံရံလုံးကြည့်မှ ကားတစ်ကားကြည့်၍ ပြီးသည် ဟူသော သဘောဆောင်လျက်ရှိသည်။ အသေးစိတ်အားဖြင့် ကဿပ၊ ကူ-၂၈၉၊ ကူ-၃၅၆၊ သမ္ဗုလ၊ ဘုရားသုံးဆူ၊ နန္ဒမညာ၊ သရေပစ္စယာ တစ်ဝိုက်မှ ကူငယ်များ၊ ဝိနည်းဓိုရ်၊ ကုသ၊ အဓိဋ္ဌာန်၊ မလောင်ပြစ်၊ ရွှေကူတို့ကို ဖော်ပြ၏။ ရွှေကူမှာ သေးသော်လည်း အောက်ခံခုံမြင့်မြင့်ပေါ်တွင် တည်ဆောက်ထားသဖြင့် မြင့်မား[၁၃]ကြီးကျယ်သည်ဟု ထင်ရ၏။ သဗ္ဗညု လက်ရာမျိုး၏ အငယ်စားဟု ဆိုရပေမည်။ ဆရာလုစ်က ချစ်စဖွယ် စာဖြင့် ရေးစွမ်းသလို ခြူးပန်းခြူးနွယ်တို့ကို ဆရာဦးဘညာဏ်က ပန်းချီဆွဲ၍ ထည့်လိုက်၏။ အဆုံးသတ်တွင် ဆရာလုစ်က ဖော်ပြပါ ကူငယ်တို့ကို အထူးဂရုပြု၍ သန့်ရှင်းအောင် သုတ်သင်လိုက်လျှင် မြန်မာတို့ ဂုဏ်ယူစရာ ပန်းချီခန်းမကြီးများဖြစ်လာ၍ ခေတ်ချင်းတူလျှင် ဥရောပလက်ရာထက် မြန်မာကသာကြောင်း ကောင်းစွာ တွေ့ရမည်ဟု ရေးခဲ့၏။ သို့သော် ပျက်စီးယိုယွင်းစ ပြုနေပြီဖြစ်၍ အလျင်အမြန် ထိန်းသိမ်း



စောင့်ရှောက်ရန် လိုပါသည်။ ပုံတူများလည်း ကူးထားရန်လိုသည်။ (ပုံတူကူးသူသည် တွေ့သည့်အတိုင်း ကူးရန်လိုသော်လည်း ရှေးလက်ရာ သဘောအဓိပ္ပာယ်ကို နားလည်သော ပန်းချီကောင်း ဖြစ်ရချေမည်။) ဤသို့ ဆောင်ရွက်ဖြစ်လျှင် မြန်မာပန်းချီမှုတွင် ယခုလို ပျက်စီးဆုတ်ယုတ်နေသည်မှ ပြန်လည်ဆန်းသစ် တိုးတက်လာရန် မျှော်လင့်ချက် ရှိသေး၏ဟု တိုက်တွန်းရေးသားခဲ့ပါသည်။

၇။ "ပုဂံ ရွှေကူကြီးကျောက်စာ" (အေဒီ ၁၁၄၁)။

*(၁၉၂၀ ဂျာနယ် အတွဲ ၁၀၊ အပိုင်း ၂၊ ၆၇–၇၄)*

ဤကျောက်စာကို အက္ခရာလှယ်သူမှာ ပါမောက္ခ ဖေမောင်တင်ဖြစ်၍ အင်္ဂလိပ် ကဗျာဖြင့် ဘာသာပြန်သူမှာ ဆရာလုစ် ဖြစ်ပါသည်။ ထိုစဉ်က ကျောက်စာ၏ ရက်စွဲကို အေဒီ ၁၁၄၁ ဟု ဖော်ပြခဲ့သော်လည်း အေဒီ ၁၁၃၁ သာ အမှန်ဖြစ်ကြောင်း ၁၉၃၂ ဂျာနယ် အတွဲ ၂၂၊ အပိုင်း ၃၊ ၁၅၁ တွင် ပြင်ဆင်ခဲ့ပါသည်။[၁၄]

၈။ "မောင်ဂန္ဓန္တရ ဗဟုသုတ၏ ကဗျာစရိယ ကဝိဝံသစာတမ်းခေါ် မြန်မာစာဆိုတို့အကြောင်း"ကို ဦးဘကျားနှင့်တွဲ၍ ဆရာလုစ် ဘာသာပြန်ခဲ့သည်။ (၁၉၂၀ မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ ၁၀၊ အပိုင်း ၃၊ ၁၃၇–၅၄)

၉။ စံရွှေပု၏ "လိပ်ကမ္ဘာမ"ဝတ္ထုတွင်ပါသော ကဗျာဘာသာပြန်။

၁၀။ ပါမောက္ခ ဖေမောင်တင်နှင့် တွဲ၍ "တကောင်းရာဇဝင်" ဘာသာပြန်။ (၁၉၂၁ မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ ၁၁၊ အပိုင်း ၁၁၊ ၂၉–၅၄)

၁၁။ "ဒူရွိုင်ဆယ်၏ ဖိုးဝန်းတောင် ကျောက်ကူများအကြောင်း စာတမ်း ဝေဖန်ချက်" (၁၉၁၄–၁၅ ရှေးဟောင်းသုတေသန အစီရင်ခံစာ ၁၉၂၁ မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ ၁၁၊ အပိုင်း ၁၊ ၅၇–၉)

ချင်းတွင်းမြစ် အနောက်ဘက် ဖိုးဝန်းတောင်ရိုးတွင် မုံရွာမှ ကားနှင့်သွားသော် ၂၅ မိုင်အကွာ၌ အဆိုပါ ကျောက်ကူများ ရှိပါသည်။ ထိုကူတို့၏ ထူးခြားဟန်မှာ . .

(က) ကျောက်တောင်ပကတိကို ထွင်းဖောက်၍ ပလ္လင် ဆင်းတုတော်မှအစ အားလုံး တစ်သားတည်းဖြစ်ခြင်းနှင့်

(ခ) ကျောက်စာ ရေးထိုးမထားခြင်းတို့ဖြစ်သည်ဟု မူလ ဆောင်းပါး ရေးခဲ့သော ဒူရွိုင်ဆယ်က ဖော်ပြ၏။

ယင်းနှစ်ချက်ကို ထောက်၍ ပျူတို့လက်ရာ ဖြစ်အံ့ ထင်သည်ဟု ဆိုပြန်၏။ သို့သော် ဆရာလုစ်က တံခါးပေါက်တို့၌ နှောင်းခေတ်ဓလေ့ဖြစ်သော ခြူးနွယ်ခြူးလိမ်များ မြင်တွေ့နေရသဖြင့် ပျူခေတ်က မဟုတ်တန်ရာဟု ယူချင်သည်။ ထိုထက် ကူတိုင်းမှာပင် ပုဂံခေတ်လက်ရာမျိုးပင် မပါ။ အဆန်းတကြယ် စီမံထားသည်မှန်သော်လည်း လုပတင့်တယ်သည်ဟု မဆိုနိုင်။ မြန်မာတို့ ကျောက်သားကို ထွင်းထုတတ်သော်လည်း သပ်ရပ်ကောင်းမွန်အောင် မလုပ်တတ်ကြောင်း တွေ့ရသဖြင့် အံ့ဩမိသည်ဟု ဝေဖန်ခဲ့သည်။

၁၂။ "တော်စိန်ခို၏ အမရပူရ စကားကျောင်းများအကြောင်း စာတမ်းဝေဖန်ချက်"

(၁၉၁၄–၁၅ ရှေးဟောင်းသုတေသန အစီရင်ခံစာ ၁၉၂၁ မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ ၁၁၊ အပိုင်း ၁၊ ၅၇–၉)

လွန်ခဲ့သည့် ၁၉ ရာစုအတွင်းက မယ်ဟော်ကျောင်းနှင့် သမီးတော်ကျောင်းဟူ၍ ကျောင်းနှစ်ကျောင်းရှိခဲ့ရာ ၁၈၅၅ ရေး ဟင်နရီယူ၏ မှတ်တမ်း၌ အသေးစိတ် ဖော်ပြဖူးသည်ကို တော်စိန်ခိုက တစ်ဆင့်ကူးယူ ဖော်ပြလျက် ဟိယန်စန်၏ ခုနစ်ရာစု နာလန္ဒကျောင်း ဖော်ပြချက်နှင့် နှိုင်းယှဉ်၍လည်း ပြသည်။ အံ့ဩဖွယ်ကောင်းလောက်အောင် တူညီချက်များ ရှိပါ၏။ ဆရာလုစ်က စကားကျောင်းများကို အလွယ်တကူသွားနိုင်သည်၊ လှသည်၊ သို့သော် ပျက်စီးယိုယွင်းစ ပြုနေပြီဖြစ်၍ မြန်မြန်သွားကြည့်ကြရန် တိုက်တွန်း၏။ ထို့ပြင် ဖိနပ်ချွတ်ရမည်ဖြစ်၍ အရောက်အပေါက် နည်းကြမည်ကို ဝမ်းနည်းကြောင်း ဖော်ပြသည်။ ဖိနပ်ချွတ်ရန် ဝန်မလေးသူတို့ သွားရောက်ကြပါလျှင် သမီးတော်ကျောင်းတွင် အပြင် ဆင်ပြင်ပုံကို အလေးထား၍ မယ်တော်ကျောင်း၌ အတွင်းဆင်ပြင်ပုံကို အလေးထားကာ လေ့လာပါဟု မှာပြန်သည်။ မယ်တော်ကျောင်းတွင် မြန်မာ မှန်စီရွှေချလက်ရာ အကောင်းဆုံးရှိ၏။ မြန်မာတစ်ခွင်၌ အတင့်တယ်ကောင်းဆုံးကျောင်းများ ဖြစ်၏။ အံ့ဩမကုန်နိုင်လောက်အောင် လှပသော



သစ်သားပန်းပုနှင့် မှန်စီရွှေချတို့မှာ အနည်းနှင့်အများ ပျက်စီးနေပြီဖြစ်သဖြင့် ယခုအခါ တတ်စွမ်းသမျှ ကယ်ဆယ်ရေးကား ဓာတ်ပုံရိုက်ယူရန်သာ ရှိတော့ကြောင်း ဝမ်းနည်းဖွယ် ဖော်ပြ၏။

၁၄။ "မြန်မာနိုင်ငံအတွင်းသို့ ကမ္ဘောဇတိုင်းသားတို့ ဝင်ရောက်နှောင့်ယှက်ဖူးသလော၊ မြန်မာမှန် ရာဇဝင်တို့ နှိုင်းယှဉ်လေ့လာချက်"

(၁၉၂၂ မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ ၁၂၊ အပိုင်း ၁၊ ၃၉–၄၅)

အာ–ဟာလီဒေးပေးသော အချက်အလက်တို့ကို စိစစ်၍ ဤဆောင်းပါးကို ရေးခဲ့ပါသည်။ တစ်ဆယ့်တစ် ရာစုဦး၌ သထုံဘုရင် ဥဒိန္နကို ကြွမ်းများလာရောက်နှောင့်ယှက်ရာ ပုဂံမှ စစ်ကူတောင်းလျှင် 'လူလေးယောက်လာ၏' ဟု မှန်ရာဇဝင် ရာဇမိရတ် တွင်လာ၏။ ပဲခူးနှင့် သထုံ လွဲသည်မှတစ်ပါး မှန်နန်းနှင့် မခြားလှ၊ တွင်းသင်း ရာဇဝင်သစ်၌ ကြွမ်းလာချိန်နှင့် သထုံပျက်ချိန် တိုက်ဆိုင်၏။ မှန်နန်းကမူ အနိရုဒ္ဓ နန်းသက်ဆုံးခါနီးတွင် လာသည်ဟု ဆိုသည်။ ထို့ကြောင့် ပြဿနာကား . .

(က) ကြွမ်း ခေါ် ဂျွမ်းများသည် ကမ္ဘောဇတိုင်းသားများ ဟုတ်မဟုတ်။

(ခ) လာရောက် တိုက်ခိုက်သည်မှာ ပဂိုး ဖြစ်မည်၊ သထုံ ဖြစ်မည်။

(ဂ) အနိရုဒ္ဓ နန်းတက်စတွင် လာ၍တိုက်သည် သို့မဟုတ် နန်းသက်ကုန်ချိန်တွင် လာသည်။

တို့ကို စစ်ဆေးရချေမည်။ အတိအကျ အဖြေရနိုင်မည်မထင်။ သို့သော် ဆရာလုစ်က လောပုရီအနီးအပါးနေ ကမ္ဘောဇအဆက်အနွယ် လူမျိုးတို့သည် သထုံကို လာရောက်နှောင့်ယှက်ရာ ပဂိုးက စ၍တိုက်မည်။ မြေခွေးနှစ်ကောင် ရန်ပွဲကို ဖြေလှည့်ပါဟု ခြသေ့်မင်းကို ပင့်ခေါ်ရာ နှစ်ကောင်စလုံးကို စားပစ်ခြင်းဖြင့် ရန်ပွဲကို အဆုံးသတ်ပေးပုံမျိုး အနိရုဒ္ဓဆောင်ရွက်ခဲ့သည်ဟု ထင်ကြောင်းရေးသည်။

၁၅။ "ဗန္ဓကာတိုက်မှတ်တမ်း အတွဲ ၃၊ အပိုင်း ၁ နှင့် ၂ ဝေဖန်ချက်"

(၁၉၂၂ မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ ၁၂၊ အပိုင်း ၁၊ ၅၇–၈)

၁၆။ "ရှုပ်ခေါ် အရှေ့တိုင်း အနုပညာဂျာနယ် အမှတ် ၁ မှ ၁၀ ထိ ဝေဖန်ချက်"

(၁၉၂၂ မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ ၁၂၊ အပိုင်း ၁၊ ၅၈–၆၀)

၁၇။ "ရှိုင်ရယ်အေရှတစ်အသင်း (မလေး သင်းခွဲ) မြန်မာနိုင်ငံ သုတေသနဂျာနယ် အမှတ် ၈၅၊ ၁၉၂၂ ခု၊ မတ်လ ဝေဖန်ချက်"

*(၁၉၂၂ ဂျာနယ် အတွဲ ၁၂၊ အပိုင်း ၁၊ ၆၂–၂)*[၁၂၈]

၁၈။ "ဂျာနယ် အေရှတစ် စာစဉ် ၁၁၊ အတွဲ ၂၀၊ အမှတ် ၁ နှင့် ၂၊ ၁၉၂၂ ဇူလိုင်နှင့် ဒီဇင်ဘာ ဝေဖန်ချက်"
(၁၉၂၃ *မြန်မာနိုင်ငံ သုတေသနဂျာနယ်* အတွဲ ၁၃၊ အပိုင်း ၁၊ ၆၂–၄)

ဤတွင် အမ်ဂျီဖာရမ်၏ အရှေ့တောင်အာရှရှိ ယခင်နှင့် ယခု မြို့ရွာနယ်ပယ်များကို နှိုင်းယှဉ် ဖော်ပြထားပုံ အားလုံးကို လက်ခံနိုင်မည်မဟုတ်ဟု ဆရာလုစ်က ဆို၏။ မိချင်ဟူသည် ပင်လယ်ကမ်းရိုး၌ရှိ၍ စစ်တောင်းမြစ်ဝ၌ ရှိမည်ထင်သည်။ မြန်မာရာဇဝင် တစ်လျှောက်၌လည်း အညာနှင့် အောက်ပြည် တိုက်ခိုက်မြဲဖြစ်သည်။ ဤသို့အားဖြင့် နှစ်ဖက်စလုံး အကျိုးဆုတ်ယုတ်ရသည်ဟု ဆရာလုစ်က ရေးသည်။

၁၉။ "ရွိုင်ရယ်အေရှတစ် အသင်းဂျာနယ် ၁၉၂၂ လေးတွဲနှင့် ၁၉၂၃ သုံးတွဲ ဝေဖန်ချက်"
(၁၉၂၃ *မြန်မာနိုင်ငံ သုတေသနဂျာနယ်* အတွဲ ၁၃၊ အပိုင်း ၂၊ ၁၅၇–၉)

၂၀။ "တရုတ်မင်းဆက်နှင့် မင်းဆက်ရာဇဝင်စာရင်း ဖုကန်တုလု၊ တန် (အေဒီ ၉၇–၁၃၂)နှင့် ငဲလော၊ မြန်မာ့အိမ်နီးချင်းနိုင်ငံများ"
(၁၉၂၄ မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ ၁၄၊ အပိုင်း ၂၊ ၈၇–၂၀၅)

ဂျာနယ်တစ်စောင်လုံး တရုတ်မှတ်တမ်း ဘာသာပြန်များသာပါသည်။ ဂျာနယ်အယ်ဒီတာ ဆရာလုစ်က ယခုဂျာနယ်၏ ရည်ရွယ်ချက်မှာ မြန်မာမှု သုတေသီတို့ကို မြန်မာနိုင်ငံနှင့်ဆိုင်သော အကြောင်းအရာ များစွာကို တရုတ်ရာဇဝင်နှင့် စာပေတို့၌ အမြောက်အမြား တွေ့နိုင်ကြောင်း အမှတ်ရလျက် လေ့လာကြပါဟု နှိုးဆော်ရန်ဖြစ်သည်ဟု ဆို၏။ ၁၉၀၄ ခုနှစ်လောက်ကပင် ဆရာကြီး ပေလီယိုသည် *ပြင်သစ် အရှေ့တိုင်းကျောင်းစာတမ်း* အတွဲ ၄ ၌ စာမျက်နှာ ၃၀၀ ခန့်ပါသည့် လမ်းနှစ်သွယ်ဟူသော ဆောင်းပါးကို နိုင်နင်းကျနစွာ ရေးသားခဲ့၏။ အဆိုပါ ဆောင်းပါးကား မြန်မာနိုင်ငံသာမက အရှေ့တောင်အာရှ တစ်ခုလုံးအတွက် များစွာ အသုံးဝင်သည်။ သုတေသန အဆောက်အအုံကို ဆက်၍တည်ဆောက်ရန် ကျောက်ခုံပင် ဖြစ်တော့သည်။ သို့သော် ပြင်သစ်ဘာသာဖြင့် ပြုစုခဲ့သဖြင့် အများအကျိုးရှိစေရန် မြန်မာနိုင်ငံနှင့် ဆိုင်သမျှ စာမျက်နှာ ငါးဆယ်ခန့်ကို အင်္ဂလိပ်ဘာသာ ပြန်လိုက်ပါသည်။ ဤမျှ အဖိုး



တန်သော စာတမ်းမျိုးကို ယခု အနှစ်နှစ်ဆယ်ကြာမှ အလေးဂရုပြုနိုင်တော့သဖြင့် ရှက်ဖွယ်ပင်ဖြစ်ပါကြောင်း ဝန်ခံရာ၏။ (ဆရာကြီးလုစ် ရေးသမျှ အဖိုးတန် ဆောင်းပါးတို့ကို ယခု အနှစ်ခုနစ်ဆယ်ကျော်အတွင်း မြန်မာ မပြန်ဖြစ်သေးသည်မှာလည်း ရှက်ဖွယ်ပင် ဖြစ်ပါသည်။)

၂၁။ "မြန်မာနိုင်ငံသို့ ၁၈ ရာစုနှစ်က တရုတ်များ ကျူးကျော်လာပုံ"
(၁၉၂၅ *မြန်မာနိုင်ငံ သုတေသနဂျာနယ်* အတွဲ ၁၅၊ အပိုင်း ၁၊ ၁၁၈–၂၈)

ပုဂံမပျက်မီက မြန်မာနိုင်ငံအကြောင်း တရုတ်မှတ်တမ်း အလွန်နည်းသော်လည်း ပုဂံပျက်ပြီးနောက်တွင် အလွန်များ၍ လာပါသည်။ ထိုမျှ များပြားသော မှတ်တမ်းတို့ကို စိစစ်ပြီးလျှင် ရှုပ်ထွေးလှသော အဝခေတ်ရာဇဝင်ကို အသစ်ပြန်၍ ရေးရလိမ့်မည်ဟု ရဲဝံ့စွာ ပြောနိုင်ပါသည်ဟု ဆရာလုစ်က ဆို၏။ ယခု ၁၈ ရာစုနှစ် ရန်ပွဲအတွက် ကုန်းဘောင်ခေတ်မှ ဆိုင်ရာအပိုင်းကိုလည်းကောင်း၊ ရှန်ဗုကျိုခေါ် တပ်မတော်မှတ်တမ်း၊ တုန်ဟွာခေါ် ရွှေနန်းတော်မှတ်တမ်း၊ ကျန်ဖြန်ကျိုဝင် နေ့စဉ်မှတ်တမ်း၊ ဝုကုန်ကျိုရှန်ခေါ် ကျောင်ယီ၏မှတ်တမ်းတို့ကိုလည်းကောင်း မှီငြမ်းပြုပါသည်။ တရုတ်က ဘာကြောင့် စစ်ပြုသည်ဟု မြန်မာတို့ အမှန်သိဟန်မတူ။ မြန်မာက ပြောသောအကြောင်းနှစ်မျိုးကို တရုတ်က အသိအမှတ်မပြု၊ အကြောင်းရင်းအစစ်ကား တရုတ်လက်အောက်ခံ နယ်စပ်စော်ဘွားတို့ထံမှ မြန်မာက ဆက်ကြေးကောက်ခံသောကြောင့် ဖြစ်ရ၏။ စစ်ပြုလာသော တရုတ်အင်အားကို တစ်ရာလာလျှင် တစ်ထောင်လာသည်ဟု မြန်မာက သုညတစ်လုံး ပိုလေ့ရှိသည်ဟု ဂျီအီးဟာဗေးက ဆို၏။ ဆရာလုစ်က သုညတစ်လုံးထက် ပိုကောင်းသည်ဟု ဆိုသည်။

၂၂။ "ရှမ်းပြည်နယ်တောင်ပိုင်း 'လောက်ဆောက်' ရှိ ဘုရားဟောင်းတစ်ဆူ"
(၁၉၂၈ *မြန်မာနိုင်ငံ သုတေသနဂျာနယ်* အတွဲ ၁၈၊ အပိုင်း ၂၊ ၆၉–၇၀)
ပုံသုံးပုံပါသည်။

ညောင်ရွှေမြောက်ဘက် မိုင် ၄၀ ခန့်တွင်ရှိသော လောက်ဆောက်၌ ဆရာလုစ်သည် အပျက်အစီးများ ခြံရံလျက် ရွှေဥမင်ဘုရား၌ တံခါးအထက် ပေါင်းကူးတွင် ခိုမြီး ထောင်ပုံကို ပုဂံလက်ရာအတိုင်း တအံ့တသြ တွေ့ရပုံကို ဖော်ပြ၏။ ကျောက်စာအမှတ်အသား မရှိသော်လည်း ပုဂံမင်းတို့ အရှေ့သို့

ဤဒေသတိုင်အောင် ဩဇာပြန့်သည်ဟုယူသော် ရကောင်း၏ဟု ဆိုသည်။

၂၃။ "ပျူတို့အမည်"

(၁၉၃၂ မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ ၂၂၊ အပိုင်း ၂၊ ၂–၉၀)

ရှေးမြန်မာစာ၌ ပျူကို ရရစ်နှင့်မရေး၊ ယပင့်နှင့်သာ ရေး၏။ တရုတ်က ဖျောက်ဟုခေါ်၏။ ထန်ရာဇဝင်သစ်၌ ပျူတို့သည် မိမိတို့အမျိုးကို ထုလောကျူ ဟုခေါ်လျက် ဂျာဗား အမျိုးသားတို့က တုလီချူဟု ခေါ်သည်။ ထို့ကြောင့် ဆရာလုစ်က. . .

(က) မြန်မာနိုင်ငံမြောက်ဘက်နေ လူမျိုးတို့က မြန်မာတို့ခေါ် ပုံမျိုးဖြစ်သော ပျူနှင့် ဆင်ဆင်တူသည့် အမည်များဖြင့် ထိုလူမျိုးကို ခေါ်ဝေါ်လျက်

(ခ) ပျူတို့ ကိုယ်တိုင်က မိမိအမျိုးကို ထုလ်စုဟုခေါ်၍ ထိုအမည်မျိုးဖြင့်ပင် မြန်မာနိုင်ငံတောင်ဘက်နေ လူမျိုးတို့က ခေါ်သည်ဟု ယူဆ၏။ ထို့ကြောင့် ကျန်စစ်သား၏ (အေဒီ–၁၁၀၁) နန်းတော်ကျောက်စာ၌ ပါသော တိရ်စုလ်လူမျိုးကား မွန်ဘာသာဖြင့်ခေါ်သော ပျူပင်ဖြစ်မည် ဟု ခန့်မှန်းသည်။

၂၄။ "ပုဂံကျေးရူး"

(၁၉၃၂ မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ ၂၂၊ အပိုင်း ၃၊ ၁၂၀–၇)

ဤဆောင်းပါး၌ ဆရာလုစ်သည် မိမိတွေ့ရှိထားသော အရေးကြီးသည့် အယူအဆသစ်တစ်ခုကို ပထမဦးဆုံး အများသိအောင် ကြေညာခဲ့သည်။ ထိုအယူ အဆကား "မြန်မာတို့သည် ရှမ်းပြည်နယ်မြောက်ပိုင်း တောင်ကုန်းပေါ်မှ မြန်မာ နိုင်ငံမြေပြန့်အရပ်သို့ အေဒီ ၈၃၂ လွန်ခါမှ ဆင်းလာနေထိုင်ကြသည်။ ပထမတွင် မြစ်သား ဆယ့်တစ်ခရိုင်၌ အခြေစိုက်ပြီးမှ ရောဝတီဘက်သို့ တဖြည်းဖြည်း သွားရောက်နေထိုင်ကာ ပုဂံကို တည်ထောင်ကြ၏။ တောင်ဘက်သို့ စလင်းလယ် ကိုင်း၊ မပင်းစရ စသော ခြောက်ခရိုင်ကို တည်သည်။ မြောက်ဘက်၌ ယခု မန္တလေးနယ်တွင် တောင်ပြုံးခရိုင်တည်ပြီးမှ အနောက် မြောက်သို့ တဖြည်းဖြည်း တိုးဝင်လျက် မူးမြစ်ရိုးကို သိမ်းပိုက်ကြ၏။ (ပုဂံမှအပ) သွားလေရာတွင် ရေကောင်းမည့် အရပ်ကိုသာ ရှာ၍ လယ်စိုက်ကြ၏။ တစ်ခါတစ်ရံ မြောင်းနှင့် ဆည်ကို အားကိုးရသည်။ မြန်မာတို့သည် အေဒီ တစ်ဆယ်ရာစုခန့်တွင် ပုဂံကို ဗဟိုပြု၍ ယဉ်ကျေးမှု ထူထောင်ကြ၏။ ထို့ပြင် ဆရာလုစ်က ပုဂံရောက် ဗုဒ္ဓ



သာသနာတွင် ဗိသနိုးမင်း ကိုးကွယ်ခြင်း စသော ဟိန္ဒူဗြာဟ္မဏအယူ ရောနှော[၁၂] နေသည်။ နတ်နှင့် နဂါး ကိုးကွယ်သော ရှေးအယူတို့ကိုလည်း များစွာ စွဲလမ်း လျက်ရှိသေးကြောင်း သံသယရှိဖွယ် မမြင်။ ဗုဒ္ဓဆင်းတုကိုလည်း သက်တော် ထင်ရှား ရှိဘိသကဲ့သို့ ဆွမ်းကပ်၏။ မြန်မာတို့အကြောင်း ပြောရာ၌လည်း ဆရာလုစ်က မြန်မာသည် မွန်ကဲ့သို့ စိတ်ကူးယဉ်သူမဟုတ်။ လက်တွေ့သမား ဖြစ်၏။ မွန်တို့ စေတီပုထိုးဆောက်ပုံကို အတုခိုး၏။ သို့သော် မကြာမီ ယခင် မှောင်လျက် လင်းနို့ပေါသော ကူတွင်းသို့ ပြတင်းပေါက် တံခါးပေါက်ကြီး ကြီး ဖောက်ခြင်းဖြင့် အလင်းရောင်များများ သွင်းပေး၏။ ကူနံရံ၌ အတင့်အတယ် ဆေးရေးရာ၌လည်း အရောင်လွင်လွင် စပ်၏။ ခြူး အနွယ် အလိပ် သွယ်တန်း သွက်လက်ပျော့ပျောင်း၏။ အဆောက်အအုံ အများဆုံးဆောက်သောခေတ် ဖြစ်လာ၏။ အကောင်းဆုံးလည်း ဆောက်ခဲ့၏၊ အလှဆုံးလည်း ဆင်ခဲ့၏။ စာပေတွင် ကဗျာမဆန် စကားပြေသမားများ ဖြစ်သည်။ ကဗျာဟူ၍လည်း ရှိသည်ထားဦး၊ နမူနာ ဖတ်ကြည့်စရာ တစ်ပုဒ်တလေမျှမကျန်ရစ်ခဲ့။ အနန္တသူရိယ ၏ မျက်ဖြေလင်္ကာနှင့် "သိုးကလေ. . ." စသော လင်္ကာတို့၊ ပြောသည့်အတိုင်း ရှေးကျလှမည် မထင်ပါဟု ဆက်၍ ရေးပြန်၏။ ထိုခေတ်တွင် ရှိသမျှ စာပေကား

(က) စဥ့်ကွင်း သို့မဟုတ် ကူနံရံဆေးရေး ငါးရှဥ့်ငါးဆယ်ဇာတ်တော် အရုပ် အောက်မှ စာတမ်း. . .

(ခ) ကောင်းမှု မှတ်တမ်းတင်ကျောက်နှင့် မင်စာများ

(ဂ) အိမ်တော်တို့၌ စာတိုက်နှင့်ထားသော ပေထုပ်များသာ ဖြစ်၏။ ကျောက် စာကိုကူး၍ ပေစာနှင့် ထားဟန်တူ၍ ထိုစာမျိုးကို နှောင်အခါ မော်ကွန်း ခေါ်သည်။

စာရေးရန် ပေရော ထန်းပါသုံး၍ ပျူခေတ်ကစ၍ ထိုအလေ့အကျင့် ရှိခဲ့ဟန်တူသည်။ ရေးနည်းတို၏၊ ရှင်း၏။ ယင်းပင်လျှင် မြန်မာစာပေ စမ်းရေ အယဉ်၏ ကတွက်ပေါက် ဖြစ်တော့သည်။

၂၅။ "မူးအရှေ့ ရှေးမြောင်းများကိုပြသော ရွှေဘိုဆည်မြောင်းဌာန၏ လေးလက်မ တစ်မိုင်မြေပုံ၊ ရွှေဘိုခရိုင် ရေဦးမြောင်းနှင့် ရှေးဆည်များကိုပြသော တစ် လက်မတစ်မိုင် မြေပုံနှင့် မြောင်းစာရင်း၊ မန္တလေးမြောင်းနှင့် ရေလွှတ်ပေါက် စာရင်းနှင့် ဦးဘရှင် ရေးသော မင်းဘူးခရိုင် သမိုင်းတို့ကို မြန်မာနိုင်ငံ

သုတေသနဂျာနယ်တွင် ပုံနှိပ်ပေးရန် တောင်းပန်စာ"

(၁၉၃၆ မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ ၂၆၊ အပိုင်း ၁၊ ၃၅)

ဦးဘရှင် ရေးသောသမိုင်း၌ ရှေး မပင်းစရခရိုင်တွင် ပါသောအမည်များကို ရှာဖွေတွေ့ရှိရသဖြင့် များစွာ အသုံးဝင်ကြောင်း ချီးမွမ်းသည်။

၂၆။ "မြန်မာတို့ ဆုတောင်းခန်း"

(၁၉၃၆ မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ ၂၆၊ အပိုင်း ၃၊ ၁၃၁–၈)

ဆရာလုစ်သည် မြန်မာစကားကို တတ်ရန် ခက်ခဲသည်ဟု ဝန်ခံ၏။ သတင်းစာမျှ ဖတ်ရန် လွယ်ပါသည်။ ခေတ်ဝတ္ထုကိုလည်း ဖတ်ရန်မခက်ပါ။ သို့သော် နာမည်ကျော် မြန်မာစကားပြေ အရေးအသားကို သဘောပေါက်ရန် အနိုင်နိုင် ကြိုးစားရ၏။ မြန်မာကဗျာဆိုလျှင် အနက် လုံးဝ မထင်သလောက်ပင် ခက်ခဲ၍ နေပါသေးသည်။ သို့သော် ကိုယ်တွေ့တစ်ခု ပြောသေး၏။ ရှေးအကျဆုံး မြန်မာစာပေက စဖတ်ခဲ့လျှင် မြန်မာအမျိုးနှင့် စာပေ တွဲဖက်ကြီးပွားလာပုံကို အဆင့်ဆင့် လိုက်၍ မှတ်သားနိုင်၏။ မြန်မာတို့ စာရေးတတ်စက ရေးရန် အကြောင်းလည်း ရိုး၏၊ အလှူမှတ်တမ်းတင်ခြင်းမျှဖြစ်၍ သာသနာ့ အထောက်အပံ့ဖြစ်စေရန် လယ်ပယ်စာရင်းပါ၏၊ ကျွန်စာရင်းပါ၏၊ ဝေါဟာရမကြွယ်သေး။ ဆိုဖွယ်ရှိသည်ကို ဗိုက်ရိုက်ဆို၏။ ရေးပုံရှင်း၏။ ကျောက်စာကို ဖတ်ရသည်မှာ ဘယ်တော့မှ မငြီး။ ကြင်နာယုယသံကလေးများ ဖတ်ရလျှင် ကြည်နူးမိ၏။ မြန်မာစကား အခြေခံ အသင့်အတင့်ရှိ၍ ရာဇဝင် ဗဟုသုတ အနည်းငယ်ဖြင့်ပင် ကျောက်စာကို လွယ်လွယ်စ၍ ဖတ်နိုင်ပါလိမ့်မည်ဟု မြန်မာ မဟုတ်သူများကိုပင် မြန်မာကျောက်စာဖတ်ရန် ဆွယ်ခဲ့သည်။ မြန်မာ ကျောက်စာတို့အနက် အသင့်တင့် ရှည်၍ ရှေးအကျဆုံးတစ်ခုဟု ခေါ်နိုင်သော ကျောက်စာကား အေဒီ ၁၁၁၃ မှ ရာဇကုမာရ်ကျောက်စာ ဖြစ်သည်။ မင်းထိုးကျောက်စာတို့၌ မြန်မာသက်သက်ကို စတင်သုံးစွဲသူမှာ နရပတိစည်သူ ဖြစ်၏။ ပုဂံ မင်းဆက် ကုန်ခါနီးသို့ရောက်လျှင် ကျောက်စာရေးထိုးခြင်း ပို၍ များလာ၏။ အစုစု လေးရာကျော်ရှိပါသည်။ အမျိုးသမီး အလှူရှင် ရေးထိုးသည့်ကျောက်စာ မှန်လျှင် ကြင်နာယုယသံကလေးများ ပါတတ်သဖြင့် ဖတ်၍ အလွန်ကောင်း တတ်ပါသည်။ ကျောက်စာဖတ်၍ လူနေမှုအခြေအနေကို ဖော်ထုတ်နိုင်စရာ အချက်အလက်စုံစုံရနိုင်မည်။ သို့သော် သာသနာရေးအမြင်ဖြင့် ယောကျ်ားဆုကို ပန်ကြ၏။ တစ်လင် တစ်မယား



စနစ်မရှိသေး။ မယားငယ်တို့လည်း အနေချောင်ဟန်တူသည်၊ မုဆိုးမများ အိမ်ထောင်သစ် ထူခွင့်ရှိ၏။ ဇနီးမောင်နှံ ကျေနပ်နှစ်သက်ဟန်ကို မကြာခဏ ဖတ်ရ၏။ ရွှေနန်းတော်၏ မင်းမိဖုရား မောင်းမမိဿံ အထိန်းအယတို့ အကြောင်းလည်း ဖတ်ရ၏။ အမျိုးသမီးအရာရှိလည်း ခန့်ပါသည်။ ဤကဲ့သို့ ကျောက်စာများကို ဖတ်ချင်လောက်အောင် ဆရာလုစ်က ပြောပြပြီးနောက် ဆုတောင်းဆုယူပြုကြပုံနှင့် ကျိန်စာများထားခဲ့ကြပုံကို နမူနာများ ကိုးကား၍ ရေးခဲ့ပါသည်။

* * *

**ပါမောက္ခ ဂျီအိချ်လုစ်**သည် မြန်မာရာဇဝင် ဆောင်းပါးအမျိုးမျိုးကို ရေးသားခဲ့ရာ အင်္ဂလိပ်ဘာသာဖြင့်သာ ရှိသေးသဖြင့် မည်သို့သော အကြောင်းအရာများ ဖြစ်လေမည်နည်းဟု မြန်မာသုတေသီတို့ သိလိုကြပေမည်။ အားလုံးကို မြန်မာပြန်၍ စာတစ်အုပ်ထုတ်ရန် လွန်ခဲ့သော သုံးနှစ်ကျော်ခန့်ကပင် ကျွန်တော်သည် ဆရာဦးသိန်းဟန်နှင့် တိုင်ပင်ခဲ့ဖူးပါသည်။ အားလုံး ကျေနပ်နှစ်သက်အားပေးကြသော်လည်း ယခုတိုင် အထမမြောက်သေးပါ။ ဤအတွင်း မြန်မာစာဖတ်ပရိသတ်နှင့် မိတ်ဆက်သဘောဖြင့် ဆရာကြီး၏ ပုဂံခေတ် မြန်မာနိုင်ငံ မြို့ရွာနယ်ပယ်များအကြောင်းကို "မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ ၄၁၊ အပိုင်း ၁၊ စာမျက်နှာ ၃၂–၅၁" တွင်ပါသော အင်္ဂလိပ်ဘာသာ ဆောင်းပါးကို မြန်မာပြန်၍ ၁၉၆၀ ပြည့် ဇူလိုင်လ ယဉ်ကျေးမှုစာစောင် (စာမျက်နှာ ၈၂–၁၁၀)တွင် ထည့်သွင်းခဲ့ဖူးပါပြီ။ ထို့ပြင် ဆောင်းပါး မည်မျှ ရေးသားဖူး၍ မည်သည့် အကြောင်းအရာများဖြစ်သည်ကို အကြမ်းမျှ သိသာနိုင်ကြရန် အထက် ဖော်ပြပါ ဆောင်းပါးအစုစု ၂၆ ခုတို့၏ အကြောင်းကို ငွေတာရီ (၁၉၆၀ အောက်တိုဘာ စာမျက်နှာ ၉၀–၁၀၉)တွင် ဖော်ပြခဲ့ဖူးပါသည်။ ယခု ထပ်မံ၍ ဖော်ပြပါဦးမည်။ ထိုစဉ်က မှာကြားခဲ့သည့်အတိုင်း ဆရာ့လက်စွမ်း ကုန်စင်အောင် သိလိုပါလျှင် ယခုဆောင်းပါးတွင် ဖော်ပြသည့် စာရင်းအရ ဆရာ့စာတမ်းများကို ပင်ရင်းအတိုင်း ရှာဖွေလေ့လာကြရန် အထူး တိုက်တွန်းလိုပါသည်။

၂၇။ "ခေတ်ဟောင်း ပျူတို့အကြောင်း"

(၁၉၃၇ မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ ၂၇၊ အပိုင်း ၃၊ ၂၃၉–၅၃)

(မြန်မာပြန်၊ ရန်ကုန်တက္ကသိုလ် ၁၉၆၀–၆၁ နှစ်လည်စာစောင်တွင်ကြည့်)

ခရစ်နှစ် သုံးရာစုမှစ၍ မြန်မာနိုင်ငံတွင် အိန္ဒိယ ယဉ်ကျေးမှု များစွာ အရေးပါ၍လာကြောင်း တွေ့ရသည်။ သို့သော် မြန်မာနိုင်ငံတွင်ရှိနေသော လူအများက ထိုယဉ်ကျေးမှုများကို အခြေခံမှုပင်စ၍ များစွာ ဆန်းကြယ်နေကြောင်း တွေ့ရသဖြင့် အစ ခပ်သိမ်းအားလုံး လက်သင့်မခံနိုင်ကြချေ။ ရှိရင်း အမူအကျင့်တို့ကို ထိန်းသိမ်း၍ အယူသစ် အမူသစ်မှ သင့်တင့်လျောက်ပတ်သမျှကိုသာ ရွေးနုတ်လိုက်နာကြ၏။ သရေခေတ္တရာနှင့် ဟလင်းကဲ့သို့ အိန္ဒိယ ယဉ်ကျေးမှု အရောက်အပေါက်များရာဒေသ၌ကား တွေ့ဖူးသမျှ ရှေးလက်ရာ အကြွင်းအကျန်များသည် အိန္ဒိယ ဆန်လှ၏။ အခြားဒေသများမှာမူ အိန္ဒိယ စက်ရိပ်မှ ကင်းလွတ်လျက်ပင်ရှိ၏။ သို့သော် ထိုတိုင်းရင်းသား ယဉ်ကျေးမှုမှာ တိမ်ကောခဲ့ပြီဖြစ်၍ အစအနမျှ မကျန်အောင်ရှိသည်မှာ များစွာ နှမြောဖွယ် ဖြစ်ပါသည်။ သုံးရာစု တရုတ်မှတ်တမ်းများ၌ မြန်မာနိုင်ငံ အလယ်ပိုင်း၌ဟု ခန့်မှန်းရသော ဒေသတွင် ဗုဒ္ဓသာသနာထွန်းကားသည့် လင်ယန်နိုင်ငံရှိသည်ဟု ဆို၏။ ထိုသုံးရာစု၌ပင် ဖျောက်ဟု အမည်ရှိသော လူမျိုးတစ်စုသည် မြန်မာနယ်စပ် ယုန်ချန်၏ အနောက်တောင်ဘက် လီသုံးထောင်အကွာ၌ နေသည်ဟု သိရ၏။ ထိုဖျောက်များကား ပျူဖြစ်သည်မှာ ထင်ရှားလှ၏။ ဤတွင် ပါမောက္ခ လုစ်က ပျူဟူသော ဝေါဟာရကို ယပင့်နှင့်ရေးမှ ရှေးသတ်ပုံနှင့် ညီညွတ်မည်ဟု ဖော်ပြသည်။ ထန်ရာဇဝင်သစ်အရ ၎င်းတို့ကို ထန်လောဆုဟုခေါ်ကြောင်း သိရ၍ ဂျာဗားမှ လူများက တုလီချူဟု ခေါ်သည်။ အထက်က ၁၉၃၂ မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ ၂၂၊ စာမျက်နှာ ၉၀ တွင် ရှေးမွန်များကို တိရ်စုလ်ဟု ခေါ်မည်ထင်ကြောင်း ရေးသားဖော်ပြခဲ့ဖူး၏။ အဆိုပါ အသံမျိုးဖြင့်ပင် ခရစ်နှစ် ၈၈၀ ခန့်က အာရပ်များ ခေါ်ခဲ့ကြောင်းကိုလည်း သိရ၏။ သရေခေတ္တရာ (ကျက်သရေရှိသော မြေ)ကား တစ်ခါက ၎င်းတို့၏မြို့တော် ဖြစ်ခဲ့၏။

တရုတ်ဘုရားဖူး ဆွန်ဆန်က ခရစ်နှစ် ၆၄၈ တွင် လည်းကောင်း၊ ဣဆင်က ၆၇၅ ခုနှစ်လောက်တွင် လည်းကောင်း၊ ယင်းတို့ ပျူနိုင်ငံကို ဗုဒ္ဓသာသနာဝင်များဖြစ်ကြောင်း မှတ်တမ်းတင်ခဲ့၏။ ဝိကြမမင်းဆက် တစ်ဆက်သည် ပျူနိုင်ငံ၌ ခရစ်နှစ် ၆၇၃ မှ ၇၁၈ အထိ အနည်းဆုံး အုပ်စိုးခဲ့ဟန်ရှိသည်။ သက္ကရာဇ်ဟု ယခုတိုင် သုံးစွဲလျက်ရှိသော နှစ်အစဉ်ကို ခရစ်နှစ် ၆၃၈ တွင် ထိုမင်းဆက်က တီထွင်ခဲ့မည်လောဟု တွေးတောဖွယ်ရှိ၏။ ဝရ်မန်



မင်းဆက်က တခြားတစ်မြို့ (? ဗိဿနိုးမြို့)တွင် အုပ်စိုးလျက် တစ်မြို့နှင့် တစ်မြို့ သင့်တင့်ညီညွတ်စွာ ကူးလူးဆက်ဆံကြသည်ဟု ထင်ရ၏။ မင်းဆက် အမည်များကို ကြားရုံဖြင့် မဒရပ်အနီး ကန်စိပုရ (ကွန်ဂျီဗရမ်)မှ ပလ္လဝနှင့် အဆက်အသွယ် မကင်းကြောင်း ခန့်မှန်းရချေမည်။ သရေခေတ္တရာ မြို့ဟောင်းနေရာ (မော်ဇာ)မှာ ယခု ပြည်မြို့ အရှေ့တောင် ငါးမိုင်ခန့်အကွာတွင်ရှိ၍ စနေ တနင်္ဂနွေရက်အားများတွင် သွား၍ လည်ပတ်ကြည့်ရှုသင့်သော နေရာ ဖြစ်ပါသည်။ ထိုသို့သွားလျှင် ကျောက်ကာသိမ်ကုန်းပြတိုက်၊ ရဟန္တာ ကူနှင့် မြို့ပေါက် ဘောဘောကြီးဘုရား၊ ဘဲဘဲဘုရား၊ လေးမျက်နှာဘုရား၊ ဗိဿနိုး သချိုင်း၊ ဖိုးဝေါင်ကုန်းပန်းပုလက်ရာများ၊ ဈေးကူးဘုရားနှစ်ဆူ စသည်တို့ကို လက်မလွတ်တမ်း ကြည့်ရှုသင့်၏။ မြို့ဟောင်းရာမှာ အကြမ်းအားဖြင့် အဝိုင်း သဏ္ဌာန်ရှိ၏။ ပုဂံ သို့မဟုတ် မန္တလေးထက် များစွာကျယ်သည်။ ရှေးက မြစ်နှစ်သွယ်ဆုံရာ ထောင့်ကိုယူ၍ တည်ထားခဲ့ဟန်ရှိသည်။ ဘောဘောကြီး ဘုရား ပုံစံမှာလည်း ဆန်းသည်။ အုတ်တိုင်ကြီးကဲ့သို့ ပေ ၁၅၀ ကျော် တစ်ဖြောင့်တည်းတက်လျက်ရှိသည်။ ဘဲဘဲ၊ လေးမျက်နှာနှင့် ဈေးကူးဘုရားများကား အတွင်းလိုဏ်ရှိသော ဘုရားများဖြစ်၍ ပုဂံတွင် နောင်အခါ တည်ဆောက်ကြသည့် ဘုရားများ၏ မူရင်းပုံများဖြစ်၏။ ပန်းပုလက်ရာ၌ အိန္ဒိယမှ ဂုပတာ (ဂုပ္တ) ဟန်ရှိ၍ ရုပ်လုံးထက် ရုပ်ပြားကို ပျူတို့ ပို၍ ကျွမ်းကျင်နှစ်သက်ဟန် ရှိကြောင်း တွေ့ရသည်။ ပျူပန်းပုနှင့် ပန်းတိမ်ဆရာတို့လက်ရာကား ပုဂံ ပညာသည်တို့ လက်ရာထက်ပင်ကောင်းကြောင်း တွေ့နိုင်၏။ ရခိုင်မှ စန္ဒြဒင်္ဂါးတို့နှင့် အသင့်အတင့်ဆင်သော ငွေဒင်္ဂါးကို သုံးစွဲကြောင်း သိရ၏။ ရုပ်တုများ ပါသော မြေပုံဘုရား ရာထောင်များစွာတွင် ပန်းနှင့် တိရစ္ဆာန်ရုပ် အမြောက်အမြားကို တွေ့ရ၏။ ပျူတို့ သာသနာ ယုံကြည်မှုကား ဝါဒတစ်ခုတည်း မဟုတ်မူ၍ ဗိဿနိုးကိုးကွယ်ခြင်းနှင့်တကွ ဟိနယနနှင့် မဟာယန အားလုံး ရောနှောလျက်ရှိချေ၏။ ပျူစာ ရေးသားပုံကား အနောက်အိန္ဒိယမှ မြောက် ကနရ၏ ကဒံဗ ငါးရာစုလက်ရေးနှင့် များစွာဆင်၏။ ပျူတို့သည် သေသူကို မီးသင်္ဂြိုဟ်၍ ပြာကို အိုးနှင့်ထားလေ့ရှိသည်။ ထိုအရိုး ပြာထည့်သောအိုး၌ ကျောက်ခဲအဖြူ သံချွန်နှင့် ဓားသွားကလေးများ တွေ့ရတတ်သည်။ ဒေါက်တာ စီအိုဗလက်ဒန်က ပျူ ဝေါဟာရ ငါးဆယ်ကျော်မှ တစ်ရာကျော်အထိ အဓိပ္ပာယ်

ရှာဖွေတွေ့ရှိသဖြင့်၊ ပျူစကားလည်း တစ်လုံးချင်း အဓိပ္ပာယ်ယူသော ဘာသာစကားဖြစ်၍ အသံအနိမ့်အမြင့်များသည်ဟု သိရ၏။ ခရစ်နှစ် ၈၀၀ ကျော်ခဲ့လျှင် ပျူအကြောင်းကို တရုတ်မှတ်တမ်းများ၌ ရေးသားထားသည်ကို တွေ့ရပြန်၏။

အထက်မြန်မာနိုင်ငံကို ထိုအခါက နန်ကျောင်က အုပ်စိုးလျက်ရှိသည်။ ထို့ကြောင့် ပျူတို့မှာ ၎င်းတို့၏လက်အောက်ခံများဖြစ်၏။ ခရီးလမ်း အဆက်အသွယ်များ ပွင့်လာသဖြင့် မြောက်ဘက် လမ်းသစ်တစ်ခုသည် ပျူမြို့တော်ကို ဖြတ်၍သွားသည်။ ထိုမြို့တော်ကို ရွှေဘိုခရိုင်မှ ဟလင်းဖြစ်သည်ဟုပင် ဆိုချင်လှသည်။ သို့သော် တရုတ်တို့ ဖော်ပြသော ပျူမြို့တော်သည် ဟလင်းဖြစ်ဘိမူ ဟလင်းနှင့်ကပ်လျက် ရေပူတွင်းအများ ထင်ရှားရှိနေပါလျက် ၎င်းတို့အကြောင်းကို ထည့်သွင်းဖော်ပြခြင်း မပြုသဖြင့် တရုတ်တို့ ဖော်ပြသော ပျူမြို့တော်ကား ဟလင်းတည်းဟု မုချမဆိုသာ။ ပျူ တီးဝိုင်းတစ်ဝိုင်းသည် တရုတ်နန်းတော်သို့ ခရစ်နှစ် ၈၀၀ တွင် ရောက်သွား၍ ၎င်းတို့ဘုရင် ခုန်မောချန်က နန်ကျောင်မှတစ်ဆင့် ၇၀၁-၂ ခုနှစ်များတွင် တရုတ်သို့ သံစေလွှတ်ပြန်၏။ ထိုသံတို့အကြောင်းကို တရုတ်မှတ်တမ်းများ၌ တွေ့ရ၏။ အချို့ကို လုစ်က ဘာသာပြန်၍ ဆောင်းပါးတွင် ထည့်သည်။ ခရစ်နှစ် ၈၃၂ တွင် ထိုမြို့တော်ကို သိမ်းယူဖျက်ဆီးပစ်ကြ၏။ ထိုမှ အနှစ်နှစ်ရာ လွန်ခဲ့လျှင် ပျူဟူသည် လေးစားထိုက်သော ရှေးလူဟောင်းတို့ဖြစ်သည်ဟု သာမညသာ မှတ်သားပြောဆိုမိကြပေတော့မည်။

ခရစ်နှစ် ၁၁၁၃ ခုနှစ်က ရေးထိုးခဲ့သော ရာဇကုမာရ် ကျောက်စာတွင် ပျူ တစ်မျက်နှာပါ၍[၁၄၀] ထိုဘာသာဖြင့် နောက်ဆုံးရေးထိုးသော ကျောက်စာကား ပုဂံပျက်သည့် ၁၂၈၇ နှင့် ၁၂၈၉ အတွင်းကဖြစ်၍ ယခုတိုင် ဖတ်မရသေးပါ။

၂၈။ "ခေတ်ဦး မြန်မာတို့ စီးပွားရေး"

(၁၉၄၀ မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ ၃၀၊ အပိုင်း ၁၊ ၂၈၃-၃၃၅)

(မြန်မာပြန်၊ မြန်မာ့ခေ၊ ညွှန့်ကုတ်၊ စက်တင်ဘာ ၁၉၉၉ တွင်ကြည့်)

ခရစ်နှစ် ၁၉၃၂ ခုကစ၍ ပါမောက္ခလုစ်က အလွန် အရေးပါသော အယူအဆတစ်ခုကို ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းကား မြန်မာတို့သည် မြန်မာနိုင်ငံတွင်းသို့ ကိုးရာစုနှစ်လယ်တွင်မှ ဝင်လာကြသည်ဟူသော အချက်ပင်



ဖြစ်ပါသည်။ ယခု ၁၉၄၀ သို့ရောက်လျှင် ဆရာလုစ်က အဆိုပါ အယူအဆတွင် ထပ်လောင်း၍ နောင်အခါ မြန်မာဟူ၍ ဖြစ်လာမယ့် ဂျီယံတို့သည် တရုတ်အနောက်မြောက်ရှိ ကန်စုနယ်တောင်ပိုင်းတွင် နေထိုင်ခဲ့ကြ၍ ၃၀၀၀ ဘီစီတွင် များစွာ အဆင့်အတန်းမြင့်သော ကျောက်ခေတ်သစ်ဓလေ့သို့ ရောက်အောင် တိုးတက်ပြီးရှိနေသည်ဟု ဆို၏။ (၃၀၀၀ ဘီစီမှာ စာလွန်းသည် ၂၀၀၀ ဘီစီဖြစ်ကောင်း၏ဟု နောက်ထပ်ပြင်ဆင်၍ ရေးသားပါသေးသည်။) ထိုသူများသည် အရပ်ရပ်သို့ လှည့်ပတ်သွားလာသူများဖြစ်၍ အနောက်ဘက်သို့ နယ်ချဲ့လာသော တရုတ်က မပြတ်နှောင့်ယှက်လာသဖြင့် တောင်ဘက်သို့ ထွက်ပြေးခဲ့ကြဟန်တူ၏။ ကန်စုတွင်နေခဲ့စဉ်က ၎င်းတို့၏ ဓလေ့အဆင့် မည်မျှပင်မြင့်စေ၊ တောတောင်ကန္တာရ အထပ်ထပ်ဖြတ်၍ တောင်အရပ်သို့ ပြေးပုန်းတိမ်းရှောင်ကာ နှစ်ပေါင်းများစွာနေကြရသဖြင့် ဓလေ့အရာ၌ များစွာ ဆုတ်ယုတ်ခဲ့ရသည်။ မြောက်ဘက်ရန်အပေါင်းကို ကြောက်လွန်းသဖြင့် တောင်အရပ်၏ အပူရှိန်ကိုပင် မကြောက်နိုင်ဘဲ မြန်မာနိုင်ငံ မြေပြန့်သို့ ခိုဝင်လာကြသည်။ ၎င်းတို့ နေထိုင်ပုံကိုကြည့်လျှင် မြောက်ဘက်မှ တောင်ဘက်သို့ အလီလီ အဆင့်ဆင့်ပြောင်းခဲ့ရကြောင်း သက်သေအထောက်အထားများ မြင်သာပါသည်။ ဤသို့ ပြေးခဲ့ရသဖြင့်လည်း အနှစ်နှစ်ထောင်မျှ မလှေ့ နောက်ကျသွားရှာသည်။ မြန်မာနိုင်ငံအတွင်း၌ကား (စာပေမတတ်ကျွမ်းသေးသော တောင်ပေါ်သား လူရိုင်းများကဲ့သို့ ခပ်ကြမ်းကြမ်းနေကြသည်)။ ထို့ကြောင့် နောင် နှစ်တစ်ရာကျော်-နှစ်ရာမျှတွင် ၎င်းတို့က ပုဂံကဲ့သို့ အံ့ဖွယ်အတိရှိသော မြို့တော်ကို တည်ဆောက်နိုင်ခဲ့ခြင်းကား ထူးကဲအံ့သြဖွယ်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထိုသို့ တည်ဆောက်နိုင်ရန် လူမျိုးခြား ဆရာသုံးဦးရှိခဲ့၏။ မြန်မာနိုင်ငံတွင်းသို့ မဝင်လာမီ ရှစ်ရာစုက နန်ကျောင်သျှမ်းများကို ဆရာတင်ရသည်။ ကိုးရာစု၌ ကျောက်ဆည်မြေပြန့်တွင် ပထမ အခြေစိုက်၍ နေလာကြသောအခါ မွန်တို့ကို ဆရာတင်ရသည်။ နောင်အခါ အနိရုဒ္ဓက အောက်မြန်မာနိုင်ငံကို သိမ်းယူ၍ ပင်လယ်လမ်းပွင့်သဖြင့် ကုလားများကို တွေ့ကြုံရလျက် ဆရာတင်ခွင့်ရခဲ့သည်။

နန်ကျောင်ထံတွင် တပည့်ခံစဉ်က ယခင် တတ်သိခဲ့ဖူးသော်လည်း မေ့ပြီဖြစ်သော စိုက်ပျိုးရေးနှင့် ကျွဲ နွား မွေးမြူရေးပညာကို ပြန်၍ သင်ယူခဲ့ကြ၏။ သို့သော် နန်ကျောင်ကား အလုပ်တာဝန်ပေးရာတွင် ရက်စက်သော

ဆရာမျိုးဖြစ်သည်။ ထို့ကြောင့် ၎င်းတို့ တန်ခိုးသတ္တိညံ့လျှင် ၎င်းတို့ကိုစွန့်ခဲ့၍၊ ရှမ်းပြည်နယ်မြောက်ပိုင်းကို ဖြတ်၍ မြန်မာနိုင်ငံတွင်းသို့ (ကဆုံချ၍) ပြေးဝင်လာခဲ့ကြပါသည်။ မွန်တို့နေရာဖြစ်သော ကျောက်ဆည်ခရိုင်တွင် မြစ်သားတစ်ဆယ့်တစ်ရွာတည်၍ အခြေစိုက်ကြပါသည်။ ကျောက်ဆည် မွန်တို့သည်[၁၄] ဗမာတို့အပေါ်၌ အရာရောက်လောက်အောင် နည်းပေးလမ်းပြ ပြုနိုင်သဖြင့် ဗမာတို့ သထုံကို သိမ်းယူခြင်း မပြုမီကပင်လျှင် မွန်ယဉ်ကျေးမှုကို လေ့ကျက်ပြီးဖြစ်သည်။ ဘာသာစကားကို တိုးချဲ့နိုင်အောင် သင်ပေး၏။ မွန်ဗမာ နှစ်မျိုးစလုံး၌ပင် စာရေးစာဖတ်နည်း သင်ပေး၏။ အုပ်ချုပ်နည်းပုံစံ အချို့ကိုလည်း ပြပေးသည်။ ပျူနှင့် မွန် ပေါင်း၍ ဗမာကို အဆောက်အအုံ ပညာသင်ကြားပေးကြသည်။

မြန်မာတို့သည် မကြာမီ ဧရာဝတီမြစ်ကမ်းခြေသို့ တိုးချဲ့လာ၏။ မြစ်ကြီးအနောက်ဘက် မင်းဘူးတွင် ခြောက်ခရိုင်ဟူ၍ နယ်ဖွဲ့စည်းလျက် သွားရောက်နေထိုင်ကြပြန်သည်။ ထိုမှတစ်ဖန် ချင်းတွင်းမြစ်ညာသို့ လည်းကောင်း၊ မူးမြစ်ညာသို့ လည်းကောင်း၊ ဧရာဝတီ မြစ်ညာသို့ လည်းကောင်း နယ်ချဲ့၏။ အောက်သို့ မိကျောင်းရဲအနီး ပြည်တော်သာကျွန်းအထိ စုန်ဆင်းသိမ်းယူသည်။ ထိုသို့ သိမ်းယူသော နယ်သစ်ကို "တိုက်"ဟု ခေါ်သည်။ တိုက်ကိုကျော်၍ သိမ်းယူပြန်လျှင် "နိုင်ငံ"ဖြစ်သည်။ ပင်လယ်ကမ်းခြေကို သိမ်းမိလျှင် သီဟိုဠ် အဝင်အပါ အိန္ဒိယနှင့် ရေလမ်းအားဖြင့် တိုက်ရိုက်ဆက်သွယ်မိကြသည်။ မြန်မာနိုင်ငံသို့ ပါဠိစာပေ အစုလိုက် အပုံလိုက် ရောက်ရှိလာပေရာ မြန်မာတို့အတွက် စိတ်အာရုံ စေစားရန် အကြောင်းအရာနှင့် သဘောအယူအဆ အပြည့်အစုံကို အသင့်ပြင်ဆင်ပြီး လက်ခံရရှိခဲ့ပါသည်။ ဤမြန်မာ နိဒါန်းစကား ရေးသားပြီးနောက် ဆရာလုစ်သည် ယဉ်ကျေးပြီး မြန်မာတို့၏ ဘဝအနေအထားကို ကျောက်စာတို့၌ တွေ့ရသည့်အတိုင်း ရေးသားဖော်ပြခဲ့ပါသည်။ ကျောက်စာကို ကိုးကားရာ၌ အခက်အခဲတစ်ခုကား ရှိ၏။ ယင်းကားကျောက်စာ၌ သာသနာရေးကို ပဓာနထားသဖြင့် ရှေးလူတို့ နေ့စဉ် သွားလာနေထိုင်ပုံဖြစ်သော အမဲလိုက်ခြင်း ငါးမျှားခြင်း ပျော်ပွဲရွှင်ပွဲ ဆင်နွှဲခြင်းတို့ကို မတွေ့နိုင်သော အချက်ပင်ဖြစ်ပါသည်။ သို့သော် စိုက်ပျိုးရေးနှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာများကို ကောက်နုတ်၍ ယူနိုင်ပါသည်။ စပါး အများဆုံး စိုက်သည်။



မိုးရေသောက် "သန်လယ်"ဟူ၍ ရှိ၏။ ရေများစွာ မလိုသော "မုယင်း"လယ်လည်း ရှိသည်။ ပျိုးခင်းများရှိသောကြောင့် အပင်ငယ်ကို နုတ်ယူ၍ တစ်ဖန် ပြန်၍ စိုက်သော ကောက်စိုက်ခြင်းလည်း ရှိမည်။ ကောက်ရိတ်သိမ်းပြီးနောက် ရိုးပြတ်ကို မီးရှို့လေ့ရှိသည်ဟုလည်း ယူရန်ရှိသည်။ ထိုစဉ်က ကန်သင်း မရှိသေးချေ။ ပုဂံခေတ်မှစ၍ မြန်မာနိုင်ငံ အလယ်ပိုင်း၌ ရာသီဥတု ပြောင်းလဲခဲ့လေဟန် ရေးသားပြောဆိုကြခြင်းကား မမှန်ပါ။ ယခုအခါလိုပင် ထိုစဉ်က မိုးခေါင်သဖြင့် ဆည်မြောင်းလိုသည်။ ငါးဖမ်းသောအင်း များစွာရှိကြောင်း သိရသော်လည်း အသေးစိတ် မသိရပါ။ ရှေးအခါမှစ၍ မြန်မာတို့ အစားအသောက်တွင် ငါးပိ အရေးကြီးပါသည်။ စိုက်ပျိုးရေးကိရိယာ ဟူ၍ ထွန်သာရှိသည်။ ထယ်မရှိ။ ပေါက်တူး၊ ပုဆိန်နှင့် ခရင်းခွရှိသည်။ နွားကို လယ်ထွန်ရန်နှင့် လှည်းဆွဲရန် နှစ်မျိုးစလုံး သုံးသည်။ ပုဂံခေတ် မြန်မာတို့သည် ယခုခေတ် မြန်မာတို့ထက် နွားနို့နှင့် လုပ်သောပစ္စည်းများကို ပို၍ နှစ်သက်သည်။ မြေယာတိုင်းထွာရာတွင် တစ်ဧကနှင့် သုံးစိတ်ရှိသော "ပယ်"ကို သုံးသည်။ ရာသီအလိုက် ရေလွှမ်းမိုးရာ အရပ်တွင် ပဲ၊ သခွား၊ ဖရုံ၊ ဖရဲ၊ မျောက်ဥ၊ ငရုတ်ကောင်း၊ မုန်ညင်း၊ ကြက်သွန် စသည်တို့စိုက်၏။ ဥယျာဉ် (ဥယန်)တွင် အများအားဖြင့် ကွမ်းသီးပင်ကို စိုက်သည်။ သရက်စသော အသီးစားအပင်များကိုလည်းကောင်း၊ ကံ့ပင်ကဲ့သို့သော အရည်အလို့ငှာ စိုက်သောအပင်တို့ကိုလည်းကောင်း၊ အရွက်အရည် နှစ်မျိုးစလုံး အတွက် ထန်းပင် ပေပင်တို့ကိုလည်းကောင်း ဥယျာဉ်၌ စိုက်ပျိုးကြသည်။ ကျွန်းများကို မွေး၍ လယ်၌ အသုံးပြုသည်။ ပုဂံခေတ် ရေဒင်္ဂါးဟူ၍ မည်သည့် ပုံသဏ္ဌာန်နှင့်မျှ မတွေ့ဖူးချေ။ အရောင်းအဝယ်တွင် ကုန်ဖလှယ်ခြင်းသာ ပြုဟန်တူသည်။ ရွှေတစ်ကျပ်လျှင် ငွေတစ်ဆယ်တန်၍ ကြေးတစ်ပိဿာလျှင် ငွေနှစ်ကျပ်နှင့် တူညီသည်ဟု သိရသည်။ မြေယာတန်ဖိုးကား တိုင်းစွန်ပြည်နား၌ ပေါ၏။ တစ်ပယ်လျှင် တစ်ကျပ်မှ၊ တစ်ပယ်လျှင် ငွေနှစ်ဆယ်ပေးရသည်အထိ ကွဲခြားကြသည်။ ပါမောက္ခလုစ်သည် ကုန်ပစ္စည်းများတန်ဖိုး၊ ကျွဲနွားတန်ဖိုး၊ ကျွန်တန်ဖိုး စသည်ဖြင့် တန်ဖိုးများကိုလည်း ရှာဖွေ၍ တင်ပြသည်။ နိဂုံးချုပ်လျှင် "ပြောစရာ ကျန်ပါသေးသည်။ သိမြင်စရာ အားလုံးကုန်ပြီဟု မဆိုလိုပါ အများသိကြသည့်အတိုင်း အမှန်ကိုဝန်ခံရလျှင် ကျွန်တော်ကိုယ်တိုင် ပုဂံခေတ် မြန်မာတို့ နေပုံကို ကောင်းစွာ သိမြင်သည် မဟုတ်ပါ"ဟု ဆို၏။ မူရင်းဆောင်းပါးနှင့်

တန်းတူ စိတ်ပါဝင်စားဖွယ်ဖြစ်၍ အရေးပါပုံချင်းလည်းတူသော မှတ်ချက် ၁၁၂ ခု တွဲဖက်ရေးသား ဖော်ပြခဲ့ ပါသည်။

၂၉။ "မြန်မာရာဇဝင်နှင့် ရှေးဟောင်းသုတေသနတွင် အနှစ်တစ်ရာအတွင်း တိုးတက်လာပုံ"

(၁၉၄၉ မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ ၃၂၊ အပိုင်း ၁၊ ၇၉-၉၄)

မြန်မာရာဇဝင်တို့၌ပါသော ခေတ်ဦးပိုင်းဆိုင်ရာ ရေးသားချက်များကို လက်ခံနိုင်ရန် ခက်၏။ မြန်မာတို့ မူလဇာစ်မြစ်ကို မသိနိုင်။ ဓဇရာဇာတို့ ဝင်ရောက်လာပုံမှာ ထိုးဇာတ်သက်သက် ဖြစ်၏။ ထို့ကြောင့် အားကိုးလောက်သော မြန်မာရာဇဝင် တစ်စောင်ကိုရေးနိုင်ရန် သုတေသနကို အားပေးရသည်။ ဆရာလုစ်က ကာနယ်ဗာနေးနှင့် ဂျိမ်းပရင်ဆပ်တို့မှစ၍ ပညာရှင်စာရင်းကို ဖော်ထုတ်ခဲ့၏။ ၎င်းတို့ကား

လေယွန်ဒေဗေလီ၊ စီအိုဗလက်ဒန်၊ ဒဗလျူအက်စ်ဒေဆိုင်၊ စီဒဗလျူဒန်၊ စီဒူရွိုင်ဆဲ၊ အီဖော့ချမ်မာ၊ ဂျေအက်စ်ဖာနီဗဲ၊ ဒီဂျီအီးဟော၊ ဂျီအီးဟာဗေ၊ အီးဟူဗာ၊ အီးအိပ်ချ်ဂျွန်စတန်၊ ဦးခင်ဇော်၊ ဦးလူဖေဝင်း၊ ဖရန့်စစ်မေဆွန်၊ ဦးမြ၊ အက်ဖ်အို အာတယ်၊ အီးအိပ်ချ်ပါကာ၊ ဗီအာပန်း၊ ဦးဖေမောင်တင်၊ အာသာဖယ်ရာ၊ ဒီဂျေစလေ့စ်၊ ဂျေအေစတီးဝပ်၊ တော်စိန်ခို၊ ရစ်ချပ်ဟင်ပယ်၊ ဒဗလျူသီယိုဖယ်၊ ဦးထွန်းငြိမ်းနှင့် ဟင်နရီယူးတို့ ဖြစ်ကြ၏။

အဆိုပါ ပညာရှင်တို့ကား မြန်မာနိုင်ငံအတွက် ဂုဏ်ယူထိုက်သည့် ကျောက်ကောင်းကျောက်မြတ်များ ဖြစ်ဘိမူ၊ ပါမောက္ခ "ဂေါ်ဒွန်ဟန်နင်တန် လုစ်"ကား "ငမောက်ကျောက်"ပင် ဖြစ်ပါသည်။ ထိုသို့ စာရင်းတင်ပြရာ၌ မိမိကိုယ်တိုင်လည်း ထူးခြားပြောင်မြောက်အောင် ဆောင်ရွက်ခဲ့ကြောင်း ထည့်သွင်း ဖော်ပြခြင်း မပြုခဲ့ချေ။

၃၀။ "မြန်မာပြတိုက်အတွက် အကြမ်းစီမံကိန်း"

(၁၉၅၀ မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ ၃၃၊ အပိုင်း ၂၊ ၉၁-၁၃၀)

၃၁။ "ပုဂံခေတ် မွန်များအကြောင်း"

(၁၉၅၃ မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ ၃၆၊ အပိုင်း ၁၊ ၉၁-၁၃၀)



မြန်မာနိုင်ငံ၌ နေထိုင်ကြသော လူမျိုးတို့တွင် မွန်တို့ကား ရှေးအကျဆုံး ဖြစ်၏။ မြန်မာနိုင်ငံ၌လည်း အနှံ့အပြား လာရောက်နေထိုင်ကြ၍ ကောက်ပဲကို စတင် စိုက်ပျိုးသူများ ဖြစ်သည်။ ခုနစ်ရာစုနှစ်က လောပ္ပုရီတွင် မြို့တော်ထား၍ ၎င်းတို့ တည်ထောင်သော ဒွါရဝတီနိုင်ငံသည် အထွတ်အထိပ်သို့ ရောက်၏။

ထိုနိုင်ငံမှ ခွဲထွက်၍ ဟရိပုဥ္စယနိုင်ငံ ဖြစ်ပြန်သည်။ မြန်မာနိုင်ငံ၌ ပျူတို့က ဧရာဝတီမြစ်ရိုးတွင်နေ၏။ မွန်က ၎င်းတို့၏ အရှေ့ဘက်တွင်နေသည်။ ထိုအတောအတွင်း နန်ကျောင်တို့ တန်ခိုးကြီးလာရာ ပျူမြို့တော်ကို ခရစ်နှစ် ၈၃၂ တွင်ဝင်၍ ဖျက်ပြီးနောက် အောက်မြန်မာနိုင်ငံ မွန်တို့ဒေသ ဖြစ်ဟန်တူသော မြို့ကြီးနှစ်မြို့ကိုလည်း ၈၃၅ ခုတွင် ဖျက်၍ ပစ်ပြန်သည်။ ထိုအခါတွင်မှ ဗမာတို့က အခွင့်ကောင်းယူ၍ မြန်မာမြေပြန့်သို့ ဆင်းလာလျက် နတ်ထိပ် တောင်ကြားလမ်းမှ ကျောက်ဆည်ခရိုင်အတွင်းသို့ ဝင်လာကြသည်။ ထိုအရပ်၌ မွန်တို့ ရှိနေသော်လည်း၊ အပြင်း ခုခံ တွန်းလှန်ခြင်း မရှိချေ။ ထိုမွန်တို့ထံမှ ဗမာက ဗုဒ္ဓဝါဒနှင့် စာရေးဖတ်နည်းကို ရလိုက်၏။ ကမ္ဘောဇမှ ကြွမ်း (ဂျွမ်း) တို့သည် မွန်တို့ကို နှောင့်ယှက်လွန်းသဖြင့် သထုံမှ မကုတသည် ၎င်းရန်ကို ခုခံရန် ကြိုတင် ပြင်ဆင်ခဲ့သည်။ မကုတနန်းတော်ရာနှင့် ၎င်းတည်ဆောက်ခဲ့သော နှစ်ထပ်မြို့ရိုးကို သထုံ၌ ယခုဟိုင် မြင်နိုင်ပါသေးသည်။ ဆရာလုစ်က ထိုအခါက အခြေအနေကို ဖော်ပြရာ၌ မွန်တို့ စိတ်ဝမ်းကွဲလျက် မညီမညွတ် ရှိနေသည်ဟု ဆိုသည်။ မြောက်ဘက်မှ ဟရိပုဥ္စယကို ဗုဒ္ဓသာသနာဝင် မဟုတ်သော ဝလူမျိုး သို့မဟုတ် နန်ကျောင်တို့က ထိပါးနှောင့်ယှက်လျက်ရှိသည်။ ထို့နောက် ကာလဝမ်း ရောဂါ ကျရောက်သည်။ ထို့ကြောင့်ပင် မွန်တို့သည် သထုံ၊ ပဲခူး အဝင်အပါ အောက်မြန်မာနိုင်ငံအတွင်းသို့ တိုးဝင်ကြဟန်ရှိသည်။ ဗုဒ္ဓသာသနာဝင် ဖြစ်သော ဟရိပုဥ္စယ လောပ္ပုရီနှင့် လိဂေါ်ရ်တို့ကလည်း အချင်းချင်း သတ်ဖြတ်လျက်ရှိ သည်။ လိဂေါ်ရ်ဘုရင်က အန်ကောရ်၌ ပထမ သုရိယဝါမရ် ဖြစ်၍လာ၏။ လောပ္ပုရီကို သိမ်းယူ၏။ ထို့နောက်မှ ကမ္ဘောဇသားတို့က မွန်အားလုံးကို နှိမ်နင်းရန် ဟူသောသဘောဖြင့် အောက်မြန်မာနိုင်ငံကို ဝင်ရောက် ကျူးကျော် လာ၏။ မွန်တို့မှာလည်း သထုံ၊ ပဲခူး စသည် ကွဲ၍ ဗြာဟ္မဏအယူနှင့် ဗုဒ္ဓ အယူ တိုက်ပွဲဖြစ်လျက်ရှိသည်။ အနိရုဒ္ဓက ယင်းကို အခွင့်ကောင်းယူပြီး အညာမှ ဆင်းလာ၍ သီဝနတ် ကိုးကွယ်သူတို့ကို တိုက်ထုတ်မည်ဟု ဗုဒ္ဓ

အလံကိုလွှင့်လျက် ကြွေးကြော်၍ နောက်လိုက်ငယ်သားစုရာ မွန်တို့၏ ကူညီမှုသို့မဟုတ် ကျေနပ်မှုကိုရယူခဲ့၏။ ပဲခူးနှင့် မဟာမိတ်ဖွဲ့သည်။ သထုံက အညံ့မခံသဖြင့် ရုတ်ချည်းတိုက်၍ သိမ်းယူဟန်ရှိသည်။ ပြီးမှ မြိတ်အထိ ဆက်၍သွားဟန်ရှိသည်။ အနိရုဒ္ဓလွန်လျှင် မွန်တို့ သူပုန်ထသည်။ ထီးလိုင်မင်းက ရန်အပေါင်းနှိမ်နင်း၍ ခရစ်နှစ် ၁၀၈၄ တွင် ပုဂံထီးနန်းကို သိမ်းယူ၏။ ထိုမင်းကား မွန် ဗမာ အသင့်အတင့်နေနိုင်ရေးကို များစွာ ဆောင်ရွက်ခဲ့သည်။

# ပုဂံခေတ် မြန်မာနိုင်ငံ†

အညာမှ ကျောင်းဆရာတစ်ဦးက ကျောင်းသုံးအလို့ငှာ မြန်မာရာဇဝင် မြေပုံများ အစဉ်လိုက် ထုတ်ဝေရန် ကြံရွယ်ရင်းရှိကြောင်း စာရေးသား အကြောင်းကြားဖူး၏။ အကြံမြောက်သည် မမြောက်သည်ကို မသိရပါ။ ဆောင်ရွက်ထိုက်သော အကြံဖြစ်သည်ကား မှန်၏။ လွယ်မည် မဟုတ်ချေ။ မြန်မာရာဇဝင်ကျမ်းတို့၌ အရည်အချင်းကောင်းတို့ များစွာ ပါဝင်လင့်ကစား ခေတ်ကာလနှင့် မဆိုင်သည်တို့ကို စိစစ်ရွေးချယ်ခြင်းမပြုဘဲ ရောနှောရေးတတ်၏။ ထို့ကြောင့် ကျောက်စာစသည့် ခေတ်ပြိုင်မှတ်တမ်းများမပါလျှင် မှားကြမည် အမှန်ဖြစ်၏။ သို့သော် ကျောက်စာဟူသည် ပထဝီ အနေအထားကို အထူးပြု၍ ရေးထားမည် မဟုတ်သည့်ပြင် ရေးထိုးစဉ်က လူသိများသော ဒေသကိုလည်း ရှင်းလင်းပိုင်းခြားပြသနေမည် မဟုတ်ချေ။ ထို့ပြင် မြန်မာတို့သည် တစ်ခါတစ်ရံ ရွာအမည်ကို အထိကရ သစ်ပင် စသည်တို့ကို စွဲ၍ ခေါ်ဝေါ်လေ့ရှိရကား ညောင်ပင်ကြီး သို့မဟုတ် လက်ပံရွာဟူ၍ အလီလီ တွေ့ရှိရတတ်သည်။ ထို့ပြင် တစ်ဆယ်ရာစုနှစ်မတိုင်မီက အမည်ဟု အတိအကျ ပြောနိုင်သော အမည်များလည်း ဂြိုဟ်ကွေ့တြမှလွဲ၍ နောက်ထပ် တစ်ခုတစ်လေမှ မကျန်ရစ်ချေ။ မစ္စတာ ဂျီအီးဟာဗေး၏ မြန်မာရာဇဝင်ကျမ်း၌ ခရစ်နှစ် ၇၀၀ ခန့်က မြန်မာနိုင်ငံမြေပုံဟု ပါရှိသည်မှန်သော်လည်း စိတ်မှန်းဟု ဆက်လက် ဖော်ပြထားသည်ကား သင့်လှ၏။ ပုဂံနိုင်ငံတော်

† ပါမောက္ခ ဒေါက်တာဂျီအိပ်ချ်လုစ်၏ စာတမ်းကို မြန်မာပြန်သည်။ ယဉ်ကျေးမှုစာစောင်၊ အတွဲ ၃၊ အမှတ် ၈၊ ဇူလိုင်၊ ၁၉၆၀၊ ၉၂–၁၁၀။

ခေါ်သည့် ဒုတိယ မြေပုံမှာလည်း အထက်နည်းပင် ဖြစ်ချေ၏။ မြန်မာနိုင်ငံနှင့် ပတ်သက်၍ ရာဇဝင်မြေပုံ အစစ်တစ်ပုံသာ မြင်ဖူးပါသည်။ ယင်းကား ပြင်သစ် *အရှေ့တိုင်း ကျောင်းစာစောင်* အတွဲ ၉၊ စာမျက်နှာ ၆၈ဝ မှ အက်ဒဝပ်ဟူဗာ၏ မြန်မာနိုင်ငံကို မွန်ဂိုတို့ သိမ်းယူခြင်းမြေပုံ ဖြစ်၏။ သို့သော် ယင်းကား တရုတ်ကျမ်း အားကိုးနှင့်ဆွဲသော မြေပုံဖြစ်၍ ပုဂံ တောင်ဘက် မပါချေ။

ယင်းသို့ဖြစ်လျှင် ရှေးမြန်မာ မြေပုံကို မည်သို့ဆွဲအံ့နည်း။ ရှေးအကျဆုံး ပထဝီ အနေအထား ဖော်ပြချက်ကား ခရစ်နှစ် ၁၅ဝ ခန့်က ရေးသော တော်လမီ တွင်ပါ၏။ သို့သော် ဤကျမ်းပါ မည်သည့်အမည်ကား ယခု မည်သို့ခေါ်မည် ဟု ကာနယ်ဂျီအီး ဂျာရီနီက တော်လမီ၏ *အရှေ့အာရှ ပထဝီဝင်ဋီကာ* (အာရှ သတင်းစာစဉ် ၁၊ လန်ဒန် ၁၉ဝ၉)၌ ဖော်ပြထားသည်ကို လက်ခံရန် ခက်လှ သည်။ တံလျှပ်ကို ရေထင်ပုံမျိုး ဖြစ်ချေမည်။ ကျမ်းရင်းကို ကြည့်၍သာ အနက်ကြံသင့်သည်။ ကျမ်းဆိုအတိုင်း အတိအကျလိုက်၍ မြေပုံဆွဲယူသင့်၏။ ထိုအခါမှသာလျှင် သူ့အမှားများ ပေါ်လာ၍ မည်မျှသာ သူ့ကို အားကိုး သင့်ကြောင်း ချင့်ချိန်နိုင်ချေမည်။ နမူနာအားဖြင့် ဟင်နရီယူးက "တပ်ဂမ မြို့တော်"ဟူသည် တကောင်းတည်းဟု ယူသည်မှာ မသင့်ကြောင်းကို သာမည ကြည့်ရုံနှင့်ပင် တွေ့ရချေမည်။

တော်လမီအတိုင်း နေရာများကို သတ်မှတ်ကာ ကမ်းရိုးတန်းကို ရေးဆွဲ၍ ထည့်ရန် အလုပ်ကား အလွယ်ဆုံး ကိစ္စတစ်ခုပင် ဖြစ်၏။ မလွယ်သည်ကား ကျမ်း၌ အကျိုးအပေါက် အပြုအပြင် မည်မျှများပြားနေသည်ကို ခန့်မှန်းရန် ဖြစ်၏။ မူကွဲ များလွန်းသည်။ အရပ်အနေအထားကို ဖော်ပြကြရာ၌ တိုက်ဆိုင် လှသည်ဟု မရှိချေ။ ထို့ကြောင့် ခေတ်မြန်မာ မြို့ရွာ စသည်တို့ကို တော်လမီနှင့် ဟပ်၍ ညွှန်းလျှင် များစွာ သတိချပ်လျက် ယုံသင့်မှ ယုံရာသည်။

ထိုမှလွန်ပြန်လျှင် နှစ်ပေါင်း ခြောက်ရာကျော် ခုနစ်ရာမျှ မြန်မာနိုင်ငံ ရာဇဝင်မြေပုံကို ရေးဆွဲရန် ကျမ်းကိုး မရနိုင်ချေ။ ထိုမှ လွန်ပြီးနောက် မြေပုံကို မှီး၍ဆွဲရန် တရုတ်ကျမ်းတို့ ရှိပြန်၏။ မြောက်ပိုင်း မြန်မာနိုင်ငံကို အုပ်စိုး ထားသော နန်ကျောင်သည် ခရစ်နှစ် ၈ဝ၁-၂ တွင် ခေတ္တမျှ တရုတ်တို့နှင့် အကြည်အသာ ရှိနေပါသည်။ ၎င်းတို့၏ ကျေးဇူးသစ္စာတော်ခံ မြန်မာနိုင်ငံမှ ပျူတို့က ချန်အန်သို့ သံစေလွှတ်ခန်းကို ထန်ရာဇဝင်များ၌ မှတ်တမ်း အပြည့်



အစုံရှိ၏။ ထန်နန်းတွင်း၌ အထူးသဖြင့် အမတ်ကြာတန်က "နယ်စပ်ပထဝီနှင့် လမ်းစခန်း"တို့ကို အသေးစိတ် လေ့လာခဲ့၏။ ကြာတန် အားစိုက်ရေးသားသော ဆယ်ဒေသ မှတ်တမ်းခေါ် "ရှေ့တောင်ကြီကျမ်း"မှာ ယခု ပျောက်ဆုံး၍ နေပါ သည်။ သို့သော် ကြာတန်ပင် ပေါင်းစပ်ရေးသားခဲ့သော လမ်းခုနစ်သွယ်တို့၏ အကြောင်းကိုကား အစဉ်လိုက် ရေးသားလျက် "ထန်ရာဇဝင်သစ်"၌ ကျန်ရစ် ပါသည်။ ယင်းတို့အနက် တစ်သွယ်သောလမ်းကား တောင်ကင်းမှ အိန္ဒိယ အရောက်သွားသော ကုန်းလမ်းဖြစ်၍ မြန်မာနိုင်ငံ မြောက်ပိုင်းကိုဖြတ်လျှင် နှစ်မျိုးသွားနိုင်သည်ဆို၏။

တစ်ကြောင်းကား ယုန်ချင်မှ ကာမရူပ (အာသံ)ထိ အနောက်သို့ ဖြောင့်ဖြောင့်သွား၍ တစ်ကြောင်းက အနောက်တောင်သို့ခွဲလျက် ပျူမြို့တော်ကို ဖြတ်သည်။ ယင်းလမ်းကြောင်းတို့ကို အံ့သြဖွယ်ဖြစ်သော ဖွဲ့ သတ္တိဖြင့် ပါမောက္ခ ပေလီယိုက *ပြင်သစ်အရှေ့တိုင်းကျောင်းစာစောင်* အတွဲ ၄ ၌ "လမ်းနှစ်သွယ်" ဟူ၍ ပါရဂူမြောက် စာတမ်းတစ်စောင် ရေးသားခဲ့ပါသည်။ ထန်ခေတ်၏ အခြားကျမ်း တစ်စောင်ဖြစ်သော မန်ရှူ (တောင်ပိုင်းအရိုင်းတို့ဆိုင်ရာ စာအုပ်)ကို ဖန်ချိုက ခရစ်နှစ် ၈၆၃ ခုနှစ်လောက်က ရေးသားခဲ့ရာ ကျမ်းရင်းစကားတို့၌ ပမ်းနည်းဖွယ်ကောင်းလောက်အောင် အပြုအပြင်များလှသော်လည်း မြန်မာ နိုင်ငံမြောက်ပိုင်းကို ဖော်ပြရာ၌ များစွာ ပြည့်စုံလှ၏။ မန်ရှူနှင့်တကွ ကြာတန်၏ လမ်းစခန်းများနှင့် ထန်ရာဇဝင်၌ မှတ်တမ်းတင်၍ထားသော ပျူသံရောက် စာတမ်းရှိ ပျူနိုင်ငံအကြောင်းကို ပျူတို့ကိုယ်တိုင် ပြောပြချက်တည်းဟူသော အထောက်အထား ကျမ်းသုံးကျမ်းကို မူတည်၍ မြန်မာနိုင်ငံ ဒုတိယရာဇဝင် မြေပုံကို ရေးဆွဲနိုင်အံ့။ သို့သော် ယင်းလည်း စိတ်မှန်းမျှသာ ဖြစ်ချေမည်။

ဖုထောင်အို၊ ဟူးကောင်းတောင်ကြား၊ မဏိပူရ အထက်ချင်းတွင်း၊ မေလိခ၊ နမိုင်ခနှင့်တကွ နယ်ခြားဒေသ မြို့ရွာနှင့် လူးမျိုး[၁၂]စုတို့ နေရာ စသည်တို့ကို အသင့်အတင့် မှန်ကန်အောင် မှန်း၍ ထည့်သွင်းနိုင်မည် ဖြစ်သော်လည်း ယင်းခေတ် ပျူမြို့တော်ကိုမျှ အာမခံနှင့် မှန်အောင် မထည့် နိုင်ချေ။ အလယ်ပိုင်း၌ စခန်းစဉ်ပြရန် ခက်၏။ အောက်မြန်မာနိုင်ငံအတွက် လုံးဝ အညွှန်းမရှိ။ ချင်းတွင်းပင်လျှင် ပင်လယ်သို့ တိုက်ရိုက် စီးဝင်လေဟန် ရေးခဲ့၏။ ထို့ကြောင့် ယင်းမြစ်ဝ၌ ရှိသည်ဟုဆိုသော အရေးပါသည့် မြို့နှစ် မြို့သည် မုံရွာနှင့်

ပုသိမ်အကြား ရှိချင်ရာ၌ ရှိမည်ဖြစ်သတည်း။ သို့သော် အမည်ဟူသမျှသည် မြန်မာအမည်များ မဟုတ်ချေဟူသော မူလအချက်ကိုကား ထင်ရှားစွာ သိသာပါသည်။ ပျူအမည် ဖြစ်မည်ဟူ၍ပင် ဆိုရန်ခက်၏။ အဘယ်ကြောင့်ဆိုသော် တရုတ်တို့က (ပြန်လည်ရေးသားရာ၌) ပျူတို့တွင် သုံးလေ့ရေးလေ့မရှိသော အဆုံးသရသံများ ပါဝင်နေသောကြောင့်တည်း။ ထို့ကြောင့် မြန်မာနိုင်ငံမှ ပျူနှင့် အချို့သော မွန်ပြည်နယ်တို့ကို နန်ကျောင်လက်အောက်ခံ လူမျိုးစုတို့ လာရောက် ဖျက်ဆီးချေမှုန်းသည့် ခရစ်နှစ် ၈၃၂-၅ ၏ နောက်ပိုင်းမှသာ မြန်မာနိုင်ငံသို့ ဝင်လာသည်ဟူသော အဆုံးအဖြတ်တစ်ခုကား ထင်ရှားပေပြီဟု ဆိုလိုသည်။

အဆိုပါ လူမျိုးစုတို့ကား မည်သူတို့တည်းဟု ထန်ခေတ်ဆရာတို့ ကွဲပြားအောင်မဆို။ သို့သော် ယုံချန်၏ တောင်ဘက်စူးစူးတွင်ရှိသော သိန္နီ သို့မဟုတ် သီပေါတစ်ဝိုက်မှ မိမိတို့၏ အရှင်သခင်ကို "မန်"(မင်း) သို့မဟုတ် "မန်ကျောင်" (မင်းစော)ဟု ခေါ်လေ့ရှိသော လူမျိုးတို့လည်း အဝင်အပါ ဖြစ်ချေမည်။ ယင်းတို့ကို နန်ကျောင်က ခရစ်နှစ် ၇၉၄ ကဲ့သို့သော နောက်ပိုင်းခေတ်ကိုရောက်မှ အောင်နိုင်သည်ဖြစ်၍ ယင်းတို့အကြောင်းကို အခြား မြောက်ဘက်ကျကျ နေသောသူတို့၏ အကြောင်းများလောက် ရေးသားထားခြင်းကို မတွေ့ရချေ။ ဤတွင် တရုတ်တို့ ထည့်သွင်းရေးသားထားခြင်း မရှိသည်ကို ထောက်သဖြင့် "မြန်မာလူမျိုးစု"ကား တောင်ဘက်အကျဆုံးတွင် နေခဲ့ကြဟန်တူသည်ဟု ထင်ပါသည်။ ၎င်းတို့အပေါ်၌ နန်ကျောင်က ကောင်းစွာ လွှမ်းမိုးခဲ့သည်ကိုကား သံသယဖြစ်ရန် မရှိချေ။ ဤအချက်များနှင့်တကွ ဤစာတမ်းအောက်ပိုင်း၌ ထင်ရှားစေမည့် အချက်များကိုထောက်၍ မြန်မာတို့သည် အလယ်ပိုင်း မြန်မာနိုင်ငံသို့ မြောက်အရပ်ထက် အရှေ့ သို့မဟုတ် အရှေ့မြောက်မှ မူလနေထိုင်ရင်း လူများ၏အကြားသို့ အတင်းသပ်ပင်းသကဲ့သို့ တိုးဝင်ခြင်း သို့မဟုတ် အနောက်ဘက်သို့ ထိုလူများကို နှင်ထုတ်ခြင်း သို့မဟုတ် ထိုသူတို့နှင့် ရောနှော၍မျိုးခြင်း စသည်တို့ကို ကိုးရာစုနှစ်နှင့် ဆယ်ရာစုနှစ်တွင်မှ ပြုလုပ်နိုင်ခဲ့သည်။ ထိုသို့ ပြုခြင်းမှာလည်း တောင်ဘက်အကျဆုံး တိဗက် တိုဗာမင် အမျိုးတို့၏ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံကိုဖြတ်ကာ ရခိုင်တိုင်အောင် အနောက်သို့ အင်တိုက်အားတိုက် ဝင်ရောက်လွှမ်းမိုးသော ရေအယဉ်၏ ရေမြွှာတစ်ပိုင်းသာ



ဖြစ်သည်။

မြန်မာနိုင်ငံ တတိယ ရာဇဝင်မြေပုံကား ခရစ်နှစ် ၁,၀၀၀ မှ ၁,၃၀၀ ပုဂံနိုင်ငံ၏ မြေပုံပင် ဖြစ်ရချေမည်။ ယနေ့ည ပရိသတ်အများ မြင်ကြရသည့် မြေပုံများကား (စစ်ကြီးအတွင်းက ဆုံးပါးခဲ့၏) အစမ်းသဘော ကြိုးစား၍ ရေးဆွဲထားခြင်းမျှသာ ဖြစ်သည်။ သပ်ရပ်ကောင်းမွန်လှသည့် မြေမျက်နှာပြင်ပြသော အခြေခံမြေပုံကို ယူနီဘာစတီကောလိပ် ပထဝီဝင်နှင့် ဘူမိဗေဒဌာန ပါမောက္ခ ဘော့စလီတို့က ရက်ရောစွာ ကူညီဆောင်ရွက်ပေးခြင်းဖြင့် ဖြစ်မြောက်လာသော မြေပုံများဖြစ်ပါသည်။ များစွာ ဒုက္ခခံ၍ ဤသို့ ဆောင်ရွက်ပေးခြင်းကြောင့် ပါမောက္ခ ဘော့စလီကို အထူးကျေးဇူးတင်ရှိကြောင်း အဆိုကို မြန်မာနိုင်ငံ သုတေသနအသင်းဝင်တို့က မုချထောက်ခံကြမည်ဟု ယုံကြည်ပါသည်။ မြေပုံ၏အပေါ်မှ ဆီစိမ်ပိတ်ဖြင့် မြို့ရွာနယ်ပယ်တို့၏ အမည်ကို ရေးရသည်မှာလည်း ပါမောက္ခ ဘော့စလီ၏ အကြံပေးချက်အတိုင်း ဖြစ်ပါသည်။ မြန်မာနှင့် တရုတ် အမည်များကို လှလှပပ ရေးထိုးပေးသော မမြမူနှင့် ဆရာတော် အက်စ်ဝမ်ဟွီးတို့အားလည်း များစွာ ကျေးဇူးတင်ပါသည်။ အမည်များကို ချ၍ရေးရန် ရဲလှသည်မဟုတ်ပါ။ ယခုအမည်များကား ပျူတို့ထံမှ တရုတ်က ရယူဖြင့် သိရသော ရှစ်ရာစုနှင့် ကိုးရာစုနှစ်မှ အမည်များနှင့် လုံးဝမတူသော မြန်မာဆန်သည့် အမည်များဖြစ်၍ ယခုခေတ် အမည်မှည့်ပုံနှင့် ဆင်၏။ သို့သော်လည်း ခေတ်စာလုံးပေါင်းနှင့် မရေးသင့်ဟု ထင်ပါသည်။ ရှေးအမည်ကို ခေတ်စာလုံးပေါင်းဖြင့် ရေးခြင်းကား မနှစ်မြို့ဖွယ်ရာ စင်စစ်ဖြစ်၍ သာမညအားဖြင့် နားလည်လွယ်ခြင်းမှတစ်ပါး အခြားအကျိုး မမြင်ပါ။ အဓိပ္ပာယ်အယူအဆလည်း လွဲမှားစေနိုင်ပါသည်။

ခေတ်အသံထွက်ကို လိုက်၍ ရေးမိသဖြင့် ငဆောင်ချမ်းကို မင်မင်းဆက်မှပေါ်သည့် နန်စုန် "ကွမ်"နှင့် မှားဖူး၏။ တရုတ်အမည်များမှာလည်း တရုတ်စာလုံးနှင့် မရေးလျှင် ပညာရှင်တို့အတွက် အကျိုးမရှိချေ။ မြေပုံ၌ ရေးရမည့် အမည်စာလုံးများ အရေအတွက်လည်း အတော်များပါသည်။ ဤအချက်ကို စွဲမှတ်လျက် ဗမာနှင့် မွန်အမည်များကို ခေတ်လက်ရေးဖြင့် ရေးရသော်လည်း စာလုံးပေါင်းမှာ မူလတွေ့ရသည့်အတိုင်း ဖြစ်စေ၏။ ခေတ်နှင့် မဆိုင်သည်တို့ကို မပါစေရအောင်လည်း အထူး ဂရုပြုပါသည်။ ထို့ကြောင့်

ပုဂံပျက်လျှင် ပေါ်လာသည့် မြို့တော်များဖြစ်သော ပင်းယနှင့် စစ်ကိုင်းတို့ ကိုပင် ခရစ်နှစ် ၁၃၀၀ နောက်ပိုင်း ကျောက်စာများ၌သာ တွေ့ရသဖြင့် ယခု လောလောဆယ် ခေတ်အတွက် ထည့်သွင်းဖော်ပြခြင်းမပြုဘဲ ထားပါသည်။ သို့သော် တစ်ဖက်၌လည်း နေရာဆန့်သည့် အခါတိုင်း၌ ဒေသတစ်ခု၏ ဗမာ၊ မွန်နှင့် တရုတ် အမည်များကို ထည့်သွင်းရေးသားထားသည်။ မည်သို့ပင် ကြိုးစားစေကာမူ ချွတ်ယွင်းချက်များ ရှိမည်ဖြစ်သဖြင့် ယခု စည်းဝေးရောက် လာကြသော အသင်းသားများက ပြင်ဆင်၍ ပေးနိုင်လိမ့်မည်ဟု မျှော်လင့် ပါသည်။

ခေတ်ပြိုင် မြန်မာကျောက်စာများကို အရင်းထား၍ မှိုင်းပြုရပါသည်။ ယခုအထိ တွေ့ဖူးသမျှသော ပုဂံခေတ်အတွက် မူလထိုး ကျောက်စာ သုံးရာ မျှတွင် အချို့မှတစ်ပါး မူလတွေ့ရှိရာဒေသကို ရနိုင်သမျှ စိစစ်ပြီးမှ အက္ခရာ ဝလိအညွှန်း ရေးထုတ်ပါသည်။ ကျန်စစ်သားနန်းစံသော ခရစ်နှစ် ၁၀၈၄ မှ ၁၁၁၃ ထိ ခေတ်မှ အများဆုံး ကျန်ရစ်သော ရေးမွန်ကျောက်စာများ၏ ကျေးဇူးကြောင့် အမည်အချို့ကို နောက်ထပ်၍ ရပါသေးသည်။

သုခေါဒယနိုင်ငံမှ ရာမဂါမေဟင်မင်းလက်ထက် ခရစ်နှစ် ၁၂၉၂ မှ ဖြစ်သဖြင့် ယိုးဒယားတွင် ရေးအကျဆုံးဖြစ်သည်ဟု ဆိုရသည်ဖြစ်သော ကျောက်စာမှလည်း အမည်အချို့ရ၏။ တရုတ်အမည်များကို ဟူဗာဘာသာ ပြန်ထားသည့် "ဟွန်ယွန်ကြင်မီယင်လု"နှင့် "ယွန်ရှေ့"ခေါ် မွန်ဂိုတို့၏ မင်းဆက် ရာဇဝင်များမှလည်း ရသည်။ ၎င်းတို့ထက် မြန်မာကျောက်စာများမှရသည့် အမည်တို့ကား များလှ၏။ သို့သော် ဤအမည်ရှိသောရွာကား ဤအရပ်၌ ရှိသည်ဟု အတိအကျညွှန်းခဲ့၏။ မြေကို အလှူပေးရာ၌ အကြောင်းအားလျော်စွာ အမည်များ ထည့်သွင်းရေးသားထားသော်လည်း ယခု မသုံးသော အမည်လည်း များ၏။ သုံးပင်သုံးငြားသော်လည်း ရွှေ့လျောကာ နေရာသစ်ဖြစ်၍နေတတ်၏။ "ပွည်မနာ"နှင့် "မြင်ခွန်"သည် သဘောအမှန်ကို ပြောရလျှင် ကျောက်စာမှ ယခုအခါ ပျဉ်းမနား၊ မြင်းခြံတို့နှင့် မည်သို့မျှ မဆိုင်။ မမှားစေလိုလျှင် ယနေ့အထိ ရှိသမျှ ကျောက်စာပါ ဒေသနာမည်များကို အက္ခရာဝလိအညွှန်း ထုတ်ရမည်။ သို့မှသာလျှင် ပထဝီဝင်ကို အစဉ်အဆက်နှင့်တကွ ပိုင်နိုင်စွာ သိနိုင်လိမ့်မည် ဖြစ်၏။ သို့သော် ဤမျှပြည့်စုံအောင် မလုပ်နိုင်သေးသဖြင့် အမှန်ကို ဝန်ခံရလျှင်



နမူနာအားဖြင့် "ပုသိမ်"ကို ယခု ပုသိမ်၌ လည်းကောင်း၊ "စလိယ်"ကို ယခု စလေ၌ လည်းကောင်း၊ "တလုပ်"ကို ယခု တလုပ်မြို့၌ လည်းကောင်း ရေးထည့် လိုက်ခြင်းကား မှန်းခြေထက် အနည်းငယ်မျှသာ သာချေမည်။ ထုံးစံအားဖြင့် ရာဇဝင်ကျမ်းကိုးဖြင့် ဤမည် ထိုမည်သော အရပ်တို့ကား ရှေးကျပါသည်ဟု ပြောမြဲဖြစ်သော်လည်း ထိုကျမ်းတို့ အဆိုပါအတိုင်းလည်း မှန်သည်ဟု မယူဆ အပ်ချေ။ အသင်းဥက္ကဋ္ဌဟောင်း မစ္စတာ ဂျေအက်စ်ဖာနိဗဲက တည်းဖြတ်၍ စာကိုယ်နှင့်တကွ မှတ်စုရော အင်္ဂလိပ် ဘာသာပြန်ပါ ထည့်သွင်း၍ မကြာမီ ပုံနှိပ်တော့မည်ဖြစ်သော ဇမ္ဗူ့ဒီပ ဥဆောင်းကျမ်း (ယခု ၁၉၆၀ တွင်မှ ဘာသာ ပြန်ကိုချန်၍ မြန်မာနိုင်ငံ သုတေ သနသင်းက ပုံနှိပ်ဖြစ်သည်။ ထိုကျမ်း၌ ဟသာ်တသည် ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းမှာရှိကြောင်း အထင်အရှား ဖော်ပြပါရှိသည်။)ကဲ့သို့ နယ်မြေ အပိုင်းအခြားများပါသော ကျမ်းမျိုးသည်လည်း နှောင်းခေတ်အတွက်ဖြစ်သဖြင့် အခေါ်အဝေါ် လုံးဝ ကွဲခြား၍နေပါသည်။

ကျောက်ဆည်နှင့် မူးမြစ်ဝှမ်းမှာကဲ့သို့ ရှေးအမည်များကို ဆက်လက် သုံးစွဲနေသည့် ဒေသအချို့မှာမူ နေရာရှာ၍ အမည်တပ်ရန် ရဲရဲဝံ့ဝံ့ရှိသော်လည်း ဒေသဆိုင်ရာ ပညာရှင်တို့က ယထာဘူတဖြစ်အောင် ပြင်ဆင်ဖြည့်စွက်ရန် ယိုပေဦးမည်။ ဤသို့ ပြင်ဆင်ခြင်း မပြုရသေးသမျှသော ကာလအဖို့ ယခု မြေပုံသည် ယာယီမျှသာ ဖြစ်ပါမည်။ အယ်ဒီတာကခွင့်ပြုလျှင် ယခု စာတမ်း၏ နောက်ဆက်တွဲအဖြစ်ဖြင့် ယခုမြေပုံနှင့်တကွ ပုဂံခေတ်မြို့နယ် ရွာနယ်ပယ် အမည်များကို အသေးစိတ် ဖော်ပြထားသည့် အက္ခရာဝလိအညွှန်းကို ဂျာနယ်၌ ထည့်လိုပါသည်။ (၁၉၃၁ က ဟောပြောခဲ့သော်လည်း ၁၉၅၉ ရောက်ခါမှ မြေပုံနှင့် အညွှန်းမပါဘဲ ဂျာနယ်တွင် ပုံနှိပ်ဖြစ်သည်။) သို့မှသာ အထောက် အထား ရှိသမျှကို လွယ်လင့်တကူရကြလျက် အမှားပြင်နိုင်ကြပေမည်။ နေရာ ရှာ၍ အမည်ပေးရာ၌ ခရိုင် ဂဇက်တီးယားများကို အားအကိုးရဆုံးဖြစ်၏။

ယခုအခါ အလွယ်တကူ ရရှိနိုင်သေး၍ ရာဇဝင် နောက်ခံကိုလည်း ကောင်းစွာ ရှာဖွေ၍ ရေးထားသော ဂျေအေစတီးဝပ်၏ ကျောက်ဆည် ဂဇက် တီးယား၊ ဒီဘီပက်ချ်၏ ရွှေဘို ဂဇက်တီးယား၊ အဖ်စီအိုဝင်းစ်၏ ပခုက္ကူ ဂဇက်တီးယားနှင့် အိပ်ချ်အက်ဖ်ဆားလ်၏ မန္တလေး ဂဇက်တီးယားတို့၏ ကျေးဇူးကြောင့် ထိုခရိုင်တို့၌ နေရာရှာ၍ အမည်ပေးနိုင်သည်လည်း များ၏။

အမှားလည်း နည်းမည်ဟု ယုံကြည်၏။ အထက်ပါစာအုပ်များကို အထူးအားကိုးခဲ့ရသည်။ သို့သော် များစွာလိုချင်ပါလျက်နှင့် မရနိုင်သော စာအုပ်များလည်း ရှိသေးသဖြင့် ဝမ်းနည်းရပါသည်။ ဂျေ အက်စ် ဖာနီဗဲ၏ မြင်းခြံ ဂဇက်တီးယားကား ရေးပြီးသော်လည်း ပုံမနှိပ်ရသေးချေ။ စစ်ကိုင်း၊ မင်းဘူး၊ မကွေးနှင့် ပြည်ဆိုင်ရာ ဂဇက်တီးယား "က"တွဲများကို ရေး၍မျှ မပြီးသေးဟု ထင်ပါသည်။

မြန်မာရာဇဝင်ကျမ်း အထွေထွေကိုလည်း ယခုစာတမ်းမျိုးတွင် ယူသုံး၍ မရပါ။ ကျမ်းပြုဆရာတို့သည် ဆိုင်ရာဒေသ၌ သွားရောက်လေ့လာခြင်း မပြုသည့်အပြင်၊ အလျဉ်းသင့်သလို သမိုင်းမော်ကွန်းများ စုပေါင်း ယူငင်လျက် ရေးသားခဲ့ဟန်ရှိရကား၊ မူတစ်မူနှင့်တစ်မူ သဘောမတိုက်ဆိုင်လျှင်၊ အကျိုးနှင့်အကြောင်းဆက်လျက်၊ များသောအားဖြင့် နားထောင်၍ ကောင်းမည့် ဝတ္ထုသွားကို လက်ခံကာ၊ ခမ်းနားတင့်တယ်အောင် ပြင်ဆင်ခြင်း သို့မဟုတ် သင်ခန်းစာပေးသော ဆုံးမသံ ထည့်ခြင်းတို့ကို ရှောင်နိုင်ခဲကြသည်။ ထို့ကြောင့် အထက်က ဆိုပြီးခဲ့သည့်အတိုင်း၊ များစွာလှသော ကျောက်စာတို့ကို လေ့လာ၍ အညွှန်းရေးထုတ်စဉ်မှာပင်၊ ခရိုင်များသို့ဆင်း၍ တစ်မြို့ပြီးတစ်မြို့၊ တစ်ရွာပြီးတစ်ရွာ ဝင်ထွက်လျက် မေးမြန်းဆွေးနွေးကာ စစ်တမ်းတစ်ခုပြီးတစ်ခု ပေ့ယာခြင်းဖြင့် ရှေးမြန်မာနိုင်ငံ၏ ရာဇဝင်ကို ယခုသိမီသလောက်မှ ပြန်၍ စတင်ရေးသားသင့်ပါသည်။ လုပ်ငန်းစရန် နောက်ကျလှပြီဟု ဆိုအံ့လော။ ယခုရှိပြီး သမိုင်းနှင့် ဂဇက်တီးယားတို့ထက် ပို၍ ပြည့်စုံနိုင်ပါဦးမည်လော။ ကွယ်လွန်သူ ဦးဘသိန်းက ကိုးခရိုင်သမိုင်းဟူ၍ ရှာဖွေပြုစုခဲ့သော ချီးမွမ်းဖွယ်ဖြစ်သည့် နမူနာကို အခြားခရိုင်များ၌ လိုက်၍ မရေးနိုင်ပြီလော။ ဤအသင်းသို့ စည်းဝေးရောက်လာသူများအနက် အများစုကပင် ဤပြဿနာများကို ကျွန်တော် ဖြေတတ်သည်ထက် ပို၍ မှန်ကန်အောင် ဖြေနိုင်ကြပါလိမ့်မည်။

ဤမျှ ရှည်လျားစွာ နိဒါန်းပျိုးပြီးနောက် သည်းခံလျက် အညွှဲဆုံးလမ်းပြဖြစ်သော ကျွန်တော်နှင့်အတူ အလယ်ခေတ် မြန်မာနိုင်ငံ မြောက်ပိုင်းသို့ လိုက်ခဲ့ကြပါ။ (ထိုအရပ်ထက် ပို၍လည်း လည်ပတ်ရန် အချိန်မရပါ) သွားရင်းလာရင်းဆိုသလို မှတ်သားဖွယ်ကြုံတိုင်း ထုတ်နုတ်၍ ပြောသွားပါမည်။ ဦးစွာ ပထမ မြို့တော်က စကြစို့။ ပုဂံ ဟူသောအမည်ကို မူလထိုး မဟုတ်သော



ကျောက်စာတို့ကို ပယ်လိုက်လျှင် မြန်မာဘာသာဖြင့် ခရစ်နှစ် ၁၁၉၆ က စ၍ ပထမဦးစွာ တွေ့ရသည်။ ထိုထက်စောစောက အနမ်နိုင်ငံ တောင်ပိုင်း ပန်ရမ်းမြစ်ဝမှ လောမ်ငေါကျောက်တိုင်၌ ပုဂံအမည်ပါရှိရာ ရက်စွဲမပါသဖြင့် အသေအချာ မပြောနိုင်သော်လည်း အောက်ခြေမှ ကျောက်စာ၌ ခရစ်နှစ် ၁၀၅၀ ဟု ပါရှိသဖြင့် ထိုနှစ်ထက် အထက်ကျောက်စာကို ရေးထိုးသောအချိန်က မုချ စောမည်ဖြစ်၏။ ပုဂံကို ရှေးမြန်မာအသုံးအနှုန်း၌ မြို့ဝ်ဟု မခေါ်ဖူးချေ။ မြို့တော်ဟု အဓိပ္ပာယ်ရသော ပြည်ဟူ၍သာ ခေါ်ခဲ့၏။ ယခင်က ထင်ရှားခဲ့သော ပျူတို့၏နိုင်ငံကို ပုဂံခေတ် မြန်မာတို့က မည်မျှအလေးဂရုပြုသနည်းဟူမူ ပျူတို့၏ မြို့တော်ဖြစ်သော ယခု ပြည်မြို့အနီးအပါးကို ဆက်လက်၍ ပြည်ဟု သီးခြား ခေါ်ဝေါ်နေခြင်းဖြင့် သိသာပါသည်။ စင်စစ် ရန်သူများဖျက်သဖြင့် မြစ်ကြောင်းမှ ထွက်ပြေးရဟန်ရှိသော ရှေးဂြိုကွေ့တြကို ပြည်ဟု ခေါ်ရမည့်အစား အနောက်ဘက်သို့ လေးမိုင်ရွှေ့၍တည်လျက် ထွန်းကားစပြုလာသော မြို့သစ်ကို ပြည်ဟု ခေါ်ကြခြင်းဖြစ်၏။ ယခုအခါ လူနေအိမ်ခြေများလျှင် ထိုအရပ်ကို မြို့တပ်၍ခေါ်ရန် ဝန်မလေးသော်လည်း ရှေးမြန်မာစကားတွင် မြို့ဝ် အခေါ်ခံရသော နေရာကားနည်းလှ၏။ **ငဆောင်ချမ်၊ တလိုင်သရိယ်၊ တလမြင်စိုင်** နှင့် အချို့ဒေသတို့ကို မြို့ပ်ဟု ခေါ်ပေါ်ရာတွင် သဘောအားဖြင့် ထိုနေရာများ၌ ခံတပ်ရှိဟန်တူပါသည်။ စင်စစ် မြို့ဝ်ဟူသည် လူနေများသည်ကို ရည်ညွှန်းသည်ထက် ကာကွယ်ရေးအတွက် ခံတပ်ရှိသည်ကို ပို၍ ထင်ရှားစေသည်ဟု ထင်ပါသည်။ နောင်အခါ ပေါ်လာသည့် မြို့သူကြီးဟူသော ရာထူးမျိုး ရှေးက မရှိချေ။

ယခုတိုင်ရှိသော ပုဂံမြို့ရိုးဟောင်းကို ကြည့်လျက် မြို့ကွက်သေးလှပါကလားဟု အံ့ဩခြင်း ဖြစ်မိပါသည်။ သို့သော် ကျယ်ပြန့်စွာ စဉ်းစားလျှင် မြို့တော်တွင် တောင်သို့လားသော ငြိဝဖြာ (သီရိပစ္စရာ) လွန်သည်အထိ၊ မြောက်သို့လားသော ညောင်ဦးလွန်သည်အထိ။ ယခု ပုဂံခေါ်သော အရပ်မှ အထက်အောက် နှစ်ဖက်စလုံး၌ တစ်ဖက်တွင် သုံးမိုင်ကွာသော ရပ်ဝှမ်းအားလုံး အတွင်းရှိ ဘုရား အပြိုအပျက် ထူထပ်သော နယ်မြေ အားလုံးပါကြောင်း ထင်ရှား၏။ "ညောင်ဦ စသော သိရိယ်ပစ္စရာ တိုင်အောင် သောမ္ဘိယ် ပုံအလုံတိုင်လျှင်" (ဓာတ်ပုံ ၂၃၅–၂၇)ဟူ၍ ကျောက်စာများ၌ ပါလေ့ရှိသည်။ (ဓာတ်ပုံ ၈၂–က–၂၂–၃) (ဓာတ်ပုံ ၂၂၃ ခ–၆) (ဓာတ်ပုံ ၂၂၄–၁၆–၁၇) (ဓာတ်ပုံ

၃၇၉-၇) (ဓာတ်ပုံ ၄၂၁ က-၉) (ဓာတ်ပုံ ၄၂၃-၂၂)။ ထို့ပြင် မြို့တော်ကား မြစ်ကမ်းစပ်တွင်သာ တည်နေသည်မဟုတ် မြစ်မှ ကုန်းတွင်းသို့ ၆ မိုင်ကျော် ၇ မိုင်ခန့်ကွာဝေးသော ပင်မြက်ကင်းလျက် မတ်စောက်သည့် တုရင်တောင် ကျောပြောင်ပြောင်မှ သက်စိုဝ်တောင်အထိ ပေတစ်ထောင်မျှ မြင့်တက်သွားသော တောင်ရိုး၏ အခြေသို့ရောက်အောင် ပြန့်လျက်ရှိဦးမည်။ မြန်မာရာဇဝင်ကျမ်းတို့၌ ပုကံ မပေါ်မီ ယုန်လွှတ်ကျွန်း၌ ရွာ တစ်ဆယ့်ကိုးရွာ စု၍ အစတည်လေဟန် ရေးသည်။ ယင်းယုန်ကို ဘေးမဲ့ပေးရာ တော၏အမည်ကို ကျောက်စာများ၌ မပါဖူးသည့်အပြင် တစ်ဆယ့်ကိုးရွာတို့၏ အမည်များတွင် ညောင်ဦးမှလွဲ၍ ကျန်အမည်များကိုလည်း မတွေ့ဖူးချေ။ အစဉ်အလာ ဆိုရိုးစကားတို့၌ မြို့တော်သည် ကမ်းပါးမှ တုရင်တောင်ခြေထိရှိသည်ဟု လာ၏။ ထို့ကြောင့် မြန်မာတို့သည် ၎င်းတို့ နောင်အခါတွင် မြို့တော်တည်ဆောက်မည့် အရပ်သို့ အရှေ့ဘက်ဖြစ်သော ပုပ္ပါးတောင်နှင့် တုရင်တောင်တို့မှ မြစ်ကမ်းနေ ပျူ စသည့် လူမျိုးတို့ကို တိုက်ခိုက်၍သော်လည်းကောင်း၊ လူအလုံးအရင်းဖြင့် လွှမ်းမိုး၍သော်လည်းကောင်း ရောက်လာကြဟန် ရှိပါသည်။ အရှေ့ဘက် မိုင်သုံးဆယ်အကွာ၌ ပေ ၅၀၀၀ ခန့် မြင့်တက်နေသော မီးတောင်ဟောင်း ပုပ္ပါးအကြောင်းကိုကား ကျောက်စာများ၌ ရာဇဝင်ကျမ်းမှာကဲ့သို့ ပေါ်လွင်အောင် ရေးသားထားခြင်းမရှိချေ။ ထိုအခါက ဗုဒ္ဓသာသနာထွန်းကားသည် ဆိုရလင့်ကစား၊ ထိုတောင်တော်မှ မဟာဂီရိနတ်မောင်နှမသည် နတ်ကွန်းနှင့်တကွ ယခုတိုင် မြို့တော်အဝင်ဖြစ်သော သရပါတံခါး၌ စောင့်ရှောက်လျက် ရှိကြပါသည်။ တုရင်တောင်၌ ရှေးကပင် မြန်မာတို့ လာရောက်နေခဲ့သည်ကိုကား သံသယဖြစ်ဖွယ် မရှိချေ။ ထိုတောင်၌ ပုကံခေတ်ဦးနှင့် ထိုခေတ်ဦးကိုညွှန်းသော ကျောက်စာ များစွာ တွေ့ရပါသည်။ ကျောက်စာ (ပုံ ၃၆) တစ်ခုအရ တုရင် တောင်ထက် စဝ်ရဟန် သိမ်ပျက်သည်ကို ပြင်ခဲ့ကြောင်း သိရ၏။

အနိရုဒ္ဓ မတိုင်မီကပေါ်သော မင်းတို့အနက် ကျောက်စာတို့၌ ရေးသားပါရှိသည့် တစ်ဦးတည်းသော မင်းသားက ထို စဝ်ရဟန်ပင် ဖြစ်၏။ ဤအချက်မျိုးကြောင့်ပင် ပုဂံ ပေါ်လာပုံနှင့်ဆိုင်သော ရာဇဝင်ကျမ်းလာ စကားတို့ကို အလျင်စလို မပယ်သင့်ချေ။ ထို့အပြင် အဆိုပါအချက်အရ တစ်ဆယ်ရာစုနှစ်ခန့်ကပင် ဗုဒ္ဓသာသနာဝင် ရဟန်းများရှိလျက် ဗုဒ္ဓသာသနာဆိုင်ရာ အဆောက်အအုံကို ရာဇဝင်ကျမ်းတို့၌ နဂါးကိုးကွယ်၍ ပုထိုးများ တည်ခဲ့သည့် မိစ္ဆာဒိဋ္ဌိ



ဟု စွပ်စွဲထားခြင်းခံရသူက ဆောက်ခဲ့သည်ကို တွေ့ရ၏။ သက္ကရာဇ် မပါသော်လည်း အရေးပါသော အကြောင်းအရာများ ပါတတ်သည့် (ချစ်စကုန်းမြေပုံဘုရားပါ သီးမျိုးပင်မျိုး အမည်တို့ကို ကြည့်ပြီးနောက်) စကားလုံးနှင့် ဝေါဟာရ ရွေးချယ်ပုံဆန်းသဖြင့် ၎င်းတို့ကို ကျောက်စာဝန် စီဒူရှိုင်ဆယ်က သတိပြုသင့်ကြောင်း ရေးဖူး၏။ သဘောအားဖြင့် မြန်မာတို့ စာရေးနည်းသင်စအခါက ရှေးဦးစွာ ကြိုးစား၍ ရေးသားထားပုံမျိုးပင် ဖြစ်ပါသည်။ ကောင်းစွာတည်းဖြတ်ခြင်း မပြုရသေးသော အခြားကျောက်စာ (ပုံ ၆၀ က) တစ်ခု၌ အလွန် ကြိုးစားပါမှ ဖတ်၍ရရုံမျှရှိသော ပုဂံမင်းဆက်၏ မင်လုလင် ထိလိုင်မင် စသော ခေတ်ဦး မင်းစဉ်စာရင်း ပါရှိ၏။ ထိလိုင်မင်ဆိုသူကား အခြား အိန္ဒိယဆန်သော ဘွဲ့များအပြင် ရာဇဝင်၌ အစစ်အမှန်ဟု သိရှိရသော ကလန်စစ်သာပင် ဖြစ်ပါသည်။ ပုပ္ပါအရှေ့ ထိလိုင်မှ မင်သည် ပုဂံတွင်လာ၍ မင်ကြီဖြစ်ဟန်ကို ကြံဆလျှင် ယခုအခါ မလှိုင်ဟု ခေါ်သော မြို့၏ တောင်ဘက် ခုနစ်မိုင်အလွန် ရှစ်မိုင်ခန့်၌ရှိသော သာထွန်းအေးရွာအနီး ဆုတောင်းပြည့်ဘုရား၌ မူလနေရာ မပျက်သော ရှေးကျောက်စာ များစွာကို တွေ့ရသဖြင့် ဤဒေသတစ်ဝိုက်၌လည်း ရှေးမြန်မာတို့ နေထိုင်ရာဖြစ်၍ ထိလိုင်မှ ပုဂံအရောက် တိုးတက်သွားရာ၌ ဤဒေသမျိုးကို အလျင်သိမ်းသွင်းရမည် ဖြစ်ရကား ယခု လေ့လာနေသော ခေတ်ဦးပိုင်း၌ မင်းပြောင်းမင်းလွဲ အရေးတော်ပုံရှိမည်ဟု ဖော်ပြနေပါသည်။ မွန်ကျောက်စာနှစ်ခုအရ ကလန်စစ်သာသည် တုရင်တောင်ခြေ၌ လက်ဆုယ်ခိရိယ်ကန်ကို ပြုလုပ်ခဲ့ရာ အချိန်အတန်ကြာလျှင် ထိုကန်ကိုပင် မြကန်ဟု ခေါ်ကြောင်း ထင်ရှား၏။ ထိုကန်ကို ပြန်၍ ပြုပြင်သင့်လှ၏။ ရာဇဝင်ကျမ်းတို့၌ ထိုကန်ကို ဣလစွာပြုသည်ဟု ရေးခြင်းကား မှား၏။ ကန်၏အနီးရှိ ကျောက်ဖြင့် ဆောက်ထားသော ပိဋကတိုက်လည်း ကလန်စစ်သာ၏ လက်ရာပင်ဖြစ်မည်။

အနိရုဒ္ဓသည် ဘုရားတည်ရန် တောင်စွန်း တောင်ထွတ် ကောင်းကောင်းကို ရွေးချယ်တတ်၏။ ပုဂံမှ မြစ်တစ်ဖက် အနောက်အရပ်၌ တောင်ရိုးကြီး၏ ပေတစ်ထောင်ကျော်အထိ မြင့်တက်ရာ တန့်ကြည်တောင်ထိပ်၌ စေတီတစ်ဆူ တည်၏။ ဒုတိယတစ်ဆူဖြစ်သော စည်ခုံကို ညောင်ဦးအနောက် တစ်မိုင်အကွာရှိ မြစ်ကို မိုး၍နေသော တောင်စွန်းပေါ်၌ တည်၏။ တတိယ တစ်ဆူကို တောင်ဘက် ဂြိုဝဖြာ မြစ်ရိုးတစ်လျှောက်အပေါ်မှ အုပ်စီးချုပ်ကိုင် နိုင်အောင် မြင်ကွင်းသာလျက်

မြစ်တွင်းသို့ စွန်းထွက်သည့် မြင့်မားမတ်စောက်သော တောင်စွန်းပေါ်၌ လောကနန္ဒကို တည်သည်။ ယင်းသို့လျှင် ထင်ရှားသော သုံးထောင့်စွန်းနှင့်တကွ တုရင်တောင်တို့ကား ပုဂံမြို့တော်၏ မြို့ထောင့် မှတ်တိုင် လေးခု ဖြစ်ပါသည်။ ထိုဒေသကိုဖြတ်၍ တုရင်တောင်မှ မြစ်တွင်းသို့ ချောင်းနှစ်ခု စီးဆင်း၏။ တောင်ဘက်၌ မြင်ကဗာချောင်းကား ယခုခေတ် ဖွားစောရွာအနီးမှစ၍ မန်ကျည်းပင်ရိပ်ကောင်းသော မြင်ကဗာရွာကိုဖြတ်လျက် ပုဂံမြို့ရိုး၏တောင်ဘက် တစ်မိုင်ကွာ၌ မြစ်သို့ဝင်သည်။ အဆိုပါရွာ၌ အနိရုဒ္ဓသည် သထုံကို သိမ်းယူပြီးမှ ဖမ်းခဲ့သော မွန်သံပန်းတို့ကို နေရာချထားခဲ့သဖြင့် ထိုခေတ်ဦးအခါက မွန်အရေးအသားတို့နှင့်တကွ မြင်လျှင် ကောင်းစွာသိသာအောင် ခြားနားသော မွန်အဆောက်အအုံများ ကျန်ရစ်၏။ မြင်ကဗာချောင်းထက်ကြီးသော ရွှေချောင်းကား ကျောက်စာ၌ပါသော တောက်နွယ်ချောင်ဖြစ်ဟန် ရှိ၏။ တုရင် အရှေ့တောင်စောင်းမှစ၍ ယခု မင်းနန်သူရွာကို မြောက်မှပတ်၍ စီးခဲ့ရာ ချောင်းကမ်းပါး တစ်ဖက်တစ်ချက်၌ ဘုရားများ အစီအရီရှိ၍ နောက်ဆုံး ရွှေစည်းခုံ အနောက်ဘက်မှ မြစ်သို့ဝင်သည်။ ထိုချောင်းစီးရာ ပုဂံအတွင်းပိုင်း၌ ရှေးအခါက မြောက်ဘက် မင်းနန်သူကို အာမနာဟုခေါ်၍ တောင်ဘက်မှ အနောက်ဖွားစောကို သစ်မတီဟု ခေါ်၏။ သစ်မတီကား ခရစ်နှစ် ၁၁၉၆ ကစ၍ နရပတိစည်သူမင်းက ဓမ္မရာဇိက ဘုရားတည်ရန် ၎င်းအရပ်၌ မြေနေရာ ရွေးချယ်ပြီးသည်ကစ၍ ထင်ရှားသော အရပ်ဖြစ်၍လာခဲ့၏။

"အာမနာမည်သော ကာန်အရပ်၌" (ဓာတ်ပုံ ၇၃–၆) ကုသိုလ်ပြုပုံကို ပထမဦးစွာ မှတ်တမ်းတင်ခဲ့သည်ကား ခရစ်နှစ် ၁၁၂၉ က ဖြစ်ပါသည်။ ထိုအခါများမှစ၍ အနှစ်တစ်ရာကျော်မျှ အတွင်း၌ ဤအရပ်တို့တွင် ကုသိုလ်ကောင်းမှု များစွာ ပြုခဲ့သည်ကို တွေ့ရ၍ ယခု ဖွားစော (ဖွာဇဝ်) ရွာများကား ပုဂံ နောက်ဆုံး မိဖုရားကြီးတစ်ဦး၏ အမည်ကို ယခုတိုင် ထိန်းသိမ်းထားလျက်ပင် ရှိကြပါသေးသည်။ ကျောက်စာများ၌ ပုဂံ၏ အခန့်သုံးအမည်ကား အရိမဒ္ဒနပူရဖြစ်၍ ရန်သူတကာကို ချေမှုန်းရာ မြို့တော်ဟု အနက်ရ၏။

မွန်ကျောက်စာများ၌ ကလန်စစ်သာသည် သိသိတ်သို့မဟုတ် ဂြိုကွေတ်ခေါ်သော ဂြိုကွေ့တြမြို့တော်ကို စွန့်ခွာပြီးနောက် တတ္တဒေသ်မင်း အဖြစ်ဖြင့် မွေးဖွားရောက်လာပုံကို ရေးခဲ့၏။ တတ္တဒေသဟူသည် လောလောပူသော အရပ်ဟု ဆိုလိုရကား ပုဂံ အဝင်အပါ မြန်မာနိုင်ငံ အလယ်ပိုင်း၏ မိုးခေါင်ရေရှား



ရပ်ဝန်းတစ်ခုလုံးကို ဆိုလိုဟန် တူပါသည်။ မြန်မာဘုန်းတော်ကြီး သျှင်ဒိသာပြာမုက်သည် ခရစ်နှစ် ၁၂၈၅ က မြန်မာနိုင်ငံ၏ အကျိုးကိုဆောင်ရန် ဘေဂျင်ရှိ ကူဗီလိုင်ခန်ထံသို့ ဝင်စဉ်က မိမိ၏နိုင်ငံကို တံပြတိတ် သို့မဟုတ် ကြေးနီနိုင်ငံဟု ခေါ်၍ "မွန်ဂိုတို့ အောင်နိုင်ပြီးသော ပြည်တို့ကား များလည်း များစွ၊ ကြီးလည်း ကြီးစွ၊ တံပြတိတ်ပြည်ကား ငယ်လှပါသည်"ဟု ဆိုခဲ့၏။ ဇမ္ဗူ့ဒီပဥဆောင်းကျမ်း၌ တမ္ဗဒီပဟူသည် ဇေယျဝတီ၏ အရှေ့နှင့်တောင်ကို ဆိုလို၍ သုနာပရန္တကား အနောက်နှင့် မြောက်တည်းဟု ပါ၏။ ရှေးရှေးကလည်း ဤသို့ ယူဆပါသလောဟု အသေအချာ မပြောတတ်ချေ။ ရှေးကျောက်စာတို့၌ သုနာပရန္တဟူသော အမည်ကို လည်းကောင်း၊ ပူးတွဲ ပါရှိသင့်သော ဇေယျဝတီဟူသောအမည်ကို လည်းကောင်း မတွေ့ရဖူးချေ။

မြို့တော်ကိုထားခဲ့၍ နိုင်ငံအဝန်းကို လေ့လာကြမည်ဆိုလျှင် အတိအကျ ပြောနိုင်သော အချက်များ နည်း၍လာကြောင်း တွေ့ရ၏။ ကျောက်စာတို့၌ မြို့ရွာ နယ်ပယ်တို့၏ အမည်များကို ထည့်သွင်းရေးသားခြင်း နည်းသောကြောင့် မဟုတ်ပါ။ ခန္တီ၊ ကြိတူ၊ မင်ကွည်ခြောက် စသည်ဖြင့် နာမည် အမြောက်အမြား ရှိ၏။ ပြဿနာကား မြေပုံပေါ်၌ တင်ရန် ခက်ခဲခြင်းပင် ဖြစ်ပါသည်။

အမည်၏ရှေ့၌ **အကြီယ်** သို့မဟုတ် **အကြေည်** နှင့် **အညာ**ဟူသော ဝိသေသကလေးမျှပါလျှင်ပင် များစွာ ဝမ်းသာရပါမည်။ အမျိုးအမည် ခွဲခြား၍ သော်လည်းကောင်း၊ ပိုင်ဆိုင်မှုနှင့် အုပ်ချုပ်ရေးနယ် အပိုင်းအခြားကို ခွဲခြား၍ သော်လည်းကောင်း ဖော်ထားမည်ဆိုလျှင်ကား ပြောဖွယ်မရှိပါ။ သို့သော် ဤသို့ ဖော်ပြလင့်ကစား တစ်ခါတစ်ရံ သုံးစွဲသော ဝေါဟာရ၏ အနက်ကို မကြံဆနိုင်သည်လည်း ရှိ၏။ များသောအားဖြင့် အမည်၏နောက်၌ **အရပ်**၊ **ရွာ**၊ **တိုက်**၊ **ခရိုန်**နှင့် အခွင်ဟူ၍ တွေ့ရတတ်သည်။ အရပ်ဆိုသည်၌ ရပ်ကို မတ်တတ်ရပ်သည်ဟု မယူသာ၊ အဘယ်ကြောင့်ဆိုသော် ရှေးမြန်မာစာ၌ ရပ်တည်ခြင်းကို "ရျပ်"ဟု ရေး၍၊ လူ၏အမြင့်ကို "အရျပ်"ဟု ရေးမြဲတည်း။ အရပ်ဟူသည် နေရာဟု သာမည ဆိုလို၏။ နမူနာအားဖြင့် ပန်ပွတ်ရပ်ဟု ပုဂံမင်္ဂလာစေတီ ပတ်ဝန်းကျင်ကို ခေါ်ကြောင်း တွေ့ရသည်။ ရွာကို အဓိပ္ပာယ်ကောက်ရန် မလွယ်ချေ။ ယခင်က ယခု နားလည်ကြသော အဓိပ္ပာယ်ထက် ပို၍ ကျယ်ပြန့်စွာ သုံးစွဲခဲ့ကြသည်ဟု ထင်ပါသည်။ ပါဠိဘာသာ လောကနှင့်

တန်းတူထား၍ သုံး၏။ လူရွာကို မနုသလောကဟု လည်းကောင်း၊ နတ်ရွာ ခြောက်ထပ်ကို ဒေဝလောက ခြောက်ခုဟု လည်းကောင်း၊ ဗြဟ္မာရွာ တစ်ဆယ့် ခြောက် (သို့မဟုတ် နှစ်ဆယ်)ကို တစ်ဆယ့်ခြောက်၊ နှစ်ဆယ် ထပ်သော ဗြဟ္မာလောကဟု လည်းကောင်း သုံးစွဲကြသည်။[၁၆၇] ပုဂံမပျက်မီ နေရာပေါင်း ၁၅၀ မျှကို ရွာဟုခေါ်ကြောင်း မူလထိုးကျောက်စာများ၌ တွေ့ရ၏။ ဤသို့ ခေါ်သော်လည်း ရွာဖြစ်မည့်နေရာ များစွာလည်း ရှိပါသည်။ ဤရွာများသည် မြန်မာနိုင်ငံ အလယ်ပိုင်း၌ အနှံ့အပြားရှိ၍ အနည်းဆုံး မြောက်ဘက် မုဆိုင်ဖိုဝ်အနီး ကွန်ကတင်ရွာမှ နာတောင်မျာ၏ ဓမ္မရာဇဂုရုဖြစ်၍ မွန်အမျိုးသားဖြစ်မည်ဟု ထင်ရသော မဟာထေရ၏ အကြေ **တလ** အရှေ့ဘက်ရှိ မောလညာရွာအထိ ပြန့်လျက်ရှိကြမည် ဖြစ်သတည်း။ **မောလညာ** နေရာကား ယခု ရန်ကုန်၌ပင် ဖြစ်အံ့လောဟု ထင်မိ၏။ ရွာပေါင်း နှစ်ဆယ်ကျော်ကို ယောကျ်ား မိန်းမ မရွေး လူကိုစွဲ၍ ခေါ်ကြောင်း တွေ့ရ၏။ လူမျိုးအလိုက်ခေါ်ကြောင်း တွေ့ရ၏။ လူမျိုးအလိုက်ခေါ်သော အမည်လည်းရှိ၏။ စမုံနှင့် မြစ်ငယ်ဆုံရာအနီး၌ တန်လိုင် ရွာမဟူသော ရွာကြီးရှိသည်ဟု သိရသဖြင့် ယင်းနှင့် များစွာ မကွာဝေးလှသော ကျောက်ဆည်၌ ရှေးမွန်ကျောက်စာတစ်ခု တွေ့ဖူးသည်ကို သတိရဖွယ်ဖြစ်၏။ ပြည်မြို့အနီးနှင့် ကုခန်အနီးဟု ထင်ရသော နေရာတို့၌ ကုလာရွာဟု ရှိခဲ့၏။ ကန်တူရွာဟူ၍လည်း ဒေသမဖော်ပြဘဲ တွေ့ရဖူး၏။ မှတ်သားဖွယ်ကောင်းသော အခြား အမည်များကား မုဆိုဝ်ရွာ၊ ဆာချက်ရွာ၊ ဆင်ထွန်ရွာ၊ ဖောင်ဆင်ရွာ၊ ပန်ထျန်ရွာ၊ ကွမ်မစာရွာ၊ ပုမ်နာရွာ၊ နွာမယ်ရွာတို့ဖြစ်၏။

ဤတွင် ဆင်ထွန်ရွာသည် မူး၏ အနောက်ဘက်၌ရှိ၍ ထိုအမည်ကို ဖတ်ရခြင်းဖြင့် မန်ရှူကျမ်းက ကိုးရာစုနှစ်တွင် သိန္နိမှ မန်လူမျိုးစုသည် ဆင်ဖြင့် လယ်ထွန်သည်ဟု ရေးခဲ့သည်ကို အမှတ်ရမိပါသည်။ ပန်ရံ (ပန်ထျာ)ရွာကား မြင်ခုန်တိုင်မှ ဖြစ်၏။ နွားမရှိသော (နွာမယ်)ရွာကား (ခရိုန်)ဒေသ၌ ရှိမည်ဟု ထင်မိ၏။ အချို့ရွာကို **ရွာဆိုဝ်**ဟုခေါ်ရာ စကားဆက်ဖြင့် မကောင်းသောရွာ ပျက်လေပြီးသော ရွာဟောင်းဟု အနက်မပေးသာသဖြင့် ၎င်း၏ အဓိပ္ပာယ်ကို ရှင်းလင်းစွာ မသိပါဟု ဝန်ခံပါသည်။ ရွာထက် ဝန်းကျင်မြေကို ရွာရာဟု ခေါ်၏။ ခရိုန်ဒေသ၌ ရွာသူကြီးကား အထူးအရေးပါ အရာရောက်သူဖြစ်၍ မြန်မာ သို့မဟုတ် အိန္ဒိယဘွဲ့များ ရရှိထားကြသူများဖြစ်ကြောင်း ရံဖန်ရံခါ



တွေ့ရပါသည်။ အချို့ရွာကား ကြီး၍ ထင်ရှား၏။ နမူနာအားဖြင့် ကုခန် (ယခုအခေါ် ပခန်းကြီး)ကဲ့သို့သော ရွာကို ဆိုလိုပါသည်။ ကျယ်ပြန့်သော သဘောအားဖြင့် ရွာကို ခရိုန်နှင့် တန်းတူထား၍ အလဲအလှယ် သုံးစွဲသည်လည်း ရှိ၏။ ခရိုန်အောက်ဆင့် ရွာဟူ၍လည်း ရှိ၏။

ခရိုန်ကို ရှေးမြန်မာစာ၌ နှ,သတ်နှင့် ရေးမြဲဖြစ်၏။ (တက္ကသိုလ် မြန်မာအဘိဓာန် (၁၉၅၆)၌ ထီးတွင် ထီးကိုင်းကို ထောက်ကန်ထားသော ထီးလက်များ စုဝေးရာ လှည်းပုံတောင်းသဏ္ဍာန် အဆောက်အအုံ မြို့ သို့မဟုတ် ရွာနှင့် ယင်းတို့ အုပ်ချုပ်သော လက်အောက်ခံနယ်မြေ အပိုင်းအခြား၊ ရွာအများ မြို့များကို စုပေါင်း၍ ဝန်တစ်ဦး အုပ်ချုပ်ရသော နယ်မြေအပိုင်းအခြားဟု အဓိပ္ပာယ် ပေး၏။) ရှေးမြန်မာတို့၏ စီးပွားရေးတွင် ခရိုင်၏ အချုပ်အခြာ အရေးပါပုံကို ခေတ္တထား၍ သာမည အရေးပါပုံမျှကိုပင် ကျောက်စာများ၌ အလွယ်တကူ သိသာပါသည်။ ကျောက်စာများ၌ပါသော အမည်တို့၏ အများ စုသည် ခရိုန်ဒေသမှာ ရှိ၏။ သို့သော် ပုဂံကိုမျှ ခရိုန်မခေါ်ချေ။ ထိုစဉ်အခါက အရေးပါဆုံးခရိုန်သည် မြို့တော်၏ အရှေ့မြောက် မိုင်တစ်ရာအကွာ၌ရှိ၍ ယခု ကျောက်ဆည်ခရိုင်တွင် ရှိပါသည်။ ယခုအခေါ်အားဖြင့် ကိုးခရိုင် ခေါ်သည် ကို ကျောက်စာ၌ တွေ့ရမည် မဟုတ်ချေ။ သို့သော် အစဉ်အလာ မှတ်သားကြရာ၌ (မှန်နန်း ၁၃၇–စာမျက်နှာ ၂၉၈) "အနော်ရထာမင်းစော ပြုစုတော်မူသော လယ်တွင်းတဆဲ့တရွာ"ဟူ၍ အမည်စာရင်းရှိခဲ့ရာ ထိုစာရင်းပါ အမည်တို့ အသင့်အတင့် ချွတ်ယွင်းလျက်ရှိသည်ကို တွေ့ရ၏။ စင်စစ်အားဖြင့် ထိုတစ်ဆယ့် တစ်ရွာ (ဓာတ်ပုံ ၁၆၂–၂၄)ကား ကျောက်စာများ၌ပါသော **မ္လစ်သာ** တစ်ဆယ့် တစ်ရွာပင် ဖြစ်၏။ ဦးဘသိန်း(၁၈၆၆–၁၇ မတ် ၁၉၂၃)၏ ကိုးခရိုင် စာအုပ် အားကိုးဖြင့် မစ္စတာ ဂေအေစတီးဝပ်က ထိုရွာတို့ကား ယခုအခါ မည်သည့်နေရာ များဖြစ်သည်ဟု ညွှန်ပြခဲ့သဖြင့် ယနေ့ညနေ ပြသထားသော မြေပုံ၌ အဆိုပါ ရွာများကို စိတ်ချလက်ချ ထည့်သွင်းဖော်ပြနိုင်ပါကြောင်း။ တောင်မှ မြောက်သို့ အစဉ်လိုက် ထိုရွာများကို ဖော်ပြပါမည်။

(၁) **ပန်လောင်မြစ်**သည် တောင်ကုန်းကိုစွန့်၍ မြေပြန့်သို့ စီးဆင်းရာအရပ်၏ အနောက်ဘက်နား၌ "ပင်လယ်ခရိုန်"ရှိ၏။ ရွာကွက်အပျက်ကို ယခုတိုင် မြင်နိုင်ပါသေးသည်။

(၂) **ပ္လည်မနာခရိုန်**ကို မြစ်မနားဟု ရာဇဝင်ကျမ်းတို့၌ (မှန်နန်း ၁၃၇

စာမျက်နှာ ၂၉၈) တွေ့ရမည်။ ယင်းသည် ပန်လောင်အနောက်၌ရှိ၍ **ပင်လယ်မှ မ္လစ်သာ**ခရီးတွင် အလယ်လောက်၌ ရှိချေမည်။

(၃) **မ္လစ်သာ**ကို ပန်လောင် အရှေ့ဘက်၌ တွေ့ရ၏။ ယခုအခါ ကျောက်ဆည်ကိုစွဲ၍ တစ်ခရိုင်လုံးကို ခေါ်သကဲ့သို့ ရှေးက မ္လစ်သာ အမည်ကို သုံးခဲ့ပါသည်။ စင်စစ်အားဖြင့် ക္လောက်ဆည်ကြီး၊ က္လောက်ဆည်ငယ်၊ **က္လောက်ဆည်မ္လိယ်ခ္လန်** လယ်များကို **မ္လစ်သာခရိုန်** လက်အောက်ထားခဲ့ဖူး၏။ စကားစပ်မိ၍ ပြောဆိုလိုသည်မှာ **က္လောက်ဆည်**ဟူသည် ကျောက်ဖြင့်ပြုသော ရေကာတာကို ဆိုလိုရင်းမဟုတ်ပါ။ ကျောက်ဟူသော အရပ်၌ ပြုလုပ်ထားသော ဆည်ကိုသာ ရည်ညွှန်း၏။ အချို့အမည်ကို ရှေးမြန်မာစာ၌ သာမက ရှေးမွန်စာ၌လည်း တွေ့ရဖူး၏။ ကျောက်ဆည်တောင်ခြေမှ မွန်ကျောက်စာတစ်ခု၌ (*အက်ပီဂရမ်မီယားဘာမင်နီကား* ကျောက်စာအမှတ် ၁၁) ပုဂံခေတ်က **မွန်မဟာထေရ**တစ်ဦးသည် မိမိနေရာ **က္လောက်သယောင်**၌ သိမ်ဆောက်ကြောင်းကို မင်းနှင့်တကွ **ပုဂံ မဟာထေရ**ကို အကြောင်းကြားသည်ဟု ပါရှိ၏။

ဤတွင် "*အက်ပီဂရမ်မီးယားဘာမင်နီးကား*" (အတွဲ ၃၊ အမှတ် ၁၊ စာမျက်နှာ ၇၀ ကျောက်စာကြောင်း ၃)တွင် ရွာအမည်ကို **က္လောက်သ**ဟု ပြ၍ ကျောက်ဆည်၏ ရှေးအမည်ဖြစ်လေဟန် (စာမျက်နှာ ၇၀) ဖော်ပြခြင်းကား မှား၏။ မြန်မာကျောက်စာ အားကိုးနှင့် ပြောရလျှင် **က္လောက်တရွာ**၊ **သယောင်တရွာ**နှင့် **ပ္လောင်တရွာ** အစုစု ရွာသုံးရွာ အနီးအပါးတွင် ပေါင်းစု၍နေသည်ကို တွေ့ရ၏။ (နောင်အခါ ထို သုံးရွာပေါင်း၍ ကျောက်ဆည် ဖြစ်လာသည်)။

(၄) **ရင်ုန်ခရိုန်**ကို ဂဇက်တီးယား၌ ရမုန်ခေါ် ရွာမုံးကြီးဖြစ်သည်ဟု ယာယီအားဖြင့် သတ်မှတ်လိုပါသည်။ ဂျေအေစတီးဝပ် အလိုအားဖြင့် ရမုန်သည် မင်းစုမှ အနောက်စူးစူးတွင် ပန်လောင် လက်ဝဲဘက်ကမ်း၌ရှိ၍ ရာဇဝင်ကျမ်းများမှ ယမုံးပင်ဖြစ်သည်။ ဇမ္ဗူ့ဒီပဥဆောင်း၌ ဤနည်းအတိုင်းပင် ရင်ုန်ကို မြစ်သားနှင့် မြင်းခုန်တိုင်ကြားရှိသည်ဟု ဖော်ပြထားပါသည်။ (ရင်ုန်–ဇမ္ဗူ့ဒီပဥဆောင်းကျမ်း သုတေသနသင်းစာစဉ် သစ် ၂–၁၉၆၀၊ စာမျက်နှာ ၅၆) ရင်ုန်တွင် ဆာချက်ရွာ ရှိပါသည်။ ကြည်ရျာနှင့်တကွ စပါးစိုက်လယ်၊ ဥယျာဉ်နှင့် အုန်းပင်အများရှိသည်ဟု သိရပါသည်။



(၅) **မြင်ခုန်တိုင်ခရိုန်**ကား ရှေးနန်ကျောင်တို့၏ မြင်းကို ယဇ်ပူဇော်ခြင်းဓလေ့ကို သတိရဖွယ်ဖြစ်သော အမည်တည်း။ ရွာပျက်ကုန်းကို မြေတိုင်းဌာနမြေပုံ၌ ပန်လောင်အရှေ့တွင် တွေ့ရလျက် ဂျေအေစတီးဝပ်က ဇော်ဂျီမြစ်၏ ရှေးမြစ်ကြောင်းဖြစ်မည်ဟု ထင်ရသော ဒန်းချောင်းနှင့် ပန်လောင်ဆုံရာ စစ်ပညာအရ အပေါ်စီးရထားသော နေရာဖြစ်သည်ဟု ဖော်ပြပါသည်။ ဤခရိုန်မှ မုန်ပေါင်တွင် ကွမ်းသီးပင်စိုက်သည်ဟု သိရ၏။

(၆) **ပနန်ခရိုန်** (န သတ်နှင့် အမြဲရေးသည်)ကို ကျောက်ဆည်အနောက်လေးမိုင်ကွာတွင် ပန်လောင်ပေါ်၌ တွေ့ရမည်။ ဥယျာဉ်နှင့် အင်းများရှိသည်။

(၇) **တမုတ်ခရိုန်** (တမုတ်ဆိုး မဟုတ်)၏ တည်နေရာကို အတိအကျမသိနိုင်ချေ။ **တမုတ်မြောင်**နှင့် ပတ်သက်သောဒေသတွင် ရှိမည်ဖြစ်ရာ ကျောက်ဆည်အနောက် ပန်လောင်ပေါ်ရှိ ကြောင်ပန်းကုံး၏ တောင်ဘက်နားတွင် ရှိမည်ထင်သည်ဟု ဂျေအေစတီးဝပ်က ဆို၏။ အနားပတ်ဝန်းကျင်၌ ယခုတိုင် တွေ့နိုင်သေးသည့် ယခေါင်ရွာလည်း အပါအဝင်ဖြစ်သည်။

(၈) **သင်ပေါင်ခရိုန်**ကား ကျောက်ဆည်မှ မြောက်သို့ သုံးမိုင်ကွာ၌ ဇော်ဂျီအနီးတွင် ဖြစ်သည်။

(၉) **မက္ခရာခရိုန်**သည် ဇော်ဂျီမြစ်ငယ်ဆုံရာ၏ တောင်ဘက်ကမ်းပေါ်၌ရှိ၏။ ပျက်စီးယိုယွင်းလျက်ရှိသော မြေကွက်ကို ယခုတိုင် မြင်နိုင်ပါသေးသည်။ ၎င်းတွင် မြင်ခ္လန်ရွာလည်း အပါအဝင် ဖြစ်သည်။

(၁၀) **တပြက်သာခရိုင်**ကို မက္ခရာမှ အနောက်မြောက်ဘက် အနောက်ယွန်းယွန်းတွင် တွေ့ရလျက် ၎င်းနှင့် မက္ခရာအကြား၌ "ငလင်ပုပ်"ရွာရှိ၏။ တစ်ခါတစ်ရံ **တပ္လက်သာ**ဟူ၍လည်း ရေးထုံးရှိ၏။ သို့သော် ဇမ္ဗူ့ဒီပဥဆောင်းမှာကဲ့သို့ တမြက်သာ (စာမျက်နှာ ၇၅–၈၅)ဟူ၍ ဘယ်သောအခါမျှ မရေးချေ။ ထို့အတူ ဂဇက်တီးယားမှာကဲ့သို့လည်း သဗျက်သာဟု မရေးပါ။ ထို့အတူ ဂဇက်တီးယားမှာကဲ့သို့လည်း သဗျက်သာဟု မရေးပါ။ ဂဇက်တီးယားအရ ယင်းသည် အိုးထိန်းတောင်အနီး မြစ်ငယ်ပေါ်မှာ ရှိပါသည်။

(၁၁) **ခမ္မံ** သို့မဟုတ် ခမ်လှူခရိုင် (အခြားနည်း စာလုံးပေါင်း အမျိုးမျိုး ရှိသည်)မှာ တပြက်သာ၏ အနောက် စမုံ၏ အရှေ့တွင်ရှိလျက် တန်လိုင် ရွာမခေါ် မွန်ရွာကြီးလည်း အပါအဝင် ဖြစ်ချေ၏။

ကျမ်းစာအုပ်များ၌ မတွေ့ဖူးသေးသော ခရိုင်နှစ်ခုကို ကျောက်စာများက ဤဒေသမှာပင် ညွှန်း၏။ "မိုန်" သို့မဟုတ် မုန်ခရိုင်တွင် ယခု "ခမ်လု"၏ အနောက်ဘက်နှင့် စမုံမြစ်ငယ် ဆုံရာ၏ တောင်ဘက် အနည်းငယ်အကွာတွင် စမုံ၏ အရှေ့ဘက်၌ရှိသော "တံပက်ဆွဲ"လည်း အပါအဝင် ဖြစ်ချေ၏။ ဤ ခရိုင်ကို "ကြက်အင်အခွင်"ဟူ၍လည်း လွှဲပြောင်း၍ ခေါ်ဟန်ရှိသည်။ နောက်ဆုံး တွင် အခေါ်အပြော အများဆုံးကား "မပင်စရ" သို့မဟုတ် "လယ်ကိုင်" (လည်ကိုင်) ခရိုင်ပင် ဖြစ်ပါသည်။ ယင်းခရိုင်တွင် ထည့်သွင်းရမည့် အမည် ပေါင်းများစွာ ရှိ၏။ "ရာဇကုမာရ်" ကျောက်စာမှ "ရပယ်"ကို လည်းကောင်း၊ စပါး၊ အုန်း၊ မုန့်ပင်၊ သရက်ပင်ပေါက်သော "ကောင်ကမူ"ကို လည်းကောင်း၊ အောက်အရပ်က "ထားဝယ်"နှင့် မှားလေ့ရှိသော "တဝယ်"ကို လည်းကောင်း၊ "ပင်မြိုင်၊ ပေါင်လောင်" စသည့် အခြားကျမ်းတို့၌ "ပနန်" "သင်တောင်" အဝင်အပါဟု ဖော်ပြထားကြသော ရွာတို့ကို လည်းကောင်း၊ နောက်ဆုံး၌ အခြားကျမ်းတို့က "ကွေ့ာက်"ကို "မွစ်သာ"၊ "သယောင်"ကို "သင်တောင်"အပိုင် ဟု ဖော်ပြလေ့ရှိသော ယခု "ကျောက်ဆည်"တွင်လျက်ရှိသည့် "ကွေ့ာက်"နှင့် "သယောင်"တို့ကို လည်းကောင်း၊ "မပင်စရ" အဝင်ဟု ဆိုရမည်။ ခရိုင်ဒေသ သည် စမုံ၊ ပန်လောင်၊ ဇော်ဂျီနှင့် မြစ်ငယ်ခေါ် တစ်ဆယ့်နှစ်ရာသီ ရေမပြတ်သော မြစ်တို့၏ ရေကို သောက်သုံးလျက် သျှမ်းတောင်များ၏ ခြေရင်းတွင်ကပ်လျက် တည်ရှိ၏။ ထို့ကြောင့် အလယ်ပိုင်း မြန်မာနိုင်ငံ၌ ဤဒေသသည် အမြဲတမ်း ဆန်စပါး ပေါများပြည့်စုံလျက် ရှိပေမည်။ ယင်းအထက် တောင်ပေါ်နေ လူမျိုး စုတို့က လာရောက် လုယက် စိုးမိုးချင်အောင် တစ်နည်းအားဖြင့် ဖိတ်ခေါ်လျက် ရှိချေသည်။ မြန်မာတို့ကလည်း ရာစုပေါင်း များစွာအတွင်း၌ ဆည်မြောင်းစနစ် အားကိုးဖြင့် သဘာဝ ပြည့်စုံခြင်းကို အကဲအလွန်ဘဝသို့ရောက်အောင် တိုးတက် စေခဲ့၏။ ရာဇဝင်ကျမ်းတို့၌ အနိရုဒ္ဓသည် ကျောက်ဆည်အနီးအပါး၌ ဆည် မြောင်းတို့ကို ပုဂံမင်းတို့တွင် ပထမ စတင် တူးဖော်သူဖြစ်၏ဟုဆို၏။ နောက်ပိုင်း မင်းတို့က ၎င်း၏ နမူနာကို လိုက်ကြပြန်သည်။ သို့သော် မည်သည့်အခါက



မည်သည့်မြောင်းကို တူးသည်ဟု ကျောက်စာတွင် တွေ့သမျှ ရဲရဲ ပြောဝံ့သည်ကား "သင်တောင်ခရိုန်"တွင် သင်တောင်၏ အရှေ့မြောက်မှဖြတ်၍ တူးဖော်ထားသော "သင်ထွက်မြောင်"၏အကြောင်း တစ်ခုတည်းသာ ရှိပါသည်။ ရာဇဝင်ကျမ်းတို့၌ (မှန်နန်း ၁၅၈၊ စာမျက်နှာ ၄၀၂) ခရစ်နှစ် ၁၃၀၁ တွင် တရုတ်တို့ မြင်စိုင်းကို ရံနေသည်မှ အရံဖြုတ်ကာ မြောင်းတူး၍ ပေးခဲ့ရာ

> အလျားအတာ ခုနစ်ရာ၊ အနံနှစ်တာ၊ စောက်နှစ်တာရှိသည့် မြောင်းကို နေဝင်ကျော်မှ တူးသည်၊ နေမထွက်ခင် ပြီးသောဟူ၏။ တူရွင်းသွားထိုး မိ၍ ပြတ်လေသော လက်ဖျားခြေဖျားတို့ကို ကောက်ယူစုပုံ၍ ထားသည်။ ဆယ်တင်းဝင်ပုတ်နှင့် ပြည့်သော ဟူ၏။

"သင်ထွယ်မြောင်"ကို ရာဇဝင်ကျမ်း အဆိုထက် အနှစ် တစ်ရာကျော် စောသောအခါကပင် တူးဖော်၍ ပြီးခဲ့ကြောင်း သိရပါသည်။ နရပတိစည်သူ၏ ဓမ္မရာဇက ကျောက်စာ၌ ခရစ်နှစ် ၁၁၉၈ ရက်စွဲဖြင့် ဤ မြောင်း၏အမည်ကို သာမညမျှသာ ဖော်ပြထားသဖြင့် ထိုထက်စောစောကပင် ၎င်းကို တူးဖော်ပြီး ဟန်တူ၏။ အနိရုဒ္ဓ လက်ထက်ကပင်ရှိပြီး ဖြစ်ကောင်း ဖြစ်ပေမည်။ "ငံခွန်"၏ တောင်ဘက် "ကြက်စိမ်"၏ အရှေ့ဘက်၌ "မြောင်ကြီ" ရှိသည်ဟု ခရစ်နှစ် ၁၂၇၄ ယိုး ကျောက်စာတစ်ခု၌ ဆို၏။ ယင်း၏တည်နေရာကို အတိအကျ မပြနိုင်သော်လည်း ခရိုန်ဒေသ၌ပင် ရှိချေမည်။ ကျောက်ဖြင့်လုပ်သည့် ဆည်ဟူသော အနက်ပေးခြင်းဖြင့် "ကွေ့ာက်ဆည်"ကို နရပတိစည်သူ ဆည်သည် ဟု ရာဇဝင်ကျမ်းတို့၌ ဆို၏။ သို့သော် ကျောက်စာများ၌ ယင်းကို ထို့ထက် စောသော နာတောင်မျာ လက်ထက်ကပင် ပထမ စတင်ဖော်ပြနေပြီဖြစ်ကြောင်း တွေ့ရ၏။ မိဖုရား စဝ် ဖော်ပြသည့်အတိုင်း ၎င်းဆည်ရေသောက် လယ်မြေတို့နှင့် ပတ်သက်၍ နောက်မင်းများလက်ထက်၌ မင်းမိန့်ဖြင့် စုံစမ်းရေးများ ဆက်ကာ ဆက်ကာ ပြုလုပ်ခဲ့သည်ဟု သိရသဖြင့် ၎င်းမြောင်းကြီး မည်မျှ တန်ဖိုးရှိသည်ကို ခန့်မှန်းနိုင်ပါသည်။ အထက်ပါ အကြောင်းတို့မှလွဲ၍ ဤဒေသ၌ ဆည်မြောင်းကို အားပြုလျက်ရှိရကြောင်းကို "မြင်ခုန်တိုင်ခရိုန်"ရှိ "ဆည်ရှာငဲ"၏ အကြောင်းကို ရေးစဉ်က တစ်ကြိမ်တည်း သာလျှင် ဖော်ပြထားဖူးသည်။

သို့သော် ဤဒေသ၌ "စပါးအစို စိုက်ပျိုးရေး" သို့မဟုတ် "ဆည်ရေ သောက်လယ်"ကို အနှံ့အပြား ပြုလုပ်ကြသည်ဟု အထောက်အထားများစွာ

ရှိပါ၏။ ထို့ကြောင့်လည်း ခရိုန်ဒေသသည် အခြား မြန်မာနိုင်ငံ အရပ်ရပ်မှာထက် အုပ်ချုပ်နေထိုင်ပုံ စည်းရုံးမှု ပိုမို ကောင်းမွန်ပြည့်စုံသည်မှာ အံ့ဩဖွယ်မရှိချေ။ တစ်မျိုးတည်းသော အမည်ကို ခရိုန်များစွာ၌ ရှိနေကြောင်း ခဏခဏ တွေ့ရ၏။ ထိုသို့ ဖြစ်ရခြင်းကား အဘယ်ကြောင့်ဟု ယခု မသိနိုင်သော်လည်း အကြောင်း တစ်ခု ဧကန်မုချ ရှိချေမည်။ "ရွာသူကြီ" (မြန်မာအရာရှိ)နှင့် မွန် အခေါ်အဝေါ် များ ဖြစ်ဟန်ရှိသော "ကလန်သံဗျင်"တို့ကို နေရာအနှံ့အပြားမှာပင် တွေ့ရ ပါသည်။

တစ်ဆယ့်တစ်ရွာ၌ ရွာတိုင်း ရွာသူကြီးရှိကြောင်း ဖတ်ရ၏။ တာဝန် အားဖြင့် "သံဗျင်"သည် မြေယာစာရင်းကို ကိုင်ရသည်ဟု ခဏခဏ တွေ့သည်။ သို့သော် ခရိုန်၌ စည်းရုံးအုပ်ချုပ်ပုံက ထိုမျှထက် ပို၍ စေ့စပ်၏။ စပါးကျီစောင့် ဝန်ထမ်းနှင့် အကြီးအကဲဟူ၍ "ကီသူကြီ"၊ "ကီစောင်"ဟု တွေ့ရ၏။ ထို့အပြင် အသုံးအစွဲ မပြုခဲ့သည်မှာ ကြာပြီဖြစ်သော "ကုမ်ထမ်"၊ "ကုမ်ကယ်"၊ "ကြပိုဝ်"၊ "ကမ်ကုန်" စသည့် ရာထူးများလည်း ရှိသေး၏။

ကမ်ကုန်နှင့် ကြပိုဝ်တို့ကား (တင့်တယ်သော အမည်များဖြစ်၍) အခွန် သိမ်းအရာရှိများ ဖြစ်မည်။ ကုမ်ထန်နှင့် ကုမ်ကယ်တို့က အမှန်အားဖြင့် ရာထူး ကြီး၍ အမြဲတမ်း ခန့်ထားသော ရာထူးမျိုးဖြစ်မည်။ ထို့ကြောင့် "သမန္တ ကုမ်ထမ်"၊ "သမန္တ ကုမ်ကယ်"၊ "ရာဇ ကုမ်ထမ်"၊ ရတနာ ကုမ်ထမ်" စသည့် အမည်များကို တွေ့ရလျက် သက်သေအထောက်အခံနည်းသော်လည်း ရိုးရာ လိုက်၍ပေးသော ရာထူးမျိုးဖြစ်မည်ဟု ဆိုချင်သည်။ မည်သို့ပင်ဖြစ်စေ မြန်မာ သို့မဟုတ် အိန္ဒိယ ဘွဲ့အမည်များရရှိလျက် အချို့လည်း မင်းမျိုးထဲကဖြစ်၍ မိဖုရား သို့မဟုတ် အရေးပါသော ဝန်ကြီးများနှင့် ဆွေမျိုးတော်စပ်သည့် ထိုကဲ့သို့ ချမ်းသာ၍ ဩဇာရှိသော ပုဂ္ဂိုလ်များ ရှေးကရှိကြောင်း သိရပါသည်။

အချိန်ရလျှင် ဤဒေသမှ အမည်ပေါင်းများစွာကို ထပ်မံ၍ ဖော်ပြနိုင် ပါသေးသည်။ သို့သော် ယခု "မြင်စိုင်"တစ်နေရာတည်း၏ အကြောင်းကိုသာ ဆက်၍ ပြောပါမည်။ မြို့ဟောင်း အပျက်နေရာကို ကျောက်ဆည်တောင်၏ အခြား တစ်ဖက်စွန်းဖြစ်သော ကျောက်ဆည်အရှေ့ လေးမိုင်ခန့်အကွာတွင် ယခုတိုင် မြင်နိုင်ပါသေးသည်။

မြို့ရိုး၏ အကြွင်းအကျန်ကို ယခုတိုင် ကောင်းစွာ တွေ့နိုင်သေး၍ ဘုရားပျက် အုတ်ပုံကြီးနှစ်ခုမှ အုတ်များလည်း အနှံ့အပြား ဝိုင်းရံလျက်



ရှိနေပါသည်။

ဟု ဂဇက်တီးယား၌ ရေးသားပါရှိ၏။ မြင်စိုင်ကို ကျောက်စာတွင် ပထမဦးဆုံး ခရစ်နှစ် ၁၂၆၆ ၌ ဖော်ပြထားသည်ကို တွေ့ရ၏။ နောင်အနှစ် သုံးဆယ် ကြာလျှင် ၁၂၉၆ ၌ မြင်စိုင် အရှေ့တွင် "သီဟသူရ"က ကျောင်းကြီးဆောက်၍ လှူခဲ့၏။ ထိုအကြောင်းကို ဖော်ပြသော ကျောက်စာ၌ ဒေသဆိုင်ရာ အကြောင်း အရာ ဖော်ပြချက် များစွာပါရှိရာ ထိုအရပ်မှ ပညာရှင်တို့က လေ့လာ၍ အနက် ကြံဆသင့်သည်။ သျှမ်းညီနောင်တို့မှ အဆိုပါ သီဟသူသည် ခရိုန်ဒေသ အတော်များများကို သိမ်းယူပြီးဖြစ်ကြောင်း ထင်ရှား၍နေပါသည်။ မြင်စိုင်ကား "ကျုံမ်"ရှိသော ခံတပ်မြို့တည်း။ အနီးအပါး၌ "တောင်ရင်မြို့"ခေါ် အခြား ခံတပ် တစ်ခုရှိသေးဟန် တူ၏။ ထိုမှ နှစ်အနည်းငယ်ကြာလျှင် ၂၅၊ ဇန်နဝါရီ ၁၃၀၁ ၌ မွန်ဂိုတပ်ကြီးသည်

> အသင်္ချာနှင့် ညီနှစ်ယောက် ခုခံရာ "မုလိယန်ချန်" (မြင်စိုင်)သို့ ရောက်လာ၏။ သူပုန်တို့ ထွက်၍ တိုက်လာလျှင် ကျွန်ုပ်တို့က နှိမ်နင်းရ၏။ ထို့နောက် မြို့တံခါးပိတ်၍ ခံစစ် သက်သက်ပြုကြသည်။ မန်ဂုတုရမိဝ်နှင့် လိယုတေလုတို့က မြို့၏ အရှေ့မြောက်က ရံ၏။ ဓိယယ်ကောရ်နှင့် ကောင်အခန်းဟို့က အနောက်မှ ရံ၏။ တောင် မျက်နှာကို လွှတ်ထားရသည်။ သူပုန်တို့လည်း နေ့စဉ်ထွက်၍ တိုက်လာ ၏။ မြို့တွင်း၌ လေးဘက်စလုံးမှာပင် ရန်သူဘက်သို့လှည့်၍ မောင်းသုံး ဖက် သို့မဟုတ် မောင်းတစ်ဖက်သာရှိသော အဝေးပစ် ယန္တရားများ တပ်ဆင်၍ထား၏။ စစ်အခင်းအကျင်းကိုလိုက်၍ ကျွန်ုပ်တို့ တပ်မတော် ကလည်း မြို့တော်ကိုပတ်၍ သဲကတုတ်ကြီး လုပ်ရသည်။ ဖေဖော်ဝါရီ လ၌ ကျွန်ုပ်တို့ တပ်မတော်က တပ်စုတစ်စုသည် သူတို့၏ "ကျောက် တောင် ခံတပ်"ကို သိမ်းယူနိုင်ခဲ့၏။ ဝတ်ဖြူ (သျှမ်း) ၂၀၀၀ ကိုလည်း ရိက္ခာတပ်မှ တစ်ကြိမ်ခေါ်ယူပြန်လျက် မြို့တော်၏ တောင်ဘက်ကိုကူ၍ ရံစေသည်။ ၂၈ ဖေဖော်ဝါရီ၌ ရန်သူက မြို့တံတိုင်းထိပ်မှ မြားနှင့် ကျောက်ခဲမိုး ရွာချ၍ သစ်ပင်များပေါ်မှလည်း သစ်တုံးကြီးများကို လှိမ့်ချသဖြင့် ကျွန်ုပ်တို့ တပ်မတော် မှ လူ ၅၀၀ ကျော်သေသည်။

တိုက်ရေးခိုက်ရေးကို ရပ်စဲလိုက်၍ ဧပြီလလယ်တွင် ငွေကြေးဘဏ္ဍာ

များစွာ လာဘ်ရသဖြင့် မွန်ဂိုဗိုလ်ချုပ်များသည် “အကြင်ကု” (စေခွ့်ကူ)သို့ တပ်ခေါက်၍ သွားကြ၏။ တရုတ်စာပေ၌ ခရိုန်အမည်အချို့ ရေးသားခဲ့သည်ကို တွေ့ရ၏။ ခရစ်နှစ် ၁၂၉၈ ၏ နောက်ပိုင်းတစ်ဝက်၌ “စိုနဲ” (စောနှစ်)က မွန်ဂိုတို့အား မိမိ အဘယ်ကြောင့် ကွဲ၀်စွာ၏ နေရာကို ယူရသနည်းဟူမူ ကွဲ၀်စွာသည် ပပိုင်ဆီဖုခေါ် သျှမ်းသူပုန်တို့ကို နိုင်ငံတွင်းသို့ ခေါ်ယူလာသဖြင့် မြို့လေးမြို့ကို ထိုသူတို့က သိမ်း၍ “ကန်တန်”၊ “ရှန်တန်”၊ “ကျည့်မလ”နှင့် “ပန်လော”ခေါ်သော လူမျိုးစုလေးစုကို ဖျက်ဆီးလေသဖြင့် ထိုမင်းကို နန်းချရပါသည်ဟု ပြော၏။ ထိုလေးစုကား မြင်ခုတိုင်၊ သင်တောင်ပွ ည်မနာနှင့် ပင်လယ်တို့ ဖြစ်ရမည်။ မြင်ခုန်တိုင်ကို ကန်တန်ဟု အတိုချုံ့၍ ခေါ်သည်မှာ မြင်စိုင်နှင့် မရောထွေးစေရန်ဖြစ်မည်ဟုထင်၏။ မြင်စိုင်ကို တရုတ်က မုလိယန်ချန်ဟုခေါ်ရာ မြန်မာစိုင်ကို တရုတ်က ချန်ဟုခေါ်၍ မြို့ရိုးရှိသောမြို့ဟု အဓိပ္ပာယ်ရ၏။ ထို့ကြောင့် ဤအပိုင်းကိုဖြုတ်၍ မြင်ကိုသာယူလျက် မုလိဟု ခေါ်လေ့ရှိသည်။

ကျောက်ဆည်ခရိုင်ကို လွန်လျှင် ကျောက်စာများ၌ အခြားနေရာ နှစ်နေရာကိုသာ ခရိုန်ဟူသော အမည်ဖြင့် ခေါ်၏။ ထိုနေရာ နှစ်နေရာသည် စပါးအစိုက်နည်းအတွက် သင့်သော မြစ်ရေသောက်အရပ်များဖြစ်သော်လည်း တစ်နေရာနှင့် တစ်နေရာ များစွာ ကွာလှမ်းပါသည်။ မြစ်ငယ်မှ မြောက်သို့ ကျော်လွန်ခဲ့လျှင် မန္တလေးမြောက်ဘက် ခြောက်မိုင်၌ “တောင်ပွလွန်” (တောင်ပြုံးကြီး) ရှိရာ ၎င်းပင်လျှင် မြောက်ပိုင်းအကျဆုံး ရေးခရိုန်တစ်ခု ဖြစ်ပါသည်။ ဤခရိုန်၌ “ရေပုပ်”ရွာလည်း ပါ၏။ ယခု တောင်ပြုံးကြီးနှင့် မြစ်အကြားတွင် လှဲထောက် (မန္တလေးနန်းတော် ကျောက်စာရုံး ကျောက်တုံးအမှတ် ၄၊ စာရင်း ၅၀ ကျောက် စာ၌ “လှေည်ထောင်”၊ “လည်ထောင်”၊ “လဲထောင်”ဟု ရေးသည်။) ဘုရား ခေါ် ရွှေကူဒါယကာ အလောင်းစည်သူ တည်သောဘုရားရှိ၏။ ထိုကျောက်စာ၌ ခရစ်နှစ် ၁၁၁၀ က အဖြစ်အပျက်ကို ရေးသဖြင့် ထိုမင်း နန်းမတက်မီက အကြောင်းဖြစ်၍ ရွှေကူဘုရားထက်ပင် ရေးကျ၏။ (၁၁၁၃ ၌ နန်းတက်၍ ၁၁၃၁ ၌ ရွှေကူတည်သည်။) သို့သော် ကျောဘက်ကျောက်စာ၌ “တုရုက်ပွေ” အကြောင်းပါနေသဖြင့် မူလအဖြစ်အပျက် ပြီးသည့်နောက် နှစ်ပေါင်းများစွာ ကြာလွန်းပြီးမှ ရေးထိုးသည်ဟု ဆိုရမည်။ ထို့ကြောင့်. . .

ရွှေကူတိကာ မအိုင်ချံသတဝ်ရှည်သည် အမတ်ချာပိုဝ်ပါ (နှင်အကွ)သော၊



စစ်သူကြီး လက်ဝဲ လကျ်ာ (သ)ည် တရုတ်စစ်ကိုဝ် ထိုဝ်အံ့သော ငှာလာလတ်တည်၊ ထိုဝ်သောအခါလျှင်၊ တောင်ပွလွန်ဟူသော အရပ် နှိုက်မထင် နှစ်လုံမ်(တည်) တစ်မူ၏ တလုံမ်ကိုင်ကာ ပွလ္ခ၏ တရုတ် စစ်လေည်တက်လေ၏ တရုတ်စစ်လေည် နိုင်ခွေ၏ တရုတ် (တတ်မင်း ကြိသာ လေည် သေ၏)။

ဟူသော ဝတ္ထုသွားကို ယုံလိုမှ ယုံကြည်ရာသည်။ ကျောက်စာပါ သက္ကရာဇ်များကိုလည်း ယုံရခက်သည်။ သို့သော် ယင်းကိုပင် လက်ခံမည်ဟုဆိုလျှင် မြန်မာတို့၏ မြောက်ပိုင်းနယ်စပ်ကား ပုဂံခေတ်ဦးပိုင်း၌ စဥ့်ကူထက်မြောက်ကို ကျော်ကောင်းမှ ကျော်မည်။ ဤမျှပင် သင့်မြတ်လှပြီဟု ထင်ပါသည်။ ကျောက်ဆည်မှ မိုင် ၁၅၀ မျှ တောင်ဘက်သို့ ကူးခဲ့လျှင် ရေးခရိုန်၏ နောက်ဆုံး အစုအဝေးဖြစ်သော “ခြောက်” (ခရိုန်)သို့ ရောက်လာပေမည်။ ဤအမည်ကို ခရစ်နှစ် ၁၂၀၇ ၌ တစ်ကြိမ်မျှသာ ဖော်ပြဖူး၏။ ၎င်းတွင် “စလင်”၊ “ကျက်သကိုန်” နှင့် “ကျည်ရပ်” (ကျန်ရပ်)တို့လည်း အပါအဝင်ဖြစ်၏။ ယင်းသည် ပုကံ၏ အောက်မိုင်နှစ်ဆယ်မျှတွင် ဧရာဝတီ၏ လက်ဝဲဘက်၌ရှိလျက် ရေနံတွင်းများကြောင့် ထင်ရှားလျက်ရှိသော ခြောက် သို့မဟုတ် ချောက်အနီး၌ ဖြစ်လေမည်လောဟု တွေးစရာရှိသော်လည်း ဖြစ်နိုင်မည် မထင်ချေ။

“ခြောက်”ခေါ်သောဒေသ မည်သည့်နေရာတွင် ရှိသည်ဖြစ်စေ စလင်သို့မဟုတ် စွင်ကား အမှန်ပင် ခြောက်ခရိုန်၏ ဗဟိုဌာန ဖြစ်ပေသည်။ ယင်းသည် “စလင်ချောင်”နှင့် ဧရာဝတီတို့ဆုံရာ၏ တောင်ဘက်တွင်ရှိ၍ မြစ်ကမ်းမှ ခြောက်မိုင်ခန့်အကွာတွင် မြေသြဇာကောင်းသော မြေကွက်အလယ်၌ တည်ရှိ၏။ ယခုခေတ် ချောက်မှ သုံးဆယ့်ငါးမိုင်အကွာ မြစ်၏ အခြားတစ်ဖက်ကမ်း၌ ရှိသည်။ စလင်ကို “တိုင်ခွင်”ဟူသော ဝိသေသတပ်၏။ “မင်ကွဲည်ခြောက်”နှင့် ပုသိမ်ကိုလည်း တိုင်ခွင်ဟု ဝိသေသတပ်ဖူးသည်။ ကျောက်စာများ၌ စလင် အပါအဝင် အမည်နှစ်ဆယ်ကျော်မျှ ပြထားသည်။ ယင်းတို့မှာ မင်းဘူးခရိုင် ဂဇက်တီးယား အတွဲ ခ(၁၉၂၄)တွင်ပါသော စလင်းမြို့နယ် ရာဇဝင်နှင့် တိုက်ဆိုင်၍ ကြည့်သောအခါ၊ အောက်ပါတို့ကား ဖြစ်ကောင်း၏ဟု ထင်ပါသည်။ ယင်းတို့ကား “ကျက်သကိုန်” (အမှတ် ၄၅၊ ကျက်သကိုင်)၊ “မုရိုဝ်ကုန်” (အမှတ် ၇၀၊ မရိုးကုံး)၊ “ယပကဝ်” (အမှတ် ၈၄၊ ရွာမကော)၊ “စလင်

ခွေါင်"၏ အနောက်နှင့် မြောက်မှ "လင်မပ္ပ" (အမှတ် ၉၄၊ ရင်မဗျား)၊ "အောအ်လိုင်" (အမှတ် ၁၂၅၊ အောက်လှိုင်း)တို့ ဖြစ်၏။ ဤ နှိုင်းယှဉ်ချက်များဖြင့် အဘယ်အရပ်တွင် ထိုရွာများ ရှိကောင်း၏ဟု ခန့်မှန်းနိုင်မည် ဖြစ်၏။

မည်သို့မျှ မမှန်းနိုင်သော "ကျန်ရပ်" (ကျည်ရပ်) "ရွာသာ"၊ "ဥခြိခ်ပစ်"၊ "တပိုလ်" စသည်တို့လည်း ရှိသေး၏။ အုပ်ချုပ်ရေးနှင့် ဆက်သွယ်၍ ဖွင်သမ်ပျင်ဟု တစ်ကြိမ်မျှ တွေ့ဖူး၏။

"အခွင်"ဟူသော ဝေါဟာရကို ရံဖန်ရံခါ ခရိုန်နှင့် ရွာတွင် တွဲဖက်၍ သုံး၏။ နမူနာပြရလျှင် "သင်တောင်"နှင့် "မြင်ခုန်တိုင်"ကို[၁၈၃] ခရိုန်လည်း ခေါ်၏။ ရွာဟုလည်း ခေါ်၏။ ထို့ပြင် ခရိုင်ခွင် ရွာခွင်ဟူ၍လည်း အတွဲလိုက် ခေါ်သည်။ သို့မဟုတ် အခွင်ဟူ၍ တစ်ဦးချင်း ခေါ်ပြန်သည်။ တစ်ခါတစ်ရံ "အသတ်"၊ "ခရိုင်အ် အခွင်"ဟု တွေ့လျှင် ခရိုန်၏ အခွင်ဟု ယူရမည်ဖြစ်၍ ရွာနှင့် စပ်၍လည်း ဤသို့ ယူရပေမည်။

ထို့ကြောင့် အခွင်ဟူသည် နယ်တစ်နယ်ဟု အနက်ရမည် ထင်ပါသည်။ ခရိုန်ဟူသော ဝေါဟာရထက် ယင်းကို အသုံးများ၍ မန္တလေးခရိုင်ဟု ထင်ရသော "ဝရင်တုတ်"နှင့် "ထမင်ကာ"တို့ကို လည်းကောင်း၊ ရွှေဘိုခရိုင်မှ "မွိယ်တူ"၊ "ထိပေအ်သျှင်"နှင့် "ယပ်တင်"တို့ကို လည်းကောင်း၊ မြစ်ဝကျွန်းပေါ်ဒေသမှ "ပုသိမ်"နှင့် "တလ"တို့ကို လည်းကောင်း အခွင်ဟု ခေါ်မြဲတည်း။ ဤတွင် တိုက်ဟူသော အခေါ်တစ်မျိုးရှိသေးကြောင်း ဖော်ပြရမည်ဖြစ်၍ အောက်တွင် တိုက်စာရင်း အပြည့်အစုံကို ဖော်ပြပါဦးမည်။

"ခက်လုမ်"
"ညမ်သာ"
"ညောင်ရမ်"
"တန်မာခါ" (တမ္မာခါ)
"ပန်စည်"
"ပိဆယ်" (ပိတ်ဆဲ)
"ပုစ်" (စောဝ်)
"ဖောင်လင်"
"မုဆိုဝ်ခြမ်"



"မုဆိုဝ်ဖိုဝ်"
"မုန်တောင်"
"မြင်ခုန်တိုင်"
"ယင်သည်"
"လတွေ"
"ဟန်လင်"
"ဟိုက်" (လယ်ဟိုက်)

ဤသည်တို့တွင် ခရိုန်အခွင်၌ ပါခဲ့ပြီဖြစ်သော်လည်း တိုက်၌လည်း ထပ်၍ ပါသည့် အရပ်ကား မြင်ခုန်တိုင်ဖြစ်၍ တစ်ကြိမ်တည်းမျှသာ "တိုက်"ဟု ၎င်းကို ခေါ်ကြောင်း တွေ့ရပါသည်။ အဘယ်ကြောင့် ဤသို့ ဆန်းပြားသည်ကိုမူ မရှင်းလင်းတတ်ပါ။ ထို့ပြင် ရရှိထားသော ခရိုန်နှင့် တိုက်စာရင်းကား ပြည့်စုံပြီဟု ကျေနပ်၍ မနေသင့်ပါ။ သို့သော် ခရိုင်စာရင်းတွင်မူ အများစု ပါဝင်နေပါပြီဟု ဆိုသင့်၏။ ဤသို့ စာရင်းနှစ်ခုကို ယှဉ်လိုက်လျှင် ခရိုင်ဒေသကား အတွင်းကျ၍ တိုက်အရပ်က အစွန်အဖျားဘက်သို့ ရောက်ရှိနေကြောင်း သတိပြုမိကြပေမည်။ များသောအားဖြင့် တိုက်ကို ခရိုန်မှာကဲ့သို့ ဆည်ရေသောက်လယ် ကောင်းစွာ စိုက်နိုင်သော ရွှေဘိုခရိုင် မူးမြစ်ဝှမ်း၌ တွေ့ရ၏။ တိုက်နှင့်ဆိုင်သော အရာရှိများအကြောင်း တွေ့ရခဲ့ပါသည်။ အသေအချာ သိသော အရာရှိတစ်ဦးကား "တိုက်သူကြီး"ပင် ဖြစ်ပါသည်။ ဖော်ပြပါ အချက်များကို ထောက်ထား၍ ဖွဲ့စည်းပုံ ပို၍ရိုးသော တိုက်နှင့်ခရိုန်တို့၏ ရှေးကာလကပင် ပွဲပြားခြားနားပုံကို ယာယီသဘောအားဖြင့် အဆုံးအဖြတ်ပေးနိုင်လိမ့်မည်ဟု ထင်ပါသည်။

ခရိုန်ဟူသည် မြန်မာနိုင်ငံတွင်း၌ မြန်မာတို့ စတင်နေထိုင်ရာ အရပ်နှင့် အနီးကပ်ဆုံးဖြစ်၍ မြန်မာအဆန်ဆုံးဖြစ်ကာ ဖွဲ့စည်းအုပ်ချုပ်ပုံမှာလည်း အခြားအရပ်များမှာထက် ပို၍ စနစ်ကျ သေသပ် ထူးခြားလျက် စပါးစိုက်သော ဒေသဖြစ်သည်။ အချိန်နည်းသဖြင့် အောက်ပါတို့ကို သာမည မျှသာ ဖော်ပြနိုင်ပါတော့မည်။ ပုဂံမှ အညာသို့ ဆန်တက်လျှင် "လက်ပမ်ဆိပ်"သို့ ရောက်သည်။ ယခု "လက်ပံခြေပေါ်" ဖြစ်နိုင်သည်။ ညောင်ဦးက စသော လက်ပံဆိပ်တိုင်အောင် မြေပုံလုံးမျှ မကသော ငရဲများရှိကြောင်း ရေးဖူး၏။ အထက်သို့ သုံးဆယ့်ငါးမိုင်

သွားပြန်လျှင် ချင်းတွင်းမြစ်ဝရှိသော "နွယ်နီ"၌ လက်ပမ် ရွာတစ်ရွာ ရှိပြန်သည်။ ယခုရှိနေသော ရွာ၌ပင် ရေးနွယ်နီရှိပါလျှင် အလယ်ကျွန်းကြီး၏ တောင်ဖျားတွင် ရှိရမည်ဖြစ်၍ များစွာ ရှေးကျသော ရွာတစ်ရွာဟု ဆိုရပေမည်။ ဤအပိုင်း၌ အချက်အချာအကျဆုံး ရွာကား "ကုန်ခန်ရွာ"ခေါ် ပခန်းကြီးပင် ဖြစ်ပါသည်။ ယခု ပခန်းကြီးမြို့ကား တင့်တယ်စွာ မြို့ရိုးဝန်းရံလျက်ရှိသည်ကို တွေ့ရ၍ မြို့တွင်း၌ ရှေးခေတ်ဦးကို ပြန်လည် ရေးလေ့ရှိသော်လည်း များသောအားဖြင့် တစ်ဆယ့်လေးရာစုနှစ်စုကိုရောက်မှ ရေးထိုးသော ကျောက်စာများကို တွေ့ရ ပါသည်။ သို့သော် ပုဂံခေတ်ကလည်း ဤအရပ်သည် အမှန်ပင် များစွာ အရေးပါသော အရပ်ဖြစ်၍ "ကုလာ"များစွာ လာရောက်နေထိုင်ရာ ဖြစ်ခဲ့ပါသည်။ ကုခန် အဝင်အပါ၌ "နွယ်နီ၊ မဦ" စသော ရွာပေါင်းတစ်ဆယ်ကျော် ပါဝင်လျက် ရှိရာ မဦသည် ယခု ပရိမ်၏ တစ်ဖက်ကမ်းမှ ရေစကြို၏ မြောက်ဘက်ရှိ အရေးပါသော ရွာစုပင်ဖြစ်မည်။ ပရိမ်တွင် ထိလိုင်မင်ကို မွေးသည်ဟု ပြောလေ့ ရှိရာ နောက်ပိုင်းကျောက်စာတစ်ခု၌ ရေးသားပါရှိသည်မှာ. . .

> မိမိဖွာ (ရာ) ပရိမ်ပြည်နှိုက် ဓိလိုင်သျှင်မင်ကြီ (စေတီ) တည်၏။ တည်ပြီရကာ ဥဿာလမည် တန်လိုင်ပြည်ကိုဝ်နည် ၂ ညက် ၂ ဖျက်ခ္လိယ် ပြီရယ်၊ ခ္လိယ်ထသော ပြဉာကြီ သောတန်လိုင် သုခမိန်ကို လေထာ၏။ ရှုယ်ထံစင်ရှုယ်သန်လျင် လေထာ၏ မိမိ ရယ်ချင် ဖ္လစ်ထကျင်သော စောင်ဆင်တင် ကုပ်တွင်ရယ် (၂ လှျု)သော "ကင်္က သု၊ ကင်္က ပိုလ်၊ ကင်္က ပတိယ်" အမတ် ၃ ယောက် စသော ကျွန်တပ် ၁၀၀ လှျု၏။ (စာရင်း ၄၉/၄-၁၀)

ဆိုလိုသည်ကား မိမိ မွေးဖွားရာ အရပ်ဖြစ်သော ပရိမ်၌ စေတီတည်၍ ပညာကြီးသော မွန်ဆရာတော်တစ်ပါးကို ကျောင်းတင်၏။ (မွန်)အမတ် သုံးယောက်ကိုလည်း မိမိရဲဆု ဆင်တင်းကုပ်တွင် ရွေးယူလျက် ကျွန်အဖြစ်ဖြင့် လှူတော်မူသည်။

မူးမြစ်ဝ၌ မြင်းမူရှိ၏။ ကျောက်စာ၌ပါသော "မြင်မူ"ပင် ဖြစ်မည်။ ၎င်းကို တိုင်ဟုခေါ်ရာ (တိုင်ခွင်နှင့် နိုင်းယှဉ်) မည်သို့သော အနက်ရှိသည်ဟု အပြတ် မပြောသာချေ။ မြင်မူ နွား၊ ကျွဲ၊ မြင်း ဟူ၍ မကြာခဏ ဖော်ပြသည်ကို တွေ့ရ၏။ "သန်လယ်"(အစိုစိုက်)နှင့် "မှရျင်လယ်"(အခြောက်စိုက်)များကို မင်ကွည်ချိုဝ်နှင့် တွဲလျက် "ကတ်လုလွယ်ထေ"၌ စိုက်ပျိုးကြောင်း သိရသည်။



မန္တလေး၏ အရှေ့တောင်တွင် အလောင်းစည်သူ နှင်ထုတ်သဖြင့် သားတော် မင်းရှင်စောသည် "ထွန်တုံပူတက်" အရပ်၌နေလာ၍ အောင်ပင်လယ်ကန် တမုတ်ဆိုးကန်တို့ကို ဆည်၏ဟု ရာဇဝင်ကျမ်းတို့ (မှန်နန်း ၁၄၁၊ စာမျက်နှာ ၃၃၂-၃)၌ ဆို၏။ ကျောက်စာတို့၌ "ကွိမျင်" အပါအဝင် "ပုတက်"ကိုသာ တွေ့ရသည်။ တောင်ပြိုးနှင့် မဒယာအကြားတွင် "ကွာမ်ကတိန်"နှင့် "ခမိုင်" အင်းတို့ အဝင်အပါ "ဝါရင်တုတ်ခွင်"ကို တွေ့ရ၏။ မှရျင် လယ်စိုက်သည်။ စဥ့်ပူနှင့် မလည်တို့လည်း ပုဂံခေတ်ကပင် ရှိမည်။ သို့သော် ယင်းတို့အမည်ကို တရုတ်မှတ်တမ်းတို့၌သာ တွေ့ရသည်။ ယင်းတို့၏အကြား၌ ယခု ရွှေဘိုခရိုင် ဖြစ်သည့် ကောက်ပဲသီးနှံ ကောင်းစွာ ဖြစ်ထွန်းသော မူး အထက်မြစ်ဝှမ်းသို့ "ဟန်လင်တိုက်"မှ တစ်ဆင့်ဝင်ရန် တံခါးပေါက်အဖြစ်ဖြင့် အရေးပါသော "သစ်ဆိမ်" စခန်းရှိပါသည်။

> ပုဂံစသော သစ်ဆိမ်ရောက်အောင်သော မ္လယ်ပုံ အလုံကာ နည်၏၊

> ဖ္လလတ်အံ့သော ပုရှာ သဗ္ဗညုကာများ၏ (ခတ်ပုံ ၁၉၆-၁၅-၁၆)

ဟူသော အရေးအသားမျိုးကိုလည်း ဖတ်ဖူးသည်။ ရဲရင့်တည်ကြည်သော "သျှင်ဒိသာပြာမုက်"သည် မလည်၌ရှိနေသော မွန်ဂိုတို့နှင့်တွေ့ရန် ခရစ်နှစ် ၁၂၈၅ က သွားရာ "သစ်ဆိမ်"နှင့် "ဟန်လင်"၌ ရပ်တန့်၍ သုဝဏ္ဏလိပ် ရေးရ၏။ မွန်ဂို ဧကရာဇ်နှင့် တွေ့ပြီးနောက် အပြန်တွင် မိဖုရား "စဝ်"နှင့်တကွ အများက ဝိုင်း၍ ဆရာတော်အား "ဟန်လင်"၌ လယ်မြေအများ လှူကြသည်ကို ဝမ်းသာဖွယ် ဖတ်ရပါသည်။ ဤအရပ်၌ ဆည်မြောင်းရှိပြီဖြစ်ရကား (ခရစ်နှစ် ၁၁၃၉ ရက်စွဲပါသော်လည်း နောင်အခါမှ ရေးထိုးသည်ဟု ထင်ရသော) ကျောက်စာတစ်ခု၌. . .

> ရယ်ချင်ရွာ တောင်ဟာန်လင်တိုက် စပ်မြောင်ဝှံလဲ ရ၀ ဟိ၏။ (စာရင်း ၅၃၇-၇-၈)

ဟု ဖတ်ရသည်။ အရှေ့သို့ အနည်းငယ် လာပြန်သော် "မုဆိုဝ်ခြမ်"နှင့် "ကျန်ကောင်"သို့ရောက်၍ ထိုမှမြောက်သို့ သွားပြန်လျှင် "ကွန်ကတင်"ရွာကို ရောက်၏။ ထိုရာကား အလောင်းမင်းတရားခေတ် ရွှေဘို၏ ရှေးအခေါ် "မုဆိုဝ်ဖိုဝ်"၏ အရှေ့တွင်ရှိသည်။ "မုဆိုဝ်ခြမ်"၏ အနောက်၌ ယခု "ယင်းတော်" အမည်ရှိသော ရွာရှိ၍ ထိုမှ အနောက်မြောက်တွင် တပယင်း၏ တောင်ဘက်၌

အခြား ယင်းတော်တစ်ရွာ ရှိသေးသည်။ ထိုရွာတို့မှ နှစ်ရွာစလုံးသော် လည်းကောင်း၊ တစ်ရွာတည်းသော်လည်းကောင်း ကျောက်စာထဲမှ "ယပ်တဝ်ခွင်"ဖြစ်မည် ထင်ပါသည်။ ယခု မြို့နယ် ရုံးစိုက်သော ဝက်လက်၏ အမည်ကား "ထိပေအ်သျှင်" အခွင် (တပယင်း) အဝင်အပါဖြစ်၍ ယခု ဝက်လက်၏ အနောက်မြောက် ဖြစ်သော မူး၏ အခြားတစ်ဖက်၌ ရှာရပေမည်။ "ထိပေအ်သျှင်" (ထို့ထက် ဆန်းကျယ်စွာလည်း ပေါင်းသည်) အမည်ကား မြန်မာအမည် မဟုတ်ကြောင်း ထင်ရှား၏။ "ရေ၊ ဆိတ်၊ တော"ဟု အနက် ရသည်ဟု အပြောရှိသည်။ ရှေးကဒူးလို "တော"ကို မည်သို့ ခေါ်သည်မသိပါ။ "ထိပေအ်သျှင်" အမည်ကို စိတ်ပါဝင်စားဖွယ်ကောင်းသော ကျောက်စာ များစွာ၌ ပါရှိခဲ့သော်လည်း ယခု ဆွေးနွေးရန် အချိန်မရပါ။

တောင်ဘက်၌ မကြီးစောက်ရှိရာ ကျောက်စာများမှ "မင်ကွ္လည်[၁၈၉] စောက်"နှင့် "မင်ကွ္လည်" ဖြစ်ကောင်း၏။ လှဒွေးကား မူးအနောက်ဘက်၌ အားလုံးရှိသော "စာထောင်ကြီး"၊ "စာထောင်ငဲ"နှင့် "ဆင်ထွန်ရွာ"တို့ အနီး အပါးတွင် တွေ့ရသည့် "လတွေတိုက်" သို့မဟုတ် "လတွယ်" ဖြစ်မည် ထင်ပါသည်။ တပယင်း၏မြောက်မှ တဇယ်နှင့် တောက်တလုပ်ကား ကျောက်စာရာဇာတို့မှာ အတွဲလိုက် တွေ့လေ့ရှိသော "တလုပ်မြင်" နှင့် "တန်ဆယ်"ပို့ ဖြစ်မည်လောဟု မေးရန်ရှိပါသည်။ "ထယောက်တင်" သည် ဒေသဆိုင်ရာ အမှတ်အသားအရ မြို့ဟောင်းဖြစ်ပေမည်။ မူးမြစ်ရိုး မြောက်ဘက်ကျကျသို့ ရောက်လျှင် အရှေ့ဘက်ကမ်း၌ ရှေး "မွိယ်တူခွင်" ရှိပါသည်။

ပုဂံခေတ် "မွိယ်တူအဝင်"၊ "ခက်သင်"ဟူ၍ရှိရာ (မြေဒူး ရာဇဝင်၌ မြေဒူးနှင့် ခက်သင် တစ်ချိန်တည်း တည်သည်ဟု ပါရှိသည်)။ (ညံသာတိုက်၌ ရှိအံ့လောဟု ထင်ရသော) "ငလက်နယ်" ရွာသည် ဤအခွင်၌လည်း ရှိနိုင်ပါသည်။ "မြိုင်"လယ်နှင့် "အင်တ်"အင်းတို့လည်း ဤ"အခွင်" အဝင်အပါများ ဖြစ်ကြသည်။ ရွှေဘိုဂဇက်တီးယားတွင် မြေဒူး ရာဇဝင်နှင့် ဟန်လင်းသမိုင်းကို ဖော်ပြထားပါသည်။ အဆိုပါ ရာဇဝင်နှင့် သမိုင်းတို့ ပုံနှိပ်ပြီး ရှိမရှိ မသိပါ။ ပုံနှိပ်သင့်သော စာများ ဖြစ်ပါသည်။ (ဟန်လင်းကြီး သမိုင်းကို မြန်မာနိုင်ငံ သုတေသနသင်းက စာစဉ်အမှတ် ၃၀ အဖြစ်ဖြင့် ၁၉၃၉ ခုနှစ်က ပြည်ကြီးမဏ္ဍိုင် ပိဋကတ် ပုံနှိပ် တိုက်တွင် ရိုက်နှိပ် ထုတ်ဝေခဲ့သည်။) ယင်းဒေသ အားလုံးကို



အသေးစိတ် လေ့လာသင့်သည်။ ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်ခြင်းများ ပြုသင့်သည်။ ရွှေဘိုဂဇက်တီးယားကို ပြုစု၍ အလွန်ပြည့်စုံသော မြေပုံပါ ထည့်သွင်းလိုက်သဖြင့် မစ္စတာ ပက်ချီနှင့် အပေါင်းအပါတို့ကို အထူးကျေးဇူး တင်ရပါသည်။ "တကောင်"ဟူသော အမည်ကို ၁၂၂၈ ခုနှစ်

> လက္ခနာလက်ဝယ်၊ တကောင်စစ်ထိုဝ်သော၊ နာတောင်သ္ခင်၊ လက်ဝယ်
> ကိုဝ် ရဲဆု (ဓာတ်ပုံ ၂၃၁၊ ခ/၁–၂)။

ပေးသည်ဟု ပထမဆုံး ပေးခဲ့သည်ကို တွေ့ရ၏။ ယင်းစစ်ပွဲ၌ မြန်မာတို့သည် ဧရာဝတီနှင့် တပိန်ဆုံသည့် (ယခု ဗန်မော်အနီးအပါး)တိုင်အောင် နယ်ချဲ့ခဲ့ဟန် တူပါသည်။ ကဒူး သို့မဟုတ် သျှမ်းရန်ကိုပယ်ရန် ချီတက်ရသောစစ် ဖြစ်နိုင် ပါသည်။ အကယ်၍ "အဟုံဘုရန်ဂျီ"တို့၏ အမှတ်အသားကို ယုံရလျှင် ဖော်ပြပါနှစ်၌ အဟုံသျှမ်းတို့သည် "ပတ်ကိုအိ" တောင်ရိုးကို ပထမဆုံးဖြတ်၍ အာသံနယ်သို့ ဝင်လာကြ၏။ ယင်းတို့ မြန်မာနိုင်ငံ မြောက်ပိုင်းကို ဖြတ်လျှင် ပုဂံခေတ်ဦးပိုင်းကသာလျှင် ဖြစ်နိုင်ချိမ့်မည်။ နောက်ပိုင်းတွင်မူ ပုဂံပျက်သည် အထိ ယခု ဗန်မော်အနီး ကောင်စင်၌ မြန်မာတို့က ခံမြို့ပြု၍ အနည်းဆုံး ခရစ်နှစ် ၁၂၃၇ မှ အစပြုလျက် အရေးပါ အရာရောက်ဆုံးသော အမတ်ကြီး ဟစ်ဦးဦးကို "မဟာသမန်ကြီး"ဘွဲ့ဖြင့် ဘုရင်ခံခန့်၍ အုပ်ချုပ်စေ၏။ "မနော ရာဇ"ဘွဲ့ခံ မဟာသံတမန်တစ်ဦးကား ဘုရင့်ဦးရီးတော် ဖြစ်သည်။ အက်ဒွပ် ဟူဗာက တရုတ်ကျမ်းတို့၌ပါရှိသော "ကျန်ထို"ဟူသည် မြစ်ထိပ်မြို့ဟု အဓိပ္ပာယ် ရသဖြင့် ကောင်စင်ဖြစ်ရမည်ဟု ဖော်ထုတ်ခဲ့၏။

ဧရာဝတီမြစ်၏ လက်ဝဲဘက် ကောင်းတုံအနီး၌ ကောင်စင်ရှိမည်ဟု အဆိုပါပညာရှင် ပြောသည်ကို ထောက်ခံလိုပါသည်။ သို့သော် ယခုခေတ် မြေပုံများ၌ ဗန်မော်၏ တစ်ဖက်ကမ်းတွင် ကောင်စင်ရွာငယ်ရှိသည်ကို ပြလျက် ရှိကြ၏။ တရုတ်ကျမ်းများ၌ မြစ်ကိုဖြတ်ရသည်ဟု မပါချေ။ (မှန်နန်း ၁၄၇၊ စာမျက်နှာ ၃၈၇ ၌ ပုဂံပျက်သော တရုတ်၏အကြောင်းကို ရေးရာ၌ ဗန်းမော် မြစ်ကူးက ခုခံတိုက်သည်၊ တရုတ်တို့ မြစ်ကိုကူးမိလေလျှင် ငဆောင်ချမ်း ပျက်လေ၏။)ဟု မြစ်ကို ဖြတ်ရကြောင်း ပါသည်။ ယခု ထိုဒေသသို့သွား၍ လေ့လာလျှင် ဗန်မော်၏ တစ်ဖက်ကမ်း၌ ကောင်စင်ရှိ၍ ထိုရွာမှအထက် လေးမိုင်ကွာတွင် ငဆောင်ချမ်းရှိသည်ဟု မြို့ရိုး မြို့ကွက်နှင့်တကွ နေရာ

ဟောင်းကို အရပ်လူကြီးတို့ လိုက်ပြနိုင်ကြပါသည်။ (ယခု စာတမ်း ဘာသာပြန်သူသည် ငဆောင်ချမ်းနှင့် ကောင်စင်ရှာရန် ထိုအရပ်သို့ ၆ မတ် ၁၉၅၈ က ရောက်ခဲ့ပါကြောင်း) အထက် ဆိုခဲ့ပြီးသည့်အတိုင်း အက်ဒွပ်ဟူဗာက ငဆောင်ချမ်ကို နန်စုန် "ကွမ်"ခေါ် ယခုနယ်ခြားမှ များစွာ ကွာလှမ်းသော "နန်တိယန်"၏ မြောက်ဘက်မှ တောင်ကြားဖြစ်မည်ဟု ဖော်ပြသည်ကိုမူ လက်မခံနိုင်ချေ။ အသံထွက်နှင့်လိုက်၍ တိုက်ဆိုင်ခြင်းကို အပထား၍ အခြားနည်း တိုက်ဆိုင်ပြန်လျှင်လည်း ဤအယူအဆ မသင့်သည်ကို တွေ့ရမည်။ ကန်အ (ကန်ယိုင်) အလွန်၌ ခရစ်နှစ် ၁၂၇၇ နွေဦးတွင် တိုက်သောစစ်ကား လူ ၇၀၀ မျှသာပါသော ပွဲတိုင်းကျော်သည့် မွန်ဂိုတို့အတွက် နယ်ခြား ရန်ပွဲငယ်မျှသာ ဖြစ်ပါသည်။ ထိုနှစ် ဆောင်းသို့ရောက်လျှင် နစာရ်အုတ်ဒင်က လူ ၃၈၀၀ ဖြင့် ခံတပ် ၃၀၀ (ထိုခံတပ် အမည်များစွာကို ပြောပြနိုင်ပါသည်)ကို သိမ်းပြီးနောက် ကောင်စင်တိုင်အောင် တိုက်လာ၏။ ထို့ကြောင့် မြန်မာတို့က နယ်စပ်ကို ကျော်၍သွားရန် မလိုတော့ချေ။ နန်တိယန်–ကန်အ တိုက်ပွဲပြီးသည့်နောက် တစ်နှစ်ကြာလျှင် ခရစ်နှစ် ၁၂၇၉ ၌ မြန်မာအမတ် "ဉာဏ္ဍပစ္စြာ" သည် ကျောင်းတစ်ဆောင် ဆောက်သည်ဟု ကျောက်စာတစ်ခုက ဆို၏။ သို့သော် ထိုကျောက်စာ၌ ဆက်၍ ဖော်ပြသည်ကား

> ကွောင်ကာမပ္ပဦ၊ တန်တိုင်လ္ပ၏၊ တန်တိုင်လေမပြီခယ်၊ ဉာဏ္ဍပစ္စြာ လေငါဆောင်ချံ မြိုင်နိယ်ရလိယ်၏၊ ပြည်တယ်ပျက်စီ သလ္ပစ်ခယ်၏။ (ခေတ်ပုံ ၂၇၇–၄–၆)။

ဤတွင် ပျက်စီးခြင်းဟူရာ၌ မြန်မာနိုင်ငံလုံးအတွက် ဆုံးရှုံးခြင်းဖြစ်သော ခုခံသူတစ်သောင်းကိုသတ်၍ စန်ခုဒါမင်းသားသည် ၉ ဒီဇင်ဘာ ၁၂၈၃ သို့မဟုတ် ထိုအချိန်မျှလောက်က ကောင်စင်ကို သိမ်းယူခြင်းပင် ဖြစ်ပါသည်။ နောက်တစ်နှစ်ဖြစ်သော ဇန်နဝါရီ ၁၂၈၄ ၌ ယဂန်တေဂင်သည် ဇရာဝတီကို စုန်ဆင်း၍ တကောင်းကို အတင်း တိုက်ခိုက်သိမ်းယူသည်။ ယခု အခိုက်အတန့်အားဖြင့် ဒေသအလိုက် ရှေးစကား မှတ်သားချက်ကိုလိုက်၍ "ငါဆောင်ချမ်"ကို ယခု ဗန်းမော်နေရာ၌ပင်ရှိသည်ဟု ယူလိုသည်။ ဤ"မြို့ဝ"ခေါ် ခံတပ်သည် ကောင်စင်နှင့် မည်သို့ဆက်စပ်နေသည်ကို ထိုဒေသသို့ သွားရောက် စုံစမ်းသင့်သည်ဟု ထင်ပါသည်။ "ငါဆောင်ချမ်"ဟူသော အမည်ကို ခရစ်နှစ် ၁၁၉၆ မှ စောစော



ကပင် နရပတိ၏မြောက်ဘက် နိုင်ငံတော် နယ်နိမိတ်ဖြစ်ကြောင်း ရေးသားခဲ့၏။ "ဟ္လစ္စာ"ကလည်း ခရစ်နှစ် ၁၂၉၂ တွင် မြောက်ဘက်နယ်အဆုံးသည် "ငါဆောင်တိဝါ"ဖြစ်သည်ဟု ရေးခဲ့ရာ ၎င်းနှစ်မျိုး အတူတူ ဖြစ်ကြသည် ထင်ပါသည်။

တရုတ်တို့က "တိုက်ကုန်" (တကောင်း)သည် ကဒူး (ရှေးမြန်မာစာ၌ ကန်တူ၊ တရုတ်၌ ကျိုယန်တူ)တို့၏ ဗဟိုဌာနဖြစ်သည်ဟု ဆို၏။ ကဒူးတို့သည် မြန်မာတို့ မြန်မာနိုင်ငံ အလယ်ပိုင်းကို ဝင်မလာမီကပင် ထိုနေရာသို့ ရောက်နှင့်သော တိဗက်မြန်မာအနွယ်ဝင် လူမျိုးစုတစ်စုဖြစ်သည်ဟု ယူဆပါသည်။ ပြီးမှ မြောက်ဘက်နှင့် အနည်းငယ် အနောက်ဘက်ကျကျသို့ သူတစ်ပါးက ဖြည်းဖြည်း တွန်းထုတ်သဖြင့် ရောက်သွားကြလျက် ယခုအခါ တကောင်းမြောက်ဘက် ကသာခရိုင်တွင် မြစ်၏ အနောက်ဘက်၌ အများဆုံးနေလျက် ရှိကြပါသည်။ စဥ့်ကူအထက် ထိုမြန်မာနိုင်ငံအပေါ်ပိုင်း အားလုံးကို မွန်ဂို တရုတ်နိုင်ငံတော် အဝင်အပါ "ယိုန်သျှန်"ခေါ် ပြည်နယ်ဟု တစ်ခါက ခေါ်တွင်ခဲ့ပါသည်။ ယခု မြေပုံ၌ ပြသထားသော "ကျိန်မြန်"ပြည်နယ်ကား ခရစ်နှစ် ၁၂၈၄ မှသည် ၄ ဧပြီ ၁၃၀၃ အထိ တည်ရှိခဲ့ပါသည်။ ထိုမှ တောင်ဘက်ကို "မြန်ကျုန်" (မြန်မာ အလယ်ပိုင်း)ပြည်နယ်ဟု ခေါ်၍ (ယခုမြေပုံ၌ ပြသ၍မထားပါ) လေးနှစ်သာခံလျက် ၁၈ ဩဂုတ် ၁၂၉၀ ၌ ဖျက်သိမ်းခဲ့ပါသည်။

ယခု စာတမ်းမျိုး၏အဆုံး၌ မှန်းဆချက်မျှပင် ဖြစ်လင့်ကစား အရေးပါသော အချက်တို့ကို ပြန်လည် ပေါင်းစုလျက် အကျဉ်းချုပ်ကို ပြသင့်သည်ဟု ထင်ပါသည်။ ယခု အယူအဆတို့မှာလည်း ယာယီဖြစ်၍ အများဝေဖန်သာအောင် တင်ပြခြင်း ဖြစ်ပါသည်။ ပုဂံနှင့် မိုင် တစ်ရာမျှသာကွာသော "ခရိန်"တို့ ဆက်သွယ်ပုံကား ပဓာန ပြဿနာဖြစ်ပေ၏။ "မ္လစ်သာ"အရပ်သည် ဆည်မြောင်း စနစ်၏ ကျေးဇူးကြောင့် ထူးဆန်းစွာ စည်ပင်သာယာ ဝပြောနေသဖြင့် ဤသို့ ဆန်းပြားသော အုပ်ချုပ်ရေး အစီအစဉ် လိုအပ်ပါသည်ဟု ပြောမည်လော၊ ထိုသို့လည်း မဖြစ်နိုင်ပါ။ အလားတူ မူးမြစ်ဝှမ်း၌ ဤအစီအစဉ်မျိုး မရှိချေ။ မြန်မာတို့၏ မူလနေရာကို လည်းကောင်း၊ နန်ကျောင်နှင့် အဆက်အသွယ် ရှိခဲ့ဖူးသည်ကို လည်းကောင်း၊ သျှမ်းပြည်မြောက်ပိုင်းမှ မြန်မာနိုင်ငံ အလယ်ပိုင်း မြေပြန့်သို့ ဝင်လာရာ၌ ရှိနှင့်ပြီးသော ကန်တူ၊ သက်၊ စကြဝ် စသည့်

လူမျိုးစုတို့ကို အလယ်မှ သပ်ပင်း၍ သွင်းဘိသကဲ့သို့ တောင်နှင့်မြောက်သို့ မောင်းထုတ်၍ အလယ်တွင် ဝင်၍နေသည်ကို လည်းကောင်း၊ အားလုံးပေါင်းစပ်၍ကြည့်လျှင် မြန်မာနိုင်ငံ၌ မြန်မာတို့၏ ပထမ အခြေစိုက်ရာ အရပ်ကား မွစ်သာပင်ဖြစ်မည်ဟု ယူလိုပါသည်။ ထိုအရပ်၌ စည်ပင်ခြင်းကို နောက်ပိုင်း ချဲ့ထွင်ကြီးပွားလာရန်အတွက် အခြေခံပြုသည်။

ဤအရပ်သို့ရောက်ခါမှ ထူးဆန်းသော အမျိုးစုစနစ် ပေါ်လာသည်။ ဒေသအလိုက် ခေါင်းဆောင်ပေါ်လာသည်။ ထိုခေါင်းဆောင်ရာထူးများ ရိုးရာများလိုက်၍ ခန့်ထားရန် စနစ်ဖြစ်လာသည်။ ထိုဒေသဆိုင်ရာ မင်းတို့အပေါ်တွင် ပုကံမင်းက အုပ်စီးသည်။ မွစ်သာမှ မြန်မာများသည် အနောက်ဘက်မြစ်ဝှမ်းသို့ ချဲ့ထွင်လာကြလျက် မြစ်ကြောင်းကို အုပ်စီးမိလျှင် မြန်မာနိုင်ငံ အထက်ပိုင်းကို ရသည်မည်တော့သည်။ ထိုကမှတစ်ဆင့် တစ်နိုင်ငံလုံးကို သိမ်းယူသည်။

မွစ်သာနှင့် အထူးသဖြင့် ဆည်ရေသောက် လယ်စိုက်နိုင်သော အခြေအနေတူရာ အရပ်များတွင် သွားရောက်၍ ခရိုန်သစ်များ တည်ထွင်ရာ မြောက်ဘက်၌ "တောင်ပွန်"အထိနှင့် တောင်ဘက်၌ "စလင်"သို့ ရောက်ရှိသွားကြသည်။ ပုဂံကို တိုးချဲ့ရေးအတွက် ဗဟိုအကျဆုံးဖြစ်သဖြင့် ရွေးချယ်၍ မြို့တော်ဟု သတ်မှတ်ပြီးသည့်တိုင်အောင်လည်း မွစ်သာအပေါ်၌ ဓာတ်ပျူသော သံယောဇဉ် မဖြတ်နိုင်ကြသဖြင့် ဘုရားတည်၍ အမွန်အမြတ် လှူလိုလျှင် မွစ်သာမှ လယ်ကို လှူမြဲဖြစ်သည်။

ပုဂံမင်းများပင်လျှင် မွစ်သာ ထင်ရှားလှသည်ကို အစတွင် မနာလိုစိတ် ရှိမည် မှန်သော်လည်း အထက်ပါ ဆန္ဒမျိုးကို ကြီးထွားရန် အားမပေးသော်လည်း သူတကာနှင့်လိုက်၍ မွစ်သာလယ်ကိုမှ လှူချင်သည်။ မွစ်သာသို့ နောက်မှ ထပ်၍ရောက်လာသော သျှမ်းရန်ကြောင့် ဝဋ္ဋလည်သောအနေဖြင့် ပုဂံ အပြီးတိုင် ပျက်စီးရသောအခါရောက်မှသာ မွစ်သာ၏ ထူးသောဂုဏ်သတင်းလည်း ကျဆုံး၍ မူလအစီအစဉ်များ အားလုံးပျက်သော ခရိုန်ဟူသော အမည်မျှသာ ကျန်ရစ် ရှာပါတော့သည်။ ယခုတင်ပြသော အယူအဆတို့၌ စိတ်မှန်း မည်မျှပါသည်ကို နားထောင်သူများ သိကြပြီးဖြစ်သည့်အတိုင်း အားလုံး အမှားများ ဖြစ်ချင်လည်းဖြစ်မည် သို့သော် ခိုင်လုံသော သက်သေခံ အထောက်အထား မရှိသေးမီ စပ်ကြား၌ သိရသမျှ အချက်အလက်တို့နှင့် ညှိနှိုင်း၍ အထက်ပါ



အယူအဆသာလျှင် အသင့်မြတ်ဆုံးဖြစ်ကြောင်း အစီရင်ခံပါသည်။

# ခရစ်နှစ် ၁၀၀၀ မှ ၁၃၀၀ ထိ မြန်မာနိုင်ငံ အုပ်ချုပ်ရေး†

ပုဂံကို ခရစ်နှစ် ၈၄၉တွင် တည်သည်ဟု ပြောရိုးစဉ်လာရှိသော်လည်း စောလွန်းလှပါသည်ဟု ကျွန်တော်တို့ ယူဆပါသည်။ နန်ကျောင်တို့ ပျူမြို့တော်ကို ခရစ်နှစ် ၈၃၂ တွင် လည်းကောင်း၊ မိချင်ကို ခရစ်နှစ် ၈၃၅ တွင် လည်းကောင်း ဖျက်ဆီးလုယက် တိုက်ခိုက်စဉ်က မြန်မာဟု ခေါ်ရမည့်သူတို့သည် မြန်မာနိုင်ငံ မြေပြန့်တွင် ရောက်ရှိနေကြဦးမည် မထင်ပါ။ နန်ကျောင်ဖျက်သဖြင့် တန်ခိုးသတ္တိရှိသူ ပျက်လေပြီးမှ မြန်မာတို့ ကိုးရာစုနှစ် နောက်ပိုင်းတွင် မြန်မာနိုင်ငံ မြေပြန့်သို့ ဝင်ရောက်နေထိုင်လျက် ကြီးပွားလာရသည်ဖြစ်သဖြင့် ဝင်လာချင်းဆိုသလို မြို့ကြီးပြကြီး တည်နိုင်မည်လည်း မဟုတ်၊ အစတည် နေထိုင်ရာဒေသလည်း ပုဂံကဲ့သို့ သဲကန္တာရတစ်ပိုင်းတွင် မဟုတ်မူ၍ နှလုံးမွေ့လျော်ဖွယ်ရာ သာယာစိုပြည်သော ကျောက်ဆည်ခရိုင်တွင်သာ ဖြစ်ပါသည်။[၁၉၇]

ပုဂံကို အချက်အချာပြု၍ အနိရုဒ္ဓနှင့် မင်းအဆက်ဆက်တို့ နိုင်ငံတော်ကို ထူထောင်ခြင်းမပြုမီက မြန်မာတို့နေရာ ပုဂံနှင့် အလားတူရွာများစွာ ရှိမည်ဖြစ်၍ အခွင့်အလမ်းသာပါလျှင် ပုဂံနည်းတူ ကြီးပွားနိုင်သော ရွာများပင် ဖြစ်ပါသည်။

ယင်းရွာကြီးတို့၌ အကြီးအကြပ်အဖြစ် စိုးမိုးသူကို **"မင်"** (ပုံ–၁၄၃ က/၁၆)ဟု ခေါ်စမြဲတည်း။ နောင်တွင် ပုဂံ **မင်**သည် **မင်ကြီ** (ပုံ ၁၀

---

† ယဉ်ကျေးမှု စာစောင်၊ အတွဲ ၃၊ အမှတ် ၈၊ ဇူလိုင်၊ ၁၉၆၀၊ စာမျက်နှာ ၈၂–၉၄။

က/၁) ဖြစ်လာသောအခါ၌ မြန်မာအားလုံး၏ ခေါင်းဆောင်ဟူ၍ အသိအမှတ်ပြုလာကြရပါသည်။ မြန်မာတို့သည် မြန်မာနိုင်ငံတွင်းသို့ ဝင်ဦးစက စိုက်ခင်းပျိုးခင်းကောင်းရာ ကျောက်ဆည်ခရိုင်ရှိ ဆဲတရွာ (ပုံ-၁၆၂/၂၄-၅)တွင် အခြေစိုက်ကြပါသည်။ ဆဲတရွာကား တောင်မှ မြောက်သို့ **ပင်လယ်၊ ပွည်မနာ၊ မွစ်သာ၊ ရင့်၊ မြင်ခုံတိုင်၊ ပနန်၊ တမုတ်၊ သင်တောင် မက္ခရာ၊ တပ္ပသာ**နှင့် **ခံလှူ**တို့ ဖြစ်ပါသည်။ ယင်းမှ ပန်းတောင်းပုံ ဖြန့်၍ မြန်မာနိုင်ငံ အလယ်ပိုင်းကို လွှမ်းမိုးကြ၏။ ရှေး မြန်မာကျောက်စာတို့၌ ဤမူလ အခြေစိုက်ရာ အရပ်များကို မကြာခဏ ဖော်ပြသည်ကို တွေ့ရလျက် မူလဒေသကို **ခရိုန်** (ပုံ-၃၁/၁၁)၊ ယင်းမှ တိုးပွားရာကို **တိုက်** (ပုံ-၁၂/၁၅)ဟု ခေါ်ဝေါ်ကြောင်း သိရပါသည်။ "နိုင်ငံ"(ပုံ-၁၉ က/၆)ဟူသည်ကား အနိရုဒ္ဓနှင့် မင်းအဆက်ဆက်တို့ အနီးအပါးကို ချဲ့ထွင် သိမ်းသွင်းသည့်အခါမှ ပေါ်ပေါက်ရာ၊ အကျယ်အဝန်းကား မြောက်**ကောင်းစင်**မှသည် **တောင်တလိုင်သရေ**နှင့် **ထဝဲ**ထိဖြစ်သည်။ (ပုံ ၂၇၆ က-၂)။

ဒုတိယစည်သူ (၁၁၇၄-၁၂၁၁)၏ နိုင်ငံကို ခရစ်နှစ် ၁၁၉၆ ကျောက်စာအရ သိရသည်ကား မြောက်တွင် **တကောင်**နှင့် **ငဆောင်ချံ**၊ တောင်တွင် **သလင်ကြေ**၊ အနောက်တွင် **မစ္ဆကိရိ**၊ တောင်နှင့် အရှေ့တွင် သယ္ပွင်မြစ်တို့ ဖြစ်ကြ၏။ (ပုံ ၁၉ က)။ ယင်းတွင် သလင်ကြေဟူသည် "စလန်အငူ" (Cape Salang) ခေါ် ဂျန့်စီလုံ (Junk Ceylon) ဖြစ်မည်ဟု ပါမောက္ခလုစ်က ပြောဖူးပါသည်။ ထို့အပြင် ငဆောင်ချံမှာလည်း ဗန်မော်တစ်ဖက်ဧရာဝတီ အနောက်ကမ်းတွင်ရှိမည်ဟု ကျွန်တော် ထင်ပါသည်။ ဤကျောက်စာကား ပုဂံခေတ် မြန်မာမင်းတို့ ဘုန်းအကြီးဆုံးအခါက ရေးထိုးသည်ဖြစ်၍ အကျယ်ပြန့်ဆုံး မြန်မာနိုင်ငံသည် ရခိုင်ကို ချန်လှပ်၍ ယနေ့ မြန်မာနိုင်ငံမျှရှိသော်လည်း မြောက်ဘက်၌ ဗန်းမော်သာသာမျှသာ သြဇာရောက်၍ တောင်၌မူကား မလေးနိုင်ငံအစပ်ထိ သိမ်းသွင်းမိဖူးဟန် ရှိပါသည်။

ပုဂံမင်းကား သက်ဦးဆံပိုင်ဖြစ်သဖြင့် အလိုတော်ရှိသရွေ့ ဥပဒေ ဟုယူရပေမည်။ အနိရုဒ္ဓမှ သီပေါမင်းတိုင်အောင် ရေမြေ၊ သခင်၊ ဘဝရှင် ဟူသောအယူအဆ ထွန်းကားခဲ့ရကား ဆာ-ဂျော့ချ်စကော့က မြန်မာမင်းနှင့် ပတ်သက်၍

ဘုရင့်တန်ခိုးကား အတိုင်းအရှည်မရှိ ကြီးလှ၏။ အများ လိုက်နာ



ရာသော ဗုဒ္ဓဝါဒနှင့် အဆုံးအမကို လည်းကောင်း၊ မင်းဆိုင်ရာ အဆုံးအမကို လည်းကောင်း၊ ကိုယ်တော်တိုင် နှစ်ခြိုက်လိုက်နာ လိုသမျှသာလျှင် သူ့အာဏာစက်တွင် အဟန့်အတားဖြစ်တော့သည်။ ထိုမှလွဲလျှင် ဘုရင်သည် သက်ဦးဆံပိုင်အဖြစ်ဖြင့် ကျေးတော်မျိုး ကျွန်တော်မျိုးတို့ကို စိုးမိုးသည်။ ဘုရင့်ဆွေတော် မျိုးတော်မှအပ နိုင်ငံတော်တွင် အဘကို သားက ဆက်ခံရသည့်ရာထူး သို့မဟုတ် ဘွဲ့အမည်အရည်ဟူ၍မရှိပါ။ သဒ္ဒါသလောက် ချီးမြှောက်သည်ကို သာ ခံစားကြရ၏။ ရာထူးကိုလိုက်၍ လူ့အဆင့်အတန်းကို ခွဲခြားရာသည်။ ရာထူးကိုလည်း မင်းကပေးသဖြင့် မင်း မလိုချင်လျှင် ချက်ချင်း ရုပ်သိမ်းခြင်းခံရမည်ဖြစ်သည်။ ရာထူးမှ ရုပ်သိမ်းခြင်း ခံရသည်ဟူရာ၌ လွတ်ရုံးမှ ဇောင်းနားမှ္ဘောင်း ဖြုတ်၍ ပါးကွက်အာဏာလက်သို့ ရောက်သည်သာများသည်။ တစ်နည်းဆိုရသော် ဘုရားကျွန် ကျောင်းကျွန်မှအပမည်သူမဆို နိုင်ငံတော်၏ အမြင့်ဆုံးရာထူးအထိ ရနိုင်ခွင့်ရှိ၍ တိုင်းကားပြည်ရွာနှင့်တကွ လူထုအားလုံးကို ဘုရင့်အလိုတော်ကျပြုလိုရာ ပြုနိုင်၍သူပုန်ကြောင့်သာ မင်းသည် တရားစောင့်ရမည် ဖြစ်သတည်း။ (အထက်မြန်မာနိုင်ငံနှင့် ရှမ်းပြည်နယ် ဂဇက်တီးယား အတွဲ ၁၊ အုပ် ၂၊ စာမျက်နှာ ၄၉၆)။

ပုဂံခေတ် ကျောက်စာတို့၌လည်း ဤအယူအဆမျိုးကို ဖော်ပြပါရှိ၏။ အနိရုဒ္ဓမင်းကို စက်ကြဝတိယ် (ပုံ ၁၆၀၊ က/၆)ဟု ဇမ္ဗူထိပ်ကျွန်းလုံးရှင်ဖြစ်လေဟန် ချီးပသည်။ မိဖုရား ဖွာဇဝ်သည် ခရစ်နှစ် ၁၂၇၂ ၌ ကောင်းမှုပြုလျှင် လင်ဖြစ်သူ ဘုရင် နရသိဃ်ဥစ္စနာကို

ရိယ်မွှယ် ခပ်သိ်သော အသွိင်ဖွှစ်ထသော မွှတ်စွာသော ငါလင်သွိင်မင်ကြိ။ (ပုံ ၂၃၅/၁၀-၁၁)။

ဟူ၍ လည်းကောင်း၊ မြေးတော် တရုက်ပွိယ်ကို

အသရိယ်ဟိယ် သော ပုရှာတျာသဃ်ာ ရတနာသုံပါန္ဟိုက် ရိဝ်သိယ်မွှတ်ထသော သူတဝ်တကာအေ် ကိုဝ်ကွယ်ရာ ဖွှစ်ထသော၊ အလွံသော မင်တကာနှင့် ညီညွှတ်ထသော၊ ဆင်ဖွှူ စသော ရတနာ အပေါင်အဖဝ်သွိင်ဖွှစ်ထသော၊ ဇမ္ဗူဒိပ်ကျွန်နှိုက် ထွန်သော နိယ်ကယ် သိုဝ်အဟိန်စဝ် အရောင်တောက်ပထသော၊ အသရိယ် ဟိယ်သော၊ သြိ

> တြိ ဘုဝနာ ဒိတျာ ပဝရ ဓမ္မရာဇ၊ ဥတ်စနာ မည်သောမင်ကြီ။ (ပုံ ၂၃၄/၁–၄)။

ဟူ၍ လည်းကောင်း ရေးသားခဲ့သည်။ ကျွစွာမင်းကိုကား ထို့ထက်ပင် ချီးပ သေး၏။

> အရိမဒ္ဒာပူရမည်သော ပ္လည်နိုက်၊ အစိုဝ်ရသော အလွန်အကယ် ဖုန်တန် ခိုဝ် ကြီစွာထသော ကျွစွာမင်ကြီ။ (ပုံ ၂၄၆/၁–၂)။

ဟူ၍ ဖြစ်ပါသည်။ ဖော်ပြပါ ချီးမွမ်းခန်းအားလုံး၌ အခြေခံ သဘောကား မင်းဟူသည် နိုင်ငံတော်တွင် တန်ခိုးအကြီးဆုံးဖြစ်၍ သက်ဦးဆံပိုင် ရေ မြေ အလုံးကို အစိုးရသူဖြစ်သည်ဟု ဆိုလိုသည်။ ဆာဂျော့ချ်စကော့ ယူဆပုံအတိုင်းပင် ဤသို့သော အာဏာရှင်မျိုး၌ သူပုန်သူကန်ရန်ကို စိုးရိမ်စိတ်မှလွဲ၍ အချုပ် အချယ် ဘာတစ်ခုမျှ မရှိနိုင်ပါ။ သို့သော် ထိုစဉ်က ဗုဒ္ဓသာသနာ ထွန်းကား နေသဖြင့် မင်းတို့အပေါ်ဝယ် သာသနာရေးက ကောင်းစွာ လွှမ်းမိုးနိုင်လိမ့်မည် ဟု မှန်းဆရပါမည်။ ဘုရင်ကို ပုရှာလောင် (ပုံ ၃၆–၃)ဟု ယူဆမြဲဖြစ်၍ ဘုရားလောင်းတို့ ဓလေ့အတိုင်း ကြင်နာခြင်း၊ သီလ သမာဓိရှိခြင်း၊ ခွင့်လွှတ် ခြင်းတို့ရှိမည်ဟု ယူဆရာသည်။ သံဃာတော်တို့နှင့် ဆက်ဆံရာတွင် ဆန့်ကျင် ဘက်မဖြစ်အောင် အထူးဂရုပြုသည်ကိုလည်း တွေ့ရပါသည်။ ဘုရင်တစ်ပါး သည် သံဃာတို့ ဆူပူကန့်ကွက်စရာ ပြုမိသဖြင့် သတိထား၍ နောက်ဆုတ် သွားရပုံကို အောက်ပါသာဓကဖြင့် သိသာပါသည်။

ပုဂံမင်းဆက် နောက်ပိုင်းတစ်ဝက်၌ အရညဝါသိကဂိုဏ်း ဗုဒ္ဓရဟန်း တော်များ ခေတ်စား၍ လာကြ၏။ ထိုဂိုဏ်းဝင်တို့သည် အထူးသဖြင့် ချင်းတွင်း အရပ်၌ လယ်ယာမြေများကို ဝယ်ယူ၍ သာသနာမြေကို တိုးခဲ့ရာ သာသနာ၌ မြေတိုးတိုင်း ဘုရင်၌ အခွန်အခ ကောက်ရသောမြေ လျော့ရမြဲဖြစ်၍၊ တစ်နည်း အားဖြင့် ဘုရင်က မနှစ်မြို့နိုင်ပါ။ ထို့ပြင် သဒ္ဓါထက်သည့် ဒါယိကာတို့ကလည်း မြေ ပယ်ပေါင်းများစွာ လှူကြမြဲဖြစ်သဖြင့် ကျွစွာမင်းသည် အခွန်တိုးစေကြောင်း ရည်၍ သာသနာ့မြေအချို့ကို သိမ်းယူပါသည်။ ထီးမွေကို ဆက်ခံပြီးနောက် မကြာမီ ခရစ်နှစ် ၁၂၃၅ ၌ ယင်းမြေများကို သိမ်းယူရာ သံဃာအများ ကန့်ကွက် သဖြင့် စုံစမ်းရေးအဖွဲ့တစ်ခု ဖွဲ့ရသည်။ အဖွဲ့က သံဃာများဘက်မှ ဆုံးဖြတ် ချက် ချပေးသဖြင့် ဘုရင်က အလျှော့ပေးခဲ့ရ၏။ (ပုံ ၉၀–၁၅–၁၆၊ ပုံ ၂၃၁ ခ–၆)။



ယင်းသာဓကမှ အရေးပါသော အချက်နှစ်ချက်ကို သိရှိရပါသည်။ ပထမအချက်ကား မြန်မာမင်းတို့အပါးတွင် မင်းလိုလိုက်၍ မင်းကြိုက်သာ ပြောသော အချောင်သမားသာ အမြဲရှိနေသည်ဟူ၍ မယူဆသင့်ခြင်းပင် ဖြစ်သည်။ ပညာရှိတို့ကို ဆည်းကပ်၍ အရေးကြုံလျှင် ပညာရှိစကားကို နာယူသည်ဟု သိရပါသည်။ ပြဿနာကြီးလျှင် စုံစမ်းရေးအဖွဲ့ ဖွဲ့၍ ဆောင်ရွက်စေသည်မှာ ထုံးစံဖြစ်၍ တရုပ်ပ္လိုယ်ကဲ့သို့ ခက်ထန်သောမင်းသာလျှင် တရုတ်တို့ မကျူးကျော် လာမီက အမှူးအမတ်စကားကို ပစ်ပယ်ခြင်း ဖြစ်သည်။ (မှန်နန်း အပိုဒ် ၁၄၇)။ ခရစ်နှစ် ၁၂၉၀ ပြည့် ကျောက်စာအရ ဘုရင့်အပါးတော်ဝယ် **သံပျင် ကလန် သူငယ်တော ဟုရာသ္မာ သုခမိန်** (ပုံ ၂၇၂–၁၈)တို့ ရှိမြဲ ဖြစ်ပါသည်။ ကျန်စစ်သား၏ နန်းတော်ကျောက်စာ (ခရစ်နှစ် ၁၁၀၁–၂)အရ ကောက်ယူ ရလျှင် **ဟုရာ**တို့ကား ဗြာဟ္မဏတို့ ဖြစ်ဟန်ရှိပါသည်။ အခြား ကျောက်စာ တစ်ခုအရလည်း ကျွစွာမင်းသည် ခရစ်နှစ် ၁၂၃၅ ၌ နန်းသိမ်းပြီး ချက်ချင်း ဗြာဟ္မဏဟူးရားတို့ကို မြေပယ် ၁၀၀ ကို ပေးလှူဖူး၏။ (ပုံ ၁၀၂–၁၈)။ ဘိသိက်ပွဲတွင် ပါဝင်ရသော ပုဏ္ဏားတို့ဖြစ်ဟန် တူပါသည်။ ဒုတိယအချက်ကား တစ်ဖက်ဖက်တွင် ပျက်စီးနိုင်သည့် အတိုက်အခံနှင့်တွေ့လျှင် ကျွစွာကဲ့သို့ စိုးပ်မာန်ရှိသော မင်းပင်လျှင် အလိမ္မာသုံး၍ လျှော့ပေးရန် နားလည်ပါသည်။

နိုင်ငံတွင် မင်းသည် အရေးပါဆုံးပုဂ္ဂိုလ် ဖြစ်သော်လည်း အုပ်ချုပ်ရေး ဟူသည် မင်းတစ်ပါးတည်း ဆောင်ကြဉ်း၍ ရကောင်းသည်မဟုတ်။ နိုင်ငံတော် ကျယ်ပြန့်လာသည်နှင့်အမျှ အုပ်ချုပ်ရေးတွင် ကူညီရန် ဝန်နှင့် အရာရှိများ ခန့်ထားရသည်။ ဝန်ကို သက္ကဋ္ဌ **အမာတျ**မှလာသော **အမတ်**အမည်ဖြင့် ခေါ်ဝေါ်၏။ ကြီးသောဝန်ကို ဆောင်ရသဖြင့် ဝန်ကြီး ဟူသောအမည် မပေါ် သေးပါ။ သို့သော် အမတ်ကို ကြီ တပ်၍ကား မကြာခဏ အသုံးအစွဲပြုပါသည်။ မြို့ပြ အုပ်ချုပ်ရေးအရာရှိနှင့် စစ်အရာရှိဟူ၍ သီးသန့် ခွဲခြားထားခြင်း မရှိသဖြင့် မည်သည့်အမတ် သို့မဟုတ် အရာရှိမဆို အရေးကြုံလျှင် စစ်ဗိုလ်လုပ်၍ ကွပ်ကဲ တိုက်ခိုက်ရမည့် တာဝန်ရှိကြပါသည်။ ထို့ကြောင့် ဒါယကာ အနန္တသူရသည် ခရစ်နှစ် ၁၂၂၃ ၌ ကောင်းမှုပြုသောအခါ ရာထူးကို ဖော်ပြရာ၌ အမတ်တျာ၊ မဟာသေနာပတိ (ပုံ ၇၃–၁)ဟု ရေးခဲ့ရာ ၎င်းသည် နာတောင်မျာမင်း၏ အုပ်ချုပ်ရေးတွင်လည်း အမှူးအအုပ်၊ စစ်မက်ရေးတွင်လည်း အကြီးအကြပ်

ဖြစ်ကြောင်း ဆိုလိုသည်။

ယင်း အနန္တသူရ အပါအဝင် နာတောင့်မျာနန်းတော်၌ အမတ်ငါးပါးရှိပါသည်။ နောက်ထပ် လေးပါးကား **အသချ်ာ**၊ **အသွတ်**၊ **ရာဇစကြီ**၊ **စတုရင်္ဂသူ** (ပုံ ၄၂–၁၇၊ ပုံ ၁၉၀ က–၁၂)တို့ ဖြစ်ကြ၏။ အခိုက်အခါကြုံသဖြင့် ပြောလိုသော အချက်တစ်ချက်မှာ ဤသို့ အမတ်ငါးပါးရှိကြောင်း သိရသဖြင့် အစဉ်အလာ ပြောစမှတ်ပြုသည့် လွှတ်တော်စပုံနှင့် လွှတ်တက် အမတ်ကြီးလေးပါး ပေါ်လာပုံကို ဆက်လက် ယုံကြည်၍ မဖြစ်တော့ပါ။ နာတောင့်မျာ၌ အစ်ကိုလေးယောက်ရှိရာ အုပ်ချုပ်ရေးတွင် အထူးဝါယမပြု၍ ကူညီသဖြင့် ဝန်ကြီးလေးပါး ဖြစ်လာကြောင်း ယခင်က ပြောကြမြဲဖြစ်သော်လည်း ယခု ကျောက်စာပါ အထောက်အထားများအရ အမတ်ငါးပါးရှိ၍ တစ်ဦးတလေမျှ ဘုရင်နှင့် သွေးသားတော်စပ်သည်ဟု မပြောနိုင်ပါ။ ဤအမတ်ငါးပါးသည် ဘုရင့်သားချင်းများဖြစ်သော ပျံခိနှင့် သိင်္ဃပိစည်တို့ ပုန်ကန်သည်ကို နှိမ်နင်းပေးသဖြင့် "ရဲဆု"ဟူ၍ တစ်ဦးလျှင် မြေပယ် ၇၀၀ စီ ရခဲ့ဖူးသည်။ ယင်းသည်ပင်လျှင် အုပ်ချုပ်ရေးအမှုထမ်းနှင့် စစ်မှုထမ်းဟူ၍ အသီးအခြား မရှိကြောင်းကို ပြသော သာဓကတစ်ခု ဖြစ်ပါသည်။ နာတောင့်မျာလက်ထက် မြောက်အရပ် (တကောင်း)၌ တိုက်ရေးခိုက်ရေး ပေါ်ခဲ့သဖြင့် **လက္ခန လက်ဝယ်**ကို စေလွှတ်နှိမ်နင်းစေရာ အောင်ပွဲရသဖြင့် ဆုတော်များ ပေးသနား၏။ (ပုံ ၂၃၁၊ ခ–၁)။

ပုဂံမင်းဆက် ကုန်ဆုံးခါနီး၌ စစ်သူကြီးဟူသော ဘွဲ့ကို စစ်ထွက်သော အမတ်များအား ပေးလေ့ရှိသည်။ ဥပမာ အသင်္ခယာ၊ သိင်္ဃသူ၊ ရာဇသင်္ကြံ တည်းဟူသော တရုတ်စစ်ပြီးနောက် ကျော်စောလာသော ရှမ်းညီနောင်သုံးဦးအား **အမတ်ကြီး** သို့မဟုတ် **သံဗျင်ကြီး**ဟု ခေါ်ဝေါ် ရေးသားသည်ကို တွေ့ရ၏။ (ပုံ ၂၇၄–၁၅၊ ပုံ ၂၈၂–၁၄၊ ပုံ ၂၉၁–၁၁၊ ပုံ ၂၉၇–၃၀)။ သို့ရာတွင် ခရစ်နှစ် ၁၂၉၂ ရေးထိုးသောကျောက်စာတစ်ခုတွင် ၎င်းတို့အား **စစ်သူကြီး**ဟု ဘွဲ့တပ်၍ ခေါ်ဝေါ်သည်ကို အောက်ပါအတိုင်း တွေ့ရှိရပေသည်။

> ပုကမ်မင်ကြီ ဇတ္တုဖ္လစ်ထသော၊ အတုမည်ထသော၊ စစ်သူကြီ ဖ္လစ်သော၊ သိရိ အသချ်ာ ရာဇ၊ သိဟာသူမည်သော တရုတ်စဝ်ကိုဝ် နိုပ်နင်သာ၊ ညီအစ်ကိုဝ် ၃ ယောက်။ (ပုံ ၂၇၆၊ က–၃–၅)။

ကျွစွာမင်းလက်ထက် အမတ်ကြီးကား မနော ရာဇ (ပုံ ၂၃၁၊ ခ–၆)



သို့မဟုတ် **မနုရာဇ** (ပုံ ၃၃၁၊ ခ–၇)ဖြစ်၍ ဓမ္မသတ်ကိုပေးပေသော **မနု** နှင့် အမည်အားဖြင့် ဆက်သွယ်လျက် ရှိပါသည်။ မနုရာဇသည် ကျော်စောသော တရားသူကြီးလည်း ဖြစ်နိုင်စရာ အကြောင်းရှိပါသည်။ ယင်းသည် "ကောင်စင်မဟာသမန်" (ပုံ ၁၅၈–၂၀–၂၁)ခေါ် ဘုရင်ခံရာထူးနှင့် **ကိုဝ်မှု** (ပုံ ၂၃၄–၃၀) ခေါ် ကိုယ်ရံတော်တပ်မှူး တည်းဟူသော အရေးပါ အရာရောက်သည့် ဌာနများမှ အမှုတော်ကို ထမ်းရွက်ရသည်။ ဤသည်လည်း အုပ်ချုပ်ရေးနှင့် စစ်ရေးကို ပေါင်းစပ်၍ တာဝန်ယူရခြင်း သာဓကတစ်ခု ဖြစ်ပါသည်။

အမတ်ပြီးလျှင် သံပျင်နှင့် ကလန်ဟုခေါ်သော အရာရှိများ ရှိသေးသည်။ ယင်းတို့၏ တာဝန်အတိအကျကို မပြောနိုင်သေးပါ။ **ကလန်**သည် သံပျင်ထက် ရာထူးအဆင့် နိမ့်ဟန်ရှိ၏။ ပုဂံခေတ်နောက်ပိုင်း ကျောက်စာများ၌ သံပျင်နှင့် အမတ်ကို ရည်တူထား၍ သုံးစွဲပုံကို တွေ့ရသည်။ အထက်ဖော်ပြပါ ဘုရင်ခံ မနောရာဇကိုပင် တစ်ခါက သံပျင် မဟာသမန် (ပုံ ၂၇၈–၃)ဟု ဖော်ပြခဲ့သည်။ ဤနည်းနှင်နှင်ပင် နာတောင့်မျာ၏ သေနာပတိ အနန္တသူရကို သံပျင် အနန္တသူရ (ပုံ ၇၈–ခ–၁၁)ဟု ခေါ်ခဲ့ဖူးပါသည်။ တရားသူကြီးများကိုလည်း **တြာသံပျင်** (ပုံ ၇၈–ခ–၉)ဟု ခေါ်စမှတ်ပြုပါသည်။ ထို့ကြောင့် ယခုအခါပယ် သံပျင်ကို အောက်တန်းအရာရှိဟု နားလည်ကြသော်လည်း (ဂျပ်ဆင်အဘိဓာန် စာမျက်နှာ ၁၈၀) အမတ်နှင့် အရည်တူဟူ၍ ယူရအံ့လောဟုပင် ထင်မိပါသည်။ ထိလိုင်မင်၏ လူသိများသော ကျန်စစ်သားအမည်ပင်လျှင် ကလန်စစ်သာမှ ဆင်းသက်လာသလောဟု ဆက်သွယ်စဉ်းစားသူတို့ ရှိပါသည်။ (ရှေးအသုံးတွင် စစ်သားဟူသည် အုပ်ချုပ်သူမင်းသား အဓိပ္ပာယ်ရ၍ စစ်အမှုထမ်းကို စစ်သည်သူရဲဟူ၍သာ ခေါ်ရကား ကလန်စစ်သားသည် အစိုးရသူ အရာရှိဟု ကောက်ယူလိုသူတို့ ရှိပါသည်)။

ယင်းသို့ဖြစ်မူ ယခုအခါ ရွာသူကြီးသာသာရှိသူကို ကလန်ဟုဆိုလျှင် ပုကံမင်းကြီ မဖြစ်မီက ထိလိုင်မင်ဖြစ်ခဲ့သူ လူစွမ်းကောင်းကို နှိမ်ရာရောက်နေပေမည်။ ကလန်ဟူသည်လည်း အတန်ပင် အဆင့်အတန်းမြင့်သော အုပ်ချုပ်ရေးအရာရှိ ဖြစ်မည်ထင်ပါသည်။ ယင်းဝေါဟာရ နှစ်ခုနှင့် ပတ်သက်၍ ပါမောက္ခ ဂျီအိပ်ချ်လုစ်၏ အဖိုးတန်လှသော မှတ်ချက်ကား

သံပျင်၊ ကလန် (အမည်များကို) အလွန် အသုံးများသော်လည်း

ယင်းတို့ကား မွန် အရင်းခံဖြစ်ကောင်း၏။ **စါင်သုမ်ဗင်**ကို အရာအထူး ဘွဲ့တစ်ခုအနေဖြင့် ယိုးဒယား လောပူရီတွင် တွေ့ရှိသော (ပြင်သစ် အရှေ့တိုင်းစာစောင် အတွဲ ၂၅၊ စာမျက်နှာ ၁၈၆ နှင့် အတွဲ ၃၀၊ စာမျက်နှာ ၈၃–၄) ၈ ရာစုနှစ် နောက်ပိုင်းကဟု ထင်ရသည့် ရှေး အကျဆုံး မွန်ကျောက်စာ၌ ပါရှိသည်။ ကျန်စစ်သား နန်းတော် ကျောက်စာ (*အက်ပီဂယပ်ဖီးရား ဗာမင်နိကား* အတွဲ ၃၊ အပိုင်း ၁၊ ကျောက်စာအမှတ် ၁၁)၌ ကလန်ကို မကြာခဏ တွေ့ရ၍ တဝယ်နှင့် အချို့ဒေသတို့၌ တွေ့ရသော ရှေးမွန် မြေပုံဘုရားများ (*မြန်မာနိုင်ငံ ကျောက်စာဝန်၏ နှစ်ချုပ် အစီရင်ခံစာ* ၁၉၂၄၊ စာမျက် နှာ ၃၈–၄၀)တွင်လည်း သံပျင်ကို တွေ့ရပါသည်။ (*မြန်မာသုတေသန ဂျာနယ်* အတွဲ ၃၀၊ အပိုင်း ၁၊ စာမျက်နှာ ၃၀၅ မှ ထုတ်နုတ်ချက်) မစ္စတာ အိပ်ချ်အယ်လ်ရှောတိုးကမူ သံပျင်နှင့် ကလန်တို့သည် အထက် ကိုးကားသော ယိုးဒယားမှ မွန်ကျောက်စာတို့တွင် ပါသည့်အတိုင်း မွန်ဓာတ်မြစ် စကားအသုံးများ မဟုတ်မူရာ ရာထူးထက် လူအမည်နှင့် ပို၍ သက်ဆိုင်ဟန်ရှိသည့်ပြင် ပုဂံတွင်တွေ့သော မွန်ကျောက်စာ များ၌ ပါရှိသောအခါ၌လည်း မွန်ဝေါဟာရဟူ၍ တစ်ထစ်ချ မယူ အပ်ချေ။ အကြောင်းသော်ကား မြန်မာနန်းတွင်းကိစ္စ တစ်ခုကို မွန် ဘာသာဖြင့် ရေးသားဖော်ပြထားခြင်းသာဖြစ်သည်ဟု ဆို၏။ ဆိုထိုက် သည်ဟု ယူဆသည်။

ရံဖန်ရံခါ ဘုရင် လိုလားသူတို့ အကဲရောက်မည်ဖြစ်သော်လည်း စင်စစ် နန်းတော် သုံးခံ အမတ်နှင့် အရာရှိတို့သည် ပညာတွင် အခေါင်အထွဋ်မျှ တတ်မြောက်ကြရန် လိုအပ်မည်ဟု ထင်ပါသည်။ အမတ်တစ်ဦး၏ ပညာအရည်အချင်းကို ခရစ်နှစ် ၁၂၇၈ ကျောက်စာတစ်ခု၌ ဖော်ပြပါရှိဟန်ကား

ပိတကတ်သုံးပုံ လေတတ်စွာထသ၊ သဒ်ကြိုက် ဗျာကရိဏ် ဟုရာ သ္မာ အမျုလေတတ်ထသော၊ စတရင် ဘိဇယ်မည်သော၊ အမတ်ကြီ (ပုံ ၂၈၉–၃–၅)။

ဟူ၍ ဖြစ်သည်။ အမတ် သံပျင်၊ ကလန်တို့အပြင် အခြားနန်းတော် အမှုထမ်း များစွာလည်း ရှိပါသေးသည်။ အထူးအခြား မခွဲဘဲ တစ်ပေါင်းတည်း ယင်းတို့ကို မင်ချင် (ပုံ ၂၅၇–၆၊ ပုံ ၂၆၈–၁၀၊ ၁၁၊ ၃၀) သို့မဟုတ် မင်စေ (ပုံ ၂၁၅–ခ–



၆) သို့မဟုတ် မင်လုလင် (ပုံ ၂၉၀၊ ခ–၂)ဟု ခေါ်ပေမည်။ တစ်စုသော အမှု ထမ်းတို့ကိုကား သူငယ်တော (ပုံ ၂၃၄–၂၅၊ ပုံ ၂၅၇–၆၊ ပုံ ၂၇၂–၁၊ ပုံ ၂၇၃–၁၈၊ ၂၇၇–၂၁၊ ပုံ ၂၈၂–၁၄၊ ပုံ ၃၀၅–၁၅)တို့ဖြစ်၍ ဘုရင် နှစ်သက် လိုလားသည့် ဖွားဖက်တော်ကဲ့သို့သောသူများ ဖြစ်ဟန်တူပါသည်။ သူငယ်တ် ကို မှုဆိုဝ် (ပုံ ၂၇၄–၁၆)နှင့် တစ်ခါက တွဲဖက် ဖော်ပြထားသည်ကို တွေ့ရ ဖူး၏။ နောက်အခါ နန်းတော်၌ အတွင်းဝန် နာခံတော် သံတော်ဆင့်စာရေး ဟူ၍ ရှိဘိသကဲ့သို့ ထိုစဉ်က အတွင်ရှယ် (ပုံ ၂၀၇–၁၃၊ ၁၆) စာမြောင် (ပုံ ၂၃၅–၄၅) စာခီပိုဝ် (ပုံ ၂၃၂–၂၊ ၁၈)နှင့် စာခီ (ပုံ ၂၆၈–၁၃)တို့သည် ဘုရင့်အမှာတော် အမိန့်တော်တို့ကို ရေးမှတ်၍ အရာရှိတို့ထံ ပို့ရသည်ဖြစ်မည်။ အခွင့်အခါကြုံသဖြင့် ဖော်ပြလိုသည်မှာ စာခီပိုဝ်ဆိုသူ တစ်ဦးသည် တရုပ်ပြေ ယ် ဘုရင်၏ ကိုယ်လုပ်တော် မင်မျာ (၂၃၂–၂)ဖြစ်ကြောင်း တွေ့ရပါသည်။ အဝေးအလံသို့ အမိန့်တော်များပို့ရန် *မြင်သူကြီ* (ပုံ ၂၅၄၊ က–၁) ကွပ်ကဲသည့် *မြင်စီ* (ပုံ ၂၂၂၊ ခ–၁၄) ခေါ် မြင်းအမှုထမ်းတို့ ရှိမည် ဖြစ်ပါသည်။

တရားရေးရာ အဆုံးအဖြတ်တွင် ဘုရင့်အားကူညီရန် သံဖမ (ပုံ ၁၆၁၊ ခ–၃၊ ပုံ ၂၈၅–၁၇၊ ပုံ ၅၉၈၊ က ၁၂–၂၂)ခေါ် တရားသူကြီးများ ဖြစ်ပါသည်။ **ရှိယ်ပာဝ်နိယ်** အမှု ဆင်မြင်သော **သံဖမတိုင်** (ပုံ ၅၇၄–၃၊ ၆)ဟု ခရစ်နှစ် ၁၂၁၈ ကျောက်စာ၌ ပါရှိသဖြင့် သံဖမဟူသည် ဘုရင့်အပါးတော်မြဲ လက်စွဲ တော်မြဲဖြစ်၍ အထူးသဖြင့် တရားစကား အယှက်အတင် ရှိလျှင်လည်း ကြားနာ စစ်ဆေး ဆုံးဖြတ်ရသူများဖြစ်ကြောင်း သိရပါသည်။ ယင်းတို့ကို အခြားအမည် များဖြင့်လည်း ခေါ်ပါသေးသည်။ ယခုအခါကဲ့သို့ **တြျာသူကြီ** (ပုံ ၁၉၁၊ ခ–၈) ဟု ခေါ်သည်လည်း ရှိ၏။ ဓမ္မသတ် သို့မဟုတ် အမှုအခင်း သို့မဟုတ် တရားစီရင်သူဟု အမျိုးမျိုး ယူဆရသော **တြျာ** (ပုံ ၅၆၀၊ င–၇)ဟု တစ်လုံး တည်းခေါ်ပါသည်။ တစ်ခါသော် တရားမနှင့် ရာဇဝတ်ကို ခွဲလိုဟန်ဖြင့် **အမှုစိုဝ်** (၄၂၁၊ ခ–၁၇)နှင့် **ခိုင်သူကြီ** (ပုံ ၂၄၁–၅)ဟု နှစ်မျိုး ပိုင်းခြား၍ ခေါ်ပါသေးသည်။ ခိုင်သူကြီ တွဲဖက် လုပ်ရသောသူကို **ခိုင်တြျာစာခီ** (ပုံ ၂၆၉–၁၃)ဟု ခေါ်၏။ အမျိုးသမီး တရားစီရင်သူတို့ ရှိကြောင်း (ပုံ ၁၇၄–၁၁)ကိုလည်း မှတ်သားရဖူးပါသည်။ နယ်အုပ်ချုပ်ရေးတွင် "တိုက်"ကို စီမံခန့်ခွဲရန် **တိုက်သူကြီ** (ပုံ ၁၂–၁၅၊ ပုံ ၂၉၆၊ ၁၇–၁၈) မြို့ သို့မဟုတ် ခံတပ်ကို

ကွပ်ကဲရန် **မြို့ဝ်သူကြီး** (ပုံ ၃၇၀-၂၃) ကျေးရွာအတွက် **ရွာသူကြီး** (ပုံ ၂၆၄-၂၄)တို့ ရှိပါသည်။ မြို့တော် အစွန်အဖျားတွင် အုပ်ချုပ်ရန် အမျိုးသမီး **ကွ္လိယ်သူကြီး** (ပုံ ၁၉၆-၅) တစ်ယောက်အကြောင်းကို ခရစ်နှစ် ၁၂၆၀ ပြေ့ ကျောက်စာတစ်ခုဌ် ဖော်ပြပါရှိရာ ယင်းအမျိုးသမီးပင်လျှင် "အမိပုရှာစ်ခေါ် စောအမည်ရ ဘုရင်မိဖုရားငယ်တစ်ပါးဖြစ်ကြောင်း တွေ့ရ၏။

အခွန်တော်ဆိုင်ရာ **ပယ်တိုင်** (ပုံ ၃၀၇၊ ခ-၄၊ ပုံ ၅၄၇၊ က-၈)ခေါ် အရာရှိများလည်း ရှိသေး၏။ ခရစ်နှစ် ၁၂၄၄ ကျောက်စာတစ်ခုဌ် **သတ်တျ** ဆိုသူကို **ပိုန်သုကြီ** သို့မဟုတ် **ပိုလ်သုကြီ** (ပုံ ၁၅၃၊ က-၂၊ ၁၀)ဟု ဖော်ပြပါရှိရာ ယင်း **ပိုန်သုကြီ၊ ပိုလ်သုကြီ** ဆိုသူသည် မြေယာအပိုင်း အခြားကို မှတ်သားရသူ အရာရှိဖြစ်မည်လောဟု တွေးထင်ရပါသည်။ အသေ အချာ မသိပါ။ စပါးစိုက်ရာ ကျောက်ဆည်သည် ဆည်မြောင်းကိုသာ အားပြု ရသဖြင့် ဆည်မြောင်းကြီးကြပ်ရန် အရာရှိ အရာခံတို့ အမှန်ရှိရပေမည် ဖြစ်သော် လည်း၊ ကျောက်စာတွင် ရေးသားဖော်ပြခြင်းကို တစ်ကြိမ်တစ်ခါမျှ မတွေ့ရ သည်မှာ အံ့သြဖွယ် ဖြစ်ပါသည်။ မြောင်းတူးရာတွင် ကြီးကြပ်သူ **သုဝန္နပိဇည်** (ပုံ ၃၂၇-၃) ဟူ၍ကား ခရစ်နှစ် ၁၂၂၀ ကျောက်စာဌ် တွေ့ရသည်။ စကားကြုံ သဖြင့် ဖော်ပြလိုသည်မှာ တရုတ်တို့ ခရစ်နှစ် ၁၃၀၁ တွင်မှ တူးပေးခဲ့သည်ဟု အများယူသော **သင်ထွယ်မြောင်** (ပုံ ၂၀ က -၂)သည် ခရစ်နှစ် ၁၁၉၈ ကဲ့သို့ စောစောပိုင်းကပင်လျှင် ရှိနေပါသည်။ (မှန်နန်း အပိုဒ် ၁၅၀၊ လုစ် "၁၂-၁၃ ရာစု မြန်မာနိုင်ငံ လူမျိုးများ" *အိန္ဒိယ ၁၉၃၁ သန်းခေါင်စာရင်း* အတွဲ ၁၁၊ အပိုင်း ၁၊ စာမျက်နှာ ၃၀၀၊ မှတ်စု ၁၁ နှင့် *မြန်မာသုတေသန ဂျာနယ်* အတွဲ ၃၀၊ အပိုင်း ၁၊ စာမျက်နှာ ၃၀၄၊ မှတ်စု ၁၈)။

နယ်စပ်ကို စောင့်ရှောက်ရန် အကွက်အကွင်းကျသော နေရာတိုင်းမှာ ကင်းချထားဟန်ရှိ၍ ကင်းသည်တို့ကား မြန်မာမဟုတ်သောသူတို့ များမည်ဟု ထင်ရသည်။ ကျောက်ဆည် မြောက်ဘက်တစ်နေရာရှိ **ဆိပ်တောင်**ကို စောင့်ရှောက်ရန် **စကြဝ်ကင်သည်** (ပုံ ၁၆၂-၅)တို့ ချထားသည်ဟု ခရစ်နှစ် ၁၂၄၈ ကျောက်စာအရ သိရပါသည်။ အမည်ရှေ့မှ "ကုံထံ" (ပုံ ၁၆၂-၂၄၊ ပုံ ၂၅၆-၃၃) သို့မဟုတ် "ဘုမ္မ" (ပုံ ၂၂၄၊ ၂၊ ၆၊ ပုံ ၂၆၈-၆၊ ၇) ပါသူတို့သည် မြေအရောင်းအဝယ်တွင်သော် လည်းကောင်း၊ မြေခွန်ကောက်ခံရာတွင်သော် လည်းကောင်း အရေးပါသူများ ဖြစ်ကြသည်။ ယင်းတို့၏ တာဝန်ကို အတိအကျ



မသိရသော်လည်း မြေရှင်လူတန်းစားဖြစ်ဟန် တူပါသည်။ ရွာများတွင် ကျေးရွာ လူကြီးများ ဖြစ်ဟန်တူသော **သင်ကြီ**နှင့် **သင်လျင်**ဟူ၍ ရှိပါသေးသည်။ ထိုသူများကား ဒေသအလိုက် အသင်းအပင်း၏ အကြီးအကဲများ ဖြစ်ကြမည် ထင်သည်။ များသောအားဖြင့် ထိုပုဂ္ဂိုလ်တို့သည် ယောကျ်ားများ (ပုံ ၇၅၊ က-၄၅)ဖြစ်သော်လည်း တစ်ခါတစ်ရံ **သင်ကြီ အိုဝ့်သိသင်** (ပုံ ၅၃-၉) စသဖြင့် အမျိုးသမီး အမည်ဖြင့်လည်း တွေ့ရတတ်ပါသည်။ ထို့ထက်ပို၍ ရှုပ်ထွေးစေသည့် အချက်ကား "ကျောင်သင်ကြိ" (ပုံ ၃၆၇၊ က-၈) သို့မဟုတ် ရဟန်းတော် အမည်ဖြင့်တွဲ၍ (ပုံ ၆-၉) တွေ့ရခြင်းပင် ဖြစ်ပါသည်။ **သင်ကြီ** ကို ရဟန်းအတွက်သာ သီးသန့်သုံးစွဲခြင်းဖြစ်မူ **သင်**ဟူသည် သင်္ဃာဟုသော ဝေါဟာရ၏ အတိုဖြစ်၍ သင်္ဃာထေရကို ဆိုလို၏ဟု ယူနိုင်စရာ ရှိပါသည်။ သို့သော် ထိုသို့မဟုတ်သဖြင့် အဓိပ္ပာယ်ကောက်ယူရန် များစွာ ခက်ခဲလျက် ရှိရပါသည်။ ယခုအခါ အမှန်းအဆအားဖြင့် လူဖြစ်စေ၊ ရဟန်းဖြစ်စေ **သင်ကြီ**မှန်လျှင် လေးစားထိုက်သူဖြစ်၍ **လူသင်ကြီ**တွင် အုပ်ချုပ်ရေးတာဝန် ရှိသည်ဟုပင် ဖြစ်ပါသည်။ **တိုင်သင်ကြီ** (ပုံ ၂၅၇-၃၂)၊ **တိုင်သူကြီ** (ပုံ ၂၅၇-၃၁)နှင့် **တိုင်သည်** (ပုံ၂၅၇-၁၉)ဟူ၍ မြေအရောင်းအဝယ်နှင့်သော် လည်းကောင်း၊ မြေယာဌ် နယ်ခြားတိုင်စိုက်ခြင်းနှင့်သော် လည်းကောင်း၊ မြေလျှုတန်းရာဌ် မော်ကွန်းတင်သောအခါဌ်သော် လည်းကောင်း ပါဝင်ရသူများ ရှိ၏။ မြေမှုနှင့် ဆိုင်လျှင်လည်း ယင်းတို့ အရေးပါပြန်၍ ခုံလူကြီးများက ယင်းတို့ကိုပင် အပိုင်းအခြားတိုင် စိုက်ခိုင်းလေ့ရှိသည် (ပုံ ၁၈၇-၄)။

ထိုသို့ စိုက်ထူထားသောတိုင်ကို နုတ်ပယ်လျှင် ကြီးသောပြစ်မှုဟု ယူဆသည်။ အရာရှိဟုထင်ရသော **ဇျဠသူ**ရသည် လယ်ပယ်ပေါင်း ငါးရာ့ ငါးဆယ်ကို လှူတန်းရာ သံဖမခေါ် တရားသူကြီးက အသိအမှတ်ပြု၍ သင်ကြီ **ငဖွယ်သင်**နှင့် သင်လျင် **ငဝံသာသင်**တို့ကို နယ်ခြားတိုင် စိုက်စေခဲ့ပြီးနောက် **တန်လိုင်ငရစ်**နှင့် အပေါင်းအပါတို့က ထိုတိုင်ကို နုတ်ပယ်သဖြင့် ဒဏ် **ငယ်ပျန်** တစ်ရာပေးဆောင်ရကြောင်း ခရစ်နှစ် ၁၂၆၆ ကျောက်စာ (ပုံ ၅၇၄ ခ၊ ၇-၈)တွင် ဖတ်ရပါသည်။ ငွေတစ်ကျပ်လျှင် လယ်ကောင်း နှစ်ဧကနီးနီး ရသော (ပုံ ၂၆၈-၃) အခါက ငွေတစ်ရာ ဒဏ်ဆောင်ရသော အမှုသည်စင်စစ် ကြီးကျယ်သောအမှုဟု ခန့်မှန်းနိုင်ပါသည်။

မိမိပိုင်မြေဖြစ်လင့်ကစား ထိုမြေကို သာသနာမြေအဖြစ် ပေးလှူလိုလျှင် မင်းအား အကြောင်းကြားရသည်ဟု ထင်ပါသည်။ ကျောက်စာတစ်ခု၌ မဟာသမန်ကဲ့သို့သော အမတ်ကြီးကိုယ်တိုင် အလှူမြေကို အထက်စာရင်းတွင် တင်ရကြောင်း တွေ့သည် (ပုံ ၂၈၃–၁၅)။ သို့သော် ပစ္စည်းပိုင်ရှင်ပြောင်းလျှင် မှတ်ပုံတင်သော အထူးအရာရှိ သီးခြားရှိပါသည်။ နာတောင်မျာ၏ အမတ်ငါးပါး အပါအဝင် **အသွတ်**ကို ဝင်သော မင်းအမတ် (ပုံ ၉၆–၆)ဟု ခေါ်၏။ **မဟာကဿပ**နှင့် **ဆိပ်တောင်မှ စကြဝ်ကင်သည်**တို့၏ မြေမှုတွင် မဟာကဿပ တရားအောင်ခြင်းကား အထက်စာရင်း၌ အမှတ်အသားရှိသောကြောင့် ဖြစ်သည်ဟု အကြောင်းပြခဲ့သည် (ပုံ ၁၆၂–၈)။ ဤအမှုမျိုးတို့၌ တရားသူကြီးက ဆုံးဖြတ်ချက်ချလျှင် ထိုစီရင်ချက်ကို မှတ်တမ်းတင်ရမြဲ ဖြစ်၏။ **အမှုကွန် ခတ်စိယ်** (ပုံ ၂၁၅၊ ခ–၁၂)ဟု ပေးမြဲ အမိန့်ဖြစ်တော့သည်။ **စာချုပ်ဧ** (ပုံ ၂၇၂–၂၀)ဟူ၍လည်း ဖော်ပြသည်။ ဖြတ်ထုံးတို့ကို **ပိယ်စာတင်** (ပုံ ၂၉၆–၂၅)မည် ထင်ပါသည်။ သို့သော် အရေးပါသော အကြောင်းအရာကို

> အမောကွန်တင်၏ လက်ပံကျွံ ၂ ထပ် အကြာထန်ရွက် စာဟိ၏။ (၄၁၇–၇–၆)။

ဟု ဖော်ပြသဖြင့် မှတ်တမ်းကို ထန်းရွက်တွင်ရေး၍ သစ်သားပြားနှစ်ချပ်နှင့် ညှပ်ကာ ကောင်းစွာစည်းလျက် သိမ်းထားပေမည်ဟု ခန့်မှန်းရသည်။ မင်း–မိဖုရားနှင့်ဆိုင်သည်ကို မှတ်တမ်းတင်ရန် စာရင်းသီးခြား ရှိပါသည်။ ဇေယျသွတ် (ဇေယ သွတ္တိ) ကျောက်စာတွင် နန်းတက်ပြီး ရှစ်နှစ်အကြာ နာတောင်မျာသည် အလှူစာရင်းကို အရာရှိလေးဦးအား **အထက်စရင်** (ပုံ ၉၀–၅၊ ၁၁)တွင် တင်စေသည်။

အမှုအခင်းများ၌ ခုံသမာဓိ၏ ကောက်ချက်ကို တရားလို တရားခံ အကြိုက်ညီလျှင် လက်ဖက်ကွမ်းရိုး လှမ်းယူစားမြဲဖြစ်သည်။ အင်္ဂလိပ်မင်းတို့ မရောက်မီကပင် ဤဓလေ့ပေါ်နေပြီဖြစ်သော်လည်း မည်သည့်အချိန်က စတင်ပေါ်ပေါက်ခဲ့သည်ဟု မသိရပါ။ ခရစ်နှစ် ၁၃၀၀ ပြည့်တိုင်အောင် ကျောက်စာတို့၌ ယင်းဓလေ့ကို ဖော်ပြခြင်း မရှိသည့်ပြင် လက်ဖက်ဟူသော ဝေါဟာရကိုပင် သုံးစွဲသည်ကို မတွေ့ရပါ။ ရှေးမြန်မာတို့၌ ဤအလေ့အကျင့်အစား



"သေသား"များစွာ သောက်စားသည့် ပွဲသဘင်ပြုသော ဓလေ့ရှိပါသည်။ မြေအရောင်းအဝယ်ပြီးတိုင်း စားသောက်ပွဲ တည်ခင်းကြ၏။ ဘုန်းကြီးက မြေဝယ်သည်ပင် ရောင်းဈေး၌ **သိယ်ဖိုဝ်သာဖိုဝ်** (၂၂၄–၁၀–၁၁) ပါရမည်။ ဥပမာ–မဟာကဿပသည် **သဝ်** (ကဒူး) လူမျိုးထံမှ ပယ်တစ်ထောင်ကို ငွေတစ်ထောင်နှင့် ဝယ်သောအခါ၌ **ထမင်**၊ **ဖိုဝ်**၊ **သိယ်**၊ **ဖိုဝ်**၊ **သ**၊ **ဖိုဝ်** (၂၆၈–၈၊ ၉) ပေးရသည်မှာ ငါးဆယ့်လေးကျပ် ဖြစ်သည်။ ထိုမျှဖြင့် မကျေနပ်သေးသောကြောင့် သေဖိုး နှစ်ကျပ်တစ်မတ် ထပ်၍ ပေးရသေး၏။ ယင်းဓလေ့နှင့် ပတ်သက်၍ ပါမောက္ခ ဂျီအိပ်ချ်လုစ်က

> အစွန်အဖျား ဒေသများ၌ ဤအကျင့်ကို ပို၍ လေ့သည်။ ပုဂံ ပျက်စီးပြီးနောက် များစွာ ပြန့်ပွားလာ၏။ ဗုဒ္ဓဝါဒ မထွန်းကားမီ မြန်မာနိုင်ငံယဇ်ပွဲ၌ မူးယစ်ခြင်း၊ ရှေးဓလေ့မှ ကြွင်းကျန်ရစ်ခဲ့ဟန် တူ၍ ယခုတိုင် ချင်းတောင်၊ ဝနယ်၊ ကရင်နီ စသော ဒေသတို့၌ ရှိသေး၏။ (မြန်မာသုတေသနဂျာနယ် အတွဲ ၃၀၊ အပိုင်း ၁၊ စာမျက်နှာ ၃၂၄၊ မှတ်စု ၉၄)။

အလွန် စိတ်ဝင်စားဖွယ်ကောင်းသည့် သား၊ မြေး တိုင်အောင် ဆက်လက်အချင်းပွားသော တရားမမှုတစ်မှုကို ခရစ်နှစ် ၁၂၆၂ ကျောက်စာ၌ တွေ့ရ၏။ (ပုံ ၃၈၁) အကျဉ်းချုပ်အားဖြင့် **ဣတဝ်သျှင်**ခေါ် ကုလားကျမင်းလက်ထက် ခရစ်နှစ် ၁၁၈၇ ၌ **သို့င်စကုကြီ**က သံဃာထေရ် **ငတိတ်သင်**ကျောင်း၌ မြေရိုင်း[၂၁၄] အချို့ကို လှူခဲ့သည်။ ဆရာတော်လည်း ကန် ဆည်၍ လယ်လုပ်စေ၏။ ကောက်ပဲသီးပွင့်လျှင် ဤသို့ ပြုပြင်နိုင်သဖြင့် **သို့င်ကုကြီ**က အံ့ဩဝမ်းသာလျက် မိမိ သေဆုံးလျှင် အမွေဝေရာသော ပစ္စည်း၌ မပါစေရအောင် ရှင်းလင်းပြတ်သားစွာ ပြောကြား၍ ထပ်လောင်းကာ ဘုရားတွင် ယင်းမြေကို လှူပြန်သဖြင့် ငတိတ်သင်ကျောင်း ဘုရားပိုင် ဖြစ်ခဲ့သည်။ ငတိတ်သင် အသက်အတိုင်း သုံးစားပြီး၍ **သို့င်ဥပစင်**က ဆက်ခံသည်။ သို့င်ဥပစင်လက်ထက် **ငစိည်စိမ်သင်**ကို ရေကန်ဝန်းကျင်၌ ထန်းစိုက်စေ၏။ **သို့င်ဥပစင်** အသက်အတိုင်း စားလတ်၍ လွန်လျှင် **သို့င်မုန်တောင်**က ဆက်၍ခံသည်။ ထိုစဉ် **သို့င်စကုကြီ**၏မြေး **အိန်မွန်သင်**က အဘိုးပိုင်မြေဖြစ်သဖြင့် အမွေဆက်ခံလိုသည်ဟု တရားစွဲလေသည်။ ကျေးရွာကို လှည့်လည် စစ်ဆေးလာသော

**ကန်သာရင်**နှင့် **ကက်သတြာ**တို့ ကြားနာ၍ အထက်ကျောင်း၌ ရဟန်းပြုဖူး၍ **စကုကြီး** လျှုစဉ်က မြင်ကြားလိုက်သော **ဆေည်သင်**ကို ခေါ်ယူစစ်မေးရာ **သို့ခင်စကုကြီး** ကျောင်းဘုရား ဝယ်လှူသည်ကို ငါ **သိမြင်**သည်။ ကန်ကိုလည်း ငါပင် **ဆည်**၏။ ရေတွင်းကိုလည်း ငါပင် တူး၏။ **အိန်မွန်သင်**က မလှူဟု ဆိုလျှင် ဘုရားကိုင်၍ ကျိန်ပါဟု ထွက်၏။ **အိန်မွန်သင်** မကျိန်ရဲသဖြင့် ဆေည်သင်က ကျိန်လျက် အထက်နည်း ပြောပြန်သည်။ ယင်းသို့ ထွက်ဆိုစဉ် မြင်ပါ ကြားပါသူကား **ညောင်စောက်ဆရာတော်၊ တိုင်မလုပ် ဘုန်းကြီး**နှင့် **သူကြွယ် ငါရောက် လွယ်သင်**တို့ ဖြစ်ကြ၏။ ထို့ကြောင့် ရဟန်းတို့အား အနိုင်ပေးရသည်။ ယင်းကား ခရစ်နှစ် ၁၂၂၀ က အဖြစ်အပျက် ဖြစ်ပါသည်။

**သို့ခင်မုန်တောင်**ကို **သုခမိန် သန်ပေါင်**သည် လည်းကောင်း၊ **ဗုဒ္ဓပါသင်ကြီး**သည် လည်းကောင်း အဆင့်ဆင့် ဆက်ခံကြ၍ ခရစ်နှစ် ၁၂၆၂ သို့ ရောက်သောအခါ **သို့ခင်သီလ ကုမာ**လက်ထက်၌ **စည်သဝတ်** မြေ **ငါဖုန်ရောက်သင်**နှင့် **ငပငယ်**တို့ ကြားနာ၍ စစ်ဆေးရန် ရွာသား နှစ်ဆယ့်လေးယောက်ကို ခေါ်ယူသည်။ **သို့ခင်စကုကြီး**က **ငတိတ်သင်**ကျောင်းတွင် လှူသည့်ကို သိမှတ်ဖူး၍၊ ယခု **သီလကုမာ**တိုင်အောင် သံဃာခြောက်ဆက် စားသောက်ခဲ့သည်ကို သိကြောင်း တညီတညွတ်တည်း ထွက်ဆိုကြ၏။ ထို့ကြောင့် ရဟန်းတို့ကိုပင် အနိုင်ပေးရပြန်သည်။

အထက်အမှုကို ဖတ်ရှုရသဖြင့် ထိုခေတ်အခါက အမှုများကို မည်သို့ ကြားနာစစ်ဆေး၍ ဆုံးဖြတ်သည်ကို သိနိုင်ပါသည်။ အမှုကို ဆုံးဖြတ်ရာ၌ တရားသူကြီးနှစ်ဦးရှိပုံနှင့် သက်သေခံသူတို့ အမှန်ကိုသာဆိုကြောင်း၊ ဘုရားချီ၍ ကျိန်ရပုံတို့ကို စိတ်ပါဝင်စားဖွယ်ရာ တွေ့ရှိရပါသည်။ တရားရေးရာနှင့် ပတ်သက်၍ အခြားအရေးပါသော အချက်တစ်ချက်ကား ပုဂံကျောက်စာတို့တွင် ခရစ်နှစ် ၁၂၄၉ ကျောက်စာ (ပုံ ၁၇၄–၁၄)မှလွဲ၍ ကျန်ကျောက်စာတို့၌ **ဓမ္မသတ်**ဟူသော ဝေါဟာရကို ရေးသားဖော်ပြခြင်း မတွေ့ရပါ။ **ရာဇသတ်**ဟူသော ဝေါဟာရကိုလည်း မတွေ့ပါ။ ထို့ကြောင့် အရိုးအစဉ်ဖြစ်သော အိမ်မှုအမွေမှုတို့ကို ဆုံးဖြတ်ပုံ ထုံးနည်းများ (Customary Law) မှာ ရှေးပဝေသဏီကပင် ရှိခဲ့သော်လည်း ပေတက်အက္ခရာတင်သော "မြန်မာဓမ္မသတ်"ကို ရေးကျလှုပါသည်ဟု ပြောဆိုကြသည်မှာ မှား၏ဟူ၍ပင် ပြောချင်မိပါသည်။



ဥပမာ ဒေါက်တာဖောရှမ်မာက **ဓမ္မဝိလာသ ဓမ္မသတ်**ကို ခရစ်နှစ် ၁၁၇၂၌ ပြုစုခဲ့သည်ဟု **ဂျာဒင်ဆုရစာတမ်း** (စာမျက်နှာ ၃၅–၃၆)၌ ရေးသား၏။ တလိုင်းဘုန်းကြီး **သာရိပုတ္တ**သည် ထိုဓမ္မသတ်ကို ပြုစုသဖြင့် ဒုတိယစည်သူ (၁၁၇၄–၁၂၁၁) မင်းက **ဓမ္မဝိလာသဘွဲ့**ကို ဆက်ကပ်သည်ဟူ၍လည်း ယုံကြည်ကြ၏။ ဒုတိယ**စည်သူ**ကို ဆက်ခံသူ **နာတောင်မျာ**၏ ဆရာကား အောက်သား တလ အရှေ့ **မောလ ညာရွာ**မှဖြစ်၍ **နာတောင်မျာ**မင်းဖြစ်လျှင် **ဓမ္မရာဇဂုရု**ဘွဲ့ကို ဆက်ကပ်ခဲ့သည်။ သို့သော် ဤ **ဓမ္မရာဇာဂုရု**နှင့် **ဓမ္မဝိလာသ**တို့ တစ်ဦးတည်းဖြစ်သည်ဟု မဆိုနိုင်ပါ။

**ကျွစွာ**မင်းသည် တိုင်းကားပြည်ရွာ သာယာ၍ ခိုးသားဓားပြ မရှိစေရန် မည်သည့်မင်းမျှ မလုပ်ဖူးသေးသောနည်းကို တီထွင်၍ ခိုးသူတို့ ရှုံ့လောက်အောင် ပြန်တမ်းတစ်ခု ကျောက်စာတွင် ရေးထိုးခဲ့၏။ (ပုံ ၁၆၆–က–ခ၊ ပုံ ၁၆၇–ဇ၊ ပုံ ၁၇၀၊ ပုံ ၁၇၃ နှင့် ပုံ ၃၄၅–က–ခ)။ ပြန်တမ်း ရက်စွဲကား ၆ မေ ၁၂၄၉ ကြာသပတေးနေ့ ဖြစ်ပါသည်။ ၎င်းကို ကျောက်ထက် ရေးထိုး၍ အိမ်ခြေ ငါးဆယ်ကျော်သော ရွာတိုင်း၌ တစ်တိုင်စီ ထားရမည်ဟု အမိန့်ထားခဲ့သည်။ သို့သော် ယနေ့အထိ တစ်ဆယ့်တစ်တိုင်သာ တွေ့ရဖူးသေး၏။ ရှေးမင်းဟို့ကား ခိုးသူကို ဟံကျောင်လျှိုခြင်းမှ စ၍ များစွာသော နှိပ်စက်ခြင်းဖြင့် နှိပ်စက်ခဲ့မှုလည်း ငါ့လက်ထက်တော်တွင် ဤသို့မပြုလို၊ သတ္တဝါအများကို မိမိ ရင်၌ ဖြစ်သော သားကဲ့သို့ ချစ်ခင်သဖြင့် ဤစကားကို ဆို၏ဟု နိဒါန်းပျိုးလျက် မဇ္ဈိမနိကာယ၊ အင်္ဂုတ္တရနိကာယနှင့် မိလိန္ဒပညာကျမ်းတို့မှ များစွာ ရက်စက်ကြမ်းကြုတ်သော နှိပ်စက်ခန်းတို့ကို ကြိုက်ရာကွက်နုတ် ဘာသာပြန်၍ ဤနည်းတို့မှ တစ်နည်းနည်းဖြင့် သူခိုးကိုမိလျှင် အပြစ်ဒဏ်ပေးရလိမ့်မည်ဟု ကြေညာခဲ့၏။ ပြောသလောက် ရက်စက်နိုင်စွမ်းမည် မဟုတ်သော်လည်း၊ ယင်းသို့ ခြိမ်းခြောက်လျှင် ကြောက်သဖြင့် နေပြည်တော် နိုင်ငံတော် စသည်တွင် ပြုပြင်ကောင်းမွန်လာကြလိမ့်မည်ဟု မျှော်လင့်ထားဟန်ရှိ၏။ ယင်းပြန်တမ်း၌ အပြစ်ပေးရာဝယ် လမ်းညွှန်အဖြစ်သုံးရန် အမုန္နန်စာရှိ၏ဟု ဖော်ပြပါရှိခြင်းကား အဘိုးတန်လှသည်။

ခိုဝ်သော ဟုတ်စင်မှုကာ၊ အမုန္နန်စာ ကိုဝ် ဖတ်စိယ်၊ အမု န္နန်စာတွင်
အကြင်သုခိုဝ်သည်၊ ဣမည်သော အပ္ပစ်တေ ပ္ပစ်မှုကာ၊ ဣမည်သော

တန်ပိယ်တေပိယ် အပ်ဇေ်ာ ဟူပိယ်ဇေ်ာ။

ဤတွင် အမှုန္ဒွန်စာကား အဘယ်နည်း။ အတိအကျဖြေရန် ခဲယဉ်းမည်ဖြစ်သော်လည်း၊ ထိုခေတ်အခါ၏ ရာဇဝတ်ကျင့်ထုံးဖြစ်မည်ဟု မှန်းဆရာသည်။ အခွန်တော်ကောက်ခံခြင်းနှင့် စပ်ဆိုင်သော အကြောင်းအချက်တို့ကို အနည်းငယ်မျှသာ သိပါသည်။ ကျောက်စာတစ်တိုင်အရ မြေခွန်ကား ပယ်တစ်ရာလျှင် ခါးစီးအထည်တစ်ရာ (ပုံ ၃၉၂-၃-၄)ဖြစ်၍ နောက်တစ်တိုင်အရ မြေပယ် သုံးထောင်လျှင် ကြေးအချိန် တစ်ရာနှင့် အထည်တစ်ရာပေးရ၍ စပါးမင်းအတွက် တစ်ပယ်လျှင် စပါးတစ်တင်းပေးရ၏ (ပုံ ၃၉၀-၃၀-၃၁)။ အင်းခွန်မှာ ကြေးအချိန်တစ်ဆယ် ဖြစ်ပါသည်။ (ပုံ ၃၉၂-၆)။ သာသနာမြေကို အခွန်စည်းကြပ်သော သူကြီးတစ်ယောက်အကြောင်းကို ခရစ်နှစ် ၁၂၆၀ ပြေ့ ကျောက်စာ၌ ဖတ်ရဖူး၏။ (ပုံ ၁၉၆)။ ယင်းသို့ မအပ်မရာပြုသည်ကို မင်း အသိအကြားဖြစ်စေရန် **သုခမိန်သာ**ကို တရုတ်ပြွိယ်ထံသို့ ဆရာတော် **သမန္တဘဒ္ဒရာက** စေလိုက်ရာ မင်းသိသဖြင့် အမတ်ကြီး မဟာသမန်ကို သူကြီးအား တားမြစ်၍ ထိုမြေကို အစဉ်အဆက် အခွန်အခ အားလုံးမှ လွတ်ငြိမ်းရန် အမိန့်တော်ပြန်စေသည်။ ယင်းအမိန့်တော်နှင့်တကွ နောင်အစိုးရ အမှုထမ်းတို့ အခွန်ခွဲလာလျှင် မြေမျိုး၍ အဝီစိသို့ ကျစေသတည်းဟု မဟာထေရ်၏ ကျိန်စာပါ ကျောက်စာရေးထိုးထားခဲ့သည်။

အထက်က အနည်းငယ် ဖော်ပြခဲ့ဖူးသော လွှတ်တော်အကြောင်းကို ထပ်လောင်းဆွေးနွေးရန် လိုပါသည်။

ဒုတိယ**စည်သူ**မင်း၏ သားတို့တွင် **နာတောင်မျာ**ကား အငယ်ဆုံးဖြစ်လင့်ကစား အစ်ကိုလေးယောက်ကို ကျော်၍ မင်းမြှောက်ခြင်းခံရသည်ဟု မြန်မာရာဝင်တို့၌ ရေးသားဖော်ပြလေ့ရှိသည်။ ယင်းဝတ္ထုသွားကိုယူ၍ မစ္စတာ ဂျီအီးဟာဗေးက လွှတ်တော် ပေါ်လာပုံကို ဖော်ပြရာ၌

> နောင်တော်တို့က ညီ နန်းရသည်ကို ကြည်ဖြူနိုင်သော အချက်တစ်ချက်ကား စင်စစ်အားဖြင့် မင်းအာဏာ အားလုံးကို ၎င်းတို့ လက်တွင်းသို့ လွှဲပြောင်းပေးအပ်ထားခြင်းကြောင့် ဖြစ်၏။ မင်းသားကြီးလေးပါးသည် နေ့စဉ်ဆုံတွေ့လျက် နိုင်ငံတော် ကိစ္စအဝဝကို ဆောင်ရွက်ကြ၏။ ဤနည်းဖြင့် ဘုရင်ခန့်အပ်သော အဖွဲ့အနေဖြင့် လွှတ်တော်ရုံး ပေါ်လာ၍ ဝန်ကြီးအဖွဲ့အဖြစ်ဖြင့် မြန်မာမင်းဆက် ကုန်ဆုံးသည်အထိ ရှိနေ



> ပါသည်။ (ဂျီအီးဟာဗေး၊ မြန်မာရာဇဝင် စာမျက်နှာ ၅၄)။

ဟု ရေးသားခဲ့၏။ ဖော်ပြပြီးသည့်အတိုင်း **နာတောင်မျာ**၌ အမတ်ငါးပါးရှိ၍ ညီအစ်ကိုများ မဟုတ်ပါ။ **ဇေယျသွတ်ကျောက်စာ** (ပုံ ၉၀-၂၀) အရ **နာတောင်မျာ**သည် ညီအငယ်ဆုံး မဟုတ်ကြောင်း အတိအကျ သိရပါသည်။ **နာတောင်မျာ**ဟူသော နားတန်ဆာ နားဒွေါင်း ပေါများသောသခင်ဟု အဓိပ္ပာယ်ရသည့် အမည်ကို၊ ထီးမွေအား ခွဲနှင့်တောင်းသော နန်းတောင်းများဟု အဖတ်မှားကြသဖြင့် ထိုအမည်နှင့် ဆက်သွယ်၍ ဝတ္ထုတစ်ပုဒ် တီထွင်ရလျက် လွှတ်တော် ပေါ်လာပုံ ဝတ္ထုကလည်း အဆစ်ပါခဲ့ရသည်။ ပုဂံခေတ် ကျောက်စာအားလုံး၌ လွှတ်တော်ဟူသော ဝေါဟာရ တစ်လုံးတလေမျှ ဖော်ပြပါရှိခြင်းကို မတွေ့ရဘူးပါ။ လွှတ်တော်အစား ပုဂံမင်းတို့တွင် တရားစီရင်ရာ အလျှုဒါနပြုရာ ညီလာခံရာဟူ၍ **ကွန်**အမည်ဖြင့် ခန်းမဆောင်များစွာ ရှိပါသည်။ ထိုခန်းမမျိုး၌ အမတ်တို့ဆုံ၍ ပြည်ရေးပြည်ရာကိုလည်း ထမ်းဆောင်ပါသည်။ ယင်းတို့ကား **ကွန်ပြောက်** (ပုံ ၇၉ ခ-၉)၊ **ကွန်ပြောက်ကြီ** (ပုံ ၂၀၃-၃၀)။ **ကွန်ပြောက်ငယ်** (ပုံ ၂၃၄-၂၈)၊ **ကွန်သာယာ** (ပုံ ၅၄-၇)၊ **ကွန်မြင်** (ပုံ ၁၉၆-၁)၊ **ဆင်ရှုကွန်** (ပုံ ၁၈၆-၅)နှင့် **စင်ကြယ်ကွန်** (ပုံ ၂၃၄-၂၆)တို့ ဖြစ်ပါသည်။ ဤသို့ များပြားသော **ကွန်**တို့အနက် **ကွန်ပြောက်**မှာ အရေးပါဆုံး ဖြစ်ဟန်ရှိ၍ အစောင့်အကြပ်များ အမြဲထားရှိရသည်။ တစ်ခါက **သိယ်မသောက်ကွန် ပြောက်စောင်** (ပုံ ၂၇၀-၃၀)ဟု ဖော်ပြထားသည်ကိုပင် တွေ့ရ၏။ ဘုရင်မင်းမြတ် ကောင်းမှုကုသိုလ်ပြုရာ ခန်းမလည်း ဖြစ်ဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် **ကွန်ပြောက်**တွင် နေ့စဉ် အလှူပြု၍ ရေစက် သွန်းချကြောင်း တွေ့ရသည်။ (ပုံ ၂၇၄-၁၄)။ မဟာထေရ်ကို လှူဖွယ်ရှိလျှင်လည်း **ကွန်ပြောက်**၌ပင် လှူသည်။ (ပုံ ၂၇၉-၂၀)။ ကွန်ပြောက်၌ပင် အမတ်အားလုံး တွေ့ဆုံရသည်ဟု ခရစ်နှစ် ၁၂၇၅ ကျောက်စာ၌ ပါရှိ၏၊ (ပုံ ၂၄၅၊ ခ-၆)။ ထို့ကြောင့် အမတ်တို့ တိုင်းရေးပြည်မှု ဆောင်ရွက်ရာဌာနလည်း ဖြစ်နိုင်စရာ ရှိပါသည် (ပုံ ၂၃၄-၂၈)။ **ကွန်ပြောက်ငယ်**နေတော်မူစဉ် **ဣစ္စာ**က မိဖုရား **ဖွာဇဝ်**ကို ကျွန် ၁၅၀ နှင့် မြေပယ် ၁၅၀ ကို ပေးရန် အမိန့်ချမှတ်ခဲ့ကြောင်း တွေ့ရ၏ (ပုံ ၂၃၄-၂၈-၃၀)။ ထို့ပြင် အထက်မှတ်တမ်းတွေ့သည့် ကျောက်စာ၌ပင် **ကွန်ပြောက်ငယ်**တွင် **ဣစ္စာ** ညီလာခံစဉ် **ဣစ္စာ** နန်းတက်ပြီးစ ခရစ်နှစ်

၁၂၃၅ ခန့်တွင် **သီရိဝနေ**ာတို့ ပုန်ကန်မှု၌ ပါဝင်သဖြင့် နေပြည်တော်မှ နှင်ထုတ် ထားသော **သိဃ်ပိကြ**၏မယား လာရောက်၍ မိမိလင်ကို အပြစ်မှ ခွင့်လွှတ် ပါမည့်အကြောင်း လျှောက်ထားသည်ကို ဖတ်ရသည်။ (ပုံ ၁၃၄-၃၁-၄၊ ပုံ ၁၀၂-၂၄-၆)။ **ဣစ္စွာ**ကား မိဖုရားငယ်မှမြင်သော သားဖြစ်ခြင်းကြောင့် မင်း အဖြစ် ဆက်ခံသည်ကို **သိဃ်ပိကြ** အပါအဝင် မလိုသော မင်းသားတို့က ပုန်ကန်ကြ၏။ ကျောက်စာတွင် ပါသည့်အတိုင်း **သိဃ်ပိကြ**ကို ခွင့်လွှတ် သော်လည်း မင်းသားပိုင် လယ်ယာပစ္စည်း အားလုံးကို သိမ်းယူခြင်းခံရသည်။ မိဖုရား **ရတနာပုမ်** ခရစ်နှစ် ၁၂၆၂ တွင် သေဆုံးသောအခါ၌ **တရုတ်ပ္လိယ်**က ရဟန်းတို့ကို **ကွန်ပြောက်ကြီ**သို့ပင့်၍ များစွာသောအလှူကို ပြုသည်၊ (ပုံ ၂၀၃-၁၆)။ **ကွန်သာယာ**နှင့် ပတ်သက်၍ကား စိတ်ပါဝင်စားဖွယ်ဖြစ်သော အဖြစ်အပျက်တစ်ခု ရှိပါသည်။ (ပုံ ၂၈၆-၆၊ ပုံ ၂၃၉-၁၂)။ ဘုရားလောင်း **နာတောင်မျာ ကွန်သာယာ ဆင်ရူကွန်**၌ နေတော်မူစဉ် တစ်ခါက ရဲဆု မြေပယ် ၁၅၀ ရဖူးသော ကြွမ်း (ကန်ဘောဒီးယားလူမျိုး) အမှုထမ်း **ငပုတတ်**ကို ဆင်ခိုက်၍ ခြေတစ်ဖက်ပြုတ်ကြောင်း ရေးမှတ်ထားပါသည်။

ယင်း**ငပုတတ်**သည် မစွမ်းမသန်ဖြစ်ပြီးနောက် မိမိဆုရသော မြေကို အမတ်တစ်ဦးအား ရောင်းစားရသည်ဟူ၍လည်း သိရ၏။ **ကွန်သာယာ**ကား ပွဲသဘင်ရှုရာ ပျော်မွေ့စံပယ်ရာ ဖြစ်သော်လည်း၊ အထက်ပါ စိတ်မချမ်းမြေ့ ဖွယ်ရာ ကိစ္စများလည်း ဖြစ်တတ်ပါသည်။ ဒုတိယ **စည်သူ**မင်းသည် **ကွန်မြင်**၌ နေတော်မူစဉ် ကောင်းမှုပြုသည်ဟုလည်း သိရ၏ (ပုံ ၃၆၅-က-၂)။ **ကွန်မြင်** ဟူသည် ပြာသဒ်နှင့် အဆောင်ဖြစ်၍ အပြောက်အမွှမ်းများဖြင့် တန်ဆာ ဆင်အပ်သောကြောင့် နောင်အခါဝယ် **ကွန်ပြောက်**ဖြစ်၍ လာဟန်ရှိပါသည်။ တစ်ခါက **စင်ကြယ်ကွန်**၌ **ဣစ္စွာ**နေတော်မူစဉ် မိဖုရား **ဖွာဇဝ်**ကို ကျွန် ၁၉၀ ပေးတော်မူသည်ဟု တွေ့ရသေး၏၊ (ပုံ ၂၃၄-၂၆)။ ယင်း **စင်ကြယ်ကွန်** ကား ခေါင်းဆေးမင်္ဂလာ ပြုသည့်အခါ၊ သကြိန်တော် ခေါ်သည့်အခါ၊ ဥပုသ်တော် ယူသည့်အခါတို့၌ ရွှေ့ပြောင်း၍ ယာယီစံတော်မူမည်ဟု ခန့်မှန်းပါသည်။

ဘုရင့်မှတ်တမ်း အရာရှိအတွက် အဆောင်သီးခြား ရှိမည်ထင်သည်။ အကြောင်းသော်ကား ခရစ်နှစ် ၁၂၄၉ ကျောက်စာ၌ တင်ကုပ်တွင်ထားသော စာရင်းတွင် အလှူတော်ကို မှတ်တမ်းတင်သည်ဟု တွေ့ရသောကြောင့်တည်း



(ပုံ ၂၈၃-၁၅)။ မဟာထေရ် **ဓမ္မသိရိ**ကို **ရှုယ်နန်ရှင်** (၁၂၈၈-၉၈)က အလှူတော် ပေးသောအခါ တင်ကုပ်ရှည်၌ပေးသည်ဟုလည်း သိရပါသည်။

ဖော်ပြပြီးသည့် အထောက်အထားများအရ ပြန်လည်သုံးသပ်ရလျှင် အလယ်ခေတ် မြန်မာအုပ်ချုပ်ရေးကား အောက်ပါအတိုင်းဖြစ်သည်ဟု ပြောလို ပါသည်။

နိုင်ငံတော် တစ်ခုလုံး၌ မင်း အမည်ခံသူသည် အရေးပါ အရာရောက်ဆုံးသော ပုဂ္ဂိုလ်ဖြစ်၏။ သို့သော် သူ၏အပါးတွင် အခါကောင်းကို ညွှန်ပြရန် ဗြာဟ္မဏတို့ အဝင်အပါ ပညာရှိများကို ထားလေ့ရှိသည်။ ခဲရာခဲဆစ်ကြုံလျှင် အဖွဲ့ဖွဲ့၍ စုံစမ်းစစ်ဆေး ဆောင်ရွက်စေခိုင်းလေ့ရှိသည်။ မင်းအား အုပ်ချုပ်ရေးတွင် အထောက် အပံ့ဖြစ်စေရန် ဗုဒ္ဓစာပေကို ကောင်းစွာ တတ်ကျွမ်းသော အမတ်များကို ခန့်ထား၏။ အမတ်တို့အနက် တစ်ဦးသောအမတ်ကို အမတ်ကြီး ပြုစေမည်ဖြစ်သည်။ မြို့ပြရေးရာနှင့် စစ်ရေးရာဟူ၍ ဝန်ထမ်းနှစ်မျိုး ခွဲခြားထားခြင်း မရှိပါ။ အမတ်ကြီး ကိုယ်တိုင် စစ်တပ်ဦးစီးလျက် တိုက်ခိုက်ရသည်လည်း ရှိပါသည်။ လုံခြုံရေး အတွက် မြောက်ဘက်နယ်စပ်ကို အထူးဂရုပြု၍ စောင့်ရှောက်ရသောအခါဖြစ်၏။ ထို့ကြောင့် **ကောင်စင်**ခေါ် ယခု ဗန်းမော်အနောက်ကမ်း၌ မြောက်ပိုင်းအုပ်ချုပ်ရေး ဌာနချုပ်ထားရှိကာ အမတ်ကြီးကို ဘုရင်ခံချုပ် ခန့်ထားလေ့ရှိပါသည်။ အုပ်ချုပ် ရေးတွင် မည်သည့်အမတ်က မည်သည့်တာဝန်ကိုသာ ယူရမည်ဟု ဌာန ပိုင်းခြားထားခြင်း မရှိရကား၊ မည်သည့် အမတ်မဆို အရှင်စေသမျှ ဆောင်ရွက် ရမည်သာ ဖြစ်တော့သည်။ သို့သော် **သံဃ**မဟူ၍ တရားသူကြီးများ သီးခြား ရှိနေရကား တရားရေးရာတွင် အထူးအရာရှိများ လိုအပ်သည့်အခါများတွင် ခန့်ထား၍ အမှုအခင်းတို့ကို ကြားနာစစ်ဆေးသည်ဟု ယူဆရမည်။ သို့သော် ပုကံခေတ် နောက်ပိုင်းတွင်မှ ထုံးစံဓလေ့ကို ဥပဒေအဖြစ်ဖြင့် ကျမ်းပြုသုံးစွဲ ကြဟန်တူသည်။ **ဓမ္မသာတ်** ဟူသော ဝေါဟာရကို ခရစ်နှစ် ၁၂၄၉ ၌ တစ်ခါမျှသာ သုံးစွဲသည်ကို တွေ့ရသဖြင့် ယင်း**ဓမ္မသတ်**မှာ ရိုးရာဓလေ့ကို ပေါင်း၍ ကျမ်းပြုစုကာ ထိုကျမ်းကို အိန္ဒိယ အမည်ပေးခြင်းဖြစ်မည်၊ သို့မဟုတ် အိန္ဒိယမှ ဥပဒေကျမ်းတစ်စောင် စောင်ကို ညွှန်သည်ဖြစ်ဟူ၍ ပြောဆိုရန် ခက်ပါသည်။ သို့မဟုတ် ထိုအချိန်၌ ဓလေ့များစွာကို ပေါင်း၍ ဥပဒေကျမ်း ပြုစုပြီးဟန်ရှိသည်ဟု ထင်ပါသည်။ ရာဇဝတ်ရေး၌ **အမွန်နွန်စာ**ဟူ၍ ရှိပါသည်။

မည်သည့်ကျမ်းမျိုးဖြစ်မည်ဟု အတိအကျ မပြောတတ်ပါ။ အမှုစစ်ဆေးရာ၌ သက်သေတို့သည် ဘုရားရုပ်တု၊ ဘုရားဓာတ်တော် သို့မဟုတ် ဘုရားဟောကျမ်းစာတို့ကို ချီပိုက်လျက် မှန်ရာကိုသာ ဆိုပါမည်ဟု၊ ကျမ်းကျိန်ခြင်းကား အများလက်ခံထားသော ဓလေ့ဖြစ်၍ ယင်းသို့ မကျိန်ဝံ့လျှင် အပြစ်ရှိကြောင်း အလိုအလျောက် ဝန်ခံရာရောက်ပေမည်။ ဘုရင့်အပါး၌ အတွင်းဝန်နှင့် စာရေးများရှိ၍ မင်း သို့မဟုတ် အမတ်တို့၏ အမိန့်အမှာတို့ကို ရေးမှတ်၍ အဝေးမြို့ဝန်တို့ထံသို့ ပို့ရန် အစေအပါးတို့ အသင့်ရှိကာ အလျင်လိုလျှင် လိုသလို မြင်းစီးအမှုထမ်းတို့ကို ခိုင်းစေရ၏။ နယ်အုပ်ချုပ်ရေး အချက်အချာဒေသများနှင့် နေပြည်တော်တို့ ဆက်သွယ်ရေး လမ်းမများလည်း အသင့်အတင့် ကောင်းမွန်သည်ဟု မှန်းဆနိုင်ပါသည်။ နယ်၊ မြို့ သို့မဟုတ် ရွာအုပ်ချုပ်ရေးဆိုင်ရာ အရာရှိများရှိကြ၍ ရွာရှုထွက်သော နယ်လှည့်အရာရှိများရှိကာ ရောက်ရာတွင် အမှုအခင်းရှိက စုံစမ်းစစ်ဆေးကြောင်း သိရပါသည်။ ဌာနသီးခြား ထားခြင်းမရှိသော်လည်း၊ ဆည်မြောင်းကြေးတိုင်နှင့် အခွန်တော်အတွက် အရာရှိများ တာဝန်ယူ ဆောင်ရွက်ကြရသည်။ အခွန်တော်ကို ငွေ သို့မဟုတ် ထွက်ကုန်သီးနှံဖြင့် ကောက်ခံ၍ နိုင်ငံတော် အနှံ့အပြား၌ သိုလှောင်ရာ ဘုရင့်ကျီတော်များ ရှိပါသည်။ **ကုံထမ်**နှင့် **ဘုမ္မ**ဘွဲ့တပ်သော မြေရှင်လူတန်းစားကလည်း မြေခွန်နှင့် ပတ်သက်၍ အကူအညီပံ့ပိုးကြရပါသည်။

မြန်မာနိုင်ငံ အုပ်ချုပ်ရေး၌ မင်းနှင့် သံဃာဆက်ဆံပုံလည်း အရေးပါသော အခန်းတစ်ခန်းဖြစ်၏။ ဘုရင့်အား တရားနှင့်အညီ ကျင့်ရန် သာသနာ အဆုံးအမရှိ၍ မင်း မတရားလျှင် ရဟန်းတို့က ဝင်ရောက်စွက်ဖက်လာကြသည်ကိုလည်း တွေ့ရ၏။ မင်းတွင် အခက်အခဲရှိလျှင်လည်း ရဟန်းတော်တို့ မနေသာပါ။ ထင်ရှားသော သာဓကတစ်ခုမှာ ပျက်စီးအံ့သော နိုင်ငံကို ကယ်တင်ရန် ခရစ်နှစ် ၁၂၈၅ ၌ တရုတ်နိုင်ငံ **တယ်တု**သို့ သျှင်ဒိသာပြာမုက်သွား၍ စစ်ပြေငြိမ်းရေး စေ့စပ်ရပါသည်။ မင်း၏ ဆန္ဒနှင့် ရဟန်းတော်တို့ ဆန္ဒဆန့်ကျင်လျက် နေလျှင် မင်းက အလျှော့ပေးမြဲဖြစ်ရာ၊ ရဟန်းတို့ မည်မျှ သတ္တိရောက်သည်ကို သိသာပါသည်။ ဤအထောက်အထားများအရ အလယ်ခေတ် မြန်မာ အုပ်ချုပ်ရေးသည် စည်းစံနစ်ကောင်းစွာ ဖွဲ့စည်းထားကြောင်း သိသာပါသည်။

# ပုဂံခေတ်ကုန်အထိ မြန်မာနိုင်ငံ၌ ရောက်ရှိနေထိုင်ကြသော မွန်လူမျိုးများ†

ပထမဦးစွာ ကျေးဇူးတင်ဝန်ခံစကား ပြောလိုသည်မှာ ရှေးဦးမွန်တို့၏ အကြောင်းကို ပါမောက္ခ စီအိုဘလက်ဒန်၊ ပါမောက္ခ ဒူရွိုင်ဇယ်နှင့် ပါမောက္ခ ဂျီအိပ်ချ်လုစ်တို့က အများဆုံး သုတေသန ပြုခဲ့ကြရာ၊ ထိုဆရာကြီးတို့၏ တွေ့ရှိချက်များစွာကို ယခုစာတမ်း၌ ယူငင်သုံးစွဲ၍ ထားပါသည်။

ရာဇဝင် သုတေသနတွင် ခေတ်ပြိုင်မှတ်တမ်းသည် အားအကိုးရဆုံး ဖြစ်၏။ မြန်မာနိုင်ငံကဲ့သို့သော အရပ်ဒေသတွင် လွန်ခဲ့သော အနှစ် ၈၀၀ ကအကြောင်းကို သိလိုလျှင် ထိုခေတ်အခါက ရေးထိုးခဲ့သော ကျောက်စာသာလျှင် အားကိုးရာရှိ၏။ ပေပုရပိုက်တို့ကား တစ်ခါက ရှိမည်ဖြစ်သော်လည်း ရာသီဥတု စသည်တို့ကြောင့် ဖတ်မှတ်စရာ မကြွင်းကျန်နိုင်ချေ။ အကယ်၍ ထိုထက် ရှေးကျသော ခေတ်ကာလ၏ အကြောင်းခြင်းရာကို သိလိုပါမူ ရေးထိုးပြီး ကျောက်စာလည်း ပြောပလောက်အောင် မကျန်ရစ်သဖြင့် သုတေသနပြုရန် အစရှာ၍ မရနိုင်သကဲ့သို့ ရှိချေသည်။ ယင်းအခါ၌ အားကိုးရာကား မြေ၌

---

† ရန်ကုန်တက္ကသိုလ် လူမှုရေးသိပ္ပံ အဆောက်အဦ အခန်း ၈ ၌ (၂၉-၀၁-၆၀) ဦးဝါယမ သဘာပတိပြုလျက် ကျင်းပသော ရန်ကုန်တက္ကသိုလ် မွန်ကျောင်းသားဟောင်းများအသင်း အစည်းအဝေး၌ ဟောပြောသည်။ ရှုမဝ ဧပြီ၊ ၁၉၆၀၊ စာမျက်နှာ ၄၁-၄ နှင့် ရှုမဝ မေ၊ ၁၉၆၀၊ စာမျက်နှာ ၁၇-၂၃။

မြုပ်လျက်ရှိသည့် ရှေးဟောင်းရာဇဝင် သက်သေပစ္စည်းတို့ကို စနစ်တကျ တူးဖော်၍ယူခြင်းပင် ဖြစ်သည်။ အကယ်၍ ငွေ၊ အချိန်နှင့် နိုင်နင်းစွာ ခေါင်း ဆောင်ပြီး တူးနိုင်သူမရှိခြင်းကြောင့် စနစ်တကျ မတူးဖော်ရသေးလျှင် ပါမောက္ခ ဂျီအိပ်ချ်လုစ် အလိုအားဖြင့် ဘာသာစကား ဆင်းသက်ပြန့်ပွားလာပုံကို လေ့လာခြင်းဖြင့် သဲလွန်စ ရရာ၏။

ရှေး မြန်မာနိုင်ငံ၌ မွန်တို့ အင်အားကောင်းသော မုတ္တမပင်လယ်ကွေ့၏ အရှေ့ပိုင်း၌ အထက်ကဆိုခဲ့ပြီးသော သုတေသန၏ အရင်းမူလ အားကိုးရာ ခေတ်ပြိုင်မှတ်တမ်း မရနိုင်ချေ။ မိုးများသော ဒေသဖြစ်၍လည်း ရှေးဟောင်း ပစ္စည်းတို့ တိမ်ကောပပျောက်လွယ်၏။ ရှေးဟောင်းသုတေသနပစ္စည်း တူးဖော် လေ့လာခြင်းလည်း မည်မည်ရရ မလုပ်ရသေးသဖြင့် ဘာသာစကား လေ့လာရေးပင် အားကိုးရာကျန်တော့၏။ ဤတွင်လည်း လွန်ခဲ့သော အနှစ်နှစ်ထောင် အတွင်းက မွန်ဘာသာစကား ပြောသူတို့၏ နေထိုင်ရာအရပ်သည် ဗမာနှင့် ကရင် နောက်ထပ်ဝင်လာသဖြင့် မွန်က နောက်သို့ဆုတ်ခဲ့ရသောကြောင့် မွန် တို့ နေဖူးသည့်နေရာ များစွာ၌ပင် မွန်အမည် အခေါ်အဝေါ်များ တိမ်ကော လျက်ရှိရပြီ။ [illegible] ဓတ္တာပုပ္ပတ္တိ အချို့လည်း သက်ကြီးစကား သက်ငယ်ကြား ရသည့် ပုံပြင်ဝတ္ထု ဖြစ်ခဲ့ရပြီ။

ထို့ပြင် တောင်ဘက် ပင်လယ်ကမ်းရိုးမှာလည်း မြေသစ်ပေါ်၍ ပိုမို ကျယ်ပြန့်လာသောကြောင့် သုတေသနအတွက် အထောက်အကူ မရနိုင်သောမြေ ပို၍လာပါသည်။ ယခု မီးရထားလမ်းကား အကြမ်းအားဖြင့်ဆိုရသော် ရှေး ကမ်းရိုး ဖြစ်ချေမည်။ မွန်တို့လည်း ဤဒေသကို ယခင် နီဂရိတို အနွယ်ဝင်များ ထံမှ လုယူရဟန် ရှိပါသည်။ နီဂရိတိုအမျိုးတို့ မြန်မာနိုင်ငံ၌ နေဖူးသည်ကား မငြင်းနိုင်ချေ။ ရှေးမှတ်တမ်းတို့၌ (ဥပမာ မဟာဝင်) မြန်မာနိုင်ငံအရှေ့တောင် ဘက်ဖြစ်သော သုဝဏ္ဏဘူမိအရပ်တွင် အကြမ်းအားဖြင့် ခရစ်မပေါ်မီ ၂၅၀ ခန့်က ရက္ခ (ရက္ခ)အမည်ဖြင့် လူတစ်မျိုးရှိမည်ဟု မှန်းဆဖွယ်ရှိပါသည်။ ထိုရက္ခမျိုးကား မွန်တို့ တိုက်ထုတ်သဖြင့် နောက်ဆုံး မွန်တို့နေရာ၏ တောင် အရပ်၌ ဆိပန်အမျိုးဟူသော အမည်ဖြင့် ယခုတိုင် ရှိနေကြပါသည်။

ဤတွင် ငါးရာငါးဆယ် ဇာတ်တော်များမှအစ ပါဠိစာပေ၌ ထင်ရှား ပါရှိသော သုဝဏ္ဏဘုမိဟူသည် မည်သည့်အရပ်နည်းဟု တွေးတောကြံဆဖွယ်



ရှိပါသည်။ တော်လမီ၏ မြေပုံ၌ ခရိုရှေကား သုဝဏ္ဏဘုမိပင် ဖြစ်၏။ သိန်းခိုရေး ရာဇဝင်များဖြစ်သော လေးရာစုနှစ် ဒီပဝင်နှင့် ခြောက်ရာစုနှစ် မဟာဝင်တို့၌လည်း သုဝဏ္ဏဘုမိကို ဗုဒ္ဓသာသနာ၏ အခြေခံအရပ်ဟူ၍ ညွှန်းပြန်သည်။ ယင်း သုဝဏ္ဏဘုမိကား သထုံမဟုတ်ဟူ၍ ပါမောက္ခလုစ်က ရဲရဲဝံ့ဝံ့ ဆိုပါသည်။ (မော်လမြိုင် တောင်ပေါက်ဆရာတော် ပြောသည့်အတိုင်း သုဝဏ္ဏဘုမိကား RO Java ဟု အမှန်အတိုင်းကို ရဲရဲဆိုဝံ့သူကား မရှိသလောက်ရှားသွားပါပြီ) သထုံ၏ အနောက်မြောက်ဘက် မိုင် ၃၀ ခန့်အကွာ၌ ကေလာသ ကျောက် တောင်စွန်း ရှိပါသည်။ ထိုတောင်စွန်း၏ တောင်ပေါ်တောင်အောက် တစ်ဝိုက် သာလျှင် သုဝဏ္ဏဘုမိ မြို့ဟောင်းရာဟု တပ်အပ်သေချာ ပြောပါသည်။ ရှေးကျ လျက် ကျော်စောထင်ရှားသော အရပ်ဖြစ်ရကား ခရစ်နှစ် ၁၀၉၈ က ထီလိုင်မင်က အမိန့်တော်ဖြင့် ရှေးစေတီတော်နှစ်ဆူကို လာ၍ ပြုပြင်ပါသည်။ ၎င်းစေတီကား တောင်စွန်းမြောက်ဘက် သုံးမိုင်ကွာရှိ ကျောက်တောဘုရားနှင့် ကေလာသတောင် ခြေမှ အယက်သမရှိ ကျောက်တလင် မြသိန်းတန်စေတီတို့ ဖြစ်ပါသည်။ နောင်အခါ ခရစ်နှစ် ၁၄၈၅–၈၆ တွင် ရေးထိုးသော ရာမာဓိပတိမင်း၏ ပဂိုးကလျာဏီ သိမ်တော်ကျောက်စာ၌ ထိုဒေသ၏ အကြောင်းကို အသေးစိတ် ဖော်ပြပါရှိပါသည်။

အထက်ဖော်ပြပါ ဝင်ဂနှင့် အယက်သမအရပ် တိုက်ကုလားမှ မောင်း နှင်လိုက်လျှင် ရက္ခ (ရက္ခ) အမျိုးတို့သည် တောင်ဘက်သို့ ခိုဝင်လျက် ဘီးလင်း မြစ်ဝ၌ သထုံကို တည်ထောင်နေထိုင်ကြဟန် ရှိပါသည်။ မကုတမင်း၏ ၁၁ ရာစုနှစ် ကျောက်စာအရ သထုံကို ထိုစဉ်အခါက ရက္ခပုရ ဘီလူးမြို့ဟု ခေါ်တွင်ကြောင်း သိရပါသည်။ ထိုရက္ခပုရမှ ဘီလူးမျိုးတို့ တောင်ဘက်သို့ တစ်ဖန် ဆုတ်ခွာရပြန်လျှင် သံလွင်မြစ်ဝ ဘီလူးကျွန်း၌ ခိုဝင်ကြဦးမည်ဟု ထင်ရပါသည်။ ထိုကျွန်း၌ ဆက်လက်၍ မနေနိုင်ပြန်လျှင် မလေးကျွန်းဆွယ် ဘက်သို့ ဆင်းပြေးလျက် "စလုံ" စသည့် ပင်လယ်စပ်ကျွန်းငယ်တို့၌ လှည့်လည် သွားလာမြဲဖြစ်သော လူမျိုးတို့ ဖြစ်လာကြရ၏။ ဤတွင် ရက္ခတို့ ဆုတ်ခွာ ထွက်ပြေးလေသည်ဟု အချုပ်ကိုဆိုသော်လည်း မဆုတ်ခွာမီ ပြင်းထန်သော အပြန်အလှန် တိုက်ပွဲများ ရှိဦးမည်ဖြစ်၍ ခရစ်နှစ်၏ ရှေးဦးရာစုနှစ်များ၌ တိုက်ပွဲမှာ အထူးပြင်းထန်ဟန်ရှိ၏။ တောင်အရပ်မှ တက်လာသော ရှေးနိုင်း

သားတို့နှင့် မြောက်နှင့် အရှေ့အရပ်မှ ဆင်းလာသော ကုန်းတွင်းသားတို့၏ ရန်ပွဲသက်သေခံများ ကျန်ရစ်ပါသည်။ တွံတေးမှ အရှေ့တောင်သို့ ဖြန့်လျက် ဘီလင်းမြစ်ဝမြောက်ဘက် မုသင်အထိ ခံတပ်ဟောင်းများ ရှိနေပါသည်။ ခံတပ် တိုင်း၌ ကျုံးပတ်လည်ရှိသည်။ အလယ်ခက်မှ အကွာအဝေးညီ တံတိုင်းအမြင့် သုံးဘက်ရှိသည်။ ခံတပ်အလယ်၌ ကုန်းမြင့်ငယ်ရှိ၏။ ယင်းကား ဤအရပ်မှ ခံတပ်အများ၏ ပုံစံဖြစ်ပါသည်။ တွံတေးအနီး ရွှေဆံတော် တောင်ဘက်မှ ခံတပ်ကား ရှေးအကျဆုံး ခံတပ်ဖြစ်ဟန် ရှိပါသည်။

အခြားထူးခြားချက် တစ်ရပ်ကား ဤဒေသရှိ ပင်ရင်းထွက် ဂဝံကျောက်များကို ရေမြောင်းများ၊ လေးထောင့်ရေတွင်းများ၊ တိုင်များ၊ အောက်ခံများ၊ တံတိုင်းများနှင့် ရှေးအကျဆုံးစေတီများ၌ သုံးစွဲထားခြင်းဖြစ်ပါသည်။ နောက်မှ တဂဲပါလေ့မရှိသော ဂဝံကျောက်ထု ဗုဒ္ဓဆင်းတုတော်များကို တွံတေးမှ မော်လမြိုင် ထိ နေရာများစွာ၌ တွေ့နိုင်ပါသည်။ ရက္ခအမျိုးမှ ဗုဒ္ဓဝါဒီတို့ကလည်း ဂဝံကျောက် ကိုပင် သုံးစွဲ၍ ဘုရားဆင်းတု၊ ကျောက်ထီး၊ ကျောက်ပလ္လင်၊ ကျောက်တိုင်များကို ထုလုပ်၍ ထားခဲ့ပါသည်။ နမူနာအားဖြင့် ဇုက်သောက်အရပ်၌ ဗုဒ္ဓဝါဒီ ရက္ခတို့ ၏ များစွာသောလက်ရာတို့ကို အံ့သြဖွယ် တွေ့ရှိနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ကျောက်စာပေါ်သည်ဟု ဆိုရသော်လည်း ယခု ကျွန်ုပ်တို့ လေ့လာဆဲဖြစ်သော ခေတ်ကာလအတွက် မရှိချေ။ သို့သော် ရခိုင်တွင် သင်္သကရိုက် ကျောက်စာအချို့နှင့် ဧရာဝတီမြစ်ဝှမ်းမှ ပျူ ကျောက်စာ အချို့မှလွဲ၍ မြန်မာနိုင်ငံ၌ ရှေးအကျဆုံး ပေထက် ကျောက်ထက်အက္ခရာ တင်နိုင်သည့် ဘာသာစကားမှာ မွန်ဘာသာပင် ဖြစ်ပါသည်။ ရှေးအကျဆုံး မွန်ကျောက်စာကို မြန်မာနိုင်ငံတွင် မတွေ့ရချေ။ ဖြပထောမ်၌ တွေ့ရသော မွန်ကျောက်စာကို ပြင်သစ်ပညာရှင် ဆာဒေစ်က "ခြောက်ရာစုနှစ်ကုန် ခုနစ် ရာစုနှစ်ဦး"က ဖြစ်မည်ဟု မှန်းထားပါသည်။ လက်ရေးလက်သားမှာမူ ကမ္ဘောဇတွင် တွေ့ရသော ရှေးအကျ ဆုံး ကျောက်စာများ၏ လက်ရေးအတိုင်းပင် ဖြစ်သည်ဟုဆိုသည်။ ဘာသာစကား တွင် မွန်နှင့် အနွယ်တူသော ကမ္ဘောဇမှ ခမာတို့ကား ကျောက်စာများ ထားရစ်သော် လည်း ကျွန်စာရင်း စသော အသေးအဖွဲများမှလွဲ၍ သင်္သကရိုက်နှင့် အရေးများ၏။ မွန်တို့ကမူ မိမိဘာသာစကားဖြင့်ပင် ကျောက်စာထားခဲ့၏။ သို့သော် မွန်ကျောက်စာ တို့ကား ပုဂံခေတ် တစ်ဆယ့်တစ်ရာစုနှစ်တွင်မှ ပိုမိုများပြားလာသဖြင့် ခေတ်ဦးပိုင်း



အတွက် အထောက်အကူ မရလှချေ။ အထက်က ဖော်ပြပြီးသည့်အတိုင်း ခေတ်ပြိုင် ကျောက်စာလည်း မရှိသည့်အခါ လည်းကောင်း၊ ရှေးဟောင်းသုတေသန တူးဖော် ခြင်းလည်း ပြောပလောက်အောင် မရှိသည့်အခါများ၌ လည်းကောင်း၊ ဘာသာ စကားကို လေ့လာရာ၏ ဟူသည့်အတိုင်း ပါမောက္ခလုစ်က လေ့လာခဲ့၍၊ ဆရာကြီး တွေ့ရှိသမျှအချက်အလက်များကို ပုံနှိပ်ပြီး အများလေ့လာရန် စာတမ်း စာအုပ် တစ်စုံတစ်ရာ မရှိသေးသောကြောင့် အများလေ့လာ ဝေဖန် နိုင်စိမ့်သောငှာ ယခု တစ်ဆင့်တင်ပြလိုက်ပါမည်။

မွန်နှင့် ခမာ ဘာသာစကားများသည် **အနမ်** တောင်ရိုးတစ်လျှောက် တွင် မှီတင်းနေထိုင်သူများ၏ ဘာသာစကားနှင့် ဆင်ဆင်ဖြစ်၏။ မလေး ကျွန်းဆွယ် အလယ်ပိုင်း **စကဲ** စကားတို့နှင့်လည်း ဆင်၏။ **နစ်ကိုဘာကျွန်း** များမှ ကာလကြာမြင့်စွာ အပြင်လောကနှင့် အဆက်ပြတ်၍ နေခဲ့ရသူတို့၏ ဘာသာစကားနှင့်လည်း အကြမ်းသဘောအားဖြင့် အသင့်အတင့် တူညီချက်များ ရှိပါသည်။ ထိုနည်းတူစွာ မြန်မာနိုင်ငံတွင်းသို့ နောက်မှ မြောက်အရပ်က ပေါက်ရောက်လာကြ၍ သျှမ်းပြည်နယ်များနှင့် လွမ်ပရဗမ်တို့မှ ဝ၊ ပလောင်၊ ရိယန် အစုနှင့်လည်း တူညီချက်များ ရှိပါသည်။ အိန္ဒိယတွင် မဏိပူရအနောက် ဘက်မှ **ခဆီ**တို့နှင့် လည်းကောင်း၊ အိန္ဒိယ အလယ်ပိုင်းကုန်းမြင့်ဒေသမှ **မုန်ဒ**တို့နှင့် လည်းကောင်း၊ အရှေ့မြောက်ဘက် **စန်တလိ**နှင့် **မိန်ဒရိ**တို့ အပါအဝင် **ဆေရိ**တို့နှင့် လည်းကောင်း၊ အနောက်မြောက်စွန်းဆီမှ **ကုရ်ကု** တို့နှင့် လည်းကောင်း၊ တောင်ဘက်မှ **စဗာရ်**နှင့် **ဂဒဗ**တို့နှင့် လည်းကောင်း၊ ရှေးရှေးက အဆက်အသွယ် မုချရှိရမည် ဖြစ်ပါသည်။ တောင်ဘက်ဘာသာ စကားစုများ (Austric Family) တွင် ကုန်းပိုင်း တောင်ဘက်ဘာသာ စကားစု (Austroasiatic Sub Family) နှင့် ရေပိုင်း တောင်ဘက် ဘာသာစကားစု (Austronesian Sub Family) ဟူ၍ နှစ်မျိုးတွင် ပါမောက္ခ စီအိုဘလက်ဒန်က အထူးသဖြင့် မလေးကျွန်းဆွယ်မှ စကဲ၊ ဆေမန် (နီဂရိတို)နှင့် ဇကုန် (မလေး) ဘာသာစကားတို့နှင့် အထက်က ဖော်ပြပြီးခဲ့သော ဘာသာစကားတို့ ဆက်သွယ် ခြင်းရှိပုံကို ဖော်ပြရေးသားဖူးပါသည်။ (ထို့ပြင် အများသိကြသည့်အတိုင်း အဆိုပါ ဆရာကြီး၏ ဂုဏ်ကျေးဇူးကြောင့် ယခုအခါ ကျွန်တော်တို့ ရှေးမွန် ကျောက်စာများကို ဖတ်တတ်ခြင်းဖြစ်ပါသည်။)

မွန်–ခမာဟု အတွဲပြု၍ ခေါ်ဝေါ်လေ့ရှိကြသော်လည်း ဘာသာစကား တူသဖြင့်သာ တွဲရသည်။ လူမျိုးအရ မဆက်စပ်ကြောင်း တွေ့ရပါသည်။ မလေးကျွန်းဆွယ် မြောက်ဘက်မှ မွန်–ခမာ စကားလုံးများ သုံးစွဲနေသော ဆေမန်တို့ကား နီဂရိတိုများဖြစ်၍ စကဲနှင့် အနီးအပါး လူစုကား တောင်ဘက် လူမျိုး (Australoid) များ ဖြစ်သည်။ သို့သော် မွန်နှင့် ခမာ လူမျိုးတို့ကား မွန်ဂို အနွယ်ဝင်များဖြစ်၍ ဝ၊ ပလောင်၊ ရိယန်တို့မှာ မွန်ဂို အနွယ်ဝင် များသော်လည်း၊ ဝတို့၌ တောင်ဘက်အမျိုး (Australoid) ရောနှောမည်ဟု သံသယ ရှိသည်။ အဆိုပါ ဘာသာစကားဆက်သွယ်သည့် အနမ်တောင်ရိုးမှ အိန္ဒိယ အရောက် လူမျိုးတို့၏ စကားလုံးများကိုယူ၍ တိုက်ဆိုင်လျက် ပါမောက္ခလုစ်၏ ယာယီ ဆုံးဖြတ်ချက်အချို့ကို အများ ဝေဖန်သာအောင် တင်ပြသင့်သည်ဟု ထင်ပါသည်။

ယင်းသို့ လေ့လာရာ၌ ဘာသာစကား ပျံ့နှံ့ရာ လမ်းကြောင်းသည် အနောက်မှ အရှေ့သို့ မဟုတ်မူ၍၊ အရှေ့မှ အနောက်သို့ သွားသည်ဟု တွေ့ရှိ၏။ စကားလုံး တိုက်ဆိုင်ပုံမှာ အရှေ့ဘက်၌ ပို၍ အနောက်သို့ လျော့နည်းသွားသဖြင့်၊ ဤသို့ မှတ်ချက်ချနိုင်ခြင်း ဖြစ်ပါသည်။ အရှေ့မှ အနောက်သို့ မည်သို့သော နည်းဖြင့် ပျံ့နှံ့သွားနိုင်ပါသနည်းဟူသော ပြဿနာကား ရာဇဝင်နည်းအရ အဖြေရှာရမည့် ပြဿနာဖြစ်ပါသည်။ လူဦးရေတိုးသဖြင့် အနေချဲ့လျှင် ယခု လောက် အနှံ့အပြားဖြစ်ရန် ခဲယဉ်းပါသည်။ ယင်းသို့ လူစုခွဲ၍ ရေကြည်ရာ မြက်နုရာ ရှာကြသောအချိန်မှာ ခရစ်တော်မပေါ်မီ အနှစ်နှစ်ထောင်တွင်းက ဖြစ်မည်ထင်ရပါသည်။ ဤသို့ အလွန်ကျယ်ပြန့်သော မြေပြင်၌ အလွန်လျင်မြန်စွာ ဖြန့်၍ သွားရောက်နေထိုင်ကြခြင်း၏ ပဓာန အကြောင်းရင်းတွင် စပါး စိုက်ပျိုး ရေးသည် ပဓာန အကြောင်းရင်းအဖြစ်ဖြင့် ပါဝင်သည်ဟု ပါမောက္ခလုစ်က ယူဆသည်။ စပါး စိုက်ပျိုးရေးဆိုရာ၌လည်း မိုးရေသောက်လယ်ကို အကြီး အကျယ် စိုက်ပျိုးခြင်းကို ဆိုလိုပါသည်။ ဤသို့ အကြီးအကျယ် စိုက်ပျိုးရန် မိုးကောင်းသော မြစ်ဝှမ်း မြစ်ဝရှိသမျှကို လျင်လျင်ထက်ထက် နေရာယူ၍ လယ်လုပ်ကြမည်ဖြစ်သောကြောင့် အလွန်ဝေးကွာသော အရပ်များသို့ ကာလ အပိုင်းအခြား အနည်းငယ်အတွင်း ပေါက်ရောက်အောင် သွားကြရခြင်းဖြစ်သည်ဟု ဆိုလိုသည်။ ဤတွင် ဆက်စပ်၍ စဉ်းစားရန် အချက်များကား ယခုအခါ



ကုလားရော တရုတ်ပါ ဆန်စားကြသော်လည်း အာယန်တို့သည် အိန္ဒိယသို့ ဝင်လာသော ခရစ်မပေါ်မီ ၁၀၀၀ ၌ ဆန်ကို စားသည်ဟု မှတ်တမ်းမတွေ့ချေ။ ဆန်ကို ခရစ်မပေါ်မီ ၃၀၀ တွင်မှ **ပါဏိ** အရောက် အနှံ့အပြား စိုက်သည်။ ထို့အတူ တရုတ်တို့လည်း ခရစ်မပေါ်မီ ၆၀၀ ခန့်တွင်မှ ယန်စီမြစ်ဝတွင် စတင်၍ ဆန်ကို စိုက်ပျိုးသည်ဟု သိရပါသည်။ သို့သော် မွန်–ခမာ ဘာသာ စကား ပြောသူတို့ကား ဆန်ကို ခရစ်မပေါ်မီ ၂၀၀၀ ထက် စောစောကပင် စိုက်ပျိုးနေပြီဟု ယုံကြည်စရာ အကြောင်းများရှိ၍ မြေသြဇာကောင်းသော တောင်ကင်းလွင်ပြင်သည်ပင်လျှင် မိုးရေသောက်လယ် အကြီးအကျယ် စိုက်ပျိုးရာ မူလဒေသဖြစ်၏။ ထိုကမှ မဲခေါင် မဲနမ် ဧရာဝတီ လွင်ပြင်များသို့ ထိုယဉ်ကျေးမှုကြီး ပျံ့နှံ့လာခဲ့သည်။

လယ်ကောင်းသဖြင့် စည်ပင်သာယာဝပြောကြမည် ဖြစ်ရကား နယ်မြေ လုယူခြင်းများလည်း များစွာရှိမည် ဖြစ်ပါသည်။ ထိုသို့ နယ်မြေလုကြသော အခါ၌ ကမ္ဘောဇနှင့် မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသငယ်ကလေးမှ လွဲ၍ ကျန်နယ်မြေ အားလုံးကို မွန်–ခမာ ဘာသာစကားပြောသူတို့ လက်လွှတ်ခဲ့ကြရ၏။ ပထမဆုံး ဒုက္ခ တွေ့ကြုံရသည့်အရပ်ကား မိုးရေသောက်လယ်၏ ပင်မဒေသ တောင်ကင်း လွင်ပြင်၌ပင် ဖြစ်ပါသည်။ ထိုလွင်ပြင်ကို တောင်ပိုင်း **ဗီယက်** အမျိုးတို့က လုယူလေလျှင် အခြားမြစ်ကြီး လွင်ပြင်များသို့ တိုးဝင်ရန်နေရာလည်း မကျန်သည့် အတူတူ လယ်စိုက်ပျိုးရေး ပညာမထွန်းကားသေးသော အိန္ဒိယသို့ **မြစ်နီ**ကို ဆန်တက်၍ ကုန်းလမ်းမှပင် ရှာဖွေကြိုးစားကာ သွားခဲ့ကြဟန်ရှိသည်။ ဒူးလေး နှင့် ဝါးချွန်ကိုင်သော ထိုသူများသည် ၎င်းလက်နက်တို့ကို အားကိုးလျက် ခရီးဝေးထွက်ခဲ့ကြရ၏။ ယူနန်အောက်ပိုင်းမှ မြန်မာနိုင်ငံ မြောက်ပိုင်းကိုကျော်၍ အာသံအရှေ့ပိုင်းသို့ ရောက်ရှိလျက် လယ်စိုက်ပျိုးခွင့် ရကြပြီးမှ တစ်ဖန် ရန်သူ ပေါ်ပြန်သဖြင့် **ခါစီ**တောင်များဘက်သို့ ခိုဝင်ကြရပြန်၏။ အချို့လည်း **မဂဓ** နှင့် ဂင်္ဂါမြစ်ဝှမ်းတိုင်အောင် ပေါက်ရောက်လျက် လယ်စိုက်ပျိုးနေထိုင်ကြရာမှ အရိယတို့ ပေါ်လာပြန်သဖြင့် တောင်ဘက်အလယ်ပိုင်း ကုန်းပြင်မြင့်သို့ မောင်း ထုတ်ခြင်း ခံရသည်ဖြစ်မည်။ ဤနေရာတွင် မွန်–ခမာ ဘာသာစကား ပြောသူတို့ ဒေသ တစ်ခုမှတစ်ခုသို့ ရွှေ့ပြောင်းခြင်းကား အေးချမ်းသာယာစွာ အလီလီ ရွှေ့ပြောင်းကြခြင်းဖြစ်၍ စစ်ချီ စစ်တက်ပုံမျိုး မဖြစ်နိုင်ချေ။

မြန်မာနိုင်ငံအောက်ပိုင်း၌ အစပထမတွင် မွန်တို့သည် နေရာအားလုံးကို သိမ်းပိုက်၍ မထားနိုင်ခဲ့ပါ။ ၎င်းတို့ထက်စော၍ ရောက်နှင့်နေသော ဆေမန်နီဂရိတို့နှင့် စကဲခေါ် တောင်ဘက်လူမျိုးတို့ ရှိနေကြပါသည်။ ယင်းသို့ အပြိုင်ရှိနေရသည့်အတွင်း၌ မလေးလူမျိုးတို့ကလည်း ခရစ်နှစ်အစလောက်ရောက်လျှင် **စုမတြ**တွင် အခြေစိုက်၍ အရှေ့အာရှ တောင်ဘက်ကုန်းပိုင်း၌ တိုင်းပြည်တည်ထောင်ကြရာ၊ မြန်မာနိုင်ငံ အောက်ပိုင်းသို့လည်း လာရောက်ကြလျက်ရှိနှင့်ပြီးသော နီဂရိတိုတို့နှင့် ပူးပေါင်း၍ မွန်တို့နှင့် အားပြိုင်ကြသည်။ မြန်မာနိုင်ငံ ပင်လယ်ကမ်းခြေ၌ မလေးအမျိုးအနွယ်ဝင်တို့ လာရောက်၍ အခြေစိုက်ကာ မြို့ရွာနယ်ပယ် ထူထောင်သည်ဟု ယူဆရာ၏။ ဘာသာစကား ရောနှောခြင်းရှိသည်ကို သက်သေအဖြစ်ဖြင့် ပြနိုင်ပါသည်။ သို့သော် အံထက်က ဖော်ပြပြီးသည့်အတိုင်း မွန်ကို မနိုင်သဖြင့် နီဂရိတိုရော မလေးပါ မြန်မာနိုင်ငံ အောက်ပိုင်းမှ ဆုတ်ခွာ၍ သွားကြရလေသည်။

ဤသို့အားဖြင့် မြန်မာနိုင်ငံအောက်ပိုင်းဖြစ်သော **ရာမညဒေသ**၌ ဗုဒ္ဓသာသနာ မထွန်းကားမီ အချိန်ကာလ ကြာမြင့်စွာကပင် ယဉ်ကျေးမှု ထွန်းကားလျက် မွန်-ခမာ ဘာသာစကား ပြောသူတို့က အရှေ့မြောက် အိန္ဒိယကို မိုးရေသောက်လယ် အကြီးအကျယ် စိုက်ပျိုးနည်းပညာကို ပေးခဲ့၍ အရှေ့မြောက် အိန္ဒိယက ဗုဒ္ဓသာသနာကို ရရှိကြမည်ဟု ထင်မှတ်ဖွယ်ရှိကြောင်း ပါမောက္ခလုစ်က ပြောဟောခဲ့ဖူးပါသည်။ ဖော်ပြခဲ့ပြီးသည့် မွန်တို့၏ ခေတ်ဦးရာဇဝင်၌ အစဉ်အလာ မှတ်သားထားသော ရာဇဝင်နှင့် မညီမညွတ်ရှိမည့် အကြောင်းအချက်များစွာပါမည်ဟု နားလည်ပါသည်။ သို့သော် သဘောအချုပ်ကို ပညာရှင်အများ ဝေဖန်ပိုင်းခြား ဆုံးဖြတ်သာအောင် တစ်ဆင့် တင်ပြရခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း၌ မွန်တို့ စတင်နေထိုင်မိလျှင် မြန်မာနိုင်ငံတွင်းရှိ အခြားသော လူမျိုးစုများအပေါ်၌ မွန်ယဉ်ကျေးမှုသည် မကြာမီ ပျံ့နှံ့၍ လာပါတော့သည်။ ဆိုခဲ့ပြီးသည့်အတိုင်း မွန်တို့သည် ဆန်ကို မိုးရေသောက်လယ်နှင့် အကြီးအကျယ် စိုက်ပျိုးနည်းကို တတ်ကျွမ်းသူများ ဖြစ်ရကား၊ ဤပညာရပ်တွင် ဆရာများ ဖြစ်လာကြ၏။ အောက်မြန်မာနိုင်ငံ၌ ရက္ခတို့ကို နှိမ်နင်း၍ အခြေစိုက်နိုင်သည်မှာ ခရစ်တော်မပေါ်မီ အနှစ် ၂၀၀ ခန့်ကပင်ဖြစ်သော်လည်း၊ မွန်တို့သည် မိမိတို့ ဝင်ရောက်လာရာ အရှေ့ဘက်ဒေသများနှင့် အဆက်အသွယ်



လွယ်ကူစိမ့်သော၎ာ၊ မြန်မာနိုင်ငံ၏ အရှေ့တောင်၌သာ ဆက်လက်၍ အနေများပါသည်။ စင်စစ်အားဖြင့်လည်း ယခု ယိုးဒယားနိုင်ငံကား မွန်တို့၏ အချက်အချာဒေသ ဖြစ်၏။ မွန်နိုင်ငံတော်ဖြစ်သော **ဒွါရာဝတီ**နှင့် မြို့တော် **လဝပူရ** (လောပ္ဗုရိ)တို့သည် ခုနစ်ရာစုနှစ်၌ တန်ခိုးကြီးမားဆုံးသောအခါ ဖြစ်ပါသည်။ လဝပူရမြို့တော်သည် မဲနမ်မြစ်အောင်ပိုင်း၌ရှိ၍ နောင်အခါ ယိုးဒယားမြို့တော် **အာယုဒ္ဓ**နှင့် များစွာ မကွာလှပါ။ ၎င်းမှတစ်ဆင့် ယိုးဒယားမြောက်ဘက်၌ **ဟရိပုဥ္စယ** (ယခု လန်ဖုန်)ကို တည်ထောင်ကြပြန်သည်ဟု အစဉ်အလာ ပြောဆိုကြပါသည်။

အဆိုပါ ခုနစ်ရာစုနှစ်၌ မြန်မာနိုင်ငံတွင်း အခြေအနေကို အနည်းငယ်သုံးသပ်ရန် လိုပါသည်။ တိဘက်မှ မြန်မာအနွယ်ဝင်တို့သည် မြန်မာနိုင်ငံတွင်းသို့ မြောက်ဘက်မှ ဝင်လာကြရာ၌ ခေါင်းဆောင် ရှေ့ပြေးဖြစ်သော ပျူသည် မွန်တို့နေရာ၏ အနောက်ဘက်ဖြစ်သော ဧရာဝတီမြစ်ဝှမ်း၌ အခြေစိုက်မိ၍ မြစ်ဝကျွန်းပေါ်၏ ထိပ်ဖြစ်သော ပြေမြို့အနီးအပါး၌ ဂြိုကွေ့တြမြို့တော်ကြီးကို ခရစ်နှစ် ၆၃၈ တွင် တည်ဆောက်မိကြ၏။ မြို့၏ **ဝိကြမ**အမည်ခံ မင်းဆက်၏ နောက်ဆုံးမင်းဖြစ်သော **သီဟဝိကြမ**သည် ခရစ်နှစ် ၇၁၈ ၌ ပျံလွန်ခဲ့သည်။ (ရှေးဟောင်း သုတေသန နောက်ဆုံးတွေ့ရှိချက်များအရ **ဟရိဝိကြမ** ခရစ်နှစ် ၁၂၀ လွန်၊ **သီဟဝိကြမ** ခရစ်နှစ် ၁၂၃ လွန်၊ **သူရိယဝိကြမ** ခရစ်နှစ် ၁၄၃ လွန်၊ **အာဒိကျဝိကြမ** ခရစ်နှစ် ၁၆၃ လွန်ဟူ၍ ပြင်ဆင် ဖြည့်စွက်မှတ်ယူရပါမည်။) ထို့နောက်၌ ပျူ အင်အားစု ပြိုကွဲလေရာ ကရင်လူမျိုးတို့၏ ရန်စစ်ကြောင့်ဖြစ်မည်ဟု တွေးတောကြံဆဖွယ် ရှိပါသည်။ မြန်မာနိုင်ငံအောက်ပိုင်းရှိ သိရိခေတ္တရာမှာပင် ပျူတို့ နန်ကျောင် လာရောက် တိုက်ခိုက် ဖျက်ဆီးသည့် ခရစ်နှစ် ၈၃၂ ထိ နေကြပါသည်။ ထိုမြို့၏ ခရစ်နှစ် ၈၀၀ ခန့်က အခြေအနေကို တရုတ်မှတ်တမ်းများ၌ ရေးသားဖော်ပြပါရှိသည်ကို တွေ့ရပါသည်။ (ပျူနိုင်ငံဟု ခရစ်နှစ် ၅၀၀ က ၈၃၂ အထိ ထွန်းကားခဲ့ရာ ယင်းပျူနိုင်ငံတွင် မွန်တို့ကိုလည်း သိမ်းသွင်းနိုင်ခဲ့သဖြင့် ခရစ် ငါးရာစုနှစ်က ကိုးရာစုနှစ်ဦးအထိ ပထမ မြန်မာပြည်ထောင်စုဟူ၍ပင် သတ်မှတ်နိုင်ပါသည်။) ဤကာလအတွင်း၌ သျှမ်းအမျိုးစုမှ နန်ကျောင်တို့အနောက် ယူနန်၌ တန်ခိုးကြီးစပြု၍ မြန်မာနိုင်ငံသာမက တရုတ်နှင့် တိဘက်နိုင်ငံများလည်း ရံဖန်ရံခါ နှောင့်ယှက်စပြုပါသည်။ ခရစ်နှစ်

၈၃၂ တွင် နန်ကျောင် တိုက်ဖျက်သဖြင့် ပျူတို့မြို့တော် ပျက်စီး၍ ခရစ်နှစ် ၈၃၅ တွင် အောက်မြန်မာနိုင်ငံရှိ မွန်မြို့နှစ်မြို့ဟု မှန်းဆရသော မြို့နှစ်မြို့ကိုလည်း ဖျက်ဆီး၍သွားပါသည်။

ဤနည်းဖြင့် ပျူ အင်အားစုနှင့် မွန်အင်အားစုတို့ ဆုတ်ယုတ်ပျက်စီးချိန်တွင်မှ နောင်အခါ ဗမာဟု ထင်ရှားလာမည့် လူမျိုးစုသည် မြန်မာနိုင်ငံတွင်းသို့ ဝင်သည်ဟု ယူဆပါသည်။ ဗမာတို့ကား တရုတ်မင်းဆက်နှင့် တိဘက်တို့၏ ရန်ပွဲကြားမှ ဖျက်ဆီးလုယက်ခြင်း မကြာခဏ ခံရသဖြင့် တောင်အရပ်သို့ တိုးဝင် ခိုအောင်းသူများဖြစ်၍ လောလောဆယ်အားဖြင့်လည်း နန်ကျောင်တို့ ရက်စက်ခြင်းဘေးမှ လွတ်စေတော့ဟု မြန်မာနိုင်ငံ မြေပြန့်အရပ်သို့ ဖွတ်ဝင်လာသူများ ဖြစ်၏။ သျှမ်းကုန်းမြေမြင့်ကိုကျော်၍ နတ်ထိပ်တောင်ကြားလမ်းမှ ကျောက်ဆည်ခရိုင်၏ အရှေ့တောင်ထောင့်မှ ဝင်လာကြလျက် မူရင်း နေထိုင်မြဲ မွန်တို့ထံမှ ကျောက်ဆည်ဒေသကို ဝင်ရောက်ကာ စတင် အခြေချသည်ဟု ဆိုရပေမည်။ မွန်တို့၏ အများစုသည် ယခုကဲ့သို့ ဗမာ ရောက်လာသဖြင့် **စမုံ**စစ်တောင်းမြစ်ကြောင်းတစ်လျှောက် တောင်ဘက်သို့ ဆုတ်ခဲ့ကြဟန် တူပါသည်။ သို့သော် မွန်လူမျိုးစု အတန်ငယ်သည် ကျောက်ဆည်၏ မြောက်ဘက်နှင့် အနောက်ဘက်၌ ယီးဟည်းကျန်ရစ်ခဲ့၏။

ပုဂံခေတ် အလယ်သို့ ရောက်သည့်အခါတွင် ဤအစုမှ မွန်လူမျိုး မဟာထေရ်တစ်ဦးက ရှေးမွန်ဘာသာဖြင့် ကျောက်စာရေးထိုး၍ ထားရစ်သည်ကို တွေ့ရပါသည်။ ထိုကျောက်စာသည် ကျောင်ဆည်တောင်၏ အနောက်မြောက်ဘက်၌ ယခုတိုင် ထင်ရှားရှိနေပါသေးသည်။ ကျောက်ဆည်၏ အနောက်မြောက် ဖြစ်သော မြစ်ငယ်နှင့် **စမုံ** ဆုံဆည်းရာ၌ရှိသော **ခမ်လှူ** သို့မဟုတ် **ခဂူ** အပါအဝင် **တန်လှိုင်ရွာမ** နှင့် **မွန်ခရိုန်**အကြောင်းကို မြန်မာကျောက်စာများ၌ မကြာခဏ ရေးသားပါရှိသည်ကို တွေ့ကြရပါသည်။ ဤကျောက်ဆည် အရပ်၌ပင် မွန်ဓလေ့များစွာကို ဗမာတို့က ရရှိသည်ဟု ထင်ရပါသည်။ ဗမာတို့သည် ဗုဒ္ဓသာသနာကို မွန်တို့ထံမှ ထပ်မံ ရရှိမည်ဖြစ်သော်လည်း၊ ယခု ပျူတို့နှင့် ရောနှောယှက်ထင်နေရသဖြင့် ပျူတို့ထံမှလည်း ဓလေ့များစွာ ရရှိသည်ဟု ယူလျှင်လည်း သင့်မြတ်သော အယူအဆ ဖြစ်သည်ဟုပင် ဆိုရပေမည်။ မွန်ဓလေ့ကို ဗမာတို့ လိုက်နာကျင့်သုံးခြင်းများကြောင့် သက်သေအားဖြင့် ထင်ရှားပြရ



လျှင် စာပေရေးသားနည်းပညာတွင် ဗမာတို့သည် ဘာသာစကားနှင့် လူမျိုးအားဖြင့် အနွယ်တူဖြစ်သော ပျူတို့ကို ဆရာမတင်ဘဲ မွန်ကိုသာ ဆရာတင်၍ ရေးနည်းအတိုင်း ရှေးမြန်မာစာကို စတင်ရေးသားသည်ကိုတွေ့ရပါသည်။ နောင် အနှစ်နှစ်ရာကြာသည့်အခါတွင်မှ မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးသို့ တိုင်အောင် မြန်မာတို့နယ်ချဲ့၍ နောက်ထပ် မျိုးခြားဓလေ့များစွာကို ရယူသည်မှန်သော်လည်း ယခုရှေ့ပိုင်းမှစ၍ ကျောက်ဆည် မွန်တို့ထံမှ ဗြာဟ္မဏဝါဒနှင့် ဗုဒ္ဓဝါဒကို စတင်၍ ရလေပြီဟုလည်း ဆိုလိုပါသည်။

ရှေးမြန်မာတို့ ဝေါဟာရတွင် သာသနာ ယုံကြည်မှုဆိုင်ရာ ဝေါဟာရများ၊ အုပ်ချုပ်ရေးဆိုင်ရာ ဝေါဟာရများ၊ လက်မှုပညာဆိုင်ရာ ဝေါဟာရများကို မွန်တို့ထံမှ ရယူသည်ဟု သိရသဖြင့် ထိုယဉ်ကျေးမှုဆိုင်ရာတို့၌ ဗမာတို့ ဆရာကား မွန်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ကျောက်ဆည် တစ်ဆယ့်တစ်ခရိုင်မှ ဗမာတို့သည် ပေါင်လောင်နှင့် ကရင်တို့လက်မှ မင်းဘူးခြောက်ခရိုန်ကို ပြန့်ပွားလာကြသည်။ ပြီးမှ ပျူနှင့် သက်တို့နေရာ မူးနှင့် ဧရာဝတီမြစ်တို့၏ မြောက်ပိုင်းကို ဆန်တက်၍ တကောင်းအရောက် မြေနေရာကို လည်းကောင်း၊ အနောက်အရပ်၌ ယောနှင့် ချင်းတွင်းကို ဆန်တက်၍ နောက်ဆုံး ရခိုင်အရောက် မြေနေရာကို လည်းကောင်း၊ တောင်ဘက်တွင် ဧရာဝတီကို စုန်၍ မိချောင်း ရဲအောက် ***ကျွန်တော်ခေါ်ပြည်တဝ်သာကျွန်း***အထိ မြေနေရာကို လည်း ကောင်း၊ ချဲ့ထွင်၍ ယူနိုင်ရန် အခြေခံမြို့တော်အဖြစ်ဖြင့် ဧရာဝတီမြစ်ကွေ့၌ ပျူတို့နေရာ **ပုဂံ**ကိုပင် တိုးချဲ့၍ မြို့တော်ပြုပါသည်။ ကျောက်ဆည် မင်းဘူးမှထွက်သော မျိုးရိက္ခာမျှကို အားကိုး၍ ဗမာသည် မည်သို့မျှ တန်ခိုးကြီးဘဝသို့ မရောက်နိုင်ချေ။ ထို့ကြောင့် ဆန်အမြောက်အမြားထွက်သော အောက်မြန်မာနိုင်ငံကို သိမ်းယူရန်သာရှိတော့သည်။

ဗမာတို့ တိုက်ယူရန် လျာထားလိုက်သော မြန်မာနိုင်ငံ၏ အခြေအနေကား အသို့ ရှိပါသနည်း။ ခရစ်နှစ် ပေါ်ဦးမှစ၍ အောက်မြန်မာနိုင်ငံသည် တောင်ပိုင်းအိန္ဒိယနှင့် ကုန်သည်တို့ကျေးဇူးကြောင့် အဆက်အသွယ်ရမြဲ ဖြစ်ရကား ဗြာဟ္မဏဝါဒရော ဗုဒ္ဓဝါဒပါ ဝင်လာခဲ့ပါသည်။ ဤတွင် အထက်က ဖော်ပြဖူးသည့်အတိုင်း ယဉ်ကျေးမှု၏ အခြေခံအရပ်ကား မွန်–ဗမာတို့က သု**ဝဏ္ဏဘုမိ**ဟု ခွဲယူထားသော **ကေလာသ**တောင်ခြေအရပ်ပင် ဖြစ်ပါသည်။ ထိုဒေသ၌ ဗုဒ္ဓဝါဒတွက် ဗြာဟ္မဏဝါဒ ပို၍ထွန်းကားပါသည်။ ဗြာဟ္မဏ ဝါဒဆိုရာ၌လည်း သိဝကို ကိုးကွယ်သည်

ထက် ပိသနိုးကို ကိုးကွယ်သည်က ပို၍ထင်ရှားပါသည်။ အနမ်ဒေသ **ဆမ်ပါ၊ ဘော်နီယို၊ ကမ္ဘောဇ**နှင့် **ဂျာဗာ** တို့၌ သိဝကိုးကွယ်ခြင်း ထက်သန်ကြပါသည်။ ပါဠိ ဗုဒ္ဓသာသနာကား ယိုးဒယားဘက်၌ မွန်တို့က **ဒွါရာဝတီ**၌ လည်းကောင်း၊ ဗမာဘက်၌ ပျူတို့က **ဂြိကွေ့တြ**၌လည်းကောင်း၊ စတင် အခြေခံ၍ ကြီးပွားလာပါသည်။ မြန်မာနိုင်ငံ အောက်ပိုင်းရှိ မွန်တို့တွင်ကား ဝါဒရေးရာတွင် မညီညွတ်လှချေ။ သထုံမှ ဂုတ္တ (ဂုပတာ) ခေတ်နှောင်းလက်ရာမျိုး ဖြစ်သော ကြေးသွန်းဒီပင်္ကရာ မတ်ရပ်ကိုယ်တော်တစ်ဆူကို ရဖူးသဖြင့် ဗုဒ္ဓဝါဒီတို့ ရှိမည် ဖြစ်သော်လည်း ဗြာဟ္မဏဝါဒဆိုင်ရာ ပစ္စည်းများစွာကို နောက်ပိုင်းဖြစ်သော တစ်ဆယ့်တစ်ရာစုနှစ်လောက်မှ စ၍ တွေ့ရှိရပါသည်။ ပိသနိုးရော သိဝပါ နှစ်မျိုးစလုံးဆိုင်ရာ လက်ရာကောင်း ရုပ်တုများကို တွေ့ရသည်။

မော်လမြိုင်အထက် မိုင် ၃၀ အကွာရှိ ကော့ဂွန်းဂူ၌လည်း သိဝ၊ ပိသနိုးနှင့် ဗုဒ္ဓရုပ်တုများယှဉ်လျက် ရှိနေပြန်သည်။ ဗုဒ္ဓ ရုပ်တော်မူတစ်ဆူ၌ တွေ့ရသော မွန်ကျောက်စာအရ မိဖုရားတစ်ပါး၏ ကိုယ်တော်တိုင် ထုလုပ် သောလက်ရာဟု သိရှိရသောကြောင့် အတွေးကောင်းဖြင့် ဆက်စပ်၍ ယူမည် ဆိုလျှင် မွန်တို့တွင် များစွာနှစ်သက်သော **ဘဒြဒေဝီ**ဝတ္ထု ဖြစ်ကောင်း၏ဟုထင်ပါသည်။ ကျောက်စာအရ ထိုမိဖုရားသည် **ဒုအ်ဝေပ်**တွင်နေသည်ဟု ဆိုရာ ယခု **ဖားဂတ်** သို့မဟုတ် **ဖားအံ**နေရာ၌ ရှိကောင်းရှိမည်ဟု မှန်းဆနိုင်ပါသည်။ သထုံ၌လည်း ရွှေစာရံ အနီးအပါးမှ တွေ့ရသော ရှေးမွန်ကျောက်စာ၌ သိမ်ဆောက်ခြင်း၊ ညောင်စိုက်ခြင်း အကြောင်းများပါ၍ သိမ်နယ်မြေ ပိုင်းခြားသော ကျောက်တိုင်တို့၌ ဇာတ်တော် ဆိုင်ရာအရုပ်များ ထွင်းထုခြင်းတို့ကို တွေ့ရပါသည်။ အထက်က ဖော်ပြပြီးခဲ့သည့်အတိုင်း သထုံ၏ အနောက်မြောက် မိုင် ၃၀ ခန့်တွင်ရှိသော ပင်လယ်နှင့် ကေလာသတောင်ရိုး တွေ့ထိရာ ဒေသ၌လည်း ထင်ရှားသော **ကျောက်တလင်**နှင့် **ကျောက်တောစေတီ**များရှိ၍ ခရစ်နှစ် ၁၀၉၈ က **ထီလိုင်မင်**က ပြင်ဆင်စေခဲ့ကြောင်း ကျောက်စာရှိပါသည်။ **တောင်ဇွန်း**မှ တောင်ဘက်သို့ ခြောက်မိုင် ဝေးသော **ဇုက်သောက်**၌လည်း ကျောက်တစ်တုံးတည်းမှ ထွင်းထုသော လေးမျက်နှာဘုရားများနှင့် ခုံညားပြေပြစ်သော ဂဝံကျောက်ရုပ်များကို တွေ့ရပြန်သည်။ တောင်ဘက် တစ်မိုင်ခန့်တွင်လည်း ယခုတိုင် ခုနစ်ပေခွဲမြင့်၍ ကိုက် ၁၂၀ ခန့် ရှည်သေးသော အရှေ့ဘက်သို့ထွက်သည့် ဂဝံကျောက်တံတိုင်းကြီးကို



တွေ့ရလျက်၊ ထိုတံတိုင်းကျောက်တို့၌ သုံးပေပတ်လည် ကွက်များတွင် အလွန် ထင်ရှားသော ရုပ်ပြားဖော်နည်းဖြင့် ထုလုပ်ထားသည့် အလွန်မာန်ပါသော ဆင်၊ ကျား၊ ခြင်္သေ့များကို အံ့သြဖွယ် တွေ့နိုင်ပါသည်။ ဂဝံကျောက်ကို သုံးစွဲနည်း ပုဂံမှ ဗမာတို့ မတတ်ကျွမ်းသေးချေ။ ထိုမှ စစ်တောင်းကိုဖြတ်၍ အနောက်သို့လာလျှင် **ပဂေါ** (ဗဂိုး)ကို ရောက်ပါသည်။

**ဥဿီ၊ ဥဿာ၊ ဥဿာလ**ဟု ရှေးကခေါ်ဆိုကာမျှဖြင့် အိန္ဒိယ အရှေ့ ကမ်းခြေရှိ **သြရိဿ**မှ ကုလားတို့ မြို့ရွာတည်၍ နေခဲ့ဖူးသည်ဟူ၍ မဆိုသာချေ။ **ပဂေါ** ရှေးမြို့ဟောင်းရာ (ယခုမြို့နှင့် မဆိုင်)ကို ကြည့်ရသဖြင့် စစ်တောင်းနှင့် ကပ်လျက်ရှိသော ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်ကြောင်း ထင်ရှား၏။ ထိုမြို့ကို ခရစ်နှစ် ၈၂၅ တွင် တည်သည်ဟု အချို့သော မွန်ရာဇဝင်တို့၌ ဆိုပါသည်။ ဗုဒ္ဓသာသနာနှင့်အတူ ဗြာဟ္မဏ သာသနာ (သိဝ ကိုးကွယ်ခြင်း)လည်း ရှိဟန် တူ၏။ ဂဝံကျောက်နှင့် လေးထောင့် ရေတွင်းများလည်း တွေ့ရ၏။

**ပဂေါ**၏ အရှေ့မြောက် မိုင်နှစ်ဆယ်အကွာ၌ရှိသော **ကြို့တူ**တွင် အလှဆုံးသော ရှေးပစ္စည်းများကို တွေ့နိုင်ပါသည်။ ငါးပေမြင့်၍ ကိုက်ရှစ်ဆယ် စတုရန်းရှိသော အုတ်ခုံကြီးကိုပတ်၍ ထိပ်ပိုင်းတွင် **တေလုဂုကဒံဗ** လက်ရေး အမှတ်အသားများပါသော စဥ့်ချပ်ကြီးများကို တွေ့နိုင်ပါသည်။ အရုပ်များမှာ သာသနာရေးနှင့် မဆိုင်သော စစ်ထိုး၊ အမဲလိုက်၊ ကခုန်မြူးတူး၊ သောက်စားဟန်များ ဖြစ်ပါသည်။ လူပုံသဏ္ဌာန်များကား လက်ကောက်၊ ပုတီး၊ နားတောင်းအစုံနှင့် ပုဆိုးခါးတောင်းကျိုက်လျက် မွန်တို့ နိုင်လိုက်သော ရက္ခလူမျိုးတို့ ဖြစ်လေမည်လောဟု ထင်မှတ်ဖွယ်ရာ ရှိပါသည်။

အနောက်ဘက်သို့ ဆက်၍ ရှာဖွေလျှင် **တကုန်တလ**အထိ ရှေးမွန်လက်ရာများ ရှိနေပါသေးသည်။ (တလဟူသည် ယခု တွံတေးအနီးကို ဆိုလိုပါသည်။) မွန်တို့အတွက် ခရစ် ၁၁ ရာစုနှစ်ကား ကံခေသောအခါဟု ဆိုရပေမည်။ ယိုးဒယားနိုင်ငံ၌ မွန်နိုင်ငံ ဒွါရာဝတီပျက်၍ ဟရိပုဉ္စယ၌ ဘေးဒုက္ခများကို ရင်ဆိုင်လျက်ရှိရသည်။ မြန်မာနိုင်ငံ၌ သထုံ ပျက်၏။ မြန်မာမင်း အနိရုဒ္ဓ၏ မြေပုံဘုရားကိုကြည့်လျှင် မြန်မာတို့သည် တိုင်းခြားမလေ့ ကောင်းနိုးရာရာတို့ကို ရှာဖွေ ကောက်ယူသုံးစွဲနေပြီဖြစ်ကြောင်း သိသာပါသည်။ ရေးသည့် ဘာသာစကားမှာ ပါဠိနှင့် သင်္သကရိုက်ဖြစ်၍ လက်ရေးမှာ မြောက်အိန္ဒိယ နာဂရိ သို့မဟုတ်

တောင်အိန္ဒိယပုံစံ မွန်ရေးနည်းဖြစ်သည်။ ထိုမြေပုံဘုရားများကို မြောက်ဘက်တွင် ကသာ၊ တကောင်းမှစ၍ တောင်ဘက်၌ မြိတ်အထိ တွေ့ရသည်။ ယင်းမြေပုံ ဘုရားများကို ထောက်ထား၍ အနိရုဒ္ဓသည် ဗုဒ္ဓသာသနာကိုလည်းပြု၏၊ စစ်လည်း တိုက်၏ ဟူ၍ နှစ်ခွန်းထွက်သော အမူအကျင့်ကို တွေ့ရပြန်သည်။ ထိုမင်း၏ စစ်များတွင် အများပြောဆိုမြဲဖြစ်သော ခရစ်နှစ် ၁၀၅၆ သထုံသိမ်းခန်းကိုကား ပုဂံခေတ်အတွက် အားကိုးလောက်သည်ဟု မဆိုနိုင်သော ခရစ်နှစ် ၁၄၇၉ ထိုး **ပဂေါ** ကလျာဏီ ကျောက်စာထက် တစ်ခုက အနည်းငယ်စော၍၊ တစ်ခုက အနည်းငယ် နောက်ကျသော ယိုးဒယားမြောက်ပိုင်းဆိုင်ရာ ပါဠိရာဇဝင်ကျမ်း နှစ်ခုတွင်လည်း၊ ထိုစစ်ပွဲအကြောင်းကို တွေ့ရဖူးပါသည်။ သို့သော် ထိုမှတ်တမ်းအားလုံး၌ အသေးစိတ်ဖော်ပြချက်ကား တစ်ဦးနှင့်တစ်ဦး မတူချေ။ ထို့ကြောင့် သထုံ ရွှေစာရံဘုရားမှ (၁၁ ရာစုနှစ်) ခေတ်ပြိုင်ဟုယူဆရသော ကျောက်စာ သုံးတိုင်ကိုသာ အားကိုးရချေမည်။ ပထမတစ်တိုင်ကား ဖတ်မရနိုင်အောင် ချွတ်ယွင်းလျက်ရှိသော်လည်း စာကြောင်းရေ ၃၆ ၌ **ကြောမ်**နှင့် ၄၂ ၌ **သျံ**ကို တွေ့ရကား၊ မြန်မာရာဇဝင်တို့၌ပါသော ဂျွမ်းရှမ်းတို့ကို အမှတ်ရဖွယ် ရှိပါသည်။ ဒုတိယ ကျောက်တိုင်၌ စာကြောင်းရေ ၂၆ တွင် **လဝအ်၊ ကြောမ်၊ ဇအ်ဗ** (ပဂျွမ်းနှင့် ဂျာဗာလူမျိုး) ဟူ၍လည်း ရေးသားပါရှိသည်။

ဤတွင် ကြောမ်ဟူသည့် ရှေးမွန်တို့ အခေါ်အားဖြင့် ကမ္ဘောဇတိုင်းသား ဖြစ်၏။ ဒုတိယကျောက်စာတိုင်နှင့် တတိယကျောက်စာတိုင်အောက်ပိုင်း ခုနစ်ကြောင်းခန့်မှာ ထပ်တူမျှဖြစ်၍ မင်းဖြစ်သူ၏ ဘွဲ့အမည်အရည်များကို ရှည်လျားစွာ ဖော်ပြရေးသားထားသည်။ ထိုမင်းကို အများဆန္ဒအရ ရွေးကောက်တင်မြှောက်သည်ဟု ယူဆဖွယ်လည်း ရေးသားထားလျက်၊ ကျောက်တစ်တိုင်၌ တြာပ် သို့မဟုတ် အသျှင်သခင်ဟု ခေါ်မြဲဖြစ်သော်လည်း၊ တခြားတစ်တိုင်တွင် ပညာရှင် ပဏ္ဍိတ်ဟု ခေါ်ဝေါ်ပါသည်။ ကျောက်စာ နှစ်တိုင်ပေါင်း၌ မင်း၏အမည်ကို ခြောက်ကြိမ်မျှဖော်ပြရာ မင်းများ ဥသျှောင်ဟု အနက်အဓိပ္ပာယ်ရသော **မကုတ** (မကုဋ) အမည်ကို တွေ့ရ၏။ ပဏ္ဍိတ်ကျောက်စာ၌ နှစ်ကျိပ်ရှစ်ဆူသော ဘုရားတို့အကြောင်းကို ဆက်လက် ရေးသားလျက် ဇာတ်ကြီးဆယ်ဘွဲ့ အကြောင်းလည်းပါသည်။ တြာပ်ကျောက်စာ၌ စာပေရေးနည်း အဆင့်အတန်း များစွာ မြင့်၍ ကာရန်များ ယူထားသည်ကိုပင်တွေ့ရလျက် ကျောက်ပျက်သဖြင့် ဖတ်ရန်



မလွယ်သော အစိတ်အပိုင်းများ ပါသော်လည်း၊ အချုပ်အားဖြင့် မကုဋမင်းက ငြိမ်းချမ်းသာယာသော ကာလများ၌ လူအများကို ကောင်းမှုပြုစေခြင်း၊ သံဃာတော်တို့ကို ထောက်ပံ့ခြင်းပြုစေလျက် စစ်ဖြစ်သောအခါ ကြိမ်လျှင်လည်း လေးမြားစွဲလျက် ရန်သူဟူသမျှ မကျန်ရအောင် နှိမ်နင်းသည်။ မြို့တော်ကိုလည်း ကာကွယ်ရေးအတွက် မြို့ရိုးနှင့် ကျုံးကို စီရင်လျက် လူအများ လေးစားရိုသေကြောက်ရွံ့အောင် အစီအရင်များပြုသည်ဟု ရေးသားထား၏။ မကုဋ၏ နှစ်ထပ် မြို့ရိုးနှင့် ကျုံးကို လည်းကောင်း၊ နန်းရာမြေ မြို့ရိုးနှင့် ကျုံးကိုလည်းကောင်း သထုံတွင် ယခုတိုင် တွေ့နိုင်ပါသေးသည်။ **မကုတ**မှ နှောင်းလူတို့ အဖတ်များသဖြင့် **မနောဟ**ဖြစ်ကာ **မနုဟာ**သို့ ရွေ့လျောခဲ့သည်ဟု အယူရှိပါသည်။

သထုံကို အနိရုဒ္ဓ သိမ်းယူခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ကြံဆမိပါသည်။ ယိုးဒယားတွင် ထိုအခါက ဒုက္ခအမျိုးမျိုးတွေ့လျက် ရှိ၏။ မြောက်ဘက်၌ ဟရိပုဥ္စယကို ဗုဒ္ဓဝါဒီမဟုတ်သော ဝ သို့မဟုတ် နန်ကျောင် တို့က နှိပ်စက်ညှဉ်းပန်းလျက်ရှိ၏။ ထို့နောက် ကာလဝမ်းရောဂါ ကျရောက်၏။ ထို့ကြောင့် မွန်အမြောက်အမြား ပဂေါနှင့် သထုံတွင် ခိုဝင်လာကြသည်။ ထို့ပြင် ဗုဒ္ဓဝါဒ၌ သက်ဝင်ယုံကြည်ပြီးဖြစ်သော ဟရိဥ္စယ၊ လောပ္ပုရီနှင့် (မလေး အရှေ့ မြောက်မှ) လိဂေါ်ရ်တို့သည် အချင်းချင်း မညီညွတ် စစ်ဖြစ်လျက်ရှိကြ၏။ လိဂေါ်ရ်ဘုရင် ပထမ**သူရဝရ်မန်**သည် လောပ္ပုရီကို သိမ်းယူလိုက်၏။ ပြီးမှ အထင်အားဖြင့် မွန်အားလုံးကို သိမ်းယူလိုသောဆန္ဒ နိုးဆော်လျက် ကမ္ဘောဇသား ကြောမ်များသည် အောက်မြန်မာနိုင်ငံကို ဝင်ရောက်တိုက်ခိုက်ပါတော့သည်။ မြန်မာနိုင်ငံရောက် မွန်တို့မှာလည်း၊ အမျိုးသားစွဲဖြင့် မညီညွတ်မှု၍၊ ဒေသစွဲဖြင့် အပြိုင်အဆိုင် ပြုလျက်ရှိကြသည်။ သထုံနှင့် ပဂေါ မသင့်တင့်ရသည့်အထဲ၌ ဗုဒ္ဓဝါဒီနှင့် ဗြာဟ္မဏဝါဒီတို့ကလည်း အချင်းချင်း ရန်မူလျက်ရှိကြသည်။ ယင်းသို့ အတွင်းမီး အပြင်မီးဖြင့် ပူပန်ချိန်မျိုးကို ရွေး၍ အနိရုဒ္ဓက ဝင်ရောက်စွက်ဖက်ခြင်း ဖြစ်၏။ သီဝနတ်မင်း ကိုးကွယ်သော ခမာတို့ကို စစ်ကြေညာခြင်းဖြင့် မွန်တို့၏ ထောက်ခံမှုကို ရနိုင်၏။ ဤနည်းဖြင့် ပဂေါကို မဟာမိတ်ပြု၍ ရုတ်ခြည်း သထုံကို တိုက်ခိုက် သိမ်းယူလိုက်ဟန် ရှိသည်။ ပြီးမှ မြိတ်တိုင်အောင် ဆက်လက် သိမ်းယူသည်။ အနိရုဒ္ဓလွန်လျှင် ပုဂံ၌ တိုင်းကား ပြည်ရွာပျက်စီးနိုင်လောက်သည့် အခက်အခဲတစ်ခု ပေါ်ခဲ့၏။

ရာဇဝင်ကျမ်းတို့အရ ပဂေါက ငရမန်ကန် သူပုန်ထ၏။ မင်လုလင် (စောလု) ပျက်စီးရ၏။ ထိလိုင်မင်သာ မကယ်လျှင် မြန်မာတို့ ဆုံးပါးဖွယ်ရှိသည်။ ရန်သူတို့ကို အောင်နိုင်လျက် ထိုမင်းသည် ခရစ်နှစ် ၁၀၈၄ ၌ နန်းတက်၍ ၁၀၈၆ ၌ ဘိသက်ခံယူ၏။ ဤတွင် ပါမောက္ခလုစ် အလွန်နှစ်သက်သော အယူအဆတစ်ခုကို ထည့်သွင်းပြောဆိုသင့်သည်ဟု ထင်ပါသည်။ အောက်အရပ်က မွန်တို့ ပုန်ကန်ချိန်၌ ပုဂံရောက် မကုဋ္ဌနှင့် သားတော်တို့ကား သေပြီး ဖြစ်ပါသည်။ မြေးဆိုသူက သူပုန်တို့နှင့် မပူးပေါင်းသော်လည်း ပုပ္ပားတောင်သို့ ပုဂံမင်းခမ်းတော်ဆိုင်ရာ လှေတော်ကို ယူဆောင်၍ပြေးသည်။ ထိုမှ သီးခြားပုန်ကန်ရန် ကြံစည်ဟန်ရှိ၏။ သို့သော် ထိလိုင်မင်က မကုဋ္ဌမြစ်တော်နှင့် သမီးကို လက်ဆက်စေ၍ ယင်းတို့မှပေါက်ဖွားသောသားကို ထီးမွေပေးမည်ဟူသော ကတိဖြင့် သူပုန်အသစ်၏ ရန်ကို ကောင်းစွာ တားမြစ်နိုင်ခဲ့သည်ဟု ထင်သည်။

ထိလိုင်မင်၏ အုပ်ချုပ်ရေးဝါဒကား မွန်–ဗမာ ချစ်ကြည်စွာ အတူနေနိုင်ရေးဖြစ်၍ များစွာ အမြော်အမြင်ရှိလျက် အကျိုးထူးနိုင်သည့် မှန်ကန်သော လမ်းစဉ်လည်း ဖြစ်ပါသည်။ အနိရုဒ္ဓ ချဲ့ထွင်ခဲ့သော နိုင်ငံတော်ကို မပြိုကွဲအောင် ထိန်းသိမ်းရာ၌လည်း ဤဝါဒဖြင့်သာလျှင် အောင်မြင်ဖွယ်ရှိပါသည်။ ယိုမင်း လက်ထက် ရေးထိုးသမျှသော ကျောက်စာတို့ကား မွန်ဘာသာဖြင့်သာ ရှိသည်မှာလည်း ထူးခြား မှတ်သားလောက်သော အချက်တစ်ခု ဖြစ်ပါသည်။ ထိုမင်း တည်ဆောက်ခဲ့သော ဂူဘုရားတို့သည်လည်း ထင်ရှားသောလက်ရာများ ဖြစ်ပါသည်။ မူလပုံစံအလိုအားဖြင့် ပျူတို့ ဆောက်မြဲ ဂူမျိုးဖြစ်သော်လည်း ရုပ်ပြားရုပ်လုံး ဆေးရေးတန်ဆာဆင်ခြင်း၊ အတင့်အတယ်ပြုခြင်းတို့၌ မွန်တို့ နည်းအတိုင်း ဖြစ်ပါသည်။ သာသနာရေး ဝါဒတွင်လည်း ယခင် နတ်နဂါးကို ကိုးကွယ်သော ဗမာကအစ ပို၍ သိမ်မွေ့သောအယူအဆရှိသည့် အောက် မြန်မာနိုင်ငံမှ မွန်တို့ လက်ခံနိုင်အောင် နက်နဲသော ဗုဒ္ဓအဆုံးအမအထိ၊ ကျယ်ပြန့်စွာ ပါဝင်သော ဝါဒဖြစ်ပါသည်။ ဤသို့ မွန်နှင့် ဗမာကို နှိုင်းယှဉ်ရာ၌ ယဉ်ကျေးမှုအရာတွင် မွန်က ဗမာထက် အနည်းဆုံး အနှစ်တစ်ထောင် စောသည်ကို သတိပြုစေလိုပါသည်။ အဆိုပါမင်း၏ စွမ်းဆောင်ချက်များကို အသေးစိတ်သိရသည်ကား ပါမောက္ခ ချားလ်စ်အောတိုဘလက်ဒန်၏ ကျေးဇူးကြောင့် ဖြစ်ပါသည်။



ထိုဆရာကြီးက ထိလိုင်မင်၏ မွန်ကျောက်စာ ဆယ့်နှစ်တိုင်မျှကို ဖတ်၍ **အက်ပီဂရပ်ဖီယား ဗာမင်နိကား**ခေါ် *မြန်မာနိုင်ငံ ကျောက်စာဆိုင်ရာ စာအုပ်များတွင်* တည်းဖြတ်ပုံနှိပ်ခဲ့၏။ ရှေးမွန်နှင့် ယခုမွန် အလွန်ကွဲပြားကြောင်း အထူးပြောရန်လိုမည်မထင်ပါ။ ထိုဆရာကြီး ဖတ်၍မပြခဲ့လျှင် ယခုလောက် ရှေးမွန်အကြောင်းကို ကျွန်တော်တို့ သိရန် ခဲယဉ်းလှပါသည်။ ကြုံကြိုက်သဖြင့် ထည့်သွင်းပြောလိုသည်မှာ နောင်အခါ မြန်မာရာဇဝင်ကျမ်းတို့၌ ထိုမင်းကို အနိရုဒ္ဓ၏ သားတော်တစ်ဦးပင်ဖြစ်လေဟန် ရေးသားကြသော်လည်း၊ ယခု မွန်ကျောက်စာတို့ အလိုအတိုင်းဆိုလျှင် အနိရုဒ္ဓနှင့် သက်ဆိုင်သည်ဟု ထင်စရာ အကြောင်းမရှိချေ။

၃ ရွှန် ၁၀၉၃ ၌ ပြည်မြို့မှနေ၍ လူအများသိရှိစေရန် ၎င်း၏ စွမ်းဆောင်ချက်များကို ကျောက်ထက် အက္ခရာတင်စေ၏။ ဤတွင် ဆန်းသည်ကား ဗမာမင်းသည် ပြည်မြို့တော်မှနေ၍ မွန်ဘာသာစကားဖြင့် မိမိ၏ အတ္ထုပ္ပတ္တိကို ရေးစေခြင်းဖြစ်သည်။ ၁၀၉၈ တွင် မွန်တို့ဒေသ သုဝဏ္ဏဘုမိမှ **ကျောက်တေ**နှင့် **ကျောက်တလင်**စေတီတို့ကို ပြုပြင်စေ၏။ တုရင်တောင်ခြေမှ မြကန်ကို တူးစေပြီးနောက် အလားတူ ကျောက်စာတစ်ချပ် ရေးထိုးစေခဲ့၏။ ပုဂံတွင် ၁၀၉၀ က ၎င်းမင်းတည်ထားသော ရွှေစည်းခုံဘုရား၌လည်း ကျောက်စာ ထားရစ်သည်။ ကျောက်စာတို့၌ပါသော စာသားကား စကားပြေဟု ဆိုရသော်လည်း ရေးနည်း၌ ကဗျာဆန်လှ၏။ သထုံနှင့် လောပ္ပုရီ၌ နစ်နာလေခဲ့သမျှ မွန်တို့သည် ပုဂံပြည် ထိလိုင်မင်လက်ထက်၌ ကြီးပွားသည်ဟု ဆိုရပေမည်။ ခရစ်နှစ် ၁၁၀၁–၁၁၀၂ ၌ နန်းတော်သစ်ကို တည်ဆောက်ရာတွင် အလွန် စိတ်ပါဝင်စားဖွယ်ကောင်းသော ကျောက်စာတိုင်များ ထားရစ်သည်။ ထိုကျောက်စာအရ နန်းတော်တည်ရာ၌ ပိသနိုးနတ်ကို ပသရခြင်း၊ နဂါးတို့ကို ရှိခိုးရခြင်း စသော ဗုဒ္ဓသာသနာနှင့် မည်သို့မျှအကျုံးမဝင်သော အလေ့အထများကို အထူး အသားပေးထားသည်ကို တွေ့ရသည့်အပြင်၊ အရဟံမဟာထေရ်ပင်လျှင် ဗြာဟ္မဏတို့ အသုံးအဆောင်ဖြစ်သော ခရုသင်းကိုကိုင်၍ ပရိတ်ရွတ်ကြောင်း တွေ့ရ၏။ ပြည်ရွှေဆံတော် ကျောက်စာ၌ မင်းကြီး၏ ကုသိုလ်တော်စာရင်းပါရှိရာ ၎င်းအရ ဤမင်းသည် ရွှေစည်းခုံကို တည်၏။ ဗုဒ္ဓဂါယာမှ ဘုရားကျောင်းကို ပြင်၏။ စောလိ (တမိလ်) မင်းသားတစ်ပါးကို ဘုရားတရားတော်၌ တည်စေ၏။ သာသနာရေးနှင့် အုပ်ချုပ်ရေးတွဲ၍ လူအများအား နိုးကြားစေရန် ပွဲလမ်းသဘင်

ကြီးစွာပြုလျက် တရားဓမ္မဟောခြင်း၊ အခွန်တော် အဆက်သခံခြင်းကို ပြုစေ၏။

ထိုမင်း နတ်ရွာလားအံ့သော ခရစ်နှစ် ၁၁၁၃ အဖြစ်အပျက်ကလေးကား သနားစဖွယ် ရာဇကုမာရ်ကျောက်စာတွင် ပါဠိ၊ ပျူ၊ မွန်၊ မြန်မာ လေးဘာသာဖြင့် ရေးထိုးကျန်ရစ်ပါသည်။ ဤတွင် မွန်–ဗမာ ဆက်ဆံရေး ပြေပြစ်စေကြောင်းဖြင့် နိုင်ငံရေးအရ လိုအပ်သောကြောင့် အစစအရာရာ အလိုက်သိလျက် လိမ်မာ၍ ချစ်စွာသော မိဖုရား **တိလောက ဝဋံသိက**၏ သားလည်းဖြစ်သော **ရာဇကုမာရ်**ကို ထီးမွေ မပေးခဲ့ခြင်းမှာ မင်းကြီးစိတ်တော်တွင် များစွာ ထိခိုက်မည်ဟု ထင်ရပါသည်။

မြေးဖြစ်သော **ရှယ်ကူ ဒါယကာခေါ် ပထမစည်သူ**မင်းကား ၁၀၈၉ ဖွားဖြစ်၍ ဘိုးတော်၏ အရိုက်အရာကို ၁၁၁၃ တွင် ခံယူပါသည်။ နန်းသက် အလွန်ရှည်သူလည်း ဖြစ်ပါသည်။ ထိုမင်းအုပ်စိုးချိန်ကို တစ်နည်းအားဖြင့် ခေတ်ပြောင်းချိန်ဟု ခေါ်ရပါမည်။ ယခင်မင်းလက်ထက်က မွန်ယဉ်ကျေးမှုကို ထိပ်တန်းထား၍ အရေးတယူပြုခဲ့ကြောင်း သိရပြီးနောက်၊ ၁၁၇၄ မင်းဖြစ်သော ဒုတိယစည်သူ၏ လက်ထက်၌ မြန်မာသက်သက်ကိုသာ ထင်ရှားစေကြောင်း တွေ့ရသဖြင့်၊ ယခု **ပထမစည်သူ**၏ လက်ထက်သည် ပုဂံယဉ်ကျေးမှု၏ ခေတ်ပြောင်းချိန်ဟု ဆိုရခြင်း ဖြစ်ပါသည်။ ဤကြားကာလမှာ ၁၁၁၃ မှ ၁၁၇၄ အထိ အနှစ်ခြောက်ဆယ်မျှ ရှိပါသည်။ ပထမစည်သူမင်းသည် မြန်မာဘာသာဖြင့် ကျောက်စာတစ်တိုင်မျှ မထားခဲ့ချေ။ ဘိုးတော်၏ ရွှေစည်းခုံ ကျောက်စာ၌ အောက်ခြေမှဆက်၍ မွန်ဘာသာဖြင့်ပင် လေးကြောင်းမျှ ရေးခဲ့၏။ ထိုမင်း၏ အထင်ရှားဆုံးသောကျောက်စာကား ပါဠိဘာသာဖြင့်ရေး၍ သင်္ကရိုက်ဖြင့် ရက်စွဲပါသော ခရစ်နှစ် ၁၁၃၁ ရွှေကူကြီးကျောက်စာပင် ဖြစ်ပါသည်။ ရှေးဗမာတို့ကား မွန်တို့၏ စိတ်နေသဘောထားနှင့်တကွ ပြောရေးဆိုမှုတွင် အလွန်ကွာခြားကြ၏။ စကားပြေနှင့်ဖြစ်စေ၊ ကဗျာလင်္ကာနှင့်ဖြစ်စေ မွန်တို့၏ အရေးအသားကား အလွန် ယဉ်ကျေး၏။ ရှေးမြန်မာစကားကား ခံ့ပါ၏။ သို့သော် သိမ်မွေ့သော သဘောအယူအဆကင်းသည်ဟု ဆိုလိုပါသည်။

အဆောက်အဦ ပြုရာ၌လည်း မွန်နှင့် ဗမာ ခြားနားချက်တွေ့လျက် ရှိရပြန်သည်။ ဗမာတို့၏ ကူကျောင်းကား နှစ်ထပ် သုံးထပ် စသဖြင့် အထပ်များစွာရှိ၍ အလင်းရောင်ကောင်းစွာရအောင် စီမံ၍ထား၏။ မွန်တို့၏ ကူကျောင်း



ကား တစ်ထပ်ချင်းဖြစ်၍ မှောင်လှသည်။ သို့သော် ပူပြင်းလှသော အညာနေကို ခိုရန် မှောင်သောကူတွင်းသို့ဝင်လျှင် အတွင်းကျကျ၌ ကောင်းကင်ပေါက်မှ ကျသောနေရောင်ပျော့ပျော့တွင် ရုပ်ပွားတော်ကို ဖူးမြော်ရသောအခါ၌ ငြိမ်းအေး သာယာသော ကြည်ညိုခြင်း ပီတိကိုရစေနိုင်ပါသည်။ ထို့ပြင် မွန်ပုံစံအဆောက်အဦတို့၏ အတွင်းနံရံများ၌ ဆေးရေးပန်းချီကားများ ရှိမြဲဖြစ်၍ အပြင်၌ ဇာတ်တော်ပြ အစိမ်းရောင်စဥ့်ခွက်များ ကပ်ထားလေ့ရှိပါသည်။ မွန်လက်ရာ၏ အကောင်းဆုံး နမူနာကား မြင်းကဗာ၊ ကူပြောက်ကြီး၊ နာဂရုံ၊ အပယ်ရတနာ၊ အလိုပြည့်နှင့် ပုထိုးသမြတို့ ဖြစ်ပါသည်။

ထိလိုင်မင်း နောက်ဆုံးတည်သော အာနန္ဒာဘုရား၌ နံရံဆေးရေး ယခင်က ရှိသော်လည်း ယခု ထုံးပွတ်သဖြင့် ပျောက်ပျက်သွားပြီဖြစ်သော်လည်း စဥ့်ကွင်းအများ ကျန်ရှိနေပါသေးသည်။ စေတီတော်အပေါ်ပိုင်း၌ ဇာတ်ကြီးဆယ်ဘွဲ့ကို ပြသထား၍ အောက်ပိုင်း၌ အထူးထူးသော လူ နတ် တိရစ္ဆာန်တို့ ဘုရား ပူဇော်ဟန်၊ ဘုရား ပွင့်တော်မူစဉ်က အထွေထွေသော မာရ်နတ် စသည်တို့ တိုက်ခိုက်လာဟန်ကို အံ့သြဖွယ် တွေ့မြင်နိုင်ပါသည်။ ၁၁၆၅ တည်ထားသော **ဣမ်တဝ်သျှင်**၏ **ဓမ္မရံကြီး**ဘုရားကား မွန်ပုံစံဖြင့် နောက်ဆုံးတည်ထားသော ဘုရား ဖြစ်ပါသည်။ ထိုနှစ်မှာပင် မြန်မာနိုင်ငံသို့ သိန်းခိုစစ်ရောက်၍ မင်းကျဆုံးလျက် ပုဂံတွင် အနိရုဒ္ဓမင်းဆက် ပြန်၍ထွန်းကားလာသည်။

ထူးဆန်းသည့် အချက်တစ်ခုအနေဖြင့် ဖော်ပြလိုသည်မှာ ပုဂံတွင် ဤသို့ သိန်းခိုစစ်ကြောင့် အတိဒုက္ခ ရောက်နေချိန်၌ မွန်တို့ဘက်မှ မင်းဆက် ပြန်၍ ထူထောင်ရေးသော် လည်းကောင်း၊ မွန်စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ ပညာအရပ်ရပ် ပြန်လည် ထွန်းကားလာအောင်သော် လည်းကောင်း မည်သို့မျှ ဆောင်ရွက်ခြင်း ပြုသည်ကို မတွေ့ရချေ။ ထို့ပြင် ဗမာတို့ ပုဂံတွင် **ဒုတိယ စည်သူ** အခြေခိုင်လာသည့် ၁၁၇၄ မှစလျက် ပုကံပျက်သည်အထိလည်း မွန်နှင့် မွန်ဆိုင်ရာကို အထူးနှိမ်နင်း နှိပ်ကွပ်သည်ဟု သက်သေခံအထောက်အထား တစ်စုံတစ်ရာ မတွေ့ရဘဲလျက်၊ အနှစ်တစ်ရာမျှ မွန် ယဉ်ကျေးမှု တိမ်မြုပ်နေ၍၊ ပုဂံပျက်၍ မွန်တို့ **ဝါရီရူ**လက်အောက်၌ မုတ္တမမှစ၍ ကိုယ့်ထီး ကိုယ့်နန်းဖြင့် သီးခြား ပြည်ထောင် ဖြစ်လာသည့်တိုင်အောင်လည်း ပုဂံခေတ်ဦးက မွန်ယဉ်ကျေးမှု ကြီးပွားစည်ပင်ပုံမျိုး ပြန်၍ ကြီးပွားစည်ပင်ခြင်းကို မတွေ့ရတော့ချေ။

ထို့ပြင် ၁၅ ရာစုနှစ်၌ အောက်မြန်မာနိုင်ငံတွင် **ရာဇာဓိပတိ** ခေါင်းဆောင်၍ မွန်တို့ ကြီးပွားပြန်သောအခါ၌လည်း၊ ရှေးကနှင့် လုံးဝမတူတော့ချေ။ ရှေးမွန်ကား ဟရိပုဥ္စ၌ ဆက်လက်ကျန်ရှိပါသည်။ သို့သော် မွန်ဂိုတို့ရန်ကြောင့် ၁၂၅၂ တွင် နန်ကျောင်မြို့တော် **တလိ** ဖျက်လျှင် ထိုလူမျိုးတို့ တောင်ဘက်သို့ ပြိုဆင်းလျက် ထိုသူတို့ ဖျက်ဆီးသဖြင့် ဟရိပုဥ္စလည်း ပျက်ရသည်။ ၁၃ ရာစုနှစ် ဟရိပုဥ္စယ ပျက်သည် နှင့်အတူ ရှေးမွန်လည်း ပျောက်ပျက်၍ သွားရချေသည်။

# ငဆောင်ချံ†

ကန်တူတို့၏ ဗဟိုအချက်အချာဖြစ်သော တကောင်ကို အောင်နိုင်ပြီးသောအခါ အနိရုဒ္ဓသည် ကသာ၏ တောင်ဘက်တွင်ရှိသော ဧရာဝတီနှင့် ရွှေလီမြစ်တို့ ဆုံရာ ဒေသတိုင်အောင် သူ့နိုင်ငံ၏ မြောက်ဘက်နယ်နိမိတ်တို့ကို တိုးချဲ့လေသည်။ သူ့အား ဆက်ခံသူတို့သည်လည်း ဆက်လက်၍ မြောက်ဘက်သို့ နယ်ချဲ့၏။ နှစ်ပေါင်း ၁၀၀ သို့မဟုတ် ၁၀၀ ကျော် ကြာပြီးသောအခါ မြန်မာတို့၏ အာဏာစက်သည် ငဆောင်ချံတိုင်အောင် ရောက်ရှိ၏။ **ဒုတိယစည်သူ** (သို့မဟုတ် နရပတိစည်သူ)က ခရစ်နှစ် ၁၁၉၆ တွင် ငဆောင်ချံကို အုပ်စိုးရသည်ဟု ဆိုသည်။ (ဓာတ်ပုံ ၁၉–က၊ ကြောင်းရေ ၉)။ ငဆောင်ချံသည် မြို့မဟုတ်ဘဲ ခံတပ်ဖြစ်သည်။ (မြိုဝ် ဓာတ်ပုံ ၂၇၇ ကြောင်းရေ ၅)။

အုပ်စိုးရသည်ဟုဆိုသော်လည်း မြောက်ဘက်လက်နက် နိုင်ငံကို မြန်မာတို့သည် နိုင်နင်းစွာ အုပ်ချုပ်နိုင်ဟန်မတူဘဲ ခရစ်နှစ် ၁၂၂၈ တိုင်အောင် ပုန်ကန်မှုတို့သည် မကြာခဏ ပေါ်ပေါက်သည်ဟု ယူဆနိုင်သည်။ တကောင်တွင် အောင်မြင်သည့်အတွက် ထိုနှစ်၌ **နာတောင်မျာ**သည် သူ၏အမှုထမ်းတစ်ဦးကို **ရယ်ဆု**ပေး၏။ (ဓာတ်ပုံ ၂၃၁–ခ၊ ကြောင်းရေ ၁)။ မြန်မာနိုင်ငံမြောက်ပိုင်းအတွက် ဗဟိုအုပ်ချုပ်ရေးဌာနအဖြစ် **တကောင်**သည် သင့်လျော်

---

† ၂၇ မတ် ၁၉၅၈၊ ကြာသပတေးနေ့ ညနေ ငါးနာရီအချိန်တွင် ဦးတင်လှ (မဟာဝိဇ္ဇာ) သဘာပတိပြုသော ကန်သာစိမ်းလဲ့အဖွဲ့ အထူး ဆွေးနွေးပွဲ၌ ဖတ်ကြားသည်။

သော်လည်း **ကောင်စင်**ကို ရွေး၏။ ကောင်စင်တွင် အမှုထမ်းသည့်အရာရှိ တစ်ဦးအား ပထမဦးဆုံး ခရစ်နှစ် ၁၂၃၆ တွင် ဖော်ပြသည်ကို သိရသည်။ (ခတ်ပုံ ၂၄၈၊ ကြောင်းရေ ၁၁)။ နောက်ပိုင်းတွင် **ကောင်စင်**၌ အမှုထမ်းသည့် အရာရှိတစ်ဦးသည် **မဟာသမန်** (ဘုရင်ခံချုပ်)ဟူသည့် ဘွဲ့ကိုရ၏။ (ခတ်ပုံ ၁၅၈၊ ကြောင်းရေ ၂၀)။ တစ်ခါတစ်ရံတွင် အဆိုပါ ရာထူးကို ဘုရင်၏ နီးစပ်ရာ ဆွေမျိုးများကို ပေး၏။ (ခတ်ပုံ ၁၈၆၊ ကြောင်းရေ ၁)။ ဤသည်ကို ထောက်၍ ဤရာထူးနှင့် ဤဒေသသည် အရေးပါကြောင်း သိနိုင်သည်။ **ကောင်စင်**သည် အုပ်ချုပ်ရေးဌာန ဖြစ်ချိန်ဝယ် **ငဆောင်ချံ**သည် ကင်းတပ် စခန်းဖြစ်ပြီး ထိုနှစ်နေရာသည် မြန်မာနိုင်ငံမြောက်ပိုင်းတွင် အရေးပါဆုံးသော နေရာများ ဖြစ်ခဲ့သည်။

ထိုအချိန်ဝယ် **ငဆောင်ချံ**သည် မြန်မာနိုင်ငံ၏မြောက်ဘက် အစွန်ဆုံး အရပ်ဖြစ်၏။ အထက်တွင် ဆိုခဲ့ပြီးသည့်အတိုင်း မြောက်ဘက်တွင် တကောင်းနှင့် **ငဆောင်ချံ**၊ တောင်ဘက်တွင် **သလင်ကြေ**နှင့် **သစ်ဆိတနိ** အရှေ့ ဘက်တွင် သံလွင်မြစ်နှင့် အနောက်ဘက်တွင် **မဇ္ဈကိရိ** တောင်တန်းများကို စိုးပိုင်ရသည်ဟု **ဒုတိယစည်သူ**က ဆို၏။ မွန်ဂိုတို့ ဝင်ရောက်တိုက်ခိုက်ခြင်းကို ခံရပြီးနောက် များမကြာမီ ခရစ်နှစ် ၁၂၉၂ တွင် သူ၏နိုင်ငံသည် မြောက်သို့ လားသော် **ငဆောင်တိဝါ**၊ တောင်သို့လားသော် **ထဝဲ**တိုင်အောင် ကျယ်ပြန့် သည်ဟု ဘုရင်**ရှုယ်နန်သျှင်**ကဆို၏။ (ခတ်ပုံ ၂၇၆-က၊ ကြောင်းရေ ၂)။ **ငဆောင်ချံ**နှင့် **ငဆောင်တိဝါ**တို့သည် တစ်နေရာတည်းဖြစ်သည်ဟု ကျွန်ုပ်တို့ ယူလိုသည်။ ခရစ်နှစ် ၁၂၈၁ တွင် အလှူရှင်တစ်ဦးက အောက်ပါအတိုင်း ဆိုသည်။

> ဤ ငါကောင်မှုကိုဝ် ခိပင်ပါသ အရိယ်အရံယူသ မဖျက် သသူကာ ငါနှင့်ထပ်တူ ရစပါစိယ်တေ. . .။ ပုဂံ အညာ ညောင်ဦ စသော ငဆောင်ချံတိုင်ဩင် ပုဂံအကြိယ် သရိယ်ပစ္စရာ စသကာ တဝယ် တိုင်ဩင် မ္လိယ်ပုံလုံမျှမက သလာလစ် အံသော ဖုရှာကိုဝ် လေဖူစိယ် သတေ။ (ခတ်ပုံ ၂၄၃၊ ကြောင်းရေ ၁၈ မှ ၂၃)။
>
> (ဤ ငါကောင်းမှုကို မဖျက်ဆီးဘဲ ပြုပြင်စောင့်ရှောက်သူတို့သည် ကောင်းမှု၏အကျိုးကို ငါနှင့် ထပ်တူရကြပါစေ။ ပုဂံအထက် ညောင်ဦး မှ ငဆောင်ချံတိုင်အောင် လည်းကောင်း၊ ပုဂံအောက် သရိယ် ပစ္စယာမှ တဝယ်တိုင်အောင် လည်းကောင်း၊ ဤအရပ်များအတွင်းရှိ မြေဖုံးအလုံးမျှ အရေအတွက်ရှိသော လာလတ္တံ့သော ဘုရားတို့ကို မဖူးကြရသည် ဖြစ်စေသတည်း။)

ဤသည်ကိုထောက်၍ လူခပ်သိမ်းတို့သည်လည်း **ငဆောင်ချံ**ကို မြန်မာနိုင်ငံ၏ မြောက်ဘက်နယ်နိမိတ်အဖြစ် ယူကြသည်ဟု သိနိုင်သည်။ မြန်မာနိုင်ငံ၏ မြောက်ဘက်မှ ကျူးကျော်ရန် ခြိမ်းခြောက်လာသောအခါ **ငဆောင်ချံ**သို့ပင် စစ်ကူများ ပို့လွှတ်၏။ ခရစ်နှစ် ၁၂၇၇ တွင် မြန်မာနှင့် မွန်ဂိုတို့သည် နယ်စပ်တွင် အချင်းများကြကာ မြန်မာတို့ဘက်မှ အရေးနိမ့်၏။ ဤစစ်ပွဲလေးနှင့် ပတ်သက်၍ တရုတ်မှတ်တမ်းများတွင် အသေးစိတ် ဖော်ပြသော်လည်း ဤစစ်ပွဲသည် အများက ယူဆနေကြသည့် မြန်မာတို့၏ ကံကြမ္မာ ဆုံးဖြတ်လိုက်သော **ငဆောင်ချံ** စစ်ပွဲကား မဟုတ်ပေ။ ထိုအခင်းသည် မွန်ဂိုတို့ မည်မျှ အင်အားကြီးမားသည်ကို မြန်မာတို့ ခန့်မှန်းစေနိုင်ခဲ့လေသည်။ ထို့ကြောင့် အင်အားတောင့်တင်းရန် **ကူဿပစြာ**အား **ငဆောင်ချံ**သို့ လွှတ်၏။ မင်းနန်သူတွင် တွေ့ရှိရသော ကျောက်စာတစ်ချပ်တွင် ဤသို့ ဖတ်ရ၏။

> သကရစ် ၆၄၀။ ပိသျက်နှာစ်။ ကူဿပစြာ မည်သော အမတ်ကြီသည် မ္လကြိ မဟာကဿပ အရပ် ထေရက္လောင် မဟိယ်ရကာ၊ ထေရက္လောင် ဖ္လစ်စိမ်ဟု ရယ်ချင်၏။ က္လောင်ကာမပ္လုဦ တန်တိုင် ပ္လု၏။ တန်တိုင်လေ မပြီခယ်၊ ကူဿပစြာလေ ငါဆောင်ချမ် မြိုဝ် နိယ်ရလိယ်၏၊ ပြည်တယ်ဖျက်ဆီ သဖ္လစ်ခယ်၏။ သကရစ် ၆၅၅ ခု သရဝန်နှာစ် တန်ဆောင်မုန်လ္ဆန် ၅ ရျက် ၅ နိယ်လျှင် အမတ်ကြီး ကူဿပစြာ ပ္လု ရယ် ...ီသ၊ ထေရက္လောင်ကိုဝ်၊ ကူဿပစြာ သမီနှင့် သမ္ဘက် အမတ် ပုညာပ္လု၏။ (ခတ်ပုံ ၂၂၇၊ ကြောင်းရေ ၁ မှ ၉)။
>
> (ခရစ်နှစ် ၁၂၇၈ တွင် ကူဿပစြာ အမည်ရှိသော အမတ်ကြီးသည် ကျောင်းမရှိသေးသော ဆရာတော် မဟာကဿပအတွက် ကျောင်း ဆောက်လုပ်ရန် စီစဉ်၏။ ကျောင်းမဆောက်မီ တန်တိုင်းပြု၏။ ဤတန်တိုင်း ဆောက်လုပ်၍ မပြီးစီးမီ ကူဿပစြာလည်း ငါဆောင်ချံ ခံတပ်သွား၍ ပျက်စီးသည့်တိုင် နေ၏။ ၈ အောက်တိုဘာ ၁၂၉၃

တွင် အမတ်ကြီး ဣန္ဒပစြာ ဆောက်လုပ်၍ မပြီးစီးခဲ့သည့် ထေရကျောင်းကို ဣန္ဒပစြာ၏ သမီးနှင့် သမက် အမတ်ပုညာတို့ ပြီးစီးစေသည်။)

ဤကျောက်စာအရဆိုသော် ခရစ်နှစ် ၁၂၇၈ မှ ၁၂၉၁ တိုင်အောင် မြန်မာတို့သည် ကျီးလန့်စာ စားနေရသည်။ မွန်ဂိုတို့ ဝင်ရောက် တိုက်ခိုက်ခြင်း၏ အကြောင်းများနှင့် အခင်းများကို သိပြီးဖြစ်သည်။ ၁၉၅၆ တွင် ကျင်းပသည့် မြန်မာနိုင်ငံလက်နက်ကိုင်တပ်များ၏ နှစ်စဉ် ညီလာခံတွင် ဖတ်ခဲ့သည့် စာတမ်းသုံးစောင်တွင် ပါမောက္ခ ဂျီအိပ်ချ်လုစ်က အသေးစိတ် ဆိုခဲ့ပြီ။ သို့သော်လည်း စစ်ဖြစ်ရသည့် အရေးကြီးသောအကြောင်းများနှင့် အခင်းများကို အကျဉ်းချုပ် ပြောရပေဦးမည်။ မြန်မာနိုင်ငံ မြောက်ပိုင်းနယ်စပ်ရှိ လူမျိုးစုတို့သည်၊ မြန်မာတို့၏ အာဏာစက်မိမိတို့ထံ ပျံ့နှံ့လာသည်ကို မနှစ်မြို့သောကြောင့် တရုတ်တို့ထံ စစ်ကူတောင်း၏။ ခရစ်နှစ် ၁၂၇၂ တွင် ၎င်းတို့အား မြန်မာတို့က ဝင်ရောက် တိုက်ခိုက်လေသည်။ ၃ မတ် ၁၂၇၃ တွင် ကူဗလိုင်ခန်က မင်းစေများကိုလွှတ်၍ မြန်မာတို့က သူ၏ သစ္စာခံရန် ဆိုလာ၏။ မြန်မာတို့က လက်မခံခဲ့။ အဆိုပါ မင်းစေများသည် တရုတ်နိုင်ငံသို့ ပြန်မရောက်[၂၁၉]ကြပေ။ သို့သော်လည်း ဘုရင့်အမိန့်ဖြင့် ၎င်းတို့အား ကွပ်မျက်သည်ဟုဆိုသည်မှာ ယုတ္တိမဟာန်ပါ။ ဟာစ်ပါးမင်း၏ မင်းစေတမန်တို့ကို ကွပ်မျက်သည့်မင်းသည် မည်သည့်နည်းနှင့်မျှ မိမိ၏ သံတမန်တို့ကို ထိုတစ်ပါးမင်းထံ လွှတ်ဝံ့မည်မဟုတ်သည်ကို လူပြိန်းတွေး တွေးကြည့်နိုင်ပါသည်။ ခရစ်နှစ် ၁၂၇၃ တွင် တရုတ်သံတို့အား ကွပ်မျက်ခဲ့မိပါလျက် ၁၂၈၅ တွင် သူ၏ သံတမန်များကို စေဝံ့မည်မဟုတ်ပေ။ ၁၂၇၅ တွင် မြန်မာနိုင်ငံအား စစ်တိုက်ရန် ယူနန် အာဏာပိုင်တို့က ကူဗလိုင်ခန်အား တိုက်တွန်း၏။ ဧပြီ ၁၂၇၇ တွင် နယ်စပ်ဒေသရှိ လူမျိုးစုများအား မြန်မာတို့က တစ်ဖန်တိုက်ခိုက်ကြပြန်၏။ ကျူးကျော်သူများကို တိုက်ထုတ်ရန် **တာလိ**မှ တပ်တစ်တပ် ဆင်းလာ၏။ မြစ်တစ်ခု၏ အပါးတွင် တိုက်ပွဲဖြစ်ပွားပြီး မာကိုပိုလိုနှင့် အခြားသူများက ထိုတိုက်ပွဲကို **ငဆောင်ချမ်**စစ်ပွဲဟု လွဲမှားစွာ ယူကြသည်။ (၁) ၁၂၇၇ ကုန်ခါနီးတွင် မွန်ဂိုတို့ ရန်စလာ၏။ သို့သော် မကြာမီပင် ဆုတ်ခွာသွားကြသည်။ သို့ကြောင့် အားသစ်လောင်းရန် ဣန္ဒပစြာအား **ငဆောင်ချမ်**သို့ လွှတ်၏။ စက်တင်ဘာ ၁၂၈၃ တိုင်အောင် မွန်ဂိုတို့သည် တစ်စုံတစ်ရာ



အရေးမယူဘဲ နှောင့်နှေးခဲ့ကြသည်။ ၃ ဒီဇင်ဘာ ၁၂၈၃ တွင် **ငဆောင်ချမ်**ကျ၍ ၉ ရက်နေ့တွင် **ကောင်းစင်**ကျလေသည်။ ပြည်၏ အနောက်ဘက်ရှိ **လှည်းကွ**သို့ မြန်မာဘုရင်သည် စုန်၍ပြေး၏။ ဇန်နဝါရီ ၁၂၈၄ တွင် မွန်ဂိုတို့သည် **တကောင်း**ကိုသိမ်း၍ မြန်မာနိုင်ငံမြောက်ပိုင်း၏ ခေတ္တ ဗဟိုအုပ်ချုပ်ရေးဌာနအဖြစ်ထား၍ ၁၂၈၅ တွင် အညံ့ခံရန် ဘုရင်သည် ဆုံးဖြတ်ပြီး သျှင်ဒိသာပြာမုက်ကို **တယ်တု** (ပီကင်း)သို့ စကားစေ့စပ် ကမ်းလှမ်းရန် လွှတ်၏။ သျှင်ဒိသာပြာမုက်သည် **ယဆည်** (ယူနန်ဖု)တွင် ဝါဆိုပြီး **တယ်တု**သို့ ဒီဇင်ဘာ ၁၂၈၅ တွင် ရောက်၏။ ဧကရာဇ် ဘုရင်နှင့် စကားအချေအတင် ပြောကြသည်မှာ မှတ်သားဖွယ် ကောင်းလှ၏။ အောက်ပါတို့ကို သျှင်ဒိသာပြာမုက်ကျောက်စာ (ဓာတ်ပုံ ၂၇၁၊ ကြောင်းရေ ၂၅ မှ ၃၄)မှ တရုတ်မင်းနှင့် သျှင်ဒိသာပြာမုက်တို့ အချီအချပြောဟန်ကို ကောက်နုတ်ဖော်ပြသည်။

တရုတ်မင်း – ပဏ္ဍိတ် ဤ ငါသုရယ် ၂၀၀၀ နှင့် မဟာထိ သဃ်ထိ သျှင်နှင် သာသနာ့ပ္ပိလိယ်ဟုနှင်၏။ (ကြောင်းရေ ၂၁ မှ ၂၂)။

သျှင်ဒိသာပြာမုက် – မဟာရစ် ဤ (သုရ)ယ် (အကုံ)။ သဃ်ာ အလုမ်စပါဟိမှ တေတည်ကြည်အံ့ (စပါ ကာ) ပြည်စည်စိမ် မြစ်(လော)။ ဤသုရယ်တိုဝ်သည် ထန်ကိုဝ်တေ(စည်) ရယ်စာ ပြိကာ ဝံနာရယ်၊ သိယ်ကုန် ထလော (ကြွင်)သော သဃ်တိုဝ်လေ ပြည်တွင် မဝင် (ဝံ)။ တဝ်သိုဝ် ပ္ပိယ်ရယ် သိယ်ကုန် ခံသော တကာ။ မင်ကြီ (ဩာင်)သော အမှုမလော။ ဥယန်စိုက်သော ယောကျာကား။ ရိယ်သွန်ရယ် သစ်ပင်ကိုဝ် ကြီစိယ်၏။ အညွန် မဆိတ်တကာ။ သစ်ပင် သီပြီသော တေ အသီစာ၏။ တံပြတိက် ပြည်ကိုဝ်လေ ရိယ်သွန်ဦလတ် သိယ်ဘယ်မူလေ သာသနာ မ္လတ်စွာ။ မင်ကြီကာ ဖုရှာ ဆုတောင်သော သူမလော။ အဖကောတမ သာသနကိုဝ် အ(သျှ)င် (စိ)ယ်လတ်ပိယ်။ မင်ကြီနိုင်သော ပြည်ကာ မျာလေမျာစွ ကြီလေကြီစွ။ တံပြတိက်ပြည်ကာ အဘေယ်တွယ်။[၂၆၁] သာသနာဟိသော

ကြောင်ရကာ။ ဖုရှာလောင်တိုဝ်ကာ ပြည့်မွှုတ်၏။ သုရယ် အဝင်စိယ်လတ်ပိယ်။ ဘယ်ကာကောက်ပဲ စိုက်လိယ် ဦအံ၊ ကောက်ပဲလ် ပြိပီသောကာဝင်။ (ကြောင်းရေ ၂၂ မှ ၃၂)။

တရုတ်မင်း – ဤစကာတွင် ဘဖို့လေပါ၏။ ပဏ္ဍိတ်လာရယ် ပွိယ် ပွိယ် သသျင်တိုဝ်ကိုဝ် ခဝ်လိယ် ကောက်ပယ်စိုက်လိယ်။ ပြိပီသော ဘကိုဝ်လွှတ်လတ်တုံ။ (ကြောင်းရေ ၂၃–၃၃–၃၄)။

သို့ဖြင့် သျှင်ဒိသာပြာမုက်သည် တာဝန်ကို အောင်မြင်စွာ ထမ်းဆောင်၏။ သူက လက်ဆောင်ပဏ္ဏာပေးရန် ကတိပြု၍ ဧကရာဇ် ဘုရင်ကလည်း၊ ၎င်း၏ စစ်တပ်အား ပြန်၍ ရုပ်သိမ်းရန် ကတိပြု၏။ ကံမကောင်း အကြောင်းမလှ သောကြောင့် ၁၂၈၇ တွင် ဘုရင်သည် လုပ်ကြံခံရသဖြင့် မွန်ဂိုတို့က တစ်ဖန် ထပ်မံ၍ တိုက်လာပြန်၏။ ၁၂၈၉ တွင် **ရှုယ်နန်သျှင်**အား ဘုရင်တင်မြှောက်၏။ သို့သော်လည်း ဤအခါတွင် ဘုရင်သည် ရုပ်ပြမျှသာ ဖြစ်တော့၏။ နိုင်ငံကို အမှန်တကယ် အုပ်စိုးသူများမှာ နာမည်ကျော် ရှမ်းညီနောင်သုံးဦးဖြစ်သော အသင်္ခယာ၊ ရာဇသင်္ကြံနှင့် သီဟသူတို့ ဖြစ်သည်။ ၁၂၉၃ ကစ၍ သူတို့သည် မွန်ဂိုတို့၏ ပဒေသရာဇ်နိုင်ငံအဖြစ်နေရခြင်းကို ရှုံရှာကြပြီး ၁၃၀၀ တွင် အတိ အလင်း အတိုက်အခံပြုကြ၏။ သို့ကြောင့် တစ်ဖန် စစ်ဖြစ်ရပြန်၏။ မြင်စိုင်ကို ပတ်နထား၍ ချီတက်၏။ ဇန်နဝါရီမှ ဧပြီတိုင်အောင် မွန်ဂိုတို့သည် မြင်စိုင်ကို ဝိုင်းထားကြသည်။ ရှမ်းညီနောင်သုံးဦးက တံစိုးထိုးသည့်ရွှေတို့ကြောင့် တစ်ကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း၏ ပူပြင်းလှသော နွေရာသီကြောင့်တစ်ကြောင်း မွန်ဂိုတို့ သည် ဆုတ်ခွာသွားကြ၏။ ဖော်ပြပါအချက်များသည် မွန်ဂို–မြန်မာစစ်ပွဲ၏ အရေးကြီးသော အခန်းများဖြစ်၏။ ပထမစစ်ပွဲအတွင်းတွင် **ငဆောင်ချံ**နှင့် **ကောင်စင်**တို့သည် အရေးပါသော အခန်းများမှ ပါဝင်ကြသည်။ သို့ကြောင့် ထိုနှစ်နေရာကို အတိအကျထုတ်ဖော်ပြသနိုင်ရန် အရေးကြီးပေသည်။ [၁]ဦးဖိုးကျား ကဲ့သို့သော မြန်မာမျိုးချစ်ပုဂ္ဂိုလ်များက **ငဆောင်ချံ**ကို **ဗိုးမော်** အနီး တရုတ်နယ် ထဲတွင်ထားသည်။ (ဦးဖိုးကျား၏ *အလယ်တန်းကျောင်းသုံး ခေတ်သစ် မြန်မာ ရာဇဝင် အကျဉ်းချုပ်* စာမျက်နှာ ၄၆ ရှိမြေပုံ)။ ခေတ်အပိုင်း အခြားလိုက်



မရူးစမ်းဘဲ လက်ရှိ မြန်မာနိုင်ငံနယ်နိမိတ် အလျောက်သာ မြင်ကြဟန် တူ၏။ သို့ကြောင့်လည်း ထိုနယ်နိမိတ်ပေါ်တွင်ဖြစ်စေ သို့မဟုတ် လွန်၍ဖြစ်စေ ထည့်ကြ ပေသည်။[၂] အက်ဒွပ်ဟူဗာကမူ မြန်မာမျိုးချစ်ပုဂ္ဂိုလ်များထက် ပို၏။ သူသည် ငဆောင်ချံကို နန်–ဆွန်ကွန် ဖြစ်ရမည်ဟုဆိုပြီး နန်–တျင်နှင့် တင်ယူ အကြားတွင် နေရာချ၏။ [၃] **ငဆောင်ချံ**သည် ဗန်းမော်အနီးတွင် ရှိသည်ကို ဂျီအီးဟာဗေး သိ၏။ (ဂျီအီးဟာဗေး၏ *မြန်မာနိုင်ငံ ရာဇဝင်* စာမျက်နှာ ၃၃၆)။ သို့သော် ဟူဗာအတိုင်းပင် လိုက်၍ပြောသည်။ (ဂျီအီးဟာဗေး၏ *မြန်မာနိုင်ငံ ရာဇဝင်* စာမျက်နှာ ၂၁ မြေပုံ)။ တရုတ်တို့၏ ကျံထို (မြစ်၏ ထိပ်တွင်ရှိသော မြို့တော်)ကို ကောင်စင်ဖြစ်သည်ဟု ဟူဗာက ဆိုပြီး ဗန်းမော် တောင်ဘက် ဆယ်မိုင်အကွာတွင် နေရာချ၏။ သို့ဖြင့် ဆင်ဖြူရှင်လက်ထက် ကောင်းတုံနှင့် ကောင်စင်မှာ တစ်ထပ်တည်းကျနေ၏။ [၄] ဆာအာသာဖယ်ရာကမူ **ငဆောင်ချံ**ကို ဗန်းမော်၏ တောင်ဘက်တွင်ထား၏။ (ဆာအာသာဖယ်ရာရေး *မြန်မာနိုင်ငံရာဇဝင်* စာမျက်နှာ ၅၃)။ [၅] အီးအိပ်ချ်ပါကာကမူ **ငဆောင်ချံ**ကို ဗန်းမော်၏ တောင်ဘက်တွင်ထားရန် ဖယ်ရာနှင့် သဘောတူသော်လည်း ကျံထိုကို **ငဆောင်ချံ**အဖြစ် သတ်မှတ်ရန် ပို၍ သဘောကျသည်။ (ပါကာရေး *မြန်မာ နိုင်ငံ* စာမျက်နှာ ၃၁ မှ ၃၂)။ [၆] ပါမောက္ခ ဂျီအိပ်ချ်လုစ်ကမူ ဤသို့ဆို၏။ (ကျံထိုသည် **ကောင်စင်**ဖြစ်၏။ [၇] ရှန်ကျောင်သည် **ငဆောင်ချံ**ဖြစ်သည်ဟု ကျွန်ုပ် ဆိုချင်သည်။ **ရှန်ကျောင်**ကို **ကျောင်ရှန်**ဟု ပြောင်းခဲ့လျှင် ဤအဆိုမှာ ဖြစ်နိုင်ပေသည်)။ ကျွန်ုပ် မှတ်မိသမျှဆိုလျှင် လက်နက်ကိုင် တပ်များ၏ ညီလာခံတွင် အသုံးပြုသည့် ပါမောက္ခလုစ်၏ မြေပုံပေါ်တွင် ဗန်းမော်နေရာတွင် **ငဆောင်ချံ**ကိုထားပြီး **ကောင်တုံ**နေရာတွင် **ကောင်စင်**ကို ထားသည်ကို မြင်ခဲ့ရသည်။ သို့ကြောင့် ပြဿနာသည် ရှုပ်ထွေးလှ၏။ နိုဝင်ဘာ ၁၉၅၆ တွင် တံတားဦးနေ ဦးလှကြီးနှင့် တွေ့ရသောအခါ ပြဿနာသည် ပို၍ ရှုပ်ထွေး လာလေသည်။ ဗန်းမော်သားဖြစ်သူ ဦးလှကြီးသည် **ငဆောင်ချံ**နှင့် **ကောင်စင်** သည် ဗန်းမော်နှင့် မျက်နှာချင်းဆိုင် ဧရာဝတီမြစ်၏ အနောက်ဘက်တွင် ရှိသည်ဟု ဆိုလာ၏။ ယခင်ကဆိုလျှင် ဤနေရာများသည် ဧရာဝတီမြစ်၏ အရှေ့ဘက်တွင်သာရှိသည်ဟု အားလုံးက သဘောတူညီကြသည်။ ယခုမူ အနောက်ဘက်ကမ်းတွင်ရှိသည်ဟု ဆိုသူကို တွေ့ရ၏။

ပုဂံခေတ် ဗုဒ္ဓသာသနာနှင့် ပတ်သက်၍ ကျွန်ုပ် သုတေသနရှာမှီးစဉ် အခါက မှန်နန်းရာဇဝင်ကို မေ့ပစ်လိုက်ရန် ကျွန်ုပ်အား ပြောကြသည်။ ထိုရာဇဝင် တို့၏အဆိုတို့သည် ရာဇဝင်အကြောင်းအရ တန်ဖိုးမရှိလှချေ။ သို့သော် စာအုပ်ပါ စကားအချို့တို့ကို လေးလေးနက်နက် စဉ်းစားဖွယ် ကောင်းလှ၏။ **ငဆောင်ချံ** သည် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင်ရှိသည်ဟု ဦးလှကြီးက ဆိုလာ သောအခါ မှန်နန်းရာဇဝင်ကို ကျွန်ုပ် သတိရမိ၏။ အောက်ပါအပိုဒ်ကို မှန်နန်း ရာဇဝင် (မိတ္ထီလာမြို့ မအေးတင် ပိဋကတ် ပုံနှိပ်တိုက် ၁၉၃၆) ပထမတွဲ စာမျက်နှာ ၃၈၇ မှ ထုတ်နုတ်ဖော်ပြသည်။ (စစ်သူကြီး လေးယောက်တို့လည်း ချီလေ၍ ငဆောင်ချမ်းမြို့သို့ရောက်လျှင် မြို့ပြ ကျုံး မြောင်း ကောင်းမွန် ခိုင်ခံ့အောင် ပြင်ဆင်လုပ်ဆောင်၍ ဗန်းမော်မြစ်ကူးက ခုခံတိုက်သည်။ သုံးလ တိုင်တိုင် ဆင်ကံကျွေး မြင်းကံကျွေးမျှ မလွတ်ရ၊ သတ်သည် ဖြစ်၍ သေလေ သည်ကိုလည်း တရုပ် **ဥတည်ဘွား**က တစ်သိန်းကုန်လျှင် နှစ်သိန်း၊ နှစ်သိန်း ကုန်လျှင် လေးသိန်း ထပ်လောင်းလာသောကြောင့် ပင်ပန်းလှ၍ တရုတ်တို့ မြစ်ကူးမိလေလျှင် ငဆောင်ချမ်း ပျက်လေ၏)။

**ငဆောင်ချံ**ကို တိုက်ခိုက်ရန် မွန်ဂိုတို့သည် မြစ်ကို ဖြတ်ကူးရသည်ကို သတိချပ်ပါ။ ဤစကားအရ **ငဆောင်ချံ**သည် ဧရာဝတီမြစ်၏ အနောက်ဘက် ကမ်းတွင်ရှိသည်ဟု အဓိပ္ပာယ်ရသည်။ ဤစကားအရပင် မြစ်ကူးကို ဗန်းမော် နေရာမှ ခံသည်ဟု အဓိပ္ပာယ်ရသည်။ ဤအဆိုတို့သည် သေချာစွာ စုံစမ်း စစ်ဆေးရန် ကျွန်ုပ်အား လှုံ့ဆော်ပေးလေသည်။

မြန်မာနိုင်ငံ သမိုင်းကော်မရှင် ကျောက်စာကူးအဖွဲ့မှ ဦးဆွဲ၊ ဦးကျင်မောင် တို့နှင့်အတူ ၄ မတ် ၁၉၅၈ တွင် ဗန်းမော်သို့သွားခဲ့သည်။ ဗန်းမော်တွင် တပ်စွဲနေသော စစ်ရဲတပ်ရင်း(၁၁)မှ မေဂျာ ခင်ရောတောင်က အထူးပင် ကူညီ သည်ကို ကျွန်ုပ် ဖော်ပြရပေမည်။ မေဂျာ ခင်ရောတောင်နှင့် အဖွဲ့သားများ ကူညီ၍သာ ကောင်းတုံ၊ ကောင်းစင်၊ ငဆောင်ချမ်း၊ ရွှေကျီးနားနှင့် မြို့သစ်သို့ ရောက်နိုင်ပေ၏။ အငြိမ်းစား သစ်တောအရာရှိတစ်ဦးဖြစ်သူ ဦးချစ်ဦးက လမ်းပြ ပေးသည်။ ဗန်းမော် တောင်ဘက် ၁၃ မိုင် အကွာတွင်ရှိသော ကောင်းတုံကို ၅ ရက်နေ့တွင် သွားသည်။ ကောင်းတုံ၏ မြောက်ဘက်တွင် ဧရာဝတီမြစ်၊ အရှေ့ဘက်နှင့် တောင်ဘက်တွင် နမ်းပုလဲချောင်း၊ မြောက်ဘက်တွင် မြောင်း



တစ်ခု အသီးသီးရှိသည်။ သို့ကြောင့် အရပ်အနေမှာ ခံတပ်အတွက် သင့်တော် လှ၏။ ခရစ်နှစ် ၁၈ ရာစုနှစ်တွင် ကျူးကျော်သူ တရုတ်တို့အား ဤခံတပ်မှ အောင်မြင်စွာ တွန်းလှန်နိုင်ခဲ့သည်။ နှစ်ပေါင်း ၅၀၀ ကာလက ကြုံလိုက်ရသည့် အတွေ့အကြုံတို့ကြောင့် ခံတပ်နေရာရွေးရာတွင် မြန်မာတို့ လိမ်မာလာဟန် တူ၏။ **ကောင်းတုံ**၏အနောက်တောင် တစ်မိုင်ကွာတွင်ရှိသော **အောင်တပ် စေတီ**၌ ၁၇၁၁ ကျောက်စာတစ်ချပ်ကို တွေ့ခဲ့ရသည်။ ၆ ရက်နေ့တွင် **ကောင် စင်**သို့ သွားခဲ့၏။ အထက် မြန်မာနိုင်ငံနှင့် ရှမ်းပြည် ပြန်တမ်း အတွဲ ၂၊ အမှတ် ၁၊ စာမျက်နှာ ၃၄၂တွင် **ကောင်စင်**အား မြောက်လတ္တီကျူ ၂၄° ၁၅′ နှင့် အရှေ့လောင်ဂျီကျူ ၉၇° ၁၄′ ပေါ်ရှိ ဗန်းမော်ခရိုင် အကွက်အမှတ် ၂၄ အတွင်းရှိ ကချင်ရွာအဖြစ် ဖော်ပြသည်။[၇] ယခုအချိန်တွင် ထိုရွာ၌ အိမ်ခြေ ၉၀ ခန့်ရှိပြီး ဗန်းမော်၏**တစ်ဘက်**ကမ်းတွင် တည်ရှိသည်။ ကောင်စင်၏ အရှေ့ဘက်တွင် မြစ်ရှိပြီး အနောက်ဘက်တွင် နုံးမြေဖြစ်လေသည်။ နေရာ ကောင်းမှာ ရေစား၍ ကမ်းပြိုသွားပြီဖြစ်သောကြောင့် ရွာ၏အမည်မှာ **ကောင်စင်** ဟု တွင်သော်လည်း အမှန်မှာမူ ရွာသစ်ဖြစ်လေသည်။ ထို့နောက် မြစ်ကို ၅ မိုင်ခန့် ဆန်တက်ကာ **ကောင်စင်**နှင့် တစ်ဘက်ကမ်းတည်းရှိသော မြေစေတီ ရွာသို့ သွား၏။ **ယောမှ** လူများ တည်ထားသော သက်တမ်း ၆၀ ခန့်သာ ရှိသေးသော ရွာသစ်ဖြစ်၏။ ရပ်ရွာလူကြီးများဖြစ်သော **မှမလင်းရွာ** သူကြီး **ဦးစိန်မောင်၊** မှမလင်းကျောင်းအုပ် **ဦးဘနှစ်၊** မြေစေတီရွာမှ **ဦးရှန်**နှင့် **ဦးကံသာ**တို့ကို တွေ့ရသည်။ သူတို့သည် ဤအရပ်ဒေသကို မြေစေတီရွာ မဖြစ်လာမီကပင် သိကြသည်။ မြစ်ကမ်းပါးအနီးတွင် အဓိကနေရာ နှစ်နေရာရှိ၏။ တစ်နေရာမှာ တောင်ဘက်ရှိ **မြဇီဝေစေတီ**နှင့် ကျန်တစ်နေရာမှာ မြောက်ဘက်ရှိ **မြေစေတီ**ဖြစ်၏။ မြစ်ကမ်းပါးသည် လိပ်သည်းကျောက်များဖြင့် ပြီးသောကြောင့် ရေတိုက်မစားနိုင်ပေ။ မြစ်ကို အရှေ့ဘက်တွင်ထား၍ မြဇီဝေစေတီမှ မြေစေတီ အထိ လခြမ်းသဏ္ဌာန်ရှိ မြောင်းကို တွေ့ရသည်။ မြဇီဝေစေတီနှင့် မြေစေတီ တို့ကိုမူ ထိုမြောင်းက ကာရံထားခြင်း မရှိပေ။ ထိုမြောင်းနှင့် ဧရာဝတီမြစ် အကြားရှိ အရပ်သည် **ငဆောင်ချံ**ဖြစ်သည်ဟု ဆိုကြသည်။

ယခုအခါတွင်ကား ထိုအရပ်၌ အိမ်ထောင်စု ၇ စုသာရှိပြီး မြောက် ဘက်ရှိ မြေစေတီရွာကြီးမှာ သီးခြားဖြစ်၏။ မြေစေတီရွာတွင် အိမ်ခြေ ၇၀ ခန့်

ရှိသည်။ မြောင်းအတွင်းတွင် စေတီပျက်နှစ်ဆူရှိ၏။ ထိုစေတီများမှာ လုံး၀ ပြိုပျက်နေခြင်းတို့ကြောင့် လည်းကောင်း၊ မူရင်းကို မမှတ်မိနိုင်အောင် ပြုပြင်ထားခြင်းတို့ကြောင့် လည်းကောင်း၊ သက်တမ်းနှင့် မူရင်းပုံကို မသိနိုင်တော့ပေ။ ဤအရပ်သည်သာ **ငဆောင်ချံ**ဖြစ်ခဲ့လျှင် ခရစ်နှစ် ၁၃ ရာစုနှစ် မြန်မာတို့သည် အရပ်အနေ မသင့်လှသော ဤဒေသကိုမှ ရွေးချယ်ခဲ့သည်ဟု ဆိုရတော့မည်။

ဤနေရာတွင် ဇရာ၀တီမြစ်သည် အထူးပင် ကျယ်ပြောလေသည်။ သို့ကြောင့်လည်း ဗန်းမော်၏ မြောက်ဘက်ရှိ **ရွှေကျီးနားမှ ကောင်စင်**ကို ဖြတ်ကူးသည့် အချိန်အတွင်းတွင် မိန်းမအကျီတစ်ထည်ချုပ်၍ ပြီးနိုင်သည်ဟု ဆိုစမှတ်ပြုကြသည်။ ရန်သူတို့သည် ဤမြစ်ကျယ်ကြီးကို ဖြတ်ကူး၍ လာလိမ့်မည်ဟု ထိုခေတ်မြန်မာတို့က တွက်ဟန်တူသည်။ သို့သော်လည်း ရန်သူတို့ မြောက်ဘက်ရှိ မြစ်ကျဉ်းရာအရပ်မှ ဖြတ်ကူးပြီးလျှင် ခံတပ်များကို နောက်ကျောမှ ၀င်တိုက်ဟန်တူ၏။ **ငဆောင်ချံ**နှင့် **ကောင်စင်**သည် ငါးမိုင်မျှသာဝေး၏။ ၃ ဒီဇင်ဘာ ၁၂၈၃ တွင် **ငဆောင်ချံ**ကျပြီး ၉ ဒီဇင်ဘာ ၁၂၈၃ တွင် **ကောင်စင်**ကျ၏။ ၆ ရက်ကြာမှ ကျခြင်းကို ထောက်ခြင်းအားဖြင့် **ကောင်စင်**သည် အင်အားတောင့်တင်း ခိုင်မာသော ခံတပ်ဖြစ်ရပေမည်။ အများ စဉ်းစားဆင်ခြင်ရန် ထိုအရပ်ဒေသရှိ လူအများပြောပြသော အကြောင်းတစ်ချက် နှစ်ချက်ကို ဖော်ပြရပေမည်။ ရွှေကျီးနားရှိ တံခွန်တိုင်ကျောင်းမှ ဦးနန္ဒဝံသနှင့် တွေ့သောအခါ လေးဌာနတွင် အရေးကြီးသော အချက်လေးချက်ရှိကြောင်း ပြောလေသည်။ **ရွှေကျီးနား**သည် **ကောင်စင်**၊ **မြစေတီ**သည် **ငဆောင်ချံ**၊ **ရွှေစည်းကုံ**သည် **ကောင်းတုံ**၊ **ဆုတောင်းပြည့်**သည် ဗန်းမော် အသီးသီး ဖြစ်ကြသည်ဟုဆို၏။ **ကောင်စင်**နှင့် **ရွှေကျီးနား**တို့သည် တစ်ဘက်ကမ်းတည်းတွင် မဟုတ်ကြောင်းကို ညွှန်ပြသောအခါ ကမ်းပြိုခြင်းကြောင့် တစ်ဘက်ကမ်းသို့ ရွှေ့၍နေထိုင်ရကြောင်း၊ ရွာသစ်တည်ထောင်၍ နေကြသော်လည်း ရွာဟောင်းအမည်ကိုပင် မှတ်လေ့ရှိကြောင်း ပြော၏။ **ကောင်စင်**ကို ရေတိုက် စားပြီးနောက် ရွာသူရွာသားအချို့သည် **ရွှေကျီးနား**တွင် ပြောင်းရွှေ့နေထိုင်ကြပြီး၊ တစ်ခါတစ်ရံ **ရွှေကျီးနား**ကို **ကောင်စင်**ဟု ခေါ်လေ့ရှိ၏။ **ငဆောင်ချံ**နှင့် ပတ်သက်၍လည်း သူ့တွင် အဆိုတစ်ခု ရှိပြန်သည်။ **မြဇီဝေစေတီ**ကို တောင်ဘက်စွန်း တွင်ထားကာ၊ **မြစေတီ**ကို အလယ်တွင်ထားပြီး၊ **မြသိန်းတန်**စေတီကို အနောက်စွန်းတွင်



ထား၍ လခြမ်းသဏ္ဍာန် မျဉ်းကြောင်းဆွဲလျှင် အတွင်းရှိအရပ်သည် **ငဆောင်ချံ** ဖြစ်သည်ဟု ဆို၏။

သို့သော်လည်း ဤနေရာ၏ပတ်၀န်းကျင်တွင် မြောင်းများ မြေကတုတ်များ ရှိခဲ့သည့် လက္ခဏာများ မတွေ့ရသောကြောင့် ထိုအဆိုမှာ ယုတ္တိ မရှိလှပေ။ ဗန်းမော်၏ အရှေ့မြောက်ဘက် ၂၃ မိုင်အကွာ မျက်နှာချင်းဆိုင်ရှိ မြို့သစ်နှင့် တပိန်မြစ်၏ တောင်ဘက်ကမ်းတွင်ရှိသော ရွှေဟသာံသည် **ငဆောင်ချံ**ပင် ဖြစ်၏ဟု အငြိမ်းစား သစ်တောအရာရှိ ဦးဘခင်က ဆိုပြန်သည်။ ကျွန်ုပ်တို့ ထိုနေရာကို သွားကြည့်သောအခါ အထောက်အထား မတွေ့ခဲ့ရပေ။ ရွှေဟသာံ စေတီရင်ပြင်ပေါ်တွင်မူ တရုတ်ကျောက်စာတစ်ချပ် တွေ့ခဲ့ရသည်။ ဤအဆိုများ အားလုံးထဲတွင် **ငဆောင်ချံ**သည် မြဇီဝေနှင့် မြစေတီ အကြားရှိသည်။ **ကောင်စင်**သည် ဗန်းမော်၏ တစ်ဘက်ကမ်းတွင် ရှိသည်ဟူသော အဆိုသည် ဖြစ်နိုင်ဆုံးသော အဆိုဖြစ်၏။ သို့သော်လည်း အတိအကျ ပြောနိုင်သည့် အထောက်အထားကိုကား မတွေ့ခဲ့ရပါ။ ထိုဒေသရှိ လူတို့သည် စစ်ပွဲများကို မှတ်မိကြပါ၏။ သို့သော်လည်း ခရစ် ၁၃ ရာစုနှစ်အတွင်းက စစ်ပွဲများနှင့် ၁၈ ရာစုနှစ်တွင်းက စစ်ပွဲများကိုမူ လုံးထွေး၍ နေပေပြီ။

# မနူဟာကျောက်စာ†

သမိုင်းရေးလျှင် ခေတ်ပြိုင်မှတ်တမ်းရအောင် ပဓာနထား၍ ရှာဖွေရသည်။ အဘယ့်ကြောင့်ဆိုသော် မျက်မြင်ကိုယ်တွေ့ မှတ်တမ်းသည် အားအရှိဆုံးဖြစ်၏။ တစ်ဆင့်စကားကို မှတ်သားခြင်း၊ နှောင်းမှ ပြန်၍ရေးခြင်း စသော မှတ်တမ်းတို့ကား အားနည်း၏။ ထို့ကြောင့် မြန်မာသမိုင်းကို ပုဂံ စသော ခေတ်ဦးကာလအတွက် ရေးလိုလျှင် ခေတ်ပြိုင်မှတ်တမ်းဟူ၍ ကျောက်စာအများရှိနေသည်ကို လျစ်လျူရှု၍ မဖြစ်နိုင်ချေ။ ကျောက်စာဟူရာ၌လည်း မူလထိုး၊ ဆင့်ထိုး၊ စပ်ထိုးဟူ၍ သုံးမျိုးရှိပြန်သည်။ မူလရေးထိုးစဉ်ကအတိုင်း ရှိနေသည်ကို မူလထိုးဟု ခေါ်ပါသည်။ ဆိုင်ရာပိုင်ရာ ကျောင်းဘုရားနှင့် မကွေမကွင်း၊ မရွေ့မလျားနေလျှင် အကောင်းဆုံးတည်း။ ဘိုးတော်ဘုရားလက်ထက် သက္ကရာဇ် ၁၁၅၅ (ခရစ်နှစ် ၁၇၉၃) လောက်က နေပြည်တော်သို့ သယ်ခဲ့ရာမှ (ကုန်းဘောင်ဆက် စာမျက်နှာ ၆၆၂) အဆင့်ဆင့် ရွေ့လျော၍ ယခု မန္တလေး နန်းတွင်း ကျောက်စာရုံ၌ ရောက်နေသည်လည်း အများရှိ၏။ မူလထိုး ဖြစ်လင့်ကစား မူလအရပ်တွင် မရှိသောကြောင့် ကျောက်စာ၌ပါသော အကြောင်းအချက်တို့ကား မည်သည့်ဒေသနှင့်ဆိုင်သည်ဟု အတိအကျဆိုရန် ခက်ခဲပြန်သဖြင့် မူလနေရာမှ

---

† * "အလောင်းစည်သူသည် မွန်ဗမာကပြားလော" ဟူသော ပြဿနာနှင့် စပ်လျဉ်း၍ မနုဟာကျောက်စာတွင်ပါသော အရေးအသားကို သမိုင်းရှုထောင့်မှ နေ၍ တင်ပြချက်။ ယဉ်ကျေးမှုစာစောင် အတွဲ ၃၊ အမှတ် ၁၀၊ စက်တင်ဘာလ၊ ၁၉၆၀၊ ၅၅-၈။

မရှေ့သော မူလထိုး ကျောက်စာလောက် တန်ဖိုး မရှိနိုင်ပါချေ။ ကျောက်စာ တိုင်တို့ ပျက်စီးနေလျှင် ရေးကူး၍ ကျောက်တုံးအသစ်တွင် ပြန်လည် ရေးထိုး ရမည်ဟု ဘိုးတော်ဘုရား အလိုတော်ရှိပြန်သဖြင့် ဆင့်ထိုးဟူ၍ ပေါ်လာပြန်သည်။ တစ်ဆင့်ကူးလျှင် အမှားဝင်မြဲတည်း။ တစ်ဆင့်ကူးသူတို့က သတ်ပုံပြင်တတ် သည်။ ဝါကျအထားအသို ပြင်တတ်သည်။ ဂဏန်းအဖတ် မှားသည်။ စကား လုံးကို မသိဖူးသဖြင့် အလွဲရေးသည်။ အလွန် သေချာအောင် စစ်ဆေးနိုင်မှ မူရင်းအတိုင်း ရချေမည်။ ဆင့်ထိုး ထိုးစဉ်က ကြပ်ကြပ်မတ်မတ် စစ်ဆေး ပြင်ဆင်သည်ဟု မဆိုနိုင်။ ထို့ကြောင့် ကျောက်စာတွင် ဆင့်ထိုးဖြစ်လျှင် တန်ဖိုး များစွာ ယုတ်လျော့သွား၏။ ထိုထက်ညံ့သည်ကား စပ်ထိုးဖြစ်ပါသည်။ ကျောင်း အရံတစ်ခု သို့မဟုတ် ဘုရားတစ်ဆူနှင့် သက်ဆိုင်သော ကျောက်စာရှိသရွေ့ အကြောင်းအရာ အားလုံးကို ပေါင်းစပ်၍ ကျောက်စာတစ်တိုင် အသစ်ဖြစ်အောင် ရေးထိုးခြင်းကို ဆိုလိုပါသည်။ ဆင့်ထိုးတွင် မှားတတ်သည်ထက် စပ်ထိုးက အမှား ပိုချေမည်ဟု စပ်ထိုးကို အထင်သေးနိုင်ပါသည်။ ဆရာ့ဆရာတို့ မှာစကား အရ မူလထိုးကလွဲ၍ သုံးသင့်သည် မဟုတ်ချေ။

ဤတွင် ယခု ကျွန်တော်တို့ လေ့လာမည့် မနူဟာကျောက်စာကား မည်သည့်အမျိုးဗွင် ပါပင်ပါသနည်း။ ယခု အဘယ်မှာရှိပါသနည်း။ အဘယ် ကြောင့် ယင်းကို ရွေးကောက်လေ့လာပါသနည်းဟု မေးလာလျှင် ဖြေရန်ကား အဆိုပါ ကျောက်စာသည် (၁)ဆင့်ထိုးဖြစ်၍ (၂) ယခု မန္တလေးနန်းတွင်း ကျောက်စာရုံ၌ ရောက်ရှိနေပါသည်။ ထိုရုံအတွင်း၌ အမှတ်စဉ် ၉–ဟု ထို ကျောက်စာကို မှတ်သား၍ထားပါသည်။ မြန်မာနိုင်ငံ ကျောက်စာစာရင်းအရ အမှတ်စဉ် ၃၄၆–ဖြစ်၍ ကျောက်စာဝန်ဟောင်း **ဒူရွိုင်ဆယ်**က မူလထိုးဟု သတ်မှတ်ခဲ့သည်။ ထို့ကြောင့် ပုထိုးတော်ကြီးအနား၌ထားသော ဘိုးတော် စုခဲ့သည့် **မူလထိုးကျောက်စာများ** (၁၉၁၃)ဟု အမည်ရှိသည့် စာအုပ်ကြီးတွင် အဆိုပါ ကျောက်စာကို စာမျက်နှာ ၇ နှင့် ၈ တွင် တွေ့နိုင်ပါသည်။ (၃) ယင်းကျောက်စာကို ရွေးထုတ်၍ ယခု လေ့လာရသည်မှာ သမိုင်းဆရာအချို့က၊ ၎င်းကို အားကိုးလျက် အလောင်းစည်သူ၏ အဖကား မည်သူဖြစ်သင့်ပါသည်ဟု အဖြေရှာလျက် ရှိပါသောကြောင့် လေ့လာရပါသည်။

ရှေးရေးရာဇဝင်တို့၌ စောလူး၏သား စောယွန်းနှင့် ကျန်စစ်သား၏ သမီး ရွှေအိမ်သည်ကို စုံဖက်လျှင် သားတော်အလောင်းစည်သူကို မွေးသည်ဟု



ဝဏ္ဏတိုကလေးတစ်ပုဒ် ရေးထည့်သည်ကို အများအသိ ဖြစ်ပါသည်။ (ဦးကုလား *မဟာရာဇဝင်* ပထမတွဲ၊ စာမျက်နှာ ၂၁၁–၁၂၊ မှန်နန်း ပထမတွဲအပိုဒ် ၁၃၉၊ စာမျက်နှာ ၃၀၇၊ တွင်းသင်းရာဇဝင်သစ် စာမျက်နှာ ၇၄)။

ခေတ်သစ်သမိုင်းဆရာတို့၏ အရေးအသားတွင် (မြန်မာနိုင်ငံ သုတေ သနသင်းဂျာနယ် အတွဲ ၃၆၊ အပိုင်း ၁၊ စာမျက်နှာ ၁၂)၌ အောက်ပါအတိုင်း တွေ့ရှိ မှတ်သားရဖူးပါသည်။

> ဘေးအန္တရာယ် အကြီးဆုံးအခါဖြစ်သော (ငရမန်ကန်း၏) ရန်စစ် ပုဂံကို ရုံလျက်ရှိစဉ် မွန်မင်းဆက်နန်းရိုးတို့ မည်သည့်အမှုကို ပြုပါ သနည်း။ မကုဋ္ဌ (မနုဟာ) မင်းနှင့်တကွ သားတော်လည်း သေခဲ့လေပြီ။ နှောင်းခေတ်မှ ရေးထားသော ကျောက်စာတစ်ခု၏ အလိုအရ မကုဋ္ဌ၏ မြေးတော်သည် သူပုန်နှင့် ကားမပေါင်း၊ သို့သော် ပုဂံမင်းခမ်းတော် အဝင်အပါ လေ့တော်ယူ၍ ပုပ္ပားသို့ တိမ်းရှောင်ကာ တစ်မီးထမည် ကြံသည်ဟု ထင်ရပါသည်။ ကျန်စစ်သားက အသာတကြည် ဆိုဆုံးမ သဖြင့် အကြံလျှော့လျှင် မိမိ၏ သမီးအရင်းနှင့် မကုဋ္ဌမြစ်ကို လက်ဆက် စေလျက် မိမိသားရင်းကိုပင် ထီးမွေမှ နုတ်ပယ်၍ မွန်မင်းသားနှင့် သမီးတော်ဟို့ သင့်သည်မှ မြင်သောသားကို နန်းရုံထားမည်ဟု ဂတိ ထားခဲ့ဟန်တူသည်ဟု (နှောင်းအဖြစ်အပျက်ကို အကဲခတ်လျက် ဤသို့ ဖြစ်ကောင်း၏ဟု စွဲမှတ်ကာ ဖြည့်စွက်လိုက်ပါသည်)။

ဤတွင် (နှောင်းခေတ်မှ ရေးထိုးသော ကျောက်စာတစ်ခု)ဟူသည် အမည် မဖော်သော်လည်း ယခုလေ့လာဆဲ မနူဟာကျောက်စာ (စာရင်း ၃၄၆ မန္တလေး ကျောက်စာရုံ အမှတ် ၉)ပင် ဖြစ်ပါသည်။ ကျောက်စာကို နှစ်မျက်နှာ ရေးထိုး ထားသည်။ ရွှေအိမ်သည် အိမ်ထောင်ပြုရပုံကို ကျောဘက်၌သာပါသဖြင့် ကျော ဘက်စာသားကို (ဘိုးတော် စုခဲ့သည့် မူလထိုးကျောက်စာများ) (၁၉၁၃ ပုံနှိပ် စာမျက်နှာ ၈)တွင် ပါသည့်အတိုင်း ရေးကူး၍ ဖော်ပြလိုက်ပါသည်။

(၁) နမောသဗ္ဗညုဿ။ ။ သခုမ်မင်းကြီး သားတော် သုခမ္မရစ်။ သုခမ္မ။
(၂) ရစ်သားတော် အသဝတ် ခမ္မာမင်းသည်။ ။သိရိတြိဘဝနာ ဒိတျ ပဝရခမ္မ။
(၃) ရာဇာဓိရာဇာ မည်တော်ဟိသော။ နရပတိစည်သူမင်းကြီး ရွှေ။
(၄) လာင်းတော်ကိုဝ် ပုပ္ပားအရပ်သို့ သိုဝ်ဝှက်ပေ၏။ နရပတိစည်သူမင်းကြီး

မိန့်၏။

(၅) အသဝတ်ခမ္မာ ရွှေလောင်းကိုယူချေ။ ကိုဝ်ကိုဝ် ထမင်းဝအောင် ကျွေးမည် ဟူ၍။

(၆) မိန့်၏။ အသဝတ်ခမ္မာလည်း ရွှေလောင်းတော်ကိုဝ် ယူချေ၏။ ရွှေလောင်း တော်ရောက်။

(၇) ပြီဟူ၍ လျှောက်သော်။ သမီးတော် ရွှေအိမ်စည်နှင့်လည်။ အသဝတ် ခမ္မသား နာဂသွန်း။

(၈) နှင့် ပေးစေတော်မူ၏။ စားကျွေးကျွန်ရွာလည်း များစွာ ပေးတော်မူ၏။ ထမ။

(၉) င်းအိုဝ်သုံမ်းဆယ်နှင့်နွားသင်းနှ တဆယ်ငါခုကိုဝ်ဟင်းပြုရွေ ကျွေးတော်မူ။

(၁၀) ၏ ။

ဤတွင် မင်း၏အမည်ကို နရပတိစည်သူဟု အတိအကျ ဖော်ပြသည်ကို မှတ်သားရချေမည်။ ကျောက်စာ၏ မျက်နှာဘက်၌ သက္ကရာဇ် ၄၂၉ ဟူ၍ လည်းကောင်း၊ ကျောဘက်၌ သက္ကရာဇ် ၃၆၆ ဟူ၍ လည်းကောင်း ပါရှိ သော်လည်း ခေတ်ပြိုင်မှတ်တမ်း မဟုတ်ချေ။ လက်ရေးအနေအထားနှင့်တကွ အသုံးအနှုန်းသည် ပုဂံခေတ် အရေးအသားနှင့် မတူသောကြောင့် နှောင်းခေတ် ကျောက်စာဟု မယုတ်မလွန် ဆိုရာသည်။ ဆင့်ထိုးဖြစ်သည်ဟု ဆိုရန်လည်း မခက်ပါ။ ဤကျောက်စာကို အခြေပြု၍ နရပတိစည်သူကို မြပ်ကာ ငရမန်ကန်း ပုန်ကန်စဉ် ကျန်စစ်သားက သမီးနှင့် မွန်မင်းသားကို ပေးစား၍ ထိုမှ မြင်သော သားကို ထီးမွေပေးသည်ဟု ဝတ္ထုတစ်ပုဒ် ရပြန်ပါသည်။

ဝတ္ထုအနေဖြင့် ထို နာဂသမန်း ရွှေအိမ်သည် ညားပုံသည် ဇာတ်လမ်း ဇာတ်အိမ် ကောင်းသည်။ ကျန်စစ်သား၏ အမြော်အမြင်ကြီးပုံကို ထင်ရှား စေသည်။ မွန်–ဗမာ ချစ်ကြည်ရေးကို အလေးအနက် ပြုသည်။ ဘုရင့်သား ဖြစ်ပါလျက် ရှင်ဘုရင်မလုပ်ရသူ သမ္ဗုလ (သံမ္ဗုလ)၏ သားအတွက် သနား စရာလွမ်းခန်း ပေါ်သည်။ သားအရင်းကို ထီးမွေမပေးနိုင်တော့သဖြင့် ရင်နာ ရှာမည့် ကျန်စစ်သားကို ကြည်ညို၍ မဆုံးပါ။ ထိုဝတ္ထုကိုပင် *မြန်မာ့စွယ်စုံကျမ်း* အတွဲ ၂ စာမျက်နှာ ၉၅ ၌ ယူ၍ထားသည်ကို အောက်ပါအတိုင်း တွေ့ရပါသည်။

မင်းစီးလှေတော်ကို ပုပ္ပား၌ အသဝတ်ခမ္မမင်းသား ဝှက်သော ကာလသည် ငရမန်ကန်း ပုဂံကို ပုန်ကန်နေသော ကာလဆိုး ဖြစ်တန်ရာသည်။



ထိုသို့ဝှက်သော အသဝတ်ခမ္မာ၏ အမှုအရာသည် ပုဂံတစ်ဝိုက်ရှိ မွန်တို့ကို စုရုံး၍ တစ်ထီးတစ်နန်း ထူလိုသဖြင့် ပုပ္ပား၌ ဗိုလ်ဝင်ခံသော အမှုအရာ ဖြစ်တန်ရာသည်။ ထိုသို့ဖြစ်လျက် မျက်မှောက် ဆူပူသောင်း ကျန်းမှုကို အလွယ်တကူ ငြိမ်းအေးစေလိုသောဆန္ဒကြောင့် လည်း ကောင်း၊ နောင်ရေးကို မျှော်တွေး၍ မွန်–ဗမာ အခွန့်ရှည်စွာ စည်းလုံး ခိုင်မြဲစေလိုသော ဆန္ဒကြောင့်လည်းကောင်း၊ ကျန်စစ်သားမင်းသည် မိမိ၏သမီးတော် ရွှေအိမ်စည်အား မနူဟာမင်း၏ မြစ်တော် နာဂသမန်း နှင့် ပေးထိမ်းမြားခြင်းသည်လည်း ဖြစ်တန်ရာသည်။ တစ်ဖန် ရာဇဝင် များ၌ မြေးတော်ကို မင်းမြှောက်ခဲ့ပြီးဖြစ်၍ မြေးကားအရင်း သားက အဖျားဖြစ်ပြီဟု ကျန်စစ်သားမင်း မိန့်တော်မူကြောင်း ရေးမှတ်ခဲ့ခြင်း သည်လည်း ထိုအကြောင်းများကြောင့်ပင် ဖြစ်တန်ရာသည်။

ဤတွင် (ဖြစ်တန်ရာသည်) လေးခု တွေ့ရ၏။ စာပြုသူကဖြစ်သည်ဟု မဆို။ ဖြစ်တန်ရာသည်ဟုသာဆိုသဖြင့် မှန်သည် မှားသည်ဟု မဝေဖန်သာ။ သို့သော် မနူဟာကျောက်စာကို စာပြုသူပုဂ္ဂိုလ်သည် ကိုယ်တိုင် ဖတ်ရှုလေ့လာမှု မရှိ။ ထို့ကြောင့် အမိဗမာ–အဖဗမာက ဖွားသည့် ဗမာအစစ် အလောင်းစည်သူကို မွန်–ဗမာ ကပြားဖြစ်အောင် ရေးရာသလောဟု မကျေနပ်သူ ရှိလာပြန်သည်။ *မြဝတီ* အတွဲ ၈၊ အမှတ် ၁၂၊ ၁၉၆၀၊ အောက်တိုဘာ စာမျက်နှာ ၁၀၃/၆)။ ထို့ပြင် မြန်မာနိုင်ငံ သမိုင်းကော်မရှင်က ထွက်လတ္တံ့သောစာအုပ်တွင် လည်း ကောင်း၊ (မြန်မာစွယ်စုံကျမ်း) “မ”အက္ခရာဆိုင်ရာ အတွဲတွင် လည်းကောင်း ကျွန်ုပ်၏ အဆိုကို ဖြိုဖျက်ခြင်းမပြုနိုင်သော (မြန်မာစည်သူ)ဟု ပြင်၍ ရေးကြလိမ့်မည်ဟု မျှော်လင့်ကြောင်း ရေးလိုက်သေးသည်။ အစကပင် (ဖြစ်တန် ရာသည်)ဟု ရေးသူက ရေးသဖြင့် မျှော်လင့်ဖွယ်မကျန်ဟုသာ ဆိုချင်ပါသည်။ မနူဟာကျောက်စာကလည်း ခေတ်ပြိုင်မဟုတ်ချေ။ မူလထိုးဟု ဆိုရန်လည်း ခက်သည်။ ယင်းကိုကူမည့် အခြားသက်သေလည်းမရှိ။ တစ်ဖက်က ကြည့်ပြန်လျှင် ကျန်စစ်သား၌ မိဖ သဘောမတူသူကိုမှ ရွေး၍ကြိုက်သဖြင့် လက်မလွှန်ခင် အိမ်ထောင်ချရမည့် သမီးတော်ရှိနေသည်ဟု ရေးအမှတ်အသားရှိ၏။ အလျင်စလို စီမံရမည့် သူပုန်သူကန်အရေးလည်း ကြုံ၏။ မြေးကားအရင်း သားကားအဖျား ဟူသော ရှေးစကားလည်းကျန်ရစ်၏။ ကျန်စစ်သားကလည်း မွန်စာဖြင့် ကျောက်စာ

အများ ရေးထိုးခဲ့သည်ကိုထောက်၍ မွန်ကို သမက်တော်ရန် ဝန်လေးမည့်သူ မဟုတ်ဟု ယူဆရ၏။ နောက်မှ မှတ်တမ်းရေးသူတို့သည် ကျန်စစ်သားနှင့် နရပတိစည်သူ မှား၍ ရေးချင်လည်း ရေးမည်။ သို့သော် နရပတိစည်သူဟု ရေးမှတ်ပြီးသည်ကို ကျန်စစ်သားဖြစ်ရမည်ဟု ဆိုရန်လည်း ခက်လှသည်။

မနူဟာကျောက်စာကို ဗဟိုပြု၍ ယခုမှသာ ငြင်းကြသည်မဟုတ်။ လွန်ခဲ့သည့် အနှစ်နှစ်ရာခန့်ကလည်း ငြင်းခဲ့သည်။ တွင်းသင်းမင်းကြီး ဦးထွန်းညို က ဤမနူဟာကျောက်စာကို ကိုးကားလျက် ရေးအယူအဆကို ပယ်၍ ရာဇဝင်သစ်အတွက် (စာမျက်နှာ ၉၆) ဝတ္ထုတစ်ပုဒ် ထုတ်ယူခဲ့ဖူးသည်ကို အောက်၌ ဖော်ပြလိုက်ပါသည်။

> သထုံမင်း မနူဟာကို ရွှေစည်းခုံဘုရားမှာ နော်ရထာမင်းစောက လှူသည်ဟူ၍ ရာဇဝင်အစောင်စောင်တို့၌ ဆိုသည်။ မနူဟာကျောက်စာ၌မူကား သထုံမင်းကြီး၏ သားတော် သုဓမ္မရာဇ်သား၊ အသဝတ် ဓမ္မ၏သား နာဂသမ္မန်းနှင့် ခင်အုန်းမိဖုရားတွင် မြင်သည့် သမီးတော် ရွှေအိမ်သည်နှင့် ထိမ်းမြားတော်မူသည် ဆိုသည်။ ထိမ်းမြားဟန်ကား နရပတိစည်သူ မင်းကြီးသည် ရွှေလောင်းတော်ကို ပုပ္ပားအရပ်၌ ဝှက်ထားပေ၏။ နရပတိစည်သူမင်းကြီး မိန့်၏။ အသဝတ်ဓမ္မာ ရွှေလောင်းတော်ကို ယူချေ။ ကိုယ်ကို ထမင်းဝအောင် ငါ ကျွေးမည်ဟု ဆို၏။ အသဝတ် ဓမ္မာလည်း ရွှေလောင်းတော်ကို ယူချေ၍ ရွှေလောင်းတော်ရောက်ပြီဟု လျှောက်သော် သမီးတော် ရွှေအိမ်သည်နှင့်လည်း အသဝတ် ဓမ္မာ သားတော် နာဂသမန်းနှင့် ပေးစားတော်မူ၏။ စားကျွေးကျွန်ရွာ များစွာ ပေးတော်မူ၏။ ထမင်း အိုးသုံးဆယ်နှင်နှင်၊ နွားသင်းနှ တစ်ဆယ့်ငါးခု နို့ဟင်းပြု၍ ကျွေးတော်မူ၏။ ကျောက်ရေးဆရာတို့ထား၏။ အကယ်၍ သထုံမင်းကို အနော်ရထာမင်းစော ဘုရားမှာ လှူသည်မှန်လျှင် သထုံမင်း မနူဟာ မြစ်ဖြစ်သော နာဂသမန်းကို နရပတိစည်သူမင်းကြီး သမီးတော် နှင့် မပေးစားတန်ရာ ဖြစ်သည်။

ဤတွင် ဦးထွန်းညိုသည် ကျောက်စာကို အမြီးအမောက်မတတ်။ မနူဟာ ကျောက်စာ မူလထိုး ရှိခဲ့ဖူးလျှင် ဦးထွန်းညိုကိုယ်တိုင် မြင်ဖူးလိုက်ရမည်ဟု ထင်စရာရှိသည်။ အဘယ်ကြောင့်ဆိုသော် မူလထိုးကို ကူး၍ ဆင့်ထိုး ထိုးရာ၌ ဦးထွန်းညိုက ကြီးကြပ်ရမည်။ ထို့ကြောင့် ဦးထွန်းညို၏ခေတ်က ကျောက်စာကို



မူလထိုး၊ ဆင့်ထိုး၊ စပ်ထိုးဟူ၍ ချိန်ဆနေဖွယ်မရှိ။ သူတို့ကြောင့်သာ ဆင့်ထိုး၊ စပ်ထိုး အများဆုံး ပေါ်ပေါက်ရသဖြင့် သူတို့သာလျှင် မူလထိုးနှင့် အနီးစပ်ဆုံး ဖြစ်သည်။ နရပတိစည်သူဟု ကျောက်စာ၌ပါသည်ကို ဦးထွန်းညိုက ကျန်စစ်သား ဖြစ်အံ့လောဟု သံသယမဖြစ်။ ရှင်ဘုရင့်သမီးကို မနူဟာမြစ်နှင့် ပေးစားသည် ကိုသာ ဦးထွန်းညိုက အရေးပါသောအချက်ဟု ယူဆသည်။ ဘုရင့်သမီးကို ဘုရားကျွန်နှင့် ပေးစားမည်မထင်။ ထိုမှ တစ်ဆင့်တက်၍ စဉ်းစားဝံ့နည်းကား နာဂသမန်းသည် ဘုရားကျွန်မဟုတ်။ ၎င်း၏အဖဖြစ်သော အသဝတ်ဓမ္မာ လည်း ဘုရားကျွန်မဟုတ်။ ၎င်း၏အဖဖြစ်သော သုဓမ္မရာဇ်လည်း ဘုရားကျွန် မဟုတ်။ ၎င်း၏အဖဖြစ်သော မနူဟာလည်း ဘုရားကျွန်မဟုတ်။ ယင်းသို့ဖြစ်လျှင် မနူဟာကို ဘုရားကျွန်ပြုသည်ဟူသော ရေးစကား ပျက်တော့သည်။ သို့သော် ဦးထွန်းညိုက အရှင့်သမီးနှင့် ကျွန်ကို (မပေးစားတန်ရာဖြစ်သည်)ဟုလည်း ရာဇဝင်ဆရာတို့၏ ဖြစ်တန်ရာသည် (မူ)ကို ကျင်လည်စွာ သုံးခဲ့ပါသည်။

# မဟာကဿပဂိုဏ်း†

သျှင်မဟာကဿပနှင့် မဟာကဿပဂိုဏ်း၏ အကြောင်းကိုမပြောမီ ဤစာတမ်း ရည်ရွယ်ချက်နှင့် ကာလအပိုင်းအခြားကို လည်းကောင်း၊ ဤစာတမ်းဖြစ်မြောက်ရေးအတွက် ကူညီသူတို့အား ကျေးဇူးတင်ကြောင်းကို လည်းကောင်း ပြောလိုပါသည်။ ဤစာတမ်း၏ ရည်ရွယ်ချက်ကား အောက်ပါအတိုင်း ဖြစ်ပါသည်။

> "တစ်စီးရှင် သီဟသူလက်ထက်၌ ပင်းယမြို့တွင် သီလဝန် ဂုဏဝန် လဇ္ဇီပေသလ ရဟန်းသံဃာ များစွာမရှိ၊ ပုဂံ အရည်းတို့က ကြွင်းကျန်သော ရှင်ယောင်အရည်းတို့သာ များပြားစွာသတည်း။" (မဟာဓမ္မသင်္ကြံ၊ သာသနာလင်္ကာရစာတမ်း၊ ၁၈၃၁ ဟံသာဝတီ၊ ရန်ကုန်၊ ၁၉၅၆၊ စာမျက်နှာ ၁၂၄)။

ဟူသော အရေးအသားတွင် ပုဂံခေတ်ဦးက အရည်းကို နှိမ်နင်း၍ ကြွင်းသမျှတို့သည် ပုဂံပျက်သည့်အခါတွင်မှ တစ်ဖန် အထင်အရှား နေပြန်သည်ဟူသောသဘောကိုဆောင်သောကြောင့် ထိုအရေးအသားမျိုးကို ကန့်ကွက်လိုပါသည်။

ယခုအခါ ရှာဖွေတွေ့ရှိထားသော အထောက်အထားများအရ အရည်းဆိုသူတို့ ပုဂံခေတ်ဦး၌ မရှိချေ။ ပုဂံခေတ်နှောင်း၌သာ ၎င်းတို့ ပေါ်ပေါက်လာ၍ ပုဂံပျက်သည့်နောက် ကာလအတန်ကြာအောင်ပင် တိုးတက်ကြီးပွား၍ နေကြသည်မှာ အထင်အရှား ဖြစ်ပါသည်။ အရည်းခေတ်၏ အပိုင်းအခြားကား

---

† * မြန်မာနိုင်ငံ သုတေသနအသင်း၏ ၂၅ မေ ၁၉၅၉ အစည်းအဝေး၌ ဖတ်သည်။ သဘာပတိအဖြစ် ယဥ်ကျေးမှုဝန်ကြီး ဦးချစ်သောင်းက ဆောင်ရွက်သည်။

အေဒီ ၁၂၀၀ ခန့်မှ အေဒီ ၁၅၀၀ ကျော်အထိ ဖြစ်ပါသည်။ အရည်းဟူသော ဝေါဟာရသည် အရညကင်ရူတင်ဆောင်သဖြင့် ရသောအမည် ဖြစ်ဟန်ရှိ၏။ အရညကင်္ဂမှ ရွေ့လျော၍ အရည်းဖြစ်လာဟန် ရှိပါသည်။ (မြန်မာပြည် သုတေသနအသင်းဂျာနယ်၊ အတွဲ ၉၊ အပိုင်း ၃၊ စာမျက်နှာ ၁၅၅–၆၆ နှင့် အတွဲ ၁၀၊ အပိုင်း ၂၊ စာမျက်နှာ ၈၂–၃)။ ဆရာအချို့က အရိယာမှ အရည်းဖြစ်လေဟန် ကြံဆသည်ကား ယုတ္တိတန်မည် မထင်ချေ။ (မြန်မာပြည် သုတေသနအသင်းဂျာနယ်၊ အတွဲ ၁၀၊ အပိုင်း ၁၊ စာမျက်နှာ ၂၈–၃၀ နှင့် အတွဲ ၁၀၊ အပိုင်း ၃၊ စာမျက်နှာ ၁၅၈–၉)။ သို့သော် အရည်းဟူသော အမည်ကို ခေတ်ပြိုင်ကျောက်ရေးဆရာတို့က (ဓာတ်ပုံ ၄၀/၅–၆၊ ဓာတ်ပုံ ၅၄/၂၊ မိတ္တူ ဓာတ်ပုံ ၃၇၁–ခ/၃၊ ဓာတ်ပုံ ၂၄၁/၅–၈၊ ဓာတ်ပုံ ၂၅၀/၂၊ ဓာတ်ပုံ ၂၆၄/၈၊ အနိမ့်တောကျောင်း ရွှေကူကျောက် ၂/၄)။ အသုံးအစွဲ အလွန်နည်းပါသည်။ တဝ်ကွောင် (ဓာတ်ပုံ ၄၄ က/၃၊ ဓာတ်ပုံ ၆၈/၂၊ ဓာတ်ပုံ ၈၉/၁–၃၃ စသည်) နေ ရဟန်းဟူ၍ လည်းကောင်း၊ တဝ်မ္လတ်ကြီး (ဓာတ်ပုံ ၂၀၈/၁၂၊ ဓာတ်ပုံ ၂၂၃–က/၁)ဟူ၍ လည်းကောင်း အခေါ်များ၏။[၂၈၂]

ထို့ကြောင့် သိက္ခာမတင် သိမ်မဝင်ဘဲ ရသေ့ ရဟန်းအသွင်နှင့် နေသူကို အရည်း (မဟာဓမ္မသင်္ကြိ၊ သာသနာလင်္ကာရစာတမ်း၊ ၁၈၃၁၊ ဟံသာဝတီ၊ ရန်ကုန်၊ ၁၉၅၆၊ စာမျက်နှာ ၁၂၈)ဟု အပြောအဆို ရှိသည်ကိုလည်း မနှစ်သက်နိုင်ချေ။ ယင်းအချက်အလက်များကို ဤစာတမ်း၌ အသေးစိတ် ရှင်းလင်းပါမည်။ ဖော်ပြပြီးသည့်အတိုင်း ဤစာတမ်းသည် အချုပ်အားဖြင့် တောကျောင်းရဟန်းတို့အကြောင်းကို ရေးသားမည်ဖြစ်၍ အချိန်ကာလအားဖြင့် အေဒီ ၁၂၀၀ မှ ၁၅၀၀ ထိ ဖြစ်ပါသည်။ ဤစာတမ်းကို ရေးရာ၌ မြန်မာနိုင်ငံ သမိုင်းကော်မရှင်တွင် စုဆောင်းပြီးရှိသော ကျောက်စာ မင်ကူးပုံများကို အသုံးပြုရပါသည်။ ထိုသို့ အသုံးပြုခွင့်ရသဖြင့် မြန်မာနိုင်ငံ သမိုင်းကော်မရှင်ကို များစွာ ကျေးဇူးတင်ပါသည်။ သက်ဆိုင်ရာ ကျောက်စာအချို့တို့ကို ကူညီရေးကူး စိစစ်ပေးသဖြင့် ဒေါက်တာရီရီနှင့် ဦးတင်လှသော်တို့ကို ကျေးဇူးတင်ပါသည်။

**တာဝ်ကွောင်တစ်ဆောင်ကို** မိဖုရားတစ်ပါး၏ မယ်တော်က အေဒီ ၁၂၆၁ ၌ **သိင်္ခယင်တဝ်**အား ဆောက်လုပ်လှူတန်း၍ တောင်နီမှလယ် အပယ် ၂၀ ကိုလည်း လှူကြောင်း ကျောက်စာထားရစ်သည်။ (ဓာတ်ပုံ ၄၄–က/၃)။ ယင်းကိုထောက်၍ ၁၃ ရာစုဦးကပင်လျှင် တောကျောင်းဂိုဏ်းသည် မင်းအချီး



အမြင့်ခံရလျက် ခေတ်စားလာပြီဟု မှတ်ယူရမည်။ ပုဂံအရှေ့ မင်းနန်သူရှိ ပြဿတာ အရှေ့တောကျောင်း၌ **ရာဇမဟာ မင်္ဂလပတိ**က အေဒီ ၁၂၃၃ တွင် ကူတည်ကြောင်း ရေးမှတ်ခဲ့သဖြင့် ၁၃ ရာစု၏ ပထမနှစ် အစိတ်လွန်လျှင် တောကျောင်းဂိုဏ်းသည် မြို့တော်အနီးသို့ ချဉ်းကပ်လာလေပြီဟု နားလည်ရပါသည်။ (ဓာတ်ပုံ ၆၈/၂)။

**ဇေယျပွတ်** အမည်ခံ အရေးပါသော မင်းအမတ်တစ်ဦးက အေဒီ ၁၂၃၆ ၌ ပုဂံ အရှေ့ဖွားစောတွင် တောကျောင်းတည်၍ (ဓာတ်ပုံ ၈၉/၁) မြန်မာကျွန်အများ ကျောင်းတွင်လှူသည်။ နောက်တစ်နှစ်၌ မြေ ၇၅ ပယ်လှူပြန်သည် (ဓာတ်ပုံ ၉၀/၁၂–၁၄)။ ကွဲစွာမင်း နန်းရပြီး မကြာမီ ၎င်းမြေကို သိမ်းယူလျှင် တောကျောင်းရဟန်းတို့ အပြင်းအထန် ကန့်ကွက်သဖြင့် မင်းလက်လျှော့လိုက်ရပုံကိုလည်း ကျောက်ရေးမှတ်တမ်း ရှိပါသည်။ (ဓာတ်ပုံ ၉၀/၁၅–၁၆)။ ယခု ဖော်ပြခဲ့သည့် ပုဂံအရှေ့ရှိ ဖွားစောနှင့် မင်းနန်သူအရပ်များကား **သစ်မတိ**ဟု ရှေးရေးရှိသည်။ ရာဇဝင်ကျမ်းများ၌ **သမထီး**ဟု ဖော်ပြလေ့ရှိသော အရပ်ပင် ဖြစ်ပါသည်။ တောကျောင်းဂိုဏ်း စတင်ရာဒေသကား ယခုအခါ မုံရွာခရိုင်နှင့် စစ်ကိုင်းခရိုင် အမြင့်အနိမ့်၊ မြင်းမူ၊ ကျောက်ရစ်စသော ရွာများဖြစ်၍၊ ဖြစ်ဟန်ကို အောက်တွင် မဟာကဿပအကြောင်း ပြောသောအခါ၌ အသေးစိတ် ဖော်ပြပါမည်။

ဖုန်မ္လတ်ကြီ မဟာကဿပတည်သော တဝ်ကွောင် (ဓာတ်ပုံ ၁၄၀–က/၂) သို့မဟုတ် သိင်္ခ မဟာကဿပ ဇေအ်တာ်ကွောင် (ဓာတ်ပုံ ၁၄၃–က/၇၊ ဓာတ်ပုံ ၁၄၃–ခ/၅) ဟူ၍ ရံဖန်ရံခါ တွဲဖက်ဖော်ပြခြင်းကို တွေ့ရသဖြင့် ခေါင်းဆောင်နှင့် ဂိုဏ်းကို ရည်ညွှန်းသည်ဟု ယူဆရာသည်။ ချင်းတွင်းမြစ်မှ အကြေသို့ခုန်၍ ပုဂံတွင် ထင်ရှားလာပုံကို ၁၂၄၇ ထိုးကျောက်စာ (ဓာတ်ပုံ ၁၆၃/၁၃)အရ သိရပါသည်။ တောကျောင်းဘိက္ခုနှင့် ယှဉ်၍ တောကျောင်းဘိက္ခုနီရှိကြောင်းကို ၁၂၈၁ ထိုးကျောက်စာ (ဓာတ်ပုံ ၂၆၈/၁၆) တအံ့တသြ သိရပါသည်။ ဘိက္ခုနီ၏အမည်မှာ **အိုဆီ** ဖြစ်၏။

စကားသင့်၍ ဖော်ပြလိုသည်မှာ ပုဂံခေတ်က ဘိက္ခုနီရှိကြောင်း သက်သေအခိုင်အမာ (ဓာတ်ပုံ ၂၉/၇–၁၉၊ ဓာတ်ပုံ ၅၁/၇၊ ဓာတ်ပုံ ၈၉/၂၇၊ ဓာတ်ပုံ ၉၂/၁၄၊ ဓာတ်ပုံ ၁၀၁/၂၀၊ ဓာတ်ပုံ ၁၁၉–က/၂၊ ဓာတ်ပုံ ၁၃၄–ခ/၅၊ ဓာတ်ပုံ ၁၄၇–ခ၊ ၂၀–၁၊ ဓာတ်ပုံ ၂၀၀/၁၁–၁၅၊ ဓာတ်ပုံ ၂၁၄–ခ/၉၊ ဓာတ်ပုံ

၂၂၀/၉၊ ဓာတ်ပုံ ၂၂၁/၂၇၊ ဓာတ်ပုံ ၂၆၈/၁၆၊ ဓာတ်ပုံ ၃၂၉/၁၅၊ ဓာတ်ပုံ ၅၁၀/၃၊ ဓာတ်ပုံ ၅၅၉–က/၁၄၊ ဓာတ်ပုံ ၆၅၂–က/၈၊ ဓာတ်ပုံ ၅၆၇–က/၇)ရှိ၍ အနည်းဆုံး အေဒီ ၁၄၀၈ အထိ ဘိက္ခုနီ (ဓာတ်ပုံ ၅၁၀/၃၊ သကရစ် ၇၁၇။ စာရင်း ၈၃၄/၂၊ သကရစ် ၇၇၀၊ ရွှေကျောင်းသင်္ဃာရာမ အိမ်တောင်ရိုဝ်) ရှိသည်ဟု ယူဆစရာအကြောင်း ရှိပါသည်။

ပုဂံခေတ်မှ များစွာလွန်၍ လာသည့်တိုင်အောင်လည်း တောကျောင်းများ ခေတ်စားလျက်ပင်ရှိကြောင်းကို တွေ့ရပါသည်။ (ဓာတ်ပုံ ၄၆၅–က/၃၊ သကရစ် ၆၇၂။ ဓာတ်ပုံ ၄၁၅/၂၊ သကရစ် ၆၇၄။ ဓာတ်ပုံ ၅၃၅/၂၇၊ ၃၃၊ ၃၅၊ ၃၆၊ သကရစ် ၆၉၄။ ဓာတ်ပုံ ၄၄၇/၁၅၊ သကရစ် ၆၉၅။ ဓာတ်ပုံ ၄၆၃/၆၊ ၁၃၊ သကရစ် ၇၀၃။ ဓာတ်ပုံ ၄၅၆–ခ/၁၀၊ သကရစ် ၇၀၃။ ဓာတ်ပုံ ၅၂၀ က/၁၁–၁၄၊ သကရစ် ၇၂၀။ ဓာတ်ပုံ ၅၃၇–ခ/၁၀၊ သကရစ် ၇၃၂။ ဓာတ်ပုံ ၅၉၁–က/၉၊ သကရစ် ၇၂၄။ ဓာတ်ပုံ ၅၄၁–က/၆၊ သကရစ် ၇၂၅။ အဝနကျောဒ ရွာကျောင်းကျောက်/၅၊ သကရစ် ၇၃၂။ စာရင်း ၆၆၅–က/၄၊ ၇၊ ၁၀၊ သကရစ် ၇၃၆။ စာရင်း ၆၈၂/၄၈၊ သကရစ် ၇၃၇။ စာရင်း ၇၀၆/၇၊ သကရစ် ၇၄၂၊ ကျောက်ရစ်ရွှေပေါင်လောင် လေးမျက်နှာ ကျောက်အရှေ့မျက်နှာ/၁၁၊ သကရစ် ၇၅၀။ စာရင်း ၇၇၀/၉၊ သကရစ် ၇၅၅။ ကျောက်ရစ်ရွှေပေါင်လောင် နှစ်မျက်နှာကျောက်စာ/၁၃၊ ၁၆၊ ၂၀၊ ၂၃၊ သကရစ် ၇၆၉။ စာရင်း ၈၆၆/၇၊ သကရစ် ၇၈၀။ စစ်ကိုင်း ထူပါရုံ ၁၅၊ ကျော/၁၊ သကရစ် ၇၈၃။ စကိုင်း ရေမျက် ကဲလားပြောက်/၁၇၊ သကရစ် ၇၈၅။ စာရင်း ၈၇၉–က/၃၊ သကရစ် ၇၈၇။ မြင်းမူရွှေပေါင်လောင်ကျောက်/၈၊ သကရစ် ၇၈၈။ အနိမ့်တောကျောင်း တောင်မင်းခေါင် လေးမျက်နှာကျောက် တောင်မျက်နှာ/၈၊ သကရစ် ၈၀၂)။

ဤအရည်ဝါတဝ်ကျွောင် (ဓာတ်ပုံ ၄၆၅–က/၃၊ သကရစ် ၆၇၂။ ကျောက်ရစ်ရွှေပေါင်လောင်ဘုရား လေးမျက်နှာ ကျောက်အရှေ့မျက်နှာ/၁၁၊ သကရစ် ၇၅၀။ ဓာတ်ပုံ ၅၈၃၊ က/၂၀၊ သကရစ် ၇၇၉။ ချောင်ဦးမကျိုးရွာ တောင်ရွာဆိုးကုန်း/၉၊ သကရစ် ၁၀၃၀)မှ ရဟန်းတို့ကား အံချို့ကိုယ်တော်များမှအပ (အမြင့် မင်းရဲကျောင်းနှစ်မျက်နှာ ကျောက်ငယ်မျက်နှာ/၅၊ ၇၊ သကရစ် ၇၃၃။ အညတကုဏ္ဏည် မဟာထေရ်) များသောအားဖြင့် တောတွင် တစ်ကိုယ်တည်းနေ၍ အရည်ကင် ရူတင်ဆောင်ကြသည် မဟုတ်ချေ။ ၎င်းတို့ကား



ကြီးစွာသောကျောင်းကို ဆောင်လျက်နေထိုင်ကာ ကျယ်ပြန့်သော မြေယာပိုင်ရှင်များဖြစ်ကြ၍ ဝိနည်းကိုလည်း ခပ်လျော့လျော့ပင် လိုက်နာကြဟန်ရှိ၏။ ၎င်းတို့ အမူအကျင့်ကို အောက်တစ်နေရာတွင် အသေးစိတ် ဖော်ပြပါမည်။

ရဟန်းများပင်ဖြစ်သောကြောင့် မြေယာကို ဒကာတို့ လှူသဖြင့် အသင့်အတင့် ရမြဲဖြစ်သော်လည်း တောကျောင်း ရဟန်းတို့ကား ထိုမျှနှင့် မကျေနပ်နိုင်ချေ။ ငွေဖြင့်ဝယ်၍ မြေယာပိုင်နက် တိုးချဲ့ကြ၏။ ဤသို့ မြေဝယ်လျှင် အရောင်းအဝယ် ပြောရေးဆိုမှုကို လူဝတ်ကြောင်အား စေခိုင်းလေ့ရှိ၏ (ဓာတ်ပုံ ၁၆၂ နှင့် ၁၆၃)။ အောက်ပါသက်သေဖြင့် ထင်ရှားစေအံ့။ မဟာကဿပ၏ ဘေးတော်သူ **သကြီမသူ**သည် **သင်တောင်ခရိုန်**မှ **သုရောက္ခ**ရှိ မြေ ၈၉ ပယ်ကို သာသနာတော် အထောက်အပံ့အလို့ငှာ လှူတန်းခဲ့၏။ သကြီမသူ လွန်လျှင် သားမြေးတစ်ဦးဖြစ်သော ငရောက်သင် ဆိုသူတစ်ဦးက ထိုမြေကို အမွေပစ္စည်း အဝင်အပါ သဘောထား၍ သိမ်းယူသည်။ နောင်အခါ ဆင်းရဲသဖြင့် **ဆိပ်တောင်ကင်း**မှ **စကြဝ်**တို့ကို ရောင်းစားခဲ့၏။ ငရောက်သင် သေဆုံးပြီးမှ၊ ၎င်းသည် ထိုမြေကို ရောင်းစားခွင့်မရှိကြောင်း၊ ပေါ်၍ **စတုရင်္ဂ ပိုလ်**နှင့် **အစလဖရစ်**ခေါ်သော တရားသူကြီးနှစ်ဦးအား ကြားရောက်ကာ တရားစွဲဆိုရ၏။ အထက်စာရင်း၌ ထိုမြေကို မူလက သကြီမသူအား မင်းပေးကြောင်းတွေ့ရ၍ သကြီမသူပိုင် ဝတ္ထုမိုးမြေကို ငရောက်သင်ထက် မဟာကဿပ အမွေခံစစ်သည်ဟု ယူဆသဖြင့် မဟာကဿပအား အနိုင်ပေးလိုက်သည်။ သို့သော် မဟာကဿပက မိမိ၏ သွေးသားပင်ဖြစ်သော ငရောက်သင်သည် သာသနာမြေကို စော်ကားသဖြင့် ငရဲ၌ ပင်ပန်းကြီးစွာ အပြစ်ခံလျက်ရှိမည်ကို မျှော်ခေါ်သနားလျက် အဆိုပါမြေကို တရားနိုင်သည့်အတွက် အလကား သိမ်းယူခြင်း မပြုမူ၍ သင်္ဃိကဥစ္စာမှ ငွေထုတ်လျက် လူသုခမိန်ဖြစ်သော **မမ္မဘဏ္ဍာ**ကို တစ်ပယ်လျှင် ငွေ တစ်ဆယ့်ငါးကျပ်ပေး၍ ရွေးယူစေ၏။

ထိုသို့ ဖြစ်ပျက်ခဲ့သည်ကား အေဒီ ၁၂၄၄ (ဓာတ်ပုံ ၁၆၂)က ဖြစ်ပါသည်။ ဤအဖြစ်အပျက်ပါရှိသော ကျောက်စာ၌ပင် လူသုခမိန်ဖြစ်သော ဓမ္မဘဏ္ဍာကို နောက်ထပ် မြေအဝယ်ခိုင်းသည်မှာ ငါးကြိမ်တိတိ ရှိပါသည်။ ဤသို့ မြေအရောင်းအဝယ်ပြုရာ၌ အကြမ်းအားဖြင့် တွေ့ရသော ဈေးနှုန်းမှာ ခရိုန်ဒေသ၌ ဈေးကြီးရကား တစ်ပယ်လျှင် ငွေ ၂၀ သို့မဟုတ် ကြေး ၈ ပိဿာကဲ့သို့ ဈေးဖြစ်သည့်အခါလည်း ရှိသည်။ တိုက်အရပ်၌မူ ဈေးမှာ များစွာ

နည်းသဖြင့် မြေတစ်ပယ်လျှင် ငွေတစ်ကျပ် သို့မဟုတ် ကြေးပိဿာဝက်မျှသာ ပေးရ၏။ ကြိတ်နှုန်းအားဖြင့် တစ်ပယ်လျှင် ငွေ ၈ ကျပ်မှ ၁၀ အထိ သို့မဟုတ် ကြေး ၂ ပိဿာ၊ ၃ ပိဿာမျှ တန်ဖိုးရှိသည်။

အထက်ပါအတိုင်း လယ်မြေဝယ်ယူရာ၌ ယခုခေတ်သဘောတွင် သံဃာတော်တို့နှင့် မအပ်စပ်ဟူ၍ ယူဆမည့် အမူအကျင့်တစ်ခုရှိသည်ကို ဖော်ပြရပါမည်။ ယင်းကား အရောင်းအဝယ် အောင်မြင်ခြင်းကြောင့် မြူးထူးခြင်း၊ မြေယာပိုင်ရှင် ပြောင်းလဲကြောင်း အသိအကြားပြုရန် လူအများကို ဖိတ်ကြား၍ ကျွေးမွေးရခြင်းနှင့် ဆိုင်ရာနယ်မြေ အရာရှိတို့အား ဖျင်အဝတ်တို့ကို လက်ဆောင်ပေးရခြင်းတို့ဖြစ်၍ သေသားသောက်စားရာ၌ ရဟန်းများပင် ပါဝင်သောက်စားခြင်း ပြုသည်ကို တွေ့ရ၏။ လယ်မြေ၏ ဈေးနှုန်းကို ပြောဆိုရာ၌လည်း သိယ်ဖိုဝ် သာဖိုဝ် (ခေတ်ပုံ ၂၂၄/၁၀–၁၁၊ သကရစ် ၆၃၀။ ခေတ်ပုံ ၂၃၁–က/၅၊ သကရစ် ၆၃၂။ ခေတ်ပုံ ၂၆၄/၄–၆၊ သကရစ် ၆၄၂။ ခေတ်ပုံ ၂၆၈/၈–၉၊ သကရစ် ၆၄၃။ ခေတ်ပုံ ၃၈၀/၆–၇၊ သကရစ် ၆၁၁။ ခေတ်ပုံ ၃၉၅/၁၆–၁၈၊ သကရစ် ၆၆၄။ ခေတ်ပုံ ၄၁၀/၇၊ သကရစ် ၆၇၀။ ခေတ်ပုံ ၄၂၃/၃၃–၄၊ သကရစ် ၆၇၉။ ခေတ်ပုံ ၅၃၂/၉၊ သကရစ် ၇၂၂ (သာငါ)။ ခေတ်ပုံ ၅၄၃–က/၂၈၊ သကရစ် ၇၂၆။ အနိမ့်ဝန်ဆောင်း လေသာကျောင်းတိုက် ကျောက် ကျော/၁၄၊ သကရစ် ၇၄၀။ ကျောက်ရစ် ရွှေပေါင်လောင် ကျော/၁၉– ၂၀၊ သကရစ် ၇၆၀။ ရေမျက်ကဲလာပြောက်ကျောက်/ ၂၅၊ သကရစ် ၇၈၅။ စာရင်း ၉၂၂–ခ/၁၂၊ သကရစ် ၈၀၁။ စာရင်း ၉၂၃/၁၂၊ သကရစ် ၈၀၁။ စာရင်း ၈၄၀–က/၃၂၊ သကရစ် ၈၀၁။ စာရင်း ၈၄၀–ခ/ ၂၊ ၄၊ ၆၊ ၇၊ ၁၅၊ ၁၇၊ သကရစ် ၈၀၃)ကို ထည့်သွင်းဖော်ပြမြဲ ဖြစ်၏။

ဈေးတည့်၍ အရောင်းအဝယ် အောင်မြင်လျှင် **ပြိသိယ်ပြိသာစာပါ၏** (ခေတ်ပုံ ၅၁၉–၈/၁၀၊ သကရစ် ၆၈၆။ ခေတ်ပုံ ၅၄၃–က/ ၂၅၊ သကရစ် ၇၂၆။ မန္တလေး နန်းတော်ရှေ့ ကျောက် ၁၀၆–မျက်နှာ/၅၊ သကရစ် ၇၇၀။ စာရင်း ၈၄၀–က/ ၂၅၊ ၂၈၊ ၄၂၊ ၄၃၊ ၄၅၊ သကရစ် ၈၀၁။ စာရင်း ၉၂၃/ ၅၊ ၁၃၊ ၁၆၊ သကရစ် ၈၀၁။ စာရင်း ၉၂၅/ခ/၅၊ သကရစ် ၈၀၂။ စာရင်း ၈၄၀–ခ/၃၊ သကရစ် ၈၀၃။ စာရင်း ၁၃၇၁/၃)ဟု ဖော်ပြလေ့ရှိသည်။ သို့သော် တစ်ခါတစ်ရံ သေဖိုးသားဖိုး ဖျင်ဖိုး အားလုံးကိုခြံ၍ စာဖွဝ် (ခေတ်ပုံ ၄၅၆–



ခ/၅၊ သကရစ် ၆၉၈)ဟု ဖော်ပြတတ်လျက် သဘောအဓိပ္ပာယ်အားလုံးကို ပေါင်းကာ စာပေဒအေ်/ စာစေသော/ စာရဒအေ်/ စာပေသတေ (ခေတ်ပုံ ၄၁၈/၁၈၊ သကရစ် ၆၇၂။ ခေတ်ပုံ ၄၇၄/၁၄၊ သကရစ် ၇၀၆။ ခေတ်ပုံ ၅၁၆/၁၄၊ သကရစ် ၇၁၈။ ခေတ်ပုံ ၅၂၀–က/၁၈၊ သကရစ် ၇၂၀။ ခေတ်ပုံ ၅၃၆/၉၊ သကရစ် ၇၂၃။ အမြင့်တန်ဆောင်း လေသာကျောင်းတိုက်ကျောက် ကျော/ ၄၊ သကရစ် ၇၄၀။ ရေမျက်ကဲလာပြောက်/ ဃ၊ သကရစ် ၇၈၅။ စစ်ကိုင်း စေတီလှတိလောက ဂုရချောင် အနောက်မျက်နှာကျော/ ၂၊ သကရစ် ၇၈၅)ဟု လိုက်လျောခွင့်ပြုချက်ကို ဖော်ပြ၏။ ထို့ထက် ပို၍ သေချာလိုသူတို့ကမူ စာသောက်ပိရယ် (မန္တလေး နန်းတော်ရှေ့ကျောက် ၇၄/ ကျော/ ၂၁၊ ၂၂၊ သကရစ် ၅၄၅။ ခေတ်ပုံ ၄၄၉/ ၉၊ ၂၁၊ ၂၆၊ သကရစ် ၆၅၁။ စာရင်း ၇၀၄/၁၆၊ သကရစ် ၇၀၀။ ခေတ်ပုံ ၄၆၄၊ က/ ၉၊ ၁၀၊ ၁၃၊ သကရစ် ၇၀၃။ ခေတ်ပုံ ၄၇၃–ခ/ ၅၊ သကရစ် ၇၀၆။ ခေတ်ပုံ ၄၇၄/ ၉၊ သကရစ် ၇၀၆။ ခေတ်ပုံ ၄၈၈–က/ ၂၁၊ သကရစ် ၇၁၂။ ခေတ်ပုံ ၅၈၇–ခ/ ၅၊ သကရစ် ၇၁၃။ ခေတ်ပုံ ၅၀၉/ ၂၂၊ ၂၄၊ သကရစ် ၇၁၇။ ခေတ်ပုံ ၅၁၅–က/ ၁၁၊ ၁၂၊ ၁၃၊ သကရစ် ၇၁၈။ ခေတ်ပုံ ၅၁၆/ ၉၁၇၊ သကရစ် ၇၁၈။ ခေတ်ပုံ ၅၁၉–ခ/ ၇၊ သကရစ် ၇၁၈။ ခေတ်ပုံ ၅၂၈/ ၂၀၊ သကရစ် ၇၂၁။ ခေတ်ပုံ ၅၂၆/ ၆၊ သကရစ် ၇၂၁။ ခေတ်ပုံ ၅၃၆/ ၂၃၊ ၂၄၊ ၂၅၊ သကရစ် ၇၂၃။ ခေတ်ပုံ ၅၄၃–ခ/ ၆၊ သကရစ် ၇၂၆။ ပခန်းကြီး၊ ကျောင်းတွင်း ဓမ္မာရုံ ၄ မျက်နှာ ကျောက် အနောက်မျက်နှာ/ ၁၆၊ ၁၇၊ သကရစ် ၇၂၉။ ၎င်းအရှေ့မျက်နှာ/ ၁၈–၁၉၊ သကရစ် ၇၂၉။ စာရင်း ၆၃၆–က/ ၄၊ သကရစ် ၇၃၅။ စာရင်း ၆၈၂/ ၂၇၊ သကရစ် ၇၃၇။ အမြင့်တန်ဆောင်း လေသာကျောင်းတိုက်ကျော/ ၆၊ ၁၄၊ ၂၁၊ သကရစ် ၇၄၀။ စာရင်း ၇၀၄/ ၆၊ ၈၊ ၉၊ သကရစ် ၇၄၂။ စာရင်း ၈၄၇–က/ ၂၅၊ ၂၉၊ ၃၁၊ သကရစ် ၇၂၅။ ဆလင်ကြီး ခွန်သာမြတ်လေးဆူ/ ၁၂၊ ၃၀၊ ၃၁၊ သကရစ် ၇၄၅။ စာရင်း ၇၂၃/ ၁၃၊ သကရစ် ၇၄၇။ စာရင်း ၇၂၆–ခ/ ၃၊ သကရစ် ၇၄၈။ စာရင်း ၇၄၅–က/ ၁၉၊ သကရစ် ၇၅၀။ စာရင်း ၇၅၄/ ၅၊ သကရစ် ၇၅၃။ စာရင်း ၇၇၀/ ၂၇၊ သကရစ် ၇၅၅။ စာရင်း ၇၃၉/ ၄၊ သကရစ် ၇၅၇။ ကျောက်ရစ် ရွှေပေါင်လောင် နှစ်မျက်နှာကျောက် ရှေ့မျက်နှာ/ ၂၃၊ ၂၄၊ ၂၅၊ သကရစ် ၇၆၀။ ၎င်းကျော/ ၇၊ ၁၉–၂၀၊ သကရစ် ၇၆၀။ မန္တလေး နန်းတော်

ရုံကျောက် ၁၀၆ မျက်နှာ ၁၃၊ သကရစ် ၇၇၀။ ၎င်းကျော/၄၊ သကရစ် ၇၇၀။ စစ်ကိုင်းစေတီလှ လောကဂုရုချောင် ရှေ့မျက်နှာ/၁၇၊ သကရစ် ၇၈၅။ စာရင်း ၇၂၉/၄၈၊ သကရစ် ၇၉၁။ အနိမ့်တောကျောင်း တောင်မင်းခေါင်ကျောင်း လေးမျက်နှာမြောက်/၄၇–၈၊ သကရစ် ၈၀၂။ ၎င်းအနောက်/၃၀၊ သကရစ် ၈၀၂။ ၎င်းတောင်/၆၊ ၁၀၊ ၁၁၊ ၂၃၊ ၄၅၊ သကရစ် ၈၀၂။ မြင်းခြံ တလုပ်မြို့ သုံးလူလ/၁၃၊ ၃၂၊ သကရစ် ၈၁၅၂။ စာရင်း ၉၈၁–ခ/၅၊ သကရစ် ၈၃၀)ဟု မှတ်တမ်းတင်ခဲ့ကြ၏။

ဤသို့ စားသောက်ပွဲကြီး ကျင်းပရာ၌ မည်သို့သော အသားကိုစား၍ မည်သို့သော သေရည်ကို သောက်မည်နည်းဟု သိလိုကြပေမည်။ ခေတ်ပြိုင်ကျောက်ရေးဆရာတို့က ဤအချက်တို့ကိုလည်း ချွင်းချန်မထားဘဲ အသေးစိတ် ဖော်ပြခဲ့ပါသည်။ စားဖွယ်တွင် **ထမင်း ဟင်း အမဲ အဆာ** (စာရင်း ၇၀၆/၅၊ ၉၊ သကရစ် ၇၄၂။ စစ်ကိုင်းထူပါရုံကျောက် ၁၂၊ ရှေ့မျက်နှာ/၁၃၊ သကရစ် ၇၆၀။ ကျောက်ရစ်ရွှေပေါင်လောင်ကျော/၁၉၊ ၁၉၊ ၂၀၊ သကရစ် ၇၆၀)ဟု သာမည ပြောသည်လည်းရှိ၏။ **သေထွင်** (ဓာတ်ပုံ ၅၃၆/၁၉၊ သကရစ် ၇၂၃။ အနိမ့်တောကျောင်း တောင်မင်းခေါင်ကျောက် တောင်မျက်နှာ/၆၊ သကရစ် ၈၀၂၂။ မြင်းခြံရွာသာ ချမ်းသာကြီးဘုရား ကျောက်မျက်နှာ/၁၀၊ သကရစ် မရှိ)ဟု သေကို အသားပေး ဖော်ပြသည်လည်း ရှိ၏။ အလွန်ကြီးကျယ်သော ထမင်းပွဲကြီးဖြစ်ကြောင်းကို ထင်ရှားစေလိုသဖြင့် **သေကြီ သာကြီစာ**သည် (ဓာတ်ပုံ ၄၈၄–ခ/၁၃၊ သကရစ် ၇၁၁။ ဝက်လက်သစ်ဆိမ့်ကြီး ပြာသာဒ်လှကျောင်းကျောက် မျက်နှာ/၂၃၊ ကျော ၅၊ သကရစ် ၇၆၄)ဟု မှတ်တမ်းတင်ပြန်သည်။ သို့မဟုတ် စားသောက်သော ပစ္စည်းအမည်အရည်ဖြင့် **သာနွှာ ၂ ခု သမင် ၃ ခု သေ ၃၀** (ပခန်းကြီးကျောင်းတွင်း ဓမ္မာရုံ လေးမျက်နှာ ကျောက်အရှေ့မျက်နှာ/၁၈၊ သကရစ် ၇၂၉)ဟူ၍ လည်းကောင်း၊ **စာသောက်ပေသကာ နွှာပိုက်ကြီတခု၊ ဝက်တောင်တခု သေဆုံဆယ်မ္ဘတ်** (ဆလင်ကြီးခွန်သာရွာ မြတ်လေးဆူဘုရားကျောက်/၁၂၊ သကရစ် ၇၄၅)ဟူ၍ လည်းကောင်း ဖော်ပြတတ်သည်။

နွားကြီးတစ်ကောင် ဝက်ကြီးတစ်ကောင် သေအိုး သုံးဆယ်ကျော် ကုန်သည့် ထမင်းပွဲသို့ လာမည့်လူအင်အားကို ချင့်ချိန်၍ ကြည့်နိုင်ပါသည်။ သို့မဟုတ်



မြန်မာတို့သည် လွန်ခဲ့သော အနှစ် ၅၀၀ ကျော်က ယခုထက် အဆများစွာပို၍ သေရည်သောက်ခြင်း အသားစားခြင်းပြုသည်ဟု ယူဆရာသည်။ အလှူဒါနကို မှတ်တမ်းတင်သောကျောက်စာ၌ **ကျွဲသတ်ရှယ် စာသောက် ပေ သတေ** (စာရင်း ၇၂၆ ခ/၄၊ သကရစ် ၇၄၈။ စာရင်း ၇၉၃–က/၁၇၊ သကရစ် ၇၆၀ တွင် ကျွဲ ၂ ခု သတ်ရှယ်ဟုလည်း ပါသည်)ဟု ရိုးရိုးလွယ်လွယ် ရေးသားဝံ့သော သတ္တိကိုလည်း ချီးကျူးရပေမည်။ ဘုရားမြေ၏ နယ်အပိုင်း အခြားကိုမှတ်၍ ကျောက်တိုင် စိုက်ပေးရသူ လူအနည်းငယ်ကပင်လျှင် **ကျွောက် ဆောက်သော လေနွှာတခုလှည်ရှယ် စာသောက်ပေ၏** (စာရင်း ၇၇၀/၂၇၊ သကရစ် ၇၅၅)ဟု ပြောရဲသည်။ ရဟန်းတို့ကလည်း **သင်္ဃိကစိတ်တခု သေထမင်နှင် မယ်စာပေ၏** (အနိမ့်တောကျောင်းတောင် မင်းခေါင်ကျောက် တောင်မျက်နှာ/၆၊ သကရစ် ၈၀၂)ဟု ဆိုရဲသည်။

ဤပွဲမျိုးကို ခေတ်ကာလအလိုက် နောက်ပိုင်းတွင် ပို၍ပို၍ ကြီးကျယ်အောင် စီမံလာသည်ကို တွေ့ရပြန်သည်။ နမူနာအားဖြင့် ဖော်ပြရလျှင် အေဒီ ၁၂၄၉ လောက်က **နွှာ ၁ ခု၊ သေ ခုနှစ်လုံမ်** (ဓာတ်ပုံ ၃၈၀/၆၊ သကရစ် ၆၁၁) ကုန်သည့်ပွဲမျိုးကို ကြီးလှပြီဟု ယူဆရသည်မှ အနှစ် ၂၀၀ ခန့်အကွာ အေဒီ ၁၄၂၉ တွင် နွှာ ၈ ခု၊ ဝက် ၅ ခု၊ ဆိတ် ၁၀၊ သေ ၃၀ (စာရင်း ၇၂၉/၄၈၊ သကရစ် ၇၉၁) စားသောက်သည့်ပွဲကား သမားရိုးကျ လုပ်ရိုးလုပ်စဉ်ပွဲမျိုး ဖြစ်၍လာပါသည်။

အထက်ဖော်ပြပါ **အမဲအဆာ** (စကိုင်း ထူပါရုံကျောက် ၁၂ မျက်နှာ/၁၃၊ သကရစ် ၇၆၀။)တွင် မည်သည့် သားကောင်တို့ ပါဝင်သည်ကို ရှင်းလိုပါသည်။ စားသောက်ကြသည်တို့ကို စာရင်းပြု၍ ကြည့်သောအခါ၌ နွားကို စားရန် အနှစ်သက်ဆုံးဖြစ်ကြောင်း တွေ့ရသည်။ **နွှာကြီတခုသော ငါလုံနှင့် စာသောက်ရ၏ ပြီ၏** (မန္တလေး နန်းတော်ရုံကျောက် ၁၀၆ မျက်နှာ/၁၃၊ သကရစ် ၇၇၀။)ဟု တစ်ခါတည်းနှင့် နွားတစ်ကောင်ကုန်အောင် စားကြသည်က များ၏။ အလီလီ အစုစု နွားရှစ်ကောင် (ဓာတ်ပုံ ၅၃၈–ခ/၁၆၊ သကရစ် ၇၂၃။ စာရင်း ၇၂၉/၄၈၊ သကရစ် ၇၉၁။) ၁၀ ကောင် (မန္တလေးနန်းတော်ရုံကျောက် ၇၄ ကျော/၂၁၊ သကရစ် ၅၄၅။ စကိုင်းရေမျက် ဘုရားငါးဆူမျက်နှာ/၂၅၊ သကရစ် ၇၃၇။) ၁၅ ကောင် (မန္တလေး နန်းတော်ရုံကျောက် ၁၀၆

မျက်နှာ/၈၊ သကရစ် ၇၇၀။ ကုန်သည်လည်း ရှိ၏။ စားသောနွားတို့မှာ အရွယ်အမျိုး အစားစားရှိသည်။ **နွားနက်** (စာရင်း ၁၃၂၄/၁၆၊ သကရစ် ၈၅၇။) **နွားပိုက်** (ခတ်ပုံ ၄၇၄/၁၉၊ သကရစ် ၇၀၆။ စာရင်း ၈၄၇၊ က/၂၅၊ သကရစ် ၇၄၅။ ဆလင်းကြီး ခွန်သာမြတ်လေးဆူ/၁၂၊ သကရစ် ၇၄၅။ စာရင်း ၇၄၅/၅၊ သကရစ် ၇၅၃။) **နွားမ** (ခတ်ပုံ ၄၃၃၊ က/၁၀၊ သကရစ် ၆၈၃။ ခတ်ပုံ ၄၇၃–ခ/၅၊ သကရစ် ၇၀၆။) **နွားလာ** (ခတ်ပုံ ၄၃၃ က/၁၀၊ သကရစ် ၆၈၃။ ခတ်ပုံ ၄၇၃–ခ/၅၊ သကရစ် ၇၀၆။ စကိုင်းစေတီလှ တိလောက ဂုရုချောင်ကျောက် အနောက်မျက်နှာ/၆၊ သကရစ် ၇၈၅။)ဟူ၍ လည်းကောင်း၊ **လှယ်နွား** (စကိုင်းစေတီလှ တိလောကဂုရုချောင်ကျောက် အနောက်မျက်နှာ/၈၊ သကရစ် ၇၈၅။) **သာနွား** (ခတ်ပုံ ၄၃၃–ခ/၈၊ သကရစ် ၆၈၃။)ဟူ၍ လည်းကောင်း ခွဲခြားဖော်ပြသည်။ ဤတွင် **သာနွားဟူသည်** နွားငယ်ကို ဆိုလိုဟန်ရှိ၍ လူကြိုက်ပို၍များပေမည်။ နွားပြီးလျှင် ဒုတိယလူကြိုက် အများဆုံးကား ဝက်ဖြစ်ပါသည်။ ဝက်၁၀ကောင် (အနိမ့်တောကျောင်း တောင်မင်းခေါင် အနောက်မျက်နှာ/၁၃၊ သကရစ် ၈၀၂။) ကုန်သည့်ပွဲလည်း ရှိဖူးသည်။ အမျိုးအစားအားဖြင့် **သာဝက်** (ခတ်ပုံ ၄၄၉/၉၊ သကရစ် ၆၅၁။) **ဝက်မ** (ခတ်ပုံ ၄၃၃၊ ခ/၈၊ သကရစ် ၆၈၃။) **ဝက်ပေါင်** (ခတ်ပုံ ၅၁၉၊ ခ/၇၊ သကရစ် ၇၁၈။)နှင့် ဝက်တောင် စွယ်ထွက် (မန္တလေးနန်းတော် ကျောက်စာရုံ ကျောက် ၁၀၆၊ ရှေ့မျက်နှာ/၅၊ သကရစ် ၇၇၀)တို့ ဖြစ်ပါသည်။ တတိယ အတွင်ဆုံး သားကောင်ကား ဆိတ်ဖြစ်၏။ ဆိတ်ဆယ်ကောင် (စာရင်း ၇၂၉/၄၈၊ သကရစ် ၇၉၁) ကုန်သောပွဲ၊ ၁၈ ကောင် (ခတ်ပုံ ၅၂၀၊ က/၁၈၊ သကရစ် ၇၂၀) ကုန်သောပွဲတို့လည်း ရှိဖူးပါသည်။ ကျွဲကိုမူ လုံးဝ မရှောင်သော်လည်း စားခဲ့သည်ဟု ဆိုရမည်။ (ခတ်ပုံ ၅၀၉/၂၂၊ သကရစ် ၇၁၇။ စစ်ကိုင်းရွာသစ် ဘုရားငါးဆူမျက်နှာ/၂၅၊ သကရစ် ၇၃၇။ စာရင်း ၇၂၆–ခ/၃၊ သကရစ် ၇၄၈) သမင် (ပခန်းကြီးကျောင်းအတွင်း ခမ္မာရုံ လေးမျက်နှာကျောက် အရှေ့မျက်နှာ/၁၈၊ သကရစ် ၇၂၉) ကြက် (စာရင်း ၆၇၁–က/၄၊ သကရစ် ၇၃၅၊ အနိမ့်တောကျောင်း တောင် မင်းခေါင် အနောက်မျက်နှာ/၁၄၊ သကရစ် ၈၀၂) နှင့် ငါး (ခတ်ပုံ ၅၃၂/၉၊ သကရစ် ၇၂၂)တို့ကို စားကြောင်းလည်း အမှတ်အသားများ တွေ့ရပါသည်။ အစားနှင့်တွဲသော



အသောက်ကို စစ်ဆေးရန် လိုပြန်သည်။ အေဒီ ၁၃၇၆ မှတ်တမ်းတစ်ခုတွင်

> မဟာထည် စသော သ္ခိင် တကာကိုဝ် တကွ်ဏာ ထန်လှျုရှယ် ယံမကာ အဖျဝ်နှင်အကွ ဆွံငေ ၏ (ခတ်ပုံ ၂၃၃/၁၄၊ သကရစ် ၇၃၈။)

ဟု ပါရှိရာ **ယံမကာအဖျဝ်**ကား ကုလားအမည်ဖြစ်၍ ထန်းရည်မှ ဖြစ်သော သေရက်အချိုမျိုးတည်းဟု ဆရာတို့ယူသည်။ (G.H Luce "Economic Life of The Early Burman" *JBRS* XXX,i p 296) ပေါက်မြိုင်သမာရွာ တုဒွေးကျောင်း၏ အေဒီ ၁၃၇၃ ခုနှစ် ရက်စွဲရှိသော တတိယ တြာဖျာ (၁၃၆၇–၁၄၀၀)ခေါ် မင်းကြီးစွာစော်ကဲ၏ ကျောက်တွင်

> ဤသိုဝ် လှျုမှုရှယ်ရသ တ်စိမ်မ္လိ ယ် ကိုဝ် ထန်စိုက်ရှယ် ယခင်တွင် ကျွောင်ပ္လုရှယ်အာ လှျုခ၏။ ဤထန်ကိုဝ် ငတ္တောင်ကာ နှစ်ဆ၊ ယကင်တွင် သ္ခိင် အပေါင်ကာတဆ၊ သောက်ပါစေသတေ။ (စာရင်း ၆၇၀/၈၊ သကရစ် ၇၃၅။)

ဟု ရေးသားပါရှိရာ ထန်းရည်ကို သခင် သင်္ဃာတို့ပါ သောက်ပါ စိမ့်သောငှာ စိုက်၏။ ကျောင်းနှစ်ကျောင်းနေ ရဟန်းတို့ တစ်ဆနှစ်ဆ အသီးသီး အချိုးမျှ၍ သောက်ပါဟု အနက်ရသည်။ အခြားအနက် ကြံဆ၍ မရချေ။ ရဟန်းတို့ မိမိနှင့် မဆိုင်သည့် သေတစ်လုံးကိုမျှ ယူ၍သောက်လျှင် ဘေးသင့်ပါစေဟူသော ကျိန်စာကိုလည်း တွေ့ဖူးပါသည်။ (မြင်းခြံ ရွာသာရွာ ချမ်းသာကြီးဘုရား ကျောက်မျက်နှာ/၁၃။) ဤအချက်များကို ထောက်ခံသော အခြား သက်သေ တစ်ခုကား အေဒီ ၁၃၇၃ တွင်ပင် ရေးထိုးသော မင်းရဲအသင်္ခယာ၏ ပခန်းကြီး ကြောင်လိမ်ဘုရားကျောက်တွင်

> စာသောက်ပေသည်ကာ။ သာနွာ တခု၊ ဝက် တခု၊ ဆိတ် တခု၊ ကြက် ရှစ်ခု၊ သေ ၂၅ လုံး၊ ဤ အကုန်ပေါင်လောင် မဟာ ထိကျွောင် ထက်လျှင် စာသောက်ပေကုန်ရှယ်ပြီ၏။ (စာရင်း ၆၇၁–က/၁၂၊ သကရစ် ၇၃၅)။

ဟု မှတ်တမ်းတင်လျက်ရှိရာ ဆရာတော်၏ကျောင်းထက်၌ သောက်စားကြခြင်းကို ယခုခေတ်အနေဖြင့် အံ့သြဖွယ်ရှိမည်ဖြစ်သော်လည်း ထိုစဉ်အခါက မှတ်တမ်းများ၌ "ကျွောင်တ်ဥိန္နိုက် သ္ခိင်မျာတိုင်လေ စာပေ၏ တြျာလေနာ၏" (ခတ်ပုံ ၅၀၄/၁၆၊ သကရစ် ၇၁၅။) ဟူ၍ လည်းကောင်း၊ "ကုလာကျွောင် ဥိထက်လျှင် စာသောက်

ပေသော သင်္ဃာထိ" (ခတ်ပုံ ၅၃၆/ ၂၃၊ သကရစ် ၇၂၃) ဟူ၍ လည်းကောင်း၊ သေသာစာပေရယ်လှူ၍။ (ခတ်ပုံ ၅၈၇–ခ/ ၅၊ သကရစ် ၇၂၃။)ဟူ၍ လည်းကောင်း တွေ့ရှိရသဖြင့် လှူရော ရဟန်းပါ အလှူတွင်လည်း စားသောက်ကြသည်ဟု ယူရန်သာ ရှိပါသည်။ ရဟန်းကျောင်းအပြင် သေသောက်ရန် အခြားနေရာများလည်း ရှိသေး၏။ အေဒီ ၁၃၇၈ ရေးသော ကျောက်တစ်ခု၌ "ကွမ်းထက်သောက်စာပိယ်ရယ်" (အမြင့်တန်ဆောင်း လေသာကျောင်းတိုက် ကျောက်ကျော/ ၆၊ သကရစ် ၇၄၀)ဟု ပါသည်။ ထို့ထက် ဆန်းသည်ကား "မြို့ဝ်လဲလျှင် ကနာကြီ ဆောက်ရယ် စာသောက်ပေ၏" (ပခန်းကြီးကျောင်းတွင်း ဓမ္မာရုံ လေးမျက်နှာကျောက် အနောက်မျက်နှာ/ ၁၆၊ သကရစ် ၇၂၉)ဟူ၍ လည်းကောင်း၊ ရွာလဲလျှင် ကနာဆောက် ရယ် စာသောက်လေ ရယ်၏။ (ပခန်းကြီးကျောင်းတွင်း ဓမ္မာရုံ လေးမျက်နှာကျောက် အနောက် မျက်နှာ/ ၁၆၊ သကရစ် ၇၂၉။)ဟူ၍ လည်းကောင်း၊ ထိုဝ်လဲတွင် နှိုက်ထွင် ရယ် ကန္နကြီဆောက်ရယ် စာသောက်ပေရယ် (စာရင်း ၆၃၆/ ၁၇၊ သကရစ် ၇၃၂)ဟူ၍ လည်းကောင်း တွေ့ရသဖြင့် ဤစားသောက်ပွဲမျိုးကို အထူးနေရာ ပြင်ဆင်၍ လုပ်ရိုးလည်းရှိသည်ဟု သိရ၏။ ရိုးရိုးလွယ်လွယ်နှင့် ထူးခြားသည့် အစီအစဉ်ကို ကျောက်ရစ်ရွှေပေါင်လောင်ကျောက်၌

> "မင်ကြီဆြီဘုါတ်ကွောင် မဟာထေ စသော သင်္ဃာအပေါင် စည်ဝေရယ် စာသောက်သကာ မင်ကွည်ပင်ရင်နှက်တော၊ ပြည်စိုဝ်ရွာသူကြီ အသည်များတိုဝ် စာသောက်သကာ ကုတ်ကိုဝ်ပင်တေမင် စသော သမိသ္မက် စည်ဝေသကာ ပေါက် ၂ ပင်တေ" (ကျောက်ရစ်၊ ရွှေပေါက်လောင် ကျောက်ရှေ့မျက်နှာ/ ၂၃–၄၊ သကရစ် ၇၆၀။)

ဟူ၍ တွေ့ရသည်။ ရဟန်းကအစ သေသောက်သောခေတ်ဖြစ်သဖြင့် သေ ၇ လုံး၊ နွား ၁ ကောင်၊ ထမင်း ၅ အိုး စားသောက်ကြသော ပွဲလာသူ စာရင်းတစ်ခု၌ အမျိုးသမီး **အိမ်မစည်** တစ်ယောက်ပါနေသည်မှာလည်း ဆန်းလှသည် မဟုတ်ချေ (စာရင်း ၈၄၇–က/ ၃၁၊ သကရစ် ၇၄၅)။ စကိုင်း ပိတုသင်္ဃရာဇာက အေဒီ ၁၄၄၁၊ ကျောက်စာ၌ **သေကောင်၏** (စာရင်း ၈၄၀–ခ/ ၁၅၊ သကရစ် ၈၀၃)ဟု မှတ်ချက် ချသည်မှာ စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။

**ထန်းရည်** (စာရင်း ၉၅၂–ခ/ ၈၊ သကရစ် ၈၅၂။)နှင့် **ပေါင်းရည်**



ဖြစ်သော သေတို့သည် အကျော်ကြားဆုံးဖြစ်သော်လည်း **ပေရည်** (ကျောက်ရစ် ရွှေပေါင်လောင်ကျောက် ကျော/ ၂၉၊ သကရစ် ၇၆၀)နှင့် အရက် (စာရင်း ၂၇၇/ ၁၉၊ သကရစ် ၆၁၀။ ဝက်လက် သစ်ဆိမ့်ကြီးကျောင်းကျောက်မျက်နှာ/ ၂၃၊ သကရစ် ၇၄၁။ စာရင်း ၇၁၈–ခ/ ၆၊ သကရစ် ၇၄၃။ ကျောက်ရစ်ရွှေပေါင်လောင်ကျောက်ကျော/ ၁၉၊ သကရစ် ၇၆၀။ စာရင်း ၈၉၁/ ၅၊ သကရစ် ၇၉၁။ စာရင်း ၉၀၂–က/ ၁၆၊ သကရစ် ၇၉၅)တို့ကို သောက်စားခြင်း အသင့်အတင့် ရှိပါသည်။ အရက်ကို မူလထိုးမဟုတ်ဟု ထင်ရသော အေဒီ ၁၂၄၈ ကျောက် (စာရင်း ၂၇၇/ ၁၉၊ သကရစ် ၆၇၀)မှလွဲ၍ အေဒီ ၁၃၇၉ အစောဆုံး တွေ့ရ၍၊ တွေ့ရပုံမှာလည်း မိဖုရားစောဝ်က အရက်တပေါင် ကန်လှူသည်ဟု ပါရှိသည်။ (ဝက်လက် သစ်စိမ့်ကြီးကျောင်း ကျောက်မျက်နှာ/ ၂၃၊ သကရစ် ၇၄၁။)

အရောင်းအဝယ်နှင့် အလှူအတန်းတွင် စားသောက်ရသော ထုံးစံကဲ့သို့ ဖျင်မဲ ဖျင်ဖြူလွှမ်းခြင်း အလေ့တစ်ခု ရှိပါသေးသည်။ အထူးသဖြင့် မြေယာ၏ ပိုင်ရှင် ပြောင်းလဲသည့်အခါတိုင်း၌ ဆိုင်ရာမြေကိုစိုးသော သူတို့အား အသိအကြားပြုစေကြောင်း ဖျင်လက်ဆောင် ပေးရဟန်တူသည်။ အမတ်ကြီး လက်ဝဲဇနီးမောင်နှံသည် အေဒီ ၁၃၁၇ ၌ ကျောင်းပြု၍ မြေလှူသောအခါတွင် ထားရစ်သည့်မှတ်တမ်းကား

> "ဤကွောင်နှိုက် ရတနာ ၃ ပါသောအာ ပစ္စည် ၄ ပါဖွစ် စိမ်ငှာ လှူသောမွိယ်ကာ။ ကန်သျှာ တန္တာဦသန်လဲ ၂၀။ ငစွဲသင် မြန်သလဲ ၈ ပဲ။ ညောင် ၂ ပင်နောက် မုရျ ၅ ပဲ၊ ဤမြှုသောလဲကာ ကလန်သံပျင် ၄ ယောက်စသ စခိကုန်ညြင်ကိုဝ်ဖုမင် ကြီတြျာဖျာဟု အသင်္ချာကာ ၁၀၀ မွှတ်လိုဝ်ဟု ခေါင့်သောလျင် ရောင်ကုန်သတော။ ပိယ် သော အဖိုဝ်ကာ။ ငွယ် ၁၄၅ ကွပ်တော။ အဝတ်ကာ ဖုမ္မသကြိ ဖုမ္မပါ ဖုမ္မဖတ်တြာ ဖုမ္မဖတ်တြာ ဖုမ္မသိခ်ါရုံ မပိုဝ်ရုံမသု။ ၆ ယောက်သော ဖျင်မည် ၆ ထည်။ သန်မြင်ကာတုယင် ပုစွန်ဆိတထည် အနန္တသူရ စစ်ထေ အိမ်ကောင်သင် ငံသသင် ငသောက်ကြူသင် ငချုံ ငစံပ ငပုံငဲ ၈ ယောက်သော ဖျင်ဖွူ ၈ကံကဲဖျင်တမည်သာ နွှာ ၂ ခု သမင် ၃ ခု သေ ၃၀ မြို့ဝ်လဲလျှင် ကနာကြီဆောက်ရယ် စာသောက် ပေ၏" (ပခုက္ကူ ပခန်းကြီးမြောက်ကျောင်းတွင်းရွာ ဓမ္မာရုံ လေးမျက်နှာ

ကျောက် အရှေ့မျက်နှာ/၁၁–၁၉၊ သကရစ် ၇၂၉။)

ဤမှတ်တမ်း၌အမည်တွင် ဖုမ္မပါသောသူတို့သည် မြေကိုစိုးသော အရာရှိတစ်မျိုး ဖြစ်ဟန်တူ၍၊ ၎င်းတို့ကို အမှူးပြု၍ ဖျင်မဲဖျင်ဖြူ ပေးရသည်။ ခင်မွန်ရွာကက်သူကျောင်း ကျောက်စာ၌ ရေးပုံမှာ ပို၍ ရှင်းသည်။

မြေနင်သကာလယ်ယာ သကြီတယောက်၊ ပြည်စိုဝ်တယောက်၊ ဖုမ္မချတ်တြာတယောက်၊ ဖုမ္မသကြီတယောက် စခီလေ ကုန်သြင် မြင်စည်စသော ကုခန်သံပျင် ကွန်အကုန်ပါ၏။ ပေအပ်သော စခီ သံပျင်ကလန်တိုဝ်ကိုဝ် သိုဝ်၊ သန်တိုဝ်နီ၊ ဖျင်ညိုဝ်၊ ဖျင်နီ၊ ဖျင်မည်၊ ဖျင်ဖွူစာသောက်ပေကုန်ဧ။ (စာရင်း ၆၂၈/၂၅–ဂ၊ သကရစ် ၇၃၇)။

ဤစားသောက်ပေးကမ်းသောဓလေ့သည် အေဒီ ၁၂၀၀ ကျော်မှစ၍ အထင်အရှား ဖြစ်ပေါ်လာခဲ့သည်မှာ အေဒီ ၁၅၀၀ ခန့်အထိ ဖြစ်သည်။ ရဟန်းတို့ မြေဝယ်ခြင်း အမဲအဆာစားခြင်း သေအရက်သောက်ခြင်း ဖျင်မဲဖျင်ဖြူလွှမ်းခြင်းတို့ကို အသေးစိတ် ဖော်ပြရသည်မှာ တဝ်လွှတ်ကြီးခေါ် တောကျောင်းရဟန်း သို့မဟုတ် အရည်းတို့သည် ထိုသေသားကို မက်မောခြင်းမှလွဲ၍ အများအယူရှိသကဲ့သို့ အခြားဆိုးသွမ်းသော အမူအကျင့်မရှိသည်ကို ထင်ရှားစေလို၍ဖြစ်ပါသည်။ သေသားအပြင် ပြောစရာ နောက်တစ်ချက်ကား ပုကံမင်းနန်သူအဇ္ဇဂေါဏကျောင်း နန္ဒမညာဘုရား အနီးမှရသော အေဒီ ၁၂၄၈ ရက်စွဲပါသော်လည်း ဆင့်ထိုးဟု ထင်ရသည့်ကျောက်တွင် ရဟန်းတို့အတွက် ထမင်းဟင်းနံနက်စာတစ်အိုး ညစာတစ်အိုး ချက်၍ ပေးစေဟု ပါသည်။ (စာရင်း ၂၇၇/၂၀–၁၊ သကရစ် ၆၁၀။ G.E.Harvey; *History of Burma P 60)* ကိုတွေ့ရပါသည်။ တောကျောင်း ထွန်းကားရာ အမြင့်အနိမ့် အရပ်များ၌ **တဝ်လွှတ်ကြီး**တို့တွင် အောက်ကောက်နှုတ်ချက်ပါ ပုဂ္ဂိုလ်မျိုးလည်း ရှိ၏။

ဘုရာလွှတ်စွာ သာသနာနှိုက် အကျင်သိတင် သည်ခန်ခြင်နှင့် ပွဲ့ခွံ့စွာသော အလွန် လောကီဆန်ရပီ ကွဲ့ဒူကြီးသော ဖုန်လွှတ်ကြီးစွာ အညာတကုဏ္ဍာသော မဟာထေသည် ကာကြီကူမည်သော ပြည်၏ တောင်မျက်နှာရွာနှင်မကပ် တဝ်၏အရပ် သစ်ပင်ရင်နှိုက် သမခန် ခင်ရယ်သံသပိတ်ကိုဝ်ရေတောလျက် ဘာဝနာမူရယ် နေစန်လျင် တ်ဆင်ပေါက်မြင်ရယ် နှာမောင် မိုဝ်လျက်တ်သံ ရှုန်ရယ်ပွေ ခုပ်လတ္တော၊ မဟာထေ၏ ခံရောက်သော သတ်အံမတ္တာ သစ်ခက် ညွှင်ရယ်ရှိခိုဝ် ပုဇ်ပြီသော လက်ယာပတ်လည်ရယ် သွာခဲ ဤအကြောင်းကိုဝ် တံငါ တိုဝ်မြင်ရယ် လေသောင် သုကြီ သုဝဏ္ဏပကြီအာ ကြာပလေ၏ အမတ်ကြီလေ ဘုန်လွှတ်ကြီးစွာ အထံလာရယ် လွှတ်စွာ သွှိင်အတီရပ်သိုဝ် သွာအံသနေ့ဟု မေရကာ၏ ဘုန်ကြီသော အမတ်ကြီ ဤပြည်နှိုက် မှီရယ်ဆွံ ခံစစ်သောဟု ပေရကာ သင်ခံ့ပွဲပေခဲ" (အမြင့် မင်းရဲကျောင်း ၂၊ မျက်နှာကျောက်ငယ် မျက်နှာ/၅–၁၃၊ သကရစ် ၇၃၃။)

စင်စစ်အားဖြင့် ဤ အညတကုဏ္ဍာည် ကဲ့သို့သော ခေါင်းဆောင်မျိုးကိုမှီ၍ တောကျောင်းဂိုဏ်း ကြီးပွားရခြင်း ဖြစ်၏။ ဤပုဂ္ဂိုလ်ကား လောကီဈာန်ရသည်ဟူ၍ပင် ကြည်ညိုသူများက ယုံမှတ်ကြပါသည်။ တောကျောင်းရဟန်းတို့ကို အထူးကျေးဇူးတင်ထိုက်သော အချက်တစ်ခုရှိသေး၏။ မြန်မာတို့ မူလနေရာကို **ခရိုန်**၊ ထိုမှ ချဲ့ထွင်နေထိုင်ရာကို **တိုက်**ဟုရှိရာ ပုဂံပျက်လျှင် **တိုက်** အရပ်များ၌ မြေယာများစွာသည် ထွန်ယက်စိုက်ပျိုးရန် လူမရှိခြင်း၊ လူ ရှိပြန်လည်း လုံခြုံမှုမရှိခြင်းတို့ကြောင့် တောအတိ ပြန်၍ဖြစ်ရသည်။ တိုင်းပြည်မည်သို့ အခြေအနေရှိမည်ကို အေဒီ ၁၃၇၅ ထိုး ကျောက်၏ အောက်ပါကောက်နှုတ်ချက်ဖြင့် သိသာပါသည်။

ငလင် (တောင်ငူမင်း) နှတ်ရွာလပြီ အဝမင်ကြီစစ် ၃ ကြိမ် တက်လစ်သော ရဟန်ပုံနှာ လူဘကာတိုဝ်သည် မွတ်သောအခါနှိုက် ဝက်ကြက် ၃၇ ပါ အစုမ်ပါ ၂၀၀ ငါပေရ၏။ လူတိုဝ် မွတ်ရယ် သေသောခါ လူများကိုဝ် ငကိုဝ်နှင် ထပ်တူလျင် သနာစွာရယ် လှူသော ထမင်ကာတနေသော အခွက်ငါဆဲ ၂ ည နက် မပြတ် လှူရ၏။ စစ်မက်ဖွစ်သော သွှိင်တိုဝ် ကျန်မြောင်သည် ဟိသောလေ မကျန်စေ ရက်ပစ္စည် ၄ ကဲ့စုံအောင် လှူရ၏။(စာရင်း ၆၈၆–ခ/၈–၁၀၊ သကရစ် ၇၃၇။)

တစ်ဖန် အေဒီ ၁၃၈၆ ထိုး ကျောက်၌လည်း

မဟာမတိမာ ခည်အား၊ ဥစ္စနာမင်ကြီသည် သသံရာဆင်ရယ် ကိုဝ်ကြောက်စွာသော ကြောင်ပင် ကွေယ်တိုက်တွင် စုစံလတ်ရယ် သကရစ် ၆၁၇ခု စိသနှစ် တပေါင်လွှန် ၁၃ ရက် ၅ နေ့ မွေ ၁၅၀၀ စယျသတ္တိ ယ်တိုက်တွင် လှူတဝ်မူ၏။ အခါတပါ တရက် ဖျက်ရယ်တ်အတိဖွစ်ခဲရယ်၊ မိုဝ်မွေတိုဝ်တွင် အကွိုင်ကားတဝ် ဖွစ်ခဲ (အနိမ့်တောကျောင်း ရွှေကူကျောက် ၂၊ ကျော/၇၁၁၊ သကရစ် ၇၄၈။)

တစ်ခါမျှ စိုက်ပျိုးခြင်း မပြုဖူးသော တောမြေ သို့မဟုတ် မြေစိမ်းနှင့်

တကွ စိုက်ပျိုးဖူးလျက် တောပြန်ဖြစ်သော တောမြေတို့ကို ယခု တောကျောင်း ရဟန်းတို့က သက်ဆိုင်ရာ အာဏာပိုင်တို့ထံ တင်ငွေ၊ အစား၊ အသောက် အဝတ်ပေး၍ယူကာ ပြန်၍ ထွန်ယက်နိုင်အောင် ကြံစည် အားထုတ်ပေးခဲ့ကြ၏။ ဤအချက်ကား ပြည်ရွာငြိမ်းချမ်း၍ အစာရေစာ ပေါများလျက် စီးပွားရေး ကုံလုံအောင် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးခြင်းဖြစ်သဖြင့် ၎င်းတို့သည် အထူးကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်များ ဖြစ်ပါသည်။ ထိုခေတ်အခါက အစိုးရ ဝါဒနှင့်လည်း ကိုက်ညီပါသည်။ ထင်ရှားသော သာဓကတစ်ခုကား

> ဖုရာသွိင် သာသနာ ၁၉၇၃ အခါနှိုက် ပိဋကတ် သုံမ်ပုံမ်နှိုက် ရဲရင်သ ပညာ အာဖွ္လင် သိရီသ ဓမ္မ သေနာပတိဟု ထင်ရှာစွာသော အမည်တ် လည်ဟိထသော သဒ္ဓါပညာ လုံမ်လအာနှင်လည် ပ္လည်စုံမ်စွာ ထသော ပိဋကတ် ၉ ပုံ၏ ဒါယကာလည် ဖ္လစ်ထသော ထိဖ္လုလည်ဆောင်ထ သော ပိတူသင်္ဃရာဇာသည်၊ ကျ္လောက်ဆောက်သအခါက စသည်အနှစ် ၃၀ တိုင်တိုင် အင်္ကျ္လိုဝ်မရ ဟိသတောစိမ်ကိုဝ် သမန်တရစ် ကျ္လောင်နေက သိတ်ပူရကာ ၊၀၊ ရတနာသုံမ်ပါ၏ အစီအဖွာ ဖ္လစ်သောအညာ ဥမ်မင် ဆြိုဲ့ တဝ်ကိုဝ်တွင် စမူစေ၏။ မရကသင်္ဃ ရာဇာ လည်ကိုဝ်တ် သွာရှယ်အာအတိုင်ထွင်ဟာပ်မူ၏ ရှည်စွာ သပ် မြောင်ကြီကိုပ်ပည် တူတဝ်မူ၏၊ မင်တြျာ ဟုသအမည် တဝ်အာဖ္လင် ထင်ရှာစွာသ သတိုဝ် မင်ကြီသည်၊ ပြည်ထဲ၏ စီဖွာအလိုဝ်ငှာ တဝ်စိမ် ဟိရရာထွင်တဝ် မူသအခါ၊ ဤမေမ္လင် ကိုဝ်လည် ထွန်ပါအံ့ဟု မ္လောင် မိဖုရာနှင်အကွ တင်ကျ္လီနာနှိုက် နေတဝ်မူလတ်တောည် မဟာသင်္ဃရာဇာ လည်တိုဝ် လာရှယ် မ္လေ အခြင်ကိုဝ်ဆိုဝ်ရှယ် ဆွံခံတ်မူ၏။ မင်တြျာလည် မ္လောက် မိဖုရာနှင်အကွ လည်တဝ်မူရှယ် အမတ်ကြီ ရာဇကိုဝ် တာစေသဝ် ၂၉၅၀ တပဲ ခွဲစရွတ်ဟု နာတဝ်လျ္လောက်၏ မင်ကြီ မင်တြျာလည် သင်္ဃရာဇာမ္လည် မထွင်နှိုင် ငါ ထွင်ပါအံ့ဟု ဆိုဝ်တဝ် မ၏၊ မဟာသင်္ဃ ရာဇလည် ရတနာသုံမ်ပါ၏ ဝတ္ထု ပျက်တလျင် ခအံ့ဟု နာတဝ် လျ္လောက်ရှယ် ခြေတဝ်စန်လလည်ဖိုဝ်ကိုဝ် သူရဲစာ ငွေ ၃၀၀ ဆက်၏။ တာပေသော စစ်ခ်ိဇောဓိနှင်အကွသော အမတ်ကြီ ရာဇကိုဝ် ငွေ ၅၀ ရွှေ ၃ ကျ္လပ်ပေ၏၊ တာခွဲကိုဝ် ၅ ကျ္လပ်ပေ၏၊ လုံလအာဖ္လင် တောကိုဝ်



> ထွင်သပြည် ညအာဖ္လင် မင်ကိုဝ် ဆွံခံရှယ် အပျက်စေသော သဒ္ဓါ ဖ္လင် ဥစ္စာကျ္လရှယ် ရတနာ ၃ ပါ အစီအဖွာ ဖ္လစ်သောဤမ္လေတွင်ထွင်စ မူသော မြောက်ဥိတန်ဆင်ကြီတွင် ပတ္တမြာ စာတီကိုဝ် အရှာသင်္ဃ အပေါင်နှင့် ငီညွတ်စွာမူရှယ် ၁၀ လှူမူ၏၊ ပိတူစည်ခုံကိုဝ်လည် ၁၀ လှူမူ၏။ ပိတူဖုရာကြီ ကိုဝ်လည် ၁၀ လှူတ်မူ၏၊ ပ္လမုသော ပိဋကတ် ၉ ပုံမ်ကိုဝ်လည် ၂၀ လှူတ်မူ၏၊ ဤမ္လုကြွင်သမ္လေကိုဝ်ကာ ပုဂ္ဂိုဝ်တစု အရှာ ၂ စု ဆွံ ဖ္လစ်စေသော။ (စာရင်း ၈၉၁/၉–၂၄၊ သကရစ် ၇၉၁)။

ဤကျောက်စာအတိုင်းဆိုလျှင် တောကျောင်းသံဃာတို့၏ ခေါင်းဆောင် တစ်ဦး လုံ့လဖြင့် ဧက ၅၀၀၀ ကျော်ခန့်ရှိသော မြေသည် စိုက်ပျိုး၍ ရသည့်မြေ ဖြစ်လာသည့်အပြင် ထိုအခါက အုပ်ချုပ်ဆဲဖြစ်သော ဘုရင် (မိုဝ်ညင်သတိုဝ် ၁၄၂၆–၃၉) ကိုယ်တော်တိုင်လည်း တောမြေကိုထွင်ရာ၌ ပါဝင်ဆောင်ရွက် ခြင်းကို မှတ်သားဂရုပြုဖွယ်တစ်ရပ် ဖြစ်ပါသည်။ ဤပုဂ္ဂိုလ်မျိုး၏ ကြိုးစား ချက်နှင့် ကောက်ပဲစိုက်ရန် ဘုရင်၏ အားပေးခြင်းတို့ကြောင့် ၁၅ ရာစု မြန်မာ နိုင်ငံသည် ပြန်လည် နေသားတကျရှိ၍ စည်ကားရသည်ဟုဆိုလျှင် တစ်နည်း အားဖြင့် မှန်ကန်နိုင်စရာအကြောင်း ရှိပါသည်။

တောစိမ်းမြေကို လယ် လုပ်နိုင်စွမ်း သူတို့သည်၊ ၎င်းတို့ လက်တွင်းသို့ ကျရောက်ပြီးသောလယ်ကို ခွဲသတ္တိနှင့် ထိန်းသိမ်းမည်ဟု ကောင်းစွာ နားလည် နိုင်ပါသည်။ လယ်တိုးပွားသည်ကို မင်းအနေနှင့် လိုလားသော်လည်း သာသနာ မြေ တိုးသဖြင့် မင်းသို့ အခွန်ဆက်သောမြေ အရေအတွက် လျော့နည်းသည် ကိုမူ လိုလားနိုင်မည် မဟုတ်ချေ။ သက်သေ အထောက်အထားနည်းလျှင် သာသနာမြေကို မင်းက သိမ်းယူလိုမြဲဖြစ်ကြောင်း နောက်ပိုင်း ပုဂံမင်းဆက်တွင် ထင်ရှား၍လာပါသည်။ သံပျင်ဇေယျပွတ်သည် နာတောင်မျာမင်းထံမှရသော **ဟင်ရုံပအက်**ရှိ မြေအပယ် ၇၅၀ ကို ပုဂံအရှေ့ ၎င်းပြုသော တောကျောင်း၌ အေဒီ ၁၂၂၇ တွင် လှူခဲ့၏။ နောက်အေဒီ ၁၂၃၅ တွင် ကျစွာမင်း နန်းတက် ပြီးနောက် နိုင်ငံတော် တစ်ဝှမ်းလုံးရှိ မဟာဒါန်လယ်များကို သိမ်းယူသောအခါ တောကျောင်းမြေလည်း ပါလေသည်။

ဇေယျပွက်တာ်ကျ္လောင်နှိုက် နိယ်သော၊ သ္ခိင် သင်္ဃာတိုဝ် သည်၊

မင်းကြီအာကြာလိုက်ဧအ်၊ မဟာရစ်၊ ဉာ်ယ်ဇေယျပွတ်ဧအ်၊ မဟာဒါန်ကာ၊ တာ်ကွ္လောင် ပုရှာလျှင် လှျုခသတေဟု သောကြာလိုက်ဧအ်။ ဉာ်ယ်သိုအကြာ လိုက်ရကာ။ မင်ကြီ လေပြည်ာတာဝ် ကြီစွာသော မင် ဖွ္လစ်ရကာ။ အပ္လစ်ခပ်သိမ်သော ကိုဝ်ဆင်ခြင်ရှယ်။ ငါခမည် ပိယ်သလေစင်ဧအ်။ ဇေယျပွတ် ပုရှာလှျုသလေစင်ဧအ်။ ထိုဝ်မှုကာ ပုရှာရလေပစိယ်ဟု ရှယ်တေ။ မင်ဖထုတ်ရာဇာ သူ ၁ ယောက်၊ ကင်္ကာသူ။ အမတျာကာ၊ မဟာသိမန်။ အမြိုက်လက်ယာ၊ အနန္တဇေယျပိကြံ။ မဟာသက်ထိတ်။ ဉာ်မျှသောသူ ၆ ယောက်သောကိုဝ်။ နင်တိုဝ်စိတ်စတ် ပိယ်လင်ဟုသော မိန်တာ်မှုဧအ်။ ထိုဝ်သိုဝ်မင် စိတ်စတ် စိယ်ရကာ။ ဉာ်ယ်သူခြောက်ယောက် သတိုဝ်အ် (သည်)။ စိတ်စတ် ကုန်သရှင်။ ဇေယျပွတ်ကိုဝ်။ မင်ကြီ ခမည်ပိယ်တာဝ်မှုသလေစင်ဧအ်။ ဇေယျပွတ်ပုရှာ လှျုသလေစင်ဧအ်ဟုသော။ ဉာ်ယ်သူခြောက်ယောက် သတိုဝ်သည် မိန်ကုန်ဧအ်။ ငီရှယ်နာတာ် အာပွ္လန်ပိယ်ရကာ။ မင်ကြီလေ မိန်တာဝ်မှုဧအ်။ ဇေယျပွတ်ကိုဝ် ငခမည် မဟာဒါန် ပိယ်သလေစင်ဧအ်။ ဇေယျာပွတ်သည် တာ်ကွ္လောင်ပုရှာ လှျုသလေစင်ဧအ် ဟုမှုကာ ပုရှာရလေပတ်ပါစေဟု မင်ကြီကာ အမတ်တကာ မှောက်ပျက် ရိယ်ဖင် တာ် ခ္လ ရှယ်လှျုတုံသတေ။ (ခတ်ပုံ ၉၀/၁၆–၂၆၊ သကရစ် ၅၉၇။)

တောကျောင်းရဟန်းတို့ ကန့်ကွက်သည်ကို မင်းသည် ခြောက်ဦး အဖွဲ့ဖွဲ့၍ စုံစမ်းစေလျက် သာသနာမြေမှန်ကြောင်း သိရသဖြင့် မသိမ်းယူဝံ့သောကြောင့် ပြန်၍ပေးရသည်။ အလားတူ အမှုမျိုးတစ်ခု အနိမ့်တောကျောင်း၌ အေဒီ ၁၂၅၅ တွင် ဖြစ်ပြန်သည်။ ထိုကျောင်းအုပ်ချုပ်သူကား **“သ္ခိုင်မဟာမတိမာထေ”**ဖြစ်၏။ **ပစ္စယာဖောင်စင်၊ ငပ္လည်စင်သင်နှင့် ငါမြင်သင်တို့** ထိုကျောင်းကို မြေအပယ် ၁၅၀၀ လှူ၏။ **တလပျံမင်** အမည်ရသော **ဥစ္စနာ**က အေဒီ ၁၂၅၅ ၌ အခြား **ဖောင်စင်ပင်ကွ္လီမြေများ**ကို သိမ်းယူခိုက်တွင် တပါတည်း ထည့်သွင်း၍ ထိုမြေကို သိမ်းယူသည်။ ထိုနှစ်မှာပင် **ဥစ္စနာ**သည် **တလ**သို့လာ၍ ပုံလွန်သည်။ **ပန်ပွတ်သည်မွ္လိယ်**တွင်သာ **တရယ် ပွ္လိယ်** နန်းရ၍ **ပုဂံ**ရောက်လျှင် မင်းကြီးယောက္ခမ **သရိယ်**ကို မင်းနားကြားအောင် **သ္ခိုင်မဟာမတိမာတေ**က ပြောစေသဖြင့် ကြားလျှင် မင်းကြီးက



သရိယ် ငါအလောင်လျှင် ယူသော တေငါမသင်နိုဝ်သိမ်ရင် ငကာ အသိုဝ်ဟု ယုအံသနေ့ သိခင်တိုဝ်ကိုဝ် ငါ လှျုဧအ် အလိုဝ် ဂစိယ်ဧအ် ရတနာသုံပါသော ပိယ်ကာ ငါမ္လိယ်သိုဝ် ဆံခြည်တတန်လျှင် အဝင်စိယ် ငါတိုဝ်မ္လိယ်ကာ ရတနာ သုံပါသော မ္လိယ်သိုဝ် ဝင်သကာ မထိယ်ပ္လစ် သ္ခိုင်တိုင် မ္လိယ်ခြာနင် အမြယ် အမြိုတိုင် ဆောက်ပလိယ်ဟုသော ထုတ်တိရလျှင်သတေ။ (ခတ်ပုံ ၂၉၆/၁၁– ၁၆၊ သကရစ် ၆၈၉။)

ဉာသည်လည်း တောကျောင်းရဟန်းတို့က မင်း၏အမှုအကျင့်ကို မသင့်သဖြင့် ကန့်ကွက်ပြင်ဆင်၍ သွန်သင်ခြင်းပင် ဖြစ်သည်။ ဉာပဂျီတိုက် မြေများပင်လျှင် အေဒီ ၁၃၈၆ တွင် မင်းနှင့် ပတ်သက်၍ အချင်းများ ရပြန်၏။

မိုဝ် မဟာမတိမာ ခည်အာ၊ ဥစ္စနာမင်းကြီသည် သသ်ရာ ဆင်ရယ်ကိုဝ် ကြောက်စွာသောကြောင့် ပင်ကွ္လေယ်တိုက်တွင် ရှုစံ လတ်ရှယ် သကရစ် ၆၁၇ ခု စိသနှစ် တပေါင်လ္ဆန် ၁၃ ရက် ၅ နေ မွ္လေ ၁၅၀၀ စယျ သတ္တိတိုက်တွင် လှျုတော်မှု၏။ အခါတပါ တရက်ဖျက်ရှယ် တ်အတိ ဖွ္လ ခဲရယ်၊ မိုဝ်မွ္လေ တိုဝ်တွင် အကွ္လိုင်ကား တစ်ဖွ္လစ်ခဲ၊ အချိုဝ်ကား သ္ခိုင် တိုင်အာ ပစ္စည်ဖွ္လစ်၏ အခါတပါးသော သိရိတိက်ကျ ပဝရဓမ္မရာဇ ဟူသော တြှာဖျာမင်ကြီ၏ သာစဝ်ဖွ္လသော အဖရာခံ ခိုက်စွာရှယ် က္လမ်ရှေယ်မင်အရာ မင်လျှာခာသော တြှာဖျာဆင်ဖွ္လုသ္ခိုင်သည် မွ္လေက် ဘက်ပြည်ကိုဝ်ရလတ်သောခါက္လိ အောက်စခိတိုဝ်၊ တချိုဝ်သမွ္လေကိုဝ် သူရဲအပ်ဘိရကာ။ သကရစ် ၇၄၈ ခု တန်ဆောင်မုန်လ္ဆုတ် ၉ ရက် ၆ နေ၊ ဘုန်မ္လတ်ကြီ ဓမ္မ သေနာပတိ မဟာစည်သည် သိရဓမ္မသောက မင်ကြီမျာ မိဖုရာ သန္ဓမိတ္တာကဲသိုဝ်၊ သဒ္ဓစွာရယ် ရဟန်သင်္ဃာ မှီတင်ရာ ဖွ္လစ်သော အမိ ဖရာ အာရျပ်လေရကာ၊ အမတ်ကြီ ပိတရစ်ကိုဝ်၊ အဖဲကြောင့် ဆင်ဖွ္လ သ္ခိုင် တြှာဖျာကာ၊ ဥစ္စာနာမင်ကြီအလှျုကိုဝ် သရဲ ဓာပေသနှော၊ အပစ်တော လှျုကုန်အံရှင်၊ ဝတ်ဟောင်ကိုဝ်အထိ ပါလသေ၊ ဘုန်ကြီ အသက်ရှည်ကြောင် သ္ခိုင်တိုဝ် ဝတ်လှျုပေ။ အမိအာနာအဆန် လသေမွ္လေခြာတို ကွ္လောက် ဆောက်ပေလသေ ဟူရယ်တွေ့ တဝ်ခ္လ လတ်သောအခါ သဒ္ဓစွာသ ဆင်ဖွ္လုသ္ခိုင်တြှာဖျာ လေ စိတ် စစ် သဘော် သင်္ဃိက အမှတ် သိလတ်ရကာအပ်မိသူ

> ရယ်လေ တပါ အဇာလ္လလေ၏။ ဝတ်ဟောင်ကိုဝ် လေ ငါ လှျု၏။ အသစ်သဝ် လေ ငါ လှျုပါ၏။ (အနိမ့်တောကျောင်း ရှေ့ကူ ကျောက် ၂ ကျော/ ၇–၂၄၊ သကရစ် ၇၄၈။)

ဆိုလိုသည်ကား ယခင် ပင်ကလို ၁၀ တိုက်အဝင် စယျှသတ္တိယ်တိုက်မှ မြေ ၁၅၀၀ ကို အနိမ့်ကျောင်းမှ သျှင်မဟာကဿပ၏ ကိုယ်စား အုပ်ချုပ်လျက် ရှိသော သို့ခင်မဟာမတိမာအား အလှူရှင် ဒါယကာတို့ လှူခဲ့သည်ကို ဥစ္စနာ လက်ထက် အေဒီ ၁၂၅၅ တွင် အသိမ်းခံရ၏။ မဟာမတိမာလည်း တရုက်ပ္လိုယ်မင်းကြီး ယောက္ခမ သရိယ်မှတစ်ဆင့် မင်းကြီးကြားအောင် နားတော်လျှောက်ဇေသဖြင့် တရုက်ပ္လိုယ်က သာသနာမြေအဖြစ်ဖြင့် လှူပြန်သည်၊ ထိုမြေသည် တိုင်းပြည်တွင်းသို့ တရုတ်စစ်ရောက်လျှင် ထွန်ယက် စိုက်ပျိုးမည့်သူ မရှိသဖြင့် တောဖြစ်ပြန်၏။

ထိုအတွင်း တတိယကြျာဖျာ (၁၃၆၇–၁၄၀၀)ခေါ် မင်းကြီးစွာစောကဲ မြောက်ဘက်တစ်ခွင်ကို နှိမ်နင်းအုပ်စီးမိလျှင် ဆုတော်လာဘ်တော်အဖြစ်ဖြင့် အထက်ပါ ပင်ကလို ၁၀ တိုက် အဝင်အပါ မြေအချို့ကို စစ်သည်သူရဲတို့အား ပေးအပ်မိသည်။ သို့ခင်မဟာမတိမာကို ဆက်ခံသူ ဘုန်မ္လတ်ကြီး ဓမ္မသေနာ ပပဟိဟမင်းကြီး မိဖုရားမှတစ်ဆင့် အေဒီ ၁၃၈၆ တွင် ဤသို့ သာသနာ့မြေကို သူရဲပေးခြင်းသည် မသင့်ကြောင်း မင်းကြားအောင် နားတော်လျှောက်စေသည်တွင် မြေကို ပြန်၍ရသည်။ ဤအချက်ကိုထောက်၍ တောကျောင်းရဟန်းတို့သည် မိမိတို့ပိုင် လယ်မြေကို မင်းအဆက်ဆက် သံဃာထေရ်အဆက်ဆက် ဖွဲနှင့် ထိန်းသိမ်းနိုင်ကြောင်း သိရ၏။

တောကျောင်းဂိုဏ်း သို့ခင်**မဟာမတိမာ** ကဲ့သို့သော ပိဋကတတ် ကျွမ်း၍ ခေါင်းဆောင် အရည်အချင်းရှိသော ရဟန်းကို ပုဂံခေတ်လွန်၍ အဝခေတ်သို့ရောက်လျှင် **သဃ်ရာဇာ**ဟု ခေါ်စမှတ်ပြုသည်။ သဃ်ာအများကို အုပ်ချုပ်ရသည်သာမက မင်း၏အပေါ်၌လည်း ဩဇာရှိ၏။ ကနက္ကတန်ထီးဖြူ လည်း ဆောင်းခွင့်ရသူများ ဖြစ်၏။ ထို့ပြင် ဒေသဆိုင်ရာ **သဃ်ရာဇာ** အများ ရှိသည်ကို အမှတ်ထားမိသည်။ မင်းဆရာဟု အခေါ်ခံရသော သဃ်ရာဇာသည် တန်ခိုးအကြီးဆုံး ဖြစ်ဟန်တူသည်။ အေဒီ ၁၃၃၀ ကစပြီး မင်းဆရာဟု အခေါ်ခံသော **သေဋ္ဌဒိသာပြာမောက္ခ မဟာထေရ သဃ်ရာဇာ** တစ်ဦးရှိခဲ့သည်။ (ဓါတ်ပုံ ၅၀၃/ ၂၊ ၇၊ ၁၂၊ ၁၉၊ သကရစ် ၇၁၅။) ၎င်းကို မင်းဆရာ



အဖြစ် ဆက်ခံသူကား မဟာသဃ်ရာဇာပင် ဖြစ်မည်။

အဝမင်းခေါင်ကြီး၏ တန်တာဦးရကြည်ကျောင်း ကျောက်စာတွင် **မဟာသဃ်ရာဇာ**၏ အကြောင်းကို

> တြာျာဖျာမင်ကြိ၏ ဆြိုျာတဝ်မူလည် ဖ္လစ်ထသော၊ ကုတေဖနန် သန်မကာသ အရျာ သဃ်ာအပေါင်ကိုဝ် အစိုဝ်ရသ မဟာသဃ်ါရာ ခေါင်ကမူလေဖ္လစ်ထသော၊ ထိဖ္လူအမွန် ကနက္ကတန် ပိမန် (ရွှေ) ရိုဝ်ပိတ္တိမိုဝ်သဝ်ကောင်က္လိုင် စီဖွာတြျာသိပြိ ဖုန်တဝ်ကြီသည် အလွန်တြျာ ရတ္တနာသုံပါ ကိုဝ် ယုံကြည်စွာသော (စာရင်း ၈၄၅/ ၂–၄၊ သကရစ် ၇၇၄။)

ဟု ရေးသားပါရှိသည်။ မင်းဆရာဖြစ်သော ဤမဟာသဃ် ရာဇာသည် အေဒီ ၁၃၇၀ ကျော်မှစ၍ တန်ခိုးဩဇာ များစွာကြီး၍ ၎င်းအား အမှူးပြုကာ အလှူအတန်းပြုကြသည်ကို ရှေ့အနှစ်သုံးဆယ်အတွင်း တွေ့ရပါသည်။ (စာရင်း ၆၉၇/ ၁၂၊ သကရစ် ၇၃၉။ စာရင်း ၇၃၈/ ၅၊ သကရစ် ၇၄၉။ စာရင်း ၈၄၅/ ၂၊ သကရစ် ၇၇၄။ ထူပါရုံကျောက် ၂၅/ ၁၁၊ သကရစ် ၇၉၄။ စစ်ကိုင်းသောတာပန် လေးကျွန်းမန်အောင် သစ္စာရကျောက် ကျော/ ၃၊ သကရစ် ၈၉၁)။ မဟာသဃ်ရာဇာကို **ပိတူသဃ်ရာဇာ**က ဆက်ခံသည်ဖြစ်မည်။ ဤသဃ်ရာဇာကို

> ပိဋကတ်သုံမ်ပုံမ်နှိုက် ရဲရင်သပြည်ညာအာလ္လင် သိရိသဒ္ဓမ္မ သေနာပတ်ဟု ထင်ရှာစွာသောအမည်တ် ဟိထသော သဒ္ဒါပြည်ညာ လုံမ်လ အာနှင် လည်ပ္လည်စုံမ်စွာထသော ပိဋကတ် ၉ ပုံ၏ ဒါယကာသည်ဖ္လစ်ထသော ထိဖ္လူလည် ဆောင်ထသော (စာရင်း ၈၉၁/ ၁၁၊ သကရစ် ၇၉၁။)

ဟု ရေးသားထားသည်ကို တွေ့ရ၏။ ဤ သဃ်ရာဇာပင် အနှစ်သုံးဆယ်တောဖြစ်နေသောမြေကို မြောင်းကြီးသွယ်၍ ပြန်လည် စိုက်ပျိုးနိုင်အောင်ပြုသဖြင့် သာသနာမြေတွင် ပယ်ပေါင်း ၂၉၅၁–၅/ ၈ တိုးခဲ့ကြောင်းကို အထက်က ပြောဆိုခဲ့ပြီး ဖြစ်သည်။ များစွာလည်း တန်ခိုးကြီးသူဖြစ်၍ ၎င်းရေးထိုးသော စစ်ကိုင်း မြပုထိုးကျောက်စာ၌ ၎င်းသည် ကျောင်းကြီး ၇ ဆောင်၊ ကူ ၅ လုံး၊ စေတီ ၄ လုံး၊ ပိဋက ၉ ပုံ၏ ဒါယကာဖြစ်သည်ဟု ရေးခဲ့သည် (စာရင်း ၉၃၉/ ၄၊ သကရစ် ၈၀၇။) ပိတူသဃ်ရာဇာ လွန်ပြီးနောက် အေဒီ ၁၄၅၀ လွန်လျှင် မည်သည့် သဃ်ရာဇာ ခေါင်းဆောင်ဖြစ်မည်ကို ခွဲခြား၍ မပြောနိုင်ချေ။ သို့သော်

သင်္ဃရာဇာ အများရှိသည်။ ထူးသည်ကား ကျောက်စာတစ်ခု၌ **ရွှေကျောင်း သင်္ဃရာဇာ အိမ်တောင်ရိုဝ်** (စာရင်း ၈၃၄/၂၊ သကရစ် ၇၇၀)ဟု တွေ့ရပါသည်။ ဘိက္ခုနီ သင်္ဃရာဇာ ဖြစ်အံ့လောဟု တွေးတောဖွယ် ရှိပါသည်။

အခြား သင်္ဃရာဇာတို့တွင် **စံကာ သင်္ဃရာဇာသည် အတုမဟိသော** ဟူသော ဝိသေသဖြင့် ကျောက်ရေးဆရာတို့ ရေးထားခဲ့ခြင်း ခံရသူပင် ဖြစ်ပါသည်။ (ပင်းယ ရွှေစည်းခုံ ကူသုံးလုံးကျောက်/၃၊ သကရစ် ၇၃၉။) ဤသင်္ဃရာဇာ ပင်လျှင် စကာခုနှစ်ကျောင်းနှင့် ဆက်စပ်သော သင်္ဃရာဇာ ဖြစ်မည်။ (စာရင်း ၉၄၄/၁၂၊ သကရစ် ၈၀၈။) အဘယ်ကြောင့်ဆိုသော် ကျောက်စာတစ်ခု၌ **စံကာသင်္ဃရာဇာ ဝေလုဝန် မဟာထေည်** (စာရင်း ၇၉၆/၉၊ သကရစ် ၇၆၁။ မဟာသင်္ကြိ၊ သာသနာ့ လင်္ကာရစာတမ်း၊ ၁၈၃၁ ဟံသာဝတီ၊ ရန်ကုန်၊ ၁၉၅၆၊ စာမျက်နှာ ၁၂၆)ဟု တွေ့ရသောကြောင့် ဖြစ်ပါသည်။ အခြား သင်္ဃရာဇာများကား အရှေ့သင်္ဃရာဇာ (ဆင်ကွတ်ရွှေကူကြီး ကျောက်မျက်နှာ/၁၁၊ သကရစ် ၇၉၁။ ထူပါရုံကျောက် ၂၅/၂၊ သကရစ် ၇၉၄။) အနောက် သင်္ဃရာဇာ (ဆင်ကွက် ရွှေကူကြီးကျောက်မျက်နှာ/၁၁၊ သကရစ် ၇၉၁။) အဖိုဝ်သင်္ဃရာဇာ (စာရင်း ၉၂၂–ခ/၂၈၊ သကရစ် ၈၀၁။ စာရင်း ၉၂၅–က/၁၀၊ သကရစ် ၈၀၂။) တန်ထာဦသင်္ဃရာဇာ (စာရင်း ၁၀၇၃–ခ/၁၁၊ သဂာရစ် ၉၂၀။) တောင်သင်္ဃရာဇာ (စာရင်း ၇၂၉/၃၉၊ သကရစ် ၇၉၁။) ထူပါရုံမ်သင်္ဃရာဇာ (စာရင်း ၁၂၉၃–ခ/၂၄၊ သကရစ် ၈၇၆။) ပင်ယပြည် သင်္ဃရာဇာ (ဆင်ကွက် ရွှေကူကြီးကျောက်မျက်နှာ/၁၁၊ သကရစ် ၇၉၁။ စာရင်း ၉၄၉–ခ/၁၄၊ သကရစ် ၈၁၀။ စာရင်း ၁၀၅၃/၂၊ သကရစ် ၈၇၃။) ရန်အောင်မွင် သင်္ဃရာဇာနှင့် (ဆင်ကွက်ရွှေကူကြီးကျောက်မျက်နှာ/၁၁၊ သကရစ် ၇၉၁) သိန်ခိုဝ် သင်္ဃရာဇာ (စာရင်း ၁၀၄၈/၄၊ ၅၊ သကရစ် ၈၇၁။)တို့ ဖြစ်ပါသည်။

ဤသင်္ဃရာဇာတို့သည် အေဒီ ၁၅၀၀ ကျော်လျှင် တန်ခိုးမှေးမှိန်၍ လာကြဟန်တူ၏။ ဥပမာ **တံပက်ဆွဲ**ကျောင်းကို သျှမ်းခေတ်က ငါပင် ကြည့်ရှု ထားရသည်၊ ယခု ကျောင်းနေရဟန်း **ဝရဂုဏကိတ္တိ**ရှိလျက် ငါ သိမ်ပြုမည်၊ ဖယ်ရှား၍ ပေးစေဟု **တန်ထာဦး သင်္ဃရာဇာ**ကဆိုလျှင် အငြင်းဖြစ်ကြ၍ နောက်ဆုံး၌ ဝိနည်းတော်အရ တန်ထာဦး သင်္ဃရာဇာရှုံးလျှင်. . .

အသက်ခြောက်ဆယ်ခြောက်နှစ် ဟိသော တန်ထာဦ သင်္ဃ ရာဇာ



ဖုန်ကြိဝ္စာကိုဝ်၊ အသက် ငါဆဲကိုဝ်နှစ် ဟိသော တံပက်ဆွဲ ဆင်ဖြူသျှင်
ဆိဘ် ဝရဂုဏကိတ္တိခေည် ဝိနည်တော်လာ သည်အတိုင် နိုင်လေ၍

ဟု အေဒီ ၁၅၅၈ ထိုး တံပက်ဆွဲအတွင်းကျောင်းကျောက် (စာရင်း ၁၀၇၃–ခ/၃၀–၂၊ သကရစ် ၉၂၀)တွင် ဖတ်ရပါသည်။

နောက်ဆုံးအနေဖြင့် ဤမျှရှည်ကြာသော ကာလအတွင်း တန်ခိုးကြီး ခဲ့သော တောကျောင်းဂိုဏ်းကို တည်ထောင်ခဲ့သူ သျှင်မဟာကဿပ အကြောင်းကို လေ့လာရန် လိုပါမည်။ မဟာကဿပနှင့် ခေတ်ပြိုင်မဟုတ်သော်လည်း ၎င်း၏ ဇာတိအရပ်၌ အေဒီ ၁၃၈၁ တွင် ရေးထိုးသောကျောက်စာ (စစ်ကိုင်းခရိုင် မြောင်နယ် ကျောက်ရစ်ရွာ ရွှေပေါင်လောင်ဘုရားလေး မျက်နှာကျောက်အရှေ့ မျက်နှာ/၉၊ သကရစ် ၇၅၀)တွင် ဇာတာခွင်နှင့်တကွ **ငပေါင်လောင်သင်** အမည်ရှိသော **သျှင်မဟာကဿပ**သည် အေဒီ ၁၁၆၉ တွင် မွေးသည်ဟု သိရ၍ အခြားကျောက်စာတစ်ခု အဆိုအရ စစ်ကိုင်းခရိုင်မြောင်နယ် ယခု **ပရိမ္မခေါ်** ပရိမ်လျှင် ဖွားရာဇာတိရှိသည်။ (ဓါတ်ပုံ ၄၇၄/၇၊ သကရစ် ၇၀၆) ဟု သိရပါသည်။ ပညာအရည်အချင်းအားဖြင့် **ငပေါင်အ်လောင်အ်သင် မဟာကဿကား ပိတကတ် ကိုဝ် အလွန်တတ်ရှယ်** (အနိမ့်တောကျောင်း ရွှေကူကျောက် ၂/၃၊ သကရစ် ၇၄၈)ဟု အခြား ကျောက်တစ်ခု၌ ဖတ်ရပြန်သည်။ ဂုဏ်သိက္ခာအားဖြင့်

ဖုရာမ္လတ်စွာတော်တမူ၏။ တပေအ်သာ မဟာကဿပနှင်၊ တူလ
ကျည်သောဝ် မဟာကဿပငပေါင်လောင်သင် (အနိမ့်တောကျောင်း
ရွှေကူကျောက် ၅/၂၊ သကရစ် ၇၄၀။)

ဟု တွေ့ရသည်။ ဤပုဂ္ဂိုလ်သည်ပင်လျှင် မိမိမွေးဖွားပြီးသည် သကရစ် ၅၃၁။ (အေဒီ ၁၁၆၉)မှ လွန်၍ နှစ်,နှစ်ရာကျော်လျှင် တအံ့တသြ ပြောစရာ ပုဂ္ဂိုလ်ထူး ဖြစ်၍လာပါသည်။ အေဒီ ၁၃၈၈ ၌ ရေးထိုးသော ကျောက်စာတွင်

ပုရှာမ္လတ်လှ ကောတမ၏ခြေတ် ရ နိုက် ရိုဝ် သေက္လိုန္တန်
ဗျာတိတ်ခံ ၆ ပုရှာလောင်တကိပ် ၆ တွင် အကြွံဝင် ၆ ငပေါင်လောင်
သင် မဟာကဿပလည်မည် ၆ ဆင်မင်အလ္ဖစ် ပ္လစ်ဖူခဲရှယ်။. . ။
အရှင်တ် ပုရှာသ္ခိင်ကိုဝ် ဖူမြင်ရမြိက်ကြောင် ဟိတ်င်အကွ ရဟန်
အလ္ဖစ်ကောင် သက္လာည္ဆုန္နင့် ပ္လည္ဆုံ ထ၆ မဟာကဿပကာ။ . . ။

မ္ဗသရဟန် အဖ္လစ် ရှေရှုလျက် တဝ်ကြိ ထွက်ရယ်။ ဘုမ္ဗလ
ကကြန်လျှင် သင် ၆ မ္ဗေအချက်၃၁၅ ၉ အစ္စရှာရယ်၊ သာသနာ
ကောင်မှု အရပ်ပ္လု၏။ သဗ္ဗညု တည်ညန် ပုရှာဆု ၉ လိုဝ်ချင်စွာရယ်
အရှင်တ်ရပ်တု ရှုယ်ဆင်ပု အတိုပ္လု၏။ မ္ဗေသမိဖွာအယူမှာရယ် အပှိ
တရိဆန် န္တာမအဖ္လစ် ၂ ပါလှာ ၆ ကြောက်ရစ်ရွာနှိုက်အာ။ အရည
ဝါသိတ် ကျောင်သံမိုက် ပုရှာတည် ၆။ . . . ။ ဤနှိုက် အာလျှင်
စည်သူမင်းကြီ မင်ကြိအာဘိလူးဘေမှ ချံသာရယ်။ ထိဖ္လု ကနက္က
တန်င်အကွ မင်မ္ဗောက်တန်ဆာ ၅ ပါ။ မဟာကဿပ ၉ ပုစ်ဘ၏။
ဘုန္လမ္ဗဘ်ကြိစွာ မဟာကဿပ ၄။ မ္ဗေ အလှုုဆွံခံ၏။ (ကျောက်ရစ်
ရွှေပေါင်လောင် အရှေ့မျက်နှာ/၃–၁၇၊ သကရစ် ၇၅၀။)

ဤကျောက်စာအတိုင်း ယူရသော် ငပေါင်လောင်သင် မဟာကဿပ သည် အေဒီ ၁၁၆၉ ၌ (ပရိမ်တွင်) မွေးဖွားသည်။ ဘုရားလောင်းတစ်ကျိပ် အဝင်အပါဖြစ်ကြောင်း ဆင်မင်းဘဝနှင့် ဂေါတမမြတ်စွာဘုရားထံမှ ဗျာဒိတ် ရခဲ့သည်။ တောထွက်၍ ကျောက်ရစ်၌ တောကျောင်းတည်၍နေသည်ကို အေဒီ ၁၂၁၅ တွင် ပုကံမင်းက မိမိ ခံစားနေရသော ဝေဒနာကို လာရောက် ကုစား ပေးရန် အဟန်တန် ပင့်သဖြင့် သွားရောက်ကုစားလျှင် မင်းချမ်းသာရရလျက် မဟာကဿပကို ကြီးစွာ ပူဇော်သည်။ ထီးဖြူနှင်းအပ်သည်။ ဤကစ၍ တောကျောင်းဂိုဏ်း သင်္ဃရာဇာတို့ ထီးဖြူရတန်တူသည်။

အထက်ပါ ဇာတ်လမ်းကို ခေတ်ပြိုင်ကျောက်စာတို့နှင့် စစ်ဆေးလျှင် ငပေါင်လောင်သင် မဟာကဿပသည် ပုဂံမင်းထံသို့ အသက် ၄၆ နှစ်က စ၍ရောက်ကာ မင်း အပူဇော်ခံရသည်ဟူသော အချက်နှင့်တကွ အားလုံး ယုတ္တိတန်မည် ထင်သည်။ ခေတ်ပြိုင်ကျောက်စာများ၌ မဟာကဿပ၏ အမည်ကို နာတောင်များနှင့် ညီမ မင်လှတို့၏ အေဒီ ၁၂၂၅ အလှူဝယ် ပထမဆုံး ဖတ်ရသည်။ (ခါတ်ပုံ ၁၂၃/၅–၆၊ ၇၊ ၁၂၊ သကရစ် ၅၈၇)။ မဟာကဿပ ကား ကျောက်ရစ်၊ ပရိမ်၊ အမြင့်၊ အနိမ့် စသည်အရပ်များ၌ တောကျောင်း တည်ပြီးမှ ပုဂံအနီးအပါးသို့ ရွှေ့၍ တောကျောင်းများ တည်ပြန်သည်။ မင်းနန် သူ၌ တောကျောင်းတစ်ကျောင်းကို အေဒီ ၁၂၃၃ တွင် လည်းကောင်း၊ ဖွားစော၌ နောက်တစ်ကျောင်းကို အေဒီ ၁၂၃၆ တွင် လည်းကောင်း တည်ခဲ့ကြောင်းကို ဖော်ပြပြီး ဖြစ်ပါသည်။ နောက်ထပ် မဟာကဿပ၏ အမည်ကို မြို့တော်၌ တန်ခိုးကြီး ရဟန်းတော်တို့၏ အမည်များနှင့် တွဲဖက်၍ အရေးပါသော အမတ်



မဟာသမန်၏ အလှူ၌ အေဒီ ၁၂၃၇ တွင် ဖော်ပြထားပြန်သည်။ (ခါတ်ပုံ ၁၀၂/၈၊ သကရစ် ၅၉၆။) သူနှင့် တွဲဖက်ဖော်ပြသော ရဟန်းများကား ဓမ္မသိရိ နှင့် သုဘူတိစန္ဒတို့ဖြစ်၍ သီဟိုဠ်သို့ ပညာရေးမိတ်ဆက်အဖွဲ့အနေဖြင့် ၁၂၃၇ နှင့် ၁၂၄၈ အတွင်းဝယ် မဟာကဿပဂိုဏ်းကို တိုက်ခိုက်ရန် စစ်ကူသွား၍ တောင်းသူများ ဖြစ်ဟန်တူပါသည်။ (ခါတ်ပုံ ၃၀၂)။ မင်း အသိအမှတ်ပြုခြင်းကို ခံယူလိုသည့် မဟာကဿပသည် ထိုစဉ်က အုပ်စိုးနေသော ကျွစွာ ကိုယ်တော်တိုင် မြေလှူသည်ကို မရလင့်ကစား၊ မိမိဂိုဏ်းမှ ရထားသည့် မြေကို မင်းအလှူ ဖြစ်အောင် ကြံဖန်၍ မင်းကို ရေစက်ချခိုင်းခဲ့သည်။

အဖြစ်အပျက်ကား ဤသို့တည်း။ အေဒီ ၁၂၄၂ တွင် ရတနာပယျာသု၏ သား လေးသောင်းသူကြီးဖြစ်သော **ငါဗ္လ ညီသင်**က လယ်အပတ် ၄၀၅၊ ၁/၁၆ ကို ကြံတူမ္လတ်ကြီအား လှူတမ်းခဲ့၏။ ကြံတူမ္လတ်ကြီက မိမိ၏ ဂိုဏ်းခေါင်းဆောင် မဟာကဿပကို အကြောင်းကြားလျှင် မဟာကဿပက ကျွစွာမင်းကြီးနှင့် **စဝ်ထုယ်**တို့ထံဝင်၍ အထက်ပါမြေကို မင်းအနေဖြင့်လည်း ရေစက်ချ၍ လှူရန် တိုက်တွန်းပြန်သည်။ မင်းကြီး လိုက်လျောလျှင် မဟာကဿပသည် **ဤကာ မင်ပိယ် မင်လှူ**တေဟု မှတ်တမ်းတင်ခဲ့သည်။ (ခါတ်ပုံ ၂၉၇/၈၊ သကရစ် ၆၆၂။) ဤမှတ်တမ်းတွင် မင်ကြိနှင် စဝ်ထုယ်လေ မဟာဗောဓိတွင် စရိယ်ပိယ် သောလျှင် မ္လတ်ကြီ လက်ရိယ်စင်တဝ် ခ္လရယ် လှူသတေ။ ဤကာမင်ပေမင်တေဟု ရေးသည်။ မဟာဗောဓိ အမည်ပါနေသဖြင့် မဟာ ကဿပ၊ ကျွစွာနှင့် စဝ်ထုယ်ကို မဟာဗောဓိနှင့် မည်သို့အကြောင်း ဆက်သွယ်မည်နည်းဟု စဉ်းစားသင့်ပါသည်။ ဖြစ်နိုင်သည်ကား မဟာကဿပမင်းထံ ဝင်သောအခါကား မင်းကြီးနှင့် မိဖုရားတို့ မဟာဗောဓိဟု မှည့်ထားသော မြို့တော်အနီးအပါးတွင်ရှိသည့် ယာယီနန်းတွင် ခေတ္တ စံနေခိုက်ဖြစ်မည်ဟု ယူဆမိပါသည်။ မဟာကဿပသည် ပုဂံတွင် မင်းပရိသတ်၏ လေးစားမှုကို ရပြီးမှ အေဒီ ၁၂၄၂ လောက်တွင် အရှေ့ဘက်သို့ တိုး၍ ဆယ့်တစ်ရွာအရပ် ကျောက်ဆည်နယ်တွင် တောကျောင်းများ တည်ပါ သည်။ (ခါတ်ပုံ ၁၄၀–က/၂၊ သကရစ် ၆၀၄။) စင်စစ်အားဖြင့် မိမိ၏ ရန်သူခေါင်းဆောင်များ သီဟိုဠ်သို့ ခရီးလွန်ခိုက် စီးပွားရေး တောင့်တင်းသော နယ်က မိမိအား ထောက်ခံရန် ကြိုတင်စီမံထားခြင်း ဖြစ်ဟန်တူပါသည်။ မြို့တော်၌လည်း ဘုရင့်ညီ **ကကၤသူ** ကဲ့သို့သော တန်ခိုးကြီးသူများ၏ ကြည်ညို လေးစားခြင်းကို ခံယူရလျက် ရှိပါသည်။ ကကၤသူ သေလျှင် ကျန်ရစ်သူမယားက

မင်းနန်သူတောကျောင်းတွင် သေသူကို ရည်စူး၍ အဆောက်အအုံများ ထပ်၍ ဆောက်ပါသည်။ (ဓါတ်ပုံ ၁၄၃–က/၆–၇၊ ဓါတ်ပုံ ၁၄၅/၁၀၊ ဓါတ်ပုံ ၁၄၇–က/၇၊ သကရစ် ၆၀၄။)

**ပိုလ်သုကြိသတ်တျာ**၏ အေဒီ ၁၂၄၄ ကျောက်တွင် မဟာကဿပကျောင်းသည် **အရှိယ်ပြည်တခါ** (ဓါတ်ပုံ ၁၅၃–က/၂–၃၊ သကရစ် ၆၀၆)၌ဟု ဖော်ပြသဖြင့်၊ တောကျောင်းဟု ဆိုရသော်လည်း မြို့တော်၏ အရှေ့ဘက်တံခါးနှင့် အလွန်နီးကပ်လျက်ရှိသည်ဟု သိရပါသည်။ ဤကျောင်းတိုက်အတွင်း၌ မဟာကဿပသည် မင်းသမီး **မင်းလှ** ဆောက်ပေးသော ကျောင်းတွင်နေစမှတ်ပြုသည်။ (ဓါတ်ပုံ ၁၆၂/၂၊ သကရစ် ၆၉၄။) ဤကျောင်း၌နေစဉ်အေဒီ ၁၂၄၄ တွင် မဟာကဿပသည် (? ကျောက်**ဆည်**ခရိုင် အနောက်မြောက်ရှိ) **ဆိပ်တောင်မှ စကြဝ်ကင်းသည်**တို့နှင့် မြေမှုစကားများရသည်။ (ဓါတ်ပုံ ၁၆၅/၅–၁၀၊ သကရစ် ၆၁၀။) စကားများရသည့်မြေကား စင်စစ်မဟာကဿပ၏အဘိုး **သင်္ကြိမ္မသူ**ပိုင်ဖြစ်၍ မင်းထံမှ ဆုရသောမြေဖြစ်သည်ဟုသိရသည်။ ဤအတိုင်းဆိုလျှင် ငပေါင်လောင်သင်၏ အဘိုးသည် မင်းမှုထမ်းတစ်ဦးဖြစ်သည်ဟု သိရပြန်သည်။ အေဒီ ၁၂၄၈ မှစ၍ မဟာကဿပသည်ရွှေဘို ချင်းတွင်းနယ်များမှ မြေပယ်ပေါင်းများစွာကို စပေါင် ဝယ်ယူကြောင်းတွေ့ရသည်။ အလှူခံသဖြင့်လည်း မြေများစွာရပါသေးသည်။ (ဓါတ်ပုံ ၁၆၃၊ ဓါတ်ပုံ ၄၂၄။)

မဟာကဿပသည် အေဒီ ၁၂၇၂ နှင့် အေဒီ ၁၂၇၈ အကြား၌ ပျံလွန်ဟန်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ၁၂၇၂ ခု လွန်လျှင် ရေးထိုးသမျှ ကျောက်စာ၌ မဟာကဿပနေရာ ကျောင်းဟူ၍သာ ဖော်ပြလေ့ရှိ၍ (ဓါတ်ပုံ ၂၀၃/၂၊ ဓါတ်ပုံ ၂၂၄/၁၂၊ ဓါတ်ပုံ ၂၇၇/၂)၊ ၁၂၇၈ တွင် မဟာကဿပကျောင်း၌ အမည်မဖော်သော်လည်း ထေရအသစ် ရှိနေပြီဟု သိရပါသည်။ (ဓါတ်ပုံ ၂၇၇/၂)။ (ဦးဖိုးကျား၊ အလောင်းတော် ကဿပ၊ ကိုယ်တွေ့ဝတ္ထု၊ အမှတ် ၆၊ မြန်မာ့ဂုဏ်ရည် ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၃၈၊ စာမျက်နှာ ၁၃၀။)

# မြန်မာနိုင်ငံ၏ ကျောက်စာများ†

မြန်မာနိုင်ငံ၏ ကျောက်စာများကို အများအားဖြင့် ဝေဘူ (mica-schist) ကျောက်ပေါ်တွင် ထွင်းထားလေ့ရှိခဲ့၏။ သို့သော် တစ်ဆယ့်ငါးရာစုမှစ၍ ယနေ့တိုင် စကျင်ကျောက်ကို ပို၍ သုံးစွဲလာကြသည်။ ဘုရားခေါင်းလောင်းကြီးများပေါ်၌လည်း ရေးထိုးတတ်သေး၏။ ဂူအတွင်း နံရံပေါ်၌ကား ဆေးရေးစာများရှိတတ်၍ အချို့ နံရံစာများသည် ပုဂံခေတ်လောက်ကပင် ကျန်ရစ်ခဲ့ကြောင်း တွေ့ရှိရသည်။

မင်းတုန်းမင်းသည် ၁၈၇၁ ၌ ပိဋကကို ကျောက်ထက်အက္ခရာတင်ရာ ကျောက်တုံး ၇၂၉ တုံးတွင် ရေးထိုး၏။ ယင်းကို အတုယူ၍ ပိဋကကျောက်များစွာပေါ်ခဲ့၏။ ထိုကျောက်တို့ကို အလွတ်ဖယ်လိုက်လျှင် မြန်မာနိုင်ငံအလုံး၌ ကျောက်စာအစုစု သုံးထောင်မျှ ရှာဖွေတွေ့ရှိထားပါသည်။ ယင်းတို့အနက် ခေတ်ဦးပိုင်းနှင့်ဆိုင်သော ကျောက်စာကား အလွန်နည်းလှ၏။

ရခိုင်တွင် သကဋနှင့် စာငါးခု တွေ့ရှိထားရာ အားလုံး ခရစ်နှစ် ၈၀၀ မတိုင်မီကဖြစ်မည်ဟု ထင်ပါသည်။ ပထမစာမှာ မြို့ဟောင်းအနီး ဝေသာလီမှ ခေါင်းလောင်းတစ်ခုတွင် နှစ်ကြောင်းမျှ ရေးထိုးထားရာ အသက်အားဖြင့် ခရစ်နှစ် ၆၅၀ ထက် မစောနိုင်ချေ။ နောက်တစ်ခုကား သံတွဲခရိုင် ငွေ့နှမ်းမော်ကျွဲလူးအပိုင်းမှ ဂူတစ်ခုအတွင်းရှိ ကျောက်တုံးပေါ်၌ ရေးထိုးထားရာ ခရစ်နှစ် ၈၀၀ ပိုင်းမှ ဖြစ်မည်ထင်သည်။ မြို့ဟောင်းမြောက်ဘက် မိုင်ဝက်အရှိတွင်

† * အိုးဝေ နှစ်သုံးဆယ်မြောက် အထူးစာစောင်၊ နိုဝင်ဘာ၊ ၁၉၆၀၊ ၁၆၁–၇၀။

**တေဇာရာမကျောင်း** အနောက်မြောက်အဝင်၌ ကျောက်စေတီတစ်ဆူကို ပတ်၍ ယေဓမ္မာဂါထာကို ရေးထိုးလျက်ရှိရာ ခုနှစ်ရာစုလောက်က ရေးထိုးခြင်းဖြစ်မည်ဟု ယူဆပါသည်။ မြို့ဟောင်း၏ အရှေ့မိုင်ဝက်၌ ဝန်ထီးတောင်တွင် ခရစ်နှစ် ခြောက်ရာစု သို့မဟုတ် ခုနှစ်ရာစုဦးမှဟု ထင်ရသော စာကြောင်းရေ သုံးဆယ် ရှိသော ကျောက်စာတစ်ခု ရှိသေး၏။ အဆိုပါမြို့ ရှစ်သောင်းဘုရား၌ မူလနေရာကို မသိရသော အလွန် အဖိုးတန်သော ကျောက်စာတစ်ခုရှိသည်။ အရှေ့မျက်နှာ၌ စာကြောင်းတစ်ရာမျှရှိ၍ ဖတ်မရသည်ကများ၏။ မြောက်မျက်နှာ၌ လေးကြောင်း မျှရှိ၍ ခရစ်နှစ် တစ်ဆယ်ရာစုသို့ ရောက်ခါမှ ဖြည့်စွက်ရေးသားခြင်း ဖြစ်မည်ဟု ထင်ပါသည်။ အနောက်မျက်နှာမှ စာခုနှစ်ဆယ့်နှစ်ကြောင်းကိုမူ အနက်အဓိပ္ပာယ် ကွဲပြားအောင် ဖတ်၍ရနိုင်သဖြင့် အရေးပါသော ရာဇဝင်ဆိုင်ရာ အကြောင်းအချက် များကို တွေ့ရသည်။

အနန္တစန္ဒြမင်း၏ ဘုန်းတော်ဘွဲ့ကိုမူတည်၍ ရေးသော်လည်း ခရစ်နှစ် ရှစ်ရာစုဦးလောက်မှ နောက်ကြောင်းမင်းဆက်ကို အနှစ် ၃၅၉ နှစ်မျှ ပြန်၍ ရေးမှတ်ထားသည်။ လက်ရေးမှာ အရှေ့မြောက် အိန္ဒိယတွင် ရေးသားလေ့ရှိသော ပုံစံနှင့် များစွာတူကြောင်းတွေ့ရ၏။ ("ရခိုင်တွင်တွေ့ရသော သကဋ္ဌ ကျောက်စာ များ" ဟူသော *အီးအိပ်ချ်ဂျွန်ဆင်၏ ဆောင်းပါးကို အရှေ့တိုင်းနှင့် အာဖရိက ဆိုင်ရာ ပညာလေ့လာရေးကျောင်းစာစောင်* အတွဲ ၁၁၊ အမှတ် ၂၊ စာမျက်နှာ ၃၅၇–၈၅ တွင် အကျယ်တဝင့်ရေးထားသည်ကို ဖတ်ရန်ရည်ညွှန်းပါသည်။)

ခရစ်နှစ် သုံးရာစုလယ်လောက်မှစ၍ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက် လာကြသော ပျူလူမျိုးကား တိဗက်မြန်မာ အနွယ်ဝင်တို့အနက် မြန်မာမြေသို့ ဦးစွာရောက်လာသူများ ဖြစ်၏။ ဧရာဝတီမြစ်ဝှမ်း၌ ရွှေဘိုလောက်မှ ပြည်မြို့ အထိ ဖြန့်၍နေကြသည်။ ဂွိကျေ့တြကို ခရစ်နှစ် ၆၃၈ ၌ တည်ထောင်၍ ရှစ်ရာစုကုန်လောက်တွင်ပျက်၍ မြို့တော်ကို ဟန်လင်းကြီးသို့ ရွှေ့ရသည်ဟု ထင်၏။ ပျူမြို့တော်သစ်သည်လည်း ခရစ်နှစ် ၈၃၂ တွင် နန်ကျောင်တို့ လုယက်ဖျက်ဆီးသဖြင့် ပျက်ခဲ့ရ၏။ အဆိုပါ ပျူတို့သည် ကျောက်စာအနည်း ငယ်သာ ရေးထိုး၍ ထားခဲ့သည်။

ဘဲဘဲဘုရားမှ ကျောက်စာတစ်ချပ်ရသည်။ ဖတ်မရပါ။ (*အိန္ဒိယ ရှေး ဟောင်းသုတေသန နှစ်လည်အစီရင်ခံစာ၊ ၁၉၁၀* ခု၊ စာမျက်နှာ ၁၂၁၊ ပုံ ၃



ကြည့်)။ ကျောက်ကာသိမ်ကုန်းမှ စာကြောင်းရေ ၁၂ ရှိသော ကျောက်စာ တစ်ချပ်တွေ့သည်။ အသေအချာမဖတ်ရသေးချေ။ (*အိန္ဒိယ နှစ်လည်၊ ၁၉၁၀* ခု၊ စာမျက်နှာ ၁၂၉၊ ဓါတ်ပုံ ၅၀–ခ ကြည့်)။ ခင်ဘကုန်းမှ ပျူတစ်ကြောင်း ဗြာဟ္မီတစ်ကြောင်း ရေးထိုးပါရှိသော ကျောက်စာတစ်ခုရ၏။ (တိုင်းရင်းသား မြန်မာကျောက်စာများ ဓါတ်ပုံ ၃၅၆–ခ)။ ကြာနီကန်ကျောက်စာ၌ ပျူရှစ်ကြောင်း ပါ၍ စာကြောင်းတို့အကြား၌ ဗြာဟ္မီစာများညှပ်၍ ရေးထားသည်ကို တွေ့ရ၏။ (ဓါတ်ပုံ ၅၆၉)။ ယခုတိုင် ဖတ်မရသေးချေ။ ကန်ဝက်ခေါ်ကုန်းမှ ဆင်းတု တစ်ဆူ တူးဖော်တွေ့ရှိပြီး ပလ္လင်တော်လေးဘက်ပတ်၍ စာရေးထိုးပါရှိရာ (ဓါတ်ပုံ ၃၆၅–က) ယင်းအရ ပျူတို့မြို့တော်ကို ဇယဆန္ဒြဝရ်မန်၏ညီတော် ဟရိဝိကြန တည်ဆောက်သည်ဟု ဖတ်ရ၏။ အရိုးအိုးလေးအိုးတွင် ရေးထိုးပါရှိသောစာများ (ဓါတ်ပုံ ၃၅၄–က–ခ–ဂ–ဃနှင့် ဓါတ်ပုံ ၃၅၅–က)အရ ဝိကြမမင်းဆက် စိုးမိုးခဲ့ကြောင်း သိရ၏။ သူရိယဝိကြမ၊ ဟရိဝိကြမနှင့် သီဟဝိကြမတို့သည် ခရစ်နှစ် ၆၈၈၊ ၆၉၅ နှင့် ၇၁၈ တို့၌ အသီးသီး ပျံလွန်ကြောင်း တွေ့ရသည်။ ခင်ဘကုန်းမှရသော ငွေကြုတ် (*အိန္ဒိယ နှစ်လည် ၁၉၂၇* ခု၊ စာမျက်နှာ ၁၇၅–၆၊ ဓါတ်ပုံ ၃၈–ဂ)တွင် ဒါယကာမှာ ပြဘုဝရ်မန်ဖြစ်ကြောင်း တွေ့ရ၏။ မြေပုံဘုရား (*အိန္ဒိယ နှစ်လည် ၁၉၁၁*၊ စာမျက်နှာ ၉၃ နှင့် ၁၉၂၉၊ စာမျက်နှာ ၁၂၉)၏ ကျောဘက်၌ ပျူစာပါသည်ကို တွေ့ရဖူး၏။ ဘောဘောကြီးဘုရားမှ ရွှေနှင့် ငွေပေစာများ (*အိန္ဒိယ နှစ်လည် ၁၉၁၁* စာမျက်နှာ ၉၀) ရဖူး၏။ အဆိုပါစာများကား ပြည်မြို့အနီး မှော်ဇာမှ ဖြစ်ပါသည်။ ဟန်လင်းကြီးမှ ရဖူးသော ကျောက်စာသုံးချပ်ကား သချိုင်းကျောက် (ဓါတ်ပုံ ၃၅၇–က)။ လခြမ်းတံဆိပ်ကျောက် (ဓါတ်ပုံ ၃၅၇–ခ)နှင့် ကျောက်ဘီလူးကျောက် (*အိန္ဒိယ နှစ်လည် ၁၉၁၁* စာမျက်နှာ ၉၀)တို့ ဖြစ်ပါသည်။ မန္တလေး ရှေးဟောင်းသုတေ သနရုံးတွင် ပျူကျောက်စာ (ဓါတ်ပုံ ၅၇၀–က) တစ်ချပ်ရှိရာ မည်သည့်နေရာက ရရှိခဲ့ကြောင်း မသိရပါ။ အများအားဖြင့် မြစေတီကျောက်စာဟု အခေါ်မှားနေ ကြသော ကူပြောက်ကြီးကျောက်စာ (ဓါတ်ပုံ ၃၆၃–ကနှင့်ခ) အဝင်အပါ ပုဂံ ၌ ပျူကျောက်စာ ငါးချပ်ရှိရာ အထက်ဖော်ပြပါ ကျောက်စာတို့ထက် များစွာ နောက်ကျသည်ဟု ထင်ပါသည်။ (၎င်းတို့ကို ခရစ်နှစ် တစ်ဆယ့်တစ်ရာစု ကျော်လွန်မှ ရေးထိုးဟန်ရှိ၏။) ပျူ လက်ရေးကား ဒေသအလိုက် အနည်းငယ်စီ

ကွဲပြားနေသည်ဟု ထင်ရပါသည်။ သို့သော် အားလုံးပင် ခြောက်ရာစု **ကဒံဗ** လက်ရေးနှင့် ဆင်တူလှ၏။ ထို့ပြင် အိန္ဒိယ၌ ငါးရာစုမှစ၍ မရေးဘဲ စွန့်လွှတ်ထားသော အက္ခရာအောက်မှ ယ ကပ်သည့် ယပင့်နည်းကို မြန်မာနိုင်ငံမှ ပျူတို့က တစ်ဆယ့်နှစ်ရာစုတိုင်အောင် ဆက်လက်သုံးစွဲနေသည်မှာ ဆန်းသည်ဟု ထင်ပါသည်။

ပျူ ကျောက်စာခေတ်လွန်လျှင် **အနိရုဒ္ဓ** အမည်တော်ကို သကၠဋဖြင့် ခတ်နှိပ်ပါရှိသော မြေပုံဘုရားများကို တွေ့ရ၏။ နိဗ္ဗာန်ကို လိုသဖြင့် **အနိရုဒ္ဓ** ကိုယ်တော်တိုင် လက်တော်ဖြင့် စီမံပြုလုပ်ရသော မြေပုံဘုရားများဖြစ်သည်ဟု ဖတ်ရ၏။ နေရာအနှံ့အပြား၌ တွေ့ရသဖြင့် စစ်မက်ရေးဖြင့် အောင်နိုင်ရာ အရပ်တိုင်း၌ ထားခဲ့သည်ဟုထင်ရပါသည်။ ဤမင်းကား နိုင်ငံတော်ကို များစွာ ချဲ့ခဲ့သည်ဟူသော အစဉ်အလာ ယုံကြည်ချက်ကို ထောက်ခံလျက် ရှိပါသည်။ အထက်အညာ ဧရာဝတီ ရွှေလီမြစ်ဆုံမှ၊ အကြေတွင် မြိတ်အထိ ဖြန့်လျက် အဆိုပါ မြေပုံဘုရားများကို တွေ့ကြသဖြင့် အနိရုဒ္ဓ၏ပိုင်နက်ကား ထိုမျှကျယ်အံ့ဟု မှန်းဆရပါသည်။ ပါမောက္ခ ဂျီအိပ်ချ်လုစ်က **အနိရုဒ္ဓ**သည် တနင်္သာရီကမ်းမြောင်နှင့် မလေးကျွန်းဆွယ်အထိ တိုက်ခိုက်သိမ်းယူရန် အလိုတော် ရှိသဖြင့် ၎င်းကို ဆက်ခံသူများကလည်း အဆိုပါပါဒကို ဆက်လက်ကျင့်သုံးသည်ဟု ယူပါသည်။[၃၂၁]

နောက်တစ်ခေတ်၌ ခရစ်နှစ် ၁၀၈၄ မှ ၁၁၁၃ အထိ စိုးစံသော **ထီလိုင်မင်**၏ မွန်ကျောက်စာများကို တွေ့ရပါသည်။ မြန်မာတို့သည် စာရေးနည်း၊ ဖတ်နည်းပညာကို မွန်ဆရာတို့ထံမှ ရယူဟန်ရှိ၍ ၎င်းတို့၏ ခေတ်ဦး မှတ်တမ်းများကို မွန်ဖြင့်သာ အားလုံးရေးမှတ်ခဲ့သည်ဟုဆိုရပေမည်။ **ထီလိုင်မင်**က ရွှေစည်းခုံ ကျောက်အကြီးနှင့် အငယ်၊ မြကန်ကျောက်၊ အလံပုဂံကျောက်၊ အယက်သမကျောက်၊ ရွှေဆံတော်ကျောက်နှင့် နန်းတော်ကျောက်တို့ကို ရေးထိုးထားရစ်ခဲ့၏။ အာနန္ဒာဘုရား၌ ဇာတ်တော်အရုပ်များကို မွန်စာရှင်းတမ်းဖြင့် ခတ်နှိပ်ထားသော စဉ့်ကွင်းများ ရာထောင်များစွာရှိ၏။ ထိုမင်း၏သားတော် ရာဇကုမာရ်က မွန်စာဖြင့် ကျောက်စာတစ်ချပ် ထားရစ်ခဲ့၏။ ကျောက်ဆည် ခရိုင်က မွန်တို့ကလည်း သိမ်တစ်ခု တည်ဆောက်သည်ကို ကျောက်စာရေးထိုးခဲ့သည်။ (အက်ပီဂရပ်ဖီယားဘာမင်နီးကား အတွဲ ၁၊ ၂ နှင့် ၃ တို့၌ အဆိုပါမွန်ကျောက်စာများကို ကြည့်ပါလေ။)



ခရစ်နှစ် ၁၁၁၃ မှ ၁၁၇၄ အတွင်း၌ မြန်မာတို့သည် မွန်ယဉ်ကျေးမှုစက်ရိပ်အောက်မှ ကင်းလွတ်ရန် ရုန်းထွက်နေသည်ကို တွေ့ရသဖြင့် ကြားကာလဖြစ်သည်ဟု ဆိုရချေမည်။ သကၠဋ၊ ပါဠိ၊ မွန်နှင့် မြန်မာဘာသာတို့ဖြင့် ကျောက်စာများကို ဤကာလအတွင်း၌ ရေးထိုးခဲ့သည်ကို တွေ့ရသဖြင့် မွန်ဘာသာအစား မြန်မာဘာသာကို မသုံးစွဲမီ မြန်မာတို့သည် မည်သည့်ဘာသာကို သုံးရမည် မသိသဖြင့် ယောင်ဝါးဝါး ရှိနေကြပုံကိုပြသည်ဟု ထင်မိ၏။ ပါဠိကို ပထမစတင် စမ်းသပ်ဟန်ရှိ၏။ ရွှေကူကြီးကျောက်စာ (ခရစ်နှစ် ၁၁၃၁၊ ဓါတ်ပုံ ၁ နှင့် ၂)ကို များစွာ အထက်တန်းကျသော ပါဠိဂါထာများဖြင့် ရေးထိုးခဲ့သည်။ ပျူဘာသာကိုပင် စမ်းသပ်ချေသေး၏။

ရာဇကုမာရ် ရေးထိုးခဲ့သောကျောက်စာ၌ ပျူဘာသာပြန် တစ်မျက်နှာ (ခရစ်နှစ် ၁၁၁၃၊ ဓါတ်ပုံ ၃၄၆–က နှင့် ခ)ပါရှိသည်။ ဤကြားကာလအတွင်း၌ မြန်မာစာကိုလည်း စမ်းသပ်၍ ကျောက်စာရေးထိုးကြသေးသည် (ဓါတ်ပုံ ၃၊ ၄၊ ၅၊ ၁၁၀၊ ၁၁၁၊ ၁၁၂ နှင့် ၁၁၃)။ ပုဂံ အာနန္ဒာ၏ အရှေ့တောင် ဘီရှာ၌ တွေ့ရသော မြေပုံဘုရား သုံးဆယ့်ငါးခု (ဓါတ်ပုံ ၆၀၄၊ ၅)တို့၌ ဘုရားတွင် ပူဇော်သော သစ်သီး သစ်ပင်တို့၏ အမည်များကို ရေးထိုးထား၏။ လက်ရေးနှင့် သတ်ပုံကို အကဲခတ်လျက် ရာဇကုမာရ်ကျောက်စာ (ခရစ်နှစ် ၁၁၁၃၊ ဓါတ်ပုံ ၃၆၄–က နှင့် ခ)ထက် များစွာ ရှေးကျလျက် မြန်မာတို့၊ မြန်မာစာကို ရေးတတ်စက ရေးထားခဲ့ဟန်ရှိသည်ဟု ယူဆရန် ရှိပါသည်။

အဆိုပါ ကျောက်စာများကို ရှေးမြန်မာစာတွင် ခရိုန်နှင့် တိုက်ဟု ခေါ်သော ဒေသများ၌သာ တွေ့ရှိရပါသည်။ အကြမ်းအားဖြင့် ခရိုန်ဟူသည် မြန်မာနိုင်ငံအတွင်း၌ မြန်မာတို့ စတင်နေထိုင်ရာ ပထမအရပ်ဖြစ်၍ တိုက်ကား ဒုတိယအရပ်ဖြစ်သည်။ စင်စစ် မြန်မာတို့၏ မူလဒေသကား တရုတ်နိုင်ငံ အနောက်ဘက် ကန်စူနယ် ထောင်မြစ်ဝှမ်းဖြစ်သည်။ ခရစ်နှစ်မစမီ အနှစ် ၂၀၀၀ ခန့်က အဆိုပါ ထောင်မြစ်ဝှမ်းသားတို့သည် ကျောက်ခေတ်သစ်ခေလေ့ အဆင့်အတန်းမြင့်မြင့်ကို ရရှိပြီးဖြစ်ပါသည်။ ၎င်းကို ထားရစ်သည့် အကွက် အပြောက်ဖော်ထားသော မြေအိုးလှလှများက၊ ၎င်းတို့သည် ထိုပညာ၌ ဆရာ တစ်ဆူခေါ်လောက်ကြောင်း သက်သေခံလျက် ရှိကြသည်။ တရုတ်က ၎င်းတို့ကို အနောက်ဘက်

ဂျိယံဟုခေါ်သည်။ အနောက်ဘက်သို့ နယ်ချဲ့လာသော တရုတ်စစ် မကြာမကြာလာရောက် ဖိစီးနှိပ်စက်သဖြင့် နေရင်းဒေသကိုစွန့်လျက် တောင်ဘက်သို့ ပြေးခဲ့ကြသည်။ ထိုအခါမှစ၍ စွဲမြဲနေထိုင်ရာအရပ်ဟု အတည်တကျမရှိခဲ့။ လှည့်လည်နေထိုင်ကြရာ ခရစ်နှစ် ရှစ်ရာစုဦး၌ မြန်မာနိုင်ငံ မြောက်ဘက်စွန်းသို့ ရောက်လာကြလျက် နန်ကျောင်၏ သြဇာခံများဖြစ်လာကြသည်။ နန်ကျောင်ကား ရံဖန်ရံခါ တရုတ်၊ ရံဖန်ရံခါ တိဗက်၊ ရံဖန်ရံခါ တောင်ဘက် ဟန္တိုင်တိုင်အောင် အရှေ့အာရှတောင်ပိုင်းနိုင်ငံ အသီးသီးတို့နှင့် အမြဲတမ်း စစ်ခင်းနေသူများဖြစ်ရကား အဆိုပါလူစုလည်း နန်ကျောင်တပ်မနှင့်အတူ လိုက်၍ မပြတ် တိုက်ခိုက်နေရရှာသည်။ ကိုးရာစု၌ နန်ကျောင်တို့ တန်ခိုးသတ္တိ ညှိုးလာလျှင် ထိုအခွင့်ကောင်းကို အရယူလျက် တောင်ဘက်သို့ ထပ်ဆင့်၍ ပြေးခဲ့ကြပြန်သည်။ မြန်မာ့ မြေပြန့်သို့ရောက်လျှင် ဧရာဝတီမြစ်ရိုး၌ ပျူကိုလည်းကောင်း၊ မြစ်ဝနှင့် ဆည်ရည်သောက် ကျောက်ဆည်နယ်အဝင်အပေါ် အရှေ့တောင်ပိုင်း၌ မွန်ကိုလည်းကောင်း တွေ့ကြရ၏။ ကဒူးကို သင်တွယ် ပြည်ခေါ် တကောင်းကို ဗဟိုပြုလျက်၊ ရွှေဘိုမှသည် မြစ်ကြီးနားတိုင်အောင် မြန်မာနိုင်ငံမြောက်ပိုင်းကို လွှမ်းမိုးလျက်ရှိကြောင်း တွေ့ရ၏။ ပေါင်လောင်နှင့် လဝကို မြေပြန့်တွင် အနှံ့တွေ့ရသော်လည်း ဧရာဝတီအနောက်၌ အများအစား တွေ့ရသည်။ ကရင်ကို မြစ်၏အနောက်ဘက်နှင့် မြစ်ပဟွင်ပေည်း တွေ့ရသည်။ ယင်းလူမျိုးစုတို့အနက် ပျူနှင့် မွန်မှာ အယဉ်ကျေးဆုံးဖြစ်သည်။ သို့သော် နန်ကျောင်ဖျက်သဖြင့် ပျူမြို့တော်သည် ခရစ်နှစ် ၈၃၂ တွင် ပျက်၍၊ မိကြင် နိုင်ငံသည် ၈၃၅ ၌ ပျက်၏။ မိကြင်ကား မြန်မာနိုင်ငံတောင်ပိုင်းမှ ကြီးပွားချမ်းသာလျက်ရှိသော မွန်ဒေသတစ်ခု ဖြစ်ဟန်ရှိပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်း၌ တန်ခိုး အင်အားကြီးမားသောသူဟူ၍၊ တစ်ဦးတစ်ယောက်မျှ မကျန်ရစ်သဖြင့် မြန်မာတို့ အဖို့ မြေပြန့်သို့ဆင်း၍ သိမ်းယူရန် အခွင့်သာလျက်ရှိချေပြီ။ သျှမ်းပြည် မြောက်ပိုင်းကိုဖြတ်၍ နတ်ထိပ်တောင်ကြားမှ ဆင်းလျက် ကျောက်ဆည်ခရိုင်ကို အရှေ့တောင်ထောင့်မှ ဝင်လာကြသည်ဟု ထင်ပါသည်။ ရှိရင်းမွန်ကို အသစ်ဝင်လာသူများက တိုက်ခိုက်နှင်ထုတ်သဖြင့် နှစ်စုကွဲကာ အများစုသည် ရမည်းသင်းတောင်ဘက်သို့ ခိုကပ်၍ ကျန်ရစ်နေပါသည်။ ထိုမွန်လက်ကျန်အစုထံမှ မြန်မာတို့သည် ဆည်မြောင်းနှင့် စိုက်ပျိုးရေးပညာကိုလည်းကောင်း၊ စာရေးစာဖတ်ပညာကိုလည်းကောင်း၊ ဗုဒ္ဓဘာသာကိုလည်းကောင်း



သင်ယူတတ်မြောက်ကြသည်ဖြစ်မည်ဟု ယူဆစရာရှိပါသည်။ ရှေး မြန်မာစာ၌ ကျောက်ဆည်ခရိုင်တွင် မြန်မာတို့ စတင်နေထိုင်ရာ တစ်ဆယ့်တစ်ရွာ သို့မဟုတ် ဆယ့်တစ်**ခရိုန်**ရှိကြောင်း ရေးသားပါရှိပါသည်။ ထိုအရပ်မှ မြစ်ငယ်ကိုဖြတ်၍ တောင်ပြိုးခရိုန်တွင် နေပြန်၏။ ဧရာဝတီကိုဖြတ်ကျော်၍ မင်းဘူးခရိုင် စလင်းစကုတွင် ခြောက်ခရိုင် တည်ထောင်၍ နေကြပြန်သည်။ ထိုအခါက ခြောက်ခရိုင်တွင် အထက်ကပင် ပေါင်လောင်နှင့် စကြဝ်လူမျိုးတို့ နေထိုင်လျက်ရှိ၏။ အဆိုပါ "မူလအရပ်"သို့ သွားရောက်နေထိုင် ကြပြန်သည်။ တိုက်ကား ဧရာဝတီ (အညာသစ်ဆိမ့်အထိ) မြစ်ရိုး၊ ယော၊ ကျော၊ မုန်မြစ်ရိုးတို့နှင့်တကွ တောင်တွင်းလယ်အရပ်အားလုံးပါဝင်သော ဒေသကို ဆိုလိုပါသည်။ တိုက်၏ တောင်ဘက်ဆုံး နယ်နိမိတ်ကား မိချောင်း ရဲအောက် ၄ မိုင်ကွာရှိ ကျွန်းတော်ခေါ် ပြည်တော်သာကျွန်းဖြစ်၏။ ထို့ကြောင့် **ခရိုန်**နှင့် **တိုက်**ဒေသကား အထက်မြန်မာနိုင်ငံ အပူပိုင်းဒေသပင် ဖြစ်ပါသည်။ မွန်တို့က ဤအပိုင်းကို **တတ္တဒေသ** (အက်ပီဂရဝ်ဖီယားဘာမင်နီးကား အတွဲ ၁၊ အပိုင်း ၂၊ ကျောက်စာအမှတ် ၁၊ ဓါတ်ပုံ ၆၊ ကြောင်းရေ ၁၆)ခေါ်၍ ခန်းခြောက်မြေဟု အနက်အဓိပ္ပါယ်ရပါသည်။ ထိုအရပ်မှ တိုးချဲ့ရန် အခြေခံအဖြစ်ဖြင့် ဧရာဝတီကမ်းပေါ်မှာပင် ပုဂံကို တည်ဆောက်ခဲ့ကြပါသည်။ တစ်ဆယ့်နှစ်နှင့် တစ်ဆယ့်သုံးရာစုဆိုင်ရာ ကျောက်စာများကို အထက်ဖော်ပြပါ "မူလနှင့် ဒုတိယ အရပ်"များတွင် အများဆုံး တွေ့ရှိရ၏။

မြန်မာတို့သည် တစ်ဆယ့်တစ်ရာစုကျော်သည်အထိ မွန်စာဖြင့် ကျောက်စာရေးထိုးသည်ဟု ယူဆလောက်အောင် အေဒီ ၁၀၈၄ မှ ၁၁၁၃ အထိ ပုဂံ၌ နန်းစံခဲ့သော ထီလိုင်မင်လက်ထက်၌ မွန်ကျောက်စာများ၌ တွေ့ခဲ့ရသဖြင့် အေဒီ ၁၁၇၄ ကျော်လောက်တွင်မှ မြန်မာတို့သည် မြန်မာဆန်အောင် ကြိုးစားလာကြောင်း တွေ့ရ၏။ အဘယ်ကြောင့်ဆိုသော် ကျောက်စာရေးထိုးရာ၌ ထိုကာလအပိုင်းအခြားမှစ၍ ပါဠိဆုတောင်းတစ်ပိုဒ်၊ နှစ်ပိုဒ် ပါဝင်စွက်ဖက် ခြင်းမှလွဲ၍ မြန်မာဘာသာသက်သက်ဖြင့်ပင် မှတ်တမ်းတင်ခဲ့ကြ၏။ ဘာသာစကား ပြောင်းသလိုပင် ရေးသားပုံနည်း ပြောင်းလာသည်။ မြန်မာတို့က မြန်မာစာကို ရိုးရိုးလွယ်လွယ်နှင့် လိုရင်းကို တိုက်ရိုက်ရောက်အောင် စတင်ရေးသားခဲ့သည်။ ဝါကျတို၏။ နှောင်းလူတို့လို ဖွဲ့နွဲ့လိုစိတ်မရှိ၊ ဆရာဖြစ်သော မွန်များလိုလည်း ပြောဖွယ်ပြောရာ အကြောင်းအချက် မရှိလှသေးဟု ထင်မိပါသည်။ ပုံစံအနေဖြင့်

သိသာအောင် အေဒီ ၁၁၉၉ က ရေးထိုးခဲ့သော ကျောက်စာ (ဓါတ်ပုံ ၁၁၇–ခ)ကို အောက်၌ ဖော်ပြလိုက်သည်။

> ။၀။ အို ဝ် ဣလ္လစ်သင် ကျွောင်ပ္လုပြီ။ သကရစ် ၅၆၀ တ(ပေါ်) လပ္လည်လွှတ် (ဧ) ကျွောင် ၃ ဆောင် (သ) ကိန် အဆူစုံ ၂ ပါသကိန် ၂ . . .န် ပိယ်တုံး . .သိပတေည်သာပင် နွာမ ၁ လှူဧ၊ သင်သရာ (လေည်ရာရာ) ဆုဝ်ငြယ်လုဝ် ငါရယ်မလုဝ် ပည်စုံ သတေ. . .လိုဝ် သင်သရာ အဆုံမ်ကာနုယ်ရ ပန်တိုင်ချင်ဧ။ လုပ်သူ ခပင် ရစပါစိ။ ၀။ ဆီမိခေါင် (လ) ပိယ်ဧ ကထိန်လေပိယ်ဧ ကမိ (န်) သော အပ် ၄၀ ငါစာကရာ ၂၀။ လိုမ်ခွက် ၄ ႀလွပ် သပိတ် ၁ လုံမ် ခေါင်လောင် ၁ ဆူခြိ (န)ပ် ၂၀ နည်စွာရင် အတိုင်မသိ လိဝ်သတေ။

ထိုမှ အနှစ်ခုနှစ်ဆယ်လွန်လျှင် ရေးနည်းပုံစံ သိသိသာသာ ပြောင်းလဲခဲ့သဖြင့် မူရင်းပုံကို မှတ်မိဖွယ်ပင် မရှိချေ၏။ အေဒီ ၁၂၆၉ ၌ မင်းဝိုင်းမှ မိဖုရားစော၏ ဆုတောင်းကား . .

> ဣသိုဝ်ကြီစွာလျင် ငါမူသော ကောင်မှုအက္လိုင်လ္ဖွင်။ နိယ်ရဗန် မရောက်သောကြော။ လူလ္ဖသောကာ လူတကာတက် မ္လှတ်သော စည်စိမ်ချံသာ ငါရငပိုဝ်၏။ နတ်လ္ဖစ်သောလေ နတ်တကာထက် မ္လှတ်သော နိုင်ငံသော အဆင်အရောင် အဝါနှင့်ပ္လည်စုမ်ရယ် အတူသလ္ဖလျင် အသက်ရှည်သော အနာမယ်သော အဆန်လှသော အသံသာသော အလုံအရပ်လှသော လူ နတ် ခပ်သိမ်ချတ်ခင်ရိသေသော မ္လှတ်နိုဝ်သော ငါ လ္ဖစ်လိုဝ်ဧအ်။ ရှုယ်ငုယ်ပတ္တမြာပုံလယ် သန္တာက စသော အသက်မယ်သော ဥတ်စာ။ အသက် ဟိယ်သော ဆင်မြင်က စသော။ ဥတ်စာရတနာ မျာစွာသော ငါလ္ဖစ်လိုဝ်ဧအ်။ လ္ဖစ်လိယ်ရရာ အရပ်နိူက် အလှူသတင်သဒ္ဓါပြညာ ကစသော မ္လှတ်သော ကျွည်စူနှင့် ပ္လည်စုံလျက် ဆိုဝ်ငြယ် အမှတ်မသိ လိုဝ်။ လူစည်စိမ် နတ်စည်စိမ် ခံပြီ ရယ်အဆုံနိူက်ကာ အရဟတ္တဖိုလ်မည်သော မ္လှတ်သောက္လွတ်တြျာ ပွင်လတ်ရယ် ငြိမ်သက်စွာသော နိယ်ရဗန်ချံသာ ငါရလိုဝ်ဧအ်။ (ဓါတ်ပုံ ၂၃၅၊ စာကြောင်းရေ ၁၅–၂၁)။

မိဖုရားစောကား မာနကြီးလှပါသည်။ ငါ့လင်မင်းကြီး၊ ငါ့သားမင်းကြီး၊



ငါ့မြေးမင်းကြီးဟု မာန်ရောက်လျက်ရှိခဲ့၏။ အလားတူ မာနကြီးသူတစ်ဦးကလည်း မိမိဂုဏ်ကို ဖော်ထုတ်ဟန်မှာ

> သိခင်ကကိသူ မိယာကာ အမိမ္လိုင် ၇ ဆက်။ ကြယ်ရာယ်ရာ မဟိယ် မ္လှတ်စွာသော အမ္လိုဝ်တေ (ဓါတ်ပုံ ၁၄၅၊ စာကြောင်း ၂–၃)။

ကကိသူ၏ဇနီးသည် ဤသို့မာနကြီးသူ အဝင်အပါဖြစ်သောကြောင့်သာလျှင် အောက်ပါအတိုင်း ရက်ရက်စက်စက် ကျိန်စာတိုက်သည့် စိတ်မျိုး ထားနိုင်သည်ဟု ထင်ပါသည်။

> ဣယ် ငါလှူသော ကျွန်လဲတိုင်တွင် ကျွန် ၁ ယောက်လဲ ၁ ပဲ သောကိုဝ်တေ။ ငါဆုယ်တွင် ကျင်လည်ကောင်ငါသ္ခင်မင်ဧ အဆုယ်တွင် ကျင်လည်ကောင် ပ္လင်သူလည်ကောင် ရဟန်လည် ကောင်သူ လည်ကောင် မိယ်မလည်ကောင် ယောကျာ်းလည်ကောင်။ ။ လူစလတ်သော နိုင်ထက် မူလတ်သောသူကာ။ လူတွင် ဖုန်မကြီစိယ် အသက်မရှည် စိတ်သတေ။ မင်ကြီဖိုယ် ဖျင်တန်ကြီသင်စိယ်သတေ။ မီဖိုယ် ရိယ်ဖိုယ် မုကြိုဝ်ပုဆိန်ဖိုယ်၊ ဆင်ဖိုယ်၊ မြင်ဖိုယ်၊ မြွယ်ဖိုယ်၊ သစ်၊ ကျွာဝံဖိုယ်၊ သမာကုရယ်မတက်ရျာသော အနာဖိုယ်ကြီစွာ ၂ လျင် သင် ရယ်ဖတ္တာ ယပတ်သိယ်စေသတေ။ သုခဲအန်အန်ရယ်၊ သိယ်စိယ် သတေ။ သိယ် သောလေ အဝိစိယ်မည်သော ငြင်ကြီလျင် ကျက်စိယ် သတေ။ ပုရှာ အလ္ဖစ် ၂ လေ မဖူစိယ်သတေ။ ကြမ္မာအာလူလ္ဖစ်ငြာတုံ သောလေ။ နုသော ဝယ်သော ကီသော ကန်သော နာပင်သော ရူသော တုံလိုသော ခြိယ်လက်တိုဝ်သော နာနှာခေါင်တိုဝ်သော ပုဆိုဝ် ခြိလည်လျင် ပတ်ရယ် ဖုန်စသော လေမစာတတ်သော လူတွင် သူ မခံသော ကြမ္မာခံသော လူပြိတ္တာလျင် လ္ဖစ်စိယ်သတေ၊ မ္လိယ်ကြီကံဖါကာ အထက် အယင်လှသော သူကာ ညြက်လ္ဖစ်စိယ်သတေ။ (ဓါတ်ပုံ ၁၄၄၊ စာကြောင်း ၂၆–၃၂)။

သို့သော် စိတ်လိုလိုက်၍ အပြောအဆို မထိန်းသိမ်းသူတို့တွင် မပါဝင်သော ခြိုးခြံသောသူများလည်း ရှိပါသည်။ အာမနာ ကျောင်းအမကြီးက အေဒီ ၁၂၆၆ ၌ ဆုတောင်းဟန်ကား

> လ္ဖစ်သော ဆိုဝ်ငြယ်အိုဝ်မင်သော ဆိုဝ်ငြယ်သိယ်သ ဆိုဝ်ငြယ်

> မချတ်သသူနှင့် အကွနိယ်သောဆိုဝ်ငြယ် ချတ်သသူနှင့် ကွိယ်ကင်သဆိုဝ်ငြယ် လိုဝ်ရယ် မရသဆိုဝ်ငြယ်။ ကွာယ်သိုဝ်ကစသော အတိုင်မသိ သဆိုဝ်ငြယ် တိုဝ်သည်နှိပ်စက်သော ခန္ဓာကိုဝ်စွန် ထာခရယ်ဆိုဝ်ငြယ် ခပ်သိမ်ကင်သော ချမ်သာစွာသော မွတ်သောရှုယ်ငုယ်ကစသော ဥတ်စာတိုဝ်ကိုဝ်စွန်ရယ် ပွုသော ကျောင်တွင် နိယ်သောသတင်သမာဓိ ပြညာဟူသော ကွည်ရှုသုံပါ ကိုဝ်ရှာသော သတင်စင်သောပုရှာတပိအ်သာ ရဟန် သင်ဃာ ချမ်သာစိမ်သောငှာ လယ်ဥယန်ကျွန်ခပင် အကြွင်မယ်လျင် လှုအဇ်။ ကွာယ်ငါတိုဝ်ပွုသော ကောင်မှုကွုဝ်။ အတိုဝ်ခပ်သိမ်သော ကိုဝ် အစိုဝ်ရသော ရိယ်မွိယ်အသွိင်ဖွစ်သေမင်ကြီ လေရစိယ်ဖေအ်။ ကွာယ်ကောင်မှု အာနုဘာဝ်ဖွင် ပြည်တိုင်ကာ ခပ်သိမ်သန္နိက်နိယ်သော လူခပ်သိမ်သော ဖအ်အစိအဖွာချမ်သာကိုဝ် ရှာပိယ်လျက် သက်တောဝ်ရှည်စွာ နိယ်ရယ် ကွာယ်ကောင်မှုကိုဝ် ထောက်ပင်စိယ်သတေ။ အမိပုရှာစသော ဖောင်မတ်ဝ် ခပ်သိယ်လေရစိယ်ဖေအ်။ အချင်ချင် အမျက်အကွာတစိယ်မဟိယ် ချဝ်သမျက်စိယ်ဖွင်ရှုကြစိယ်ဖအ်။ ယခုဟိသော နောင်ဖွစ်လတ်အံ့သော မင်ကြီမင်သာအမတ္တျာစသော သူခပ်သိမ်လေရစိယ်သတေ။ အရေအမိကိုပ်ပိုပ်သောသူကာကောင်မှုကိုပ် ဟူရစိယ်ဖအ်။ ငါလေ ရံမက်ကြီ သ (မရော)င်ရယ်တတ်သော အမျက်ကြီသော သူတစ်ထူကိုဝ်ညှန်ဆယ်တတ်သောပြညာမဟိယ်သော မိုက်သော ဝန်တိုင်သော အပိယ်အကာံ မဟိယ်သော။ သစ္စာမဟိယ်သော ပွက်တတ်သော။ မိယ်လျန်သော ဩမိယ်တသကင်သော မဖွစ်မှု ရယ် ရံမက်နည်သော ရောင်ရယ်လွယ်သော။ အမျက်နည်သော သနာတတ်သော ပြညာဟိယ်သော အကြောင်ကိုဝ်သိတတ်သော ဝန်မတိုဝ်သော အပိယ် အကာံဟိယ်သော သစ္စာဟိယ်သော မပွက်တတ်သော မမိယ်လွှဝ်သော ဩက်မိယ်ဘာသဟိယ်သော ကွာယ်သိုဝ်သော ကွည်ရှုတိုဝ် နှင်ပွည်ဇုမ်လျက် သည်သရာနှိက်ကြဲင်လည်ရယ် မိတ္တာရှာပုရှာမျက်မှောက် ကင်ကာလျင်။ ဝ။ မွသက္လတ်တရှာ ရလိုဝ်သတေ။ (ဓါတ်ပုံ ၂၁၆၊ စာကြောင်း ၁–၁၅)။

မြန်မာတို့သည် "မူလအရပ်"မှာပင် စတင်၍ ကောက်ပဲစိုက်ပျိုးတတ်



ပါသည်။ အကျယ်အဝန်းအားဖြင့် စတုရန်းမိုင် ၅၆၀ မိုင်မျှရှိသော်လည်း "နေရာလွတ်မကျန်အောင်စိုက်၍ ကျကျနန အုပ်ချုပ်စီမံပုံကို တွေ့ရ၏" အများဆုံး စပါးစိုက်သည်။ သျှင်ဒိသာပြာမုက်သည် ၁၂၈၅ က ကုဗလိုင်ခန်၏ ရှေ့တော်မှောက်သို့ ငြိမ်းချမ်းရေး ပြောဟောရန် ရောက်ခဲ့စဉ်က မြန်မာတို့၌ ဆန်အရေးပါပုံကို အောက်ပါအတိုင်း ပြောခဲ့၏။

> မဟာရစ်က္က (သုရ)ယ် (အလုံ)။ သင်ဃာအလုမ် စပါဟိမှ (တေတည်) ကြည်အံ။ (စပါကာ) ပြည်စည်စိမ် အမြှစ် မ (လော)။ ကွာသူရယ် တိုဝ်သည် ထန်ကိုဝ် (တေစည်) ရယ် (ခါပြီ) ကာ (ဝံနာ) ရယ် (မ) သ်ယ်ကုန်တလော (ဓါတ်ပုံ ၂၇၁၊ စာကြောင်း ၂၂–၄)။

ဆန်တွင် **ကောက်ကြီ**နှင့် **ကောင်လျင်**ဟု ရှိ၏။ (ကောက်ကြီးကား သက်တမ်းရက်ပေါင်း ၁၇၀ မှ ၂၀၀ အထိရှိ၍ ဒီဇင်ဘာလအတွင်း၌ မှည့်၏။ ကောက်ငယ်မှာ သက်တမ်းရက်ပေါင်း ၁၄၀ မှ ၁၅၀ သာရှိလျက် အောက်တိုဘာတွင် မှည့်သည်။) ကျောက်စာများ၌ **သန်လယ်**နှင့် **မုရျင်လယ်**ဟု ကွဲပြားအောင် ခြားနား၍ ဖော်ပြလေ့ရှိ၏။ မုရျင်ကား "အခြောက်စိုက်နည်း" ဖြစ်၍ နိုဝင်ဘာလ၌ စိုက်၍ မတ်လတွင် ရိတ်သိမ်းမြဲဖြစ်သည်။ **သန်**ဟူသည် **ဝဿာန** (မိုးဥတု)ဖြစ်သဖြင့် သန်လယ်ဟူသည် မုတ်သုန်အတွင်း စိုက်ပျိုးရ ကောင်း၏ဟု သိရပါသည်။ ရှေးမြန်မာကျောက်စာများ၌ ကောက်ညှင်းအကြောင်း မတွေ့ရဖူးပါ။ ထို့အတူ **ကဇင်း** (ကန်သင်း) အကြောင်းကိုလည်း ဖော်ပြခြင်း မတွေ့ရချေ။ ထို့ကြောင့် ရှေးအခါများက စိုက်ပျိုးသောမြေကွက် ကျယ်ကျယ်ပြန့်ပြန့်၊ နောင်းခေတ်မှာလို မရှိသဖြင့် ကဇင်း မလိုသလောဟု တွေးထင်ရန်ရှိပါသည်။ သို့သော် **မွိယ်စိမ်**နှင့် **တဝ်မွိယ်**ဟူ၍ လည်းကောင်း၊ **လယ်ကျက်** နှင့် **မွိယ်ကျက်**ဟူ၍ လည်းကောင်း ယှဉ်တွဲဖော်ပြလေ့ရှိသဖြင့် တောကိုမီးတို့ ပြီးမှ လယ်တည်ခြင်း၊ နှစ်စဉ် ရိုးပြတ်ကို မီးရှို့ခြင်း ပြုလေ့ရှိကြောင်း ဖော်ပြနေပါသည်။ အကြောင်း တိုက်ဆိုင်၍ ဖော်ပြလိုသည်မှာ ပုဂံခေတ်မှစ၍ မြန်မာနိုင်ငံအလယ်ပိုင်း၌ ရာသီဥတု အပြောင်းအလဲမရှိခဲ့ပါ။ ဂျေစီမက်ကင်ဇီက "မြန်မာနိုင်ငံ ရာဇဝင်နှင့် အကြိုးဝင်သော ရာသီဥတု"ဟူသော ဆောင်းပါးကို *မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်*၊ အတွဲ ၃၊ စာမျက်နှာ ၄၀–၆ တွင် ထည့်သွင်းခြင်းမှစ၍ ပုဂံခေတ်က မြန်မာနိုင်ငံ အလယ်ပိုင်း၌ မိုးများလေဟန် ရေးသား ပြောဆိုခဲ့ကြပါသည်။ သို့သော် အဆိုပါ

ပညာရှင်သည် ဦးထွန်းငြိမ်း၏ ပုဂံ ပင်းယ အဝ ကျောက်စာ အင်္ဂလိပ်ဘာသာပြန်ကိုသာ ကိုးကားခွင့်ရခဲ့သဖြင့် သဘောအဓိပ္ပာယ် တိကျအောင် မရရှာသဖြင့် အယူအဆ ချို့ယွင်းရသည်။ ပုဂံဘုရားတွင် လှူသောလယ်သည် ပုဂံအနီးအပါး မှမဟုတ် ကျောက်ဆည် စသော ဒေသများမှဖြစ်ကြောင်း မသိရှာချေ။ ထို့ကြောင့် ပါမောက္ခ ဂျီအိပ်ချ် လုစ်က

> ပုဂံဝန်းကျင်၌ စပါးစိုက်ခြင်း မရှိသလောက်ဖြစ်ကြောင်းကို ကျွန်တော် မှတ်သားမိသည်။

ဟု *မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်*၊ အတွဲ ၃၀၊ အမှတ် ၁၊ စာမျက်နှာ ၂၉၀ ၌ ဖော်ပြခဲ့ပါသည်။ အဆိုပါဒေသ အားလုံးကား ဆည်ရေ သောက်နယ်များ ဖြစ်သဖြင့် ခရိန်ရော တိုက်ပါ မြောင်း (ဆည်မြောင်း)ကို အမှီပြု၍ လယ်လုပ်ကြရ၏။ ရေလှောင်ရန်ကန်လည်းရှိရ၏။ အမတ် အနန္တသူသည် အေဒီ ၁၂၂၃ ၌ အာမနာ (ပုဂံအရှေ့ သုံးမိုင်အကွာ၌ရှိသော မင်းနန်သူရွာ)၌ "သွိင်အရိယတိုဝ် ရိယ်ချံသာ စိမ်သောငှာ" ရေတွင်းတူး၏။ လေးထောင့်ကန်လည်း တူး၏။ တုရင်တောင်မှ ရေကိုခံ၍ သိုလှောင်ထားရန် ကန်ကြီးလည်း နှစ်ဆင့်တူး၏။ မူလကန်မှ ရေစစ်ကန်သို့ ပြွန်နှင့် ဆက်ပေး၏။ (ဓါတ်ပုံ ၇၃၊ စာကြောင်း ၂၂-၃)။ ရေကန်ဝန်းကျင်၌ ဆန်စိုက်၏။ သာယာစွာသော ဥယျာဉ်လည်း ဖြစ်စေ၏။

ဤသို့လျှင် ကောင်းမှုပြုရာ၌ ရေကန်ကို ထည့်သွင်းထားကြောင်း တွေ့ရ၏။ ရေကန်ဝန်းကျင်၌ သီးပင်ပျိုးပင် စိုက်ရကြောင်းလည်း တွေ့ရ၏။ အင်းများလည်း အနှံ့အပြားရှိ၏။ ထိုစဉ်ကပင် ငပိကို နှစ်သက်သုံးစွဲကြဟန် တူသည်။ စိုက်ပျိုးရာ၌ လယ်ဟူ၍ ဖော်ပြခြင်းမရှိ။ **ထွန်၊ ပေါက်တူ၊ ပုဆိန်၊ ခက်** စသည်တို့ကား ရှိပါ၏။ လယ်ထွန်ရန် နွားကို အသုံးများမည်ဖြစ်သော်လည်း ဆင်နှင့်လည်း ထွန်ကြောင်း (ဓါတ်ပုံ ၂၄၆၊ စာကြောင်း ၇) မှတ်ရဖူးသည်။ မြေတိုင်း ရန် တာ (? ခုနစ်တောင်)နှင့် ပယ် (? ၁,၇၅ ဧက)ကို သုံး၏။ **ရှာ၊ ဦးယန်**နှင့် **ကိုဝ်**ကား အခြောက်စိုက်ခင်းများ ဖြစ်ကြ၏။ ရှာတွင် ဆပ်၊ လူ၊ ပြောင်၊ မူယဝ်၊ နှမ်၊ ဝါ စသည်ဖြင့် စိုက်သည်။ ကွံ၊ ထန် နှင့် ဥန်ကား ဦယန်၌ စိုက်ရ၏။ ပါယ်ကြီး၊ ပါယ်လွမ်၊ ကုလာပါယ်နှင့် အခြား သီးနှံဖြစ်သော ဇွှေဲည်ဖုရုံ၊ သိခွာ၊ သိတိုယ်၊ ငြုတ်၊ မုန်ညင်၊ ခေင်၊ ကသွန်



စသည်ကား ကိုင် ထွက်ကုန်များ ဖြစ်ပါသည်။ သစ်သီးများတွင် ငှက်ပျော၊ သိချက်၊ သိအ်ထွက် တဇေလည်၊ ဥိရစ်၊ ရယ်ရိဝ်၊ သစ်ဆိမ်၊ မုန်၊ ရှောက်၊ သံပရာ၊ မင်ကွ္လည်တို့ ရှိ၏။ အများကား **တင်ဂ္လါယ်**ခေါ် သကာရည် ရှိ၍ ထန်ရျက်လည်း ရှိ၏။ ထန်းရည်ဖြင့် **ယံနကာအဖျဝ်**လည်း ပြု၏။

ပြည်တွင်းပြည်ပ အရောင်းအဝယ်အကြောင်းကို ကျောက်စာများ၌ ကောင်းစွာ ဖတ်ရ၏။ ပြည်တွင်းကိစ္စကို ပိုမို၍ ပြည့်စုံစွာ သိရ၏။ လက်မှုပညာများအတွက် ကျွန်ကို သုံး၏။ (ရာဇကုမာရ် ကျောက်စာ၌ ဟောန်ဗိုရ်ဟု ဖော်ပြပါရှိဖူးသော) ယုန်ပိုဝ်ကဲ့သို့ မြစ်ဝကျွန်းပေါ်ရှိ ဆိပ်ကမ်းမှတစ်ဆင့် ကုလားကျွန် အမြောက်အမြား ခေါ်ယူကြောင်း သိရ၏။ ပျူတို့တွင် ပိုက်ဆံ စေ့များ ရှိခဲ့သော်လည်း မြန်မာတို့က လိုက်၍ သုံးဟန်မတူချေ။ မည်သည့် ကျောက်စာတွင်မျှ ပိုက်ဆံအကြောင်းကို ရေးသားဖော်ပြခြင်း မရှိချေ။ ရှာဖွေ တွေ့ရှိခြင်းလည်း မရှိပါ။ သို့သော် သတ္တုစကို အလေးချိန်၍ ဖြတ်တောက် သုံးစွဲပုံကား ကောင်းစွာ သိရ၏။ **ကျပ်၊ ဗိုဟ်နှင့် ပိသ**ဟူ၍ အလေးချိန် သုံးမျိုးရှိရာ **တစ်ဗိုဟ်**လျှင် ကျပ် ၁၀ ရှိဟန်တူ၏။ ယခု မသုံးစွဲတော့ပြီ။ အရောင်းအဝယ်ကြီးပြု၍ ပစ္စည်းတန်ဖိုးဆိုရာတွင် အမြဲအားဖြင့် **သိဖိုဝ်သာဖိုဝ်**လည်း ပါရ၏။ ဆိုလိုသည်မှာ အရောင်းအဝယ် တည့်လျှင် သေရည်သေရက်နှင့် အတူတကွ စားသောက်ပွဲကြီး ကျင်းပမြဲတည်း။ ရဟန်းတော်များ လယ်ဝယ်ရာ၌ အရက်နှင့်အမဲ စားသောက်ပွဲ ပါရိုးထုံးစံ ရှိ၏။

နေ့စဉ် နေထိုင်ကြပုံကိုကား ကျောက်စာများ၌ သာမန်လူထက် ကျွန်များ အကြောင်းကို ပို၍ ဖော်ပြထား၏။ **ကျွန်**ဟူ၍ ခေါ်ရသော်လည်း များစွာ လွတ်လပ်၍ လူသာမန်များလိုပင် ပေါင်းဖော်နေထိုင်ခွင့် ရကြရကား၊ ၎င်းတို့ကို လေ့လာခြင်းဖြင့်လည်း၊ သာမန်လူတို့၏ ဘဝနေထိုင် စားသောက်ရေးကိုပါ ခန့်မှန်းနိုင်ပါသည်။ လူမျိုး အရောရော နေကြပုံရ၏။ **မိရ်မ** သို့မဟုတ် **မြန်**မာများက လူများစုဖြစ်သည်။ အလျှင်အမြန် တိမ်ကော၍လိုက်သော ပျူလည်း ရှိ၏။ ပုဂံနှင့်ကပ်၍ **"သက်"**တို့ နေကြသည်။ မူးအနောက်၌ **"သင်"**တို့ နေကြ၍ မူးအထက်ပိုင်း၌ **"ကန်တူ"**တို့ နေကြသည်။ **ချင်၊ ယဝ်နှင့် ရခိုင်** တို့လည်း ရှိ၏။ မြန်မာတို့ နေထိုင်ရာဒေသ၏ တောင်ဖျား၌ **"စကြဝ်"**တို့ ရှိ၍ ၎င်းတို့သည် မြန်မာလက်အောက်ရှိ နယ်ခြားစစ်တပ်၌ အမှုထမ်းပုံရသည်။

တောင်သူကား အနှံ့အပြားရှိသည်။ **ရှေ့ည်ခေါ်တန်လိုင်** (မွန်)တို့သည် ကျောက်ဆည်မြောက်ပိုင်း၌ မြန်မာနှင့် ရောစပ်နေထိုင်ကြ၍ မြန်မာတို့ ယဉ်ကျေးအောင် သွန်သင်သူတို့ ဖြစ်ပေမည်။ မြန်မာနှင့်ရောနှော၍ **ကြွမ်**လည်း ရှိသည်။ **လဝ**တို့ ဖြန့်၍နေသော်လည်း ကျောက်ဆည် အရှေ့၌ အနေများသည်။ **သျှမ်**လည်း မြန်မာနှင့် ရောယှက်နေထိုင်သည်။ **စိန်** ခေါ် **တရုတ်**နှင့် **တရက်** ခေါ် မွန်ဂိုတို့ အကြောင်းလည်း ဖတ်ရသည်။ သို့သော် တိုင်းတစ်ပါးသား အနေဖြင့် **ကုလာ** အများဆုံး ဖြစ်သည်။

မြန်မာတို့တွင် အိမ်ထောင်စုကို များစွာ အလေးဂရုပြုကြောင်း တွေ့ရ၏။ အမိအဖ သားမယားဟူ၍ ကွဲပြားအောင် ဖော်ပြလေ့ရှိသည်။ ယနေ့ မြန်မာတို့ ကဲ့သို့ပင် ကောင်းစွာ ဖွဲ့စည်းပြီးသော အိမ်ထောင်စုများ ရှိခဲ့ကြောင်းကို ပြ၏။ ၎င်းတို့ အသက်မွေးပုံကို သိရသဖြင့် ၎င်းတို့ဘဝ နေထိုင်ရေးကို ပို၍ သိရ၏။ စိုက်ပျိုးသူများအဖြစ်ဖြင့် **လယ်သည်**နှင့် **လယ်သူ**ရှိ၏။ ၎င်းတို့၏ အကူအညီအားဖြင့် **စပါစိုက်၊ နွားထိန်း၊ ဥယျာဉ်သည်**ဟူ၍ ရှိပြန်သည်။ အစားအသောက်နှင့်ဆိုင်သော အမှုထမ်းများကား **ထမင်းသည်၊ ထမင်းချက်၊ အမယ်သည်၊ သာစိုဝ်၊ မုဆိုင်၊ ပိုက်သည်၊ ကွန်သည်၊ နွားနိုဝ်သည်၊ ကွံသည်**ဟူ၍ ရှိ၏။ လက်မှုပညာသည်အနေဖြင့် **လသွာ၊ ပုရန်၊ ပန်ပု၊ ပန်ခိ၊ ပန်ဖယ်၊ ပန်ထိန်၊ အထုသည်၊ ထီသည်၊ အိုဝ်ထိန်၊ ယန်သည်**ဟူ၍ ရှိ၏။ တူရိယာ သံစုံသမားတို့လည်း အရေးပါသူများ ဖြစ်သည်။ **စည်သည်**နှင့် တွဲ၍ အဆို အကအလို့ငှာ **ပန်တျာ**ရှိ၏။ ပန်တျာ အမျိုးသမီး အထူးများပြား၏။ **သီခြင်သည်**ဟူ၍ အဆိုသက်သက်နှင့် **ကခြိယ်သည်**ဟူ၍ အကသက်သက် အမှုထမ်းများလည်း ရှိသည်။ ထို့ပြင် **ပသာသည်၊ ခွက် ခွင်သည်၊ နောင်နင်သည်၊ ခရာသည်၊ စောင်သည်**တို့လည်း ရှိသည်။ ပြဇာတ်နှင့် ဇာတ်သဘင် ရှိဟန်မတူ။ သွားလာရေး၌ လှေ၊ လှည်း၊ ထမ်းစင်သာရှိသဖြင့် **လှဝ်ကာသည်၊ လှည်သည်နှင့် သင်ရျင်သည်**တို့ ရှိရသည်။ **ကုဟာသည်၊ ရိယ်သည်၊ ထင်သည်၊ လက်သည်**ဟူ၍ လူအများအတွက် မရှိမဖြစ်သူတို့လည်း ရှိရ၏။ ထိုနည်းအတူပင် **မှတ်ဆိတ်တ်ရိပ်၊ လက်သည်ထိုဝ်၊ ဥဖွယ်သည်**တို့ကား လူချမ်းသာတို့ စည်းစိမ်ခံရန် ရှိနေရသည်။

ကျွန်လူဦးရေကား အတော်များ၏။ အုပ်ချုပ်အရာရှိနှင့်တကွ ကျွန်ရှာ



များပင် ရှိပါသည်။ ကျွန်ကို ကိုယ်ပိုင်ဝတ္ထုပစ္စည်း မိုးမြေ အဝင်အပါဟု ယူဆသဖြင့် အမွေဆက်ခံနိုင်သော ပစ္စည်းတစ်မျိုးဖြစ်၍ ကျွန်အရောင်းအဝယ်လည်း အမှန်ရှိချေမည်။ အကြမ်းအားဖြင့် ကျွန်တစ်ယောက်ကို ငွေသုံးဆယ် သို့မဟုတ် ကြေးတစ်ပိသာနှစ်ဆယ် ပေးလျှင်ရ၏။ ငွေပေး၍ ကျွန်ဘဝမှ ရွေးနုတ်ခွင့်ရှိသည်။ ထွက်၍လည်း ပြေးနိုင်သည်။ ကျွန်ပြေးကို မရရအောင် လိုက်၍ ဖမ်းခြင်း၊ ပြင်းပြင်းထန်ထန် ဒဏ်ခတ်ခြင်းဟူ၍ အမှတ်အသား မတွေ့ရဖူးချေ။ သို့သော် မိမိတို့ ကျရောက်ရာဘဝကိုပင် များစွာ ကျေနပ်နှစ်သက်နေပုံပေါ်သဖြင့် ထွက်ပြေးသူ အလွန့်အလွန်ပင် နည်းချေမည်။ ထို့ပြင် မိမိတို့ ဖွားရာဇာတိကို အထူး ခင်တွယ်၍ ကျွန်ပိုင်ရှင်တို့ကလည်း သက်ညှာသဖြင့် ညှဉ်းပမ်းနှိပ်စက်ခြင်းမှ လွတ်အောင် ပြေးပုန်းရန် ပြဿနာဟူ၍ မရှိခဲ့ချေ။ မနာမကျန်းရှိသော ကျွန်နှင့် သက်ကြီးရွယ်အို ကျွန်တို့ကို ကောင်းစွာ စောင့်ရှောက်လေ့ရှိ၏။ ရဟန်းဘောင်ဝင်လိုလျှင် သခင်ထံမှ ခွင့်ရမြဲဖြစ်၍ **ဘိက္ခုနှင့် ဘိက္ခုနီ**တို့ ရှိခဲ့ကြောင်း အထင်အရှား သက်သေအထောက်အထားများ ကျောက်စာတွင် တွေ့ရသည်။ သဘောထားကြီးသော ကျွန်ရှင်များကမူ **မြက်နု ရိယ်ကြည် ဟိရာ** ရှာဖွေ၍ သွားရောက်နေထိုင်ခွင့်ကို ကြိုတင်၍ပင် ပေးထား၏။ ငယ်ရွယ်သူတို့မှာ လိုလားလျှင် စာသင်ခွင့် ရကြ၏။ ၎င်းတို့၏အမည်တွင် စာတတ်သူဟု ထင်ရှားစေရန် **စာတတ်**ဟူသော ဝိသေသတွဲ၍ ပေးရ၏။ တစ်ရာလျှင် ကိုးယောက်မျှ စာတတ်ကြောင်း တွေ့ရသည်။ ယောကျ်ားတစ်ယောက်လျှင် မယားအများ ယူနိုင်ခွင့်ရှိသော်လည်း ကျွန်မယား နည်း၏။ ထိုအကြောင်းများကြောင့် ကျွန်များသည် ရှေးအခါများက အလွန်အောက်တန်းကျသူများဟု မယူဆနိုင်ကြောင်း ကျောက်စာများအရ သိရပါသည်။

ရှေးကျောက်စာများအရ တရားဥပဒေဆိုင်ရာ ဌာန သီးခြားရှိခဲ့ကြောင်း သိရပြန်သည်။ တရားသူကြီးကို **“သံဖမ”** သို့မဟုတ် **“တြျာသံပျင်တြျာ”**ဟု ခေါ်၏။ အမျိုးသမီး တရားသူကြီးများနှင့် ရဟန်းတော် တရားသူကြီးတို့လည်း ရှိသည်။ တရားသူကြီး၏ တာဝန်သည် တရားဥပဒေကို အဓိပ္ပာယ်ဖော်၍ ကောက်ချက်ချရုံ သာမက ကျွန်နှင့် လယ် ရောင်းဝယ်ရာ၌လည်းကောင်း၊ နယ်ခြားတိုင် စိုက်ရာ၌လည်းကောင်း သက်သေအဖြစ် ပါဝင်ရသေး၏။ အမှုတစ်ခုကို ဆုံးဖြတ်ရန် တရားသူကြီး သုံးဦးခန့်ထား၍ တစ်ခါတစ်ရံ လေးယောက်မှ

ခြောက်ယောက်အထိ တိုးချဲ့၍ ခန့်ထားသည်။ တရားရုံးတော်အတွက် **"တြာကွန်သာယာ"**ရှိ၍ **ဗိုလ်တြာ**မှာ အောက်ရုံး၊ **အတံတြာ**မှာ အယူခံရုံး ဖြစ်ပါသည်။ အယူခံခွင့်ရှိသော်လည်း အယူခံမှု နည်းလှသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာဓလေ့ကား အပြန်အလှန် စွပ်စွဲချေပခြင်းထက် ဖြန်ဖြေခြင်းကို မူတည်၍ အဆုံးအဖြတ်ပေးလေ့ ရှိသောကြောင့် ဖြစ်၏။ တစ်ဆယ့်သုံးရာစုလယ်၌ တရားဥပဒေ ပါရဂူများ ပေါ်လာသည်။ ထိုသူတို့ပင် မြန်မာရိုးရာဓလေ့များကိုယူ၍ ပြုပြင်လျက် ဥပဒေကျမ်းပြုကြ၏။ တရားမ ဥပဒေကို အိန္ဒိယအမည်ဖြင့် ဓမ္မသတ်ဟု ခေါ်သော်လည်း သဘောအယူအဆကား မြန်မာသက်သက် ဖြစ်ပါသည်။ ရာဇဝတ်ကျင့်ထုံးကို **အမုန္ဒန်စာ**ဟု ခေါ်၏။ သို့သော် ဥပဒေကျမ်းကို အားကိုးသည်ထက် တရားလို တရားခံကို ကျမ်းတိုက်ခြင်း ဓါတ်တော်နှင့် ရုပ်တုတော် ရှုတ်စေခြင်းကို ပို၍ အားကိုးပုံ ပေါ်ပါသည်။ ယတြာ စသည့် ဆေးဖြင့် တရားအရှုံးအနိုင် ဖြစ်စေမည်ဟူသော ယုံကြည်ချက်လည်း ရှိကြ၏။ ဖြတ်ထုံးကို ရေးမှတ်မြဲ ဖြစ်ပါသည်။ အမျိုးအစားအားဖြင့် တရားဆိုင်ကြသည်ကို သုံးမျိုးခွဲနိုင်ပါသည်။ တစ်မျိုးကား အနည်းဆုံး တစ်ဖက်မှ ရဟန်းတော်များ ပါဝင်သော တရားတဘောင်ဖြစ်၍၊ ဒုတိယမျိုး၌ မင်းစိုးရာဇာတို့က တစ်ဖက်မှ ပါဝင်၍၊ နောက်ဆုံးအမျိုးကား သာမန်အရပ်သားအချင်းချင်း စွဲကြသောအမှု ဖြစ်ပါသည်။ ရဟန်းတော် ပါဝင်သော အမှုမျိုးကား လူတို့ ရုံးတော်နှင့် ဆိုင်ကောင်းမှ ဆိုင်မည်ဟု ထင်ရသော်လည်း တရားလို တရားခံ နှစ်ဘက်စလုံး ရဟန်းဖြစ်ပါလျက် လူရုံးက ဆုံးဖြတ်ထားသည်ကို တွေ့ရဖူးပါသည်။ အင်္ဂလန်၌ အင္ဂမ ဟင်နရီမင်းသည် ရဟန်းကျောင်းမြေကို သိမ်းယူရာ ရဟန်းတို့ အပြင်းအထန် ကန့်ကွက်သော်လည်း နောက်ဆုံးမင်းပင် အနိုင်ရခဲ့၏။ မြန်မာနိုင်ငံ၌ကား ၁၂၃၅ တွင် တစ်ကြိမ်၊ ၁၂၄၅ တွင် တစ်ကြိမ်၊ ၁၂၅၅ တွင် တစ်ကြိမ်၊ သုံးကြိမ်တိုင်တိုင် ရဟန်းကျောင်းမြေကို မင်းက သိမ်းယူရန် အားထုတ်သည်ကို တွေ့ရ၏။ အဘယ်ကြောင့်ဆိုသော် ရဟန်းမြေကို အခွန်လွတ်ငြိမ်းခွင့် ပေးရမြဲဖြစ်သဖြင့် ရဟန်းမြေတိုးလျှင် တစ်ဖက်က နိုင်ငံတော်ဘဏ္ဍာ ဆုတ်ယုတ်လာသဖြင့် ဤသို့ ကြံစည်ရခြင်း ဖြစ်ပါသည်။ ရဟန်းတော်တို့က အပြင်းအထန် ကန့်ကွက်သဖြင့် မင်းက အရှုံးပေးလျက် ရဟန်းမြေကို ပြန်၍ အပ်ခဲ့ရပါသည်။ အမွေဆက်ခံရာ၌ ယခုခေတ်လို အောက်လူ သက်သက်ကသာ



အမွေရမြဲ ထုံးစံမရှိသေးချေ။ အထက်လူကလည်း ရတတ်၏။ ဤတွင် လူတစ်ဦးသေလွန်လျှင် ကျန်ရစ်သူ မုဆိုးမက ရှိပစ္စည်းအားလုံးကို ဆက်ခံရမြဲဟု ယခုယူဆကြသော်လည်း၊ အေဒီ ၁၂၄၂ က သေသူ၏ အစ်ကိုကလည်း ဝင်၍ အမွေယူကြောင်း တွေ့ရ၏။ ထို့ပြင် ယခုအခါ သားရင်း သမီးရင်း စသော အမွေခံ အစစ်များကို အမွေမပေးဟု မည်သူမျှ မငြင်းနိုင်။ ရှေးအခါကမူ မိမိသေလျှင် မိမိပစ္စည်းကို အမွေဆက်ခံအစစ်ကို ကျော်လွန်၍ သူစိမ်းလူ တစ်ဦးဦးကို ပေးပါရန်ဟု မှာကြား၍ ထားပိုင်ခွင့်ရှိပါသည်။ သေတမ်းစာထားခဲ့နိုင်သည်ဟု ဆိုလိုပါသည်။

ပုဂံခေါ် အရိမဒ္ဒနာပုရသည် တစ်ဆယ့်တစ်ရာစု၌ မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်၍လာပါသည်။ ဒေသဆိုင်ရာ အကြီးအကဲကို မင်းဟု ခေါ်လေ့ရှိသဖြင့် ပုဂံမှ ခေါင်းဆောင်ကို ဗန်းမော်၏ အနောက်ဘက်ကမ်းရှိ ငဆောင်ချံ မှသည် တော်ဘက်၌ တလိုင်သရေအထိ၊ အရှေ့သံလွင်မြစ်မှသည် မစ္ဆကိရိ (ချင်းတောင်)အထိ ဖြစ်ပါသည်။ ခေတ်မြန်မာနိုင်ငံနှင့် စသော် ရခိုင်မပါ၊ သံလွင်မြစ်အရှေ့ဘက်မပါ၊ ကချင်ပြည်နယ် အထက်ပိုင်းမပါဟု ဆိုရပေမည်။ ပုဂံမင်းကား သက်ဦးဆံပိုင်ဖြစ်၍ မင်း၏ထုယ်တဝ်ကား ဥပဒေဟု ယူရ၏။ သို့သော် သာသနာ၏ အဆုံးအမ၌ တည်သူများဖြစ်ရကား နူးညံ့သိမ်မွေ့လျက် ရဟန်းတော်တို့ကို စိတ်မချမ်းမြေ့အောင် မကျူးလွန်မိရန် အထူးသတိထားကြသည်။ ပညာရှိကို အပါးတွင်ထား၍ အခက်အခဲ မှန်သမျှကို တိုင်ပင်လေ့ရှိ၏။ အုပ်ချုပ်ရေးတွင် အကူအညီရရန် အမတ်နှင့် အရာရှိကြီးငယ်များကိုလည်း ခန့်ထားသည်။ သို့သော် မြို့ပြအုပ်ချုပ်ရေး အမှုထမ်း၊ စစ်မှုရေး အမှုထမ်းဟူ၍ ခွဲခြားထားခြင်း မရှိရကား အရေးကြုံလျှင် အမတ်လည်း စစ်ဗိုလ်လုပ် စစ်ထွက်ရသည်။ အလျဉ်းသင့်၍ ဖော်ပြလိုသည်မှာ ရှေးရှေးက လွှတ်တော်ရှိခဲ့ဖူးသည်ဟု ကျောက်စာအထောက်အထား မတွေ့ရပါ။ ဘုရင် **နန်တောင်မျာ** (နန်းတောင်းများမဟုတ်) လက်ထက်၌ အမတ်ကြီးငါးပါးရှိ၍ ရှေးရာဇဝင်ကျမ်းများ၌ ဖော်ပြသကဲ့သို့ နောင်တော်မင်းသားကြီးလေးပါးပင် အမတ်ကြီးလေးပါးဖြစ်လာ၍ ယင်းတို့စုဝေးရာကို **"လွှတ်"** ဟု ခေါ်ကြောင်းမှာ အထောက်အထား မရှိချေ။ မြောက်ဘက်နယ်ခြားဒေသ အုပ်ချုပ်ရေးကို အထူးဂရုပြုရသည်။ သို့ပါလျက် မြောက်အရပ်မှပင် ရန်သူပေါ်လာလျက် ပုဂံမင်းဆက် ပြတ်ရသည်။

အမတ်များနှင့် တွဲဖက်၍ လက်အောက်မှ **သံပျင်နှင့် ကလန်**ဟူ၍ အုပ်ချုပ်ရေးအရာရှိများ ရှိသေး၏။ ရာထူးအဆင့်တွင် **သံပျင်**က ကြီးအံ့ထင်သည်။ တစ်ခါတစ်ရံ **သံပျင်နှင့် အမတ်**ကို တစ်သဘောတည်းထား၍ သုံးကြောင်း တွေ့ရသည်။ အဆိုပါအမတ်နှင့် အရာရှိများသည် ပညာအဆင့်တန်း မြင့်မြင့် တတ်ရန် လိုပါသည်။ အမတ်ကြီးတစ်ဦးသည် ပိဋကၤ၊ သကဋ၊ သဒ္ဒါ၊ ဟူးရား၊ ဗေဒင် တတ်ကျွမ်းသည်ဟု သိရ၏။ **မင်းချင်**ဟူသော ဘုရင့်အပါးတော်မြဲ အရာရှိများလည်း ရှိသေးသည်။ **မင်းစေနှင့် မင်းလုလင်**တို့လည်း ရှိသည်။ အပါးတော်နေ **သုငယ်တော** (သူငယ်တော် ဖွားဖက်တော်) ဆိုသူတို့လည်း ရှိသည်။ ထို့ပြင် **အတွင်ရုယ်၊ စာမြောင်၊ စဒိပိုဝ်နှင့် စာခီ**တို့လည်း ရှိသည်။ သတင်းအပို့အယူအတွက် မြင်စီရှိသည်။ အစောင့်အရှောက်အတွက် **ကင်သည်**ရှိသည်။ အခွန်စည်းကြပ်ရန် ပယ်တိုင်၊ အခွန်သိမ်းရန် **ကုံထံနှင့် ဘုမ္မ**တို့က တာဝန်ယူရသည်ဟု ထင်ပါသည်။ ရွာအုပ်ချုပ်ရေး၌ **သင်ကြီနှင့် သင်လျှင်**ဟူ၍ ရှိပြန်သည်။ မှတ်ပုံတင်ဌာနမျိုးလည်းရှိ၍ အရောင်းအဝယ် ကြောင့် ပိုင်ရှင်ပြောင်းခြင်း အလှူဒါနကြောင့် ပိုင်ရှင်ပြောင်းခြင်းနှင့် ဖြတ်ထုံး များကို ရေးမှတ်ရသည်။ မင်း၏ အမှုကိစ္စအဝဝ ဆောင်ရွက်ရန် **ကွန်**ဟူသော အမည်ဖြင့် အဆောက်အဦများရှိရာ ထိုကွန်တို့၌ အလှူပေးခြင်း၊ ညီလာခံခြင်း၊ သဘင်ရှုခြင်း ပြုမည်ဟု မှန်းရပါသည်။ အဆိုပါ ကွန်များကား **ကွန်ပြောက်၊ ကွန်သာယာ၊ ကွန်မြင်၊ စင်ကြယ်ကွန်**တို့ ဖြစ်ပါသည်။ **ကွန်ပြောက်**ကို ညီလာခံ၊ ကန်တော့ခံ စသည့် အမှုခပ်သိမ်းအတွက်ထား၍၊ **ကွန်သာယာ**မှာ ပျော်ပွဲရွှင်ပွဲများ အတွက်ဖြစ်လျက်၊ **ကွန်မြင်**၌ အလှူဒါနပြုကာ၊ **စင်ကြယ် ကွန်**တွင် ဥပုသ်ပြုခြင်း၊ သင်္ကြန်တော်ခေါ်ခြင်းပြုမည်ဟု ထင်ပါသည်။ အခြား ရုံးကိစ္စငယ်များအတွက် **တင်ကုပ်**ကို သုံးသည်။ ဤသို့လျှင် ကျောက်စာများကို လေ့လာခြင်းဖြင့် ရှေးခေတ်အခါက ကောင်းစွာ စည်းရုံးညီညွတ်သော အုပ်ချုပ် ရေးစနစ်ရှိကြောင်းကို သိရပါသည်။

ကျောက်စာတို့ကြောင့် ပုဂံမင်းဆက်နှင့် နန်းသက်ကို ကောင်းစွာ သိနိုင်ပါသေးသည်။ နမူနာပြောလျှင် အေဒီ ၁၁၆၅ မှ ၁၁၇၄ အတွင်း ပုဂံ မင်းဆက် ပြတ်နေသည်ကို သိရပါသည်။ ထို့ပြင် ရှေးရာဇဝင်ကျမ်းတို့၌ ထို ပြတ်နေသော ကာလအတွင်း၌ မင်းယင်နရသင်္ခ (၁၁၇၀-၃) တစ်ယောက် ရှိလေဟန် ရေးခဲ့သော်လည်း စင်စစ် ထိုသူမရှိ။ **နရသီဃ်ဥစ္စနာ (၁၂၃၀-**



**၅) တစ်ယောက်၊ မင်ယန် (၁၂၅၆)** တစ်ယောက်ဖြစ်၍ ယင်းနှစ်ယောက်ကို ပေါင်းထားကြောင်း ကျောက်စာပြလျက် ရှိသည်။ ထို့ပြင် ဥဇနာကား ကျစွာ၏ တူဖြစ်၍ အများပြောသကဲ့သို့ သားမဟုတ်ပါ။

ကျောက်စာပါအတိုင်း ရှေးမြန်မာ အနုပညာနှင့် အဆောက်အဦများ အကြောင်းကို နောက်တစ်ခါ ရေးပါဦးမည်။

# ရှေးမွန်ကျောက်စာပါ သမိုင်းအထောက်အထားများ[†]

ရှေးမွန်ကျောက်စာဟု သာမညခေါ်ဝေါ်သည့် မွန်ဘာသာဖြင့် ရေးသားခဲ့သော ကျောက်စာ၊ ခေါင်းလောင်းစာနှင့် ကြေးပြားစာတို့မှာ စင်စစ်အားဖြင့် အလွန် ရှေးကျသည့် မှတ်တမ်းများ မဟုတ်ပါ။ မြန်မာနိုင်ငံတွင် ခေါ်လေ့ခေါ်ထရှိသော ပုဂံခေတ်နှင့် အဝခေတ်စာများသာဖြစ်၍ နှစ်အပိုင်းအခြားအရ ခရစ်နှစ် တစ်ဆယ့် တစ်ရာစုမှ တစ်ဆယ့်ရှစ်ရာစုနှစ်များထိ၊ ယခင်အနှစ် နှစ်ရာကျော်မှ ကိုးရာကျော် အတွင်း ရေးသားခဲ့သော စာများဖြစ်ပါသည်။ တွေ့ရှိရာအရပ်တို့မှာ မြန်မာနိုင်ငံ အောက်ပိုင်း မုတ္တမပင်လယ်ကွေ့ ဝန်းကျင်ဒေသနှင့် ပုဂံတို့မှ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြောရလျှင် (၁) မွန်တို့၏ နေရာဖြစ်သော ရာမညဒေသနှင့် (၂) မွန်ဘာသာကို တစ်ဆယ့်နှစ် ရာစုဦးအထိ မှတ်တမ်းများရေးသားရာ၌ သုံးစွဲခဲ့သော ပုဂံမြို့တော်ပင် ဖြစ်ပါသည်။ တွေ့ရှိရာအရပ်တို့ကို အတိအကျ ဖော်ပြရလျှင်[၁]

---

† ၁၉၆၉ ခု၊ မြန်မာနိုင်ငံ သုတေသန ဆွေးနွေးပွဲတွင် ဖတ်ကြားသောစာတမ်း ဖြစ်ပါသည်။ *တက္ကသိုလ် ပညာပဒေသာစာစောင်*၊ အတွဲ ၄၊ အပိုင်း ၄၊ ၁၉၆၉၊ ၃၇–၆၇။

၁ *မွန်ကျောက်စာပေါင်းချုပ်*၊ ချစ်သိန်း(ဦး) တည်းဖြတ်၊ မြန်မာပြန်၊ ရန်ကုန် ယဉ်ကျေးမှုဌာန၊ တက္ကသိုလ် စာပုံနှိပ်တိုက်၊ ၁၉၆၅၊ ဤစာအုပ်ကို နောင်ကိုးကား လျှင် အတိုမှတ်စုအရ၊ မွန်ချုပ်ဟုသာ ဖော်ပြပါမည်။ မွန်ချုပ်နှင့်တွဲလျက် ဖော်ပြ သော ဂဏန်းများမှာ စာအုပ်ပါကျောက်စာ အမှတ်စဉ်များဖြစ်ပါသည်။

ကောဝွန်း (ဘားအံနယ်) (မွန်ချုပ်–၄)
ကျောက်ဆည် (မွန်ချုပ်–၅၈)
ကျောက်တိုင်ကန်ရွာ (ပဲခူးနယ်) (မွန်ချုပ်–၆၄၊ ၆၇)
ကျိုက်မရော (မော်လမြိုင်နယ်) (မွန်ချုပ်–၆၂၊ ၆၃)
ကျွန်းတော်ကျွန်း (မိချောင်းရဲနယ်) (မွန်ချုပ်–၅)
တောင်ဇွန်းရွာ (သထုံနယ်) (မွန်ချုပ်–၉၁၊ ၉၂)
ထလုရွာ (ကျိုက်လတ်နယ်) (မွန်ချုပ်–၆၁)
ထန်းတောကြီးရွာ (ပဲခူးနယ်) (မွန်ချုပ်–၈၅၊ ၈၆)
ပုဂံ (မွန်ချုပ်–၆၊ ၇–၁၄၊ ၁၅–၇၊ ၁၈–၂၁၊ ၂၂–၃၉၊ ၄၀–၃၊ ၄၄–၇၊
၅၅၊ ၅၆၊ ၅၇၊ ၅၉၊ ၆၀၊ ၁၀၅)
ပဲခူး (မွန်ချုပ်–၆၅၊ ၆၆၊ ၆၈–၇၇၊ ၈၀–၈၄၊ ၈၉၊ ၉၄၊ ၁၀၆)
ပြည် (မွန်ချုပ်–၄၀–၅၁)
ဖလေးရွာ (ပဲခူးနယ်) (မွန်ချုပ်–၉၅)
ဖုရားကြီးရွာ (ပဲခူးနယ်) (မွန်ချုပ်–၈၇)
ဖူးချောင်းရွာ (ကဝနယ်၊ ပဲခူးခရိုင်) (မွန်ချုပ်–၉၀)
ဘန်ကောက် (ယိုးဒယား) (မွန်ချုပ်–၉၇၊ ၉၈)
မော်လမြိုင် (မွန်ချုပ်–၁၀၀)
မုတ္တမ (မွန်ချုပ်–၉၆)
မြင်းမငူရွာ (ကဝနယ်၊ ပဲခူးခရိုင်) (မွန်ချုပ်–၈၈)
ရန်ကုန် (မွန်ချုပ်–၇၈၊ ၇၉)
သထုံ (မွန်ချုပ်–၁–၃၊ ၅၄)
အရက်သည်မရွာ (တောင်ဇွန်းနယ်၊ သထုံခရိုင်) (မွန်ချုပ်–၅၃)
အသုတ် (ပုသိမ်ခရိုင်) (မွန်ချုပ်–၁၀၄)
အလူးရွာ (တော်စွန်းနယ်၊ သထုံခရိုင်) (မွန်ချုပ်–၅၂)

တို့ ဖြစ်ပါသည်။

ယင်းသို့ တွေ့ရှိကြရသော ကျောက်စာတို့မှာ အရေအတွက်အားဖြင့် အစုစု ၁၁၉ မျက်နှာမျှရှိသည်တွင် မွန်တို့၏ မူလဒေသ မဟုတ်သော ပုဂံ၌ ၄၈ မျက်နှာမျှ တွေ့ရှိနေသည်ကို ထူးခြားချက် တစ်ခုအနေဖြင့် ပြောပြလိုပါသည်။ တစ်နည်းပြောရလျှင် တွေ့ရှိရသမျှ ရှေးမွန်ကျောက်စာတို့၏ ငါးချိုးနှစ်ချိုးသည်



မွန်ဒေသ၏အပြင်၌ တွေ့နေရသည်ဟု ဆိုရပါမည်။ အချိန်ကာလ အရပိုင်း၌ ဒေသခွဲကြည့်မည်ဆိုလျှင် ထို့ထက်ပင် အံ့သြရပေမည်။ ခရစ်နှစ် တစ်ဆယ့်နှစ်ရာစုဦးအထိ တွေ့ရသော ခေတ်ဟောင်းမွန်ကျောက်စာဟူ၍ ၆၀ ရှိသည်မှ ၄၇ ခုကို ပုဂံ၌ တွေ့ရသည်။ သို့သော် ခေတ်လယ် မွန်ကျောက်စာပိုင်းသို့ ရောက်သောအခါ အစုစု ၅၉ ခုတွင် ပုဂံ၌ တစ်ခုသာ တွေ့ရတော့သည်။ ယင်းအချက်တစ်ချက်မျှပင်လျှင် ယဉ်ကျေးမှုသြဇာ၏ အတက်အသက်သမိုင်းကို အကဲဖြတ်နိုင်လောက်စရာရှိပါသည်။ စင်စစ်အားဖြင့် ခရစ်နှစ် တစ်ဆယ့်တစ်ရာစုများက မွန်ကျောက်စာကို မွန်ဒေသ စစ်စစ်ဖြစ်သော အောက်မြန်မာနိုင်ငံ၌ နှိုင်းယှဉ်ချက်အရ အလွန့်အလွန် အတွေ့ရနည်းနေခြင်းမှာ အလွယ်ဖြင့် တွေးတောကြံဆ၍ မရနိုင်သော အကြောင်းခြင်းရာတစ်ခုပင် ဖြစ်တော့သည်။

မွန်ကျောက်စာကို အင်္ဂလိပ်ဘာသာ ပြန်ဆိုသူတို့မှာ ဗလက်ဂဒန်[၁]၊ ဒူရွိုင်ဆယ်[၂]နှင့် ဦးမြတို့ဖြစ်ပါသည်။ မြန်မာဘာသာသို့ ပြန်ဆိုသူများမှာ ဦးဖေမောင်တင်၊ ဦးလူဖေဝင်းတို့နှင့် ဦးချစ်သိန်းတို့ ဖြစ်ပါသည်။ ယခုစာတမ်း၌ ဤပုဂ္ဂိုလ်တို့၏ ဘာသာပြန်များကို အများဆုံး သုံးစွဲခြင်းပြုပါသည်။ ထိုဘာသာပြန်တို့ရှိသဖြင့်သာ ယခုစာတမ်းကို ရေးသားနိုင်ခြင်း ဖြစ်ပါသည်။ ရှေးမွန်ကျောက်စာဟို့ကို အက္ခရာပီပြင်အောင် ကြံစည်ဖတ်ယူခြင်းနှင့် အနက်ပြန်ခြင်းတို့ကို စတင် ကြိုးစားဆောင်ရွက်သူမှာ ဗလက်ဂဒန်ပင်ဖြစ်ကြောင်း အများသိပြီးဖြစ်ပါသည်။ ယခုစာဘမ်းမှာ ယခင် ဒုတိယအကြိမ်မြောက် ၁၉၆၇ ခု သုတေသန ကွန်ဖရင့်၌ ကျွန်တော် ဖတ်ခဲ့သော "အဝခေတ်ကျောက်စာပါ သမိုင်းအထောက်အထားများ" (တက္ကသိုလ် ပညာပဒေသာ၊ တွဲ ၂၊ မှတ် ၂၊ စာမျက်နှာ ၂၄၃–၅၆)ကို ဖြည့်စွက်ခြင်း ဖြစ်ပါသည်။

ရှေးမွန်ကျောက်စာပါ ရက်စွဲနှင့် အဖြစ်အပျက်များကို အစဉ်းစွာ ဖော်ပြ

---

၁ Blagden. C.O, Mon Text Ed, & Tr. into English. Epigraphia Birmanical i & ii, Inseription Nos. 1-8 Kangoon, Government Printing, 1919 (1, ii, Reprinted 1960)

၂ Dnroiselle, Charles Mon Text Ed, & Tr. into English, E pigraphia Birmanical, II, i & ii, Anand Plaques. Rangoon, Government Printing 1920 (Reprinted Rangoon 1961-2)

လိုပါသည်။ ယင်းသို့ ဖော်ပြရာ၌ ကျောက်စာရေးထိုးသည့် ခေတ်နှင့် သက်ဆိုင်သော ရက်စွဲဖြစ်ရပ်တို့ကို လေးစားယုံကြည်ခြင်း ရှိနိုင်သော်လည်း (ပုံစံ။ ။ ခရစ်နှစ် တစ်ဆယ့်တစ်ရာစုရောက်ခါမှ ယခင် အနှစ်တစ်ထောင့်ခြောက်ရာကျော်က ဂေါတမဘုရား သက်တော်ထင်ရှားရှိစဉ် မြန်မာနိုင်ငံဘက်သို့ ဒေသစာရီဖြန့်လျက် ဤအရပ်၌ ဤမည်သော ဗျာဒိတ်စကားကို မြွက်ကြားခဲ့သည်ဟု ဖော်ပြခြင်း၊ ထို့အတူ ခရစ်နှစ် တစ်ဆယ့်ငါးရာစုသို့ ရောက်ခါမှ ပိဋကသုံးပုံကို လိုသဖြင့် စစ်ပြုလျက် သထုံသာသနာကို ပုဂံသို့ ပင့်ဆောင်ခြင်း စသည်တို့ကို) သတိဖြင့်ချင့်ချိန်လျက် ယူသင့်မှယူရချေမည်။ ထို့အတူ အနီးဝန်းကျင်ကို ခွာလျက် ပင်လယ်ရပ်ခြားမှဖြစ်ရပ်တို့ကို ဖော်ပြသောအခါ ထိုနိုင်ငံတို့၏ မူလအထောက်အထားတို့ဖြင့်ချိန်ထိုးလျက် စစ်ဆေးရန် အမှန်လိုအပ်ပေမည်။ သို့သော် ကျောက်စာပါရက်စွဲဖြစ်စဉ်ကို တွေ့သည့်အတိုင်းယခုဖော်ပြပါမည်။† (မွန်ချုပ်နှင့် တွဲလျက် ဖော်ပြသော ဂဏန်းတို့မှာ မြန်မာဘာသာ ပြန်၊ အပိုင်း ၂ မှ စာမျက်နှာများ ဖြစ်ပါသည်)။

၅၈၁ ဘီစီ ဂေါတမ သထုံသို့ကြွလာ (မွန်ချုပ်–၈၇၊ ၈၉–၉၂၊ ၉၈)

၅၄၄ ဘီစီ ဂေါတမ ပရိနိဗ္ဗာန်ဝင် (မွန်ချုပ်–၅၁၊ ၉၆)

၃၂၆ ဘီစီ အသောက မင်းဖြစ် (ကလျာ–၄၉)

၃၂၂ ဘီစီ အသောက ဗုဒ္ဓသာသနာဝင်ဖြစ်ကာ သာသနာပြုတော့မည်ဟု လုပ်ငန်းစ (ကလျာ–၄၉၊ ၅၀–၁)

၃၀၈ ဘီစီ တတိယ သင်္ဂါယနာတင် (ကလျာ–၅၀) သုဝဏ္ဏဘုမ္မိသို့ သောဏနှင့် ဥတ္တရမထေရ်သို့ သာသနာပြုရောက် (ကလျာ၆၇၊ မွန်ချုပ်–၇၉၊ ၈၈၊ ၉၀–၃၊ ၉၅၊ ၉၇)

၉၀ ဘီစီ သီဟိုဠ်တွင် သန့်စင်သော မဟာဝိဟာရဂိုဏ်းဟူ၍ သံဃာတစ်ဂိုဏ်းတည်းရှိနေရာမှ အဘယဝိဟာရဂိုဏ်းဟူ၍ ဂိုဏ်းသစ်တိုး (ကလျာ–၆၇)

အေဒီ ၂၆၇ သီဟိုဠ်တွင် နောက်ထပ် ဇေတဝန်ဝိဟာရဂိုဏ်းဟူ၍ တတိယဂိုဏ်းပေါ် (ကလျာ–၆၈)

၁၀၅၇ သထုံမင်း မနောဟာရီကို ပုဂံမင်း အနုရုဒ္ဓက ရန်စစ်ပြုလျက် အညာသို့ သာသနာဆောင်ကြဉ်း (ကလျာ–၅၂)

၁၀၈၄ ပုဂံမှာ ထိလိုင်မင်သည် ဂြိ တြိ ဘုဝနာဒိတျ ဓမ္မရာဇာ ဘွဲ့နှင့် မင်းဖြစ် (မွန်ချုပ်–၂၀၊ ၅၆၊ ၅၆)

၁၀၈၆ ထိလိုင်မင် ဘိသိက်ခံ (မွန်ချုပ် ၈၊ ၉၊ ၄၆၊ ၅၁၊ ၅၃)

၂၉ ဇူလိုင် ၁၀၉၃ ထိလိုင်မင်က အဖနေနတ် အမိဝါးတွင်း သန္ဓေစွဲသူဟု မျိုးရိုးကြေညာသည့် ပြန်တမ်းအမိန့်တော်ထုတ်။ (မွန်ချုပ်–၄၅၊ ၄၆)

၁၅ ဧပြီ ၁၀၉၈ သထုံကျိုက်တဲဘုရားနှင့် ကျိုက်တလန်ဘုရားများ ပြင်ပြီး။

၄ နိုဝင်ဘာ ၁၁၀၁ ထိလိုင်မင်†က နန်းသစ်တည်ဆောက်လိုသဖြင့် ပြင်ဆင်ခြင်း၏ အစဖြစ်သော ရေစင်ရေကောင်းရရန် အခမ်းအနား ခင်းကျင်းလျက် မြစ်သို့ ရေခပ်ဆင်းခြင်း။ (မွန်ချုပ် ၂၆)

---

† လူဖေဝင်းဦး တည်းဖြတ်၊ မြန်မာပြန်သူ။ ကလျာဏီ မွန်ကျောက်စာ၊ ရန်ကုန်ယဉ်ကျေးမှုဌာန၊ ၁၉၅၈၊ ဤစာအုပ်ကို အတိုမှတ်စုအရ ကလျာဟု ဖော်ပြပါမည်။ တွဲလျက်ဖော်ပြထားသော ဂဏန်းတို့မှာ စာမျက်နှာများ ဖြစ်ပါသည်။ ထိုကလျာဏီကျောက်စာမှာ အေဒီ ၁၄၈၀ တွင် ရေးထိုးသည့် မှတ်တမ်းဖြစ်ပါသည်။



† ထိလိုင်မင်၏ နန်းတည်ကျောက်စာမှာ အပိုင်းပိုင်းရှိနေသဖြင့် ကျောက်စာမျက်နှာ ၂၇ မျက်နှာရှိလျက် နန်းတည်ဖြစ်စဉ်ဖြစ်ရပ်တို့ကို ဖော်ပြရာ၌ လ၊ နေ့၊ ရက်ကို တွေ့ရသော်လည်း သက္ကရာဇ်နေရာအားလုံး ချွတ်ယွင်းပျက်စီးနေသောကြောင့် Sir Alfred Irwin: "Elements of the Burmese Calendar from A D. 638 to i 75?" The indian Antiquary, November 1910, pp 289-315 ကိုအသုံးပြုလျက် ပြက္ခဒိန်ကို ပြန်လည်တွက်ယူခြင်းဖြင့် နန်းသစ်ဆောက်သော သက္ကရာဇ်ကို သိလာရသည့်ပြင် ခရစ်နှစ်၊ လ၊ နေ့၊ ရက်များသို့ ပြောင်းယူနိုင်ခြင်းဖြစ်ပါသည်။

| | | | |
|---|---|---|---|
| ၅ | နိုဝင်ဘာ | ၁၁၀၁ | ပုဂံနန်းသစ်ဆောက်ရာတွင် သုံးစွဲရန် အသင့်စုပုံထားသော လက်နက်ကိရိယာတို့ ဆေးကြော။ (မွန်ချုပ် ၂၇) |
| ၂၅ | ဇန်နဝါရီ | ၁၁၀၂ | ပုဂံနန်းသစ်အတွက် ရောက်လာသည့်တိုင်တို့ကို ဆေးကြော။ (မွန်ချုပ် ၂၇) |
| ၂၃ | ဖေဖော်ဝါရီ | ၁၁၀၂ | ပုဂံနန်းသစ်အတွက် ပန္နက်ရိုက်။ (မွန်ချုပ် ၂၈) |
| ၂၄ | ဖေဖော်ဝါရီ | ၁၁၀၂ | ပုဂံဒန်းသစ်အတွက် ဗိသနိုးနတ်မင်းကိုပူဇော်။ (မွန်ချုပ် ၂၉) |
| ၂၈ | ဖေဖော်ဝါရီ | ၁၁၀၂ | နန်းသစ် သီဟာသနပလ္လင်နေရာကို ဆေးကြော။ (မွန်ချုပ် ၂၉) |
| ၂ | မတ် | ၁၁၀၂ | ရှင်အရဟံ ခေါင်းဆောင်ပြီး နန်းသစ်ရာမှာ ပရိတ်ရွတ် (မွန်ချုပ် ၂၉) |
| ၂ | မတ် | ၁၁၀၂ | နန်းသစ်အတွက် နဂါးမင်းကို ပသ။ (မွန်ချုပ် ၃၁) |
| ၃ | မတ် | ၁၁၀၂ | နန်းသစ်တိုင်များအတွက် အောက်ခံခုံအဖြစ်ကျောက်ပြားများချ။ (မွန်ချုပ် ၃၂) |
| ၅ | မတ် | ၁၁၀၂ | နန်းသစ်၏ ဥရူတိုင်ကို ရွှေရည်လိမ်း။ (မွန်ချုပ် ၃၂) |
| ၇ | မတ် | ၁၁၀၂ | ဥရူတိုင်ထူ နန်းရာဝန်းကျင်မှာ ရွှေ၊ ငွေ၊ ကြေးပြားများမြှုပ်၊ မင်းကိုယ်တိုင် အခမ်းအနားဖြင့်လာရောက်ပြီး နန်းသစ်ကို ဇေယဘုမ်ဟုသမုတ်။ (မွန်ချုပ်–၃၃၊ ၃၄) |
| ၈ | မတ် | ၁၁၀၂ | ဥရူတိုင် လေးဘက်မှာ ရတနာအပြည့်ပါသောကြေးအိုးလေးလုံးမြှုပ်၊ ရဟန်းတော်တွေ ပရိတ်ရွတ်။ (မွန်ချုပ် ၃၅) |
| ၁၂ | မတ် | ၁၁၀၂ | ဆောင်မကြီး၏ ကျန်တိုင်များထူ။ (မွန်ချုပ် ၃၆) |



| | | | |
|---|---|---|---|
| ၁၃ | မတ် | ၁၁၀၂ | လှေခါးအိမ်များအတွက် တိုင်စိုက်။ (မွန်ချုပ် ၃၆) |
| ၂ | ဧပြီ | ၁၁၀၂ | တံခါးပေါက်များ စလုပ်။ (မွန်ချုပ် ၃၇) |
| ၇ | ဧပြီ | ၁၁၀၂ | တိုင်များတွင် ထုတ်လျှိုရန် အပေါက်များစဖေါက်။ (မွန်ချုပ် ၃၄) |
| ၉ | ဧပြီ | ၁၁၀၂ | တံခါးခုံများ စလုပ်၊ ဘေးတိုင်များထူ၊ လှေခါးများ တပ်ရန်ပြင်ဆင်။ (မွန်ချုပ် ၃၇) |
| ၁၁ | ဧပြီ | ၁၁၀၂ | လှေကားများ တပ်။ (မွန်ချုပ် ၃၇) |
| ၁၆ | ဧပြီ | ၁၁၀၂ | ခေါစာ ချ။ (မွန်ချုပ် ၃၇) |
| ၂၅ | ဧပြီ | ၁၁၀၂ | ပြာသာဒ် စတင်။ (မွန်ချုပ် ၃၈) |
| ၆ | မေ | ၁၁၀၂ | တံခါးပေါက်များ၌ပူဇော်ပွဲပြင်။ (မွန်ချုပ် ၃၈) |
| ၉ | မေ | ၁၁၀၂ | သီဟာသနပလ္လင်ဆောင်ဝယ် လှပတင့်တယ်စေရန် ပန်းချီပန်းပုများဆင်ယင်၊ သိရီနတ်သမီးကို ပူဇော်။ (မွန်ချုပ် ၃၈–၄၀) |
| | | ၁၁၁၂ | ထလိုမင် သေမတတ်နာ။ (မွန်ချုပ် ၅၆၊ ၅၇) |
| | | ၁၁၆၄ | သီဟိုဠ်တွင် သာသနာ သန့်စင်အောင် သဃ်ဇောဓိပရက္ကမဗာဟုမင်းက မဟာဝိရဂိုဏ်းတစ်ခုတည်းကိုသာ အားပေးလျက် ကျန်ဂိုဏ်းများကို နှိမ်နင်း။ (ကလျာ ၆၈) |
| | | ၁၁၇၀ | ပုဂံမှာ ဥတ္တရာဇီဝမထေရ် သီဟိုဠ်ကျွန်းသို့ကြွ။ ဆပဋ္ဌ သာမဏေလည်းပါ။ (ကလျာ ၅၂) |
| | | ၁၁၈၁ | ဆပဋ္ဌ သာမဏေမှ ဆပဋ္ဌ မထေရ်ဖြစ်လာသည့် ဆရာတော်သည် အပေါင်းအပါမထေရ် လေးပါးတို့နှင့် သီဟိုဠ်မှ ပုဂံသို့ ကူးလာ။ (ကလျာ ၅၃–၅၄) |
| | | ၁၂၄၅ | ဆပဋ္ဌ မထေရ်နှင့် အတူကြွလာသော အာနန္ဒာမထေရ် ပုဂံ၌ အနှစ်ငါးဆယ့်လေးနှစ် နေပြီးနောက် ပျံလွန်။ (ကလျာ ၅၆) |

| | | | |
|---|---|---|---|
| | | ၁၄၃၆ | ရာမရာဇဓိရာဇ်ဘွဲ့ခံ ဗညားရံ။ (၁၄၂၆–၄၆) မင်းက ရွှေတိဂုံဘုရားကိုပြုပြင်။ (မွန်ချုပ် ၈၀) |
| ၁၀ | အောက်တိုဘာ | ၁၄၂၂ | သိဝက သူကြွယ်တည်ထားသော ကျိုက်လတ်မြို့ ထလုဘုရား ဌာပနာတိုက်ပိတ်။ (မွန်ချုပ် ၅၉) |
| ၂၅ | စက်တင်ဘာ | ၁၄၅၅ | ဗညားထော ဘွဲ့ခံ ဘုရင်မ ရှင်စောပု (၁၄၅၃–၇၂) သည် ကျိုက်မရောဘုရား တည်ပြီးသဖြင့် ဘုရားမှာ မြေလှူ။ (မွန်ချုပ် ၆၀) |
| | | ၁၄၅၇ | ဗညားထောသည် သမက်တော် ရာမာဓိပတိ ဘွဲ့ခံ ဓမ္မစေတီကို ပြည်ရေးရာမှု စီမံရန်လွှဲ။ (မွန်ချုပ် ၆၁) |
| | | ၁၄၅၈ | ရာမာဓိပတိသည် ရာမညဒေသတွင် သာသနာ သန့်စင်ရေး ဆောင်ရွက်ရန်ကြံရွယ်။ (ကလျာ ၅၉) |
| | | ၁၄၆၁ | ပဲခူးတွင် ကျုံးတံတိုင်းများ ခိုင်ခန့်အောင် ကာကွယ်ရေး အစီအမံများ အစပြု။ (မွန်ချုပ် ၆၂) |
| ၇ | ဧပြီ | ၁၄၆၂ | ရာမာဓိပတိမင်း တည်ဆောက်သော မဟာရာမ ဝိဟာရပြီး။ (မွန်ချုပ် ၆၂) |
| | | ၁၄၆၉ | ဗညားထောနှင့် ရာမာဓိပတိတို့က ပျက်နေသော စေတီ ခုနစ်ဆူကို ပြင်စေ။ (မွန်ချုပ် ၆၃) |
| ၂ | ဇန်နဝါရီ | ၁၄၇၀ | ပြင်ဆင်ပြီးစီးသည့် စေတီခုနစ်ဆူ၏ ကုသိုလ်ကို အမျှဝေ။ (မွန်ချုပ် ၆၄၊ ၆၅) |
| | | ၁၄၇၂ | ရာမာဓိပတိ ၁၄၇၂–၉၂ မင်းအဖြစ်ဆက်ခံ။ |
| | | ၁၄၇၅ | ရာမာဓိပတိသည် သာသနာကို ပြုပြင်လိုက သိမ်သမုတ်ခြင်းက စတင် ဆောင်ရွက်မည်ဟု သဘောပေါက်လျက် မောဂ္ဂလန် မဟာထေရ် အမှူးရှိသော သံဃာ နှစ်ဆယ့်နှစ်ပါးတို့နှင့် |



| | | | |
|---|---|---|---|
| | | | တိုင်ပင်။ (ကလျာ ၆၆၊ ၆၉) |
| ၁၁ | ဇန်နဝါရီ | ၁၄၇၆ | ရာမာဓိပတိမင်းက ကျိုက်ပွန်ဘုရားတည်ရန် စီစဉ်။ (မွန်ချုပ် ၆၆) |
| ၂၁ | ဇန်နဝါရီ | ၁၄၇၆ | သာသနာ ပြုပြင်ရေးအတွက် မောဂ္ဂလန် မဟာထေရ်နှင့် ရဟန်းဆယ်ပါးသည် ရာမဒူတ သင်္ဘောစီးလျက် ယောဂမြစ်ဝမှ သီဟိုဠ်သို့ စထွက်။ (ကလျာ ၇၂) |
| ၁၆ | ဖေဖော်ဝါရီ | ၁၄၇၆ | သိဝလိမဟာထေရ်တို့ ကလမ္ဗုဆိပ်သို့ရောက်၊ ဘုဝနေကဗာဟုမင်းကို အကြောင်းကြား။ (ကလျာ ၇၂) |
| ၂၃ | ဖေဖော်ဝါရီ | ၁၄၇၆ | သိဝလိမထေရ်တို့ကို ဘုဝနေကဗာဟုမင်းက ကြိုယူ။ မထေရ်တို့ အနုရာဓမြို့သို့ ဘုရားဖူးရန် ဆက်လက်ထွက်ခွာ။ (ကလျာ ၇၂) |
| ၃ | မတ် | ၁၄၇၆ | မောဂ္ဂလန် မဟာထေရ်နှင့် ရဟန်းဆယ်ပါးတို့ စီးသော သင်္ဘောသည် လေလှိုင်းမိ၍ ဆင်းရဲ ငြိုငြင်စွာဖြင့် ဝလ္လိရာဆိပ်တွင်ဆိုက်။ ဂါရစီ ခေါင်းဆောင်သည့် သူပုန်တို့ သောင်းကျန်းသော ဒေသဖြစ်ခြင်းကြောင့် ခရီးမဆက်ပံ့ သဖြင့် ခေတ္တ ဆိုင်းငံ့နေရ။ (ကလျာ ၇၃) |
| ၆ | မတ် | ၁၄၇၆ | ကျိုက်ပွန်ဘုရားတည်ခြင်းစ။ (မွန်ချုပ် ၇၃) |
| ၇ | ဧပြီ | ၁၄၇၆ | မောဂ္ဂလန်အဖွဲ့ ခရီးဆက်။ (ကလျာ ၇၃) |
| ၁၃ | ဧပြီ | ၁၄၇၆ | မောဂ္ဂလန်အဖွဲ့ ဇယဝဍ္ဎမြို့ရောက်။ ဘုဝနေကဗာဟုက ကြိုယူ။ (ကလျာ ၇၃) |
| ၆ | ဇူလိုင် | ၁၄၇၆ | သိဝလိအဖွဲ့ မောဂ္ဂလန်အဖွဲ့ ပူးပေါင်းမိပြီ ဖြစ်သောကြောင့် စွယ်တော်ကို ဖူးမြော်ရန် တိုက်ဖွင့်ပေး။ (ကလျာ ၇၃) |
| ၁၆ | ဇူလိုင် | ၁၄၇၆ | ရာမညလာ ရဟန်းတို့ကို လူဝတ်လဲ၍ သာမဏေ ဝတ်စေပြီးမှ မထေရ်ငါးပါးကို ဦးစွာ |

| | | | |
|---|---|---|---|
| | | | ရဟန်းခံ၍ပေး။ (ကလျာ ၇၄) |
| ၁၇ | ဇူလိုင် | ၁၄၇၆ | နောက်ထပ် ဆယ်ပါး ရဟန်းခံ။ (ကလျာ ၇၅) |
| ၁၈ | ဇူလိုင် | ၁၄၇၆ | နောက်ထပ် ခုနစ်ပါး ရဟန်းခံ။ (ကလျာ ၇၅) |
| ၁၉ | ဇူလိုင် | ၁၄၇၆ | မူလ ဆရာတော် နှစ်ဆယ့်နှစ်ပါးတို့၏ တပည့် နှစ်ဆယ့်နှစ်ဦးတို့ ရဟန်းခံ။ (ကလျာ ၇၅)[၃၆၃] |
| ၃ | စက်တင်ဘာ | ၁၄၇၆ | သီဟိုဠ်မှ ပြန်ခဲ့သည့် မောဂ္ဂလန်အဖွဲ့ ယောဂ မြစ်ဝသို့ဝင်၊ တဂုံမှာ ခေတ္တနားရန် ရာမာဓိပတိက စီမံ။ (ကလျာ ၇၇) |
| ၂၅ | စက်တင်ဘာ | ၁၄၇၆ | ရွှေတိဂုံမှာ ခေါင်းလောင်းကြီးလှူရန် ရာမာဓိပတိ ပဲခူးက ထွက်။ (ကလျာ ၈၀) |
| ၃၀ | စက်တင်ဘာ | ၁၄၇၆ | တဂုံသို့ရောက်နှင့်ပြီးသော သီဟိုဠ်ပြန် မောဂ္ဂလန် အဖွဲ့ကို ရာမာဓိပတိက ရွှေတိဂုံကုန်းသို့ ပင့်၍ ဆွမ်းကပ်။ (ကလျာ ၈၀) |
| ၂ | အောက်တိုဘာ | ၁၄၇၆ | အချိန်သုံးထောင်ရှိခေါင်းလောင်းကြီးကို ရွှေတိဂုံမှာ ရာမာဓိပတိက ဆွဲလှူ။ |
| ၃ | အောက်တိုဘာ | ၁၄၇၆ | တဂုံရှိ သံဃာကုန်ကို ရာမာဓိပတိက ဆွမ်းကပ်။ (ကလျာ ၈၀) |
| ၆ | အောက်တိုဘာ | ၁၄၇၆ | ရာမာဓိပတိ တဂုံမှ ပဲခူးသို့ပြန်။(ကလျာ ၈၀) |
| ၁၀ | အောက်တိုဘာ | ၁၄၇၆ | ရာမာဓိပတိ ပဲခူးသို့ရောက်။ (ကလျာ ၈၀) |
| ၁၂ | အောက်တိုဘာ | ၁၄၇၆ | သီဟိုဠ်ပြန်မထေရ်တို့နှင့် တိုင်ပင်လျက် သိမ်သစ်သမုတ်ရမည့် နေရာကို ရွေးချယ်ရာ နရသူရအမတ်၏ ကွမ်းသီးခြံအနီးရှိ မြေကွက်ကို တွေ့ရှိ၍ အကြိုက်ညီသဖြင့် ထိုနေရာ၌ သိမ်သမုတ်ရန် ပြင်ဆင်။ (ကလျာ ၈၄) |
| ၂၃ | နိုဝင်ဘာ | ၁၄၇၆ | သိမ်သစ်သမုတ်၍ ကလျာဏီသိမ်ဟု အမည်ပေး။ (ကလျာ ၈၄၊ ၉၄၊ ၉၈) |



| | | | |
|---|---|---|---|
| ၂၄ | နိုဝင်ဘာ | ၁၄၇၆ | သိမ်သစ်မှာ ရဟန်းခံမည့်သူများကို သုဝဏ္ဏသောဘဏာမထေရ်က ဥပဇ္ဈာယ်ပြု၍ အကြိမ်ကြိမ် ရဟန်းခံပွဲများ စလုပ်၊ ရဟန်းခံပွဲများမှာ အစုစု သုံးနှစ်ကြာ၊ ရဟန်းကြီး အပါး ၈၀၀၊ ရဟန်းငယ် ၁၄၂၆၅ ပါး ရဟန်းခံပြီး (ကလျာ ၈၈၊ ၉၂) သာသနာပြုပြင်ရေး အကြံအစည်မှာ နောင်တစ်ဆယ့်ရှစ်နှစ်ကြာမှ အောင်မြင်။ |
| ၂၇ | နိုဝင်ဘာ | ၁၄၇၆ | ရာမညဒေသတစ်ဝန်း နေရာများစွာ၌ သိမ်သစ်များသမုတ်ရန် လုပ်ငန်းစ။ (ကလျာ ၉၅)[၃၆၅] |
| ၃၀ | နိုဝင်ဘာ | ၁၄၇၆ | ရဟန်းသစ် ၂၄၅ ပါးကို ရာမာဓိပတိက ဆွမ်းကျွေး။ နောင်အခါ ရဟန်းသစ်ကို လက်ခံသောအခါ မည်သို့သော သဘောများ ပြည့်စုံပါစေဟု မင်းက သံဃာအပေါင်းအား ပန်ကြား။ (ကလျာ ၈၉) |
| ၁၅ | ဧပြီ | ၁၄၇၇ | သီဟိုဠ်မင်း ဘုဝနေကဗာဟု၏ အပြန် လက်ဆောင်ကို စောင့်ကြိုယူနေရသော စိတြဒူတ သင်္ဘောစီး သီဝလိမထေရ် ခေါင်းဆောင်သော အဖွဲ့သည် သင်္ဘောထွက်စ မုန်တိုင်းမိ၍ သင်္ဘောပျက်၍ ဖောင်ဖြင့် တောင်အိန္ဒိယရှိ နာဂပဋ္ဋဆိပ်သို့ရောက်။ ထိုဆိပ်မှ ပြန်လည်ထွက်ခွာသောအခါ တစ်ပေါင်းတည်း သင်္ဘောနေရာမရသဖြင့် အကွဲကွဲ စီးရ။ (ကလျာ ၇၉) |
| ၂၄ | ဧပြီ | ၁၄၇၇ | တစ်ပါးတည်း ထွက်လာသော ရူဠဘယတိဿမထေရ် နာဂရာဇ်ဝ ရောက်။ (ကလျာ ၇၉) |
| ၈ | မေ | ၁၄၇၇ | သီဟိုဠ်ပြန် မထေရ်သုံးပါး နာဂရာဇ်ဝရောက်။ (ကလျာ ၇၉) |
| ၁၂ | မေ | ၁၄၇၇ | အဆိုပါ မထေရ်သုံးပါး ကုသိမ် (ပုသိမ်) |

| | | | |
|---|---|---|---|
| | | | ရောက်။ (ကလျာ ၇၉) |
| ၁၅ | မေ | ၁၄၇၇ | စူဠဘယတိဿ ကုသိမ်ရောက် (ကလျာ ၇၉) |
| ၂၂ | ဇွန် | ၁၄၇၇ | မထေရ်လေးပါး ပေါင်းလျက် ပဲခူးရောက်။ (ကလျာ ၇၉) |
| ၂၃ | ဩဂုတ် | ၁၄၇၇ | ကလျာဏီစေတီ ဌာပနာ၍ ကလျာဏီ ဗောဓိ ပင်စိုက်။ (ကလျာ ၉၉) |
| ၈ | ဇူလိုင် | ၁၄၇၉ | ရာမာဓိပတိက သမီးတော် တလမေဝန္ဒဝတီနှင့် သမ◌ ်ဒတော် . . မြို့စား . . တို့ကို ပဲခူး နဟာနစေတီ တည်ခိုင်း (မွန်ချုပ် ၇၃)။ သမီး တော် . . နှင့် သမက်တော် ဒလမြို့စား . . တို့ကို ပဲခူး ဘူမိသင်္ကမန စေတီတည်ခိုင်း (မွန်ချုပ် ၇၃)။ သမီးတော် တလမကြီးနှင့် သမက်တော် စမြင် မြို့စား . . တို့ကို ပဲခူး ဒိဝါဝိဟာရ စေတီတည်ခိုင်း (မွန်ချုပ် ၇၄)။ ပဲခူးစား ယောဂရာဇ်ကို ပဲခူး မုစလိန္ဒာစေတီ တည်ခိုင်း (မွန်ချုပ် ၇၄)။ သမီးတော် ပာလ သင်ဇာနှင့် သမက်တော် သန်လျင်မြို့စား သမိန် ဝါရန်တို့ကို ပဲခူး သုပ္ပတိဋ္ဌစေတီ တည်ခိုင်း (မွန်ချုပ် ၇၁)။ မြိုင် မြို့စား အဲဂံဗိန်ကို ပဲခူး ဥပကသမာဂမ စေတီတည်ခိုင်း (မွန်ချုပ် ၇၅)။ ဘုရားပွင့်ရာ ဗုဒ္ဓဂါယာရှိ အထိမ်းအမှတ် နေရာ များစွာ၏ အတိုင်းအတာများနှင့် ကိုက်ညီစေ လျက် ပဲခူးတွင် အလားတူ အထိမ်းအမှတ် နေရာများကို သတ်မှတ်ပေး (မွန်ချုပ် ၇၅–၆)။ သားတော် မဟာရာဇဒေဝကို ပဲခူး အဇပါလ စေတီတည်ခိုင်း။ (မွန်ချုပ် ၇၁) |
| ၁၅ | စက်တင်ဘာ | ၁၄၇၉ | သီဟိုဠ်မှ ပြန်လာသော ရဟန်းအချို့ သင်္ဘော ပျက်၍ တောင်အိန္ဒိယသို့ ရောက်ရှိနေကြပြီးမှ |



| | | | |
|---|---|---|---|
| | | | မင်္ဂလမထေရ်နှင့် ရဟန်းငါးပါးတို့ ကောမလ ဆိပ်မှ ရာမညသို့ ပြန်ရန်ထွက်။ (ကလျာ ၇၉) |
| ၁၅ | အောက်တိုဘာ | ၁၄၇၉ | မင်္ဂလမထေရ်တို့စီးသော သင်္ဘော နာဂရာဇ်ဝ ရောက်။ (ကလျာ ၇၉) |
| ၂၅ | အောက်တိုဘာ | ၁၄၇၉ | မင်္ဂလမထေရ်တစ်ပါးသာ ကုသိမ်ရောက်။ ကျန် ငါးပါး လမ်းမှာ လွန်။ (ကလျာ ၈၀) |
| ၂၈ | အောက်တိုဘာ | ၁၄၇၉ | မင်္ဂလမထေရ် ပဲခူးရောက်။ (ကလျာ ၈၀) |
| ၂၄ | ဖေဖော်ဝါရီ | ၁၄၈၀ | ရာမာဓိပတိ ရဟန်းတကာခံသည့် ကလျာဏီ သိမ်၌ ရဟန်း ၆၀၀ ရဟန်းခံပွဲစ။ (ကလျာ ၁၀၂၊ ၁၀၄) |
| ၂၈ | ဖေဖော်ဝါရီ | ၁၄၈၀ | ရဟန်း ၆၀၀ ရဟန်းခံပွဲပြီး။ (ကလျာ ၁၀၄) |
| ၂၉ | ဖေဖော်ဝါရီ | ၁၄၈၀ | ရဟန်းသစ်တို့ကို ဆွမ်းကျွေး၊ အထူးထူးသော လှူဖွယ်ပစ္စည်းတို့ကို ပေးလှူ။ (ကလျာ ၁၀၄) |
| | | ၁၄၈၂ | ဗညားရံ ၁၄၈၂–၁၅၂၆ မင်းဖြစ်။ |
| ၂၃ | နိုဝင်ဘာ | ၁၄၈၃ | မုတ္တမ ကျိုက်ဖျင်ဘုရားတွင် ဆွဲလှူရန် သမိန် လဂွန်းဗြုက ခေါင်းလောင်းသွန်း။ (မွန်ချုပ် ၁၀၀) |
| ၁၇ | အောက်တိုဘာ | ၁၅၀၄ | ဗညားရံ (၁၈၄၂–၁၅၂၆) လက်ထက် မွန်တို့ ဒေသတစ်ခုလုံး၏ စစ်သေနာပတိ သိရိမနော ရာဇာနှင့် မယား သိရိသုဝဏ္ဏဝတီတို့ ဓာတ် တော်ဌာပနာ၍ စေတီတည်ကြောင်း ကြေးပြား မှာ မှတ်တမ်းတင် (တည်သောစေတီ နေရာ မသိ၊ ကြေးပြားမှာ ယခု ဘန်ကောက်ပြတိုက် ၌ရှိ)။ (မွန်ချုပ် ၁၀၀) |
| ၁၄ | ဇွန် | ၁၅၂၄ | မ်သုံ၏ ပုသိမ် ရေကြည်ရေနောက် ဘုရားမှာ ကျုံပျော်ရွာသား သမြင်းကုန်းရွာသားနှင့် သာပေါင်းရွာသားတို့ စု၍ ကြေးဆင်းတုနှစ်ဆူ ဌာပနာသည်။ (မွန်ချုပ် ၁၀၁) |

| | | | |
|---|---|---|---|
| | | ၁၅၂၆ | တကာရွက်ပိ ၁၅၂၆–၃၉ မင်းဖြစ်။ |
| | | ၁၅၂၇ | မော်လမြိုင် ကျိုက်သန်လန်ဘုရား၏ ခေါင်းလောင်းတကာ သိင်္ဂသူရသည် မော်လမြိုင်မြို့စားဟောင်း ခေမာဝ သေလွန်သဖြင့် မြို့စားနေရာကို ဆက်ခံရသူ ဖြစ်သည်။ (ကလျာ ၁၀၂) |
| ၁၉ | စက်တင်ဘာ | ၁၅၃၃ | ပုသိမ် ကန်သုံးဆင့်၌ ကုသိုလ်ကောင်းမှု များစွာပြုသည်။ (မွန်ချုပ် ၁၀၄) |
| ၂၃ | နိုဝင်ဘာ | ၁၅၃၃ | မော်လပြိုင်မြို့စား သိင်္ဂသူရသည် ကျိုက်သန်လန်ဘုရားမှာ ကြေးခေါင်းလောင်းဆွဲလှူ။ (မွန်ချုပ် ၁၀၁) |
| ၄ | အောက်တိုဘာ | ၁၅၃၃ | ပုသိမ် ကန်သုံးဆင့်၌ နောက်ထပ်ကောင်းမှုများပြု။ (မွန်ချုပ် ၁၀၄) |
| ၁၀ | ဧပြီ | ၁၅၄၁ | ပုသိမ်ရွှေမုဋ္ဌောဘုရားတွင် ဂုနာမင်း၏ အလှူတော်ဖြစ်သော မြေနှင့် ကျွန်စာရင်းကို ကျောက်စာမှတ်တမ်းတင်။ (မွန်ချုပ် ၁၀၄) |
| ၁၂ | ဧပြီ | ၁၅၄၁ | ဂုနာမင်းက ပုသိမ် ရွှေမုဋ္ဌောကို လှူသောမြေ၏ အပိုင်းအခြားကို သတ်မှတ်။ (မွန်ချုပ် ၁၁၄) |
| | | ၁၅၄၈ | ဂုနာမင်း၏ အလှူတော်များ ရေစက်ချ အမျှဝေ။ (မွန်ချုပ် ၁၁၅) |
| ၁၁ | ဇန်နဝါရီ | ၁၅၅၁ | ဟံသာဝတီ ဆင်ဖြူရှင်ဟု ကျော်ကြားသည့် သီရိပရမ မဟာဓမ္မရာဇာဓိရာဇ တောင်ငူကို အောင်။ (မွန်ချုပ် ၁၀၆) |
| ၃၀ | ဩဂုတ် | ၁၅၅၁ | ဆင်ဖြူရှင် ပြည်မြို့ကိုအောင်။ (မွန်ချုပ် ၁၀၆) |
| ၁၂ | မတ် | ၁၅၅၂ | ဆင်ဖြူရှင် ဟံသာဝတီကိုအောင်။ (မွန်ချုပ် ၁၀၆) |
| ၁၂ | ဇန်နဝါရီ | ၁၅၅၄ | ဆင်ဖြူရှင် ဘိသိက်ခံ။ (မွန်ချုပ် ၁၀၆) |
| ၂၂ | ဇန်နဝါရီ | ၁၅၅၅ | ဆင်ဖြူရှင် အဝကိုအောင်။ (မွန်ချုပ် ၁၀၆) |



| | | | |
|---|---|---|---|
| ၉ | နိုဝင်ဘာ | ၁၅၅၆ | ဆင်ဖြူရှင် သျှမ်းအပေါင်းကို သိမ်းသွင်းရန် အညာဆန်။ (မွန်ချုပ် ၁၀၇) |
| ၈ | ဇန်နဝါရီ | ၁၅၅၇ | အဝမှဆက်၍ အညာဆန်။ (မွန်ချုပ် ၁၀၇) |
| ၁၀ | ဇန်နဝါရီ | ၁၅၅၇ | ဆင်ဖြူရှင် မိုးမိတ်၊ သီပေါနှင့် ပတ္တမြားတွင်းကို အောင်။ (မွန်ချုပ် ၁၀၇) |
| ၈ | ဖေဖော်ဝါရီ | ၁၅၅၇ | ဆင်ဖြူရှင် မိုးမိတ်အနောက်မြောက်ထောင့်မှာ ဘုရားတည်။ (မွန်ချုပ် ၁၀၇)[၃၇၂] |
| ၁၀ | ဖေဖော်ဝါရီ | ၁၅၅၇ | ဆင်ဖြူရှင် သီပေါတွင် စေတီတစ်ဆူတည်။ မိုးမိတ်မှာ စော်ဘွားကြီး၏မြေးကို စော်ဘွားတင်။ သီပေါမှာ သုံးဆယ်မင်းသားကို စော်ဘွားတင်။ (မွန်ချုပ် ၁၀၇) |
| ၁၇ | ဖေဖော်ဝါရီ | ၁၅၅၆ | ဆင်ဖြူရှင် မိုးမိတ်က ဆက်ချီ။ (မွန်ချုပ် ၁၀၇) |
| ၂၀ | ဖေဖော်ဝါရီ | ၁၅၅၇ | ဆင်ဖြူရှင် ထီးချိုင့်သို့ရောက်ရန် မြစ်၏ အနောက်ဘက်ကမ်းကို တံတားပစ်၍ စစ်သည်များနှင့်ကူး။ (မွန်ချုပ် ၁၀၇) |
| ၂၈ | ဖေဖော်ပါရီ | ၁၅၅၇ | ထီးချိုင့်မှ ဆက်ချီ။ (မွန်ချုပ် ၁၀၇) |
| ၆ | မတ် | ၁၅၅၇ | ဆင်ဖြူရှင် မိုးညှင်းကို အောင်။ (မွန်ချုပ် ၁၀၈) |
| ၂၆ | မတ် | ၁၅၅၇ | ဆင်ဖြူရှင် မိုးကောင်းကိုအောင် (မွန်ချုပ် ၁၀၈) |
| ၂ | ဧပြီ | ၁၅၅၇ | မိုးကောင်း မိုးညှင်းတို့ကို စော်ဘွား ဆက်လက်ခန့်၊ အရှင်သေလျှင် ကျွန်ကိုသတ်၍ ထည့်လိုက်ရသော အလေ့ကို အမိန့်တော်နှင့် မြစ်တား။ (မွန်ချုပ် ၁၀၈) |
| ၉ | ဧပြီ | ၁၅၅၇ | ဆင်ဖြူရှင် မိုးကောင်းမှပြန်။ (မွန်ချုပ် ၁၀၈) |
| ၂၃ | မေ | ၁၅၅၇ | ပုဂံရွှေစည်းခုံမှာ ဆွဲလှူရန် ခေါင်းလောင်းကြီးသွန်း။ (မွန်ချုပ် ၁၀၈) |
| | | ၁၇၄၆ | ဟံသာဝတီမှာ ဗညားဒလ (၁၇၄၆–၅၇) မင်းဖြစ်။ (မွန်ချုပ် ၁၀၉) |
| ၂၁ | ဒီဇင်ဘာ | ၁၇၄၈ | ဟံသာဝတီမင်းညီတော် အိမ်ရှေ့မင်းက တိုင်မ |

| | | | |
|---|---|---|---|
| | | | လေးဆယ်၊ အရံတိုင်ကိုးဆယ်ရှိ ပဒ္ဒာန်း ဇရပ် ဆောက်။ (မွန်ချုပ် ၁၀၉) |
| ၉ | ဧပြီ | ၁၇၄၉ | အိမ်ရှေ့မင်း ဇရပ်မှာ တင်ထားကိုးကွယ်ရန် ဆင်းတုတော်ကြီး နှစ်ဆူပြီး။ (မွန်ချုပ် ၁၀၉–၁၀) |
| ၁၈ | ဇန်နဝါရီ | ၁၇၅၃ | အိမ်ရှေ့မင်း ဇရပ်နံရံတို့မှာ ရုပ်အထူးထူး ဆွဲ၍ပြီး။ (မွန်ချုပ် ၁၁၀) |
| ၂၉ | အောက်တိုဘာ | ၁၇၅၄ | ဇရပ်မှာ ကြေးခေါင်းလောင်းကြီးဆွဲ။ (မွန်ချုပ် ၁၁၀) |

ယင်းသို့ သက္ကရာဇ် ရက်စွဲတို့ကို စဉ်၍ ကြည့်သောအခါတွင် ကာလ အပိုင်းအခြားအားဖြင့် တစ်ဆယ့်တစ်ရာစုမှစ၍ တစ်ဆယ့်ရှစ်ရာစုအထိ အနှစ် ခုနှစ်ရာရှိသည်ကို တွေ့ရသော်လည်း၊ စင်စစ်အားဖြင့် ပုဂံ **ထီလိုင်မင်း** (၁၀၈၄–၁၁၁၃)၏ခေတ်၊ ပဲခူး **ရာမာဓိပတိ** (၁၄၇၂–၉၂)၏ခေတ်၊ **ဟံသာ ဝတီ ဆင်ဖြူများရှင်** (၁၅၅၁–၈၁)၏ ခေတ်နှင့် ဟံသာဝတီ **ဗညားဒလ** (၁၇၄၆–၅၇)၏ ခေတ်ဟုဆိုရသော မင်းလေးပါးတို့၏ခေတ်ကိုသာ အသင့်အတင့် ပြည့်စုံအောင် ဖော်ပြနိုင်သည့် အထောက်အထားများဖြစ်ကြောင်း တွေ့ရပါသည်။ တစ်နည်းပြောရလျှင်၊ အဆိုပါ အထောက်အထားများကို အမှီပြုလျက် ပုဂံ၏ တစ်ဆယ့်တစ်ရာစုနှောင်း အခြေအနေ၊ ပဲခူး၏ တစ်ဆယ့်ငါးရာစု နှောင်း အခြေအနေ၊ ပဲခူး၏ တစ်ဆယ့်ရှစ်ရာစုလယ် အခြေအနေတို့ကို အနည်း ငယ်မျှ ဖော်ထုတ်နိုင်ခြင်းသာ ရှိပါသည်။

ဦးစွာပထမ ရေးမွန်ကျောက်စာပါ တစ်ဆယ့်တစ်ရာစု၏ အကြောင်း များကို တင်ပြလိုပါသည်။ ပုဂံ၏အကြောင်းကို ပိုမိုများပြားစွာ တွေ့ရှိသည် မှန်သော်လည်း သထုံအဝင်အပါ အောက်မြန်မာနိုင်ငံ၏ အကြောင်းကို အသင့် အတင့် ပြောနိုင်ပါသေးသည်။ သထုံရွှေစာရံဘုရားတွင် "တြာပ်" (မွန်ချုပ် ကျောက်စာအမှတ် ၁၊ ၁–၂)နှင့် "ပဏ္ဍိတ်" (မွန်ချုပ် ကျောက်စာအမှတ် ၂၊ ၃–၅)ဟု အမည်ပေးထားသော ကျောက်စာနှစ်တိုင် ရှိပါသည်။ တစ်ဆယ့် တစ်ရာစုလယ်က ရေးထိုးခဲ့ခြင်းဖြစ်မည်ဟု သာမညအားဖြင့် အကဲဖြတ်ကြပါ သည်။ ထိုကျောက်စာတို့အရ သထုံသည် ရန်သူတို့ ပတ်လည်ဝိုင်းလျက်



ရှိသော်လည်း (၁) မြို့၏ လုံခြုံရေးအတွက် ပြင်ဆင်မှုများ အဝင်အပါ တံတိုင်း ခိုင်ခံ့ခြင်း (၂) စိမံကွပ်ကဲသူသည် ထကြွဝီရိယရှိခြင်း၊ ရဲရင့်ခြင်း၊ ဉပါယ်တမျဉ် ဖြင့် ပြည့်စုံခြင်းနှင့် (၃) ရန်သူကို ခုခံတိုက်ခိုက်ခြင်းဟူသော ခံစစ်မျှဖြင့် နေမူ ၍ သွားရောက်တိုက်ခိုက် ဖမ်းဆီးခြင်းဟူသော တိုက်စစ်ကိုပါ ဆင်နွှဲခြင်း စသော အချက်များကြောင့် မွန် "သုံးနိုင်ငံ"တွင် သထုံနေရာမှာ "ဘေးမရှိသော အရပ်" ဖြစ်ကြောင်း ဖော်ပြသည်ကို တွေ့ရ၏။ စီမံကွပ်ကဲ အုပ်ချုပ်သူမှာ **မကုတ**ဖြစ်၍ လက်ရုံးရည် နှလုံးရည်ပါ ပြည့်စုံသူဟု ယူဆရပါသည်။ ပြင်ပမှ နှောင့်ယှက်သူတို့မှာ လဝနှင့် ဂျွမ်းများဖြစ်၍ ထိုရန်သူကို အခိုက်အတန့်အားဖြင့် တားဆီးတွန်းလှန်နိုင်မည် မှန်သော်လည်း၊ ရန်သူအစစ်မှာ အမျိုးသားစည်းလုံး ညီညွတ်ခြင်းမရှိသော အချက်ပင်ဖြစ်သည်ကို သတိပြုမိကြဟန် မတူချေ။ ထို့ကြောင့် အထက်မြန်မာနိုင်ငံမှ ဆင်းလာသောထိုးစစ် (ကလျာ ၅၂)ကို ခုခံ နိုင်ခြင်းမရှိကြောင်း နောက်ဆုံး တွေ့ရှိရပါသည်။ သထုံ ကလျာဏီသိမ် ကျောက်စာ အရ (မွန်ချုပ် ကျောက်စာအမှတ် ၃) သထုံတွင် ဗုဒ္ဓသာသနာ စည်ပင်ထွန်းကား မည်ဟု ယူဆဖွယ်ရှိပါသည်။ ကျောက်စာမှာ ဖတ်မရသော နေရာကွပ်လပ်များ သဖြင့် ယခုလို မှန်းဆရခြင်းဖြစ်၏။ သို့သော် ဖတ်ရသမျှ ပြောရလျှင် တစ်ကြိမ် ဟစ်ခါက ရဟန်းတစ်ထောင် ခံပွဲပင် ပြုလုပ်ဖူးသည်ဟု တွေ့ရ၏။ ရဟန်းများစွာကို တစ်စုတည်း ဉပသမ္ပဒါကံဆောင်ပွဲ ပြုလုပ်ပေးခြင်း သဘောမှာ သာသနာတည်စ၊ ထွန်းကားစအခါကို ရည်ညွှန်းလျက်ရှိပါသည်။ ကော့ဂွန်းဂူကျောက်စာ (မွန်ချုပ် ကျောက်စာအမှတ် ၄၊ သထုံ၌ ထိုကျောက်စာ၏ မိတ္တူရှိသည်။)တွင် မိဖုရားတစ်ပါး ခေါင်းဆောင်လျက် မြေပုံဘုရားနှင့် ကျောက် ရုပ်ပွားဆင်းတုများစွာ ထုလုပ်ကြောင်း တွေ့ရပြန်သဖြင့် မင်းမိဖုရားမှစ၍ ဗုဒ္ဓသာသနာကို သက်ဝင်ယုံကြည်လျက် အားပေးပြုစုခြင်းရှိသည်ဟု ဆိုရပေမည်။ မြေပုံဘုရားတို့၌ပါရှိသော မွန်ဘာသာရေး ဒါယိကာ ဒါယိကာမတို့၏ အမည်များကို ဖော်ပြပါမည်။

ခတ်မောင်/ (အုတ်၊ ပ၊ ၇၁)[၁]

---

† ၁။ မြ၊ ဦး။ ရှေးဟောင်းအုတ်ခွက် ရုပ်ပွားဆင်းတုတော်များ၊ ပထမတွဲ၊ ရန်ကုန်၊ ရှေးဟောင်းသုတေသနရုံး၊ တက္ကသိုလ်ပုံနှိပ်တိုက်၊ ၁၉၆၁၊ စာမျက်နှာ ၇၁။ ဤကျမ်းကို နောင်ကိုးကားလျှင် အတိုမှတ်အရ အုတ်၊ ပ ဟုသာ ဖော်ပြပါမည်။

| | |
|---|---|
| ခြယ်/မယ် | (အုတ်၊ ပ၊ ၇၀) |
| ဂေါင်/ကလန် | (အုတ်၊ ပ၊ ၇၀) |
| စိပေ/မိဖုရား | (အုတ်၊ ပ၊ ၂၅) |
| စေထောယ်နော်အံ | (အုတ်၊ ပ၊ ၆၄) |
| စန်ဒုမာ/သခင် | (အုတ်၊ ပ၊ ၂၁) |
| ဆူမ်/ငါ | (အုတ်၊ ပ၊ ၆၆) |
| တိရသ် | (အုတ်၊ ပ၊ ၆၅) |
| ပါ/မယ် | (အုတ်၊ ပ၊ ၆၇) |
| ပယ်ပွမ်/င | (အုတ်၊ ပ၊ ၇၁) |
| ပွောန်/ကလန် | (အုတ်၊ ပ၊ ၅၈) |
| ဗညာနော/သံဗျင် | (အုတ်၊ ပ၊ ၂၄) |
| ဗိသန္နရာဓ်/သံဗျင် | (အုတ်၊ ပ၊ ၂၀၊ ၂၂) |
| မန်ယာသောဟ်ဒ္ဓရာဟ် | (အုတ်၊ ပ၊ ၂၃)[၃၇၇] |
| မုတ္တမ မိဖုရား | (မှန်ချပ် ၆) |
| ယသ/မင်း | (အုတ်၊ ပ၊ ၂၁၊ ၆၇) |
| ယိခီ/ထဝယ်စားသံဗျင် | (အုတ်၊ ပ၊ ၅၉) |
| လာင်ယင်လေန် | (အုတ်၊ ပ၊ ၆၇) |
| သုဓမ္မာဟ် | (အုတ်၊ ပ၊ ၂၃) |
| သင်ဟောယ် | (အုတ်၊ ပ၊ ၇၁) |
| အနန္ဒဇေယဘိကြာန်/ထားဝယ်မြို့စား | (အုတ်၊ ပ၊ ၅၈၊ ၅၉) |
| အိတဲမိလအံ | (အုတ်၊ ပ၊ ၆၆) |
| အိုင်/မောင် | (အုတ်၊ ပ၊ ၇၀) |

ဤတွင် ကလန်၊ သံဗျင်၊ မြို့စား၊ မင်း၊ မိဖုရား၊ ဆိုသည့် မင်းပိုင်း စိုးပိုင်းက အမည်တို့ကို လည်းကောင်း၊ သခင်အခေါ်ခံသည့် ရဟန်းတစ်ပါး၏ ဘွဲ့ကို လည်းကောင်း၊ မောင်၊ မယ်၊ င စသော ရှေ့ဆက်များပါသော သာမန် အရပ်သားသမီးတို့၏ အမည်တို့ကို လည်းကောင်း တွေ့ရှိရပါသည်။ ကုသိုလ် ရှင်တို့အနက် တစ်ဆယ့်တစ်ရာစုအတွင်းက အများဆုံး ကြုံတွေ့ရသော မင်း၏



အမည်မှာ ဂြိတြိဘုဝနာဒိတျ ဓမ္မရာဇာဘွဲ့ခံ ထိလိုင်မင် (ကျန်စစ်သား)ပင် ဖြစ်ပါသည်။ အများပြည်သူတို့က ကျေနပ်နှစ်သက်သဖြင့် ရွေးကောက်တင်မြှောက် သော မင်းဖြစ်ဟန်ရှိသည်။ နန်းရသောနှစ်မှာ အေဒီ ၁၀၈၄ (မှန်ချပ် ၅၆။) ဖြစ်၍ ဘိသိက်ခံသည့်နှစ်မှ အေဒီ ၁၀၈၆ (မှန်ချပ် ၈၊ ၅၃)ဖြစ်၏။ မင်းဖြစ်၍ တစ်ဆယ့်နှစ်နှစ်ခန့်ရှိသောအခါ အလီလီသော အောင်မြင်မှုတို့ကြောင့် ဘွဲ့ကို ထပ်မံတိုးပွားစေလျက် ဂြိတြိဘုဝနာတျဓမ္မရာဇာဓိရာဇာ ပရမေသွရဗလစကြဝရ (မှန်ချပ် ၄၂၊ ၄၄၊ ၅၂၊ ၅၄။) ဟူ၍ ဖြစ်လာပါသည်။ ထိုမင်းကား မင်းမျိုး မဟုတ်သော်လည်း မင်းဖြစ်လာသည့် "ငတပါးမင်း"ပင် ဖြစ်ပါသည်။ ထို့ကြောင့် သူ၏ မျိုးရိုးအဆက်ကို ပြောရာ၌ မင်းမျိုးထက် ကြီးကျယ်သည်ကို အလိုရှိ သဖြင့် အဖကား နေနတ်မျိုး၊ အမိကား ဝါးလုံးအတွင်းမှ ပေါက်ဖွားသူ (မှန်ချပ် ၄၅။)ဟု ဖော်ပြခဲ့သည်။ ဆိုလိုသည်မှာ အနိရုဒ္ဓ၏ အရိုးအဆက်နှင့် မည်သို့မျှ မပတ်သက်ခြင်းပင် ဖြစ်ပါသည်။ ထို့ထက်ထူးသည်ကား ဤမင်းသည် ဘုရား သခင်၏ ဗျာဒိတ်ရ (မှန်ချပ် ၈၊ ၂၀။) ပုဂ္ဂိုလ်ဖြစ်၍ အခြားမင်းတို့ထက် ဂုဏ်ထူးသည်ဟု အထပ်ထပ် ဖော်ပြနေခြင်းပင် ဖြစ်ပါသည်။ မြန်မာသမိုင်း တစ်လျှောက်တွင် "ငတပါးမင်း"တို့သည် အရိုးအဆက် မင်းဖြစ်သင့်သူကို ပယ်၍ မိမိတို့ မင်းဖြစ်လာသောအခါ ဘုရားဗျာဒိတ် (မှန်ချပ် ၂၀)° ကားရှိ၍ မင်းဖြစ်လာသူတည်းဟု၊ ဗျာဒိတ်တစ်ခု တီထွင်တတ်သော ဓလေ့ရှိကြောင်း တွေ့ရပါသည်။ ယင်းသို့ ထီးနန်းမသက်ဆိုင်ဘဲ ရယူသော်လည်း ထိလိုင်မင် သည် "ရှေးမင်းတို့၏ အမျိုးအနွယ်ကို ချီးမြှင့်စောင့်ရှောက်"သည်ဟု (မှန်ချပ် ၁၆။) တွေ့ရသဖြင့် ယခင် အနိရုဒ္ဓမင်းဆက်မှ မင်းညီမင်းသားတို့ကို ဖမ်းဆီး သတ်ဖြတ်ခြင်း မရှိသည့်ပြင် ကောင်းစွာ စောင့်ရှောက်လျက်ထားသည်ဟု ယူရန် ရှိသည်။

ထိလိုင်မင် ရေးထိုးသည့် ညောင်ဦး ရွှေစည်းခုံဘုရားတွင် တွေ့ရသော ကျောက်စာနှစ်တိုင် ပေါင်း ရှစ်မျက်နှာတွင် တစ်ဆယ့်တစ်ရာစု၏ နောက်ပိုင်း နှစ်အစိတ်အခြေအနေကို ဤသို့ "ဖြစ်လတံ့"ဟု ကြို၍ ပြောထားဟန်ဖြင့် မှတ်တမ်းတင်ခဲ့ပါသည်။ မင်းဖြစ်သူသည် ကောင်းသောအကျင့်ရှိခြင်း (မှန်ချပ် ၉။) မကောင်းသော စရိုက်တို့ကို သုတ်သင်ပစ်ခြင်း (မှန်ချပ် ၉။) ပြည်တွင်း ပြည်ပရန်ကို ကာကွယ်ပေးခြင်း (မှန်ချပ် ၁၀။) နိုင်ငံတကာနှင့် ဆက်ဆံရေး

ပြေပြစ်ခြင်း (မွန်ချူပ် ၁၄။) အစားအစာ အဝတ်တန်ဆာတို့ကိုစွန့်ခြင်း (မွန်ချူပ် ၁၀။) စိုက်ပျိုးရေး ဖြစ်ထွန်းအောင်မြင်ခြင်း (မွန်ချူပ် ၁၅။) ဗုဒ္ဓသာသနာကို စည်ပင်ထွန်းကားစေခြင်း (မွန်ချူပ် ၉။)တို့ကြောင့် နိုင်ငံတွင်း၌ ခိုးသားဒမြမရှိ၊ ငြိမ်းချမ်းသာယာလျက် နိုင်ငံတော်လည်း ကျယ်ဝန်းသည် (မွန်ချူပ် ၉။)ဟု သိရပါသည်။ စစ်သုံ့ပန်းအဖြစ်ဖြင့် အဖမ်းခံရသဖြင့် "ရေစုန်"အရပ်သို့ ပါသွားသူတို့ကို "ရေဆန်" အရပ်သို့ပြန်လာ (မွန်ချူပ် ၁၀။) ပြီးနောက် ပျက်စီးလေပြီးသော မြို့ရွာတို့ကိုလည်း ရှေးယခင်ကထက် ကောင်းမွန် သာယာစည်ပင်အောင် ပြုစုပေးကြောင်း (မွန်ချူပ် ၁၃။) တွေ့ရပါသည်။ ဤစကားတို့မှာ ထိုအခါက ပြည်တွင်းစစ် သဘောမျိုးရှိခဲ့ပြီးနောက် ယုအန္တရာယ်မှ လွန်မြောက်သဖြင့် ပြည်သူအများ ချမ်းသာရာရကြောင်းကို ရည်ညွှန်းသော စကားများဖြစ်ပါသည်။ ပြည်ရွာ စည်ပင်ကြောင်းကိုမူ ဤသို့ ဖော်ပြပါသည်။

> အထူးသဖြင့် ထွန်ယက်စိုက်ပျိုးသော သူတို့သည်လည်း တစ်ပါးမက များလှစွာသော မုယောစပါးတို့ကို ကျီကြတိုက်တာ၌ ဖြစ်ကြကုန်လတ္တံ့။ အိမ်တိုင်းအိမ်တိုင်းရှိ လူအပေါင်းတို့သည် ရတနာတို့ဖြင့် များစွာ ကြွယ်ဝချမ်းသာကြကုန်လတ္တံ့။ အိုး စလောင်း ရောင်းစားသော အိုမင်း မစွမ်း ဆင်းရဲသော မိန်းမတို့သည် (ပင်လျင်) အဖိုးများစွာရသဖြင့် သူတို့သည် ကြွယ်ဝချမ်းသာကုန်လတ္တံ့။ (မွန်ချူပ် ၁၅။)

ဤစကားစုလည်း စိုက်ပျိုးရေး ဖြစ်ထွန်းခြင်းကို အကြောင်းပြုလျက် ပြည်ရွာတိုးတက်ခြင်းကို ရည်ညွှန်းပါသည်။ အိုးစလောင်းမျှ ရောင်းစားရသော အမယ်အို သူဆင်းရဲမပင်လျှင် မကြောင့်မကြ စားသောက်နေထိုင်နိုင်သော ခေတ်အခါဟု ဖော်ပြနေပါသည်။ ပြည်သူတို့ကို ပူပင်ဆင်းရဲခြင်း မရှိစေဟူသော ပဓာနသဘောဖြင့် အုပ်ချုပ်သည်ကို ထင်ရှားအောင် ဖော်ပြရာ၌. . .

> တင့်တယ်သော ကျက်သရေရှိသော အရိမဒ္ဒနပြည်၌ တုန်လှုပ် ချောက်ချားခြင်း ကြောက်ရွံ့ခြင်းမှကင်းသော အုပ်စိုး(နည်း)ကို အရှင် ဂြိတြိဘုဝနာဒိတျဓမ္မရာဇာမင်းသည် သွန်သင်ဆုံးမ ပြသလတ္တံ့။ (မွန်ချူပ် ၁၆။)

ဟု တွေ့ရပါသည်။ အုပ်စိုးသော အစိုးရကို ကြောက်ရွံ့နေရခြင်း လုံးဝမရှိဟု ဆိုလိုပါသည်။ ဤအချက်မှာ မြန်မာနိုင်ငံ၌ ရှေးကပင် ထင်ရှားရှိခဲ့သည့်



အဆင့် မြင့်မားသော နိုင်ငံရေး အတွေးအခေါ်တစ်ရပ်ပင် ဖြစ်ပါသည်။ ထိုသို့ အုပ်ချုပ်သော အခါများတွင်သာ

> ယောကျ်ား မိန်းမ ကလေးသူငယ် အပေါင်းတို့သည် အသက်ရှည်ကြလတ္တံ့။ ဥပဒ္ဒဝေါ ကင်းကြကုန်လတ္တံ့။ သူတို့သည် များစွာသော စားသောက်ဖွယ်တို့ကို စားသောက်ကြ၍ မွေ့လျော် ပျော်ပါးကြကုန်လတ္တံ့။. . .ဆိုးသောအကျင့်ရှိသော မိန်းမတို့သည် ကောင်းသော အကျင့်ကိုကျင့်ရန်. . .တိုက်တွန်းလတ္တံ့။(မွန်ချူပ်ကျောက်စာ ၁၉။)

ဤနောက်ဆုံးအချက်မှာ ပြည့်တန်ဆာ ပပျောက်ရေးကို ကြိုးစား အောင်မြင်ခြင်းပင်ဖြစ်သည်ဟု ကျွန်တော် ယူဆချင်ပါသည်။ (မွန်ချူပ် ၂၄။)

ထိလိုင်မင်သည် မင်းအဖြစ်သို့ ရောက်ပြီးနောက် တစ်ဆယ့်ခုနစ်နှစ်ကြာသောအခါ နန်းသစ် တည်ဆောက်သည်။ နန်းသစ် တည်ဆောက်ပုံကို အသေးစိတ်ဖော်ပြသောကျောက်စာ (မွန်ချူပ် ၂၆-၄၀။) ကျန်ရစ်ပါသည်။ အဆောက်အဦကို ၄ နိုဝင်ဘာ ၁၁၀၁ (မွန်ချူပ် ၂၆။)မှ အစပြု၍ တည်ဆောက်ရာ ၉ မေ ၁၁၀၂ (မွန်ချူပ် ၃၈-၄၀။)တွင် လက်စသတ် ပြီးစီးသည်ဟု တွေ့ရပါသည်။ ခြောက်လမျှ အချိန်ယူလျက်ဆောက်သော နန်းတော်မှာ ယခုခေတ် အဟိုင်းအတာနှင့် အကဲဖြတ်လျှင် သေးနုံ့သည်ဟု ထင်စရာရှိပါသည်။ သို့သော် အသေးစိတ် ဖော်ပြချက်တို့ကိုကြည့်လျှင် ခမ်းနားတင့်တယ်သည်ဟု ဆိုရပေမည်။ နန်းတော်သစ်တည်ကြောင်း ခမ်းနားတင့်တယ်သည်ဟု ဆိုရပေမည်။ နန်းတော်သစ်တည်ကြောင်း မှတ်တမ်းတင်သည့် ကျောက်စာတို့မှ ပုဂံခေတ် တစ်ဆယ့်နှစ်ရာစုဦး၏ ယုံကြည်မှုပုံစံနှင့် လူမှုဓလေ့ကို ကောင်းစွာ အကဲခတ်နိုင်လောက်သော အထောက်အထားများမှာ တွေ့ရပါသည်။ အဆောက်အဦနှင့် ပတ်သက်၍ ခေါင်းဆောင်များမှာ ပုဏ္ဏားဟူးရား ဗိသုကာ (မွန်ချူပ် ၂၆။)တို့ပင် ဖြစ်၏။ ပုဏ္ဏားဆရာတို့နှင့် တွဲဖက်၍ မွန်ဗိသုကာနှင့် မြန်မာဗိသုကာ (မွန်ချူပ် ၃၁။) တို့က ဆောင်ရွက်ကြရဟန် ရှိပါသည်။ ထို့အတူ သင့်မြတ်သော အခါရွေးခြင်း၊ နတ်ပူဇော်ခြင်း စသော လုပ်ငန်းတို့မှာလည်း ပုဏ္ဏားတို့ပင် ခေါင်းဆောင်၏။ နန်းတော်ဆောက်ချိန်တွင် ဗိဿနိုးနတ် (မွန်ချူပ် ၂၆၊ ၂၆၊ ၂၈၊ ၂၈၊ ၃၃၊ ၃၄၊ ၃၄၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇ နှင့် ၃၈။)ကို တစ်ဆယ့်နှစ်ကြိမ်တိုင်အောင် ပူဇော်ပသသည်ကို တွေ့ရပါသည်။ အခြားအခြားသော နတ်တို့ကို ပသရန် ဗလိနတ်စာ

(မှန်ချပ် ၂၉။) တစ်ကြိမ် ကျွေးခြင်းကို တွေ့ရသေးသည်။ ဖုတ်ပြိတ္တာ၊ တစ္ဆေတို့ကို ခေါ်ခွက် (မှန်ချပ် ၂၇၊ ၃၄၊ ၃၆၊ ၃၇၊ ၃၈။)ဖြင့် ခေါ်စာပစ်ခြင်းကို သုံးကြိမ် တွေ့ရ၏။ နဂါး (မှန်ချပ် ၃၁၊ ၃၁။)ကို နှစ်ကြိမ် ပူဇော်သည်။ ဟိန္ဒူဝါဒအရ နတ်မင်းနှင့် နတ်သမီး၊ နတ်သားတို့ ပူဇော်ခြင်းနှင့် ဝေမနိကတို့ကို ကျွေးမွေးခြင်း ပြုသည့်နည်းတူ၊ တိုင်းရင်းသား ဓလေ့ဖြစ်ဟန်ရှိသော နဂါးရှိခိုးခြင်းကိုလည်း ပြုလုပ်ကြကြောင်း တွေ့ရ၏။ ထို့အတူ ရှင်အဟံ (မှန်ချပ် ၂၉၊ ၃၀၊ ၃၀၊ ၃၁၊ ၃၁၊ ၃၁၊ ၃၁၊ ၃၅။) ခေါင်းဆောင်သည့် ဗုဒ္ဓဘာသာ ရဟန်းတော်တို့က ပရိတ်ရွတ် (မှန်ချပ် ၂၉၊ ၃၀၊ ၃၁၊ ၃၁။)ကြရ၏။ အစုစု ရဟန်း ၄၁၀၈ (မှန်ချပ် ၃၀၊ ၃၁။) ပါးပါဝင်သည်ဟု သိရသည်။ ရဟန်း ၁၀၈ ပါးက တူရွှင်းကိုင်၍ မြေကို စတင် တူးပေးရသေးသည်။ သရဏာသီလ (မှန်ချပ် ၃၀။) တစ်ရာ့ရှစ်ခု အသင့်ထားသည်ဟု တွေ့ရပြန်သဖြင့် ထိုခေတ်က ရဟန်းတို့သည် သီလပွဲအပြီး၊ ပရိတ်ပွဲအပြီးတို့၌ အောင်မြင်ကြောင်း ခရသင်း မှုတ်လေ့ရှိသည်ဟု ယူဆရမည်ကဲ့သို့ ရှိပါသည်။ အလှအပ တန်ဆာဆင်လျက် သီဆိုတီးမှုတ် ကခုန်ကြရသူတို့တွင် ဗမာ၊ မွန်နှင့် ပျူဟု မှန်းဆရသော တိရ်စုလ် (မှန်ချပ် ၂၇။)တို့ အများအပြား ပါဝင်ပါသည်။

အမဆောက်အအုံ ဆောက်ရာတွင် တစ်နည်းမဟုတ် တစ်နည်း ပါဝင် အမှုထမ်းရသည့် မင်းမှုထမ်းတို့သည် "အတွင်းအကျိတို၊ အပြင် အကျိရှည်၊ ပုဆိုးဖြူ ဖောင်းဖြူ" (မှန်ချပ် ၃၄။) ဝတ်ဆင်ရသည်ဟု သိရပါသည်။ ထိုအရာရှိတို့၏ ရာထူးအမည်များမှာ

ကလန် (မှန်ချပ် ၂၈၊ ၃၀၊ ၃၂၊ ၃၄၊ ၃၄၊ ၃၅)
ပုဏ္ဏား/အိမ်ဆောက်တတ်သော (မှန်ချပ် ၃၈၊ ၃၈)
ပုဏ္ဏား/ဝေါထမ်း (မှန်ချပ် ၂၆၊ ၂၈၊ ၂၉၊ ၃၀၊ ၃၃)
ပုဏ္ဏား/သကြိန် (မှန်ချပ် ၃၀၊ ၃၃၊ ၃၅၊ ၃၅၊ ၃၆၊ ၃၆၊ ၃၇)
ပဏ္ဍိတ် (မှန်ချပ် ၂၉၊ ၃၀၊ ၃၅၊ ၃၅)
ဗိသုကာ (မှန်ချပ် ၂၆၊ ၂၆၊ ၂၆၊ ၃၁၊ ၃၁၊ ၃၁၊ ၃၁၊ ၃၄၊ ၃၄၊ ၃၄၊ ၃၄)
ဗိုလ်ပါ (မှန်ချပ် ၃၄)
မော်ကွန်းထိန်း (မှန်ချပ် ၃၂၊ ၃၄၊ ၃၄)



ယင်သင် (မှန်ချပ် ၂၈၊ ၃၀၊ ၃၂၊ ၃၄၊ ၃၄၊ ၃၅၊ ၃၅)
သမား (မှန်ချပ် ၂၇၊ ၂၇၊ ၂၇၊ ၂၈)
သုခမိန် (မှန်ချပ် ၃၂၊ ၃၄)
သူကြီး (မှန်ချပ် ၂၈၊ ၃၀၊ ၃၂၊ ၃၄၊ ၃၄၊ ၃၅)
သူရဲကောင်း (မှန်ချပ် ၃၄)
သံဗျင် (မှန်ချပ် ၂၇၊ ၃၀၊ ၃၀၊ ၃၀၊ ၃၂၊ ၃၂)
သံဗျင်ကြီး (မှန်ချပ် ၂၈၊ ၃၀၊ ၃၄၊ ၃၅)
သံဗျင်ငယ် (မှန်ချပ် ၂၈၊ ၃၀၊ ၃၄၊ ၃၄၊ ၃၅)
ဟူးရား (မှန်ချပ် ၂၆၊ ၂၆၊ ၂၆၊ ၂၆၊ ၂၆၊ ၂၆၊ ၂၇၊ ၂၇၊ ၂၇၊ ၂၈၊ ၂၈၊ ၂၈၊ ၂၉၊ ၂၉၊ ၃၀၊ ၃၁၊ ၃၁၊ ၃၂၊ ၃၂၊ ၃၂၊ ၃၄၊ ၃၄၊ ၃၄၊ ၃၄၊ ၃၄၊ ၃၅၊ ၃၅၊ ၃၅၊ ၃၆၊ ၃၆၊ ၃၇၊ ၃၇၊ ၃၈၊ ၃၈။)
အကြီးအကဲ/မှန် (မှန်ချပ် ၃၅)

ထိုအရာရှိများအနက် အမည်နှင့်တကွ သိသော ပုဂ္ဂိုလ်တို့မှာ . .

ကလန်ကောင် (မှန်ချပ် ၃၂)
ကလန်သာ (မှန်ချပ် ၃၂)
ကလန်သိယ် (မှန်ချပ် ၃၂)
သံဗျင်ကသ်ာသူရ် (မှန်ချပ် ၃၀၊ ၃၅)
သံဗျင်ငယ်လေင် (မှန်ချပ် ၃၂)
သံဗျင်ဇယ်သဘင် (မှန်ချပ် ၂၇၊ ၃၀)
သံဗျင်ပြဇျာလက်ာရ (မှန်ချပ် ၃၁၊ ၃၁၊ ၃၁၊ ၃၁၊ ၃၂၊ ၃၅)
သံဗျင်မဟာဆတ္တိ (မှန်ချပ် ၃၅)
သံဗျင်ရာဇသူရ် (မှန်ချပ် ၃၀၊ ၃၅)
သံဗျင်ရိပုသဒ္ဒနော (မှန်ချပ် ၃၅)

အရာရှိတို့နှင့်အတူ "နုနယ် ပျိုမျစ်သော" (မှန်ချပ် ၃၁၊ ၃၃။) အမျိုးသမီးနှင့် လူကောင်း သူကောင်းတို့သား (မှန်ချပ် ၃၅၊ ၃၅၊ ၃၅)တို့လည်း ပါဝင်ကြသည်။ **ထိလိုင်မင်း**သည် မတ် ၁၁၀၂ တွင် ကိုယ်တိုင်တပ်ခင်းလျက် နန်းသစ်သို့ ထွက်လာသောအခါ **ဗြဘုမ်၊ မဟာဝိဇယ** နှင့် **ရောဝနာ**

(မွန်ချပ် ၃၃။) အမည်ရှိသော ဆင်ဖြူတော် သုံးစီးပါသည်။ နန်းသစ်ကို ဇေယဘုမ် (မွန်ချပ် ၃၄။)ဟု သမုတ်ခဲ့သည်။ နန်းတော်မှာ ဗဟိုပြာသာဒ်ကြီး တစ်ဆောင်ကို ပြာသာဒ်ငယ်လေးဆောင်ရံလျက် မုခ်လေးဘက် ချ၍ ဆောက်ပါသည်။ ဗဟိုပြာသာဒ်ကြီးမှာ ထီးဖြူ (မွန်ချပ် ၃၀။)နှင့် တကွ သီဟာသန (မွန်ချပ် ၃၀။) ပလ္လင်ထားရာ ခန်းမဆောင်ဖြစ်သည်။ ထိုခန်းမကို အလှဆုံး ဖြစ်စေရအောင် ပန်းချီပန်းပုတို့ဖြင့် တန်ဆာဆင်ရာ၌ အောက်ပါအရုပ်နှင့် ပစ္စည်း (မွန်ချပ် ၃၉၊ ၄၀။)တို့ကို သုံးစွဲကြောင်း တွေ့ရပါသည်။

ကနေသောရုပ်
ကြာပဒုမ္မာသီး
ကြာပန်း
ကြာပွင့်
ခြင်္သေ့ရုပ်
စည်တီးနေသောအရုပ်
ဆင်ဦးခေါင်း
ပုလဲသွယ်
ဗျာလ
မကန်း
မှန်စုလစ်
ရတနာအမျိုးမျိုး
သာဓုခေါ်နေသော နတ်ရုပ်
သီရိ နတ်သမီးရုပ်
ဟင်္သာ၊ ပုလဲကုံးချီ
ဟင်္သာ၊ ပန်းကိုက်
ဥသျှစ်သီး
ဦးဆောက်ပန်း

တို့ ဖြစ်ပါသည်။ အချို့အရုပ်ကို ရွှေရည်ဖြင့်လူး၍ အချို့ကို ရောင်စုံ ခြယ်လှယ်မည် ဖြစ်ပါသည်။ ကလသာအိုး၊ ခရုသင်း၊ ထီးဖြူနှင့် နေဇာမြက်တို့မှာ နေရာများစွာ၌ မပါလျှင်မဖြစ်သည့် အရေးကြီးသော ပစ္စည်းများဖြစ်သည်ကို တွေ့ရပါသည်။



အဖြူရောင်မှာ မင်္ဂလာရှိသော သဘောဖြင့် ပုဆိုးဖြူ၊ ဖောင်းဖြူတို့ကို ဝတ်ဆင်ကြ၏။ နောင်အခါ နန်းတော်တို့၌ ရတနာသုံးပါးနှင့်စပ်လျက် အလှူပေးခြင်း၊ တရားနာခြင်း၊ ကိုးကွယ်ဆည်းကပ်ရာ ရုပ်ပွားဆင်းတုတော်နှင့် ပိဋကတို့ကို ထားခြင်းပြုသော ခန်းမဆောင်တစ်ခု သီးခြားရှိသကဲ့သို့ ထိုအခါကလည်း ဇေတဝန်ဆောင် (မွန်ချပ် ၃၅။)ရှိပါသည်။ ထိုအဆောင်မှာ

> စုလစ်ကြီး၏ မုခ်အရှေ့ဘက်၌ ထီးဖြူမိုး၍ ပုဆိုးဖြူဖြင့် ပတ်လည် ရစ်ပတ်တန်ဆာဆင်အပ်သော ကောင်းစွာ ပြုပြင်အပ်သော ဘုရားနေရာ တစ်ခုကို ပြုပြင်ထား၏။ ထိုနေရာ၌ အခင်းကိုခင်း၍ ထိုအခင်းထက် ရွှေဆင်းတုဘုရားတစ်ဆူ၊ သခင်ဂဝံပတိ ဆင်းတုတစ်ဆူ ဝိနည်းသုတ် အဘိဓမ္မာကျမ်း ပိဋကသုံးပုံတို့ကို တည်ထား၏။ (မွန်ချပ် ၃၀။)

ဟု တွေ့ရပါသည်။ ဤအထောက်အထားအားလုံးက ညွှန်ပြနေသော အချက်ကား ပုဂံခေတ် မြန်မာတို့၏ ကိုးကွယ်ယုံကြည်မှုသည် ဗုဒ္ဓဘာသာ တစ်ခုတည်း မဟုတ်ဟူသော အချက်ပင်ဖြစ်ပါသည်။

တစ်ဆယ့်နှစ်ရာစုဦး၏ အညာဒေသ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတို့ကို လည်း ကျောက်စာများတွင် ဆက်လက် တွေ့ရှိရပါသည်။

> ငတ်မွတ်ခြင်းကင်း၍ ချမ်းသာကြွယ်ဝ ပေါများခြင်းအကျိုးငှာ ရေမရှိသော လယ်မြေမရှိသော၊ ထွန်ယက်စိုက်ပျိုးခြင်း မရှိသော၊ အရပ်တိုင်း၌ ရေကို မြဲမြံစွာ ဆည်စေ၏။ ရေကန်ကို တူးစေ၏။ စိုက်ပျိုးရန် လယ်မြေကို ဖြစ်စေ၏။(မွန်ချပ် ၄၂။)

စင်စစ်အားဖြင့် ထိုအခါသည် မြန်မာနိုင်ငံ အလယ်ပိုင်း မိုးခေါင်ရေရှား ရပ်ဝန်း၌ ဆည်မြောင်းလုပ်ငန်းဖြင့် စိုက်ခင်းပျိုးခင်းများဖြစ်အောင် ကြိုးစား အားထုတ်လျက် အောင်မြင်နေသောအခါပင် ဖြစ်ပါသည်။ ပုဂံဝန်းကျင်၌ အမည်နှင့်တကွ မှတ်တမ်းတင်ကျန်ရစ်သော ရေကန်နှစ်ခုမှာ ယခု မြကန်ဟု ခေါ်နေကြသည့် **မဟာနိဗ္ဗာန်လက်ဆုယ်ခိရိယ်** (မွန်ချပ် ပထမပိုင်း စာမျက် နှာ ၇၅၊ စာကြောင်း ၁၁–၁၂။)နှင့် ယခု အလံပုဂံခေါ် **မဟာနိဗ္ဗာန်အလံ ဗဂါလိ** (မွန်ချပ် ပထမပိုင်း စာမျက်နှာ ၈၂၊ စာကြောင်း ၁၆။) တို့ ဖြစ်ပါသည်။ ကန်တူးခြင်းလုပ်ငန်းကို အိန္ဒိယရှိ ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂါယာသို့ပင် သွားရောက် ဆောင်ရွက်ကြပုံကို

> တစ်ပါးမက များလှစွာသော ရတနာတို့ကိုယူ၍ သဘော်ဖြင့် ပို့စေပြီးလျှင် မြတ်သော ဂြိဇဖြာသ် (ဗုဒ္ဓဂါယာရှိ ဗောဓိပင်အောက်ပလ္လင်)ကို ပြုလုပ်ပြင်ဆင်စေ၏။ (လယ်မြေကိုလည်း) ဝယ်တော်မူ၏။ ကန်လည်း တူးတော်မူ၏။ လယ်မြေ၌ ရေဝပ်အောင်လည်း ပြုလုပ်တော်မူ၏။ တမံတာရိုးကိုလည်း ဆည်တော်မူ၏။ (မွန်ချုပ် ၄၇။)

ဟု ဆက်လက် ဖတ်ရှုရပါသည်။ ထိုမှတ်တမ်းကို ပြည်မြို့ ရွှေဆံတော် ကုန်းပေါ်၌ ထားခဲ့၍ ရက်စွဲမှာ ၂၉ ဇူလိုင် ၁၀၉၃ (မွန်ချုပ် ၄၅၊ ၄၆)တို့ ဖြစ်ပါသည်။ **ထီလိုင်မင်** သေလွန်ခါနီး ရေးထိုးသည့် ရာဇကုမာရ်ကျောက်စာ အကြောင်းကို အများသိဖြစ်၍ အသေးစိတ် မပြောလိုတော့ပါ။ ထို့ပြင် ရာဇကုမာရ် တည်ဆောက်သည့် မြင်းဂဗာ ဂူပြောက်ကြီးမှ မွန်စာများ အကြောင်းကိုလည်း ထည့်သွင်းဆွေးနွေး ချိန်မရတော့ပါ။

အောက်မြန်မာနိုင်ငံ သထုံနယ်၌ ထိုခေတ် မှတ်တမ်းအချို့ကို (မွန်ချုပ် ကျောက်စာအမှတ် ၅၂၊ ၅၃၊ ၅၄။) ရှာဖွေတွေ့ရှိပါသည်။ သို့သော် ထိုအမှတ်အသားတို့မှာ လူမှုရေးမှတ်တမ်းများ မဟုတ်ပါ။ ဘုရားပျက်ကို ထီလိုင်မင် အမိန့်ဖြင့် ပြင်ဆင်ရကြောင်း မှတ်သားထားခြင်းများဖြစ်၍ ပြင်ဆင်ပြီးသော ရက်မှာ ၁၅ ဧပြီ ၁၀၉၈ (မွန်ချုပ် ၅၂၊ ၅၄) ဖြစ်၏။ အဆိုပါ ကျောက်စာတို့၌ မြန်မာနိုင်ငံရေး အတွေးအခေါ်များ ပါရှိနေသည်ကိုကား သတိပြုမိပါသည်။ မင်းလုပ်၍ အုပ်ချုပ်နေသူသည်

(၁) ဗျာဒိတ်ရ ဗျာဒိတ်ခံဖြစ်သည်။ သံသယ မရှိနှင့်။ (မွန်ချုပ် ၂၀။)

(၂) ထိုပုဂ္ဂိုလ်ကား တူသူမရှိ၊ ပြိုင်ဘက်ကင်းမဲ့၏။ (မွန်ချုပ် ၄၇။)

(၃) ထို့ပြင် ထိုပုဂ္ဂိုလ်သည် နောင်အခါ ဘုရားဧကန်ဖြစ်မည့် ဘုရားလောင်း ဖြစ်သည်။ (မွန်ချုပ် ၅၄။)

ယင်းသုံးချက်ကို ထင်ရှားစေခြင်းဖြင့် နောက်ထပ် အချက်သုံးချက်ကို အလိုအလျောက် ကြေညာပြီးဖြစ်သည်ဟု ထင်မိပါသည်။ ထိုသုံးချက်ကား

(၁) ကြင်နာခြင်းနှင့် ပြည်ရွာကို အုပ်စိုးမည်

(၂) ဘုန်းကံချင်း မတူနိုင်သဖြင့် တော်လှန်ပုန်ကန်ရန် စိတ်ဖြင့်ပင် မပြစ်မှားထိုက်

(၃) ထို့အပြင် ဘုရားလောင်း၏ ပရိသတ် ဖြစ်ရခြင်းသည် နောင်အခါ



ဘုရား၏ ပရိသတ်ဖြစ်နိုင်သောကြောင့် နိဗ္ဗာန်ရောက်ရာရောက်ကြောင်း၏ လမ်းစပင်ဖြစ်၍ ယခု ကြုံတွေ့နေရသောဘဝ၌ မည်မျှပင် ဆင်းရဲ ပင်ပန်းခြင်း ရှိစေကာမူ ယင်းကို ကျေနပ်နှစ်သက် ရှိနေရမည်

ဟူ၍ပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် သာသနာယုံကြည်မှုကို နိုင်ငံရေးတွင် ယူငင်လျက် ငြိမ်ဝပ်ပါပြားရေးအတွက် အသုံးပြုခြင်းပင် ဖြစ်ပါသည်။

မွန်ကျောက်စာများအနေဖြင့် တစ်ဆယ့်နှစ်ရာစုက လွန်ခဲ့လျှင် အဆက်ပြတ်လျက် တစ်ဆယ့်ငါးရာစုသို့ရောက်ခါမှ တစ်ဖန် များပြားစွာ ပြန်လည်တွေ့ရတော့သည်။ ယင်းသို့ဖြစ်ရခြင်းမှာ နိုင်ငံရေးအရ ငြိမ်းချမ်းသာယာခြင်း လျော့နည်းခြင်းကြောင့်ဖြစ်သည်ဟု သာမည ဆိုနိုင်ပါသည်။ ယခု တွေ့ရှိရသမျှတွင် တစ်ဆယ့်ငါးရာစု၏ အစောဆုံး မွန်ကျောက်စာမှာ ကျိုက်လတ်မြို့ရှိ ထလုံဘုရားတည် ကျောက်စာ (မွန်ချုပ် ကျောက်စာအမှတ် ၆၁၊ က၊ ခ။) ဖြစ်ပါသည်။ ထိုဘုရားကို သူကြွယ်သီဝကသည် ပိတ်၍ တည်ထားခဲ့ခြင်း ဖြစ်ပါသည်။ ထို့နောက် ဘဒြာသနခေါ် ထိုင်တော်မူရာမှ ခြေတော်အစုံကို ထုတ်လျက် တွဲလောင်းချထားသည့် ရုပ်ပွားတော်ရှိရာ ကျိုက်မရော၌ ဘုရင်မ ရှင်စောပု (ဗညားထော ၁၄၅၃–၇၂)၏ ၂၅၊ စက်တင်ဘာ၊ ၁၄၅၅။ (မွန်ချုပ် ၆၀။)

ကုသိုလ်တော် မှတ်တမ်းတင် ကျောက်စာပင် ဖြစ်ပါသည်။ ရှင်စောပုသည် ပြည်ရေး ရွာမှုကို စီမံရန် သမက်တော် ဓမ္မစေတီခေါ် ရာမာဓိပတိ (မွန်ချုပ် ၆၁။)ကို လွှဲပြောင်း တာဝန်ပေးထားဟန် ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် သမိုင်းစာစောင်တို့၌ ရှင်စောပုသည် ၁၄၇၂ ခုအထိ ထီးနန်းစိုးစံသည်ဟု အဆိုရှိသော်လည်း ပဲခူး ရသေ့မြို့ကျောက်စာ (မွန်ချုပ် ကျောက်စာ ၆၄။)၌ ရာမာဓိပတိသည် မင်းအဖြစ်နှင့် မဟာရာမဝိဟာရ ကျောင်းတိုက်ကို ဆောက်လုပ်၍ ကျောင်းတင်ပွဲကို ၇၊ ဧပြီ၊ ၁၄၆၂။ (မွန်ချုပ် ၆၂)တွင် ပြုလုပ်ကြောင်း တွေ့ရသောကြောင့် ဖြစ်ပါသည်။ ပြီးမှ ယောက္ခမနှင့် သမက်တွဲ၍ စေတီတည် ကြရာ ၂၊ ဇန်နဝါရီ၊ ၁၄၇၀။ (မွန်ချုပ် ၆၄။)တွင် ပြီးစီးသည်ဟု သိရပါသည်။

ရာမာဓိပတိ (၁၄၇၂–၉၂) မင်းလက်ထက် မှတ်တမ်းများမှာ အားလုံးပင် သာသနာကြီးပွားရေး၊ သာသနာပြုပြင်ရေးတို့နှင့် စပ်ဆိုင်သော အကြောင်းတို့သာ မှတ်တမ်းတင်ခဲ့သည်ကို တွေ့ရပါသည်။ တစ်နည်းပြောရလျှင် အောက်

မြန်မာနိုင်ငံ၌ တစ်ဆယ့်ငါးရာစု၏ နောက်ဆုံးနှစ်အစိတ်တွင် ကြီးကျယ်သော သာသနာပြုပြင်ရေးကို မှတ်တမ်းတင်ခဲ့ခြင်းပင် ဖြစ်ပါသည်။ သာသနာကို ထိရောက်အောင် ပြုပြင်လိုလျှင် ရဟန်း သံဃာတို့ကို ပြုပြင်ရမည်ဟု ရာမာဓိပတိ ကောင်းစွာသဘောပေါက်သည်။ သို့သော် ယင်းသို့ ပြုရမည်ဟု ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်မိသည့်ရက်မှာ ၂၁၊ ဇန်နဝါရီ၊ ၁၄၇၆ (ကလျာ ၇၂။) ဖြစ်ပါသည်။ တစ်ဖက်မှလည်း ဘုရားဟောင်း စေတီပျက်များ ပြုပြင်ခြင်း၊ ဘုရားသစ်တည်ခြင်းတို့ကို မိမိကိုယ်တိုင်လည်း များစွာ ပြုလုပ်၏။ သားသမီးတို့ကိုလည်း ၈၊ ဇူလိုင်၊ ၁၄၇၉၊ (မွန်ချုပ် ၇၀၊ ၇၁၊ ၇၂၊ ၇၃၊ ၇၃၊ ၇၄၊ ၇၅) အမိန့်တော်ဖြင့် မည်သည့်ဘုရားကို မည်သူက ပြင်စေဟု စေခိုင်းခဲ့၏။

သာသနာပြုပြင်ရေး ဆောင်ရွက်ချက်များကို ၂၉၊ ဖေဖော်ဝါရီ၊ ၁၄၈၀၊ (ကလျာ ၁၀၄။) ရက်စွဲဖြင့် ပဲခူး ကလျာဏီ သိမ်ကျောက်စာကို မွန်ဘာသာဖြင့် ကျောက်စာခုနှစ်တိုင် (တစ်ဆယ့်လေးမျက်နှာ) ရေးထိုးခဲ့သည်။ ပါဠိဘာသာဖြင့်လည်း အကြောင်းအရာတူကို ကျောက်စာသုံးတိုင် (ခြောက်မျက်နှာ) ရေးခဲ့သေးသည်။ အဆိုပါမှတ်တမ်းတွင် မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာဝင်ကို စ၍ ရေးပါသည်။ မြန်မာနိုင်ငံအောက်ပိုင်းဖြစ်သော ရာမညဒေသသို့ အသောကမင်း လက်ထက် သာသနာပြု ရောက်ပုံ ပြောပြသည်။ ဟစ်ဆယ့်ငါးရာစု ကုန်လောက် ရောက်သည့်အခါမှ ၃၀၀ ဘီစီဖြစ်သော ယခင် အနှစ်တစ်ထောင့်ရှစ်ရာက ကိစ္စကို ပြန်ပြောင်းပြောနေသဖြင့် ခြွင်းချက်မရှိ လက်ခံနိုင်ဖို့ ခက်သည်။ ထို့အတူ သထုံမှ သာသနာသည် အေဒီ ၁၀၅၇ တွင် ပုဂံသို့ ရောက်ပုံကိုလည်း အပြည့်အစုံ လက်ခံနိုင်ဖို့ ခက်သည်။ သို့သော် သုဝဏ္ဏဘူမိဆိုသည်မှာ ယခု တိုက်ကုလား (မွန်ချုပ် ၅၁။)ဖြစ်၍ ရက္ခဦးခေါင်းတစ်လုံးတွင် ခြသေ့်နှစ်ကိုယ် တပ်ထားသောအရုပ် တိုက်ကုလားမှအစ ဖြစ်သည်ဟုဆိုခြင်းမှာ စိတ်ပါဝင်စားဖွယ် ဖြစ်ပါသည်။ ဆက်လက်၍ သာသနာဝင်ကို ပြောပြသည်မှာ ပုဂံတွင် ကြီးပွားပုံကိုလည်းကောင်း၊ သီဟိုဠ်တွင် ကြီးပွားပုံကိုလည်းကောင်း၊ ပုဂံနှင့် သီဟိုဠ်တို့၌ ဂိုဏ်းကွဲများပေါ်လာပုံကိုလည်းကောင်း ဆက်လက်တင်ပြသည့်အပြင် ရာမညဒေသ၌လည်း ရာမာဓိပတိလက်ထက်သို့ ရောက်သောအခါ ကမ္ဗောဇဂိုဏ်းနှင့် သီဟိုဠ်ဂိုဏ်းဟူ၍ ဂိုဏ်းနှစ်ဂိုဏ်း ရှိနေသည်တွင် မည်သည့်ဂိုဏ်းကိုမျှ ရာမာဓိပတိအနေနှင့် မနှစ်သက်နိုင်သည်ကိုတွေ့ရသည်။ အထူးသဖြင့် ရဟန်းခံသောသိမ်ကို သိမ်မမြောက် (မွန်ချုပ်



၂၅။) ဟု ယူဆလျက်၊ ရဟန်းတို့ကိုလည်း ရဟန်းမစစ်ဟု အထင်ရောက်လျက် ရှိပါသည်။ အမှန်ကိုဆိုရသော် မင်းဖြစ်သူသည် ရဟန်းအကြောင်းကို လွန်စွာ သိသဖြင့် ယင်းသို့ဖြစ်ရသည်ဟု ထင်ပါသည်။ ထိုမင်းအကြောင်းကို ဖော်ပြရာ၌

> ပိဋကသုံးပုံနှင့် ဗေဒင်ကျမ်းတို့ကို အာဂုံဆောင်ခြင်း၊ ဝိတက်ကျမ်း၊ ဗျာကရဏ်ကျမ်း၊ ဆန်းကျမ်း၊ အလင်္ကာကျမ်း၊ ဆေးဗိန္ဒောကျမ်းတို့၌ များစွာသော အကြားအမြင်ရှိသော၊ အုတ်ပုရန်၊ သစ်ပိသုကာ အတတ် အစရှိသော အတတ်တို့၌ များစွာ တတ်မြောက်သော (မွန်ချုပ် ၅၉–၆၀။) မင်းဖြစ်သည်

ဟု ဆိုပါသည်။ ထိုမင်းက ရဟန်းများ ရဟန်းစစ်ကြ၏ လောဟုကုက္ကုစရှိလာသဖြင့်သာ ယခုလို ကြီးကျယ်သော သာသနာပြုပြင်ရေး စတင်ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။

ရာမာဓိပတိသည် သီဟိုဠ်၌သာသနာကို စစ်ဆေးလျက် ဤသို့ မှတ်ချက်ချ၏။

သီဟိုဠ်ကျွန်း၌ သာသနာတော် တည်သည်မှစ၍ ယခုတိုင်အောင် စင်ကြယ်သော မဟာဝိဟာဂဝါသီ သံဃာ အဆက်အနွယ် အဆက်ဆက် ဖြစ်ကုန်သော ရဟန်းအပေါင်းသည် ရှိ၏။ (ရာမညမှ ရဟန်းအချို့)သည် သီဟိုဠ်ကျွန်းသို့သွား၍ မဟာဝိဟာရဝါသီ သံဃာတို့၏အဆက်အနွယ် စင်ကြယ်သောဂိုဏ်းကို ရွေး၍ မြတ်စွာဘုရား ရေသပ္ပာယ်တော်မူသော ကလျာဏီမြစ်၌ ဥဒကုက္ခေပသိမ်ဝယ် ပဉ္စင်းအဖြစ်ကိုဆောင်ပြီးလျှင် ထိုဥပသမ္ပဒါ သာသနာ မျိုးစေ့ကို ရာမညဒေသ၌ စိုက်ပျိုးသည်ရှိသော် သဒ္ဓါတရားနှင့် ပြည့်စုံကုန်သော ပဉ္စင်းအဖြစ်ကို အလိုရှိသော အမျိုးသားတို့အား ပဉ္စင်းအဖြစ်တည်းဟူသော သာသနာအညွန့်ကို ဖြစ်စေကုန်အံ့။ (မွန်ချုပ် ၆၉။)

ထိုသို့ ရည်ရွယ်ရင်းဖြင့် ရဟန်းနှစ်ကျိပ်နှစ်ပါးကို သီဟိုဠ်သို့ ကြွသွားရန် တိုက်တွန်းသဖြင့် ၂၁၊ ဇန်နဝါရီ၊ ၁၇၄၆ (မွန်ချုပ် ၇၂။)မှ စတင် ထွက်ခွာသွားကြပြီးနောက် လိုအပ်သောကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးသောအခါ အချို့ရဟန်းတို့သည် ပဲခူးသို့ ၁၂၊ အောက်တိုဘာ၊ ၁၄၇၆ (မွန်ချုပ် ၈၀။)၌ ပြန်ရောက်ကြသည်။ သိမ်သစ်ကလျာဏီကို ၂၃၊ နိုဝင်ဘာ၊ ၁၄၇၆ (မွန်ချုပ် ၈၄)တွင် သမုတ်ပြီးနောက် အစုစု ရဟန်းပေါင်း ၁၄၂၆၅ (မွန်ချုပ်

၈၈။)ပါး ရဟန်းခံကြပါသည်။ ရဟန်းဒါယကာမှာ ရာမာဓိပတိမင်းပင်ဖြစ်၍ ရဟန်းသစ် ၆၀၀ (မွန်ချုပ် ၁၀၂။)ကို ရဟန်းခံပေးပါသည်။ ထိုအခါ၌ ရဟန်းသစ်ကို လက်ခံသောအခါ သတိထားရန် အချက်များကို ရာမာဓိပတိက တင်ပြပါသည်။

> ဤမှ ရှေ့အဖို့၌၊ အလုံးစုံသော အရှင်ဘုရားတို့သည်၊ ရဟန်းခံလိုသောသူတို့ကို ရဟန်းပြုပေးစေလိုသည်ရှိသော် သူတစ်ပါးမြင်၍ ကြည်ညိုဖွယ်ရှိသူကိုသာလျှင် ရဟန်းပြုစေပါလော့ (၁) မင်းမျက်သင့်၍ သံပုကပ်ခံရသောပုဂ္ဂိုလ် (၂) ကျော်စော͏͏ ͏͏ ရှားသော သူခိုး ဓားပြဖြစ်သောပုဂ္ဂိုလ် (၃) အင်္ဂါချို့တဲ့သောပုဂ္ဂိုလ်၊ ခြေပြတ်လက်ပြတ် အင်္ဂါကောက်ခွင်သောပုဂ္ဂိုလ်၊ အကြင်ပုဂ္ဂိုလ်သည် သူတစ်ပါးမြင်သည်ရှိသော် ပြက်ရယ်ပြုလောက်အောင် ရှိသေခြင်း မရှိလောက်အောင်ဖြစ်သော ပုဂ္ဂိုလ်၊ ထိုပုဂ္ဂိုလ်မျိုးတို့ကို ရဟန်းခံ၍ မပေးပါလင့်။ အကယ်၍ အရှင်ဘုရားတို့၏ တပည့်သားမြေးတို့ကို ပဉ္စင်းခံပေးလို ပါမူ တိတ်တဆိတ် ပဉ္စင်းခံ၍ မပေးပါနှင့်။ တပည့်တော်အား အကြောင်းကြားတော်မူပါလော့။ ဤပဲခူးသိမ်စစ်၌ ကောင်းမွန် မြဲမြံစွာ စီရင်တော်မူပြီးလျှင်၊ ရဟန်းတို့၏ ပရိက္ခရာကို တပည့်တော် ပေးလှူ ပြီးလျှင် ပဉ္စင်းခံ၍ ပေးတော်မူလတ္တံ့။ ဤသို့မဟုတ်ဘဲ တိတ်တဆိတ် ဤသို့ တိတ်တဆိတ် ပဉ္စင်းခံပေးတော်မူလျှင် ပဉ္စင်းတကာဖြစ်သော မိဘကို လည်းကောင်း၊ ဆွေမျိုးတို့ကိုလည်းကောင်း၊ ပဉ္စင်းဒါယကာ ဖြစ်သော ဥပသကာကို လည်းကောင်း ရာဇဒဏ်ထားတော်မူလတ္တံ့။ (မွန်ချုပ် ၉၀။)

ဤသို့ဆိုသော မင်းကြီးစကားမှာ ကောင်းလှသော စကားမဟုတ်ဟု ထင်မြင်မိပါသည်။ သံသရာမှ လွတ်ရာလွတ်ကြောင်း အားထုတ်သူတိုင်း ရပ်အဆင်းပြေပြစ်တင့်တယ်ရန်လိုသည်ဟု အာဏာထားနေသည်မှာ ရယ်ဖွယ်မျှသာ ဖြစ်ပါသည်။ ထို့ပြင် ရဟန်းလောင်းသည် ပဒေသရာဇ် ဆန့်ကျင်ရေးသမားမဖြစ်ရဟူသောသဘောလည်း သက်ဝင်နေပါသည်။

ရဟန်းလောကမှ မကောင်းသူတို့ကို နှင်ထုတ်ရန် အောက်ပါအတိုင်း သတ်မှတ်ပါသည်။

အလုံးစုံသော သခင်သံဃာတို့သည်လည်း၊ မိမိတို့၏ တပည့် သံဃာ



> တို့အား သမားဆေးကု အမှုပြုသူတို့ကိုလည်း မပြုစားစေလင့်၊ ဟူးရားဂဏန်း စန်းလဂ်ဇာတာ တွက်စစ်သမှု ပြုသူတို့ကိုလည်း၊ မပြုပါစေလင့်။ ရှစ်ခုစားခြင်းဖြင့် ဟောပြောခြင်း၊ ထမီအနား အဝတ် အထည် အဖျားတို့၌ ဆေးရေးပန်းထိုးခြင်း၊ နီပါးရောင် (စသည်) ဆိုးခြင်း၊ ထားကြီးထားငယ် အသွယ်သွယ်ဖြင့် ပန်းဖေါက်ပန်းထွင်း အမှုပြုခြင်း၊ အကြင်အလုပ်တစ်ခုသည် လူတို့အမြဲလုပ်၍ အသက်မွေး၏။ ထိုအလုပ်မျိုးကိုလုပ်သော ရဟန်းမျိုးကို အရှင်ဘုရားတို့ ခြေရင်းဝယ် မနေပါစေလင့်။ ရဟန်းတို့သည် လှည့်လည်၍ ဝါချည်တို့ကို ဖြစ်စေ၏။ (ဝါ) လျှုဒါန်းစေ၏။ ငရုတ်ခင်း ယာကောသို့ သွား၍ ငရုတ်သီး ပြုတ်ကောင်းတို့ကို ဖြစ်စေ၏။ (ဝါ) အလှူခံ၏။ ထိုသို့သော ရဟန်းမျိုးကို အရှင်ဘုရားတို့ထံပါးလည်းကောင်း၊ မင်းချင်း၊ မင်းစေ၊ မင်းနားနေ သူတို့နှင့် လည်းကောင်း၊ ရောနှောသမှု နေထိုင်ခြင်းပြုသော ရဟန်းများကို အရှင်ဘုရားတို့ထံပါး မထားပါနှင့်။ (မွန်ချုပ် ၉၀။)

ဤသို့ ကန့်သတ်ပေးခြင်းကား သင့်မြတ်ပါသည်။ ထို့ပြင် ရာမာဓိပတိမင်းက အတိအကျ သတ်မှတ်ပေးသည့် အရေးအပါဆုံး အချက်ကား "တစ်ဂိုဏ်း တစ်ဂဏတည်းသာ ဖြစ်ပါစေလော့" (မွန်ချုပ် ၉၁။)ဟူသော အချက်ပင် ဖြစ်ပါသည်။ ယခင်က ရဟန်းဘဝဖြင့် ဥစ္စာစု၍ ချမ်းသာနေသူများကို ဥစ္စာကိုစွန့် သို့မဟုတ် "လူထွက်" (မွန်ချုပ် ၉၂။)ဟု နှိုင်းပါသည်။ အဆုံးသတ်၌

> နောင်အခါ ဟံသာဝတီပြည်ကြီးကို အုပ်စိုးကုန်သော သဒ္ဒါကြွယ်သော မင်းတို့သည် သာသနာတော်ကို အားပေးတော် မူကြကုန်လော့။ ငါတို့ အစီရင်အတိုင်းလိုက်၍ လုပ်ဆောင်တော်မူကြကုန်လော့။ (မွန်ချုပ် ၁၀၄။)

ဟူ၍ မှာကြားခဲ့သည်။ သူမှာခဲ့သည့်အတိုင်းလည်း အနည်းဆုံး အေဒီ ၁၇၀၀ အထိ ဂိုဏ်းခွဲမရှိဘဲ ညီညွတ်ကောင်းမွန်လျက်ရှိကြောင်း တွေ့ရပါသည်။

ရာမာဓိပတိ၏ နောက်ထပ် ကြီးကျယ်သောကောင်းမှုမှာ ရွှေတိဂုံ ဘုရားကို နောက်ထပ် ပြုပြင်ခြင်းဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းကို ကျောက်စာ (မွန်ချုပ် ကျောက်စာအမှတ် ၇၈၊ ၇၉။) မှတ်တမ်းထားခဲ့ပါသေးသည်။

ကျောက်စာတွင် ရေးထိုးသည့် ရက်စွဲမပါသော်လည်း ၁၄၅၈ (Peavn, 9.) တွင် ရေးထိုးခဲ့သည်ဟု ခန့်မှန်းခဲ့ပါသည်။ ရွှေတိဂုံဘုရား ဝန်းကျင်၌ ယခုတွေ့နေရသော အနေအထားမှာ ရာမာဓိပတိတို့ခေတ်က ပြုပြင်ခဲ့သော လက်ရာများ ဖြစ်မည်ဟု ခန့်မှန်းနိုင်ပါသည်။ ကျောက်စာ၌

> ချိုင့်ဝှမ်းတို့ကို ပြည့်အောင်ဖို့စေ၏။ နက်လှသော ချောက်ကမ်းပါး ချိုမ့်ဝှမ်းတို့ကိုလည်း ပြည့်အောင်ဖို့စေ၏။ မြင့်မောက်သော တောင်ကုန်း တို့ကိုလည်း ညီညာစွာ တူးဖြိုညှိစေ၏။ ဖို့သောမြေ၌ကား ဂဝံကျောက်တုံး ကျောက်ခဲတို့ကိုခံ၍ စီတက်စေ၏။ အပြင်ဘက်၌ အုတ်တို့ဖြင့် စီတက်စေတဲယ်. . . ပတ်ဝန်းကျင်အပြည့် တံတိုင်းခတ်၏။ ထိုတံတိုင်း၌လည်း အုန်းပင်အပြည့် စိုက်စေ၏။ (မွန်ချုပ် ၈၀။)

ဤသို့ ပြုပြင်မွမ်းမံခဲ့သောစေတီ၌ မြေ (Peavn, 22-4, 297-9 နှင့် "သံလျှင်ရာဇဝင်" *JBRS*, Vsii, 52) များ လှူခဲ့သေး၏။ အလွန်ကျယ် ပြန့်သော မြေတို့ကို လှူခဲ့ခြင်းဖြစ်ရာ ကျောက်စာ၌ ထိုအကြောင်း မပါခြင်းမှာ အံ့ဩစရာ ဖြစ်ပါသည်။ ရှင်စောပုလှူသောမြေသည် များလွန်းသဖြင့် ဓမ္မစေတီက ချုံ့၍ လှူပြန်ရာ ထိုချုံ့လိုက်သည့်မြေပင် ယခု မဟာရန်ကုန် ဧရိယာထက် ကျယ်သေးသည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံတွင် **သာသနာပြုပြင်ရေး**များ နှိုးဆော်ဆောင်ရွက်နေချိန် ဖြစ်၍ **ဗုဒ္ဓသာသနာ**၏ အခြေခံပေါက်ဖွားရာ အရပ်ဒေသတို့၌ ဗုဒ္ဓသာသနာ၏ အခြေအနေကိုလည်း လေ့လာခြင်းပြုမည် ဧကန်ဖြစ်ပါသည်။ **ပဲခူး**မဟာဗောဓိ ကျောက်စာ (မွန်ချုပ် ကျောက်စာအမှတ် ၈၂။)၌ **ဗုဒ္ဓဂါယာ**ရှိ မဟာဗောဓိပင်ကို မိစ္ဆာဒိဋ္ဌိ မင်းတစ်ပါး ဖျက်ဆီးကြောင်း ရေးသားထား၏။ ကျောက်စာမှာ ဖတ်မရသောကွက်လပ် အတန်ငယ်များပါသည်။ သို့သော် ဖတ်ရသမျှတွင် "ခေလီမင်း" ဟု တွေ့နေရသဖြင့် မွတ်ဆလင်တို့ ဝင်ရောက်လာခြင်းကိုပင် ရည်ညွှန်း ရေးသားခဲ့သည်ဟု ထင်မိပါသည်။ မြတ်သောအပင်ကို ဖျက်ဆီးသဖြင့် ထို ခေလီမင်းသည် ပြင်းထန်လှသော ရောဂါဖြစ်၍ သေသည် (မွန်ချုပ် ၈၅။) ဟု ဆိုပါသည်။ ထိုအဖြစ်အပျက်များသည် တစ်ဆယ့်သုံးရာစုက ဖြစ်ပျက်ခဲ့ဟန် တူပါသည်။

အရှေ့ဘက် **မော်လမြိုင်**မှ အနောက်ဘက် **ပုသိမ်**ထိ မြေနေရာ အတွင်းဝယ် မွန်ကျောက်စာအချို့ကို နောက်ထပ် တွေ့ရှိရပါသေးသည်။ ရက်စွဲ



အားဖြင့် တစ်ဆယ့်ငါးရာစုနှောင်းနှင့် တစ်ဆယ့်ခြောက်ရာစုဦး ကာလမှ ဖြစ်ပါသည်။ (မွန်ချုပ် ၈၁–၁၀၅။) ထိုကျောက်စာတို့၌ ကောင်းမှုပြု၍ ပြီးစီးသည့် ရက်စွဲမှတစ်ပါး အခြား သမိုင်းအထောက်အထား မရှိချေ။ ပုသိမ်မြို့ ကန်သုံးဆင့် ဒေါက်တာစံစီဖိုး ဥယျာဉ်ဝန်းကျင်၌ ဆက်လက် ရှာဖွေရလျှင် သမိုင်းအထောက် အထားများစွာ ပေါ်လိမ့်ဦးမည်လားဟု မျှော်လင့်ပါသည်။

တစ်ဆယ့်ခြောက် ရာစုလယ်၏ နိုင်ငံရေးသမိုင်းအတွက် များစွာ အထောက် အကူရသော ခေတ်လယ် မွန်မှတ်တမ်းကို ကြေးခေါင်းလောင်းစာ (မွန်ချုပ် ၁၀၅–၈၊ အမှတ် ၁၀၅။)အဖြစ်ဖြင့် တွေ့ရပါသည်။ ထိုခေါင်းလောင်းကို သွန်းလုပ်သောနေ့မှာ ၂၃၊ မေ၊ ၁၅၅၇ ဖြစ်ပါသည်။ ခေါင်းလောင်းစာတွင် ဟံသာဝတီ **ဆင်ဖြူများရှင်** အမည်ခံသောမင်း၏ တိုက်ခိုက်အောင်မြင်သော အရပ်ဒေသတို့နှင့် ထိုဒေသတို့၌ သာသနာပြုပုံကို ရက်စွဲများ အတိအကျ ဖော်ပြလျက် မှတ်တမ်းတင်ခဲ့ပါသည်။ ဆင်ဖြူများရှင် အစဦးဆုံး **တောင်ငူ**ကို တိုက်ခိုက်သိမ်းယူသည်။ ထို့နောက် ပြည်ကို တိုက်ခိုက်သိမ်းယူသည်။ ပြီးမှ **ပဲခူး**ကို ၁၂၊ မတ်၊ ၁၅၅၂ မှာ အောင်မြင်သည်။ ယင်းသို့ တိုက်ခိုက်အောင်မြင် ခဲ့သည်များ၌ **ပေါ်တူဂီ** ကြေးစားစစ်သားများနှင့် ဥရောပလုပ် လက်နက်တို့ အရာရောက်ပုံကား မှတ်တမ်း၌ ထည့်သွင်းရေးသားခြင်း မပြုပါ။ ပြည်ရေး ရွာမှုကို ဆောင်ရွက်ပုံ ဖော်ပြသည့်အခါ

> **ဟံသာဝတီ**ပြည်ကြီးကို အုပ်စိုးတော်မူသည်မှစ၍ ကုသိုလ်အဟောင်း ပျက်သည်ကိုလည်း ပြုပြင်တော်မူ၏။ ကုသိုလ်အသစ်ကိုလည်း များစွာ ပွားစေတော်မူ၍ သာသနာတော်ကို ချီးပင့်တော်မူ၏။ ခိုးသူတန္တ အနိုင် အထက်ပြုသော ဆူးငြောင့်ကိုလည်း ကုန်အောင် ပယ်တော်မူ၏။ သတ္တဝါတို့အား တရားနှင့်ညီစွာ ဖြစ်စေလို၍ နန်းတော် တွင်းဝယ် ခေါင်းလောင်းသွန်း၍ ဆွဲထားပြီးလျှင် သတ္တဝါတို့အား တရားနှင့်အညီ ဖြစ်စေတော်မူ၏။ (မွန်ချုပ် ၁၀၆။)

သက်ဦးဆံပိုင်မင်းနှင့် ပြည်သူတို့ အလွယ်တကူ ဆက်သွယ်နိုင်အောင် ခေါင်းလောင်းတစ်လုံး ဆွဲထားခြင်းမှာ အရေးပါသော ဖော်ပြချက် တစ်ခုပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံ အတွေးအခေါ်၌ မှတ်သားထိုက်သော အလေ့တစ်ခုပင် ဖြစ်သည်။

**ဆင်ဖြူများရှင်**၏ ဆက်လက် တိုက်ခိုက်သော စစ်များကို၊ မိစ္ဆာဒိဋ္ဌိများ လက်ဝယ်ရှိသော ဒေသများ၌ သာသနာပြုလိုသဖြင့် တိုက်ခိုက် သိမ်းသွင်းသည်ဟု ဖော်ပြသည်။ ပဒေသရာဇ်စစ်ကို၊ ဤသို့ အကြောင်းပြမြဲ ဖြစ်ပါသည်။ မြောက်ဘက်တလွှားကို သိမ်းယူရန် ၉၊ နိုဝင်ဘာ၊ ၁၅၅၆ နေ့မှာ ချီတက်ပါတော်သည်။ အောင်မြင်သောအရပ်တို့၌ ဘုရားတည်သည်။ ကျောင်းဆောက်သည်။ ထီးချိုင့်ဘက်သို့ရောက်အောင် ဧရာဝတီမြစ်ကို တံတားပစ်၍ စစ်သည်အများ ကူးစေ၏။ (မွန်ချုပ် ၁၀၇။)ဟု ဆိုပါသည်။ ထိုသို့ကူးသည့်ရက်မှာ ၁၇၊ ဖေဖော်ဝါရီ၊ ၁၅၇၇ ဖြစ်သည်။ စော်ဘွားများကို အသက်အိုးအိမ် စည်းစိမ်မပျက် ဆက်လက်မြှောက်စားသည်။ ဤပုံစံမှာလည်း ပဒေသရာဇ်စနစ်ခေတ်၏ လုပ်နည်းပုံစံတစ်ခုပင်ဖြစ်ပါသည်။ ကိုးကွယ်ယုံကြည်မှုနှင့် ပတ်သက်၍

> သူတော်ကောင်းတစ်ယောက် သေလျှင် ကျွန်ယောကျ်ား ကျွန်မိန်းမတစ်ယောက်ကို သတ်၍ထည့်သော မိစ္ဆာဒိဋ္ဌိ အကျင့်ကို မကျင့်ရန်လည်း ဆုံးမကံမြစ်တော်မူ၏။ (မွန်ချုပ် ၁၀၈။)

ဟု တွေ့ရပါသည်။ မြောက်ကြောင်းချီထိုးစစ်ကို ၉၊ ဧပြီ၊ ၁၅၅၇ တွင် ရုပ်သိမ်းခဲ့သည်။ ဤမှတ်တမ်းတစ်ခုလုံးတွင် စစ်ပွဲများအကြောင်း သိရသည်ထက် လူမှုရေး အလေ့အလာတစ်ခုကို ပြင်ဆင်ကြောင်း သိရသည်ထက် လူမှုရေး အလေ့အထတစ်ခုကို ပြင်ဆင်ကြောင်း သိရသည်က ပို၍ အရာရောက်သည်ဟု ထင်မိပါသည်။ စစ်မှုရေးရာနှင့် ပတ်သက်၍ကား (၁) မြောက်ဘက် ထိုးစစ် (၁၅၅၆–၇)၏ မြောက်စွန်းအရပ်မှာ မိုးကောင်းဖြစ်သည်။ ထို့ပြင် (၂) မြန်မာနိုင်ငံ၌ အောင်မြင်သော စစ်သူကြီးတို့ လိုက်နာသည်မှာ စစ်ကို နိုဝင်ဘာလ၌စ၍ ဧပြီလမတိုင်မီ ပြီးဆုံးရသည်ဟူသော အချက်ကို သတိပြုမိပါသည်။

ဟံသာဝတီ ဆင်ဖြူများရှင်လက်ထက် မှတ်တမ်းများနောက် ခေတ်လယ်မွန်မှတ်တမ်းများသည် အနှစ်နှစ်ရာခန့် အဆက်ပြတ်သွားပြန်သည်။ ထို့ကြောင့် ယခု စာတမ်းအတွက် နောက်ဆုံးလေ့လာရမည့် မှတ်တမ်းမှာ **ကာလကတ္တား**မှ မကြာမီကမှ ပြန်လည် ရရှိထားသော ၂၉၊ အောက်တိုဘာ၊ ၁၇၅၄ တွင် သွန်းလုပ်သည်ဟု ရက်စွဲပါသော ပဲခူးရွှေမောဓော ခေါင်းလောင်းစာ (မွန်ချုပ် ၁၀၉–၁၁၀)ပင် ဖြစ်ပါသည်။ ခေါင်းလောင်းစာ (မွန်ချုပ် ၁၀၉–၁၁၀) ပင် ဖြစ်ပါသည်။ ခေါင်းလောင်းသွန်းချိန်က ပဲခူးတွင် **ဗညားဒလ**ခေါ် ဆင်ဝန်



ဦးအောင်လှသည် ဗြမိုင်းမိရာဇာသေနာပတိ (၁၇၄၇–၅၇)ဘွဲ့ယူ၍ မင်းလုပ်လျက်ရှိပါသည်။ အဆိုပါ ခေါင်းလောင်းကို ဗညားဒလ၏ညီ ဥပရာဇာ (အိမ်ရှေ့မင်း)က ကြီးကျယ်သော ပဋ္ဌာန်းဇရပ်ကြီးဆောက်လုပ်ပြီး ထိုဇရပ်၌ ချိတ်ဆွဲရန် သွန်းလုပ်ခြင်း ဖြစ်ပါသည်။ ဇရပ်မှာ လိမ္မာကျွမ်းကျင်သော ဆရာတို့ဖြင့် စီမံသဖြင့် များစွာ လှပပေမည်။

> စရပ် အတွင်းအပြင်၌လည်း လူအပေါင်းတို့မြင်လျှင် သတိ သံဝေဂရရန် ဗြဟ္မာ့ဘုံ၊ နတ်ဘုံ၊ အပါယ်လေးဘုံ၊ ငါးရာငါးဆယ်ဇာတ်နိပါတ်၊ ဇာတ်ကြီးဆယ်ဘွဲ့တို့ကို အကျိုးအပြစ် အတ္ထုပ္ပတ္တိ အစဉ်အတိုင်း ရွှေမှင် ဟင်္သာပြဒါး အထူးထူးသော ဆေးဖြူ ဆေးနက်တို့ဖြင့် တင့်တယ်ဆန်းကြယ်စွာ ပန်းချီတို့အား ရေးဆွဲစေ၏။ (မွန်ချုပ် ၁၁၀။)

ပန်းချီလက်ရာများနည်းတူ ပန်းပုလက်ရာများလည်း အထူးကောင်းမွန်သည်ဟု ဖော်ပြထားပါသည်။ ဘုရားဆင်းတုတော်များမှာ ပြုံးခြင်း မျက်စိဖွင့်ခြင်း အသွင်အပြင်တို့သည် သက်တော်ထင်ရှား ဘုရားသခင်နှင့် တူလှပေ၏ဟု ဖော်ပြထားသည်ကို ထောက်ချင့်၍ သိရပါသည်။ ဤမျှ လှပတင့်တယ်ကြီးကျယ်သော အဆောက်အဦသည် ၆၊ မေ၊ ၁၇၅၇† ညက လောင်သောမီးတွင် ပါသွားမည်ဟု မှတ်ယူရပါသည်။

ယခုစာတမ်းတွင် ပြခဲ့သောအချက်တို့ကို ပြန်လှန်သုံးသပ်လျှင် အကြမ်းအားဖြင့် ဤစာတမ်း၌ ဆွေးနွေးသောမှတ်တမ်းတို့မှာ ပုဂံ **ထီလိုင်မင်** လက်ထက်မှတ်တမ်း၊ ပဲခူး **ရာမာဓိပတိ**လက်ထက်မှတ်တမ်း၊ ဟံသာဝတီ **ဆင်ဖြူများရှင်**လက်ထက် မှတ်တမ်းနှင့် **ပဲခူး**တွင် နောက်ဆုံးစိုးစံသော **ဦးအောင်လှ**လက်ထက်မှတ်တမ်းတို့ ဖြစ်ပါသည်။ အဆိုပါ မှတ်တမ်းတို့၌

ရှေးမြန်မာတို့၏

(၁) နိုင်ငံပြုစုပုံ
(၂) **သာသနာပြုပုံ**
(၃) အဆောက်အဦများတည်ဆောက်ပုံ
(၄) ပဒေသရာဇ်စစ်တိုက်ပုံ

---

† တင်၊ ဦး။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ တ။ မန္တလေး၊ မန္တလေးတိုင်း သတင်းစာပုံနှိပ်တိုက်၊ ၁၉၆၂၊ မျက် ၂၄၇။

တို့ကို အသေးစိတ် မြင်သာအောင် ရေးသားခဲ့သည်ကို တွေ့ရပါသည်။ တစ်ချက် ထူးခြားသည်မှာ ယခုလေ့လာသော ခေတ်အဆက်ဆက် မင်းအဆက်ဆက် တို့သည် မင်းမျိုးမဟုတ်သည့် **တေပါးမင်းများသာဖြစ်သော**

(၁) **ထီလိုမင်** (အများအခေါ် **ကျန်စစ်သား**)

(၂) **ရာမာဓိပတိ** (အများအခေါ် **ဓမ္မစေတီ**)

(၃) **ဆင်ဖြူများရှင်** (အများအခေါ် **ဘုရင့်နောင်**)

(၄) **ဗြဟိုင်းဓိရာဇာ** (အများအခေါ် **ဗညားဒလ**)

(၅) **အလောင်းမင်း[illegible]များ**

တို့နိုင်ငံနှင့် ပြည်သူ၏အကျိုးကို အနည်းနည်း အဖုံဖုံ ကြိုးစား ဆောင်ရွက် ကြောင်းကို တွေ့ရှိကြရပါသည်။ ထိုမင်းအားလုံးပင် "တေပါးမင်း"များဖြစ်၍ မှတ်တမ်းများကို စုပေါင်းလေ့လာသောအခါ ထိုသူများသာ ထူးခြားစွာ ရှေ့တန်းက ပေါ်ထွက်လာခြင်းမှာ တိုက်ဆိုင်မှုမဟုတ်ပါ။ သူတို့ ကြိုးစား ဆောင်ရွက်ခြင်း တကယ် ထင်ရှားရှိသဖြင့် ပေါ်လွင်လာရခြင်းပင် ဖြစ်ပါသည်။ စင်စစ်အားဖြင့် ထိုသူများမှာ တိုင်းပြည်တွင် အခြေအနေအရ လိုအပ်သဖြင့် ပြည်သူလူထုထဲမှ ပေါ်ထွက်လာသူများပင်ဖြစ်ပါသည်။ ဤသည်တို့မှာ ကျွန်တော်တို့ မြန်မာနိုင်ငံ အတွက် သမိုင်းကပေးသော သင်ခန်းစာများ ဖြစ်ပါသည်။

# အဝခေတ်ကျောက်စာပါ သမိုင်းအထောက်အထားများ†

**ပုဂံ**ပျက်သည့် အေဒီ ၁၃၀၀ မှ အဝပျက်သည့် အေဒီ ၁၇၅၂ အထိ ပိုင်းခြားထားသည့် ကာလအတွင်း တွေ့ရှိရသော ကျောက်စာ၊ ကြေးစာ၊ မြေစာ၊ မှင်စာ၊ ပေစာ၊ ပုရပိုက်စာတို့သည် မြန်မာသမိုင်းအတွက် အားကိုးထိုက်ကြောင်း တွေ့ရှိရပါသည်။ အဆိုပါခေတ်ပြိုင် မှတ်တမ်းတို့ကို အားကိုးပြုလျက် ယခင်က (၁) မြန်မာသမိုင်း အေဒီ ၁၃၀၀–၁၄၀၀ (၂) **မဟာကဿပ** (၃) **သာလွန်မင်း** လက်ထက် အုပ်ချုပ်ရေးဟူ၍ စာတမ်းသုံးစောင် ရေးဖူးပါပြီ။ ဦးတင်လှသော်ကလည်း "မြန်မာသမိုင်း အေဒီ ၁၄၀၀–၁၅၀၀"ကို ရေးခဲ့ဖူးပါပြီ။ ရေးပြီးစာတမ်းအချို့ ရှိနေသည့်ပြင် အချိန်ကန့်သတ်သည့်အတိုင်း ပြီးပြည့်စုံရန် တတ်နိုင်သမျှ အကျဉ်းချုပ်၍ တင်ပြပါမည်။

နိုင်ငံရေးရာ၏ သဘောမှာ **ကျွန်**ပိုင်၊ အာဏာပိုင်မင်းခေတ် အကျုံးဝင်သည့် အဖွဲ့အစည်း ဖြစ်ပါသည်။ ကေရာဇ်၊ ပဒေသရာဇ်၊ စော်ဘွားမြို့စား၊ ရွာစားတို့၏ ခေတ်ဟူ၍လည်း ခေါ်နိုင်ပါသည်။ ထိုခေတ်အခါမျိုးတွင် အုပ်ချုပ်သည့် အကြီးအကဲ၏ စည်းရုံးရေးပေါ်တွင် မူတည်လျက် တိုင်းပြည်ငြိမ်သက်ခြင်း၊ ဆူပူခြင်း၊ သို့မဟုတ် တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းကို တွေ့ရမြဲ ဖြစ်ပါ

---

† * ၁၉၆၇ ခု မြန်မာနိုင်ငံ သုတေသန ဆွေးနွေးပွဲတွင် ဖတ်ကြားသော စာတမ်း ဖြစ်ပါသည်။
*တက္ကသိုလ် ပညာပဒေသာစာစောင် အတွဲ ၂၊ အပိုင်း ၂၊ မေ၊ ၁၉၆၇၊ စာမျက်နှာ ၂၄၃–၅၆။*

သည်။ ဆိုခဲ့ပြီးသည့် အချက်တို့ကို ထင်ရှားစေရန် နိုင်ငံရေးအခြေအနေကို စတင် ဖော်ပြလိုပါသည်။

တိုင်းတစ်ပါးမှ ဝင်ရောက်နှောင့်ယှက်သဖြင့် **ပုဂံ**ပြည်ကြီး ပျက်စီးရကြောင်းကို အများအသိပင် ဖြစ်ပါသည်။ ပုဂံ နန်းရိုးတွင် မူလ **တလသူကြီး** အခေါ်ခံသူသည် **ကျွိစွာ** (ကျော်စွာ) အမည်ဖြင့် ၃၀၊ မေ၊ ၁၂၈၉၊ တနင်္လာနေ့တွင် မင်းအဖြစ် ခံယူပါသည်။ မင်းအမည် ခံရုံမျှဖြင့် ပုဂံ ဝန်းကျင်မျှသာ ဩဇာရှိသူ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆန်ရေစပါး ပေါများသည့် ကျောက်ဆည်ခရိုင်မျှသာ အထောက်အကူရှိသောမင်း ဖြစ်ပါသည်။ ထို့ပြင် မွန်ဂို ဧကရာဇ်၏ အထောက်အကူ သို့မဟုတ် ခန့်အပ် အသိအမှတ်ပြုချက်ဖြင့် မင်းလုပ်သူဟုလည်း ဆိုရပါမည်။ ထိုမင်းသည် ၁၂၉၈ နှစ်လယ်လောက်တွင် နန်းကျသည်။ ၁၀၊ မေ၊ ၁၂၉၉ တွင် အသတ်ခံရသည်။ ဤတွင် ခန့်မှန်းရန် အကြောင်းတစ်ခု ပေါ်ပါသည်။ ကျောက်ဆည်နယ် မြင်စိုင်းဘက်တွင် အားစုလျက် မင်းလုပ်လိုသူတို့က နိုင်ငံခြားသား ဆန့်ကျင်ရေးသဘောကိုယူကာ စည်းရုံး၍ ပုဂံနန်းကို လုပ်ကြံခြင်း ဖြစ်နိုင်ပါသည်။ ၄၀၈ နိုင်ငံခြားသား ဆန့်ကျင်ရေးဟု ခေါ်ရသော်လည်း တိုင်းရင်းသား စည်းရုံးရေးဟူသည့် အဆင့်အထိ မြင့်မားသော အဖွဲ့အစည်းဟု ယူဆနိုင်လောက်အောင် အားကြီးမည့်သဘော ရှိမည်မထင်ပါ။ **မြင်စိုင်း**ဘက်၌ အားစုသူတို့တွင် ခေါင်းဆောင်များကား အသင်္ခယာ၊ ရာဇာ၊ သီဟသူတို့ သုံးယောက်ပင် ဖြစ်သည်။ နိုင်ငံခြားဩဇာကို မထီမဲ့မြင်ပြုခြင်းကား ထိုအခါက နိုင်ငံခြားစစ်ကို ဖိတ်ခေါ်ခြင်းပင်ဖြစ်ကြောင်း သိကြမည်ပင် ဖြစ်ပါသည်။ သို့သော် ဝေးလံသည့် မြောက်အရပ်က ရန်သူမရောက်လာမီ ကာကွယ်ရေးအတွက် ကောင်းစွာ ပြင်ဆင်ရန် အချိန်ရမည်ဟု မှန်းဆပြီးဖြစ်သည်ဟု ထင်ရပါသည်။

မွန်ဂိုစစ်သည်တို့သည် ၁၅၊ ဇန်နဝါရီ၊ ၁၃၀၁ တွင် မလည်သို့ ရောက်လာကြ၏။ စစ်သည်အင်အား ၁၂၀၀၀ ခန့်ရှိမည်ဟု မှန်းဆရပါသည်။ မြင်စိုင်းကို ၁၅၊ ဇန်နဝါရီ၊ ၁၃၀၁ တွင် စတင် ဝန်းရံတိုက်ခိုက်သည်။ မြောက် အရပ်ကုန်းမြင့်သမပိုင်းဇုန်၌ လာသည့် ရန်သူကို မြန်မာနိုင်ငံ အလယ်ပိုင်း၏ ပြင်းထန်သည့် အပူဒဏ်က နှိပ်စက်လိမ့်ဦးမည်ဟူ၍လည်း အမှန်အကန် မှန်းဆထားပြီး ဖြစ်သည်။ ရွှေငွေ လက်ဆောင်ဖြင့် သွေးဆောင်နိုင်ရာ၏ဟူ၍လည်း တွေးတော



ထားပေမည်။ ယင်းလက်နက် နှစ်မျိုးစလုံးကြောင့်ပင် ရန်သူတို့ ၆၊ ဧပြီ၊ ၁၃၀၁ တွင် စတင် ဆုတ်ခွာ၍ ပြန်ကြသည်။ နောက်ထပ် လာရောက် တိုက်ခိုက်ခြင်းမှ ရပ်စဲလေအောင် မွန်ဂို ဧကရာဇ်ထံသို့ လက်ဆောင်ပဏ္ဏာ ဆက်သသည့် သံတမန်များကိုလည်း အလီလီ စေလွှတ်ခဲ့ပါသည်။ တိုင်းတစ်ပါး တန်ခိုးရှင်ကိုပင် ခယခြင်း သဘောကို ဆောင်လျက်ရှိပါသည်။ ဆိုလိုသည်မှာ မြင်စိုင်းခေါင်းဆောင်တို့သည် အမျိုးသား စည်းရုံးရေးနှင့် နိုင်ငံခြားသား ဆန့်ကျင်ရေးထက် မိမိတို့ မင်းဖြစ်ရေးကို ပို၍လိုလားကြောင်း တွေ့ရ၏။ အဆိုပါ ခေါင်းဆောင်သုံးဦးတွင် သီဟသူသည် ၂၀၊ အောက်တိုဘာ၊ ၁၃၀၉ တွင် မင်းအဖြစ် ဘိသိက်ခံသည်။ ပင်းယကို မြို့တော်အဖြစ် ၁၃၁၂ တွင် တည်ထောင် ပါသည်။ နိုင်ငံခြားစစ်ကြောင့် ပျက်စီးခဲ့ရသော အခြေအနေမှ ပြန်လည် ထူထောင် ရေးသည် လွယ်ကူလှမည် မဟုတ်ပါ။ သို့သော် ၁၄ ရာစုဝက်တွင် တိုင်းကား နိုင်ငံ ပြန်လည် စည်ကားလျက်ရှိပြီဟု ယူဆဖွယ်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် အထက်ကစစ်ကြောင့် လယ်ပျက် ယာပျက်များကို စေ့အောင် ပြန်၍ထွန်ယက်စိုက်ပျိုးရန် ကြိုးစားကြောင်း မှတ်တမ်း တွေ့ရပါသည်။ ပြီးမှ အစုအစဉ် အမှတ်အသားများကို လေ့လာလျက် မင်းမြေ၊ သာသနာမြေဟု ခွဲခြားရပေမည်။ ယင်းသို့ ခွဲခြားရန် ရှေးမှတ်တမ်းဖြစ်သော ကျောက်စာတို့ကို စုဆောင်းလေ့လာရပါသည်။ ကျောက်စာများ စတင်စုဆောင်းသည့် ရက်စွဲမှာ ၁၂၊ မတ်၊ ၁၃၅၉ ဟု သိရပါသည်။ (ဓါတ်ပုံ ၅၂၁°) စာရင်းဇယား ကောက်ယူခြင်းကို ပြည်ရွာ တိုးတက်စည်ပင်သာယာခြင်း၏ သဘောတစ်ရပ်ဖြစ်သည်ဟု ယူဆလိုပါသည်။

ပြည်ပရန်၏ ဒဏ်ရာဒဏ်ချက်များမှ လွတ်မြောက်ချိန်မှာပင် ပြည်တွင်းရန်များ ပေါ်လာရ၏။ မြောက်ဘက်တစ်လွှားတွင် **သျှမ်း**တို့ ဆူပူလျက် နိုင်ငံအလယ်ပိုင်းသို့ ပေါက်ရောက်ရန် ချီတက်တိုက်ခိုက် နှောင့်ယှက်ခြင်းကား အဆိုပါ ၁၃၅၉ မှာပင် စတင်ပါသည်။ ထိုအရေးမှာ ၁၃၆၂ တွင် ပို၍ ကြီးမားလာပါသည်။ **စစ်ကိုင်း**တွင် တစ်မင်း၊ **ပင်းယ**တွင် တစ်မင်းဟူ၍ ကွဲပြားပြီး အပြိုင်အဆိုင် ဖြစ်နေသဖြင့်လည်း ဆူပူသူတို့အတွက် ပို၍ အခွင့်သာသည်ဟု ဆိုရပါမည်။ အေဒီ ၁၃၆၄ တွင် စစ်ကိုင်း ပျက်သည်။ မရှေးမနှောင်းတွင် ပင်းယပျက်ပါသည်။

ယင်းသို့ ပျက်စီးရာမှ ပြန်လည် စည်းရုံးပေးနိုင်သူမှာ **သတိုဝ်မင်းဖျား**

ဖြစ်၏။ ၁၃၆၄ မှစ၍ သုံးနှစ်အတွင်း မြန်မာနိုင်ငံ အလယ်ပိုင်း၌ ပြန်၍ အုပ်စိုးနိုင်ကြောင်း တွေ့ရပါသည်။ ၁၃၆၅ မှတ်တမ်းတစ်ခုတွင်. . .

သကရစ် ၇၂၇ ခု သရဝန်နှစ် နွဲတာလ္ဆုတ် ၅ ရက်၊ ၃ နေအာ၊ ရတ္တာနာ သုံပါကိုဝ် ရိုဝ်သေစွာထသော သာသနာကိုဝ် အလွန် ခီပင်စွာ ထသော၊ သတိုဝ်မင်ကြီသည် အကြိယ်စကုကိုဝ် ထိုအုံ ဟုစုန်တ် မူသော (စာရင်း ၆၃၂[၁-၅])

ဟု တွေ့ရှိရပါသည်။ ထိုစစ်ပြီးဆုံး၍ အပြန်တွင် နောက်မှတ်တမ်း တစ်ခုအရ

သတိုင်မင်ကြီ စကုထိုဝ် ခွေရှယ် ပ္လွန်တဝ် မူလစ်သောအခါ ကုခန် အရပ်နှိုက် တယ်တဝ်မူသောအခါနှိုက် နွာတခု ဝက်တခု ကြက်ပေါင် ၅ ခု သေအက္လောက် တဆယ် (စာရင်း ၆၃၀ က[၁၈-၂၁])

စားသောက်သည်ဟု တွေ့ရသည်။ သဘောမှာ သတိုဝ်မင်ဖျာသည် စစ်သည်တို့နှင့် လှည့်လည်၍ နိုင်ငံကို တိုက်ခိုက် သိမ်းသွင်းခဲ့သည်။ ထိုမင်းနှင့် ထိုမင်းကို ဆက်ခံသော မင်းတို့၏ ကြိုးစားချက်ဖြင့် ရှစ်နှစ်မျှအတွင်း အခြေ အနေများစွာ ကောင်း၍သွားသည်ဟု သိရ၏။ အဘယ်ကြောင့်ဆိုသော် ၁၃၇၁ တွင် အကြေ အညာမှ ကျမ်းတတ်အကျော် ရဟန်း သာမဏေတို့ကို ပင့်ဖိတ်၍ စာပွဲသဘင်များ ကျင်းပသည်။ (စာရင်း ၆၉၈ က [၂၊ ၄၊ ၆])ဟု သိရသည်။ ၇၊ ဖေဖော်ဝါရီ၊ ၁၃၇၅ မှတ်တမ်းတွင်

ရှေသောထက် ဆထက်အမွန် သာသနာ တောက်ပစေလျက် ဒါန သီလ နေညမကွင် အလျင်ခေါင်ရှယ် ရဟန် ပုံနာ မိမ ယောကျာ သူမျာတိုဝ်၏ အစိအဖွာ ချံသာကို ရှာပေတတ်စွာထသော မြန်မာပြည် အလုံ ကုန်အောင်စုံကိုဝ် အစိုဝ်ရသည် ဖွ္လရှယ်တဝတိန်သာ နတ်၏ ပြည်နှင့် တူလှကျည်ထသော၊ အဝပြည် (စာရင်း ၆၈၂ [၁-၁၀])

ဟု တွေ့ရပါသည်။

အဝသည် ၁၄ ရာစု၏နောက်ပိုင်း နှစ်အစိတ်တွင် စည်ကား၍ လာသကဲ့သို့ပင် ဆူပူသောင်းကျန်းသည့် အခါကာလအတွင်းက လူရဟန်းတို့ ပြေးလွှားခိုအောင်းရသည့် တောင်ငူ (စာရင်း ၆၈၆ [၈-၁၀]) မှာလည်း ကြီးကျယ် စည်ကားလာကြောင်း တွေ့ရပါသည်။ တောင်ငူသည် နောင်အခါ ၁၆ ရာစု ဦးတွင် အဝနှင့် တုပြိုင်နိုင်မည့်အခြေကို ရခဲ့သည်ဟု ဆိုနိုင်ပါသည်။ ပြည်ရွာ ပြန်လည် စည်ကားလာခြင်း၌ ရဟန်းတို့၏ အကူအညီပါဝင်ကြောင်း ထင်ရှား တွေ့ရ၏။



ရဟန်းအကြီးအကဲများပင် ကျေးရွာအလိုက် ငြိမ်ဝပ်ရေး၊ ကာကွယ် ရေး၊ လယ်ယာ ပြန်လည် စိုက်ပျိုးရေးတွင် ခေါင်းဆောင်သည်။ ထိုပုဂ္ဂိုလ်မျိုးကို **သင်္ဃရာဇာ** (စာရင်း ၈၉၁[၉] စသည်)ဟု ခေါ်ပါသည်။ **ပိတုသင်္ဃရာဇာ** (စာရင်း ၈၉၁[၁၁]) ကဲ့သို့သော ပုဂ္ဂိုလ်တို့မှာ **ကနက္ကဒဏ်** ထီးဖြူကိုပင် အဆောင်အရွက်အဖြစ် သုံးစွဲကြောင်း သိရပါသည်။ သင်္ဃရာဇာ၏ အဓိပ္ပာယ်မှာ ရဟန်းမင်းဖြစ်၍ အကယ်ပင် မင်းစည်းစိမ်တမျှ ခံစားခွင့်ရသူ သို့မဟုတ် ခံစားသူများ ဖြစ်ဟန် တူပါသည်။ ထိုရဟန်းမင်းတို့သည် ၁၆ ရာစုသို့ ရောက်သည့်အခါတွင် တန်ခိုး မှေးမှိန်သွားကြောင်း သိရပါသည်။

မြန်မာနိုင်ငံသည် ၁၅ ရာစုသို့ ဝင်သောအခါ များစွာ စည်းလုံးတိုးတက် လာပြီဟု သိရပါသည်။ ယခင်ကထက် မြေဧရိယာလည်း ကျယ်ပြန့်၍ လာပါ သည်။ ၂၅၊ နိုဝင်ဘာ၊ ၁၄၀၀ မှတ်တမ်းတွင်. . .

ကျယ်ပြန့်သည်ဟု တွေ့ရပါသည်။ အဆိုပါ နယ်မြေကား ရှေးမှတ် သားချက်အရ မြန်မာပြည်၊ တန်လိုင်ပြည် (ထူပါရုံကျောက် ၁၅ [၁-၃]) သျှံပြည် တို့ ပါဝင်သည့် သုံးပြည်နယ် အဝန်းအဝိုင်း ဖြစ်ပါသည်။ ထိုမှတစ်ဖန် ၁၄၀၇ တွင် ရခိုင်ပြည်ကို ရပြန်သည်။ (ထူပါရုံကျောက် ၁၄ [၂၀]) သာမညအားဖြင့် အဝနိုင်ငံ အပန်းအဝိုင်းတွင် အောက်မြန်မာနိုင်ငံကိုပါ ထည့်သွင်းထားသော်လည်း ပုကံပျက်ချိန်မှစ၍ အောက်ပိုင်းနိုင်ငံတွင် တစ်ပြည်တစ်မင်း ဖွဲ့စည်းလျက် ဟံသာဝတီနိုင်ငံဟု ရှိနေပါသည်။ **အဝ**ဟံသာဝတီ ရန်စစ်မှာ ၁၃၈၆ (မှန်နန်း ပ၊ ၄၅၉)ကပင် စတင်ခဲ့သည်။ ထိုပဒေသရာဇ် အချင်းချင်း အားပြိုင်သည့် စစ်မှာ ၃၆ နှစ် (၁၃၈၆–၁၄၂၂) ကြာသည်။ ထိုစစ်များဖြစ်ပြီးနောက် မိုဝ်ညင် သတိုဝ်သည် ပြန်လည် ထူထောင်ရေး အပါအဝင် လယ်ယာ ပြန်လည် ထွန်းကား အောင် များစွာ အားထုတ်ရသည်ဟု သိရပါသည်။ မှတ်တမ်းတစ်ခု၌

သတိုဝ်မင်ကြီသည်၊ ပြည်ထဲ၏ စိဖွာအလိုဝ်ငှာ တဝ်စိမ်ဟိရာ ထွန်တဝ်မူ (စာရင်း ၈၉၁ [၁၅-၁၆])

ကြောင်း တွေ့ရပါသည်။ မည်မျှ ကြိုးစားသည်ဖြစ်စေ အနှစ်လေးဆယ်မျှ တိုက်ခဲ့သည့် စစ်ဒဏ်ကို အထက်မြန်မာနိုင်ငံရော အောက်မြန်မာနိုင်ငံပါ ခံကြရ မည်သာ ဖြစ်ပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်းရှိ မင်းတို့သည် မြောက်ဘက်ဖျားကို သိမ်းသွင်းရန်

၁၅ ရာစုဝက်တွင် ကြိုးစားကြောင်း တွေ့ရ၏။ ၁၆၊ မတ်၊ ၁၄၄၂ တွင်

> ကလေမေည်သော မိုဝ်ခုတ်[၆]ပြည်ကို ရတော်မူ၏။ (စာရင်း ၉၃၄ က [၂၂])

> ထို့ပြင် ဆက်၍ ၁၈၊ မတ်၊ ၁၄၄၂ တွင်

> ကိုဝ်သိန်အသျှင် သိုဝ်ခင်ဖွာ၏ မြေရင်ဖြစ်သော မိုင်ဟော၊ ဟိုင်ညင် သမုတ္တရာနာ ကုလာတိမသာ ခြေချင်ဝတ်၊ မိုင်ကာလေ၊ ကသည်၊ ကချင်၊ မိုင်တိန်၊ မိုင်ပြင်၊ မိုင်တီ၊ မိုင်နာ၊ မိုင်မျည်၊ ခြအိုင်၊ မိုင်ညိုဝ်၊ မိုင်လိုဝ်၊ မိုင်သော်၊ မိုင်ယာ၊ မိုင်ခြိုင်၊ မိုင်ခုန်၊ မိုင်ယိုဝ်၊ မိုင်တုန်၊ မိုင်ခြေည်၊ မိုင်မေည် ဟူသောထိ နှစ်ဆယ်တစင်ကို အစိုဝ် ရသော မောမင်ကြီးသိုင်ဖွာကို ရတော်မူ၏ (စာရင်း ၉၃၄ က[၂၂-၅])

ဟု မှတ်တမ်းတစ်ခုတွင် တွေ့ရပါသည်။ စင်စစ်အားဖြင့် မြန်မာ **တရုတ်**နယ်စပ်တွင်ရှိသော **သျှံ**တို့သည် တစ်ဖက်မှ

> တရုတ်စစ်သည် အကြီမူသော စစ်သူကြီ **ဆင်သွေ** (စာရင်း ၉၄၉ [၂၆-၉])

ခေါ် **ဝန်ကျိ** (Wang Chi) ၏ အန္တရာယ်ကြောင့် မြန်မာတို့ထံဝင်၍ လက်အောက်ခံ မဟာမိတ် ပြုလာခြင်းဖြစ်သည်။ စင်စစ် သျှံတို့သည်

> မညီမညွတ် ကြေညက်အောင် စစ်ကြီ ဖွစ်ကြ၍ (စာရင်း ၉၃၆ က [၂၆])

၁၄၅၆ တွင် **အဝမင်း**၏ လွှမ်းမိုးခြင်းကို ခံရပါသည်။ ထို ၁၄၅၆ မှတ်တမ်းတွင် မင်းတို့ စစ်ခင်းသည်ကို **အညောင်တ်ဖြေသည်** (စာရင်း ၉၃၆ က [၈-၁၁])ဟူ၍ လည်းကောင်း၊ အနိုင်ရလျှင် **လက်နက်တ် ဖွစ်သည်** (စာရင်း ၉၃၆ က [၁၁])ဟူ၍ လည်းကောင်း၊ **အနိုင်ရလျက် လက်နက်တ် ဖွစ်သည်** (စာရင်း ၉၃၆ က [၁၀])ဟူ၍ လည်းကောင်း သုံးစွဲသည်ကို တွေ့ရ၏။ မြန်မာနိုင်ငံ အလယ်ပိုင်းတွင် ထို ၁၅ ရာစုဝက်က စည်းရုံးမှုအင်အား လွန်စွာ ကောင်းချိန် ဖြစ်လာပါသည်။ စစ်ချီစစ်တက် လွယ်ကူစေရန်

> ဧရာဝတီမည်သော မြစ်ကို စစ်အင်လေပါ သွာလာအောင် တန်ဓာကြီဖွဲ (စာရင်း ၉၃၆ ခ [၄၆])

သည်ဟု သိရပါသည်။ ယခင်က ရန်စစ်ပြိုင်ဘက် **ဟံသာဝတီ** အပေါ်တွင်လည်း



ညဧာ လွှမ်းမိုးနိုင်ခဲ့သည်ကို

> **ပဲကူသိုဝ်** ပညာကျန်တောကို နန်တင်လေစေ၏ (စာရင်း ၉၃၆ က [၁၀-၁၁])

ဟု မှတ်တမ်းတင်ခဲ့ကြောင်း တွေ့ရပါသည်။

ဆိုခဲ့ပြီးသည့်အတိုင်း အားကြီးအားသာသည့် ခေတ်အခါအတွင်း၌ မင်းတို့သည် ပေါ့ပေါ့တန်တန် မနေမူ၍ မင်းကျင့်တရားဆယ်ပါးကို စောင့်ထိန်းခဲ့ကြသည်ဟု မှတ်တမ်း (စာရင်း ၉၃၆ က [၇]) တင်ခဲ့သည်ကိုလည်း တွေ့ရပါသည်။ မင်းကျင့်တရားဆယ်ပါးတွင် အချုပ်အားဖြင့်. . .

၁။ အလှူပေးခြင်း
၂။ သီလစောင့်ခြင်း
၃။ ပေးကမ်းချီးမြှင့်ခြင်း
၄။ သိမ်မွေ့ခြင်း
၅။ အမျက်မထွက်ခြင်း
၆။ သည်းခံခြင်း
၇။ ဖြောင့်မှန်ခြင်း
၈။ ပြည်သူတို့နှင့် မဆန့်ကျင်ခြင်း
၉။ ပြည်သူကို အခွန်အတုတ်ဖြင့် မညှင်းဆဲခြင်း[၄၁၆]

တို့ပင် ဖြစ်ပါသည်။ သဘောအားဖြင့် **သက်ဦးဆံပိုင်**မင်း ဟူ၍ အလိုရှိရာ ဖောက်လွဲဖောက်ပြန်မပြုခြင်း သို့မဟုတ် မပြုဝံ့ခြင်းပင် ဖြစ်ပါသည်။

> အခွန်နှင့် ပတ်သက်၍ ၁၄၅၈ ကျောက်စာတစ်ခုတွင်. . . ခန်တဆဲသော အခွန်ကာ တကျွပ်၊ အစောကာတမူ. . .ဆာတဖိုဝ်သော အခွန်ကာ ငါကျွပ်၊ အစကာ ခွဲသာဆဲမူစင်နှင့် ရှက်နီဖွစ်စေသတည်။ လဲတပဲသော. . .အခွန်ကာ ခုနှစ်တင် အစာကာ ငါစိတ် (စာရင်း ၉၇၀ က [၈-၉])

ဟု တွေ့ရသည်။ ၁၄၈၁ မှတ်တမ်းတစ်ခုတွင်ကား အောက်ပါအတိုင်း အခွန်စာရင်းကို တွေ့ရသည်။

> လှည်ခွန်၊ ယည်ခွန်၊ ကန်နာခွန်၊ ခိန်ခွင်ခွန်၊ ဖျင်ခွန်၊ ခန်ဆီ၊ ဆိတ်အကွံကို ခိုင်စစ်တောင်စည် တည်ခွန် **ကျွန်**တည် ကျွယ်တည် နွာတည်အိုဝ် ကောက်နှစ်လုမ် ဝါတစီ နှစ်လုံမ်ကောက် အရေအနံ အကောက်အစာ

**(စာရင်း ၉၉၅** [၁၂-၁၄]) (စာရင်း ၈၅၃ [၂၄-၆] ကိုလည်းကြည့်။)
**ဟူ၍ ဖြစ်ပါသည်။ အိုးတစ်လုည်းတွင် နှစ်လုံးကောက်၍၊ ဝါးတစ် စည်းတွင် နှစ်လုံးကောက်သည်ဟု** ဖော်ပြသည်မှအပ၊ ကျန်အကောက်အစားတို့ကိုကား **ခွဲခြား၍ မပြပါ။**

မင်းပင်ကောင်းလျက် မင်းမြှောက်ဖျက်သည်ဟူသော အဖြစ်မျိုး မရှိရလေအောင် သတိမူသည်ကို အောက်ပါအတိုင်း တွေ့ရပါသည်။

> မြေတိုင် သဘောကာ ပင်လယ်ကိုင်သောလည်း ခွဲလယ်ဟုရှယ် ဆိုဘိမည်၊ ခွဲလယ်ကိုင်သောလည်း စိတ်လယ်သာဟုရှယ် ဆိုဘိမည်၊ မိုဝ်ကြော ငါ မြေတိုင်လေယေ...ံကိုင်ပယ်ရှယ် (စာရင်း ၉၉၅ က [၇-၉])

ဟု တွေ့ရ၏။

ယခု ဖော်ပြလျက်ရှိသော ၁၅ ရာစု၏ နောက်ပိုင်းတစ်ဝက်အချိန်တွင် ပြည်ရွာစည်ပင်သဖြင့် စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးခဲ့သော ဘုရားပုထိုဝ်စေတီ ကျောင်းကန်တို့ကို ပြုပြင်ကြ၏။ ကျောက်စာတစ်ခု၌. . .

> စေတီများကို ပဲသည်ကိုဆက်၏ (စာရင်း ၈၄၀ က [၁၀])

ဟု တွေ့ရ၏။

> မိအထွတ် စသည်လည် တင်တ်မူ၏ (စာရင်း ၁၀၀၁ [၁၆])

ဟု ၁၄၈၂ ကျောက်စာတွင် တွေ့ရ၏။ ဤတွင် စကားအလျဉ်းသင့်၍ ဖော်ပြလိုသည်မှာ ဘုရားတွင် ထီးတင်ခြင်းမှာ ထိုအခါက စသည်ဟု ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် **ပုဂံ**ခေတ် ကျောက်စာတို့၌ ထီးဆောက်၏ ဟူ၍သာ တွေ့ဖူးပါသည်။ ထီးတင်သည်ဟု မတွေ့ရပါ။ ကူနံရံများ ညစ်ပေနေသည်ကို သန့်ရှင်းစေလိုသဖြင့် ၁၄၈၄ မင်စာတစ်ခုတွင်

> အလုံးစုံလျှင် အဖြူအတီလည်း ဖွပ်၏. . .ခိရားသီးနှင့် တကွသော ရွှေစီးငါးဆင်လည်း တင်၏. . .အခေါ်ဝန်းကျင်လျှင် အလွန်သာယာစွာသော ရွှေဆည်လည်း အတိလည်း[၄၁၈] ဆွဲ၏. . .ဆေးဝါး ပြောင်ပြောင်ရေး၏. . . (**စာရင်း** ၁၀၀၅ [၆၊ ၉၊ ၁၆])

ဟု တွေ့ရပါသည်။ ထုံးပွတ်၍ အပြောက် အမွမ်းထပ်**ကာ** ခြယ်လှယ်သဖြင့် ရေးလက်ရာများ ပျောက်ပျက်ကုန်ပါတော့သည်။ စစ်ဘေးစစ်ဒဏ်အပြင် ရေကြီးခြင်း၊ လျှင်ပြင်းစွာ လှုပ်ခြင်းတို့ကြောင့် ပျက်စီးသည်ကိုလည်း ပြုပြင်ကြောင်း



မှတ်တမ်းများ ရှိပါသည်။ အေဒီ ၁၃၃၁ တွင် ရေအလွန်ကြီးသဖြင့် မှတ်တမ်းများ ရှိပါသည်။ အေဒီ ၁၃၃၁ တွင် ရေအလွန်ကြီးသဖြင့် ကျောင်း ဘုရား ရေမျော ပျက်စီးသည်ကို

> သကရစ် ၆၉၃ ခု အာသိနှစ်နိုက်ရိယ်ရှမ္လေ ၁ရယ် ကူလ္လောင် လေပြို၏။ ပုထိုဝ်ရှာလေ မျှောဝ်၏ (စာရင်း ၆၀၈ ခ [၁])

ဟူ၍ လည်း**ကောင်း၊** အေဒီ ၁၃၇၂ တွင် လျှင်ကြီးလှုပ်၍ ပျက်စီးရသည်ကို

> **သကရစ်** ၇၃၄ ခု ပွသိုဝ်လွှန် ၄ ရက် ကြသပတေနေ လျှင်ကြီ **လုပ်၏ (စာရင်း** ၄၈၇ [၁၉-၂၀])

ဟူ၍ လည်း**ကောင်း၊** ၁၄ ရာစုအတွင်းက ကြုံကြိုက်ရပုံကို တွေ့ရ **ပြီးနောက်** ၁၅ ရာစုအတွင်း၌လည်း၊ အေဒီ ၁၄၂၆ တွင်

> လျှင်ကြီးလည် သိံ သိံ လုပ်၍ တံတိုင်မိတာများစွာ ပြို၏ **(စာရင်း** ၁၀-၁၄ က [၁၉])

ဟူ၍ လည်းကောင်း၊ အေဒီ ၁၄၈၅ တွင်

> သက္ကရာဇ် ၈၄၇ ခု ဝါခေါင်လွှန် သုံမ်ရက် ကြာသပတေနေ **မိုဝ်သောက်** ထန္နိုက် သည်စွာသောမြေကြီးလျှင်[၄၁၉] လုပ်သအာဖြင့် **ဖုရာသိခင်လည်** ပန်တင်သိုဝ် တိုင်အောင်လျှင် အစိတ်စိတ် ပြိုကွဲဘိ၏ (**စာရင်း ၁၀၁၄ ခ** [၁၀-၁၁])

ဟု **တွေ့ရပါသည်။ ၁၆ ရာစု၏** အပျက်အစီးကိုကား အေဒီ **၁၅၅၈ ထိုးသည့် ကျောက်စာတွင်**

> **ပုဂံ ပင်ယ** စကိုင် စသော အဝ မင်နေပြည်တိုဝ်နိုက်မိစ္ဆာ...တိုဝ် **ဖျက်ဆီးလေ**သော စေတီပုမိုဝ်ပိဋကတ်အပေါင် (**စာရင်း** ၁၀၇၃ ခ [၅])

ကို **ပြင်ရ၏ဟု ပါ**ရှိပါသည်။

**အထက်**ဖော်ပြပါတို့တွင် နောက်ဆုံးပျက်စီးပုံ အမှတ်အသားအရ အဝ**သည် ၁၆ ရာစုအစ**တွင် အခြေယိမ်းယိုင်၍ ပထမနှစ်အစိတ်ကျော်လျှင် ဂငယ်သုံးခုဥသျှစ်ထုပဟူသော ခေတ်အခါသို့ ရောက်ခဲ့ကြကြောင်း သိသာပါသည်။ အဝယိမ်းယိုင်လျှင် တောင်ငူကြီးကျယ်လာသည်ကို တွေ့ရ၏။ မင်းတရား ရွှေထီးနှင့် ဟံသာဝတီ ဆင်ဖြူရှင်တို့က ဟံသာဝတီသို့ ပြောင်းရွှေ့လျက် အခြေပြုကာ နိုင်ငံစည်ပင်၍ လာရပြန်သည်။ ထိုအခါ နိုင်ငံအကျယ်အဝန်းမှာ အေဒီ ၁၅၉၃

ရေးထိုးသည့် ကျောက်စာအရ သိနိုင်ပါသည်။

မဟာနဂတိုင်ခေမ၊ မေဓာဝရတိုင်၊ ဇင်ရုံတိုင်၊ တမလတ္တိတိုင်၊ အယုဒယတိုင်၊ သုနာပရံတိုင်၊ ကမ္ဗဒီပတိုင်၊ ကမ္ဗောဇတိုင်၊ ကလေ၊ ကသည်၊ မိုဝ်ညင်၊ မိုဝ်ကောင်၊ မိုင်စင်၊ ခံတီ၊ မိုဝ်ဝန်၊ ခွေလုံ၊ မိုဝ်နာ၊ စန္ဒာ၊ မိုင်ကေည်၊ မိုင်တီ၊ မိုင်ခွန်၊ ဗန်မော်၊ မိုဝ်မိတ်၊ သီပေါ၊ သေည်ဝီ၊ မိုဝ်နယ်၊ ညောင်ရွှေ၊ ပတ်ကျိုင်၊. . .စိန်တိုင်၊ ဤသိုဝ် များလှစွာသော တိုင်အရံ ယှိသော ရာမညတိုင် ဟံသာဝတီပြည် (စာရင်း ၁၀၈၄ က [၄-၇])

ဟူ၍ တွေ့ရပါသည်။ ထိုမျှ ကြီးပွားလင့်ကစား ၁၆ ရာစုကုန်တွင် ပျက်စီးရပြန်ပါသည်။ ဟံသာဝတီ ပျက်ပြီးမှ ရတနပူရ အဝမြို့က ပြန်လည် ထွန်းတောက်ခွင့်ရပြန်၏။ ထိုအခါ အဝဟူသောအမည်မှ ရွှေဝ (မင်းသုံးပါး[၁] ၉၆၀ ပြည့် [၃၃၃])ဟု အမည်ပြောင်းလဲ ခေါ်ဝေါ်ခဲ့ပါသည်။ ထိုရွှေဝ၏ ပိုင်နက်မှာ

အရှေ့ကိုလားသော် သံတံတား၊ အနောက်ကိုလားသော် ပင်လယ်နား၊ တောင်ကိုလားသော် ယိုးဒယား၊ မြောက်ကိုလားသော် ရေပေါ်မီးငါ့နားကြီး အက္ကပတ် **ကသည်း**တို့နေရာ (ဗမ္ဗူ ၂ ၉၉၉ ခ [၆၃])

အထိ ပိုင်းခြား သတ်မှတ်သည်။ အေဒီ ၁၆၅၀ တွင် ရေးထိုးသည့် ကျောက်စာအရ ဆိုပါလျှင်

စကု စလင် လယ်ကိုင် ဖောင်လင် ကလေသောင်သွပ် အစဟိသဝ် ပြိုကြီတို ဝ် ၏ တဉ်ရာ သုနာပရန္တတိုင်၊ ပုဂံအဝ ပင်ရ **မြင်စိုင်** အစဟိသဝ် ပြိုကြီတို ဝ် ၏ တဉ်ရာ ကမ္ဘေဇတိုင် ဗမ်[၄၂၂] ခွေလုံမ်စန္တာ အစဟိသဝ် ပြဉ်ကြီတိုဝ်၏တဉ်ရာ ဇိန်တိုင်၊ သရေခေတ္တရာ ဥဒေတရစ်ပန်ထောင် အစဟိသစ်ပြည်ကြီ တိုဉ်၏ တန်ရာ သီရိ ခေတ္တရာမတိုင်၊ ကေတုမတီ ဇေယဝတီ အစဟိသဝ်ပြဉ်ကြီတို ဝ် ၏တဉ်ရာ ဇေယဝဍ

† ၁။ ညောင်ရမ်းမင်း၊ အနောက်ဘက်လွန်မင်းနှင့် သာလွန်မင်းတို့ လက်ထက် အမိန့်တော်ကို စုပေါင်းထားသည့် *မင်းသုံးပါး အမိန့်တော်* (၉၆၇-၁၀၁၀)။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ ပေမူအမှတ် ၄၅၂၃၅။

၂။ *ဇမ္ဗူဒီပဥဆောင်ကျမ်း*၊ မြန်မာနိုင်ငံ သုတေသနအသင်းက ၁၉၆၀ တွင် ပုံနှိပ်။



နတိုင်၊ ဟံသာဝတီ ဒိဂုံမ် ဒလ ကုသိမ် ရောင်မြ မုတ္တိမ အစဟိသဝ်ပြိုကြီဝ် ၏ တဉ်ရာ ဟရိပုဉ္စတိုင် ကျိုင်ရုံမ် မိုင်စဉ် အစဟိသဝ် အစဟိသဝ် ပြိုကြီတို ဝ် ၏ တဉ်ရာ မဟာနဂရ တိုင် (စာရင်း ၁၁၀၅ [၆၉-၇၀])

ကို အုပ်စိုးရသည်ဟု ဆိုလိုပါသည်။ ထိုမျှ ကျယ်ပြန့်သဖြင့်လည်း မှတ်တမ်းကမ္ပည်း ရေးထိုးရသည့်အခါများတွင် မြန်မာဘာသာ၊ မွန်ဘာသာ၊ ယွန်ဘာသာ (စာရင်း ၁၁၀၅ [၄၇])တို့ဖြင့် ရေးထိုးရသည်ဟု သိရပါသည်။

ထိုနိုင်ငံကြီးကို စီမံကွပ်ကဲရန် အရည်အချင်းရှိသည့် မှူးကောင်းမတ်ကောင်းတို့ ရှိရပါမည်။ ရှိလည်းရှိပါသည်။

ဆင်မြင်စီနှင့် ကျင်လျှင်လေ့ကျွမ် ရဲစွမ်သတ္တိ ဟိကုန်ထသဝ် ပြီရေရှာမူကြဉ့်ရှုမြင်နိုင် သုံမ်ဆိုင်စစ်ဆင်ကြွင်မယ် ကျင်သေ အမတ်စစ်သူကြီ ခမ္ဘသတ် ကျွမ်းလေ့ သိမ်မွေ့နူတ်ရဉ် ကွေ့လည်ဆန်ပြး စကားသိတတ် ရာဇဝတ်အရ ရ်တွေမြင်နိုင် ကျောက်စာတိုင် သိုဝ် ကျန်ခိုင်တဉ့်မတ်[၄၂] တရးဆုန်ဖြတ် တတ်သဝ် အမတ်၊ မတ်နူတ်လက် ခိုင်ဝှက် လဥ့်ဖျးလျှပ်စားစကိုဝ် တရးကျင့်ရိုဝ် အလိုက် စီစစ်သဝ် ပြီစိုဝ်မြုဝ်ကွပ်ဆ်ကြပ်ထောင်ပိုင် သင်ခိုင်မှူကြီ ကျေသီးမြို့ဝ် စးအစ ဟိသဝ် အထောင် မကသဝ် အမတြာအးတဉ် ဟူသဝ် အမစ္စဗလ (စာရင်း ၁၁၀၅ [၇၃-၇၅])

ဟူ၍ ဖော်ပြထားသည်ကို တွေ့ရသည်။

ဝန်ဟူသော ရာထူးအမည်ကို အေဒီ ၁၃၈၆ ကပင် စတင် သုံးစွဲလျက်ရှိကြောင်း တွေ့ရပါသည်။ (စာရင်း ၉၂၇ [၁၇-၄၇])၊ (စာရင်း ၁၁၀၅ [၅၀])

ထိုအမှုထမ်းတို့၏ အကြီးအအုပ်ဖြစ်သော မင်း၏ အရည်အချင်းကိုလည်း အသေးစိတ် ဖော်ပြပါသည်။ ဤတွင် နိုင်ငံအုပ်ချုပ်ရေး၌ မြန်မာတို့၏ အကြိုက်ဖြစ်သော နည်းစနစ်သည် ယခုဖော်ပြမည့် မင်း၏အင်္ဂါရပ်တွင် ပါရှိသဖြင့် ရှေးမင်းတို့၏ အုပ်ချုပ်ပုံကို ကောင်းစွာ သဘောပေါက် နားလည်နိုင်ပါသည်။

မင်း၏ အင်္ဂါရပ်တို့ကို ဖော်ပြရာ၌

တပးသဝ်အင်္ဂါ ဟိသဝ်စာမရိသးမြတ်ကယ့်သိုဝ်၊ မင်းကျင့်တရးတဉ်ဟုသဝ် စာရိတ္တသီလ၊ ပဉ္စသီအဋ္ဌဒသီတဉ် ဟုသင် ဝါရိတ္တသီလကိုဝ် နိုဝ်ခြင်တည်ဟူသဝ်၊ တပးသဝ်အင်္ဂါနှင့် ပြည့်စုံမ်တ်မူထ

သင်၊ နှစ်ပါးသင်အင်္ဂါ ဟိသင်တရိုင် တိုင်ကယ့်သိုင်၊ နက်နဲခိုင်ခံမ့် သင်အဖြစ် ခပ်သိမ်သင်သူတိုဝ့်သည် မလှုပ်ယှား နိုင်သင် အဖြစ်တဉ် ဟူသင်[၅၂၃]၊ နှစ်ပးသင် အင်္ဂါတိုဝ့်နှင့် ပြည့်စုံမ်တ်မူထသင်၊ သုံမ်ပးသင် အင်္ဂါဟိသင်၊ ပတ္တမြးကယ့်သိုဝ့်၊ အမျိုးဝ်တ် အကျင့်တ်တိုဝ့်၏ စင်ကြယ် သင်အဖြစ်၊ မကောင်မှုတိုဝ့်ဖြင့် မလိမ်ကြံသင်အဖြစ်၊ မြတ်သင်သူတိုဝ့် နှင့် နှီနှောသင် အဖြစ်တဉ်ဟူသင် သုံမ်ပးသင်အင်္ဂါတိုဝ့်နှင့် ပြည့်စုံ မ်တ်မူထသင်၊ လေပးသင်အင်္ဂါဟိသင် စကြာမင်ကယ့်သိုဝ့်၊ ခပ်သိမ်သင် သူတိုဝ့်ကိုယ် လေပးသင် သင်္ဂဟဝတ္ထုဖြင့် ချီပင့်ခြင်၊ မုတိမ်ကဏ္ဍာတိုဝ့် ကိုဝ်မဟဲစေခြင်၊ တိုင်ကးနိုင်ငံတိုဝ်ကိုဝ် နေ့တိုင့်မပြတ် ဆုမ စ်ရင်တ် မှုခြင်၊ အတွင် အပနှိုက် အစောင့်မရှောက် ထးခြင်တဉ်ဟူသင်၊ လေပး သင်အင်္ဂါတိုဝ့်နှင့် ပြည့်စုံမ်တ်မူထသင်၊ အင်္ဂါငးပးသင်၊ ဟိသင်မိုဝ် ကဲသိုဝ့်၊ အတွင်အပနှိုက်ဖြစ်သင်၊ ရန်မြူကိုဝ်တရးနှင့် ဉီစွာနှိပ်နင်ခြင်၊ ပူပန်စေတတ်သင် ဒေါမနသ ဉပါယာသ အကုသိုလ် ဝိတက်တိုဝ့် ကိုဝ်ပယ်ခြင်း၊ မျိုဝ်စေ့နှင့် တူသင်ဖြစ်ယောက် ထိုက်သင်ယူ တိုဝ့်ကိုဝ် အဖန်တလဲလဲ အောက်မေ့စောင့်မခြင်၊ ရေတွင်ရေကန်နှင့် တူသင် ပညာ ဟိပိုပ့်ကိုပ် ပေးကမ်းချီမြှောက် သင်အးဖြင့် ပြည့်စုံမ်စေမြင် တဉ်ဟုသင်၊ ငးပးသင်အင်္ဂါတိုဝ့်နှင့် ပြည့်စုံမ်တ်မူထသင်၊ ခြောက်ပးသင် အင်္ဂါဟိသင်၊ မဟာနာမ မင်ကယ့်သိုဝ့်၊ ဘုရးနှိုက် ရိုဝ်သေခြင်၊ တရး၌ ရိုဝ်သေခြင်၊ သင်္ဃာနှိုက် ရိုဝ်သေခြင်၊ သီလနှိုက် ရိုဝ်သေခြင်၊ ဟိရိ ဩတ္တပတဉ်ဟူသော၊ ခြောလ်ပးသင်အင်္ဂတိုဝ့်နှင့် ပြည့်စုံမ်တ်မူထသင်၊ ခုနစ်ပးသင် အင်္ဂါဟိသင်၊ ဝေသာလီမင်တိုဝ့် ကယ့်သိုဝ့်၊ မပြတ်စဉ်ဝေ တိုဝ်ပင်ခြင်၊ ပြုအပ်[၅၂၄]သင် အမုအရာတိုဝ့်နှိုက် အညီအညွတ်စီရင်ခြင်၊ တရးနှင့်ဉီစွ စီရင်လေ့ဟိသင် ရှေမင်တိုဝ့် အကျင့်ကိုဝ် မရှုပ်မလွန်ခြင်၊ မင်စဉ်စိုဝ်ဆက်မီသင် မင်ဆွေမင်မျိုဝ် မှူကြီမတ်ကြီတိုဝ့်ကိုဝ် မြတ်နိုင် ပေကမ်ခြင်၊ ပြည်သူတိုဝ့်ကိုဝ် အနိုင်မနှိပ်စက်ခြင်၊ ပြဉ်တွင်ပြဉ်၌ ပတိုဝ့်နှိုက် ရှေမင်တိုဝ့် ပူဇ္ဇော်သင် နတ်တိုဝ် အးတရးနှင့် ဉီးစွာ ပူဇ္ဇော် သက္ကာရကိုဝ် ပြုခြင်၊ သီလဝန် ဂုဏဝန်ဖြစ်သင် ရဟန်သင်္ဃာတိုဝ်ကိုဝ် တရးနှင့် ဉီစွာ စောင့်ရှောက် ထောက်ပင့်ခြင်တဉ်ဟူသင်၊ အပရိဟာနိယ တရး



ခုနှပးတိုဝ့်နှင့် ပြည့်စုံမ်တ်မူထသင်၊ သစ်ိ ပကိ တကာလေန၊ ကပ္ပိယံ ပါဏာ ဘောဇနံ၊ အစဟိသင်အားဖြင့် လာသင်သျှစ်ပးသင် သပ္ပုရိသ ဒါနတိုဝ့်နှင့် ပြည့်စုံမ်တ်မူထသင်၊ အဌင်္ဂဉပုသ် မေတ္တာတဉ်ဟူ သင်ကိုဝ် ပးသင် မဟာပ္ဗလမဟာဝိဟ္ဗာရ ဓမ္မတိုဝ့်နှင့် ပြည့်စုံမ်တ်မူထသင်၊ ဓနဓည ပုတ္တဒါသ စတုပ္ပဒဒွိ ပဉ္စကတဉ်ဟူ သင်၊ ဆယ်ပးသင်ဝဆိကအရိယ ဓနတိုဝ့်နှင့် ပြည့်စုံမ်တ်မူထသင်၊ သန္ဓာဝီရိယ သတိ သမာဓိ ပညာ ဗုဒ္ဓနုသတာဒိ ဆက္ကတဉ်ဟူသင် မြတ်သင် တဆယ့်တပးသင် အရိယ ဝိဟာရဓမ္မတို့ဝ်နှင့် ပြည့်စုံမ်တ် မူထသင်၊ ဤသို့ ခပ်သိမ် သင်ရနယ် အခြင်တိုဝ့်၏ တဉ်ရာဖြစ် သင်ပြာသာဒ်ကဏ္ဏိကာကယ့် သိုဝ့် ရေတွက် ခြင်ငှာ မတတ်နိုင်သင်၊ နက္ခတ်တာရာတိုဝ့်၏ အရောင်တိုဝ့်သည် လ၏ အရောင်နှိုက် ဝင်ရယ်တဉ်သကယ့်သိုဝ့် မျးစွာသင်ဇ ကျဇူအပေါင်တိုဝ့် ၏ တဉ်ရာဖြစ်တ်မူသင်... မင် (စာရင်း ၁၁၀၅ က ၇၃-၈၆ ခ ၁-၂)[၅၂၅]

ဟူ၍ တွေ့ရပါသည်။ စင်စစ်အားဖြင့် ဤသို့ အရည်အချင်းရှိသူကိုသာလျှင် မင်းဟူ၍ အသိအမှတ်ပြုကြောင်း ပြည့်ဝန်းခြင်းပင် ဖြစ်ပါသည်။ မင်းဖြစ်သူကလည်း မိမိကိုယ်ကို ဉယျာဉ်မှူး သဘောထား၍ နိုင်ငံကို စည်ပင်အောင် ဉယျာဉ်ကဲ့သို့ ပြုစုရမည်ဟု ယူဆ၏။ သာလွန်မင်း၏ အမိန့်တော်တစ်ခုတွင် ဤအယူအဆကို ဖော်ပြပုံမှာ

ပျိုးသည့် စိုက်သည့် ပြင်သည့် လုပ်သည့် ဉယင်သဖွယ် ဖြစ်၏။ င့ါတွင်မူကား မသန်သည်ကို သန်အောင်၊ မပွင့်သည်ကို ပွင့်အောင်၊ မသီးသည်ကို သီးအောင်၊ မစည်သည်ကို စည်အောင်၊ မပွားသည်ကို ပွားအောင်၊ အစွတ်သင့်သည်ကို အစွတ်နှင့်၊ အခြောက်သင့်သည်ကို အခြောက်နှင့်၊ ချဉ်သည့်အပင်ကို အချဉ်မပေါက်ရအောင်၊ ခါးသည့် အပင်ကို မသက်ရအောင်၊ ချိုသည့်အပင်ကို မပြက်ရအောင်၊ အမြစ် ရှက်သ၍ ဩဇာပေါ့သည် ပျက်သည်များကို အမြစ်အပင် မရှက် ရအောင်၊ တတ်လှသော ဉယင်သည်+သည်၊ သုတ်သင် သိမ်းပိုက် စိုက်ပျိုးပြုစုသကဲ့သို့ သာသနာတော်စီးပွား၊ ပြည်သူလူတကာ သတ္တဝါ အပေါင်းတို့၏ စီးပွား၊ မိမိ ပြည်နိုင်ငံ၌ရှိသော လူအပေါင်းတို့ကို ဂတိတည်စွာ ငယ်သသူကို ကြီးသာအောင်၊ ကြီးသသူကို အိုသာအောင်၊ အိုသသူကိုလည်း ချမ်းသာစွာ သေရအောင် (မင်းသုံးပါး ၁၀၀၀

ပြည် ၂၃၃)

ဆောင်ရွက်မည်ဟူ၍ ဖြစ်ပါသည်။

မင်း၏တာဝန်နှင့် ခံယူချက်ကို တင်ပြပြီးနောက် ပြည်သူ့ဝန်ထမ်းအရာရှိတို့တွင် အကြီးဆုံးဖြစ်သူ ဝန်ကြီး၏ တာဝန်တို့ကို သိရှိဝေဖန်ရန်လိုအပ်ပါသည်။ အေဒီ ၁၆၃၇ တွင် နန္ဒယော်ဓာကို ဝန်ခန့်သည့် ပြန်တမ်းအရ. . .

(၁) ဝန်ကြီးအသစ်ကို အဟောင်းသုံးဦးနှင့် တွဲဖက်၍ ခန့်ခြင်း

(၂) အရှင့်အပေါ်တွင် စွဲမြဲသောသစ္စာရှိ၍ ယုံကြည်ဖြစ်သောကြောင့် ခန့်ခြင်း

(၃) ပြည်ထောင်ချင်း အနီးအစပ်ဖြစ်သော နိုင်ငံတို့နှင့် ဆက်ဆံရေးတွင်ပါဝင်ဆောင်ရွက်စေလိုသဖြင့် ခန့်ခြင်း

(၄) ပြည်ကြီးဝန်ဖြစ်သော အနီးအစပ်ဖြစ်သော နိုင်ငံတို့နှင့် ဆက်ဆံရေးတွင်ပါဝင်ဆောင်ရွက်စေလိုသဖြင့် ခန့်ခြင်း

ဟူ၍ အချက်ကြီးလေးချက်ကို တွေ့ရပါသည်။ ထိုအချက်များအရတာဝန်ပေးအပ်ခြင်း ခံရသူသည် နံနက်လင်းသည်မှစ၍ မိုးချုပ်သည်အထိအခိုအနားမရှိ၊ ပြည်ကြီးဝန်ကို ဝေဖန်ပိုင်းခြားလျက် ဆောင်ရွက်ရန် လိုသည်။ ပထမဦးဆုံး ဆောင်ရွက်ရန်မှာ. . .

(၁) တိုင်းတပါးမင်းတို့ထံမှ သို့မဟုတ် လက်အောက် ပဒေသရာဇ်များထံမှရောက်လာသည့် အကြောင်းကြားစာများကို စစ်ဆေး၍ ဆောင်ရွက်ထိုက်သမျှကို ဆောင်ရွက်ရန် အဆင့်ဆင့် အမိန့်ပေး ဆောင်ရွက်စေရမည်။

(၂) ကင်းစောင့် ကင်းနေ့ ကာကွယ်ရေးဆိုင်ရာ အစီရင်ခံစာများကို မှတ်သား၍ ဆောင်ရွက်ရန် ရှိသမျှကို စေခိုင်းရမည်။ မည်သို့မည်ပုံ အရေးယူကြောင်း ပြန်ကြားရမည်။

(၃) မြို့ပြ ကျေးရွာ အမှုထမ်းတို့၏ အစီရင်ခံစာကိုလည်း အလားတူဆောင်ရွက်သင့်သမျှ ဆောင်ရွက်လျက် ပြန်ကြားရမည်။

(၄) တရား ရာဇဝတ်မှု ခိုးမှု ယိုးမှုတို့ကို **ဓမ္မသတ်** ရာဇသတ် အဆိုအမိန့်ရှိရာ ညှိနှိုင်းဆုံးဖြတ်ရမည်။

(၅) အဝေးမှ ရောက်လာသည့် မင်းရေးစိုးဆိုင်ရာ ဧည့်သည်တို့ကို ထိုက်တန်



သမျှ ပေးကမ်းလက်ခံ၍ ကျေးဇူးသစ္စာတော်နှစ်ပါးကို မမေ့မလျော့ထိုက်ကြောင်း သာယာချေင်စွာ ပြောဆိုဧည့်ခံရမည်။

ဤငါးချက်ကား ရုံးမတက်မီ အိမ်တွင် ဆောင်ရွက်ရမည့် အချက်များဖြစ်ပါသည်။ ရုံးသို့ နေ့လယ် ၁၂ နာရီအချိန်တွင် တက်ကြရပါသည်။ ရုံးသို့ရောက်လျှင်

(၁) **နာခံ**ကတစ်ဆင့် ဆောင်ရွက်ပြီးစီးသမျှကို မင်းထံသို့ အစီရင်ခံစာဆက်သွင်းရသည်။

(၂) အတွင်းတော်က နားခံမှတစ်ဆင့် ခိုင်းစေသမျှကို ဆိုင်ရာအရာရှိများဆောင်ရွက်ရန်တစ်ဆင့် အမိန့်ပေးရသည်။

(၃) နိုင်ငံခြားသံအဖွဲ့ ရောက်လာမည်ဟု သိလျှင် အကြိုအယူနှင့် နေရာချထားရေးကို စီမံရသည်။

(၄) နိုင်ငံတော်အလံကင်းဖျား မြို့ရွာများ၌ ခန့်ထားသည့်အစောင့်အနေတို့ပြောင်းရွှေ့လဲလှယ်ခြင်း၊ အင်အားထပ်ဖြည့်ခြင်း စသည်တို့ကိုလည်းစီမံရသည်။

(၅) နိုင်ငံတော် အစွန်အနား၌ ပေါ်ရှိသော ရန်စစ်ရှိလျှင် အလျှင်အမြန်နှိပ်ကွပ်ရန် စီမံရသည်။

(၆) အမှုထမ်း အရည်အသွေးအလိုက် တိုးတက်ချီးမြှင့်ထိုက်သူများကိုမှတ်သား၍ မင်းတွင် လျှောက်ထားရသည်။

(၇) အောက်ရုံးစီရင်ချက်ကို အမှုသည်နှစ်ဦး စိတ်မတူ၍ အယူခံလာလျှင်ဆင်ခြေနှစ်ပြင်ကို မှတ်သား၍ ပြင်ဆင်သင့်က ပြင်ဆင်ရသည်။

ဤလုပ်ငန်းတာဝန်များပြီးဆုံးမှ ရုံးဆင်းရမည်။ ညနေပိုင်းတွင်

(၁) မင်းညီမင်းသားတို့ ကျရောက်သည့် တာဝန်အလိုက် ဆောင်ရွက်ခြင်းရှိ–မရှိ စိစစ်ရခြင်း

(၂) အခါကာလအလိုက် ဝါဝင် ဝါထွက် ကန်တော့လက်ဆောင်သွင်းကိစ္စများ စီမံရခြင်း[၄၂၆]

(၃) လက်ဆောင်ဆက်လာသူတို့ကို အထိုက်အလျောက် ဆုတော်ပေးရန်စီမံရခြင်း

(၄) ကထိန်တော်ကာလ၊ သင်္ကြန်တော်ကာလရောက်လျှင် အနီးအဝေး

ဆရာတော်တို့ထံ အလှူတော်ပို့ရန် စီမံရခြင်း၊ တန်ခိုးကြီး စေတီပုထိုးများသို့လည်း အလှူတော်ပို့ရခြင်း

(၅) အတာသဘင်၊ ညောင်ရေသဘင်၊ မီးပွဲသဘင် စသည့် တစ်ဆယ့်နှစ်ရာသီ သဘင်တို့ကို စီမံရခြင်း

(၆) ဝါတွင်းကာလ ပြည်သူတို့ ငါးပါးသီလမြဲအောင် ကြပ်မဆင့်ဆိုရခြင်း

(၇) ထီးနန်းပြောင်းလဲလျှင် ပဟိုရ်စည်၊ အိမ်ရှင်စည်၊ ရွှေတော်ပြေးစည်၊ မြို့လည်စည်၊ ဂြိုဟ်နတ်ရုပ်တို့ကို နံသင့်လဲစေရခြင်း

(၈) စော်ဘွားမြို့စားတို့ သေလွန်ကြောင်းသိလျှင် အမွေဆက်ခံခြင်း၊ အကူတော်ပို့ခြင်း၊ အသစ်မခန့်ထားမီ ယာယီ အုပ်ချုပ်ရေး စီမံရခြင်း၊ အသစ်ခန့်ထားသည့်အခါ သစ္စာပေးစီမံရခြင်း

(၉) မင်းဖြစ်သူ မြို့သိမ် မြို့လည်ထွက်လျှင် တပ်ခင်းဝင်းခင်း စီမံရခြင်း

(၁၀) မိဖုရား မင်းညီမင်းသားတို့ သေလွန်လျှင် သင်္ဂြိုဟ်ရန် စီမံရခြင်း

(၁၁) ရတ်ခြည်းပေါ်သည့် စစ်ရေးစစ်ရာကို မပေါ့မလျော့ စီမံရခြင်း၊ ရန်သူရှိရာသို့ နှစ်စခန်းကို တစ်စခန်းပြု၍ အလျင်ချီစေခြင်း၊ စစ်သည်ရဲမက်တို့အတွက် ရိက္ခာလုံလောက်အောင်ပေး၍ ပြည်သူတို့လုပ်သည့် "သစ်သီးတစ်လုံး ဟင်းရွက်တစ်ချပ် ကြက်မွေးတပ်ချောင်းကိုမျှ မပေးသည်ကို မလုမယူစေခြင်း"

(၁၂) လောကီအစီအရင် အနှံအထားတို့ကိုလည်း ထုံးစံနှင့် ညီမညီ စစ်ဆေးရခြင်း

(၁၃) တိတ်ဆိုး နိမိတ်ဆိုး ပေါ်ထွက်လျှင် ယတြာ ခတ်ရိုက် ပရိတ်မွှန်းပြုစေခြင်း

(၁၄) လက်အောက်အမှုထမ်းတို့က ပြည်သူကို မတရားဖမ်းယူ ကွပ်ညှပ်နှိပ်စက်သည်ကို ကြားသိလျှင် ချက်ချင်းအရေးယူ၍ ဖြေရှင်းပေးခြင်း

(၁၅) ဆင်လွှတ် မြင်းလွှတ် မီးထင်းရတ်ရတ်သဲသဲရှိလျှင် အမြန်ဆုံး ထိန်းအုပ်၍ အပြစ်ရှိသူကို အပြစ်အလျောက် ကွပ်ညှပ်စီစဉ်ခြင်း

(၁၆) မြို့ရိုး တံခါး ပြအိုး စသည် ဟောင်းနွမ်းသည်များကို ပြုပြင်စေခြင်း

(၁၇) အခါအားလျော်စွာ ဆင်ခင်း၊ မြင်းခင်း အမြောက်ပြောင်းသေနတ်စက်ပစ်ခြင်းများကို စီမံရခြင်း



(၁၈) နိုင်ငံတော်အတွင်း အထူးတလည် ပေါ်ထွက်သည့် တွင်းထွက်ရတနာ၊ ဆင်မြင်း ရတနာ စသည်တို့ကို မနှေးမဖင့် အဆက်အသ ပို့ဆောင်ရန်နှိုးဆော်ရခြင်း

စသည့် လုပ်ငန်းတာဝန်တို့ကို ဝန်ကြီးတို့ လုပ်ဆောင်ကြရပါသည်။

သာသနာရေးကို အုပ်ချုပ်ရေးဘက်က မည်သို့ သဘောထားကြောင်းကို သာလွန်မင်းတရားလက်ထက် ဆောင်ရွက်ချက်များအရ အကဲခတ်နိုင်ပါသည်။ ထိုမင်းနန်းတက်စက "ပဥ္စင်းမခံစေနှင့် ရဟန်းမပြုစေနှင့်"ဟု အမိန့်တော်ထုတ်ဖူးသည်။ (မင်းသုံးပါး ၁၀၀၀ ပြည့် ၂၄၈)ဆိုလိုသည်မှာ တိုင်းပြည်ပြန်လည် ထူထောင်ရေးကာလတွင် တာဝန်ရှောင်လိုသဖြင့် ပရိယာယ်သုံး၍ ရှင်ယောင်ပြုခြင်းကိုသာ ပိတ်ပင်ခြင်း ဖြစ်ပါသည်။ ထို့ပြင် ရှိပြီး ရဟန်းတို့ကိုလည်း

(၁) မကောင်းမှုကို ပြုရန်ရှက်ခြင်း

(၂) ကျင့်ဝတ်၌ လေးစားခြင်း

(၃) အလေ့အလာအားဖြင့် စင်ကြယ်ခြင်းတို့နှင့် ပြည့်စုံရမည်ဟု အမိန့်တော်ထုတ်ဖူး၏။

အဘယ်ကြောင့်ဆိုသော် လူဖြစ်ခဲခြင်း၊ ဗုဒ္ဓသာသနာနှင့် ကြုံခဲခြင်း၊ ဗုဒ္ဓသာသနာ၌ သက်ဝင်ယုံကြည်ခဲခြင်း၊ ဗုဒ္ဓသာသနာတော်ထမ်း ရဟန်းဖြစ်ခဲခြင်း ဟူသော ခက်ခဲခြင်း လေးပါးစလုံးကို ရရှိထားသည့် ရဟန်းသည် စင်ကြယ်သော အကျင့်ရှိလျှင် များလှသော အကျိုးရှိ၏။ ယင်းသို့မဟုတ်ဘဲ

(၁) ရဟန်းဘဝ၌ အကျော်အစောကို လိုခြင်း

(၂) ရဟန်းတို့၏ လာဘ်လာဘကိုသာ မျှော်ကိုးခြင်း

(၃) ကြွေးမြီများသဖြင့် တိမ်းရှောင်ရရှ် ရဟန်းပြုခြင်း

(၄) **ကျွန်**အဖြစ်မှ လွတ်လို၍ ရဟန်းပြုခြင်း

(၅) အဆွေ အမျိုးတို့ကို ကောင်းစားအောင် ကူညီလို၍သာ ရဟန်းပြုခြင်း ဟူ၍ စစ်ဆေးတွေ့ရှိသော ရဟန်းတို့ကို လူဝတ်လဲစေဟု အမိန့်တော် ထုတ်ဖူးသည်။ (မင်းသုံးပါး ၉၉၈ ခု ၈၉/၉၄)

တင်ပြခဲ့ပြီးသမျှကို နိဂုံးချုပ်ရလျှင် အဝခေတ်ကျောက်စာဟု ခေါ်ရသော အေဒီ ၁၃၀၀ မှ ၁၇၅၂ အထိ ကျောက်စာ၊ ကြေးစာ၊ မြေစာ၊ မင်စာ၊ ပေစာ၊

ပုရပိုက်စာတို့တွင် မြန်မာသမိုင်းအတွက် အားကိုးလောက်သည့် အထောက်အထားများကို တွေ့ရပါသည်။ ယခု စာတမ်းဖတ်ကြားသည်ကို နားထောင်ကြသူတို့ အသင့်အတင့်ရှိစေရုံမျှ အဆိုပါ အထောက်အထားတို့မှ ကောက်နုတ်ဖော်ပြခဲ့သည်တို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

နိုင်ငံရေးရာ၏ သဘောမှာ ကျွန်ပိုင် အာဏာပိုင် မင်းခေတ်တွင် အကျိုးဝင်ကြောင်း တွေ့ရ၏။ ပုဂံပျက်ပြီးမှ နိုင်ငံခြားဆန့်ကျင်ရေးကို မည်သို့ ပြုလုပ်၍ နိုင်ငံကို စစ်ဘေးစစ်ဒဏ်မှ မည်သို့ ပြန်လည်ထူထောင်ကြောင်း အသေးစိတ် သိရှိရပါသည်။ နိုင်ငံခြားအနှောင့်အယှက်မှ ကင်းလွတ်ပြန်သောအခါ ပြည်တွင်း ဆူပူမှုနှင့် မညီညွတ်မှုဒဏ်ကို ပြင်းထန်စွာ ခံစားကြရပုံကို ဆက်လက် တွေ့ရှိရပြန်သည်။ ထိုဒဏ်တို့မှ ထမြောက်လာလျှင် တိုင်းကား ပြည်ရွာသည် နတ်ပြည်တမျှ စည်ကားလာကြောင်း မှတ်တမ်းကိုလည်း တွေ့ရပါသည်။ ပြန်လည်ထူထောင်ရေးတွင် မင်းနှင့်မင်းမှုထမ်းများသာမက ရဟန်းတော်များပင် ပါဝင်ဆောင်ရွက်သည်ကို တွေ့ရ၏။ "ရဟန်းမင်း" အခေါ်ခံသူတို့သည် များစွာ စွမ်းဆောင်နိုင်သူများ ဖြစ်ကြသည်။ မြန်မာနိုင်ငံ၏ လူအား၊ စစ်အား၊ စီးပွားရေးအင်အား တိုးတက်လာသည်မှာ သျှမ်းတို့၏အင်အားကို ထပ်ဖြည့်နိုင်ခြင်းကြောင့် ဖြစ်ကြောင်းကိုလည်း အထင်အရှား တွေ့ရပါသည်။ မွန်တို့၏ အင်အားကိုပါ ပေါင်းစည်းနိုင်သောအခါ ၁၆ ရာစုအတွင်းက အရှေ့တောင်အာရှတွင် ထင်ရှား၍ အရေးပါသော နိုင်ငံကြီးတစ်ခုပင်ဖြစ်၍ လာပါတော့သည်။ ထိုနိုင်ငံတွင် အကြီးအအုပ်ဖြစ်သော မင်း၏တာဝန်၊ သဘောထား၊ ဆောင်ရွက်ပုံတို့ကို အသေးစိတ် ဖော်ပြလျက် ပြည်သူတို့၏အကျိုးကို မည်မျှ ဆောင်ရွက်နိုင်စွမ်းရှိမည်ကို အကဲဖြတ်နိုင်လောက်အောင် ဖော်ပြခဲ့ပါသည်။ မင်းနှင့်ပြည်သူ ပူးပေါင်းညီညွတ်၍ တိုးတက်ရာ တိုးတက်ကြောင်း ဆောင်ရွက်လျက်ရှိသော်လည်း သဘာဝအန္တရာယ်ဟု ဆိုရသော မီးဘေး၊ ရေဘေး၊ လေျင်ဘေး၊ ရောဂါဘေးတို့ ကြုံကြိုက်သောအခါ အခိုက်အတန့်အားဖြင့် တိုးတက်မှု တန့်နားသွားတတ်ပုံများကို တွေ့ရသမျှ တင်ပြခဲ့ပါသည်။ ၁၆ ရာစု အကုန်ပိုင်းတွင် ခေတ္တမျှ ပြည်တွင်းရေး မငြိမ်မသက်ဖြစ်ပုံကို တွေ့ရပြီးနောက် ညောင်ရမ်းဆက်တွင် များစွာ တိုးတက်လာပုံကို တွေ့ရ၏။ မင်း၏တာဝန်ကျေပွန်ပုံ၊ အရာရှိတို့လုံ့လပြုပုံတို့ကို တင်ပြခဲ့ပါသည်။ အားလုံး ခြုံ၍ ပြောရလျှင် ဤမျှအထောက်အထားစုံသည့် အဝခေတ်ကျောက်စာ တန်ဖိုးကို



နားထောင်သူ သုတေသီတို့ အကဲဖြတ်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ ကျေးဇူးတင်ပါသည်။

# သက္ကရာဇ် ၈၆၀ လောက်က လူမှုရေးသမိုင်း†

ဒီစာတမ်းကို ရေးနိုင်ဖို့ ၁၅ ရာစုရဲ့ နောက်ပိုင်း အနှစ်သုံးဆယ်နဲ့ ၁၆ ရာစုရဲ့ အရှေ့ပိုင်း အနှစ် ၃၀၊ အစုစု အနှစ် ၆၀ အတွင်းက၊ ကျောက်စာတွေကို ဖတ်ပါတယ်။ အားလုံးပေါင်း ကျောက်စာ ၂၅ ခုလောက် ရှိပါတယ်။ အုပ်ချုပ်တဲ့ မင်းတွေအလိုက် ပြောရရင် အထက်မြန်မာနိုင်ငံမှာ

| | |
|---|---|
| သီဟသူရ | (၁၄၆၉–၈၁) |
| မင်းခေါင် ၂ | (၁၄၈၁–၅၀၂) |
| ရွှေနန်းကြော့ရှင် | (၁၅၀၂–၂၇)နဲ့ |
| သိုဟန်ဘွား | (၁၅၂၇) |

တို့လက်ထက် ဖြစ်ပါတယ်။ အဲဒီအထဲမှာ ရွှေနန်းကြော့ရှင်ဟာ တိုက်ပွဲ အတွင်း စိန်သင့်ပြီး သေတယ်။ မြန်မာနိုင်ငံကို အုပ်ချုပ်သွားတဲ့ လူတွေထဲက ပထမဦးဆုံး သေနတ်မှန်သေတဲ့ လူပါပဲ။ ပြီးတော့ သိုဟန်ဘွားဆိုးသွမ်းတာကို အားလုံး ကြားပြီးဖြစ်တယ်။ အဲဒီလောက်ပြောရင် ခေတ်အခြေအနေဟာ အင်မတန် ဆူပူပြီး လူထုအတွက် အသက်အိုးအိမ်စည်းစိမ်ရဲ့ လုံခြုံမှုနည်းတဲ့အခါ ဖြစ်တယ်လို့ သိလောက်ပါပြီ။ အောက်မြန်နိုင်ငံမှာတော့ အဲဒီအချိန်မှာ

| | |
|---|---|
| ရှင်စောပု | (၁၄၅၃–၇၂) |
| ရာမာဓိပတိ (ဓမ္မစေတီ) | (၁၄၇၂–၉၂) |

† အရှင်မဟာရဋ္ဌသာရ နှစ် ၅၀၀ ပြည့်စာတမ်းများ၊ မန္တလေး ရဲရင့်စာပေ၊ ၁၉၆၈၊ စာမျက်နှာ ၆၃–၈၉။

ဗညားရံ (၁၄၉၂-၅၂၆) နဲ့
တကာရွက်ပိ (၁၅၂၆-၅၀)

တို့ အုပ်စိုးခဲ့ချိန် ဖြစ်ပါတယ်။ ရခိုင်ဘက်မှာတော့ ၁၄၃၃ က စပြီး မြောက်ဦးမှာ အိန္ဒိယဘက်က အကူအညီနဲ့ အလီခန် နာမည်ယူပြီး မင်းဆက်သစ် ထူထောင်တဲ့ မင်းရဲ့ အဆက်အနွယ်တွေ အုပ်စိုးနေပါတယ်။ သူတို့ကတော့

| | |
|---|---|
| ဘစောဖြူ (ကလီမာရှား) | (၁၄၉၅-၈၂) |
| ဒေါလျာ | (၁၄၈၂-၉၂) |
| ဘစောညို | (၁၄၉၂-၄) |
| ရန်အောင် | (၁၄၉၄) |
| စလင်္ကာသူ | (၁၉၄၉-၅၀၁) |
| မင်းရာဇာ | (၁၅၀၁-၂၃) |
| ကဇာပတိ | (၁၅၂၃-၅) |
| မင်းစောဦး | (၁၅၂၅) |
| သဇာတ | (၁၅၂၅-၃၁) |
| မင်းပါကြီး | (၁၅၃၁-၅၃) |

တို့တွေပါပဲ။ အဲဒီလို မင်းတွေအပြင် တောင်ငူမှာ နောင်အခါ ယင်ရှားတဲ့ မင်းဆက်ရဲ့ အဦးအစဖြစ်တဲ့ မင်းကြီးညိုဟာ ၁၄၈၆ က ၁၅၃၁ အထိ မင်းမူနေပါပြီ။ မြန်မာနိုင်ငံ မြောက်ဖျားမှာတော့ မဝ်သျှမ်းခေါ်တဲ့ သျှမ်းကြီးတွေဟာ တောင်ဘက်ကိုဆင်းပြီး နှစ်စဉ်လိုပဲ တိုက်ခိုက်လုယက်ပါတယ်။ မြေတူး၊ ငရဲ၊ စည်ပုတ္တရာ၊ စည်သာ၊ တပယင်းဆိုတဲ့ နေရာတွေဟာ သူတို့နှောင့်ယှက်လို့ ပြေးပုန်းရတာ မနားရပါဘူး။ အဝက မင်းကိုယ်တိုင် ၁၅၂၄ မှာ ဆင်ခေါင်း ဝက်ဝံအထိ ပြေးပုန်းရတာလည်း ကြုံခဲ့ရပါတယ်။ ဒီလိုအချိန်အခါမျိုးမှာ လာပြီး မြန်မာစာပေအနေနဲ့ ကြီးကြီးကျယ်ကျယ် ပွင့်လန်းတယ်ဆိုတာ အင်မတန်မှပဲ အံ့ဩစရာ ဖြစ်နေပါတယ်။ ဒါပေမယ့် တစ်မျိုးကြည့်မယ်ဆိုရင်တော့ တကယ် တမ်း ဆိုးဝါးတဲ့အချိန်ဟာ အခုလေ့လာကြမယ့် ခေတ်ကာလရဲ့ ကုန်ဆုံးချိန် "ဂငယ်သုံးခု ဥသျှစ်ထု"ဆိုတဲ့ ၁၅၂၆ ရောက်မှ ကြုံရလို့၊ ဒါ့ထက်စောတဲ့ အချိန်က သာသနာအရိပ်ခိုပြီး မြန်မာစာပေဟာ လန်းဆန်းခွင့်ရတယ်လို့ ဆိုနိုင်ပါတယ်။



မြန်မာတွေနေတဲ့ နေရာဟာလည်း သိပ်ပြီး ကျယ်ပြန့်လှတဲ့ နေရာလို့ မဆိုနိုင်ပါဘူး။ စကိုင်း ရတနာစေတီ ကျောက်စာ ၁၄၈၅ မှာ

> အရိမတ္တနမြင်စိုင်၊ ပင်ယ၊ စစ်ကိုင် အဝဟူသည် မင်နေရာ ပြည်၊ ရတ္တနာ ရွှေ့ကွမ်စဉ်စိမ်ခံလျက်၊ ဧရာပန်ရောင်၊ ပေါင်လောင် ချင်တွင်၊ မ္လ စ်လေစင်အခံ၊ ကံညွတ်မျှနေသော ကြည်တောင် ဖ္လစ်မျှ၊ မြံမာပြည် (စာရင်း ၁၀၁၄/ ၁၄ ၁၅)

လို့ တွေ့ရတဲ့အတွက် မြန်မာနိုင်ငံဟာ ဧရာဝတီ၊ မြစ်ငယ်၊ မူးနဲ့ ချင်းတွင်း ဆုံတဲ့နေရာလောက်ကို ခေါ်တယ်လို့ သိရပါတယ်။ နောက်တစ်မျိုး တွေ့ဖူးသေး တာက ရတနာဗိမာန်ကျောက်စာ (၁၅၀၉)မှာ

> စကိုင်၊ ပင်ယ၊ အဝ လမည် ပြည်သုံပြည်ဖြင့် မဏ္ဍိုင်ဥဇွန် မှန်ရာ တမူတည်ဖြစ်ထသော (စာရင်း ၁၀၄၃/ ၁၅-၁၆)

လို့ တစ်မျိုး၊

> ဧရာဝတီ နဒီမည်သော ရေကြည်မြလာမြစ်အခြာဖြင့် မြောက် တလွှာကာ **သုနာပရန္တ** တောင်ဖက်ကာ တမ္ဗဒီပမည်သော တိုင်နှစ်တိုင် တိုဝ်ကြပ် ထိုင်ဖုံအုပ် အာဏာချုပ်လျက် ပိုက်ထုပ်ရိုက်ရာ သာသနာလ တည်မြဲ မာပြည်။ (စာရင်း ၁၀၄၃/ ၁၇-၁၈)

လို့ တစ်မျိုး တွေ့ရပါတယ်။ အခုခေတ် အတိုင်းအတာနဲ့ ကြည့်ရင် အင်မတန် သေးငယ်တဲ့ အစိတ်အပိုင်းကလေးပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီသေးငယ်တဲ့ မြေဧရိယာလေးကို ပိုင်ဆိုင်အုပ်ချုပ်တဲ့ လူကို "ရေမြေသိခင် ဖုရရှင်" (စာရင်း ၁၀၅၅၊ က/၅)လို့လဲ ခေါ်ချင်ကြတယ်။ "တရာတစင် ထီဆောင် ချင်သ မင်မျာထိပ်ခေါင် စောရန်အောင်" (စာရင်း ၁၀၅၅၊ က/၆)လို့လဲ မြှောက်တယ်။ "ရေမြေစိုဝ်ခြင် မင်တကာထက် ဆတက်တရာ လွန်ကဲစွာလျင်" (စာရင်း ၁၀၅၅၊ က/၂၀-၁)လို့လဲ အကဲအမိုနဲ့ ချီးမွမ်းပါတယ်။ တကယ်တော့ တိုင်းငယ်ပြည်ငယ်ရဲ့ မင်းငယ်စိုးငယ် အဆင့်လောက်ပဲ ရှိပါလိမ့်မည်။ ဒါပေမယ့် ရှေးက ကြီးကျယ်ခဲ့ တာကို မမေ့နိုင်သေးလို့ပဲလား မသိဘူး။ "ကျေးမက် ပြည်ရွာကျယ်ဝန်းစွာ၍" (စာရင်း ၁၀၅၅၊ က/၁၀)ဆိုတဲ့ အသုံးကို သုံးမြဲ သုံးတုန်းပါပဲ။ ပြည်ထောင် ဘတ်ချင်း မဟာမိတ်ဖွဲ့တဲ့အနေနဲ့ "အယောင်အဆင် လှစွာသော သို့မိကညာ" (စာရင်း ၁၀၅၀/ ၂၁၊ ၆၆၊ ၇၉) အဆက်အသ အပေး အယူလုပ်မြဲပဲ ဖြစ်ပါတယ်။

ဒီနိုင်ငံကို ကာကွယ်ဖို့ မင်းလုပ်တဲ့လူဟာ လေးအတတ်၊ ဆင်အတတ်၊ မြင်းအတတ် အပါအဝင် အဌာရသ သိပ္ပကိုတတ်ရတယ်။ (စာရင်း ၁၀၄၅/၁၅–၁၆၅)လို့ ဆိုပြန်တယ်။ အုပ်ချုပ်ရေးမှာ သူ့ကို ကူညီဖို့ "အိမ်ရှေ့မင်" (စာရင်း ၁၈၄၅/၂၂–၄၂)လဲ ရှိတယ်။ "တောင်မိဖုရားကြီး" (စာရင်း ၉၉၉/၄။ ၁၀၀၁/၂၉–၃၀)ကလဲ ပြည်ကြီးဝန်ကို ဖို့တူဖို့ငှ ယူရှာပါတယ်။ ပြီးတော့ "မင်းသက်တော်ရှည်" (စာရင်း ၁၀၀၅/၁၄)လို့ အရွယ်ကြီးရင်တဲ့ ပညာရှိ ပုဂ္ဂိုလ်တွေလဲ အတိုင်ပင်ခံ ရှိမယ်။ "အမှုးကြီး အမတ်ကြီး" (စာရင်း ၁၀၅၅–၁/၁)တွေလဲ ရံနေပါတယ်။ တကယ်တော့ ရှင်ဘုရင်ဟာ "ဇကရစ်" (စာရင်း ၁၀၅၅–က/၃)ဖြစ်ပြီး ပဒေသရာဇ်ဖြစ်တဲ့ "မြို့စား" (စာရင်း ၁၀၅၅–က/၉)တွေက ရံနေကြပြီး လုံခြုံရေးအတွက် "စစ်သည်" (စာရင်း ၁၀၁၄/၃။ ၁၀၄၅/၁၆) "ခြေသည်သူရဲ" (စာရင်း ၁၀၅၀–၈/၁၅) ဆိုတာတွေနဲ့ ကွပ်ကဲထိန်းသိမ်းစောင့်ရှောက်ပြီး နယ်ချဲ့ ရာဇဌာနီအတွင်း အဆက်အသွယ်လွယ်ကူအောင် "မြင်လျင်" (စာရင်း ၁၀၅၀/၆၅) တွေထားပြီး အုပ်ချုပ်ခဲ့တယ်။ ကျောက်စာတွေထဲမှာပါတဲ့ အုပ်ချုပ်ရေးဆိုင်ရာ အခြားအရာအထူးအမည်တွေကိုတော့ အက္ခရာစဉ်အတိုင်း ဖော်ပြလိုပါတယ်။

ကိုဝ်ရံ (စာရင်း ၁၀၁၄/၂၇)
ကျေစာ (စာရင်း ၉၉၉/၃)
ကန်ပိုင် (စာရင်း ၁၀၄၃/၇)
စခီ/စချီ (စာရင်း ၉၇၈၊ ခ/၁၈။ ၁၀၄၅/၂၆၊ ၆၃၊ ၆၇)
စပးခိုဝ် သူကြီး (စာရင်း ၉၈၁–က/၇)
စာရေ (စာရင်း ၁၀၁၄/၄၀။ ၁၀၄၃/၂၉)
ပြည်စိုဝ် (စာရင်း ၉၇၈၊ ခ/၁၈။ ၁၀၄၅/၆၃)
ဘန္တစိုဝ် (စာရင်း ၁၀၀၂/၂၃)
မြေတိုင် (စာရင်း ၉၉၅/၇။ ၁၀၄၅/၆၃)
မြင်မှူ (စာရင်း ၁၀၃၇–က/၂၇)
မြင်လျင် (စာရင်း ၁၀၅၀/၆၅)
မြိုဝ်စာ (စာရင်း ၁၀၅၅–က/၉)
မြိုဝ်သူကြီး (စာရင်း ၁၀၀၂/၂၃)
ရွာကဲ (စာရင်း ၁၀၄၅/၆၃)



ရွာမင် (စာရင်း ၉၇၈–ခ/၁၈)
ရွာသူကြီး (စာရင်း ၁၀၀၁/၃၃။ ၁၀၁၄/၁၅)
လှော်ကာသုံတောင် (မှူး) (စာရင်း ၁၀၃၇–က/၆)
သုကောင် (စာရင်း ၉၈၁–က/၇)
သဃ်ရာဇာ (စာရင်း ၁၀၀၅/၈)
သံပျင် (စာရင်း ၁၀၄၅/၅၈၊ ၆၄၊ ၆၆)
အစိုဝ်အကဲ (စာရင်း ၁၀၄၅/၆၂)
အတွင်သုံထောင် (မှူး) (စာရင်း ၁၀၅၇–က/၇)
အတွင်သင် (မှူး) (စာရင်း ၁၀၃၇–က/၅)[၄၄၀]
အမိန်တော် (စာရင်း ၁၀၄၀–က/၄။ ၁၀၅၅–က/၆)
အမှုလုပ် (စာရင်း ၁၀၁၄/၂၇)
အမှုအမတ် (စာရင်း ၁၀၅၀/၈၊ ၆၅၊ ၇၉။ ၁၀၅၅၊ ခ/၁)

တွေပါပဲ။

အဲဒီမင်းနဲ့ မင်းမှုထမ်းတွေကို ပြည်သူတွေဟာ အတော်ပဲ သည်းခံပြီး ဆက်ဆံကြရတယ်လို့ ထင်တယ်။ တစ်နည်းပြောရရင် မင်းမှုထမ်းနဲ့ အဆက်ဆံရ နည်းနိုင်သမျှ နည်းအောင်နေကြပါတယ်။ မှတ်တမ်းတစ်ခု (၁၄၈၁)ထဲမှာ...

> မြေတိုင်သဘောကာ ပယ်လယ်ကိုဝ်သော်လည် ခွဲလယ်ဟု ရယ်ဆို ဘိမည်၊ ခွဲလယ်ကိုဝ်သော်လည်၊ စိတ်လယ်သာဟု ရယ်ဆို ဘိမည်။ (စာရင်း ၉၉၅/၇)

လို့ အရာထမ်းတွေ မရိုးမဖြောင့်ပုံကို ထင်ရှားအောင် ဖော်ပြခဲ့ပါတယ်။ ဒါကြောင့် ရွာထဲမှာ မင်းရေးမင်းရာ မပေါ်ရင် အကောင်းဆုံးပဲဆိုပြီး "ရွာတွင် မင်ကျွန်ဝင်ရယ်၊ ခွေမျှ မဟောင်စေနှင့်" (စာရင်း ၉၉၅/၁၅)လို့ မှာခဲ့ပါတယ်။ ဒါပေမယ့် ဒီအမှုထမ်းတွေဟာ အခွန်အကောက်စုဆောင်းဖို့ ရွာတွေကို လာနေကြမှာပါပဲ။ သူတို့စုတဲ့ အခွန်ကို အချုပ်သဘောနဲ့ ရေကရတဲ့ အခွန်ကို "အစွတ်" (စာရင်း ၁၀၄၅/၆၈)လို့ခေါ်ပြီး၊ ကုန်းက ရတဲ့အခွန်ကို "အခြောက်" (စာရင်း ၁၀၄၅/၆၈) လို့ ခေါ်ပါတယ်။ အသေးစိတ် ဖော်ပြတဲ့အခါမှာတော့

> လှည်ခွန် ယဉ်ခွန် ကန်နာခွန် ခိန်ခွင်ခွန် ဖျင်ခွန် ခန်စီ၊ ဆိတ်အကွံဘို ခိုဝ်စစ်တောင်စည်၊ တည်ခွန် ကျွန်တည် ကျွယ်တည် နွာတည် အိုဝ်

ကောက် နှစ်လုမ် ဝါတစီ နှစ်လုံမ်ကောက် အရေအနံ အကောက်အစာ (စာရင်း ၉၉၅/၁၁–၁၄)လို့ တွေ့ရပါတယ်။

ဒီလိုအခွန်အကောက် ဆက်ကြရတဲ့လူတွေဟာ ဘာလူမျိုးတွေနဲ့ ဘာအလုပ် လုပ်ကြသလဲဆိုတာ သိဖို့လိုပါဦးမယ်။ လွယ်လွယ်ပြောရင် လူများစုက မြန်မာ ဖြစ်ပြီး ပဓာနလုပ်ငန်းက လယ်ယာကိုင်း ကျွန်း ဥယျာဉ် အလုပ်ပါပဲ။ အဲဒီခေတ်က ကျောက်စာပါ လူမျိုးစာရင်းကို ပေးလိုပါတယ်။ (တင်လှသော်၊ ၁၄၀၀/၁၅၀၀ ၁မာသမိုင်း မသသ ၈–၄၂–၂–၁၄၆–၇ မှ)

**ကသည်** (စာရင်း ၉၃၆–က/ ၂၃)

**ကရင်** (မုံရွာဆလင်ကြီး ခွန်သာရွာ မြတ်လေးဆူဘုရား ကျောက်စာ၊ မျက်နှာဘက်ကြောင်းရေ–၉)

**ကုလာ** (စာရင်း ၉၃၄ ခ/ ၂၄)

**ကန်တု** (စာရင်း ၈၀၂/ ၅၅။ ၉၃၆–က/ ၃၃)

ကြွံ (စာရင်း ၉၃၆–ခ/ ၅၂၊ ၅၄၊ ၅၅။ ၁၀၁၄–ခ/ ၄၀)

ခရင် (စာရင်း ၉၄၉–က/ ၂၅)

**ချင်** (စာရင်း ၉၅၈–က/ ၅။ ၉၃၆–က/ ၂၁။ ခ/ ၁၁)

**စကြဝ်** (စာရင်း ၈၀၂/ ၄၆။ ၁၀၄၆/ ၁၀)

တနု (စစ်ကိုင်း ထူပါရုံကျောက်စာအမှတ် ၁၅၊ မျက်နှာဘက် ကြောင်းရေ–၈)

**တရုတ်** (စာရင်း ၉၃၄–က/ ၅)

**တန်လိုင်** (စကိုင်းထူပါရုံ ၁၅/ ၁)

တောင်သူ (စစ်ကိုင်း၊ ရေမြက်၊ ကဲလားပြောက်ဘုရား ကျောက်စာ– ၁၁)

**နဂါ** (တန်တားဦး ရန်အောင်မြင် ကျောက်စာ–၈)

**ပသုံ** (စာရင်း ၉၃၆–က/ ၂၅)

ပအိုဝ် (စာရင်း ၉၃၆–က/ ၃၈)

**ပိုဝ်** (စစ်ကိုင်း စေတီလှ ကျောက်စာ၊ နောက်ကျော ၃၄)

ပန်သေ (စာရင်း ၉၆၃–က/ ၂၁။ ခ/ ၁၁)

ပေါင်လောင် (စာရင်း ၉၄၇–က/ ၃၆)



**ပျူ** (စာရင်း ၉၄၇–က/ ၃၆)

**ပြဝ်** (တန်တားဦး ရန်အောင်မြင်ကျောက်စာ ၁၈/ ၃၄)

**ဖြုမ်နကျာ** (မင်းဘူး၊ စကု၊ ကန်းဦးကျောင်းကျောက်စာ ကျောဘက်– ၁၇)

မြံမာ (မင်းဘူး၊ စကု၊ ကန်ဦးကျောင်းကျောက်စာ ကျောဘက်–၁၇)

**မြန်** (စာရင်း ၉၆၃–က/ ၂၁၊ ခ/ ၁၁)

**ရခိုင်** (မင်းဘူး၊ စကု၊ ကန်ဦးကျောင်းကျောက်စာ ကျောဘက် ၁၇)

ရောက်ဆွဲ (မင်းဘူး၊ စကု၊ ကန်ဦးကျောင်း ကျောက်စာကျောဘက်– ၁၇)

**လဝ** (စာရင်း ၉၃၄၊ က/ ၂၈။ ၉၃၄–မ/ ၁၅)

လင်ခြောဝ် (စာရင်း ၉၆၃–က/ ၃၈)

သက် (စာရင်း ၉၃၄–က/ ၅။ ၉၆၃–က/ ၂၁၊ ခ/ ၁၁)

သျံ (စကိုင်းထူပါရုံကျောက်စာ အမှတ်–၁၅၊ မျက်နှာဘက် ၂)

အဲဒီအထဲက ပျူဆိုတဲ့နာမည်ကို ၁၅၁၀ က စပြီး နောက်ပိုင်းမှာ မတွေ့ ရတော့ပါဘူး။ ဒါ နောက်ဆုံးပါပဲ။ အဲဒီလူတွေရဲ့ အလုပ်အကိုင်ကို ပြောပြလို ပါသေးတယ်။ အက္ခရာစဉ်အတိုင်းဆိုရင်

ကခြေသုံမ (စာရင်း ၁၀၄၅/ ၂၀။ ၁၀၅၀/ ၆၇)

ကျောက်ခွဲ (စာရင်း ၁၀၄၅/ ၃၇)

ကြေပတ်သုံ၊ ကြေပတ်တိ (စာရင်း ၁၀၁၄၊ ခ/ ၄၀)

တန်တားဦး (ကြာနီကန် ကျောက်စာမျက်နှာ ၂၈)

စောင်တိ (စာရင်း ၉၆၃ ခ/ ၃၄)

ဆိုဝိုင်တိ (တန်တာူဦး ကြာနီကန်ကျောက်စာ မျက်နှာ ၂၈၊ စာရင်း ၁၀၁၄–ခ/ ၄၀)

တမော့/ ကျောက်စီသော (စာရင်း ၉၈၁/ က/ ၂၂။ ၁၀၁၄၊ ခ/ ၂၆၊ ၃၉။ ၁၀၄၅/ ၃၈)

ထံစင်ထမ်း (စာရင်း ၁၀၄၅/ ၇၂)

ထိစွယ် (စာရင်း ၁၀၄၅/ ၇၂)

နွာထိန် (စာရင်း ၁၀၄၅/ ၅၉)

ပုရန် (စာရင်း ၉၈၁၊ က/ ၂၂။ ၁၀၁၄၊ ခ/ ၂၆၊ ၃၉။ ၁၀၄၅/ ၃၀၊ ၃၁)

ပတ်နရည်စရာသည် (စာရင်း ၉၈၁–က/ ၁၂–၁၅)

ပတ်မတီ (တန်တားဦး ကြာနီကန်ကျောက်စာ၊ မျက်နှာ–၂၈)

ပန်ခီ (စာရင်း ၉၈၁–က/ ၂၂။ ၁၀၁၄–ခ/ ၄၀။ ၁၀၄၅/ ၃၉)

ပန်တယာ/ ပန်တလျှာ (စာရင်း ၉၆၃–ခ/ ၅၂။ ၁၀၁၄–ခ/ ၄၁)

ပန်ဘဲ (စာရင်း ၁၀၁၄/ ခ/ ၂၆၊ ၃၈)[၄၄၄]

ပိသုကာ (စာရင်း ၁၀၅၀/ ၂၂–၂၅–၂၆–၂၇)

လက်သမာ (စာရင်း ၉၈၁–က/ ၂၃။ ၁၀၁၄–ခ/ ၂၆)

လက်သာ (တန်တံတားဦး ကြာနီကန်ကျောက်စာ ကျော–၇)

လင်ခွင်သုံ (စာရင်း (၁၀၁၄–ခ/ ၄၀)

လွှသမာ (စာရင်း ၁၀၄၅/ ၃၉)

သရေပတ်သုံ (စာရင်း ၁၀၁၄–ခ/ ၄၀)

(တန်တာဦး ကြာနီကန်ကျောက်စာ ၂၈)

သိခြင်သုံမ (စာရင်း ၁၀၄၅/ ၁၉)

သူနာထန် (စာရင်း ၁၀၄၅–ခ/ ၄၀)

ဟုရာ (စာရင်း ၁၀၅၀/ ၂၃၊ ၂၅၊ ၇၂)

ဆိုတဲ့ အသက်မွေးဝမ်းကျောင်းအလုပ်တွေ ရှိတယ်လို့ သိရပါတယ်။

စိုက်ပျိုးရေးမှာ ဘာတွေ စိုက်ပျိုးကြသလဲဆိုတာ သိဖို့လိုပါသေးတယ်။ ဆန်စပါးကို ပဓာနထားပြီး စိုက်မယ်လို့တော့ ဆိုနိုင်ပါတယ်။ ဆူပူသောင်းကျန်းမှုတွေ မစခင် ၁၅၂၀ လောက်က “တပဲတတင်ရသော စပး” (စာရင်း ၁ပ၄၅/ ၆၁)လို့ တွေ့ရပါတယ်။ ကုန်ထုတ်စွမ်းအားနဲ့ စီးပွားရေး အခြေအနေကို ကျောက်စာတွေထဲမှာ နည်းနည်းပဲပါတယ်။ ဒီတော့ ဒီပစ္စည်းစာရင်းကို လုပ်ပြရင် ဟိုတုန်းက ဒီပစ္စည်းတွေလုပ်ပြီး သုံးစွဲကြတယ်။ ဒီကောက်ပဲသီးနှံတွေစိုက်ပြီး စားသောက်ကြတယ်ဆိုတာ သိနိုင်မယ်။ ကျွန်တွေလည်း ရှိပါတယ်။ တစ်နေရာမှာ ကျွန်ဖိုးဟာ တစ်ယောက်ကို ကြေးခွက်နှစ်ဆယ် ပေးရတယ်။ (စာရင်း ၁၀၄၅/ ၇၂) လို့ ပါတယ်။ အခု ပစ္စည်းနဲ့ အသီးအပင်စာရင်းကို အက္ခရာစဉ်အတိုင်း ပေးပါ့မယ်။



က (စာရင်း ၁၀၀၂/ ၁၃)

ကရာ (စာရင်း ၁၀၄၅/ ၅၀)

ကာ (စာရင်း ၁၀၅၀/ ၁၉)

ကံကော် (စာရင်း ၁၀၁၄၊ ခ/ ၁၈)

ကန္တခိုဝ် (စာရင်း ၁၀၁၄၊ ခ/ ၁၈)

ကန်သင် (စာရင်း ၁၀၄၃၊ ခ/ ၃)

ကောက်ကြီ (စာရင်း ၁၀၄၅/ ၆၄)

ကောက်လျှင် (စာရင်း ၁၀၄၅/ ၆၄)

ကျောက်စာ (စာရင်း ၁၀၄၅/ ၇၇။ ၁၀၅၁/ ၁)

ကျောင် (စာရင်း ၁၀၄၅/ ၄၁)

ကျောဝ်ကွင် (စာရင်း ၁၀၅၀/ ၄၇)

ကွံသီ (စာရင်း ၁၀၁၄၊ က/ ၄၈)

ကွန်စဝ် (တိုင်) (စာရင်း ၁၀၄၅/ ၃၅။ ၁၀၅၅။ က/ ၁၅)

ကျွဲ (စာရင်း ၁၀၅၀/ ၄၄)

ကျွဲရေ (စာရင်း ၁၀၄၅/ ၃၁)

ကျွန် (စာရင်း ၉၈၁–ခ/ ၂။ ၁၀၄၅/ ၇၂)

ကြငှန် (စာရင်း ၁၀၅၀/ ၈၂)

ကြာ (စာရင်း ၁၀၀၅/ ၅၂)

ကြာဖြူ (စာရင်း ၁၀၅၀/ ၄၇)

ကြေမုံမ် (စာရင်း ၁၀၅၀/ ၁၁)

ကြံပင် (စာရင်း ၁၀၅၀/ ၂၂)

ကြက် (စာရင်း ၁၀၄၅/ ၇၀)

ကြွေ (စာရင်း ၁၀၄၅–ခ/ ၁၈)

ခရာ (စာရင်း ၁၀၄၅/ ၃၅)

ခရုသင် (စာရင်း ၁၀၅၀/ ၂၅)

ခရံ (စာရင်း ၁၀၁၄–ခ/ ၁၈)

ခိရာ (စာရင်း ၁၀၁၄–ခ/ ၈၈)

ခဲဖွယ်စာဖွဲဘောစည် (စာရင်း ၁၀၅၀/ ၇၆)

ခွက် (စာရင်း ၁၀၄၅/ ၄၁)
ခွက်ယောက်လင်ပန် (စာရင်း ၁၀၀၁/ ၃၃)
ချိုဝ်ချည် (စာရင်း ၁၀၅၀/ ၇၀)
ငပိ (စာရင်း ၁၀၁၄၊ ခ/ ၃၀)
ငွေ (စာရင်း ၁၀၅၀/ ၄၉)
ငွေပြား (စာရင်း ၁၀၅၀/ ၇၃)
ငြိမ် (စာရင်း ၁၀၅၀/ ၆၀)
ငှက်ပျောပင် (စာရင်း ၁၀၅၀/ ၂၂)
စတီ (စေတီ) (စာရင်း ၁၀၅၀/ ၆၂)
စပး (စာရင်း ၉၈၁၊ က/ ၇၊ ၂၅)
စလစ်မွံချွန် (စာရင်း ၁၀၄၅/ ၄၄။ ၁၀၅၅၊ က/ ၁၅)[၄၄၆]
စောင် (စာရင်း ၉၆၃၊ ခ/ ၃၄)
စောဝ်ရှာ (စာရင်း ၁၀၁၄၊ ခ/ ၁၈)
စည် (စာရင်း ၁၀၄၅/ ၃၅)
ဆာ (စာရင်း ၁၀၁၄၊ ခ/ ၃၀)
ဆိဦ (စာရင်း ၁၀၅၀/ ၂၅)
ဆေ (ရေးရန်) (စာရင်း ၁၀၀၅/ ၈။ ၁၀၄၅/ ၄၇)
ဆေး (သောက်ရန်) (စာရင်း ၁၀၁၄၊ က/ ၄၈။ ခရစ်နှစ်· ၁၄၈၅)[၄၄၇]
ဆေတန် (စာရင်း ၁၀၄၅/ ၄၇။ အဝါရောင်အတွက်)
ဆင် (စာရင်း ၁၀၄၅/ ၃၉)
ဆင်စွဲ (စာရင်း ၁၀၄၅/ ၄၉)
ဆင်မိယဉ်သာ (စာရင်း ၁၀၅၀/ ၈)
ဆင်ဝင် (စာရင်း ၁၀၄၅/ ၄၅)
ဆပ်သွး (စာရင်း ၁၀၄၅/ ၄၄)
ဆန် (စာရင်း ၁၀၄၅/ ၆၉)
ဆိတ် (စာရင်း ၁၀၄၅/ ၅၇)
ဆွံ (စာရင်း ၁၀၅၀/ ၃၅)
တခွန် (စာရင်း ၁၀၅၀/ ၁၃)



တပိုဝ် (စာရင်း ၁၀၄၅/ ၃၅)
တလည် (စာရင်း ၁၀၁၄၊ ခ/ ၁၈)
တုယင် (စာရင်း ၁၀၅၀/ ၂၆)
တင်ရု (စာရင်း ၁၀၅၀/ ၄၆)
တင်လဲ (စာရင်း ၁၀၄၅/ ၃၁။ ၁၀၅၀/ ၂၅)
တံကျင် (စာရင်း ၁၀၅၀/ ၄၈)
တံခး (စာရင်း ၁၀၄၅/ ၄၅)
တံတိုင် (စာရင်း ၁၀၄၅/ ၃၈)
တန်စည် (စာရင်း ၁၀၄၅/ ၃၄)
တန်ထာ (စာရင်း ၁၀၄၅/ ၅၅)
ထမင် (စာရင်း ၁၀၅၀/ ၅၄)
ထီ (စာရင်း ၁၀၄၅/ ၇၂။ ၁၀၅၀/ ၁၃)
ထောပတ် (စာရင်း ၁၀၅၀/ ၂၅)
ထန် (စာရင်း ၁၀၁၄၊ ခ/ ၁၈)
ထံစင် (စာရင်း ၁၀၄၅/ ၇၂)
ထိပ် (စာရင်း ၁၀၅၀/ ၆၂)
ထုပ် (စာရင်း ၁၀၄၅/ ၃၅။ ၁၀၅၀/ ၇၅)
နရည်စရာ (စာရင်း ၉၈၁၊ က/ ၁၂၁၅)
နဝရတ် (စာရင်း ၁၀၅၀/ ၅၇)
နသာရည် (စာရင်း ၁၀၅၀/ ၆၃)
နီလာ (စာရင်း ၁၀၀၂/ ၄)
နေဇာ (စာရင်း ၁၀၅၀/ ၇၀)
နောင်နင် (စာရင်း ၁၀၄၅/ ၃၉)
နို့ခန် (စာရင်း ၁၀၅၀/ ၂၅)
နန်တော် (စာရင်း ၁၀၅၀/ ၁၁၊ ၂၈)
နွး (စာရင်း ၁၀၄၅/ ၃၉)
နွာချေ (စာရင်း ၁၀၅၀/ ၃၆)
နွာနို့ဝ် (စာရင်း ၁၀၅၀/ ၅၊ ၂၅၊ ၃၆၊ ၃၇)

နိုယင် (စာရင်း ၁၀၀၂/၄)
ပလင် (စာရင်း ၁၀၅၀/၈၉)
ပိဋ္ဋကတ်တိုက် (စာရင်း ၁၀၄၅/၄၉)
ပိတောက် (စာရင်း ၁၀၅၀/၇၀)
ပိနဲ (စာရင်း ၁၀၁၄၊ ခ/၁၈)
ပိမှန် (စာရင်း ၁၀၅၀/၅၀)
ပုခက် (စာရင်း ၁၀၄၈၊ ခ/၁၁)
ပစ္စမိ (စာရင်း ၁၀၄၅/၄၆)
ပန်ကပ် (စာရင်း ၁၀၅၀/၃၈)
ပန်ဘောင် (စာရင်း ၁၀၅၀/၃၈)[၄၄၉]
ပန်တိုင် (စာရင်း ၁၀၄၅/၄၉)
ပေါက်တု (စာရင်း ၁၀၅၀/၃၁)
ပေါက်ပေါက် (စာရင်း ၁၀၅၀/၃၈)
ဖတ် (စာရင်း ၁၀၁၄၊ ခ/၄၀)
ပတ္တမြား (စာရင်း ၁၀၀၂/၃)
ပိတ် (စာရင်း ၁၀၄၅/၂၉)
ပိန် (စာရင်း ၁၀၁၄၊ ခ/၁၈)
ပုတ်ဆိန် (စာရင်း ၁၀၅၀/၄၀)
ပုန်ညက် (စာရင်း ၁၀၁၄၊ ခ/၁၈)
ပျာ (စာရင်း ၁၀၅၀/၂၅)
ဖလး (စာရင်း ၁၀၄၅/၃၆၊ ၄၀)
ဖျင် (စာရင်း ၁၀၄၆/၂၉။ ပေါင်ဖျင် ၁၀၄၅/၄၀)
ဖူ (ဘုး) (စာရင်း ၁၀၅၅၊ က/၂၂။ ခ/၅)
ဗိတန် (စာရင်း ၁၀၄၅/၄၅)
မရဖင် (စာရင်း ၁၀၄၅/၃၁)
မုရင် (စာရင်း ၁၀၀၁/၂၈)
မင်ကျဉ် (စာရင်း ၁၀၄၅/၆၀)
မောင် (တီးရန်) (စာရင်း ၁၀၅၀/၅၉)



မဏ္ဍာပ် (စာရင်း ၁၀၅၀/၇၆)
မန္တရာ (စာရင်း ၁၀၅၀၇၃)
မျက်သုတ် (စာရင်း ၁၀၅၀/၇၃)
မြတသောင်တန် (စာရင်း ၈၉၉၅/၆)
မြူတာ (စာရင်း ၁၀၅၀/၁၆)
မြင် (စာရင်း ၁၀၄၅/၃၉)
မြှောက်စည် (စာရင်း ၁၀၄၅/၃၅)
မှန်ကာ (စာရင်း ၁၀၁၄၊ ခ/၁၈)
မှန်တ (စာရင်း ၁၀၁၄၊ ခ/၁၈)
မှန်လျှင် (စာရင်း ၁၀၁၄၊ ခ/၁၈)
ရတနာ (စာရင်း ၁၀၅၀/၅၅)
ရေခွက် (စာရင်း ၁၀၅၀/၅၃)
ရေအိုဝ် (စာရင်း ၁၀၅၀/၅၃)
ရှောက် (စာရင်း ၁၀၁၄၊ ခ/၁၈)
ရွှေ (စာရင်း ၁၀၅၀/၅၀)
ရွှေပြာ (စာရင်း ၁၀၅၀/၇၃)
ရွှေလှော (စာရင်း ၁၀၄၅/၄၇)
လေ (ပြစ်ခတ်ရန်) (စာရင်း ၁၀၅၀/၁၉)
လက်ခုပ် (စာရင်း ၁၀၅၀/၆၇)
လက်တီ (စာရင်း ၁၀၄၅/၄၅–၆။ ၁၀၅၅၊ က/၁၅)
လက်ကောက် (စာရင်း ၁၀၅၀/၅၇)
လက်ထုပ် (စာရင်း ၁၀၁၄၊ က/၄၈)
လက်ဖက် (စာရင်း ၁၀၄၅/၂၉၊ ၄၀)
လင်ခွင် (စာရင်း ၁၀၁၄၊ ခ/၄၀)
လင်ပန် (စာရင်း ၁၀၄၅/၃၆၊ ၄၀၊ ၄၂)
လှေ (စာရင်း ၁၀၅၀/၂၄)
လှော်ကာ (စာရင်း ၁၀၅၀/၂၄)
လုံ (စာရင်း ၁၀၅၀/၁၉၊ ၄၁)

လျှောက် (စာရင်း ၁၀၄၅/ ၃၅။ ၁၀၅၀/ ၇၅)
လွှ (စာရင်း ၁၀၄၅/ ၃၉)
ဝတ်စာတန်စာ (စာရင်း ၁၀၅၀/ ၆၇)
သပိုင် (စာရင်း ၉၈၁၊ က/ ၂၆)
သပြေ (စာရင်း ၁၀၅၀/ ၇၀)
သိရက် (စာရင်း ၁၀၁၄၊ ခ/ ၁၈)
သေ (သောက်ရန်) (စာရင်း ၉၈၁၊ ခ/ ၅။ ၁၀၄၅/ ၅၆၊ ၆၄၊ ၇၀)
သင်ကန် (စာရင်း ၉၈၁၊ က/ ၂၆)
သင်တွဲ (စာရင်း ၁၀၄၅/ ၄၇)
သစ္စေ (စာရင်း ၁၀၄၅/ ၃၁)
သစ်သီ (စာရင်း ၁၀၅၀/ ၇၀)
သည်ဒွေ (စာရင်း ၁၀၅၀/ ၆၃)
သည်မ (စာရင်း ၁၀၅၀/ ၆၃။ ၁၀၅၅၊ က/ ၁၅)
သည်လတ် (စာရင်း ၁၀၅၀/ ၆၃)
သန် (လယ်) (စာရင်း ၁၀၀၁/ ၂၈)
သန္တာ (စာရင်း ၁၀၅၀/ ၆၂)
သံခြေချင် (စာရင်း ၁၀၅၀/ ၂၆)
သံဘရာ (စာရင်း ၁၀၁၄၊ ခ/ ၁၈)
သံလွင် (စာရင်း ၁၀၅၀/ ၁၉)
သံလျက် (စာရင်း ၁၀၅၀/ ၅၃)
ဟင်သပတေး (စာရင်း ၁၀၄၅/ ၄၇)
အဆိမ်အကြုန် အချိုဝ်အချဉ် အလော့်အသင် (စာရင်း ၁၀၅၀/ ၅၈)
အပြောက် (စာရင်း ၁၀၅၅၊ က/ ၁၇)
အဝတ် (စာရင်း ၁၀၀၁/ ၃၃)
အသည်တိုင် (စာရင်း ၁၀၅၀/ ၇၃၊ ၇၈)
ဥကင်သ (စာရင်း ၁၀၄၅/ ၄၅)
ဥထုပ် (စာရင်း ၁၀၅၀/ ၂၀)
ဥရုတိုင် (စာရင်း ၁၀၅၀/ ၈၃)



ဩဇာ (စာရင်း ၁၀၁၄၊ ခ/ ၁၈)
အဲမောင် (စာရင်း ၁၀၅၀/ ၁၉)
အင် (စာရင်း ၁၀၅၀/ ၇၃)
အင်္ကတော (စာရင်း ၁၀၄၅/ ၃၁)
အင်္ကျီ (စာရင်း ၁၀၅၀/ ၆၁)
အင်ကြင် (စာရင်း ၁၀၁၄–ခ/ ၁၈)
အုန် (စာရင်း ၁၀၁၄–ခ/ ၁၈)
အုမ်ကြပ်ရာ (စာရင်း ၁၀၅၀/ ၅၄)
အုတ် (စာရင်း ၁၀၄၅/ ၃၂)
အုတ်ကြွပ် (စာရင်း ၉၈၁၊ က/ ၂၃–၄)
အိုဝ်ပြစ် (စာရင်း ၁၀၅၀/ ၉)

ဒီစာရင်းကို အမှီပြုပြီး ပုဂံခေတ်က လူနေမှုကို အသင့်အတင့် စဉ်းစားကြည့်လို့ ရနိုင်ပါတယ်။

တကယ်တော့ ၁၅၂၆ လောက်မှာ အခြေအနေ သိပ်ဆိုးသွားပေမယ့် အဲဒီ အရင်နှစ်တွေမှာ အဝ ဝန်းကျင်ဟာ စည်ပင်နေပါတယ်။ စောစောက ၁၈၆၃ က ၁၄၂၆ ထိ အနှစ်လေးဆယ်လောက် အထက်မြန်မာနိုင်ငံနဲ့ အောက်မြန်မာနိုင်ငံ စစ်တိုက်ခဲ့တာတွေရဲ့ ဒဏ်ရာဒဏ်ချက်တွေကို ပြန်ပြီး ပြင်ဆင်နိုင်ပြီဖြစ်တယ်လို့ တွေ့နေရပါတယ်။ ကျောက်စာတစ်ခုမှာ "စေတီများ ပဲသည်ကို ဆက်၏" (စာရင်း ၈၄၀၊ က/ ၁၀)လို့ တွေ့ရ၏။ အဲဒါအပြင် "မိအထွတ် စသည်လည် တင်တ်မှု၏" (စာရင်း ၁၀၀၁/ ၁၆)လို့ ၁၄၈၂ ထိုးကျောက်စာမှာ ဖော်ပြထားတာ တွေ့ရပါသေးတယ်။ ဒီနေရာမှာ စကားစပ်မိလို့ ပြောချင်တာက ပုဂံခေတ်က ဘုရားတွေမှာ အထွတ်ပဲ ရှိတယ်။ ထီးတင်လေ့ မရှိဘူး။ အခုခရစ်နှစ် ၁၅၀၀ ဘက်ရောက်မှ ထီးတင်တယ်လို့ သိရပါတယ်။ ကူနံရံတွေ ညစ်ပေနေတာကိုလဲ သန့်ရှင်းသွားအောင် ထုံးပွတ်ပြီး ၁၄၈၄ ရက်စွဲနဲ့ မင်စာ ရေးခဲ့တာကို

အလုံးစုံလျင် အဖြူတိလည် ဖွပ်၏အ်။ ခိရားသီးနှင့် အကွသော ရွှေမိးငါးဆင်လည်တင်၏။ . . .အထက်ဝန်းကျင်လျင် အလွန်သာယာစွာသော ရွှေဆည်လည်းအတိလည်းဆွဲ၏။ . . .ဆေးဝါး

ပြောင်ပြောင် ရေး၏။ (စာရင်း ၁၀၅၀/၆–၁၀)

လို့ မှတ်တမ်းတွေ့ရပါတယ်။ ဘုရားတကာက ရွှေဘုရားကို ပြုပြင်ရလို့ ဝမ်းသာပေမယ့်။ ဒါပေမယ့် ရှေးလက်ရာတွေ ထုံးပွတ်ပြစ်လို့ ကျွန်တော်တို့ နှမြောတယ်။ ဒီလို ရှေးလက်ရာပျောက်ပြင်တာကို "ပြင်လို့ ပျက်တယ်"လို့ ခေါ်တယ်။ အခု လေ့လာဆဲဖြစ်တဲ့ ၁၅ ရာစုထဲမှာ လျှင်ဒဏ်ကြောင့် ဘုရားပုထိုးပျက်တာတွေလဲ ရှိပါတယ်။ "ငလျင်ကြီးသည် သိ သိ လုပ်၍ တံတိုင်မီတာ များစွာ ပြို၏" (စာရင်း ၁၀၁၄၊ က/၁၉)လို့ ၁၄၂၆ မှတ်တမ်းတစ်ခုက ဆိုတယ်။ ပြီးတော့ ၁၄၈၅ မှတ်တမ်းထဲမှာလဲ

သကရစ် ၈၄၇ ခု ဝါခေါင်လွှန် သုံမ်ရက် ကြာသငတေနေ မိုဝ်သောက်ထန္ဒိက် သည်စွာသောမြေကြီးလျှင် လုပ်သအဖြင့် ဖုရာ သိခင်လည်ပန်တင်သိုဝ်တိုင်အောင် အစိတ်စိတ် ပြိုကွဲဘိ၏။ (စာရင်း ၁၀၁၄၊ ခ/၁၀)

လို့ တွေ့ရပါတယ်။ ခပ်တိုတို ပြောရရင် အဲဒါတွေကို ပြင်ဆင်ကြပါတယ်။ ဒါပေမယ့် နောက်ထပ်ပျက်ကိန်းက ရှိနေသေးတာကို အများအသိပါပဲ။ ဒါကြောင့် ၁၅၅၈ မှတ်တမ်းတစ်ခုမှာ

ပုဂံ ပင်ယ စကိုင် စသော အဝ မင်နေပြည်တိုဝ်နှိုက် မိစ္ဆာ. . .တိုပ်ဖျက်ဆီလေသော စေတီပုခိုဝ် ပိဋကတ်အပေါင် (စာရင်း ၁၀၇၃၊ ခ/၈)

ကို ပြင်ရပြန်တယ်လို့ တွေ့ကြရတာပေါ့။

နောက်ဆုံးအပိုဒ်အနေနဲ့ ကိုးကွယ်ယုံကြည်မှုရယ် အလေ့အထတချို့ရယ် ဘယ်လိုရှိတယ်လို့ ပြောပြချင်ပါတယ်။ ပုဂံခေတ်ဖြစ်တဲ့ ၁၁ ရာစုဦးလောက်ကစပြီး မြန်မာတွေ ဗုဒ္ဓသာသနာကို လက်ခံခဲ့ကြတယ် ဆိုပေမယ့် အရေးကြီးတဲ့ အလုပ်တစ်ခုခုပြီးမြောက်ရင် အောင်သေအောင်သား စားတယ်ဆိုပြီး သေရည်နဲ့ အမဲဟင်းလျာတွေ အဝသောက်စားကြမြဲ ဖြစ်တယ်။ ဒီအလေ့ဟာ ၁၅ ရာစုကုန်တဲ့ အပိုင်းရောက်တဲ့အခါ ဗုဒ္ဓသာသနာရဲ့ ဩဇာကြောင့် "သေသာစာသောက်ပွဲ"နေရာမှာ လက်ဖက်လက်ဆုံစားတာ ဝင်လာပြီး သေသားစားသောက်တဲ့အကျင့် ပျောက်ကွယ်လိုက်ပါတယ်။ ဒီအကျင့်ဟာ ဗုဒ္ဓသာသနာနဲ့ မဆိုင်တဲ့ တခြားအကျင့်တွေ ကျန်နေပါသေးတယ်။ ဥပမာ ရွှေနန်းကြော့ရှင်ရဲ့



၁၅၁၀ နန်းတည်ကျောက်စာ (စာရင်း ၁၀၅၀)ကို ဖတ်ကြည့်ရင် ပုဏ္ဏားတွေနဲ့ "နှစ်ကျိပ်သောနတ်" (စာရင်း ၁၀၅၀/၅၄)တွေကို ပူဇော်တာ အကြိမ်ကြိမ်တွေ့ရမယ်။ တိုင်းသူပြည်သားကိုလဲ "မိမိတိုဝ် ကိုဝ်ကွဲစမြဲသော" (စာရင်း ၁၀၅၀/၅၉) နတ်ကို ကိုးကြရမယ်လို့ ရှင်ဘုရင်က ခိုင်းတယ်။ ပဲခူး ကလျာဏီကျောက်စာထဲမှာ ပုဏ္ဏားတွေနဲ့ ရှင်ဘုရင်ကို ဘိသိက်သွန်းပုံမျိုး ဘုရားဓာတ်တော်တွေကို ဘိသိက်သွန်းရတယ်လို့ တွေ့ရပါတယ်။ အဲဒါကို ခွင့်ပြုတဲ့ ရာမာဓိပတိ (အများခေါ် ဓမ္မစေတီမင်း)ဟာ သာသနာပြုမင်းအဖြစ်နဲ့ ထင်ရှားလှပါတယ်။ ဗုဒ္ဓသာသနာနဲ့ ပတ်သက်ရင် အခု ကျွန်တော်တို့ လေ့လာဆဲခေတ်မှာ အောက်မြန်မာနိုင်ငံက ခေါင်းဆောင်ဖြစ်နေပါတယ်။ အဲဒီအခါက အောက်ပိုင်းကို ရာမညတိုင်းလို့ ခေါ်ပြီး "ကုသိမ်အပြင်၊ ဟံသာဝတီအပြင်၊ မုတ္တာအပြင်"ဆိုတဲ့ နယ်ကြီး သုံးနယ်ပါဝင်တယ်။ အဲဒီနယ်တွေမှာ အခု တွံတေးဝန်းကျင်မှာရှိတဲ့ ရှေးဒလနေရာမှာ တိုင်းရင်းသား ရဟန်းဂိုဏ်းရှိပေမယ့် ကျန်နေရာတွေမှာ ငါးမျိုးကွဲနေလို့ အဲဒါတွေ မလိုလားအပ်ဘူးဆိုပြီး ရာမာဓိပတိမင်းက ပြုပြင်ဖို့ဆုံးဖြတ်တယ်။ ပြီးတော့ ၁၄၇၆ ကစပြီး သီဟိုဠ် အကူအညီနဲ့ ပြုပြင်ပါတယ်။ သီဟိုဠ်ကို ရဟန်းတော် နှစ်ဆယ့်နှစ်ပါးလွှတ်ပြီး စင်ကြယ်တဲ့ ရဟန်းဘဝကို ရအောင် သီဟိုဠ်မှာပြန်ပြီး သိမ်တက်ရဟန်းခံ လုပ်ခဲ့စေတယ်။ အဲဒီ ရဟန်းတော်တွေ ပြန်ရောက်လာတော့ သိမ်သစ်ဖြစ်တဲ့ ကလျာဏီသိမ်ကို သမုတ်ပြီး ရှိပြီးသား ရဟန်းတွေကို လူဝတ်လဲစေပြီး ပြန်ရဟန်းခံကြစေပြန်တယ်။ အဲဒီအခါမှာ စင်ကြယ်တယ်လို့ အာမခံနိုင်တဲ့ ရဟန်း ၁၅၆၆ ပါး ရပါတယ်။ ဒီရဟန်းတွေဟာ ပရိယတ် ပဋိပတ် နှစ်မျိုးစလုံးမှာ အာမခံတွေမို့ လက်ရွေးစင်လည်းဖြစ်တယ်။ မင်းရဲ့ အကူအညီရလို့ ဒီလို အောင်မြင်တယ်ဆိုလည်းဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ရာမာဓိပတိမင်းဟာ ကူညီတာထက် ပိုပြီး သူ့အတွက်အမြတ်ယူတယ်လို့ဆိုရင်လည်း ဖြစ်ပါတယ်။ ဘာပြုလို့လဲဆိုတော့ 'ရဟန်းခံ' ဆိုတဲ့ သာသနာ့ဘောင်ကို လူသစ်ရွေးချယ်လက်ခံပွဲမှာ ပဒေသရာဇ်က သူ့အလိုကျ ထပ်ပြီး ဖြည့်စွက်တာကို တွေ့ရလို့ပါပဲ။ ရာမာဓိပတိ လူသစ်လက်ခံတဲ့အခါမှာ. . .

(၁) မင်းပြစ်သင့်သူ

(၂) ထင်ရှားတဲ့ လူဆိုးဒမြ

(၃) ကိုယ်လက်အင်္ဂါ ချို့တဲ့နေတဲ့လူ

(၄) ကုန်းကွ လိုကင်း ကောက်ခွင်နေလို့ မြင်ရုံနဲ့ ရယ်စရာကောင်းသူ အဲဒီလူမျိုးတွေကို ရဟန်းခံမပေးပါနဲ့လို့ သူက အမိန့်ပေးတယ်။ ရဟန်းဝတ်မပေးရလို့ ပြောထားပါရက်ကနဲ တိတ်တဆိတ်ဝတ်ပေးလို့ ပေါ်ပေါက်ရင် ရာဇဝတ်သင့်မယ်လို့လဲ ခြိမ်းခြောက်တယ်။ ဒီနေရာမှာ သံသရာကိုကြောက်လို့ သတိသံဝေဂရလို့ လူ့ဘောင်ကိုစွန့်ချင်ရင် ခြေလက်အင်္ဂါစုံဖို့လိုတယ်လို့ အဓိပ္ပါယ်ထွက်နေတယ်။ ဒါကြောင့် ရာမာဓိပတိဟာ ဒီတစ်ချက် အင်မတန် မှားသွားတယ်လို့ ပြောနိုင်ပါတယ်။ ရဟန်းတွေထဲမှာ လဇ္ဇီပေသလ သိက္ခာကာမ ဖြစ်စေဖို့ဆိုပြီး (၁) ဆေးကုတဲ့ရဟန်း (၂) ဗေဒင်ဟောတဲ့ရဟန်း (၃) လက်မှုပညာ တစ်ခုခုနဲ့ စီးပွားရှာတဲ့ရဟန်း (၄) ဖွဲ့နွဲ့ပြောဟောပြီး ငွေအလှူခံတဲ့ရဟန်း (၅) လူတွေနဲ့ ရောနှောလွန်းတဲ့ရဟန်းနဲ့ (၆) အပြစ်ရှိတယ်လို့ ကဲ့ရဲ့ခံဖူးတဲ့ ရဟန်းတွေကို ရှာဖွေပြီး လူထွက်ခိုင်းတယ်။ အဲဒါအပြင် စောစောက စီးပွားဖြစ်အောင်စုပြီး ချမ်းသာနေတဲ့ ရဟန်းကို ဥစ္စာကို စွန့်ရင်စွန့် မစွန့်ရင် ရဟန်းဘဝကို စွန့်ခိုင်းတယ်။ ဒီနည်းတွေကတော့ သာသနာ့ အညစ်အကြေးကို ရှင်းလင်းတာဖြစ်လို့ ကောင်းပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရရင် အခုလေ့လာခဲ့တဲ့ မြန်မာသက္ကရာဇ် ၈၆၀ ခရစ်သက္ကရာဇ် ၁၅၀၀ လောက်က လူမှုရေးကို ပြန်ကြည့်ရရင် မြန်မာနိုင်ငံမှာ နေထိုင်မြဲဖြစ်တဲ့ တိုင်းရင်းသားတွေဟာ ခေတ်ဟောင်းကိုစွန့်ပြီး ခေတ်သစ်ကို ကူးဖို့ အခွင့်ကောင်းရတဲ့အချိန် ဖြစ်တယ်။ အနောက်တိုင်းက စွန့်စားသူတွေလဲ အရှေ့တိုင်းကို စတင်ပေါက်ရောက်စအခါ ပြည်တွင်းပြည်ပ လှုပ်ရှားမှုတွေနဲ့ ကြုံကြိုက်တဲ့အခါ ဖြစ်တယ်။ ပုဂံခေတ် စကားပြေ အရေးအသားကနေပြီး အဝခေတ် ပျို့ကဗျာလင်္ကာ အရေးအသားကို တိုးတက်လာမယ်။ အနုပညာ ပန်းချီပန်းပု ကျောက်ဆစ်နဲ့ ဗိသုကာလက်ရာတွေဟာလဲ မလွဲမသွေ တိုးတက်မှာပါပဲ။ ဘာပြုလို့လဲဆိုတော့ ပုဂံခေတ်က ရှင်ဘုရင်နေတဲ့အိမ်ကို အိမ်ကြီး အိမ်တော်လို့ပဲ ခေါ်ခဲ့ရာက အဝခေတ်မှာ ရွှေအိမ်နန်းနဲ့ ကြငှန်းလို့ ခေါ်လာကြတဲ့အပြင် ဘုရင်တစ်ပါးဟာ ကျန်ရစ်ခဲ့တဲ့ ကျောက်စာအရ အင်မတန် ကောင်းတဲ့ နန်းတော်ကိုဆောက်ပြီး အဲဒါ ဂုဏ်ယူတဲ့အနေနဲ့ "ရွှေနန်းကြော့ရှင်ဘွဲ့"ကို ယူခဲ့တယ်။ ဒီလို အထက်မြန်မာနိုင်ငံမှာ စာပေနဲ့ အနုပညာ



တိုးတက်လာသလို အောက်မြန်မာနိုင်ငံမှာ သာသနာ ပြုပြင်ပြောင်းလဲရေး အကြီးအကျယ်ဖြစ်တယ်။ ဒါပေမယ့် ၁၆ ရာစုရဲ့ ပထမနှစ် အစိတ်အလွန်မှာ နိုင်ငံရေး ဆူပူမှုတွေနဲ့ ပြည်သူ့ အသက်အိုးအိမ်စည်းစိမ်ကိုထိခိုက်တဲ့ တိုက်ပွဲတွေ ကြုံရလို့ လူမှုစီးပွားရေး ပျက်ပြားပြီး စာပေအနုပညာဘက်မှာလဲ နှမြောစရာကောင်းလောက်အောင် တိုးတက်မှုအရှိန် လျော့သွားတာကို တွေ့ရပါတယ်။ ဒီလိုသာ လူမှုစီးပွားရေးကို မထိခိုက်ဘူးဆိုရင် ၁၆ ရာစုထဲမှာ ပုဂံယဉ်ကျေးမှုထက်သာတဲ့ ယဉ်ကျေးမှုတစ်ရပ်ကို မြန်မာနိုင်ငံအလယ်ပိုင်းမှာ တွေ့နိုင်လောက်စရာ ရှိပါတယ်။

# သာလွန်မင်းလက်ထက် အုပ်ချုပ်ရေး†

ပြည်သူလူ ရဟန်းတို့၏ အားထားရာဖြစ်သော မင်းသည်ပင်လျှင် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်တို့ကို ထိခိုက်လောက်အောင် အစီအမံ မှားယွင်းလာပါလျှင် တာဝန်လစ်ဟင်းလေပြီဟု အပြစ်ဆိုဖွယ် ဖြစ်၍လာပါသည်။ ပဲခူးမှ *ငါးဆူဒါယကာမင်း* (အေဒီ ၁၅၈၁–၉၉)သည်လည်း "ပြည်သူကို ဝမ်းနည်းအောင် ပြုတော်မူရှိရကား" (မှန်နန်း ရာဇဝင် တတိယတွဲ စာမျက်နှာ ၁၀၀)၊ အာစာရ ဝိပတ္တိ (အကျင့်ပျက်စီးခြင်း)ဖြစ်ကာ ပြည်သူတို့ အကြည်ညိုတန်သဖြင့် "ကြီးကြီးကြပ်ကြပ် အမှုတော်ကို မထမ်း၍ အရေးတော် မပြီးသည်များ"သောကြောင့် နောက်ဆုံးတွင် ၎င်း၏ ကိုယ်ကျိုးစီးပွားကိုပါ ထိခိုက်လျက် "သူ့လက်ထက်၌ ကြီးစွာသော ဆင်းရဲသို့ ရောက်ရချေသည်"ဟု ရာဇဝင်မှတ်တမ်းတို့၌ ဖော်ပြလျက် မော်ကွန်းတွင်ရစ်ပါသည်။ မင်းပျက်စီးသည်နှင့်အတူ တိုင်းကားပြည်ရွာလည်း ပျက်စီးရတော့သည်။ ပဲခူးပျက်သည့် ခရစ်နှစ် ၁၅၉၉ မှစ၍ ရှေ့တွင် နှစ်ပေါင်း တစ်ဆယ့်ခြောက်နှစ်တိုင်တိုင် ဆူပူလှုပ်ရှားမှုများ ရှိနေပါသည်။ အောက်မြန်မာနိုင်ငံတွင် ငြိမ်းချမ်းသာယာမှု မရှိသောကြောင့် လူအများပင်

---

† * ၁၉၆၅ ခုနှစ် ဂျွန်လ ၁၈ ရက် မြန်မာနိုင်ငံ သုတေသနအသင်း အစည်းအဝေးတွင် ဖတ်သည်။
*မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်*၊ အတွဲ ၄၉၊ အပိုင်း ၁၊ ဂျွန် ၁၉၆၆၊ စာမျက်နှာ ၅၁–၉၆။

ရခိုင် သို့မဟုတ် ယိုးဒယားသို့ ပြေးဝင်ကြသည်ကိုလည်း တွေ့ရသည်[၁]။ ထိုသို့သော အခြေအနေဆိုးကို ထိန်းသိမ်း၍ နိုင်ငံကို ပြန်လည်ထူထောင်ရန် ညောင်ရမ်းမင်း (မွန်နန်း တတိယတွဲ စာမျက်နှာ ၁၁၉-၁၄၅) "သီဟသူရ မဟာဓမ္မရာဇာ"က စတင် ဆောင်ရွက်ခဲ့သော်လည်း နန်းသက် ခြောက်နှစ်မျှသာ စိုးစံရသဖြင့် ခရီးဆုံးခန်းသို့ မရောက်ခဲ့ချေ။ ထိုမင်း၏သားတော် အနောက်ဘက်လွန်မင်း (မွန်နန်း တတိယတွဲ စာမျက်နှာ ၁၄၉-၉၁) "မဟာဓမ္မရာဇာ ၁၆၀၅-၂၈"က ဆက်လက် ကြိုးပမ်းရာ နန်းတက်ပြီး ဆယ်နှစ်ကျော်ကာမှ ပြည်ရွာ ငြိမ်းချမ်း သာယာစပြုကြောင်း တွေ့ရပါသည်။ ပြည်သူလူထု၏ စွမ်းအားကို အရဖော်ထုတ်၍ ပေးနိုင်သဖြင့်သာ ငြိမ်းချမ်းသာယာခြင်း ဖြစ်ပေသည်။ သို့သော် နှစ်ကာလ အားဖြင့် တွက်စစ်လိုက်လျှင် အနှစ်အစိတ်မျှ ဆိုးသွမ်းသောကာလကို ပြန်လည် ထူထောင်ရန် နောက်ထပ် နှစ်အစိတ်ကြာကြောင်း တွေ့ရပါသည်။ ၁၆ ရာစု၏ နောက်ဆုံးနှစ်အစိတ်က စသည့်ကာလပျက်ခြင်းသည် ၁၆ ရာစု အတွင်းတွင် အဆိုးဝါးဆုံး အခြေအနေသို့ရောက်၍ ထိုအခြေအနေမှ ပြောင်းလဲတိုးတက် ကောင်းမွန်လာအောင် ၁၇ ရာစုဦးတွင် အနှစ်အစိတ် မနေမနား ကြိုးစားကြရသည်။ ခေတ်ဆိုးနှစ်အစိတ်ကို နောက်ထပ် နှစ်အစိတ်ကျော်မျှသာ ခံကြရသည်မှာ ကံကောင်းလှသည်။ ခရစ်နှစ် ၁၆၂၉ တွင် မင်းဖြစ်လာသူကို ရှေ့အဖို့တွင် ပြည်သူကျေးဇူးဖြစ်ရာဖြစ်ကြောင်း ဆောင်ရွက်နိုင်ရာအံ့လောက်ဟု စောင့်၍ ကြည့်ကြ၏။ ခရစ်နှစ် ၁၆၄၈ တွင် ထိုမင်းလွန်သည့်အခါသို့ရောက်မှ

> တိုင်းကားပြည်ရွာ သာလွန်သောကြောင့် လည်းကောင်း၊ ရွှေနန်းတော် ထက်တွင် သာယာစွာ လွန်ရသောကြောင့် လည်းကောင်း သာလွန်မင်း တရားဟု ခေါ်ဝေါ်ရေးသားကြကုန်၏။ (မွန်နန်း တတိယတွဲ စာမျက်နှာ ၂၅၂)။

ဟု မှတ်တမ်းတင်ခြင်း ခံရသည်။ ထိုမင်းကား သီရိသုဓမ္မရာဇာ မဟာဓိပတိ "၁၆၂၉-၄၈" (မွန်နန်း တတိယတွဲ စာမျက်နှာ ၂၁၇) ဘွဲ့ခံသူဖြစ်၍ ယခု စာတမ်းမှာ ထိုမင်း၏လက်ထက်တွင် ပြုပြင်တိုးတက်လာသော အုပ်ချုပ်ပုံကို

† ၁။ Halliday Immigration of the Mons into Siam' *JSS,* 1913, မွန်နန်း၊ တတိယတွဲ ၂၂။



ခြုံ၍ လေ့လာခြင်းဖြစ်သည်။ အုပ်ချုပ်ပုံမှ ဆက်သွယ်၍ ပြည်သူလူလူ၏ ရာဇဝင်ဖြစ်သော လူမှုရေး စီးပွားရေးနှင့် ကိုးကွယ်ယုံကြည်မှုတို့ကို အသင့် အတင့် မြင်လာလိမ့်မည်ဟု ယုံကြည်ပါသည်။

ယခုစာတမ်းအတွက် မှီငြမ်းပြုရာဖြစ်သော မှတ်တမ်းများမှာ

၁။ ညောင်ရမ်းမင်းတရား လက်ထက်တော်ကသည် အနောက်ဘက်လွန်မင်း၊ သာလွန်မင်းတို့တိုင် မင်းသုံးပါးအမိန့်တော် အမည်ရှိ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်၏ ၄၅၂၃၅-ဂဏန်းအမှတ် ရေးထိုးထားသော ၁၁-ကြောင်းပေ ၅-အင်္ဂါတစ်ထုပ်[၁]။

၂။ သက္ကရာဇ် ၁၀၀၀ သာလွန်မင်းမှသည် ၁၀၉၁ တနင်္ဂနွေမင်းတိုင် ထုတ်ပြန် သည့် အမိန့်တော်ပြန်တမ်းစု အမည်ရှိ အမျိုးသား စာကြည့်တိုက်၏ ၉၈/၁၇၁/၇ ဂဏန်းအမှတ် ရေးထိုးထားသော ၉-ကြောင်းပေ ၅-အင်္ဂါ ၁၁-ချပ် တစ်ထုပ်[၂]။

၃။ စကိုင်း ကောင်းမှုတော်ဘုရား မူလထိုး၊ နှစ်မျက်နှာကျောက်စာ။

၄။ စကိုင်းကောင်းမှုတော်ဘုရား ပဒုံမင်းဆက်ထိုး ကျောက်စာ ၆-ချပ် (ဘီ- ၁။ ၂၆၂-၇၉)နှင့်။

၅။ *မြန်မာနိုင်ငံ သုတေသနအသင်းက ၁၉၆၀-ပြည့်နှစ်တွင် ပုံနှိပ်သော ဇမ္ဗူ ဒီပ ဥဆောင်းကျမ်း*[၃]။

တို့ ဖြစ်ပါသည်။ မစ္စတာ ဟာဗေး၏ မြန်မာရာဇဝင်ကျမ်းတွင်လည်း သာလွန် မင်း၏ စစ်တမ်းများအကြောင်း မှတ်ချက်တစ်ခန်းပါသည်[၄]။ ထိုစာတမ်းမှတ်စု တို့ကိုပေါင်း၍ မှန်နန်းရာဇဝင်ပါ သာလွန်မင်းလက်ထက် အကြောင်းအရာများ (ဇမ္ဗူ ၉၉၉/၆၃)ကို နောက်ခံထားကာ ၁၇ ရာစု၏ ပထမတစ်ဝက် မြန်မာနိုင်ငံ လူမှုရေးရာဇဝင်ကိုလည်း တတ်စွမ်းသမျှ ဖော်ထုတ်ပါမည်။

မြန်မာနိုင်ငံတော်၏ ၁၇ ရာစုဦးက နယ်နိမိတ်ကို စတင်ဖော်ပြလိုပါ

† ၁။ ဤကျမ်းကို *မင်းသုံးပါး*ဟု အတိုရေးမည်။
၂။ ဤကျမ်းကို *ထောင်ပြည်*ဟု အတိုရေးမည်။
၃။ ဤကျမ်းကို *ဇမ္ဗူ*ဟု အတိုရေးမည်။
၄။ G.E Harvey; "Thaluns Inques Inquest, etc" *History of Burma,* London, Longman, 1952. pp. 347-52.

သည်။ ယခင်က ရတနာပူရဟု ခေါ်တွင်သော်လည်း ခရစ်နှစ် ၁၅၉၈ (၉၆၀) ကစ၍ ရွှေဝမင်းသုံးပါး (၉၆၀–၃၃၃)ဟု အမည်ပြောင်းလဲ ခေါ်ဝေါ်ခဲ့သော နေပြည်တော်ကို မဏ္ဍိုင်ပြု၍ မြန်မာနိုင်ငံ၊ သျှမ်းပြည်၊ ယွန်းပြည်၊ မွန်ပြည် အဝင်အပါ နိုင်ငံတော်သည်. . .

အရှေ့ကိုလားသော် သံတံတား၊ အနောက်ကိုလားသော် ပင်လယ်နား၊
တောင်ကိုလားသော် ယိုးဒယား၊ မြောက်ကိုလားသော် ရေပေါ်မီး
ငါ့နားကြီး အက္ကပတ် ကသည်းတို့နေရာ (ဇမ္ဗူ ၉၉၉/ ၆၃)။

အထိ ပိုင်းခြားသတ်မှတ်ပြီးရှိသည်ဟု ၉၉၉ ကဆုန်လပြည့်နေ့ ထုတ်ပြန်သော အမိန့်တော်ပြန်တမ်းတွင်ပါရှိသည်။ သဘောအချုပ်အားဖြင့် အရှေ့တွင် ကောင်ဟန်[၁]၊ ဇင်းမယ်လင်းဇင်း[၂]အထိ၊ အနောက်တွင် ရခိုင်ကမ်းရိုး ဘင်္ဂလား ပင်လယ်အော်အထိ၊ တောင်ကို မဒမ ပင်လယ်ကွေ့ ကမ်းရိုးတန်းအလွန် ထားဝယ် တနင်္သာရီအပါ ယိုးဒယားအထိ၊ မြောက်၌ ချင်းတို့ဒေသကစ၍ ကသည်း[၆၅] တို့ ဒေသအထိဟု ဆိုလိုသည်။ သို့သော် အနောက်တွင် စင်စစ် အားဖြင့် ရခိုင်သည် ထိုစဉ်က မြန်မာပိုင်နက်တွင် ခရစ်နှစ် ၁၆၅၀ (သက္ကရာဇ် ၁၀၁၂)တွင် ရေးထိုးထားသော စကိုင်းကောင်းမှုတော် အမည်ရှိ ရာဇမဏိစူဠာ ကျောက်စာအရ. . .

စုကု စလင်း လယ်ကိုင်း ဖောင်လင် ကလေ သောင်သွပ်အစ ဟိသဝ် ပြီကြီတို ဝ် ၏ တဉ်ရာ သုနာ ပရန္တတိုင်၊ ပုဂံ အဝပင်ရ မြင်စိုင် အစဟိသဝ် ပြီကြီတို ဝ် ၏တဉ်ရာ တမ္ဗဒီပတိုင်၊ သီဗော ညောင်ရွှေ မိုဝ်နဲ အစဟိသဝ် ပြီကြီတို ဝ် ၏တဉ်ရာ ဇိန်တိုင်၊ သရေ ခေတ္တရာ သိရိခေတ္တရာမတိုင်၊ ကေတုမတီ ဇယဝတီ အစဟိသဝ် ပြီကြီတို ဝ် ၏တဉ်ရာ ဇယဝဍ္ဍနတိုင်၊ ဟံသာဝတီ ဒိဂုံမ် ဒလ ကုသိမ်ရောင်မြ မုတ္တိမ အစဟိသဝ် ပြဉ်ကြီတို ဝ် ၏တဉ်ရာ ရာမည တိုင်၊ ကျိုင်တုံမ် အစဟိသဝ် ပြဉ်ကြီတို ဝ် ၏တဉ်ရာ ခေမဝရတိုင် ဇင်းမယ် ကျိုင်သေဉ် အစသီသဝ် ပြီကြီတို ဝ် ၏တဉ်ရာ ဟရိပုဥ္စတိုင်၊ ကျိုင်ရုံမ်မိုင်စဉ်

† ၁။ ? Keag hug. see Harvey; *Burma.* p. 347.

† ၂။ Vienchang. see Harvey; *Burma.* p. 100.



အစသီသဝ် ပြီကြီတို ဝ် ၏တဉ်ရာ မဟာနဂရတိုင်[၁]။

ဖော်ပြပါ တိုင်းပြည်နယ်တို့တွင် တွေ့ရှိရမည့် လူမျိုးတို့ကို (အက္ခရာစဉ် ဖော်ပြရလျှင်) အင်းကျယ်၊ ကဒူး၊ ကရင်၊ ကုလား၊ (ဟိန္ဒူ) ကုလားပျို (ပသီ)၊ ကချင် ကသည်း၊ ချင်း၊ ဂွမ်း၊ ဇင်းမယ်၊ တရက်၊ တရုတ်၊ မွန်၊ ဓနု၊ ပလောင်၊ ပလေ၊ ပုဏ္ဏား၊ (ဗြာဟ္မဏ)၊ ဘရင်ဂျီ[၂]၊ ယွန်း[၃]၊ ရခိုင်၊ လဝ၊ လူး၊ လင်းဇင်း၊ သက်နှင့် သျှမ်းတို့ ဖြစ်ပါသည်။ ဤတွင် ကုလားပျိုဟူသည်မှာ ပသီဘာသာဝင် လေးသည်နှင့် သေနတ်စွဲတို့ဖြစ်၍ ဘရင်ဂျီမှာ ပေါ်တူဂီလူမျိုးများဖြစ်၍ သေနတ်နှင့် အမြောက်အမှုထမ်းများ ဖြစ်ပါသည်။ ထိုနိုင်ငံခြားသားတို့ မိမိတို့ တိုင်းပြည်ပြန်လျှင် နေအိမ်ကို ရောင်းချသွားခွင့် မရှိကြောင်းကိုလည်း သိရပါသည်။ ယခု ဖော်ပြပါ စာရင်းမှာ အမိန့်တော်များ၌ ပါလေ့ရှိသော အမည်များသာဖြစ်ရကား အကယ်စင်စစ် မြန်မာနိုင်ငံတွင်း၌နေသော လူမျိုးအရေအတွက် ထို့ထက်ပိုရန်သာ ရှိပါသည်။

တစ်ဆယ့်ခုနှစ်ရာစုဦးက မြန်မာနိုင်ငံ၏ လူဦးရေကို ခန့်မှန်း၍ ရနိုင်စရာ အထောက်အထားတစ်ခု ရှိပါသည်။ ခရစ်နှစ် ၁၆၃၅ ထုတ်ပြန်သော လက်နက်ကိုင် စစ်သည်အင်အား တိုးချဲ့ရမည်ဟူသော အမိန့်တော်တွင် ညောင်ရမ်းမင်းနှင့် အနောက်ဘက်လွန်မင်းတို့လက်ထက်က လက်နက်ကိုင်စစ်သည် ၂၀ပ၀၀၀ သာရှိသည်ဟု ဖော်ပြ၏။ (မင်းသုံးပါး ၉၉၉၊ ၆၁)။ ထိုမင်းများ လက်ထက်က အာဏာစက်ပျံ့နှံ့ရာ နယ်နိမိတ် အကျယ်အဝန်း သေးငယ်သေးသဖြင့် ထိုမျှစစ်သည်ကိုသာ စု၍ရသည်။ သာလွန်မင်းက သေနတ် ၁၀၀၀၀၀၊ အမြောက် ၁၀၀၀၀၊ လေး ၅၀၀၀၀၊ ရဲလှေ ၁၀၀၀၊ ကင်းလောင်း ၅၀၀၀၊ ကာ ၅၀၀၀၀၊ လှံ ၅၀၀၀၀ အလိုရှိသည်။ ရအောင်စုဟု အမိန့်ထုတ်သည်။ ဤမျှ များပြားသော လက်နက်တို့ကို စွဲကိုင်ရန် စစ်သည်လေးသိန်းခန့်လိုမည်ဟု

† ၁။ စကိုင်း ကောင်းမှုတော်ကျောက်စာ ၁၀၁၂ မျက်နှာဘက်၊ စာကြောင်းရေ ၆၇–၇၁။ မှန်နန်း တတိယတွဲ စာမျက်နှာ ၂၃၇။

၂။ Feringhi. see *Harvey; Burma.* pp. 348-9.

၃။ Lao Shan tribes around Chiengmai. see *Harvey; Burma.* pp. 166.

ခန့်မှန်းနိုင်ပါသည်။ ယခင်မင်းတို့ထက် အဆနှစ်ဆယ်မျှ တိုးချဲ့လိုသည်ဟု ဆိုလိုရာရောက်ပါသည်။ လူငါးရောက်ရှိ တစ်အိမ်ထောင်လျှင် လူတစ်ယောက် ထွက်၍ စစ်မှုထမ်းရမြဲဖြစ်သော အချိုးနှင့် မှန်း၍ကြည့်လျှင် လူဦးရေမှာ နှစ်သန်း ခန့်ရှိပေသည်။ ထိုနှစ်သန်းတွင် လူများစုမှာ လယ်ယာကိုင်းကျွန်းကိုမှီ၍ အသက် မွေးသည့် စိုက်ပျိုးရေးသမားများ ဖြစ်ချေမည်။ မင်းမှုထမ်းမဟုတ်သော ပြည်သူ အများကို အသည်ဟု သာမညအားဖြင့် ခေါ်ပါသည်။ စစ်မက်အင်္ဂါကြောင့် ပြည်ရွာပျက်သဖြင့် လူဦးရေလျော့နည်းသည်ကို ပြန်လည် ဖြည့်စွက်ထူထောင်ရန် နယ်ခြားဒေသမှ လူများကို ပြောင်းရွှေ့နေရာချထားပေးခြင်း ပြုပါသည်။ မှတ်တမ်း တစ်ခု၌

> အညာကလာသည့် ရှမ်းလူ မြင်းရည် ကချင် ကရင် အင်းကျယ် ယောကျ်ား မိန်းမတို့ကို တစ်မြို့ကို အသည်– ၃၀၀၊ ရွာကို–၁၅၈၊ တိုက်ကို–၁၀၀၊ တိုက်ဝင်ကျေးသီး မြို့ရွာတို့မှာ ၁၅၀ အပ်တော်မူသည်။

ဟု တွေ့ရပါသည်။ စစ်မက်အင်္ဂါထူပြော၍ မကြာခဏလုပ်ဆောင် စီးပွားပျက်၍ သတ်ဖြတ်ညှဉ်းဆဲခြင်းခံရသော ခေတ်ကို ကြုံခဲ့ကြရသဖြင့် မင်းပြောင်းမင်းလွှဲ ရှိလျှင်သော်လည်းကောင်း၊ စစ်ဖြစ်ပြီဟု သတင်းစကားရလျှင်သော် လည်းကောင်း၊ ပြည်သူတို့ အထူးတုန်လှုပ်ခြင်း ဖြစ်ပေမည်။ လုပ်ခင်းဆောင်တာကို စွန့်ကာ ပြေးပုန်းပေမည်။ သို့သော် ယခုတစ်ကြိမ် မင်းပြောင်းခြင်းကား ကြောက်လန့်ဖွယ် မဟုတ်ကြောင်းကို အနောက်ဘက်လွှန်မင်း နန်းတက်သည့် ခရစ် ၁၆၀၅ (သက္ကရာဇ် ၉၆၇၊ တပေါင်းလပြည့်ကျော် ၁၃ ရက်နေ့)က အောက်ပါအမိန့် တော်ကို ဆင်နှင့်လည်၍ ပြည်သူတို့ကြားရအောင် ဖတ်ရ၏။

> ဘုန်းတော်အလွှန် ကြီးမြတ်တော်မူလှသော အသျှင်ဘဝရှင်မင်း တရားကြီးဘုရားအမိန့်တော်ရှိသည်။ ခမည်းတော်ဘုရား အရိုက်အရာ တော်ဖြစ်သော ရွှေဝပြည်ကြီး၌ ငါ ရွှေနန်းစံတော်မူသည်။ ရောင်းဝယ် နေထိုင်မြဲ ရောင်းဝယ်နေထိုင်ရမည်။ အထိတ်အလန့်မရှိစေနှင့်။ နေထိုင် ရောင်းဝယ်စေ။ (မင်းသုံးပါး ၉၇၁/၁)

ဟု ပြည်သူတို့ကို စိတ်ချမ်းသာအောင် ပြောကြားရ၏။

သာလွှန်မင်းလည်း ထိုကဲ့သို့ပင် ခရစ်နှစ် ၁၆၂၉ (၉၉၁) ပဂိုးကို ရပြီး နောက် ညီတော် မင်းရဲနော်ရထာကို ပြည်ရွာ မထိတ်မလန့်အောင် မောင်းကြေးနင်း



ခတ်စေသည်[၁]။ သို့သော် ၁၆၃၇ တရုတ်စစ်ရောက်လျှင် ခုခံရန် ပြင်ဆင်သော အခါ၌ လမ်းနှင့် လွတ်သောနေရာများတွင် အကြောင်းမဲ့ မချောက်ချားရလေအောင်

> စော်ဘွားမြို့စား တပ်ပေါင်းစားတို့ကိုလည်း မြို့ရွာစီရင်နက်တို့၌ စစ်သည် ရဲမက် မဝင်မထွက်ရအောင် ခန့်ထားစေရမည်။ အထိတ်အလန့် မရှိ စေနှင့်။ နေထိုင်ရောင်းဝယ်မြဲ ရောင်းဝယ်စေ။ ဝန်တို့က စာသင့် အောင်မှာ။

ဟု အကျိုးအကြောင်း စုံလင်အောင်စာရေး၍ အဝေးအလံကလူများ မထိတ် လန့်အောင် စာရေးအကြောင်းကြားစေသည်။ စစ်လမ်းကျသော အရပ်တို့၌ကား ပြည်သူကို တတ်နိုင်သလောက် သက်ညှာသောအားဖြင့် အမိန့်တော် ပြန်သည် မှာ

> မိုးဝန်မြို့သို့ စစ်အင်္ဂါလေးပါးနှင့် ချီတော်မူရာပါသည့် မင်းသား၊ ဗိုလ်မှူး၊ တပ်မှူး၊ ဝန်၊ ဝင်းမှူးတို့မှစ၍ အုပ်စုတပ်ပါ စစ်ကဲ၊ နာခံ၊ တပ်ရေး၊ အရာ၊ အကြပ်၊ အကွပ်တို့၊ အုပ်စု သူရဲသူခက်တို့သည် လမ်းခရီးဆိုင်သင့်ရာ မြို့ရွာတောနေများတွင် ကြက် ဝက် နွား ကျွဲ ဆိတ်တို့မှစ၍ သူ့အသက်တို့ကို သတ်စားခြင်းမှ ကြဉ်ရှောင်ရမည်။ အရှင်မပေးသော ဥစ္စာကို မလုယူ မဖျက်ဆီးစေနှင့်။ သမီးပျို သားပျို တို့ကို အညှင်းအပမ်း မရှိစေနှင့်။ ဥစ္စာကြေးငွေ အဆောင်အရွက်တို့ကို မဖျက်မဆီးစေနှင့်။ အိမ်ထောင်ခမ်းနား ယောကျ်ား မိန်းမတို့ကို မသိမ်း မယူစေနှင့်။ လူကိုလူချင်း အထိုးအခုတ် အပုတ်အသတ် မရှိစေနှင့်။ ခိုက်ရန်ဒေါသ မောဟ မာန်မာနတို့ကို ချုပ်တည်းစေ။ မင်းရှိန်စိုးရှိန် ကပ်ခို၍ အာဏာထုတ်ပြ စောင်းဆိုသမျှကို ဆင်းရဲသားတို့က မပေး စေနှင့်။ တပ်တော်နှင့် အနီးအဝေး မထွက်သွားစေနှင့်။ ဆင်မြင်းကြောင်း စားသည့် အရာမှာလည်း တပ်တော်နှင့်မဝေး အနီးအပါးတွင်သာ ကြောင်းစားစေ။ လူအစောင့်အနေ အကြည့်အရှု မလစ်ဟင်းစေနှင့်။ နောက်တော်လိုက် အစုစု ကျွန်တော်မျိုးတို့တွင် အချင်းချင်း ခိုက်ပွား ရန်စစ် မရှိစေနှင့်။ အလော် အလည်ပြိုင်၍ မဆိုစေနှင့်။ အသောင်း

---

† ၁။ မှန်နန်း၊ တတိယတွဲ၊ စာမျက်နှာ ၂၀၀။

> အကြမ်း မပြုစေနှင့်။ အပ်ထားသော ဘဏ္ဍာတော်များကို မယိုမယွင်းစေနှင့်။ လက်နက်ကိရိယာ အပ်တော်မူသမျှ အပျက်အစီး အကျိုးအပဲ့ မရှိစေနှင့်။ ပေါက်ပြတ်ရာ အနာမလွတ်မကင်းရှိသည့် ဘဏ္ဍာတော်များကို ပြ၍ အစီရင်ခံစေ။ မကောင်းလျှင် ပြင်လုပ်၍ အပ်မြဲအပ် (*မင်းသုံးပါး* ၉၉၉၊ ၁၄၄–၆)။

ဟူ၍ ဖြစ်၏။

ဤတွင် သူရဲတို့နှင့်တကွ အခိုင်းအစေပါသွားသူတို့ လိုက်နာရမည့် စည်းကမ်းကောင်းပုံကိုလည်း တစ်ပါတည်း တွေ့ရပါသည်။ အချုပ်အားဖြင့် တပ်တွင်း စည်းကမ်းသေဝပ်ရေးနှင့် ပြည်သူကို အကြောင်းမဲ့ မညှင်းပန်းရေးကို မူတည်ကြောင်း ရဲရဲပြောနိုင်ပါသည်။ ပြည်သူ၏မေတ္တာကို ခံယူသည်မှာလည်း အောက်ပါအမိန့်ဖြင့် ထင်ရှားပါသည်။

> အရပ်အကွက်တွင်နေသည့် အသက်ခြောက်ဆယ်ကျော် ခုနစ် ဆယ်သူ ရှစ်ဆယ်သူတို့ကို ကျောင်းဘုရားသွား၍ ကိုယ်စားတော် တင်လှူ ပူဇော်စေ ဝန်တို့စီရင်

ဟု အမိန့်တော် ရှိဖူး၏။ မင်းမှုထမ်းတို့က ပြည်သူကို အမြဲတစေ ဂရုပြု ညှာဟာရန် အထွေထွေ အုပ်ချုပ်ရေး စည်းကမ်းသဘောမျိုးဖြင့် ခရစ်နှစ် ၁၆၃၅ (သက္ကရာဇ် ၉၉၇) ထုတ်ပြန်သော အမိန့်တော်တစ်ခုတွင်

> ကျေးမတ် ရွာပြည်စားသည် ကွမ်းပင်ပျိုးသော အတူနေလွတ်အောင် အရွက်ပျိုး၍ အရွက်ရင့်ရာကို ဆွတ်ခူး ရောင်းချစားသောက်၍ အသက်မွေးသည့်သဖွယ်၊ ရွာပြည်တွင်ယုံသည့် ကျွန်တို့ကို အမြဲနေစေ၍ ရွာသားပြည်သားကို မင်းကျေးမင်းကျွန် လျှပ်စား အနိုင်မကျင့်ရအောင် တားဆီး၍ ရွာဘုန်းရွာလပ်ကို စောင့်ကြပ်၍ အစုအစည်းအတိုင်းကို ချောင်းနှောင်း မေးမြန်းစေ၍ ပြုစု၍ ရွာကို ရွာစားမှီ၊ ရွာစားကို ရွာသားမှီ၊ ပြုစုသိမ်းပိုက်၍စား (*မင်းသုံးပါး* ၉၉၇၊ ၈၁–၁)။

ဟု ပါရှိ၏။ "ကျေးတော်မျိုး အသည်အလာ"တို့ မပင်ပန်းရန် အရေးကြီးကြောင်း ပြ၏။ ကျေးရွာမှရသည့် အခွန်ကိုသာ မက်မော၍ ကျေးရွာစည်ပင်အောင် မလုပ်လျှင် ရာဇဝတ်မကင်းဟု ယူဆ၏။ အဘယ်ကြောင့်ဆိုသော်

> ငှက်သည်အသီးရှိခါသာ အပင်ကိုနားသကဲ့သို့ အခွန်ခံသာ ရွာကို သွား၍ ပြန်၍မကြည့်။ ငှက်ကဲ့သို့ မရှိစေနှင့်။ စားဟန်တတ်စေ။



> ရွာပြည်ကို မပြု။ စားရသောက်ရအောင်သာ စီရင်သော် ကွပ်မည် (*မင်းသုံးပါး* ၉၉၇၊ ၈၁)။

ဟု အမိန့်တော်ထား၏။ မင်းမိန့် မင်းအာဏာကို အလွဲသုံးစားပြု၍ ပြည်သူကို ညှင်းဆဲခြင်း မပြုလေအောင် အမိန့်တော်ထားပြန်သည်မှာ. . .

> ပြည်ရေး တိုင်းရေးစသော ဆင်းရဲသားတို့ကို ညှင်းပန်း နှိပ်စက်၍ မြို့ရွာတွင် မနေဝံ့ ထွက်သွားသည်များကို ရွှေနားတော်ကြားလျှင် ဝန်တို့ နှစ်ခွန်းချေရမည် မမှတ်နှင့်။ ကြီးစွာသော ရာဇဝတ်တော်ကို ခံရလိမ့်မည် (*မင်းသုံးပါး* ၉၉၉၊ ၁၃၆)။

ဟု တွေ့ရ၏။ မင်းမှုထမ်းနှင့် ရွာမြေအကြီးအကဲတို့ကို ပြည်သူလူထုအပေါ်၌ အမြဲသက်ညှာရန် ပြည်သူ့အရေးကို ရှေ့တန်းထား၍ ညွှန်ကြားနေခြင်း ဖြစ်သည်။ စင်စစ်အားဖြင့် ပြည်သူတို့ အညှဉ်းပန်း အနှိပ်စက် ခံရမြဲဖြစ်၍ ယခုမှ အာဏာထား တားမြစ်ရသည်ဟုလည်း ယူရန်ရှိပါသည်။ ပြည်သူတို့ ခိုးသေးမီးပွား အန္တရာယ်မှ ကင်းလွတ်အောင် အစီအစဉ် ပြုပေး၏။ မီးအန္တရာယ်အတွက် အောက်ပါ အစီအစဉ်ကို ပြုသည်. . .

> အရပ်အကွက်သားတို့မှာ လူကြီးလူဆော်နှင့် အပြည့်အစုံရှိသည် ခိုးသေးမီးပွား မပေါ်မထွက်ရအောင် ညဉ့်နေ့ နှိုးဆော်၍ တစ်အိမ်ကို ချိတ်ချိတ်သော ဝါး ၁၀ စင်းတန်သည် ၅ စင်းတန်သည် စိုက်ထောင်၍ အိမ်မိုးမှာလည်း ရေအိုးရေဖြည့်တင်းစေ။ ထမင်းဟင်း ချက်ပြုတ်သည်မှာလည်း ကျင်းကို တောက် ၃ တောင်တူး၍ ချက်ချိန် ကိုသာ ချက်စေ။ နံနက် ၄ ချက်တီးကျော် ၃ မောင်းက ချက်ပြုတ်၍ မီးငြိမ်းသေစေ။ ညနေ ၃ ချက်တီးကျော် ၂ မောင်းတွင် လက်မထောင်မှူးတို့က မောင်းသံပေးလျှင် ထမင်းချက်စေ။ ညနေ ၃ ချက်တီးကျော် ၇ မောင်းကို မီးငြိမ်းသေစေ။ ချက်ပြုချိန် မောင်းသံပေးသည့် အချိန်အတွင်းက လွန်သည့်အချိန်တွင် တစ်အိမ်မျှ မီးပွား မီးပေါက် မီးပွင့် မရှိစေနှင့်။ မီးကျင်းတွင် မီးဆော်တို့ အမှိုက်ကြက်မွေးနှင့် တို့၍ စမ်းသပ်စေ။ သေငြိမ်းချိန်ကာလဖြစ်လျက် မသေငြိမ်း စမ်းသပ်သည့် အမှိုက်ကြက်မွေးကို စွဲကပ်လောင်လျှင် မီးရှိသည့် အိမ်ရှင်ကို ရှေ့ရုံးမှာ အပ်စေ။ လမ်းခရီး လမ်းကူးလမ်းကြား လမ်းကွေ့ပြင် အတွင်းအိမ်

> များမှာလည်း ဆေးအိုး ဆေးတံသောက်၍ မသွားမလာစေနှင့်။ သွားလာသူတို့ကိုတွေ့လျှင် ဆေးအိုး ဆေးတံကို လုသိမ်းထား၍ အချက် ၁၀၀ ရိုက်။ မီးဆော်ကို တစ်နေ့ငါးကြိမ် လှည့်ပတ် စမ်းသပ် စစ်ကြောစေ (မင်းသုံးပါး၊ ၉၉၉၊ ၁၃၁–၂)။

သူခိုး အန္တရာယ်အတွက်မူ အောက်ပါအတိုင်း စီစဉ်ထား၏

> ညဉ့်မူညဉ့်ခင်းမှာလည်း အမှုအခင်း မရှိသည်ကို ညဉ့် ၁– ချက်တီးကျော်လျှင် မသွားမလာစေနှင့်။ အမှုအခင်းရှိ၍ သွားလျှင် မီးအိမ် မီးအိုးနှင့်သွားလာစေ။ သူခိုး သူဂုက်တို့အိမ်ရာ ကျီကျဖောက်ယူ တက်ချိုးသည်ကို သိ၍ ဟစ်ကြော်လျှင် ကြားသမျှ ဝန်းရံဖမ်းဆီးစေ။ ကြားထောက် သိထောက်သင့်လျှင် မလာမရောက် မညီမလာနေလျှင် နေသူတို့ကို အချက် ၅၀ ရိုက် (မင်းသုံးပါး ၉၉၉၊ ၁၃၂–၃)။

ဟု အမိန့်တော်ရှိ၏။ ထို့ပြင် ကျေးရွာများတွင် လူဝင်လူထွက်နည်းလေ အမှုအခင်းနည်းလေဟု ယူဆဟန်တူသည်။ "တစ်စုကသည် တစ်စုသို့ အဝင်အထွက် မရှိစေနှင့်" (ဓမ္မ၊ ၉၉၉၊ ၆၄)ဟူ၍ လည်းကောင်း၊ "ထွက်ဝင်ပေါင်း ရက်မရှိစေနှင့်"(မင်းသုံးပါး ၉၉၇–ခ၊ ၇၂)ဟူ၍ လည်းကောင်း ကြပ်ကြပ်တည်းတည်း ထိမ်းသိမ်းစေဟူ၍လည်း နှိုးဆော်၏။ အဝင်အထွက်ကို လုံးပ မြစ်တား၍ မရနိုင်လင့်ကစား နည်းပါးရမည်ဟု ဆိုလို၏။ နိုင်ငံတော်ကျယ်တိုင်း ဖြန့်၍ နေကြသော်လည်း မျိုးရိုးအဆက် သားမြေးအထိ သိသာအောင် စာရင်းရှိစေခြင်းငှာ (မင်းသုံးပါး ၉၉၈–ခ၊ ၁၀၈) အမိန့်တော်တစ်ခုတွင် တစ်ရွာကသည် တစ်ရွာ မထွက်သွားစေနှင့်။ ထွက်သွားခင်းရှိ၍ ထွက်သွားလျှင် မည်သည့်ရွာမှာ နေလိမ့်မည်ဟူ၍ သိစေ (မင်းသုံးပါး ၁၀၀၇–ခ၊ ၃၄၉–၅၀)ဟု အတိအကျဆိုသေး၏။ ဝင်ထွက်သွားလာနေသမျှကိုလည်း အကြီးအကြပ်တို့က ဇာစ်မြစ်နှင့်တကွ သိရှိထားရချေမည်။ ယင်းကို ရည်ညွှန်း၍

> ရွာသူကြီး အသည်ကြီးတို့သည် ရွာတွင် မင်းကျေး မင်းကျွန် မင်းသား မင်းမြေး အမှုးအမတ် ကျွန် ကျောင်းလူ ဘုရားလူ အပေါက်အကျ နေလှာသ၍ကို မည်သည့်လူမျိုး မည်သည့်လူဟူ၍ သိမြင်စေ။ ကောင်း မကောင်းကို ဆုံးမပိုင်စေ။ မင်းမှုပြည်ရွာမှုကိုလည်း အမှုရှိလျှင် ရုံးစု စီရင်ပိုင်စေ။ ရွာတွင် တစ်ရွာနှင့်တစ်ရွာအကြားတွင် လူပျက် လူသွမ်း



> လူညစ်တို့သည် သိသော်သာ တွေ့သော်သာတမုံ့၊ မသိမတွေ့သော်တို့ကို ဘစာပြုရမည်နည်းဟူ၍ မုဒိမ်း ဓားပြအလုအယက် တောစွန် အုံနှား မရှိစေနှင့်။ သိလျှင်ကြားလျှင် တစ်ရွာလုံးအုံ၍ ရွာစည်းရွာစပ်ကို ရုံး၍ ရှာစေ။ မရှာ မလိုက် မရသော် ရွာနေသ၍ကို တိုင်ကြီး အမြဲ ထည့်မည်။ ရွာသူကြီး အကြီးပြုသူကို အက္ခရာထိုး၍ ဆင်စရိတ် ထည့်မည်။ (မင်းသုံးပါး ၉၉၈–ခ၊ ၈၈)။

ဟု အမိန့်တော်ထားပြန်သည်။ သည်တစ်ကြိမ်ကား ပြည်သူနှင့် အကြီးအကြပ်တို့ စုပေါင်းတာဝန်ယူခြင်းကို သင်ကြားပေးခြင်းပင် ဖြစ်ပါသည်။ လူဆိုးလူသွမ်းကို မိဘမျိုးရိုးနှင့်တကွ သိထားရမည်။ သို့မှ အမြန်ဆုံး ဖမ်းယူနိုင်မည်။ ရွာသူ ရွာသားအားလုံး ဖမ်းရမည်ဟု အမိန့်တော်ရှိခြင်း ဖြစ်ပါသည်။ ပေးမြဲဆောင်မြဲ အခွန်တော်ထက် ပြည်သူတို့ ပို၍ မပေးရအောင်လည်း သတိထား၍ နှိုးဆော် ပြန်သည်မှာ

> ကောက်ရိုးဟူသမျှသည်. . .အစဉ်လက်စွဲစာ၊ ရွှေပြည်စိုး တွင်ရှိသည့် စာရင်းအတိုင်းကိုသာ ကောက်ခံစေ။ . . . လက်စွဲစာရင်း အစဉ်ကိုလွန်၍ လက်စားကြီးလျှင် မည်သသူ ဟူသရွေ့ မဆိုနှင့်။ ဆေးလယ်တွင် အပေါင်အလက် ဖျက်၍ပြစ် (မင်းသုံးပါး ၉၉၇၊ ၇၉)။

ဟူ၍ တွေ့ရသည်။ ထုံးစံ ကောက်ခံမြဲထက်ပိုလျှင် ပြည်ရွာချောက်ချားမည့် ဘေးကို ကြိုတင် ကာကွယ်ခြင်း ဖြစ်ပါသည်။ ဖော်ပြခဲ့ပြီးသည့် ကောက်နုတ်ချက်များအရ "ပြည်သူတို့ ဝမ်းနည်းအောင်" မပြုအပ်ဟူသော အချက်ကို သာလွန်မင်းတရား အထူးဂရုစိုက်ကြောင်း သိရလျက် ထိုအုပ်ချုပ်ပုံမျိုး လက်အောက်၌ ပြည်သူ မနွမ်းနယ်ဟု ကောင်းစွာမှန်းဆနိုင်ပါသည်။

သာလွန်မင်း ကိုယ်တော်တိုင်က ပြည်သူကို ဘယ်သို့ သဘောထားသည်ကို စုံစမ်းရန် လိုပေဦးမည်။ ခရစ်နှစ် ၁၆၃၈ (သက္ကရာဇ် ၁၀၀၀) တန်ဆောင်မုန်းလဆန်း ၃–ရက်။ ၆–နေ့) အမိန့်တော်တမ်းကြီးတွင်

> ရှစ်ပြည်ထောင်ကို အစိုးရတော်မူသော မြင်သ၍ ရှိသ၍သော လူတို့၏ အရှင်မင်းကြီး မင်းမြတ် အစိုးရခြင်း ငါဖြစ်တော်မူသည်။ သည်မြင်သရွေ့ လူသည် မင်းတစ်ယောက်ကိုသာ မှီ၍ဖြစ်သည်။ မင်းမပိုင်သူ ရှိသည် မဟုတ် (မင်းသုံးပါး ၁၀၀၀ ပြည့်၊ ၂၃၃)။

ထိုသို့ မင်းပိုင်သည့် လူဟူသမျှကို ရောက်ပေါက်ရာရာသွား၍ ထင်မြင်ရာရာ စည်းမဲ့ကမ်းမဲ့ နေသာတော့မည် မဟုတ်ချေ။ "စုရုံးစည်းနှောင်ကြောင်း အရိုး" ရှိ၏ဟု ဆိုပါသည်။ မင်း၊ ရဟန်း၊ သူကြွယ်၊ သူဆင်းရဲဟု လေးမျိုးအပြင် အမှုထမ်းတို့ကိုလည်း အစုအငန်းနှင့် ဖွဲ့စည်းထားရ၏။

> စစ်သည်အင်္ဂါ လေးပါးဝယ်လည်း တစ်ကျိပ်ကို ခေါင်းတစ်ယောက်၊ ခေါင်းတစ်ကျိပ်ကို စစ်ကဲတစ်ယောက်၊ စစ်ကဲတစ်ကျိပ်ကို ဗိုလ်မှူး တစ်ယောက်၊ ဗိုလ်မှူးတစ်ကျိပ်ကို စစ်သူကြီးတစ်ယောက်၊ စစ်သူကြီး တစ်ကျိပ်ကို မင်းတစ်ယောက်ချုပ်၏. . .ရဲရင့်စွန့်စား မြဲမြဲ တည်ကြည် သော သူရဲတစ်ကျိပ်က သက်၍ မင်းတစ်ယောက်ဝယ် စစ်သည် သူရဲပေါင်းသည် တစ်သိန်းဖြစ်၏။

ထိုသူရဲတို့အားဖြင့် ပြည်ရွာငြိမ်းအေးအောင် ထိန်းသိမ်းခြင်းပြုရာ၌ မင်းကား ဥယျဉ်မှူးဖြစ်၍ ပြည်ရွာမှာ ဥယျဉ်သာတည်းဟု ဆက်လက် ဖော်ပြ ပါသည်။

> ပျိုးသည့် စိုက်သည့် ပြင်သည့် လုပ်သည့် ဥယျဉ်သဖွယ် ဖြစ်၏။ ငါ့တွင်မူကား မသန်သည်ကို သန်အောင်၊ မပွင့်သည်ကို ပွင့်အောင်၊ မသီးသည်ကို သီးအောင်၊ မစည်သည်ကို စည်အောင်၊ မပွားသည်ကို ပွားအောင်၊ အစွတ်သင့်သည်ကို အစွတ်နှင့်၊ အခြောက် သင့်သည်ကို အခြောက်နှင့်၊ ချဉ်သင့်သည့်အပင်ကို အချဉ်မပေါက်ရအောင်၊ ခါးသည့် အပင်ကို မသက်ရအောင်၊ ချိုသည့်အပင်ကို မပြက်ရအောင်၊ အမြစ် ရှက်သ၍ ဩဇာပေါ့သည် ပျက်သည်များကို အမြစ်အပင် မရှက်ရအောင် တတ်လှသော ဥယျာဉ်သည် သုတ်သင် သိမ်းပိုက်စိုက်ပျိုးပြုစုသကဲ့သို့ သာသနာတော်စီးပွား၊ ပြည်သူလူတကာ သတ္တဝါအပေါင်းတို့စီးပွား၊ မိမိပြည်နိုင်ငံ၌ရှိသော လူအပေါင်းတို့ကို ကတိတည်စွာ ငယ်သသူကို ကြီးသာအောင်၊ ကြီးသသူကို အိုသာအောင်၊ အိုသသူကို ချမ်းသာစွာ သေရအောင်

ဟူ၍ ဥယျဉ်မှူး၏ တာဝန်မျိုးသည် မင်း၏ တာဝန်သာဖြစ်သည်ဟု ယူဆသည်။ ပြည်သူလူထု၏ ဘဝအခြေအနေကို တတ်စွမ်းသလောက် သက်သာချောင်ချိ စေခြင်း ဖြစ်သည်။

> သာသနာတော် ပြည်သူလူ ရဟန်းစီးပွားကို ဆောင်ပေသည်။ မြင်သ၍ သော ဗိုလ်ပါအပေါင်းနှင့် ရထားထိန်းလည်းနှင့်သဖွယ် သတ္တဝါ အပေါင်းတို့ကို ဆောင်စေသင့်သည် မဟုတ်လောဟု မိမိကိုယ်ကို



> လိမ္မာကျွမ်းကျင်သော ရထားထိန်းဟု သဘောထား၍ ပြည်သူ လူ ရဟန်း၏ အစီးအပွားကို ဆောင်ပေအံ့ဟု နှလုံးထား၏။

ပြည်ရွာငြိမ်းချမ်း၍ လူဦးရေတိုးပွားသည်ကိုလည်း အလိုရှိ၏။ ထို့ကြောင့် အမှုထမ်းတို့တွင် ကြီးကြပ်သူတို့က အိမ်ထောင်လွတ်မြင်လျှင် အကျိုးသင့် အကြောင်းသင့်ပြု၍ နေရာချထားရန် မှာထား၏။

> တို့အဝင်တွင် လင်မရှိသော မိန်းမအသက် ၄၅ နှစ်၊ ၄၆ နှစ် အရွယ်သည် တောင်းတစ်လုံးနှင့် ရှာစား၍ (မည်)သူနှင့်ဖက်၍ အဝင်ဖြစ်ချေတော့မည်။ တို့ဝင်းတွင် မယားမရှိဘဲ အမှုတော်ရှည်မည့်သူ သင်နှင့် အိမ်ပေး (ရော)၏။

ဟု ဆုံးဖြတ်၍ ဆောင်နှင်းရန် တိုက်တွန်း၏။ အရွယ်လွန်သော အပျိုကြီးများ သာမက အရွယ်ရောက်လာသော လူငယ်တို့၏ အရေးကိုလည်း ကြည့်ရှုစေ သေး၏။

> ငါ့တို့နက် အစုမည်မျှ မည်သည့်အစုဝယ် ဦးရေမည်မျှ၊ အဝှန်းမည်မျှ၊ အမှုထမ်းဝယ် လူအိုကျမည်မျှ၊ သည်အနက် အိမ်ထောင်စိုးမည်မျှ၊ ယောကျ်ားလပ်မည်မျှ၊ သားမည်မျှ၊ သမီးမည်မျှ၊ မည်သည့် သက္ကရာဇ် မည်မျှခုက သားအရင်းမည်မျှ၊ ယခု သည်သားအထမ်း သွင်းလောက်ပြီ၊ သမီးအိမ်နေလိုက်ပြီ၊ အစုခြင်းတွင် ခေါင်းအဝှန်း၊ သားမိ၊ သားဘ၊ လင်မပေးဘဲ၊ မယားမပေးဘဲ၊ လက်ယူခြေပင့် တမုံ (ဟု) မိဘထား လေလျှင် အလုပ်အဆောင်ကား မိဘပိုင်၏။ အိမ်မှုရာမှုကို မိဘ မပိုင်ချေ။ သည်သူငယ်မတို့ အရွယ်တန်လျှင် လေလွင့်တော့မည်။ စိတ်လိုလိုက်လေတော့မည်။ ယောကျ်ားလပ်နှင့် မိန်းမလပ်ကို မလပ်မနေ ရအောင် အိမ်ထောင်ပေး၍ အမှုထမ်းတစ် ယောက်သည် သို့မှ နှစ်ယောက် သုံးယောက်ပွားသည်။

ဟု ညွှန်ကြားပါသည်။ လူဦးရေတိုးခြင်း၊ စစ်အင်္ဂါတိုးခြင်း၊ လုပ်အားတိုးခြင်း တို့ကို ရည်ညွှန်းလျက် အားပေးခြင်း ဖြစ်ပါသည်။ ညွှန်ကြားသည်ဆိုရာ၌လည်း လက်အောက်က ဉာဏ်နှင့်ယှဉ်၍ လိုက်နာဆောင်ရွက်ခြင်းကိုသာ အလိုရှိအပ် ကြောင်းကို ဖော်ပြလိုသဖြင့်

> ငါ အမိန့်တော်ရှိသည်။ သို့ကို လေ့စီးလျက် ကျည်းတို့ တက်လျင်

တက်ကို ပစ်ခဲ့သည် ဆိုသကဲ့သို့ အမိန့်တော်ရှိသည်ဆိုလျှင် အမိန့်တော်
အတိုင်း စီရင်တော့သည်ဟူ၍ ကရုတ်ကရက် နင်းကျိုးနင်းကျွန် (မပြုရ)။
အချက်အလက်မသိ၊ အယူအငင်မသိ၊ အတိဗလ မပြု၊ စိတ်မမြဲ၊
နှလုံးမမြဲ၊ စီရင်သည်ဟူ၍ ပြုသည်။ ခွေးလေအိမ်မသိ အသံထွက်ဆန်း
ဟောင်၏ သို့သာ စီရင်သည်

ဟူ၍ မပြုရဟု မှာထား၏။ အမိန့်တော်ကို အဆင့်ဆင့်ပေး၍ သဘောအနက်နှင့် အဖြစ်အပျက်ကို ဆက်စပ်လျက် မလေ့လာလျှင်

တစ်နေ့ရှစ်ခါ အချိန်ကိုသိ၍ တွန်ကြသော ကြက်သည် ဧည့်သည်
ရောက်၍ သတ်စားမည်ကို မသိသကဲ့သို့. . .စစ်သည်၊ ကြောသည်၊
စီရင်သည်ဟူ၍ တဆွဆွနှင့် ပြည်ချောက်ချား ရွာချောက် ချားသာ
ဖြစ်သည်ဟု အဖြေထွက်ကြောင်း လက်တွေ့ကိစ္စတစ်ခုဆောင်၍ ရှင်းပြ
သေးသည်။ နန်းတက်၍ ခရစ်နှစ် ၁၆၃၃ (သက္ကရာဇ် ၉၉၅) ဘိသိက်
ခံပြီးသည်အထိ ပဋ္ဌင်းမခံစေနှင့် (မင်းသုံးပါး ၁၀၀၀၊ ၂၄၈) ရဟန်းမခံစေ
နှင့်ဟု အမိန့်တော်ရှိဖူးသည်မှာ ပြည်ကြီးဝန်ဖြစ်သော ပြန်လည် ထူထောင်
ရေး တာဝန်ကို ရှောင်လို၍သာ ပရိယာယ်ဖြင့် ရှင်ယောင်ပြုခြင်းကို
ပိတ်ပင်ခြင်းဖြစ်သည်။ သာသနာတော်၏ အကျိုးကိုမလို၍ မဟုတ်
ကြောင်း အမိန့်တော်ကို လိုက်နာဆောင်ရွက်ရသူတို့ သိရမည်ဟု
ဖော်ပြပါသည် (မင်းသုံးပါး ၁၀၀၀၊ ၂၃၃–၅၅)။

သာလွန်မင်း၏ သဘောထားကို အချုပ်အားဖြင့်ဆိုရသော် ငါကားဘုန်းကြီးသော မင်းဧကရာဇ်ဖြစ်သည်။ မြင်မြင်သမျှ ငါ့ကျေး ငါ့ကျွန်သာဟု ဖိစီးနှိပ်စက်လိုစိတ်မရှိ။ အများပြည်သူ အေးချမ်းသာယာ၍ ပြည်သူတိုးပွားစည်ကားခြင်းကို အလွန်အလိုရှိသည်။ လူဦးရေပွား၍ လုပ်အားတိုးခြင်းကိုလည်း လိုသည်။ ထိုသို့ အလိုတော်ကို အထောက်အထားပြုရန် မင်းမှုထမ်းဆိုသူတို့ကို ခန့်ထားသုံးစွဲရသော်လည်း ယင်းတို့က ပြဿနာ အတိမ်အနက်ကို မစူးစမ်း၊ အမိန့်ဟူကာမျှဖြင့် တာဝန်မဲ့ဆင့်ဆိုခြင်းကြောင့် ပြည်ရွာချောက်ချားမည်ကို အလွန် စိုးရိမ်၏။ မင်းနှင့်ပြည်သူ ဆက်ဆံရာတွင် ပြည်သူလာလျှင် ပဓာနဖြစ်ကြောင်း ရုပ်လုံးပေါ်လျက် ရှိပါသည်။

မင်းနှင့်ပြည်သူ ဆက်ဆံရေးတွင် ပြည်သူအချင်းချင်း တရား စကား



အရှက်အတင်ရှိသောအခါ၌ မင်းက ပါဝင်ဆောင်ရွက်ရပုံကိုလည်း
ဖော်ပြရပေဦးမည်။ တရားစကားရှိလျှင် ရှင်းလင်းရာ၌ အခြေခံ
သဘောမှာ

"ကြီးသည့်စကားကိုငယ်အောင် ငယ်သည့်စကားကို ပပျောက်အောင်စီရင်" (မင်းသုံးပါး ၁၀၀၈၊ ၃၅၇)ဟု မင်းမိန့်လည်းရှိ၏။ အစဉ်အလာ ထုံးလည်းရှိသည်။ အချုပ်အားဖြင့် ပြန်ဖြေခြင်းပင် ဖြစ်ပါသည်။ သို့သော် စံပြထုံးပုံအနေဖြင့် "ခုံသူမတ်"ခေါ် တရားသူကြီးတို့အတွက် အားထားစရာ ဓမ္မသတ်ဖြတ်ထုံးများ ရှိပါသည်။ ခရစ်နှစ် ၁၆၂၉ (သက္ကရာဇ် ၉၉၁)ကပင် သာလွန်မင်းအမိန့်တော်နှင့် တောင်ဖီလာ ပုဂ္ဂိုလ်ကျော်နှင့် ကိုင်းရွာစား မနုရာဇာတို့ စီရင်သော **မနုသာရ ရွှေမျဉ်း ဓမ္မသတ်** ဟု ရှိခဲ့ပြီ။[၁] သာလွန်မင်း၏ ၁၆၃၅၊ (၉၉၆) အမိန့်တော် တစ်ခုဝယ် တရားသူကြီး ၁၀ မျိုးရှိကြောင်း သိရ၏။ ယင်းတို့ကား. . .

(၁) မြို့၌နေသော တရားသူကြီး
(၂) မင်းတို့ကထားသော တရားသူကြီး
(၃) အမှုသည် ၂–ဦးခွင့်ပြုသော တရားသူကြီး
(၄) မင်းတရားသူကြီး
(၅) မြို့ရွာနှင့် စီရင်သော တရားသူကြီး
(၆) သီလသတင်းရှိသော တရားသူကြီး
(၇) သာယာသောစကားကို ဆိုတတ်သော တရားသူကြီး
(၈) အမှုသည်နှစ်ဦး စဉ်းလဲသည်ကို တတ်သိသော တရားသူကြီး
(၉) အမှု၌တွင်သော တရားသူကြီး
(၁၀) ပုဏ္ဏား တရားသူကြီး

တို့ ဖြစ်ပါသည်။ ထိုတရားသူကြီးတို့အတွက် လက်ကိုင်ဆောင်ပုဒ်မှာ တရားတွေ့ရာ၌ ပြည်သူတို့တွင် အဖိုးထက် လက်ခကြီး မဖြစ်စေရ (မင်းသုံးပါး ၉၉၈၊ ၁၀၅)ပင် ဖြစ်ပါသည်။ အမှုသည် တရားသူကြီးကို ပေးရသော ကွမ်းဖိုးကိုသာ အလိုရှိ၍ အမှုလက်ခံ စစ်ဆေးသည့် ပုံစံမျိုးမဖြစ်စေဟု ဆိုလိုသည်။

အမှုသည်တို့ အရေးအခင်းရှိသလောက် မပြောမဆိုတတ်သည့်အခါ

† ၁။ ပိဋကသမိုင်း (၁၉၅၀)၊ ၂၃၄–၅၊ Harvey; Burma. pp. 195.

ရှေ့ဆောင်ရန် ရှေ့နေဟူ၍ ရှိ၏။ ယင်းတို့အပေါ်၌ ထိုခေတ်အခါက သဘောထားမှာ အလွန်စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။

ရွှေဘဝါးတော်အောက်တွင် အမှုသည်တို့ လက်ဖက်ဦး ကွမ်းဦး ပဏ္ဏာကာရ စားလို၍ ခေါင်းရပ် ရှေ့နေပြု၍ လိုက်သူတို့မှာ ခမည်းတော် (ညောင်ရမ်းမင်း)လက်ထက် အာဏာထားတော် မူသည့်အတိုင်း ဖောင်းချွန်းပေါင်း၍ အိပ်တစ်လုံး ခွက်တစ်လုံး ယပ်ရိုးဝါကိုင်၍ လိုက်စေ။ ရှေ့နေခေါ်သူတို့က ခြေကြွကြေး ၃၇ ၂ံ တစ်ခေါက်လျှင် ပေးစေ။ တစ်ခေါက်လိုက်ကြေး ၃၇ ၂ံ ပြင် တိုးပွား၍ မခံစေနှင့်။ တောင်းသူကလည်း မတောင်းစေနှင့် ပေးသူကလည်း မပေးစေနှင့်။ ခမည်းတော်ဘုရားအမိန့်တော်ကို ဆန့်လွန်၍ ရှေ့နေတစ်ခေါက်ခေါ်လျှင် ကြေး ၃၇ ၂ံ ပြင် တိုးပွား၍ တောင်းရမ်းယူလျှင် နှစ်ခွန်းချေရမည် မမှတ်နှင့်။ ရှေ့နေရှေ့ရပ် ခံသူမတ်တို့သည် နေ့တိုင်းပင် မုသာဝါဒစကားနှင့် မလွတ်မကင်းနိုင်သည်ဖြစ်၍ မြို့တွင်းတွင် မနေစေနှင့်။ မြို့ပြင်မှ အစုအကွက်ချ၍ အိမ်ဆောက်နေစေ။ ဝန်တို့ စီရင်။ သကရာဇ် ၉၆၉ ပထမဝါဆိုလဆန်း ၁၀ ရက်နေ့ နာခံ စမြောင်မှူး လွှတ်တွင် ပြန်သည့် အမိန့်တော် (မင်းသုံးပါး၊ ၉၆၉၊ ၃)။

ဦးထုတ်အချွန်ကိုဆောင်း၍ ယပ်ရိုးအဝါထမ်းကာ ခွက်တစ်လုံးဆွဲလျက် လွယ်အိတ်တစ်လုံးလွယ်၍ လျှောက်သွားနေသော ရှေ့နေတစ်ယောက်ကို အများကလူလည်း တစ်ယောက်ဖြစ်၍ ရဲရဲမဆက်ဆံဝံ့ပုံကို မြင်ယောင်မိပါသည်။ ကြေးတစ်ပိဿာမှာ ငွေတစ်ကျပ်မျှတန်မည့်ခေတ်အခါမို့ သူရသည့် အခကြေးငွေမှာ တစ်ခါလိုက်မှ ကြေး ၃၇ ၂ံ ဖြစ်သောကြောင့် မမက်မောလောက်ချေ။ သို့သော် အပြောအဆို လည်ပတ်သူများဖြစ်ခြင်းကြောင့် အထူးသတိထားရမည်ဟု မှာ၏။ "တရား သူကြီးတို့၏ နှလုံးအဆုတ်ကို ကုတ်ဝင်စားသကဲ့သို့" (မင်းသုံးပါး၊ ၉၈၈၊ ၁၀၅) ပြောသူကို တရားသူကြီးက ဟန့်တားနိုင်ရမည်။ မဟန့်တားနိုင်၍ အဟုတ်ကို မဟုတ်၊ မဟုတ်ကို အဟုတ်ဖြစ်ကာ တရားအဆုံးအဖြတ်လိမ့်လည်းလျှင် ပြည်ရွာအလည်၌ ပြောင်ပြောင်။ "ဒမြတိုက်သော ထင်ထင်ခိုးသော" (မင်းသုံးပါး၊ ၉၉၈၊ ၁၀၇) သူ ဖြစ်ချေမည်။ ထို့ကြောင့် ရှေ့နေသည် တရားရှိသည်ကိုသာ မဆိုမူ၍ စကားတတ်တိုင်း ချဲ့ထွင်မွေနှောက်၍ဆိုလျှင် သျှောင်ကို



ဆွဲ၍ ချစေ (မင်းသုံးပါး၊ ၁၀၀၈၊ ၃၅၇)၊ သို့မဟုတ် အချက်တစ်ရာရိုက်စေ (မင်းသုံးပါး၊ ၉၉၆၊ ၃၇)ဟု အခွင့်အာဏာ ပေး၍ထားပါသည်။ ရာဇသတ်ဓမ္မသတ်ထုံးပုံနှင့် ဆုံးဖြတ်တတ် ကောင်းသော အမှုဖြစ်လျက် ရှေ့နေလုပ်သူကလှည့်ပတ်၍ သက်သေကင်းမဲ့သော အမှုမျိုးတွင်မှ လုပ်ရသည့် ကမ္ဘာလေးရပ်ဟူသော တရားသေလေးပါးတွင် တစ်ပါးပါး လုပ်ရလေအောင် ဆွဲဆောင်လျှင်လည်း မြစ်တားရမည်ဟု သတိပေးပါသေးသည် (မင်းသုံးပါး၊ ၁၀၈၁၊ ၂၉၇)။ လွှတ်ရုံး၌ အော်ကြီးဟစ်ကျယ် အကြမ်းအတမ်းဆိုနေသော ရှေ့နေငယ်ကိုလည်း အချက် ၁၀၀ ရိုက်ရမည်ဟု အမိန့်ရှိပါသေးသည် (မင်းသုံးပါး၊ ၉၉၉၊ ၁၂၉)။ သို့သော် ရှေ့နေသည် တရားသူကြီးကို အမှန်မြင်နိုင်အောင် ညွှန်းနိုင်သူဖြစ်ကြောင်းကိုကား အသိအမှတ်ပြုပါသည် (မင်းသုံးပါး၊ ၉၉၈၊ ၁၀၆)။ ရှေ့နေကသာ အမှန်တရားကို ဖော်ထုတ်နိုင်လျှင်

သာသနာတော်၏ စီးပွား ပြည်သူလူရဟန်းစီးပွား မင်းစီးပွား တိုင်အောင် (မင်းသုံးပါး၊ ၉၉၈၊ ၁၀၆)။

ဖြစ်ထွန်းရာ၏ဟု ယုံကြည်၏။ စင်စစ်အားဖြင့်လည်း ထိုရှေ့နေမျိုးကိုသာ ရှေ့နေဟု အခေါ်ခံထိုက်သည်ဟု သာလွန်မင်းက ယူဆပါသည်။

အမှုအခင်းသည် တရားမမှု၊ ရာဇဝတ်မှုဟု နှစ်မျိုးရှိရာတွင် တရားမမှုတွင် ခိုးသေးမီးပွား နှုတ်ရောက် လက်လွန် ရောင်းရေးဝယ်တာ အငြင်းအခုံနှင့် ပစ္စည်းခွဲဝေရသည့် လင်ခန်းမယားခန်း အမွေမှုများပင် ဖြစ်ပါသည်။ ရာဇဝတ်မှုဟူသည်ကား မင်း၏အာဏာကို ဖီဆန်သည့် အမှုမှန်သမျှကို ခေါ်ပါသည်။ သို့သော် ရှေးခေတ်အခါက မြို့ရိုးပြအိုး စည်တော် စသည်တို့၌ လောကီပညာအလိုက် အင်းရေး အင်းမြှုပ်ပြုရာတွင် လုပ်နည်းလုပ်ဟန် အရေးအသား ချွတ်ယွင်းသည်ကိုလည်း ပြည်ရွာပျက်စီးကြောင်းဟု ယူဆသဖြင့် ရာဇဝတ်မှုပင် ဖြစ်ပါသည်။ (မင်းသုံးပါး၊ ၉၉၇၊ ၄၆)။ ထို့ပြင် မင်းမှုထမ်းတို့သည် မိမိအားပေးအပ်ထားသည့် အစီးအနင်း အဆောင်အရွက်ကို ရသလောက် မသုံးလျှင်သော် လည်းကောင်း (မင်းသုံးပါး၊ ၁၀၀၀၊ ၂၂၇)။ ရသည့် အဆောင်အရွက်ထက် ပို၍ သုံးလျှင်သော်လည်းကောင်း (မင်းသုံးပါး၊ ၁၀၀၀၊ ၂၂၃)။ ရသည့် အသုံးအဆောင်ကို ကျစ်လစ်ဖွယ်ရာအောင်

မသုံးမစွဲတတ်၊ မင်းပရိသတ်အလယ်တွင် နားတောင်းကျွတ်ကျခြင်း၊ ချမှတ်ထားသည့်နေရာတွင် မနေမိခြင်းကိုလည်း (မင်းသုံးပါး၊ ၁၀၀၀၊ ၂၂၃)။ ရာဇဝတ်ဟု ယူဆ၍ ကြိမ်ဒဏ် ၁၀၀၀ အထိ အရိုက်ခံရခြင်း၊ အရာမှ နုတ်ပယ်ခြင်း၊ တိုင်ကြီးထမ်း လိုက်ရခြင်းနှင့် ဆင်စာရိတ် လိုက်ရခြင်း တည်းဟူသော ဒဏ်ကြီးများကို ခံရတတ်ပါသည်။ စီရင် ခြင်းတည်းဟူသော အကြီးဆုံး အပြစ်ဒဏ်ကား တံကျင်လျှိုခြင်း စသည်တို့ဖြစ်၍ လူဆုံရာတွင် အပေါင် အလက် ဖွဲ့၍ မည်သူမျှ ယူဆောင်သင်္ဂြိုဟ်ခွင့် မပြုခြင်းကား "မကောင်းသဖြင့် စီရင်ခြင်း"ပင် ဖြစ်ပါသည် (မင်းသုံးပါး၊ ၉၉၇၊ ၇၉)။

မင်းနှင့် ပြည်သူအကြားတွင် အမှုဆောင်ရသော အမှုထမ်း တို့အကြောင်းကို ပြောလိုပါသေးသည်။ အရာကြီး အထူးကြီးများကို အရည်အသွေးအလျောက် မင်းက ခန့်ထားသော်လည်း၊ ကျေးရွာ အုပ်ချုပ်ရေးအဆင့်နှင့် အမှုထမ်းအကွပ်အကြပ် စသော ရာထူးငယ်များ ခန့်ထားရာ၌ ရိုးရာလည်းမှန်စေ၊ ငယ်သားလည်းကြိုက်စေ၊ မင်းလည်း ကျေနပ်စေဟူသော မှုနှင့် အများသဘောတူ ရွေးကောက် တင်မြှောက်ခြင်း ယုံးစံရှိပါသည် (မင်းသုံးပါး၊ ၁၉၃)။ အမှုထမ်းတို့တွင် ငယ်သား အကဲ အကြီး အကြပ် အမှူး အချုပ်ဟူ၍ အဆင့်ဆင့် ရှိပါသည်။ ထို့ပြင် နန်းတွင်းအမှုထမ်း၊ ပြည်ရွာအုပ်ချုပ်ရေး အမှုထမ်း၊ စစ်မှုထမ်း ဟူ၍ အကြမ်းအားဖြင့် သုံးမျိုးခွဲရချေမည်။ နန်းတွင်းအလုပ်သမား တို့တွင် အလုပ်ကြမ်းသဘောမျိုး လုပ်ရသူတို့ကို အနောင်ဝန်က ကြီးကြပ်ရပါသည်။ အနောက်ဝန်၏ စီရင်စုတွင် အထိန်း၊ အချီတော်၊ ကဝါ၊ ကျိုး၊ ကြေး၊ ဘဏ္ဍာတော်ဆက် စားတော်ဆန်ဖွပ်၊ စားတော် သည် (အတွင်း)၊ ငှက်တော်စောင့်၊ ဆူးပန်းတော်လုပ်၊ ဆန်တော်ဆက်၊ ဆွမ်းတော်လောင်း၊ ထီးတော်လုပ်၊ ထင်းတော်၊ ထမ်းစင်ထမ်း၊ ယုံသင်း သွေး၊ ထောင်ကျင်၊ နန္ဒင်းတော်လုပ်၊ နွားနို့ညှစ်၊ နွားဘဏ္ဍာ ထိန်း၊ ပေါက်လျော်၊ ပြည့်တန်ဆာ၊ ဗေဒင်စာပြန်၊ ဗိုင်းတာ၊ ရေကြည် တော်၊ ရေဘဏ္ဍာ၊ ရက်ကန်း၊ ဝန်တော်ရွက်၊ သပေါက်၊ သပေါက်မှူး၊ သူငယ်တော်၊ သန့်စင်တော်၊ သျှမ်းသူငယ်နှင့် သွေးသောက်လူဟောင်း



တို့ ပါဝင်ပါသည် (မင်းသုံးပါး၊ ၉၉၇၊ ၅၈–၉)။ တွင်းသင်းတိုက်ဝန်က တစ်နန်းတော်လုံးအတွက် လိုသမျှ နေ့စဉ် စားသောက်ဖွယ် သစ်သီး၊ ဟင်းရွက်အစိမ်းအစိုများကို သွင်းရသည် (မင်းသုံးပါး၊ ၅၃)။

နန်းတွင်း၌ ဖျော်ဖြေရန် သဘင်တော်ကိုးစုဟူ၍ ပါရှိသေးသည် (မင်းသုံးပါး၊ ၉၉၇၊ ၅၂)။ အမျိုးအမည်အားဖြင့် သျှမ်းအတီးအက၊ ယွမ်းအတီး အက၊ ခနဲ အတီးအက၊ သက် ကသည်းအတီးအက၊ ယိုးဒယား အတီးအက၊ တရုတ် အတီးအက၊ ရခိုင်အတီးအက စသည်ဖြင့် တွေ့ရသည် (မင်းသုံးပါး၊ ၁၆၆)။ ယင်းတို့မှာ ဆိုတီး,ကခုန် ဖျော်ဖြေရသူများဖြစ်၍ နန်းတွင်းသား မင်းသား မင်းမြေး အမြိတ်အစွန်တို့နှင့် နီးစပ်ငွယ်မည် ဖြစ်ပါသည်။ ထို့ကြောင့် အမိန့် တော်တစ်ခုတွင်

> (သဘင်တော်) ကိုးစုသားလို့နှင့် ငါ့သားတော် မြေးတော် မြစ်တော်တို့ သွားလာရာတွင် မွေးမြင်သည့်သားတို့ကို မင်းညီမင်းသား မင်းမျိုး မဆိုစေနှင့်။ သဘင်တော်တို့ သာပါစေ။ သဘင်တော်အစု မဟုတ် သည်ကို ဝင်ထွက်ကူးသန်း၍ မထမ်းစေနှင့် (မင်းသုံးပါး၊ ၉၉၇၊ ၇၄)။

ဟု တွေ့ရပါသည်။ သဘင်တော်အစုချင်း အိမ်သင့်လျှင်မူ သားယောကျ်ားရလျှင် ဌမ်းမှာ အမှုထမ်းစေ။ သမီးမိန်းခလေးရလျှင် မိဖုရားစည်တော်တီးမှာ ထမ်းစေ ရပါသည်။ ခရစ်နှစ် ၁၆၃၅ (၉၉၇)တွင် နန်းသိမ်းပွဲလုပ်စဉ်က သဘင်များစွာ ခံ၏။ ထိုစဉ်က အမိန့်တော်တစ်ခုမှာ

> မြန်မာဆိုင်း မြန်မာအက၊ မွန်ဆိုင်း မွန်အကတို့မှာ ပလာမ ကရ။ စုလည်းထုံး ရွှေကုံးဆင်၍ ကရသည် (မင်းသုံးပါး၊ ၉၉၇၊ ၅၂)။

ဟု တွေ့ရသည်။ သည်တစ်ကြိမ်တွင်မှ အမိန့်တော် အထူးထားရပုံထောက်လျှင် ထာဝစဉ်အားဖြင့် ပလာကရသည်ဟု ယူရန်ရှိနေပါသည်။

အစုအမှုထမ်းတို့နှင့် ပတ်သက်၍ မှတ်သားစရာအချက်များ ရှိပါသည်။ ယင်းတို့ကား (၁) အစုသားတို့အတွက် စားမြေ နေမြေ ချပေးထားခြင်း (မင်းသုံးပါး၊ ၉၉၇၊ ၇၀–၁)။ (ဇမ္ဗူ၊ ၉၅၉၊ ၆၄)။ (၂) တစ်စုကတစ်စုသို့ ရှက်တင်ကူးပြောင်း ထမ်းရွက်ခွင့်မရခြင်း (မင်းသုံးပါး၊ ၁၀၀၀၊ ၂၁၈)။ (၃) အထူးသဖြင့် နိမ့်ရာအစုမှ မြင့်ရာအစုသို့ တက်ခွင့်မရခြင်း (မင်း သုံးပါး၊ ၉၉၇၊ ၇၄)။ (၄) တစ်ရွာမှ တစ်ရွာသို့ ပြောင်းရွှေ့မနေရခြင်း

(မင်းသုံးပါး၊ ၁၀၀၇၊ ၃၄၈)။ (၅) အမှုတော်မရှိလျှင် လယ်ယာလုပ်ခြင်း၊ ရောင်းဝယ်ဖောက်ကားရခြင်း (မင်းသုံးပါး၊ ၉၉၈၊ ၉၆–၆)။ (၆) လုပ်ဆောင်ချိန် မပြီးမချင်း ရွာမှ ထွက်ခွာမသွားရခြင်း (မင်းသုံးပါး၊ ၁၁၄)။ (၇) မိမိ ထမ်းဆောင်ရာအမှုတွင် မကျွမ်းကျင်သေးလျှင် ကျွမ်းကျင်အောင် အလေ့အကျင့် ပြုရခြင်း (မင်းသုံးပါး၊ ၁၀၀၀၊ ၂၁၀–၂၁၆)နှင့် (၈) နှစ်တိုင်း ကျား,မ အတိုးအပွား၊ သေပျက်၊ ရှောင်၊ ရဟန်းပြု၊ အိုမစွမ်း စာရင်းလုပ်၍ ပေးရခြင်း (မင်းသုံးပါး၊ ၉၉၇၊ ၆၄–၄)တို့ ဖြစ်ပါသည်။

အစုအင်န်းနှင့်မနေသော သူနာကြည့် (မင်းသုံးပါး၊ ၁၀၀၀၊ ၁၂၉)၊ ဆေးဆရာ (မင်းသုံးပါး၊ ၁၀၀၀၊ ၃၇၃)၊ မန္တန်ဆရာ (မင်းသုံးပါး၊ ၉၉၇၊ ၁၃၇–၈)၊ ပန်းချီဆရာ (မင်းသုံးပါး၊ ၁၀၀၀၊ ၃၇၅) စသည်ဖြင့် ရှိပါသေးသည်။ ဤတွင် သူနာကြည့်နှင့် ဆေးဆရာ တွဲဖက်ရသလို မန္တန်ဆရာနှင့် ပန်းချီလည်း တွဲရသည်။ မန္တန်ဆရာက ရောဂါအနာကင်းပအောင်၊ စစ်နိုင်အောင် အစီအရင်ပြုရ၍ ပန်းချီဆရာက အင်းရေး အရုပ်ရေးပြုရပါသည်။ စစ်ချီသည့်အခါမှာပင် ဗိုလ်လုပ်သူတစ်ဦးလျှင် မန္တန်ဆရာတစ်ဦး ပါလေ့ရှိပါသည် (မင်းသုံးပါး၊ ၁၀၀၀၊ ၃၇၅)။

ပြည်သူတို့တွင် ရန်အန္တရာယ်ကင်းရန် လောကီအစီအရင်ပြုရမည်ဟု ယုံကြည်ချက်ထားကြရာ ပန်းချီဆရာက မြို့တော်အဝင် တံခါးမုခ်ဦး ပြအိုးများ၏ မျက်နှာကြက်တွင် ပိတ်ကားကပ်၍ (၁) မြတ်စွာဘုရား မာရ်စစ်သည်ကို အောင်နိုင်ပုံ၊ (၂) မီးကြီးဘေးမှလွတ်သွားသော ဘုရားလောင်း ငုံးမင်းပုံ၊ (၃) မီးပုံတွင်းသို့ ခုန်၍ဆင်းသော်လည်း မီးမလောင်သော ဘုရားလောင်း ယုန်မင်းပုံ၊ (၄) ဘီလူးစောင့်သော ရေကန်မှ ရေကို ဘုရားလောင်းမျောက်မင်းနှင့် မျောက် တစ်သင်းတို့ ကျူရိုးနှင့် ရေစုတ်၍ သောက်ကြပုံ စသည်တို့ကို ရေးဆွဲရပါသည် (မင်းသုံးပါး၊ ၉၉၇၊ ၄၈–၅၀)။ မှတ်သားဖွယ်ကောင်းသော အခြား လောကီ အစီရင်များမှာ နန်းသိမ်းပွဲတွင် ရေပြည့်အိုးနှင့် ကိုယ်ဝန်ဆောင်မိန်းမကို တိုက်ခန်း အဆောင်ဆောင်၌ထားခြင်း (မင်းသုံးပါး၊ ၃၃)၊ စစ်ချီလျှင် ဓာတ်ရိုက် ယတြာ ဆင်ခြင်း (မင်းသုံးပါး၊ ၆)၊ ကောင်းမြတ်သောအခါကို ရွေးချယ်ပြီးမှ အမှုကိစ္စ ဆောင်ရွက်ခြင်း



(မင်းသုံးပါး၊ ၁၀၀၀၊ ၁၇၈)တို့ ဖြစ်ပါသည်။ ဥဒိန္န (မင်း သုံးပါး၊ ၃၅–၁၄၄)၊ မဟာပိန္န (မင်းသုံးပါး၊ ၃၂–၂၅၆) စသည်တို့ကို ပူဇော် ပသသည်မှာလည်း သမားရိုးကျ အလုပ်တစ်ခု ဖြစ်နေပါသည်။

လက်နက်ကိုင် အမှုထမ်းတို့တွင် မြင်း၊ သေနတ်၊ သွေးသောက်နှင့် လှေသင်းတို့အကြောင်းကို အနည်းငယ်ဖော်ပြရန် ရှိပါသေးသည်။ ထိုတပ်ဖွဲ့တို့၏ အမည်စာရင်းကို သိရခြင်းဖြင့် သာလွန်မင်း၏လက်ထက်တွင် တိုးတက်လာသော မြန်မာတို့၏ စစ်အင်အားကို ခန့်မှန်းနိုင်ပါမည်။ မြင်းတပ်များမှာ (၁) အိမ်ရှေ့မြင်း (၂) အိမ်ရှေ့တော် ပခန်းမြင်း (၃) ကျော်သင်းမြင်း (၄) ကျောက်ဆောက်မြင်း (၅) ကျွန်တော်ဟောင်းမြင်း (၆) ခက်လုံမြင်း (၇) ငရဲမြင်း (၈) စီးတော်မြင်း (၉) စောပွက်အိုးမြင်း (၁၀) ဇင်းမယ်မြင်း (၁၁) ညောင်ရမ်းမြင်း (၁၂) ညောင်ရေမြင်း (၁၃) တပယင်းမြင်း (၁၄) တရုတ်မြို့ပါမြင်း (၁၅) တောင်ဖက်မြင်း (၁၆) ထန်းတပင်မြင်း (၁၇) ဒဝယ်မြင်း (၁၈) နောက်မြင်း (၁၉) ပုကံမြင်း (၂၀) ပင်းယမြင်း (၂၁) ပြင်စည်မြင်း (၂၂) ဗမော်မြင်း (၂၃) မိတ္ထီလာမြင်း (၂၄) မြောက်ဖက်မြင်း (၂၅) မြန်မာမြင်း (၂၆) မြို့ပါမြင်း (၂၇) ယူတော်မူမြင်း (၂၈) ရက်ခန့်ကန်စောင့်မြင်း (၂၉) ရှေ့သာမြင်း (၃၀) လက်ယာမြင်း (၃၁) လက်ရွေးကြီးမြင်း (၃၂) လက်ရွေးငယ်မြင်း (၃၃) လက်ဝဲမြင်း (၃၄) လင်ဇင်းမြင်း (၃၅) လံဘူးမြင်း (၃၆) သင်တော်မြင်း (၃၇) သင်းကြီးမြင်း (၃၈) သျှမ်းမြင်း (၃၉) သျှမ်းနက်မြင်းနှင့် (၄၀) သျှမ်းသူငယ်မြင်းဟူ၍ မြင်းတပ်လေးဆယ် ရှိပါသည်။

သေနတ်တပ်ဖွဲ့များမှာ (၁) အိပ်ဖန်တော်သေနတ် (၂) အိမ်သာတော်သေနတ် (၃) ကုလားပျိုသေနတ် (၄) တံတားဦးသေနတ် (၅) နောက်တော်ပါသေနတ် (၆) ပင်းယသေနတ် (၇) ဘရင်ဂျီသေနတ် (၈) မြေနန်းတော်သေနတ် (၉) ရွှေမြို့တော်သေနတ် (၁၀) ဝန်းကျင်သေနတ်နှင့် (၁၁) သူငယ်သေနတ်ဟူ၍ တစ်ဆယ့်တစ်ဖွဲ့ တွေ့ရပါသည်။ အမြောက်တပ်ဖွဲ့ ဟူ၍လည်း ရှိ၏။

သွေးသောက်စုများမှာ (၁) ကြခတ်စားသွေးသောက် (၂) ချမ်းသာရွာသားသွေးသောက် (၃) စည်သူရွာစားသွေးသောက် (၄) ဓိက်သင်ရံသွေးသောက် (၅) တပ်ရွာစားသွေးသောက် (၆) ထန်းတပင်ရွာစားသွေးသောက် (၇) ဒန္တသီရိသွေးသောက် (၈) နန္တစည်းသူသွေးသောက် (၉) ပေကျင်းစားသွေးသောက်

(၁၀) ပေါက်အိုင်စားသွေးသောက် (၁၁) ပေါက်ခံစားသွေးသောက် (၁၂) ပေါက်တိုင်စားသွေးသောက် (၁၃) မထီးလိုစားသွေးသောက် (၁၄) မူးဝစားသွေးသောက် (၁၅) ရေချမ်းစားသွေးသောက် (၁၆) ရဲကမ္မသွေးသောက် (၁၇) ရဲစက္ကုသွေးသောက် (၁၈) ရဲဇေယသွေးသောက် (၁၉) ရဲတေဇသွေးသောက် (၂၀) ရဲဒေဝသွေးသောက် (၂၁) ရဲဓမ္မသွေးသောက် (၂၂) ရဲသီဟသွေးသောက် (၂၃) ရဲသိင်္ဃသွေးသောက် (၂၄) ရဲသူရသွေးသောက် (၂၅) ရဲသင်းရံသွေးသောက် (၂၆) ရှင်ထွေးထိုသွေးသောက် (၂၇) ရွာမစားသွေးသောက် (၂၈) ရွာမကြီးသွေးသောက် (၂၉) ရွာသာယာစားသွေးသောက် (၃၀) ရွက်သင်ရံသွေးသောက် (၃၁) လင်းငယ်ကြီးစားသွေးသောက် (၃၂) ဝေသုန္ဓရသွေးသောက် (၃၃) သာလှပင်စည်သွေးသောက်ဟူ၍ သွေးသောက်စုသုံးဆယ့်သုံးစုရှိပါသည်။

လှေသင်းတွင် (၁) အရှေ့ဝင်းသပြုလှော်ကား (၂) အီကင်းလှော်ကား (၃) ကောင်းမစစ်လှော်ကား (၄) ပကိုးနိုင်ငံကျော်လှော်ကား (၅) ပွဲတိုင်းကျော်လှော်ကား (၆) ပြည်လုံးအံ့လှော်ကား (၇) ပြည်လုံးကျော်လှော်ကား (၈) ဗြဲတရော်လှော်ကား (၉) ဘုန်းတော်နိုင်ငံလှော်ကား (၁၀) ရန်နိုင်ပြည်လုံးယူလှော်ကား (၁၁) လက်ဝဲဝင်းလှော်ကား (၁၂) လက်ျာဝင်းလှော်ကား (၁၃) သာရကာလှော်ကား (၁၄) သရဖီမာန်လှော်ကားနှင့် (၁၅) သူရဲတုလွှတ်လှော်ကားဟူ၍ လည်းကောင်း၊ (၁) လက်ဝဲမြင်းလှေ (၂) လက်ျာမြင်းလှေ (၃) ဓာဝတီလှေ (၄) အမြောက်ကင်းရွှေလောင်ကြီး ဟူ၍ လည်းကောင်း၊ (၁) ဇနီဖောင် (၂) ကရဝိတ်ဖောင် (၃) စက္ကဝတ်ဖောင် (၄) ဇီဝစိုးဖောင် (၅) တိုးဖောင် (၆) ဒသရူပဖောင် (၇) ပဥ္စရူပဖောင် (၈) မိချောင်းဖောင် (၉) ရွှေဟင်္သာဖောင် (၁၀) သတ္တရူပဖောင် (၁၂) သိင်္ဂနိုက်ဖောင်တို့ ဟူ၍ လည်းကောင်း အစုသုံးဆယ် ရှိပါသည်။ ဤမျှ လက်နက်အင်အားရှိသဖြင့်လည်း အကွဲကွဲရှိနေသော မြန်မာနိုင်ငံကို ပြန်၍ စုစည်းနိုင်လျက် ယိုးဒယား ရခိုင်တို့က သံတမန်လွှတ်၍ အသာတကြည် မဟာမိတ်ဖြစ်လိုကြောင်း တောင်းခံလာခြင်းပင် ဖြစ်ပေသည်[၁]။

ကျွန်တို့အကြောင်းကို အနည်းငယ်ပြောရန် လိုပါသေးသည်။ ကျွန်သည် သခင်၏ ထိန်းအုပ်ရသော အစုအင်န်းတွင် အမှုထမ်းဖြစ်လာနိုင်ခွင့်ရှိသည်ဟုသာ သိရ၏။ ကျောင်းဘုရားကျွန်ကား မနှစ်မြို့ဖွယ်ဖြစ်သောကြောင့် ရှောင်ကြဉ်ကြရခြင်း မဟုတ်ပါ။ အစိုးရသောမင်းက သာသနာကို ဦးစားပေးသဖြင့် ကျောင်း



ကျွန်နှင့် အခြားကျွန်အိမ်သင့်လျှင် အခြားကျွန်က ကျောင်းကျွန်ဖက်ကို ပါရသောကြောင့် လူအရေအတွက် ဆုံးရှုံးရသဖြင့် ကျောင်းဘုရားကျွန်နှင့် အိမ်ထောင်ဖက်ခြင်းမပြုရဟု မင်းမိန့်ထား၍ တားမြစ်ခြင်း ဖြစ်ပါသည်။ စင်စစ်အားဖြင့် ကျောင်းဘုရားကျွန်ကို မနှစ်လိုဖွယ်အမျိုးဟု ထိုခေတ်က မယူဆချေ။

နောက်ဆုံးအားဖြင့် ထိုခေတ် ဗုဒ္ဓသာသနာ၏ အခြေအနေကို ဖော်ပြရပေမည်။ မင်းဖြစ်သူက ရဟန်းတော်များ မကောင်းမှုပြုရန်ရှက်ခြင်း၊ ကျင့်ဝတ်၌ လေးစားခြင်း၊ အလေ့အလာအားဖြင့် စင်ကြယ်ခြင်းတို့နှင့် အလွန်တရာပြည့်စုံစေလို၏။ လူဖြစ်ခဲခြင်း၊ ဗုဒ္ဓသာသနာနှင့် ကြုံခဲခြင်း ဗုဒ္ဓသာသနာ၌ သက်ဝင်ယုံကြည်ခဲခြင်း၊ ဗုဒ္ဓသာသနာတော်ထမ်း ရဟန်းဖြစ်ခဲခြင်းဟူသော ခက်ခဲခြင်းလေးပါးစလုံးကို ရထားသောရဟန်းသည် စင်ကြယ်သော အကျင့်ရှိလျှင် အတိုင်းထက်အလွန် အကျိုးရှိရာ၏။ ရဟန်းပြုကြသော သူတို့ကို ဆန်းစစ်လျှင် (၁) ရဟန်းဘဝ၌ ဆရာတော်ကြီးဖြစ်လို၍ ရဟန်းပြုခြင်း (၂) ရဟန်းဘဝ၌ ရအပ်သော အကျိုးလို၍ ရဟန်းပြုခြင်း၊ (၃) ကြွေးမြီများသောကြောင့် ရဟန်းပြုခြင်း၊ (၄) သူ့ကျွန်ဘဝမှ လွတ်လို၍ ရဟန်းပြုခြင်း၊ (၅) အဆွေအမျိုးတို့ကို ထောက်ပံ့လို၍ ရဟန်းပြုခြင်းဟူ၍သာ များသောအားဖြင့် တွေ့ရသည်။ ထို့ကြောင့် သဒ္ဓါယုံကြည်ချက် မရှိသော ရဟန်းကို စစ်ဆေးရှာဖွေ၍ လူဝတ်လဲစေဟု ၁၁ ဩဂုတ် ၁၆၃၆ (သက္ကရာဇ် ၉၉၈–ခု၊ ဝါခေါင်လပြည့်ကျော် ၆–ရက်နေ့)က အမိန့်တစ်ရပ် ထုတ်ပြန်ဘူး၏။ (မင်းသုံးပါး၊ ၉၉၈၊ ၈၉–၉၄)။

တစ်ဘက်မှ သန့်စင်သောရဟန်းကို အလိုရှိသလို တစ်ဘက်မှ သာသနာမြေနှင့် မင်းမြေ အရှက်မတင်မရှိအောင် ခြားနား၍ ပေးပေ၏။ နိုဝင်ဘာ ၁၆၃၇ (သက္ကရာဇ် ၉၉၉–ခု၊ နတ်တော်လဆန်း ၂–ရက်နေ့) အမိန့်တော်တွင် ရေးကျောက်စာများကို လေ့လာဖတ်၍ အရပ်ရပ် သာသနာမြေ စာရင်းကို လည်းကောင်း၊ ကျောင်းဘုရားစာရင်းကို လည်းကောင်း လုပ်စေ၏။ ယိုယွင်းပျက်စီးသည်ကို ပြင်စေ၏။ သံဃိကပစ္စည်းကို ထင်ရှားအောင် နယ်ခြားမှတ်တိုင်စိုက်စေ၏။ ကျောက်စာသစ် ရေးထိုးစေ၏။ (မင်းသုံးပါး၊ ၉၉၉၊ ၁၁၁–၁၅)။ ကုန်ကျသည့်စရိတ်ကို လက်ဆောင်ရသည့်ပစ္စည်းနှင့် တရားကွမ်းဖိုးမှယူ၍

---

† ၁။ မှန်နန်း၊ တတိယတွဲ၊ စာမျက်နှာ ၂၀၃–၂၀၉–၂၁၉ ကြည့်။

သုံးရ၏။ ခရစ်နှစ် ၁၆၃၈–ခုနှစ် (သက္ကရာဇ် ၁၀၀၀–ပြည့်)တွင် သာသနာတော်ကို အထူးပြု၍ ထောက်ပံ့၏။ ဘုရားဟောင်း၊ ကျောင်းဟောင်း၊ ဇရပ်တန်ဆောင်း ဟောင်းများကို ပြင်၏။ ဘုရားများစွာ၌ ထီးတင်၏။ ဘုရားဆင်းတုများစွာ ကျိုးပဲ့သည်ကို စု၍ပြင်၏။ (မင်းသုံးပါး၊ ၁၀၀၀၊ ၂၁၄)။ ပိဋကတော်အစုံစုံကို အသစ်ရေးစေ၏။ (မင်းသုံးပါး၊ ၁၀၀၀၊ ၁၈၄–၇)။ တိုင်းသူပြည်သားကိုလည်း သာသနာ၌ လေးစားသမှု ပြုစေ၏။ မင်းမှုထမ်းတို့ လမ်းခရီး၌ ဝေါ၊ ဆင်၊ မြင်းရထားနှင့် သွားစဉ်မှာပင် ရဟန်းသာမဏေများနှင့် ရှောင်မရသောကြောင့် ရင်ဆိုင်တွေ့လျှင် ယာဉ်မှသက်၍ ဦးသျှတ်၍ လမ်းပေးရမည်ဟု အမိန့်တော် ထား၏။ (မင်းသုံးပါး၊ ၉၉၈၊ ၁၀၂–၃)။ အနန္တဇ ဆရာတော်၊ အရယာလင်္ကာရ ဆရာတော်နှင့် သိရိသုဓမ္မရာဇဂုရုတောင်ဘီလာ ဆရာတော်တို့ မန်းစက်တော်ရာ နှစ်ဆူကို အရှာသွားလိုပါသည် ဆိုသဖြင့် ချင်းတို့ အန္တရာယ်မှ ကာကွယ်ရန် အစောင့်အဖြစ် လက်နက်ကိုင် လူ ၅၀၀–ခန့် ထားပေးလိုက်၏။ အရှာသွား သူတို့အဖို့ ယခု မန်းစက်တော်ရာနေရာသည် ထိုစဉ်က အလွန်ကြီးသော တောကြီးကို ဝင်၍သွားရခြင်းပင် ဖြစ်ပေသည်။ “စကုမြို့အဝင် မင်းဘူးဆိပ်၌ လှေဆိုက်၍ ဟိမဝန္တာ ဝင်တော်မူသည်”ဟု မှတ်တမ်းထားခဲ့၏။ (မင်းသုံးပါး၊ ၁၀၀၀၊ ၁၈၁၃)။

အထက်က ဖော်ပြခဲ့သည့်အတိုင်း သာသနာကို မင်းက အလွန် အလေးပေး သည်မှန်သော်လည်း ထိုမင်းကိုယ်တိုင်က မွန်ဆရာတော်ဖြစ်သော ဘားမဲ့ဆရာတော် ကို ဗေဒင်ယတြာ အလီလီမေး၏။ (မင်းသုံးပါး၊ ၉၆၉၊ ၉၂၇၊ ၉၉၀၊ ၄၊ ၅၊ ၉–၁၀၊ ၃၅)။ စစ်ထွက်သောအခါ၌ ဆရာတော်သုံးပါးက၊ နောက်ပါ ရဟန်း ရှစ်ပါးနှင့် တပ်ဦးက လိုက်ရသည်။ (မင်းသုံးပါး၊ ၉၉၉၊ ၁၄၇)။ ဤသို့လည်း ဗုဒ္ဓသာသနာနှင့် မည်သို့မျှ မသက်ဆိုင်သော အမှုကိစ္စကိုလည်း မင်းကိုယ်တိုင် လုပ်သည်ကို တွေ့ရပါသည်။ နောက်ဆုံးတွင် သားတော် ရှင်ဘလုပ်ပုန်ကန် သောအခါ လေးထပ်ကျောင်းသို့ ပြေးပုန်း၍ နေရ၏။ အချုပ်ကို ဆိုရလျှင် သာသနာတော်ကို တစ်ဖက်မှ အလွန် ချီးမြှင့်သည်မှန်သော်လည်း မိရိုးဖလာ နတ်ကိုးခြင်း၊ ဗေဒင်မေးခြင်း၊ ယတြာဓာတ်ရိုက်ပြုခြင်းတို့ကို မရှောင် နိုင်ကြောင်း တွေ့ရပါသည်။

နိဂုံးချုပ်အားဖြင့် ဖော်ပြရလျှင် သာလွန်မင်းတရားကား ပြည်သူနှင့်



စပ်ဆိုင်သမျှ မည်သည့်ကိစ္စကိုမျှ ငယ်သည် သေးသည်ဟု သဘောမထား။ ပါဝင်စွက်ဖက်၍ တိုးတက်ကောင်းမွန်လာအောင် လေ့လာလျက် ပြုပြင်ပေးသည်ကို တွေ့ရသည်။ ပထမတိုင်းပြည်နိုင်ငံ၌ လူဦးရေလျော့နည်းနေသည်ကို တိုးပွား စည်ပင်အောင် နယ်စပ်နယ်ခြားဒေသမှ လူများကို သိမ်းသွင်း၍ မြို့ရွာ နယ်ပယ် အလိုက် နေရာချထားပေးလေ၏။ လူဦးရေပွားကြောင်းကိုရည်၍ လူပျို အပျိုတို့ကို သင့်တင့်အောင် ဟောပြော၍ အိမ်ရာသင့်နေစေ၏။ အခြေစိုက်၍ ကြီးပွားစည်ပင် စေလိုသဖြင့် တစ်ရွာမှ တစ်ရွာ အပြောင်းအရွှေ့ကိုပင် တတ်နိုင်သလောက် ဟန့်တားထား၏။ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေး၏။ သို့မှ လယ်ယာ ကိုင်းကျွန်း ဖြစ်ထွန်းလာရပါသည်။ စစ်အင်္ဂါလေးပါးကိုလည်း တိုးချဲ့စေ၏။ ထိုခေတ်စစ်သည်တို့ကြောင့် ပြည်ရွာ မထိခိုက်အောင် အထူးကြပ်မတ်၍ စည်းကမ်း စနစ်လုပ်ပေး၏။ မင်းမှုထမ်းတို့ကိုမူ ပြည်သူတို့ စိတ်ဝမ်းမငယ်အောင် မည်သည့် အလုပ်ကိုမျှ မလုပ်ရန် တတ်စွမ်းသမျှ ကူညီရန်တို့ကိုသာ ညွှန်ကြား၏။ ခိုးသေး မီးပွားရန်ကို အစွမ်းကုန် နှိမ်နင်း၍ပေး၏။ အခွန်အကောက် သာရစေတော့ ပြည်သူတို့ မည်မျှနစ်မွန်းသည်ဖြစ်စေ ငါတို့နှင့် မဆိုင်ဟူသော သဘောရှိသည့် အမှုထမ်းမှာ ရာဇဝတ်ကြီးသင့်ပေမည်။ ပြည်သူတို့ တရားစကား အရှက်အတင် ရှိလျှင်လည်း အမြန်ဆုံး ဖြေရှင်း၍ပေး၏။ ပြည်သူတို့၏ လောကစီးပွားကို ဆောင်ရွက်ရာမှာပင် လောကုတ္တရာ စီးပွားကိုလည်း ဆောင်ရွက်ရာမှာပင် မှတ်တမ်း များအရ သိရသည်။ သာသနာမြေနှင့် မင်းမြေ အရှုပ်အရှင်းရှိလျှင် မင်းမြေကို အနစ်နာခံ၍ ဖြေရှင်း၏။ ကျောင်းဘုရားကျွန်နှင့် မင်းကျွန် သင့်နေလျှင် မင်းကျွန် ကို အဆုံးခံ၏။ ထို့ကြောင့် ဘုရားကျွန်နှင့် ရိုးရိုးလူတို့ မသင့်မနေရာဟု တားမြစ်ရာကအစ ဘုရားကျွန်တို့ကို မဆက်ဆံရသော လူစုဖြစ်သွားဟန်တူ၏။ မူလရည်ရွယ်ချက်မှာ ထိုသို့ မဟုတ်ကြောင်း သိရပါသည်။ ဤအချက်များကြောင့် သာလွန်မင်းဆောင်ရွက်သမျှ အောင်မြင်၍ လူအများ၏ ပါဝင်ကူညီ ဆောင်ရွက် ခြင်းကိုပါ တွေ့ရ၏။ ပြည်သူအင်အား ပါလာသောအခါတွင်မှလည်း တာရှည် ခွဲမြဲသော အောင်မြင်မှုကိုရ၍ ပြည်ရွာ ငြိမ်းချမ်းပါသည်။ ပြည်သူတို့ ရွှင်လန်း ဝမ်းသာလျက် ခေတ်သစ် စနစ်သစ်သို့ ကူးပြောင်းလာသော စံပြခေတ်ဖြစ်သည်ဟု သာလွန်မင်း၏ခေတ်ကို ခေါ်နိုင်ပါသည်။ တစ်ဖက်မှ ပေါ်တူဂီတို့ နယ်ချဲ့ခြင်းကို ထိရောက်အောင် တားဆီးပိတ်ပင်နိုင်သောခေတ် ဖြစ်ပါသည်။

# နိဂုံး

တစ်ထိုင်တည်း ပုံစံချပြီး စာတစ်အုပ်ဖြစ်အောင်ရေးတဲ့ စာအုပ်မျိုးမဟုတ်လို့ (၁) ဆောင်းပါးတစ်ခုမှာ ပါပြီးသားအကြောင်းဟာ နောက်တစ်ခုမှာလည်း နည်းနည်းထပ်နေတယ်။ (၂) ဆောင်းပါးရေးပြီးတဲ့ ရက်က ကြာပြီဖြစ်လို့ နောက်ထပ် ရှာဖွေတွေ့ရှိတာတွေကြောင့် အရင်က ရေးပြီးသား အကြောင်း အရာအချို့ကို ပြင်ချင်တယ်။ (၃) စောစောက မသိသေးလို့ အခုမှ ထပ်ဖြည့် ချင်တယ်ဆိုတာလည်း ရှိတယ်၊ အဲဒီသုံးခုထဲက ပထမအမျိုးတော့ ဘာမှမလုပ် တတ်တော့ဘူး၊ ဒုတိယနဲ့ တတိယအမျိုးကိုတော့ အခုရေးတဲ့ နိဂုံးမှာ ထည့်လိုက် ပါတယ်။

"ဗမာအကြိုသမိုင်း" အမည်နဲ့ ဆောင်းပါးနှစ်ခု ဖြစ်နေတာကတော့ ပထမ ဆောင်းပါးက ဗဒါးလင်းက သွားမကြည့်ရခင်က ရေးတယ်။ ဒုတိယ ဆောင်းပါးက ဗဒါးလင်းက ပြန်လာမှရေးတယ်။ ဒီတော့ ပထမဆောင်းပါးကို ဒုတိယဆောင်းပါးက ဖြည့်စွက်ထားတာ ဖြစ်တယ်။ ဗဒါးလင်းခေတ်ကို အယင် အနှစ် ၂၂,၀၀၀ က ၁၀,၀၀၀ တွင်း "ဒေသစွဲကာလ"လို့ ပိုင်းဖြတ်ဖို့ပါပဲ။ အဲဒီကလွန်မှ စိုက်ခင်း ပျိုးခင်းရှိနိုင်တဲ့ မြေပြန့်ကို လူတွေဆင်းလာပြီး ရွာတည် နေထိုင်ကြမယ်လို့ ဆိုလိုပါတယ်။ အကြိုသမိုင်းကို ခေတ်ခွဲတော့ (၁) ကျောက် ကာလ Lithic Period (၂) သစ်သားကာလ Lithic Period (၃) ဒေသစွဲကာလ Crystalline Period (၄) ချဲ့ထွင်ရေးကာလ Extensionistic Period (၅) အားပြိုင်ကာလ Conflicting Ideas Period ဖြစ်ပါတယ်။ အယူအဆသစ်နဲ့ နာမည်သစ်တွေဖြစ်လို့ အင်္ဂလိပ်အခေါ်ကိုလည်း ရေးပေးလိုက်

ါတယ်။

သမိုင်းရေးတဲ့အခါ အင်္ဂလိပ်အခေါ်နဲ့ Culture ကိုလည်း ယဉ်ကျေးမှု သို့ မြန်မာလို ပြောမိတယ်၊ Civilization ကိုလဲ ယဉ်ကျေးမှုလို့ မြန်မာလို ပြောမိတယ်၊ ဒီလိုရောမနေရအောင် အခု ကျွန်တော်တို့က Culture ကို 'ဓလေ့' သိုပြောပြီး Civilization ကို 'ယဉ်ကျေးမှု'လို့ ပြန်ပြောလေ့ရှိပါတယ်။

သရေခေတ္တရာက ပျူအရိုးအိုးမှာပါတဲ့နှစ်ကို အေဒီ ၆၃၈ က စတဲ့ ရက်စွဲလို့ မယူဆဘဲ အေဒီ ၃၁၉ ကစတဲ့ ရက်စွဲလို့ ယူဆချင်ပါတယ်။ အခု စာအုပ် စာမျက်နှာ ၃၅၊ ၁၃၈၊ ၂၃၉၊ ၃၂၃ နဲ့ ၃၂၄ မှာ အဲဒီအတိုင်း ပြင်ဘို့ သိုပါတယ်။ ကျွန်တော်ရေးတဲ့ ခေတ်ဟောင်းမြန်မာရာဇဝင် "ပျူ"အခန်းမှာ ဒါကို ရှင်းထားပြီး ဖြစ်ပါတယ်။ ပြင်ဆင်ချက်အရ သူရိယဝိကြမ အေဒီ ၃၆၈၊ ဟရိဝိကြမ အေဒီ ၃၇၆၊ သီဟဝိကြမ အေဒီ ၃၉၉ မှာ အသီးသီး သေဆုံးကြပါတယ်။ ရှေးမြို့တွေကို တူးဖော်လိုက်တော့ အရင်စွဲမှတ်ထားတဲ့ ရက်စွဲတွေကိုပြင်ဖို့ လိုလာပြန်တယ်။ ဗိဿနိုးမြို့ဟာ ခရစ်နှစ် ၁ ရာစုက ၄ ရာစုအထိ ရှိနေတဲ့မြို့၊ ဟန်လင်းဟာ ခရစ်နှစ် ၂ ရာစုကနေ ၉ ရာစုထိရှိနေတဲ့ မြို့၊ ပြီးတော့ သရေခေတ္တရာဟာ ခရစ်နှစ် ၃ ရာစုကနေ ၉ ရာစုအထိ ရှိနေတဲ့ မြို့ဖြစ်ကြလို့ အရင်ကလို သရေခေတ္တရာပျက်မှ ဟန်လင်းထွန်းကားတယ်လို့ ပြောလို့လဲ မဖြစ်တော့ဘူး။ ဟန်လင်းနဲ့ သရေခေတ္တရာက ခေတ်ပြိုင်၊ ဗိဿနိုး မပျက်ခင်ကဘဲ ဟန်လင်းနဲ့ သရေခေတ္တရာပေါ်နေပြီလို့ မှတ်ရမယ်။

ဒီစာအုပ်မှာ ပျူအကြောင်းကို စာမျက်နှာ ၈၅–မှာ သရေခေတ္တရာက ဝိကြမမင်းဆက်ဟာ အေဒီ–၇၁၈ ထိ အုပ်စိုးနေသေးတယ်ဆိုတာကို အေဒီ ၃၉၉ အထိလို့ ပြင်ရပါမယ်။ စာမျက်နှာ ၁၃၈ မှာ ပျူနိုင်ငံမှာ ဝိကြမမင်းဆက်ဟာ ခရစ်နှစ် ၆၇၃ မှ ၇၁၈ ထိ အုပ်စိုးတယ်ဆိုတာကို ခရစ်လေးရာစုနှစ်တွေမှာ ဝိကြမမင်းဆက် ရှိခဲ့တယ်လို့ ပြင်ချင်တယ်။ ဒါပေမယ့် ဒီစာပိုဒ်က ဆရာလုစ်ရဲ့ စာပိုဒ်ဖြစ်လို့ မပြင်ချင်လဲ ဒီအတိုင်းထားပါ။ စာမျက်နှာ ၂၃၉ မှာ သရေခေတ္တရာကို အေဒီ ၃ ရာစုကပဲစပြီး ရှိနေပြီ။ ဝိကြမအဆက် နောက်ဆုံးမင်း သီဟဝိကြမက အေဒီ ၃၉၉ မှာ လွန်တယ်လို့ မှတ်ရမည်။ နောက်ဆက်ခံတဲ့ မင်းတွေအမည်ကို မသိပါ။ အေဒီ ၉ ရာစု ရောက်ခါမှ မြို့ပျက်တယ်လို့ ပြင်ရမယ်။ ဒီလိုပဲ စာမျက်နှာ ၃၂၃ မှာ ရေးထားတဲ့ သရေခေတ္တရာကို (ခရစ်



နှစ် ၆၃၈ တွင် တည်ထောင်၍ ၈ ရာစုကုန်လောက်တွင် ပျက်သောအခါ ပျူ တို့သည် ၎င်းတို့၏မြို့တော်ကို ဟန်လင်းကြီးသို့ ရွှေ့ရသည်ဟု ထင်၏။ ပျူမြို့တော်သစ်သည်လည်း ခရစ်နှစ် ၈၃၂ တွင် နန်ကျောင်တို့ လုယက်ပျက်ဆီး သဖြင့် ပျက်ခဲ့ရ၏။) ဆိုတာကို သရေခေတ္တရာဟာ (အေဒီ ၃ ရာစုက ၉ ရာစုထိ တည်ရှိခဲ့ပြီး ဟန်လင်းဟာ ၂ ရာစုက ၉ ရာစုထိ ရှိခဲ့တဲ့မြို့တွေဖြစ်ပြီး ခရစ်နှစ် ၈၃၂ မှာ နန်ကျောင်က ပျူမြို့တော်ကို ဖျက်တယ်လို့ မန်ရှူကျမ်းက အဆိုရှိပေမယ့် ဘယ်မြို့ကို ဖျက်တယ်လို့ တိတိကျကျ ပြောဖို့ ခက်တယ်။ နှစ်မြို့စလုံးပဲ ကိုးရာစုနှစ်ထဲမှာမှ ပျက်တယ်လို့ ရှေးဟောင်းတူးဖော်ရေးအရ သိရပါတယ်)လို့ ပြင်ပါ။ စာမျက်နှာ ၃၂၄ မှာ ဝိကြမမင်းတွေ သေဆုံးတဲ့ ရက်စွဲကို ခရစ်နှစ်မှာ ၆၈၈၊ ၆၉၅ နဲ့ ၇၁၈ လို့ ရေးထားတာရှိတယ်။ အဲဒါ ကိုလည်း စောစောက ပြောခဲ့တဲ့အတိုင်း ခရစ်နှစ် ၃၆၈၊ ၃၇၆ နဲ့ ၃၉၉ လို့ ပြင်ပါ။

ရှေးဟောင်းသုတေသနဌာနက အမှုထမ်းဟောင်း (အရင်အခေါ် ကျောက်စာဝန်) ဦးမြက ရှေးဟောင်း အုတ်ခွက်ရုပ်ပွားဆင်းတုတော်များ (နှစ်တွဲ) ဆိုတဲ့ နာမည်နဲ့ စာအုပ်ရေးတယ်။ သူလိုလူက အုတ်ခွက်ခေါ်ပေမယ့် ကျွန်တော်က မြေပုံဘုရားလို့ ပြင်ချင်တယ်။ ကျွန်တော် ခေါ်ချင်တဲ့အတိုင်း မြေပုံဘုရားလို့ စာမျက်နှာ ၃၇၇ မှာ ရေးထားပါတယ်။ ဒါပေမယ့် စောစောက အုတ်ခွက်၊ သစ္စာထား အုတ်ခွက်လို့ နေရာအများကြီးမှာ ရေးမိတယ်၊ အားလုံးကိုပဲ ပြင်လိုက်ပါ။

အနိရုဒ္ဓတံဆိပ်ပါတဲ့ မြေပုံဘုရားကို အရင်က မြန်မာနိုင်ငံရဲ့ တောင်ဘက် အကျဆုံး တွံတေးမှာ တွေ့ရတယ်။ ဗိတ် (မြိတ်)မှာ နောက်ထပ် တွေ့သေးတယ်။ စာမျက်နှာ ၈၅ မှာ "တောင်ဘက်အကျဆုံးကား တွံတေးကို တောင်ဘက် အကျဆုံးကား မြိတ်"လို့ ပြင်ပါ။ စာမျက်နှာ ၂၄၅ မှာ "တောင်ဘက်၌ ရန်ကုန် တွံတေးအထိ"လို့ ပါနေသေးတယ်။ "တောင်ဘက်၌ မြိတ်အထိ"လို့ ပြင်ပါ။ စာမျက်နှာ ၃၂၅ မှာလဲ "အကြေတွင် တွံတေးအထိ"ကို "မြိတ် အထိ"လို့ ပြင်ပါ။ အဲဒီစာမျက်နှာ ၈၅ မှာပဲ အနိရုဒ္ဓ၏ "အာဏာစက်လည်း မြောက် မိုးမိတ်မှသည် တောင် မြစ်ဝကျွန်းပေါ်တိုင်အောင် ပြန့်နှံ့သည်"ကို ပြင်ချင်သေးတယ်။ တောင်ဘက်မှာ တနင်္သာရီကမ်းရိုးတစ်လျှောက်ထိ နိုင်ငံ

ချဲ့ထွင်တယ်လို့ ယူဆရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အနိရုဒ္ဓနာမည်ပါတဲ့ မြေပုံဘုရားကို တွေ့တဲ့နေရာတိုင်းကို ဒီနေရာအထိ အနိရုဒ္ဓနိုင်ငံ ချဲ့ထွင်ဖို့ ရောက်တယ်လို့ ပြောတာဟာ စိတ်ကူးယဉ်လွန်းရာကျတယ်။ ဒီပစ္စည်းမျိုးက သယ်သွားရတာ လွယ်တယ်၊ သယ်ယူသွားဖို့ပဲ လုပ်ထားတာမျိုး ဖြစ်လေတော့ နိုင်ငံရေးသြဇာ ပြန့်တယ်လို့ဆိုတဲ့ သဘောမပါဘဲနဲ့ နေရာအနှံ့ ရောက်နေနိုင်တယ်။ အမှန်ကတော့လဲ ကျောက်စာတံစ်ခုမှာ နိုင်ငံဟာ တောင်ဘက် "သလင်ကြေ"လို့ တွေ့ဖူးတာတစ်ခုတည်းနဲ့ "ကြေ"က တောင်ဘက်ဖြစ်တယ်၊ သလင်က စလန်အငူ (Cape Salang) ပဲပေါ့လို့ ယူလိုက်ကြပါတယ် (စာမျက်နှာ ၁၉၉ ကြည့်ပါ)။ ဒါကြောင့် ပုဂံနိုင်ငံဟာ စလန်အထိ ကျယ်တယ်လို့ စိတ်ကူးယဉ်ယဉ်နဲ့ ရေးကြ ပြောကြတာဖြစ်တယ်။ သိပ် မခိုင်ပါဘူး။

ယဉ်ကျေးမှုအရာမှာ ဗမာက မွန်ကို ဆရာတင်ရတယ်ဆိုတာလည်း နဲနဲကားလွန်းတဲ့ သဘောရှိတယ်။ ပုဂံမှာ အရုပ်ရေးပြီး အောက်မှာ စာတန်း ထိုးတော့လည်း မွန်ဘာသာနဲ့ ထိုးတယ်။ ကျောက်စာရေးတော့လည်း မွန်ဘာသာနဲ့ပဲ ရေးတယ်။ အဲဒီလိုတွေ့ရတာ ခရစ်နှစ် ၁၁ ရာစုက ဖြစ်တယ်။ အဲဒါနဲ့ပဲ မွန်ခေတ်၊ မွန်ဆရာ၊ မွန်ပုံစံ၊ မွန်သြဇာလို့ နာမည်မှည့်လိုက်ကြတယ်။ ဒီစာအုပ်ထဲမှာ ဒီသဘောကို စာမျက်နှာ ၉၀၊ ၉၁၊ ၁၀၃၊ ၁၄၂၊ ၁၄၇၊ ၂၃၈၊ ၂၄၀၊ ၂၄၁၊ ၂၅၃၊ ၃၂၆၊ ၃၂၉ နဲ့ ၃၄၀ တို့မှာ ရေးထားတယ်။ ဒါကိုလည်း ချွင်းချက်နဲ့ပဲ လက်ခံရမယ်။ ဗမာက မြန်မာနိုင်ငံ အလယ်ပိုင်းမြေပြန့်ကို ဝင်လာတဲ့အခါ တောင်ပေါ်မှာ လှည့်လည်နေခဲ့တဲ့ဘဝက မြေပြန့်မှာ အခြေ စိုက်ပြီး လယ်ယာစိုက်ပျိုးတဲ့ ဘဝကို ပြောင်းလိုက်တော့ ဘယ်လူမျိုးက ဆရာလဲ၊ ဘယ်သူနဲ့ အရင်တွေ့မလဲဆိုတဲ့ ပြဿနာကို စဉ်းစားတော့ အဖြေပေးတဲ့ သဘောနဲ့ ကြံဆပြီး အမျိုးမျိုး ပြောကြတာပါပဲ။ ပါမောက္ခလုစ်က မွန်နဲ့ စတွေ့တယ်၊ မွန်က ဗုဒ္ဓသာသနာဝင်ဖြစ်လို့ ဗမာလည်း ဗုဒ္ဓသာသနာဝင် ဖြစ်လာရတယ်။ မွန်က စာရေးတတ်နေပြီဖြစ်လို့ ဗမာတွေလဲ စာရေးတတ်လာ ကြတယ်၊ ဘုရားစေတီတွေဖြစ်တဲ့ အဆောက်အအုံ ဆောက်တဲ့အခါလဲ မွန်ပုံစံ ဖြစ်မှာပေါ့နဲ့၊ အားလုံး "မွန်" လိုက်တယ်။ မြန်မာနိုင်ငံ အလယ်မြေပြန့်မှာ ဗုဒ္ဓသာသနာဝင်ဖြစ်ပြီး စာရေးတတ်တယ်ဆိုတဲ့ ပျူတွေနဲ့ ဗမာ ထိတွေ့ ရောနှော သွားတာကို လုံးလုံးမေ့ထားလို့ ဘယ်ရမလဲ၊ အဲဒါလဲ နောက်ပိုင်းမှ သတိရလို့



ပြင်ဆင်ချင်တဲ့ အချက်ပါပဲ။ မွန်ဝေါဟာရတွေ မြန်မာစကားထဲ ရောက်နေတာရှိ သလောက် ရှိတာမှန်တယ်၊ ဒါပေမယ့် ပျူစကားရောက်တာက ပိုများမယ်ဆိုရင် ကော ငြင်းလို့ရမယ် ထင်သလား။ ပျူဆရာ၊ ပျူသြဇာလည်း ထည့်ပြောသင့်ပါ တယ်။ တစ်နည်းကတော့လဲ ဗမာဟာ မြေပြန့်ဆင်းနေရတော့လဲ သူတို့လုံ့လ သူတို့ဖွဲ့နဲ့ပဲ မြန်မြန်ဆန်ဆန် ပတ်ဝန်းကျင်နဲ့ ကိုက်ညီအောင် နေတတ်ပြီး တိုးတက်ကြီးပွားလာတာပဲလို့ ယူရင်လည်း ရပါတယ်။ ကျန်စစ်သားကို ဆက်ခံတဲ့ အလောင်းစည်သူဟာ ကျန်စစ်သားရဲ့ သမီးတော် ရွှေအိမ်သည်နဲ့ မနူဟာလို့ အသိများတဲ့ နန်းကျမင်း မကုတရဲ့မြေး နာဂသမ္မန်းနဲ့ ရတဲ့သားဆိုပြီး စိတ်ကူးယဉ် ထားတာလဲ ရှိသေးတယ်။ ဒီစာအုပ်စာမျက်နှာ ၉၆ နဲ့ ၂၄၈ မှာ ပါတယ်။ အဲဒါ မကြိုက်တဲ့လူလဲရှိတော့ စာမျက်နှာ–၂၇၁ က ၂၈၀ ထိ ရေးထားတဲ့ "မနူဟာကျောက်စာ" ဆောင်းပါးဟာ ဒီအကြောင်းယူရာ ယူကြောင်းတွေ လျှောက် ရေးထားတာ ဖြစ်တယ်။ ရေးတုန်းက ရေးမိပေမယ့် အခု ပြန်စဉ်းစားတော့ အရေးမကြီးတဲ့ ကိစ္စကို အချိန်မကုန်ခံသင့်ဘူး ထင်မိတယ်။ ကျန်စစ်သားဟာ နိုင်ငံရေး အမြော်အမြင်ရှိတာကို သူထားခဲ့တဲ့ ကျောက်စာပါ အချက်တွေနဲ့ပဲ သိလောက်ပါတယ်။ သူ အင်မတန်တော်ကြောင်း ထပ်ပြီး ထောက်ခံဖို့ နောက်ထပ် ဝတ္ထုတစ်ပုဒ် မထွက်သင့်ပါဘူး။ သူ့ကို ဆက်ခံသူဟာလည်း ဘယ်ဖအေနဲ့ရရ၊ ပဒေသရာဇ်ဟာ ပဒေသရာဇ်ပဲမို့ ဆက်စဉ်းစားနေဖို့ မလိုပါဘူး။

ကလကျမင်း အသတ်ခံရတာ ပဋိက္ကရားက ကုလားတွေလက်ထက် ဖြစ်တယ်လို့ အစဉ်အလာပြောတာကို သီဟိုဠ်ကလာပြီး တိုက်ခိုက်လို့ ခရစ်နှစ် ၁၁၆၅ မှာ မင်းလဲ ကျဆုံးတယ်။ ၁၁၇၄ ထိ မင်းမဲ့ကာလ ကိုးနှစ်ရှိတယ်နဲ့ ရေးမိကြတယ်။ ဒီစာအုပ် စာမျက်နှာ ၉၈၊ ၂၅၃ နဲ့ ၃၄၇ မှာပါတယ်။ အဲဒါ မျိုး ပါနေတာကို ပြင်ရမည်။ ပြင်ဆင်ချက်ကို နိုင်ငံသမိုင်းဦးစီးဌာန ဒေါက်တာရီရီက စတင်ပြောပြခဲ့ပါတယ်။ ကလကျမင်းပြီးတော့ နောက်တက် တဲ့မင်း (ဒုတိယ စည်သူ) ဟာ ခရစ်နှစ် ၁၁၆၈ မှာ မင်းဖြစ်နေတာ သေချာပါတယ်။ ၁၁၇၄ မှာ မင်းဖြစ်တာ မဟုတ်ပါဘူး။ ဒီတော့ မင်းမဲ့ကာလရှိတောင် ကိုးနှစ် မဟုတ်ဘဲ လေးနှစ်ထက် မပိုဘူး။ ရန်သူဟာ သီဟိုဠ်ဆိုတာကိုလည်း သီရိလင်္ကာ နိုင်ငံ ရေးဟောင်းသုတေသနဦးစီး ဂေါဒကုမ္ဗုရက အကျိုးအကြောင်းပြပြီး ငြင်းချက် ထုတ်ပါတယ်။ သူ ပြောပုံက ပုဂံမင်းတစ်ပါး ကျဆုံးတာကို ရန်သူ ဘယ်ကလဲ

ရှာတဲ့အခါမှာ လက်ာဒီပကပါလို့ ပြောရလောက်အောင် သက်သေ ခိုင်ခိုင်လုံလုံ မရှိပါဘူး။ အထောက်အထား မခိုင်ဘဲနဲ့ မပြောပါနဲ့တဲ့။ ဒါလဲ ဟုတ်တာပဲ။ ကလကျမင်းကို ဘယ်သူသတ်တယ်လို့ အစဉ်အလာပြောစကားက လွဲပြီး တခြား အထောက်အထားမရှိ၊ မင်းမဲ့ကာလလဲ ကိုးနှစ်မဟုတ်ဘူးလို့ ပြင်ရမည်။

ရှင်ဘုရင်နဲ့ ဝင်ဆန့်တဲ့အမတ်ကို (ရာဇဝလ္လဘ) မင်းကျွမ်းဝင်သော သူလို့ ခေါ်ပါတယ်။ ပဒေသရာဇ်ခေတ်က အင်မတန် အရာရောက်တယ်။ ကျောက်စာတစ်ခုမှာ "ကွံဝင်သောမင်မတ်"လို့ ပါတာကို အဖတ်မှားပြီး "အကွံတင်"လို့ ဖတ်ခဲ့ဖူးတယ်။ ဒီတော့ မော်ကွန်းထိန်း (မှတ်ပုံတင်အရာရှိ) လို့ အနက်ကြံဆမိတယ်။ မှားပါတယ်။ စာမျက်နှာ ၁၀၃ နဲ့ ၂၁၂ မှာ အသဝတ်အမတ်ဟာ မင်းနှင့် "အကျွမ်းဝင်သော မင်းမတ်"လို့ ပြင်ပြီး ဖော်ပြရပါမယ်။

သာသနာမြေကို ရှင်ဘုရင်က မတော်လောဘနဲ့ သိမ်းယူတဲ့ သဘောမျိုး စာမျက်နှာ ၁၀၇၊ ၂၀၂၊ ၃၄၄ နဲ့ ၄၁၀ မှာ ရေးထားပါတယ်။ ကျောင်းဘုရားကို လှူတဲ့မြေဟာ နှစ်ကာလကြာမြင့်လို့ ကျောင်းဘုရား ပြိုပျက်တော့ ဆက်လက် သိမ်းမယ့်လူမရှိဘဲ မစိုက်မပျိုးဖြစ်တာကို ရှင်ဘုရင်က ပြုပြင်ချင်တဲ့ သဘောနဲ့ သိမ်းယူတာဖြစ်တယ်လို့ ပြင်ဆင်တွေးဆသင့်တယ်။ နောက်တော့ သာသနာက ပိုင်တဲ့ပစ္စည်းဟာ သာသနာတည်သရွေ့ ပိုင်ရှင်ရှိနေတယ်၊ နီးစပ်ရာ ကျောင်း ဘုရားမှာ ဆက်ပြီး ထိန်းသိမ်းဖို့ထားပါဆိုတဲ့ အယူအဆက နိုင်သွားတယ်လို့ ပြောမှ မှန်မယ်။

ပုဂံခေတ် ကျောက်စာတွေဟာ သာသနာကိုလှူတဲ့ ပစ္စည်းစာရင်း မှတ်တမ်း တွေ များပါတယ်။ ဒီတော့ ပုဂံခေတ်ကျောက်စာထဲ မပါလို့၊ အဲဒါတော့ ပုဂံ ခေတ်က မရှိဘူးဆိုတာမျိုး တဗွတ်ထိုး မပြောပါသင့်ပါဘူး။ စာမျက်နှာ– ၁၄၄ နဲ့ ၃၃၆ မှာ ကန်သင်းမရှိ၊ ထယ်မရှိ၊ ကောက်ညှဉ်းမရှိဆိုတာမျိုးတွေ ရေးမိတယ်။ တကယ်က အဲဒါမျိုးတွေ ရှိချင်ရှိနိုင်တာပဲပေါ့။ အလွယ် နမူနာပြရရင် ပုဂံခေတ် ကျောက်စာထဲမှာ ပြည့်တန်ဆာအကြောင်း တစ်ခါမျှမပါဘူး။ ဒါပေမယ့် ပဒေသရာဇ်ခေတ် ဘယ်မြို့မှာပဲဖြစ်ဖြစ် ဒီလိုအမျိုးသမီးမျိုး ရှိမှာပါပဲ။

"အမုန္ဒန်စာ"ကို ရာဇဝတ်ကျင့်ထုံးလို့ အနက်ပြန်မိတယ်။ တကယ်တော့ အရင်ရှိပြီး မှတ်တမ်းလို့ပြောမှ မှန်မယ်ထင်တယ်။ စာမျက်နှာ–၂၁၈၊ ၂၂၄ နဲ့



၃၄၃ မှာ ပြင်ပါ။ ဆိုလိုတာက အပြစ်ကျူးလွန်တဲ့လူကို ဒဏ်ပေးဖို့ "အမုန္ဒန်စာ" မှာ ကြည့်ရတယ်လို့ ဆိုလိုတယ်။ ရှေးမှတ်တမ်းပြန်ကြည့်ပြီး အလားတူ အပြစ် အတွက် ဘယ်ဒဏ်ပေးရသလဲလို့ ဆင်ခြင်ဖို့ ဖြစ်တယ်။

စပါးကို ဘယ်နေရာမှာ ဘယ်သူတွေကစပြီး စိုက်ကြမလဲလို့ ကြံဆ ကြတယ်။ နောက်ဆုံး အယူအဆကတော့ အရှေ့တောင်အာရှမှာပဲ နေတဲ့ လူတွေက အယင်အနှစ်–၈၀၀၀ ကပဲ စတင်စိုက်ပျိုးစားသောက်တယ်လို့ ပြောချင် တယ်။ ဆန်စပါးအကြောင်း စာမျက်နှာ ၅၃၊ ၅၉၊ ၆၆၊ ၇၆ နဲ့ ၂၃၅ မှာပါတယ်။ စစိုက်တဲ့ကာလဟာ အယင်အနှစ် ၈၀၀၀၊ စစိုက်တဲ့ ဒေသဟာ အရှေ့တောင် အာရှလို့ တညီထဲဖြစ်စေချင်တယ်။ ပြင်ပါ။

ပုဂံအာနန္ဒာဘုရားဟာ အမှန်တော့ နန္ဒမူဂူလို့ ခေါ်ရမယ့်ဘုရားပဲ ဖြစ်တယ်။ အဲဒီဂူဘုရားထဲမှာ နံရံဆေးရေးတွေ တစ်ခါက အမှန်ရှိတယ်၊ နောက် ပြုပြင်တဲ့ လူတွေက မဆင်မခြင် ထုံးရိုက်လိုက်လို့ နံရံပန်းချီတွေ ပျောက်ပျက် ကုန်ရတယ်၊ အခု ရှေးဟောင်းသုတေသန ဦးစီးဌာနက ဦးဘတင့် ကြိုးစားလို့ တချို့နေရာမှာ နံရံပန်းချီ နည်းနည်းပြန်မြင်ရတယ်။ စာမျက်နှာ ၂၅၃ မှာ "အာနန္ဒာဘုရား၌ နံရံဆေးရေးမရှိ" အစား "အာနန္ဒာဘုရား၌ နံရံဆေးရေးပန်းချီများ ပျောက်ပျက် ဆုံးပါးခဲ့သော်လည်း"လို့ ပြင်ပါ။

မြန်မာတွေ ခရစ်နှစ် ၁၁–ရာစုနှစ်ကုန်လောက်ရောက်မှ မြန်မာစာကို ရေးတတ်တယ်။ ဒီတော့ အစက မွန်လိုပဲ ကျောက်စာရေးထိုးနေရာက မြန်မာ လို့ပြောင်းပြီး မရေးကြခင် ဘာနဲ့ရေးဖို့ ကောင်းမလဲလို့ "ယောင်ဝါးဝါး ရှိတယ်"လို့ စာမျက်နှာ ၃၂၆ မှာ ပါတယ်။ တကယ်က စာရေးတတ်စမို့ ကိုယ့်စာကို ကိုယ်ရေးဖို့ စိတ်မချသေးဘူးလို့ ပြင်ပါ။

ပုဂံကျောက်စာတွေထဲမှာ ကျွန်နာမည်စာရင်းပေးတဲ့အခါ အဖေနာမည်၊ အမေနာမည်၊ သားသမီးနာမည်တွေကို ပြည့်ပြည့်စုံစုံ ရေးတယ်။ ကလေး နာမည်နောက်က "စာတတ်"ဆိုတာ တစ်ခါတစ်ခါပါတယ်။ ကျွန်တော်က စာရေးစာဖတ်သူလို့ အဓိပ္ပါယ်ကောက်မိတယ်။ (ရွှေကိုင်းသား) ဦးသောဘိတနဲ့ စာရေးဆရာမောင်မဲ (ဦးတင်သိန်း)တို့က ကိုယ့်ဘာသာစားရာကို ယူစားတတ်တဲ့ နို့စို့အထက်ကလေးကို ခေါ်တာဖြစ်မယ်လို့ ပြင်တယ်။ သူတို့ မှန်ပါလိမ့်မည်။ စာမျက်နှာ–၃၄၂ မှာ စာရေးစာဖတ်တတ်သူတစ်ရာလျှင် ကိုးယောက်မျှဆိုတာကို

ျူတ်ပြစ်ပါ။

စာအုပ်ထဲက နောက်ဆုံးဆောင်းပါးသုံးခုဟာ ခေတ်ချင်းထပ်နေတော့ ာစ်နေရာမှာ ပါပြီးသားကျောက်စာ ကောက်နုတ်ချက်မျိုးကို နောက်တစ်နေရာ ာလည်း ထပ်ခါပါနေပြန်တယ်။ ဥပမာ စာမျက်နှာ ၄၁၇ က အခွန်ဆိုင်ရာ ကာက်နုတ်ချက်ဟာ စာမျက်နှာ ၄၄၁–၂ မှာ ထပ်ပါတယ်။ ၄၁၈ က ကောင်းတဲ့ မင်းမှုထမ်းအကြောင်းဟာ ၄၄၁ မှာ။ ၄၁၈ က စေတီတွေပျက်တာ ၅၃၊ ၄၅၄ မှာ။ ၄၁၉ က လျှော်အကြောင်း ၄၅၄ မှာ။ ၄၂၀ က မိစ္ဆာဒိဋ္ဌိတွေ ကျောင်းဘုရားဖျက်တာ ၄၅၅ မှာ။ [illegible] က နိုင်ငံအကျယ် နယ်နိမိတ်ဟာ ၆၅၊ ၄၆၆ မှာ။ သာလွန်မင်းက မင်းဆိုတာ ဥယျာဉ်သည်ပဲလို့ ပြောတဲ့ ၂၆ က ကိုးကားချက်ဟာ ၄၇၈–၇၉ မှာ ထပ်ပါတာကို အခုမှတော့ ဘာမှ လုပ်တတ်တော့ဘူး။ ဆောင်းပါးတစ်ခုချင်းကတော့ တစ်ခုနဲ့တစ်ခု ရည်ရွယ် ရေးသားထား ချက်ချင်း မတူပါဘူး။

နောက်ဆုံး ပြောစရာကတော့ ရက်စွဲ ဖော်ပြချက်ပါပဲ။ ကျွန်တော်တို့ ာ့န်မာသမိုင်းကို ရေးနေပေမယ့် ကမ္ဘာ့သမိုင်းနဲ့ နှိုင်းယှဉ်ကြည့်သာအောင် ဆိုပြီး ျက်စွဲဖော်ပြလျှင် ခရစ်နှစ်၊ လ၊ ရက်ကို ပြောင်းပြီး ထည့်ဖို့ အမြဲ ကြိုးစားပါတယ်။ ခခုဆို အယင်က ကုန်ခဲ့တဲ့ အနှစ်တစ်ထောင်အတွင်းမှာ မြန်မာသက္ကရာဇ်လ၊ ျက်ပြောလျှင် ခရစ်နှစ်၊ လ၊ ရက်ပြောင်းဖို့ "နှစ်တစ်ထောင် ပြက္ခဒိန်"လုပ်ပြီး ျနေပါပြီ။ စောစောက မရှိသေးဘူး။ ဒါကြောင့် ရက်စွဲပြောင်းဖို့ နည်းနည်း ချန်နေတယ်။

(၁) စာမျက်နှာ ၄၆၅ က ၉၉၉–ခု ကဆုန်လပြည့် (၂၇–ဧပြီ ၁၆၃၇)
(၂) စာမျက်နှာ ၄၆၉ က ၉၆၇–ခု တပေါင်းလပြည့်ကျော် ၁၃ (၂၃ ဖေဖော်ဝါရီ ၁၆၀၆)
(၃) စာမျက်နှာ ၄၈၆ က ၁၀၀၀ တန်ဆောင်မုန်းလဆန်း ၃ (၂၈ စက်တင်ဘာ ၁၆၃၈)
(၄) စာမျက်နှာ ၄၈၅ က ၉၆၉ ပထမဝါဆိုလဆန်း ၁၀ ရက် (၂၄ ဇွန် ၁၆၀၇)
(၅) စာမျက်နှာ ၄၉၅ က ၉၉၈ ဝါခေါင်လပြည့်ကျော် ၆ (၁၁ ဩဂုတ် ၁၆၃၆)



(၆) စာမျက်နှာ ၄၉၆ က ၉၉၉ နတ်တော်လဆန်း ၂ (၇ နိုဝင်ဘာ ၁၆၃၇)

လို့ ဖြည့်ထည့်ပေးပါ။

အခုပြောခဲ့တာတွေ အားလုံးဟာ သူ့အခါနဲ့သူ ဆောင်းပါးတွေ ရေးခဲ့ပြီးမှ နောက်ထပ်တစ်မျိုးတစ်ဖုံ သိလာရလို့ ပြင်ဆင်ရ ဖြည့်စွက်ရတာ ဖြစ်ပါတယ်။ အများတကာကလည်း ပြင်စရာတွေ့ရင် ပြင်ပေးကြပါလို့ ပြောပါရစေ။

စာအုပ်ဖုံးပေါ်က အရုပ်အကြောင်း နည်းနည်းပြောချင်တယ်။ ပုဂံ အာနန္ဒာဘုရားရဲ့ အတွင်းစင်္ကြံမှာ ဂူငယ်ကလေးတွေနဲ့ ရုပ်လုံးကြွ ဗုဒ္ဓဝင်ရုပ်တုတွေ ရှိတယ်။ အဲဒီအထဲက မြတ်စွာဘုရားသခင် ဗောဓိပင်နဲ့ ရွှေပလ္လင်ကို အောင်တော်မူအခန်းမှာ မာရ်နတ်လာပြီး နောက်ယှက်တဲ့အခါ အခုခေတ်ပန်းချီလို စစ်သားတွေနဲ့လာတာမျိုး ပုံမဖော်ဘူး။ မိန်းမမာယာနဲ့ ဖျားယောင်းဖို့ မာရ်နတ်ရဲ့ သမီးသုံးယောက်လာတာကိုပဲ ဖော်ပြတတ်တယ်။ သမီးသုံးယောက်ရဲ့ နာမည်တွေက အရတိ၊ တဏှာ၊ ရဂါတဲ့။ အာနန္ဒာမှာ သွားကြည့်ပါ။ ဒီအရုပ်တွေ ရှိတယ်။ အိန္ဒိယမှာလဲ အဇန္တာဂူနံရံဆေးရေးမှာ ဒီအမျိုးသမီး ဖြားယောင်းခန်းကို တွေ့နိုင်တယ်။ ဒီလိုပဲ အခု မလုပ်တော့တဲ့ ပုံတစ်မျိုး အာနန္ဒာထဲမှာ တွေ့နိုင်တယ်။ ဒီလိုပဲ အခုမလုပ်တော့တဲ့ ပုံတစ်မျိုး အာနန္ဒာထဲမှာ တွေ့နိုင်သေးတယ်။ မြတ်စွာဘုရား ဖွားတော်မူခန်းမှာ ဘုရားလောင်းကို မယ်တော်ရဲ့ ခါးဆစ်က ဖွားတယ်ဆိုပြီး၊ ခါးဆစ်အထက်မှာ ကလေးရုပ်ကလေး ရေးထားတာကို တွေ့နိုင်တယ်။ ရုပ်တုမှာလဲ ဒီလိုပဲ ထုလုပ်ထားတာတွေ့နိုင်ပါတယ်။ ကျွန်တော် အဲဒီပုံတွေကို ကြည့်ပြီး ဆီဆေးနဲ့ ပန်းချီကားဆွဲဖူးတယ်။ ကျွန်တော်က ဒီ အကွက်မျိုးကို ရေးဆွဲပေးပါလို့မှာဘဲ စံတိုးက ရွေးပြီး ဆွဲပေးလိုက်လို့ သဘောကျမိတယ်။

ဆောင်းပါးတွေ ကျန်သေးတယ်။ နောက်တစ်အုပ် ထုတ်လိုက်ဦးမယ်။

**သန်းထွန်း**

*ဝ၁၀၀ နာရီ*
*၂၂၊ ဩဂုတ်၊ ၁၉၇၅။*
*ကွန်သာယာ၊ တက္ကသိုလ်နယ်မြေ၊*